# ပေဋိကာသာပြန်

(ဒုတိယတွဲ)

လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီး

၂

ကျေးဇူးရှင်

# လယ်တီဆရာတော်ဘုရားကြီး၏

တပည့်ရင်း

လယ်တီ-ပဏ္ဍိတ ဆရာ-ဦးမောင်ကြီး

သည်

ပိဋကတ်သုံးသွယ်တွင်၊ ခုဒ္ဒကနိကာယ်အဝင်ဖြစ်သော

ထေရီဂါထာကျမ်းကို၊ အဆန်းတကြွယ်၊

အဓိပ္ပါယ်ထင်ရှားသော စကားအသွားအလာတို့ဖြင့်၊

မြန်မာပြန်ဆို ရေးသားအပ်သော

# ထေရီဂါထာပြန်

## ဒုတိယတွဲ

ဂန္ဓမာ

စာပုံနှိပ်တိုက်၊

အမှတ် ၁၃၉-၁၄၁၊ လမ်း-၅၀၊

ရန်ကုန်မြို့။



အမ်မအေ – မဟာဂိန္ဒာ

လယ်တီပဏ္ဍိတ – ဆရာဦးမောင်ကြီး ပုံ။

# ထေရီဘာသာပြန် ဒုတိယတွဲ

## မာတိကာ။

ဦးရေ　　အကြောင်းအရာ　　မျက်နှာနံပါတ်

### တိကနိပါတ်


| | | |
|---|---|---|
| ၁။ | ပဌမဥဒ္ဒါနာထေရီဝဂ်ု | ၁ |
| ၂။ | ဒုတိယဥဒ္ဒါနာထေရီဝဂ်ု | ၁၇ |
| ၃။ | ဓမ္မိကာထေရီဝဂ်ု | ၂၃ |
| ၄။ | ဥပ္ပရိထေရီဝဂ်ု | ၃၀ |
| ၅။ | သုက္ကာထေရီဝဂ်ု | ၄၅ |
| ၆။ | သေလာထေရီဝဂ်ု | ၇၀ |
| ၇။ | သောမာထေရီဝဂ်ု | ၁၁၀ |


တိကနိပါတ် ထေရီဘာသာပြန်ပြီး၏။

—o—

### စတုက္ကနိပါတ်


| | | |
|---|---|---|
| ၁။ | ဘဒ္ဒါထေရီဝဂ်ု | ၁၃၃ |


စတုက္ကနိပါတ် ထေရီဘာသာပြန်ပြီး၏။



# ထေရီဂါထာ သာပြန်

နမော တဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ။

## တိကနိပါတ်

## (၁) ဥတ္တမာထေရီဝတ္ထု

ရှေးလွန်လေပြီးတဲ့ ဘုရားရှင်တို့ လက်ထက်တော် အခါ စေတနာသဒ္ဓါလွန်စွာထက်မြက်တဲ့ အမျိုးသမီးကလေးတယောက်ဟာ ဝဋ်မှထွက်မြောက်ကြောင်း ကုသိုလ်ကောင်းများကိုသာ ဆည်းပူး၍ အထူးသဖြင့် အားထုတ်လာခဲ့သတဲ့။

လွန်ခဲ့သော ကိုးဆဲ့တကမ္ဘာထက်မှာ ဝိပဿီမြတ်စွာဘုရား ထင်ရှား ပွင့်တော်မူတဲ့ အခါမှာတော့ ကုသိုလ်အရှိန် ညှိုးမှိန်ညစ်နွမ်းသဖြင့်၊ ချမ်းသာခြင်းနှင့်မပြည့်စုံ၊ ဂုဏ်မရှိတဲ့ ကျွန်မျိုးမှာ ဖြစ်လာရရှာတယ်။ မိဘများကလဲ ကျွန်မျိုးမို့ ကျွန့်ဘဝကမလွတ်နိုင်ဘဲ၊ ကျွန်မကလေးဖြစ်နေရရှာတော့တာပေါ့။

ဗန္ဓုမတ်မြို့တော်ကြီးအတွင်း သူဌေးကြီး တဦး၏ အိမ်မှာ ခိုင်းစေရာကိုခံရတဲ့ ကျွန်မကလေး ဖြစ်နေရတဲ့ အခါ၊ သဒ္ဓါစေတနာ ဓါတ်ကောင်း ပါလာတဲ့အတွက် လှူချင် တန်းချင်တဲ့

သဘော၊ သီတင်းသီလဆောက်တည်ချင်တဲ့ သဘောတွေဟာ၊ အခါတိုင်းလိုလိုပင် ဖြစ်ပေါ်၍နေရှာသတဲ့။

သို့ရာတွင်ပစ္စည်းဥစ္စာကလဲမရှိ၊အရှင်သခင်များ ကျွေးထားသမျှနှင့် တင်းတိမ်ရောင့်ရဲကာစားသောက်၍ အသက်ရှင်နေရတဲ့ဘဝမို့၊ ဒါနပြုဘို့ရာ ဘယ်မှာတတ်နိုင်ပမလဲ၊ အလှူဒါနဲ့ဆိုတာ၊ ဥစ္စာဓနနှင့် ရင်းနှီးရတာကိုး။ ။ ဥပုသ်နေ့များကျတော့ မြို့သူမြို့သား လူအများတွေဟာ၊ လှူဘွယ်ဝတ္ထုကိုယ်စီနှင့် ကျောင်းတော်သို့သွားပြီး ရှစ်ပါး သီလ စောင့်သုံးကြတာကို မြင်ပြန်တော့လဲ၊ အင်မတန် ဥပုသ်စောင့်ချင်တဲ့ စိတ်မျိုးတွေ ပေါ်လာရှာသတဲ့။ သို့ရာတွင် အလုပ်နှင့်လက်နှင့် ပြတ်တယ်လို့ မရှိရအောင်၊လုပ်ဆောင်နေရတဲ့အတွက်၊ အားကွက်အားခွင့်ကို မရသဖြင့် ဥပုသ် ဆောက်တည်နိုင်ဘို့ဆိုတာလဲ လွန်စွာခဲယဉ်းတဲ့အချက်ကြီး ဖြစ်နေပြန်တာပေါ့။

ထိုအခါ ဗန္ဓုမအမည်ရှိတဲ့ မင်းတရားကြီးကလဲ၊ဘုရားရှင်ကို ကြည်ညို၍ သာသနာတော်ကို များစွာ ထောက်ပင့်လေ့ ရှိတဲ့အတိုင်း၊ မင်းစည်းစိမ်ဖြင့် ယစ်မူးခြင်းမရှိဘဲ၊ ဥပုသ်နေ့တိုင်း မပျက်ကွက်ရအောင် ကျောင်းတော်သို့ ထွက်ပြီး၊ ဥပုသ်စောင့်တော်မူလေ့ရှိတယ်၊ မိဖုယားမောင်းမမိဿံ၊ ခြွေရံမှူးမတ်တို့နှင့်တကွ၊ စစ်အင်္ဂါလေးပါး ခင်းကျင်း၍ တခမ်းတနားထွက်တော်မူလေ့ရှိသတဲ့။အလွန်ကြည်ညိုဘွယ်ကောင်းဘဲ့မင်းကြီးပေပေါ့။ ရှေးရှေးခေတ်အခါက၊ ရာဇာသနင်း မင်းကောင်းမင်းမြတ်တို့ဆိုတာ၊ သူတော်ကောင်းတရားကို များစွာ လိုက်စားလေ့ရှိတော်မူကြပေတယ်၊

ဘုရင်မင်းတရားကြီး ကိုယ်တော်တိုင်က၊ သီတင်းနေ့တိုင်း မပျက်မကွက်အောင်၊ ကျောင်းတော်သို့ ထွက်ပြီး၊ ဥပုသ်စောင့်သုံးတော်မူလေ့ရှိတဲ့အတွက်၊ သူဌေး သူကြွယ်မှစ၍၊ တိုင်းသူပြည်သား လူအများတို့လဲ၊ သီတင်းနေ့တိုင်ပြီ ဆိုမှဖြင့်၊ မိမိတို့အိမ်ကို တံခါးပိတ်ပြီး၊ကျောင်းတော်သို့သွား၍ အများ ညီညွတ်

စွာ ဥပုသ်စောင့်ကြသတဲ့။ ဝိပဿိမြတ်စွာဘုရား၏ လက်ထက်တော်မှာ ဘုရင်မင်းမြတ်ကို အစထားပြီး၊ တိုင်းသူ ပြည်သားလူအများ အပေါင်းတွေဟာ လောကီရေးကို အလေးမမူဘဲ။ သူတော်ကောင်းတို့၏ တရားကိုသာ ကြိုး စား အား ထုတ်လို့နေကြတာပေါ့။ အခါကောင်း ခေတ်ကောင်းကြီးများမှာတော့ သည်နည်းအတိုင်းဘဲ။

မေတ္တာကိုလက်ကိုင်ထား၍၊ တရားသဖြင့် အုပ်ချုပ်တဲ့အခါကြီး ဖြစ်နေတော့၊ မိမိတို့အိမ်ကို တံခါးပိတ်လို့ထားခဲ့သော်လဲ၊ သူခိုး, သူဝှက်တို့ကြောင့်၊ စိုးရိမ်ရေးဆိုတာ နဲနဲကလေးမှ မရှိဘူးပေါ့။ ။ယခုလို ဆုတ်ကပ်အခါမှာတော့ တရားဘက်ကို မလိုက်ဘဲ လောကီစရိုက်နှင့် နှစ်ချိုက်မွေ့လျော်၍၊အပျော်အပါးတွေက များချင်တိုင်း များနေတော့၊ ရတနာသုံးပါးအလှူကို မေ့ချင်တိုင်း မေ့နေကြတာပေါ့လေ။ အငွေ့ အသက်လောက်ကလေးသာ ကြိုးစားနိုင်ကြတော့တယ်။ ။သူခိုး သူဝှက်နှင့်၊ လူပျက် လူသရမ်းတွေက များလှန်းလို့၊ တံခါးပိတ်ပြီး၊ မိမိတို့အိမ်ကြီးကိုလဲ ပစ်လို့ မထားနိုင်ကြဘူး။ ခေတ်ကာလချင်း မတူလိုက်ထာ၊ လွန်စွာ ဝမ်းနည်းတို့ကောင်းတာဘဲ။

ဆဲသည့်တုန်းက၊ တမြို့လုံး, တရွာလုံး အုံးအုံးကြွက်ကြွက် ဥပုသ်စောင့် ထွက်ကြသဖြင့်၊မြို့ထဲ ရွာထဲမှာ ကျေးကျွန်များနှင့် ကျွဲနွားတိရစ္ဆာန်တို့သာကျန်ရစ်သတဲ့၊ကျေးကျွန်များမှာတော့ အလုပ်မအားလို့၊ဥပုသ်စောင့် မသွားနိုင်ကြဘူး။

ဘုရင်မင်းမြတ်ကြီးက၊ ဘယ်လို အမိန့်ထုတ်ပြန်ထားသလဲဆိုတော့ ''တလလျှင်လေ့ခါ၊သီတင်းနေ့များမှာဥပုသ်စောင့်သုံးလိုတဲ့ ကျေးကျွန်များကိုလဲ အခွင့်ပေးကြစေ၊ သီတင်းနေ့မှာ လောကီရေးအလုပ်ကို ဖြုတ်၍ထားစေ''။ ဆဲသည့်လို အမိန့်တော် ထုတ်ပြန်ထားသတဲ့။

ဘော်ပြခဲ့တဲ့ကျွန်မကလေးဟာ၊သီတင်းနေ့အခါ၊ကျောင်းသို့သွားပြီး၊တရားနာခြင်း၊ ဥပုသ်စောင့်ခြင်းကို ပြုလုပ်ကြတဲ့ မြို့သူ

မြို့သားတို့နှင့်တကွ၊ မင်းတရားကြီး ကိုယ်တော်တိုင် ဥပုသ်စောင့် ထွက်ထာကိုမြင်ရ‌ော့၊သူလဲဥပုသ်စောင့်လိုတဲ့ စေတနာတွေ ဖြစ်ပေါ်လာသဖြင့် သို့ကလို ကြံစည်ရှာသတဲ့။ ။ဗြဲဘ်-တိုင်းနိုင်ငံကို စိုးပိုင်တဲ့၊ဦးခိုင်သနင်း ပြည့်ရှင်မင်းကြီးသော်ပင်၊ အလွန်ကြီးကျယ်တဲ့ ရွှေနန်းတော်ကြီးကို စွန့်ပြီး၊ ဥပုသ်စောင့် ထွက်တော်မူပါကလား၊တိုင်းသူပြည်သား သူဌေးသူကြွယ်များလဲ၊ ဥပုသ်စောင့် ထွက်ကြတယ်။ ။လူ့ဘွယ် တန်းရန်တွေ ကိုယ်စီ ကိုယ်စီနှင့်၊အလွန်ဝမ်းမြောက်ဘွယ်ကောင်းပါကလား။ သီလ စောင့်သုံးခြင်းဆိုတာလဲ၊ လွန်စွာ အကျိုးကြီးပေလိမ့်မယ်။ ။ငါ့မှာတော့၊ပစ္စည်းဥစ္စာမရှိ၊ အတိဒုက္ခ ကျွန်ဘဝကို ရောက်နေတဲ့အတွက် ဥပုသ်ကလေးကိုမှ အေးအေး သာသာ စောင့်ခွင့်မရပါဘဲကလား၊ ငါ့ကံနှယ် မွဲမှ မွဲပလေတယ်။ ။ လူ့ဒါနခြင်းဆိုတာကတော့၊ ပစ္စည်းဥစ္စာနှင့်ရင်းနှီးရတဲ့အတွက်ကြောင့် မတတ်နိုင်လျှင် ရှိပါစေတော့၊သီလဆောက်တည်ခြင်း ဆိုတာကတော့၊ဥစ္စာနှင့် ရင်းနှီးရတာလဲ မဟုတ်၊ကိုယ်နှင့်ရင်းနှီး ရတဲ့ အလုပ်မို့၊ အားထုတ်နိုင်ဘို့ အရှိသားဘဲ။ ။ကိုယ်ကို စောင့်ထိန်းခြင်း၊နှုတ်ကိုစောင့်ထိန်းခြင်း၊ ဆဲ သို့ကလို လုံခြုံစွာ စောင့်ထိန်းနိုင်ခဲ့လို့ရှိပါလျှင်၊သီလကို ရနိုင်တာမျိုးဘဲ။

ရှေးရှေးဘဝက ဒါနနှင့် သီလမွဲခဲ့လို့၊ ဆင်းရဲတဲ့ ဘဝသို့ ငါရောက်ရတာ အမှန်ဘဲ၊ ။ပြည့်ရှင်မင်းကြီးကလဲ၊ သီတင်းနေ့ အခါ၊ဥပုသ်စောင့်လိုပါလျှင်၊ ကျေးကျွန်များကိုလဲ အခွင့်ပေးရမယ်ဆိုတဲ့ အမိန့်တော်ကြီးကိုလဲ ထုတ်လို့ထားတယ်။ ။သို့အတွက်ကြောင့် သခင့်ထံမှ အခွင့်ပန်ပြီး ဥပုသ်စောင့်မှတော်တော့မယ်။

ဆဲသည့်လို ကြံစည်ပြီး သီဘင်းနေ့အခါ အလုပ်ကို ပယ်ထား၍၊ ကျောင်းတော်သို့သွားပြီး၊ ဥပုသ်စောင့်ရစေလို့ အခွင့်တောင်းတော့၊ အရှင်သူဌေးကလဲ ကျေနပ်စွာ အခွင့်ပေးလိုက်

တယ်။ အရှင်သခင်ကလဲ သူတော်ကောင်းဖြစ်နေတော့ ကုသိုလ်ရေးမှာ အခွင့်ပေးတာပေါ့။

သခင့်ထံမှ ခွင့်ပန်လို့ရတော့၊ ကျွန်မကလေးမှာ၊ ဝမ်းမြောက်ဝမ်းသာနှင့်၊ သူတပါးတို့၏နောက်ကလိုက်ပြီး၊ ကျောင်းတော်မှာ ဥပုသ်ဆောက်တည်ရှာသတဲ့။ ။ သူ့ခမျာမှာ သဒ္ဓါတရားကလဲ အလွန်ကောင်းတော့၊ မကျိုးမပေါက်အောင် သီလကို အထူးစောင့်ရှောက်ပြီး၊ ဝမ်းမြောက်ဝမ်းသာနှင့်၊ ဥပုသ်စောင့်ရှာသပေါ့လေ၊

အဲ-သို့ကလို ဝိပဿီဘုရားရှင် လက်ထက်တော်က၊ ကျွန်မကလေး ဥပုသ်ဆောက်တည်ခဲ့ကြောင်းကို ထေရီအပဒါန် ပါဠိတော်မှာ သို့ကလိုဟောကြားခဲ့ပေသတည်း။

(က) နဂရေ ဗန္ဓုမတိယာ။ ဗန္ဓုမာနာမ ခတ္တိယော။
ဒိဝသေ ပုဏ္ဏမာသံသော။ ဥပါဂစ္ဆိ ဥပေါသထံ။

(က) အဘိတော။ ရှေးလွန်လေပြီးသော ကိုးဆဲ့တကမ္ဘာထက်၌။ ဗန္ဓုမတိယာ။ ဗန္ဓုမတီမည်သော။ နဂရေ။ မြို့တော်ကြီး၌။ ဗန္ဓုမာနာမ။ ဗန္ဓုမအမည်တော်ရှိသော။ ခတ္တိယော။ ရေမြေသခင် ဘဝရှင်မင်းတရားကြီးသည်။ အဟု။ ဖြစ်တော်မူလေသတတ်။ သော။ ထိုမင်းကြီးသည်၊ ပုဏ္ဏမာသံ။ လဝန်းပြည့်သော၊ ဒိဝသေ။ ဥပုသ်နေ့၌။ ဥပေါသထံ။ အဋ္ဌင်္ဂဥပုသ်ကို။ ဥပါဂစ္ဆိ။ ကပ်၍ စောင့်သုံးတော် မူလေသတည်း။

(ခ) အဟံ ဘေနသမယေန။ ကုမ္ဘဒါသီ အဟုံတဟိံ။
ဒိသွာ သရာဇိကံ သေနံ။ ဧဝါဟံ စိန္တယိံ တဒါ။

(ခ) အဟံ။ အကျွန်ုပ်သည်။ တေနသမယေန။ ထိုအခါ၌။ ကုမ္ဘဒါသီ။ ရေအိုးရွက်၍ အသက်မွေးရသော အိမ်ကျွန်မသည်။ အဟုံ။ ဖြစ်ခဲ့ရပါ၏။ တဟိံ-တဒါ။ ထိုကျွန်မဖြစ်သော အခါ၌။ သရာဇိကံ။ မင်းကြီးနှင့်တကွ ဥပုသ်စောင့်ထွက်သော။ သေနံ။

စစ်သည်ဗိုလ်ထု၊ လူအရက်ို၊ ဒိသွာ။ မြင်ရလေသည့်ရှိသော်။ ဖော်၊ ဤသို့။ ၀ိန္တယိ ၊ ကြိစည်မိပါသတည်း။

(ဂ) ရာဇာပိ ရဋ္ဌံဆင္ဍေတွာ၊ ဥပါဂ္ဂ ဥပေါသထံ၊
သဗလုံဝတ တံကမ္မံ၊ ဇနကာယော ပမောဒိတော၊

(ဂ) ရာဇာပိ။ပြည့်ရှင်မင်းကြီးပင်ဖြစ်ရသော်လည်း၊ရဋ္ဌံ၊ မင်းတို့၏စည်းစိမ်ကို။ ဆဋ္ဌေတွာ၊ မခံစားဘဲ၊ ပယ်ရှားငွန်ခွါ တော်မူလျက်၊ ဥပေါသထံ၊ ရှစ်ပါးဥပုသ်ကို၊ ဥပါဂ္ဂ၊ စောင့် သုံးတော်မူပေ၏၊ တံကမ္မံ၊ ထိုဥပုသ်စောင့်သုံးသော ကံသည်၊ သဗလုံဝတ၊ နောင်သံသရာမှာ၊ လွန်စွာ အကျိုးကြီးပေလိမ့်မည် တကား။ ဇနကာယော၊ တိုင်းသူပြည်သား၊ လူအများသည်၊ ပမောဒိတော၊ အပေါင်းညီညာ၊ ဝမ်းမြောက်စွာဖြင့်၊ ကြည်သာ နှစ်သက်၊ ဥပုသ်စောင့် ထွက်ကြလေသည်တကား၊

(ဃ) ယောနိသော ပစ္စဝေက္ခိတွာ၊ ဒုက္ခဋ္ဌ ဒလိဒ္ဒတံ၊
မာနသံ သံပဟံသိတွာ၊ ဥပါဂ္ဂ မုပေါသထံ၊

(ဃ) အဟံ၊ကျွန်ုပ်သည်၊ ယောနိသော၊ကုသိုလ်ရှေ့သွား၊ သင့်တင့်သော သဘောအားဖြင့်၊ ပစ္စဝေက္ခိတွာ၊ တွေးတော ဆင်ခြင်၍၊ ဒုက္ခဋ္ဌ၊ အောက်တမ်းနိမ့်ကျ၊ ကျွန်ဘဝ၌၊ ဖြစ်ရပုံ အချက်များကိုရင်း၊ ဒလိဒ္ဒတံစ၊ ဥစ္စာဆင်းရှား၊ နွမ်းပါးမွဲတေမှု ကိုရင်း။ ပစ္စဝေက္ခိတွာ၊ ဝမ်းနည်းလျက်ပင်၊ တွေးဆင်ခြင် ပြီးသော်၊ မာနသံ၊ မိမိ၏စိတ်နှလုံးကို၊ သံပဟံသိတွာ၊ ရွှင်ပြုံး နှစ်သိမ့်စေ၍၊ ဥပေါသထံ၊ ရှစ်ပါးဥပုသ်ကို၊ ဥပါဂ္ဂ၊ စောင့် သုံးခဲ့ပါသတည်း။

အဲ-သို့ကလို ဥပုသ်ဆောက်တည်ပြီး၊ မိမိသီလကို ခဏခဏ ဆင်ခြင် လေ့ ရှိ ရှာတယ်၊ အခွင့်ရတိုင်း အခါတိုင်းမှာလဲ ကျောင်းတော်သို့သွားရောက်ပြီး၊ ရှစ်ပါးသီလကိုစောင့်ရှောက် ရှာတယ်၊ ၊ယခုဘဝမှာဖြင့် ဒါနကိုမပြုနိုင်တော့ဘူး၊ သီလကို

သာ အားကိုးရတော့မှာဘဲ။အဲသည်ကဲ့သို့နှလုံးသွင်းပြီးကိုယ်ဖြင့် နှိုးရင်း၍ သီတင်းသီလကိုသာ ကြိုးစား၍နေရှာသတဲ့။

မိမိသီလကို အဖန်ဖန်ဆင်ခြင်အောက်မေ့ပြီး၊ သီလာနုဿတိ ကမ္မဋ္ဌာန်းကိုလဲ စီးဖြန်းလေ့ရှိတယ်။ ကျွန်မကလေးဟာ သီလ စရိုက်ဝါသနာပါပြီး၊လိမ္မာယဉ်ကျေးခြင်းသို့ရောက်နေတာပေါ့။

သီလဆိုတာ သဲလွန်စွာအကျိုးကြီးပေတယ်။နေမိဇာတ်တော် ကြီးမှာ၊ သီလ၏ အကျိုးကြီးကျယ်ပုံများကို ရှင်တော်ဘုရား အထင်အရှားဟောတော်မူခဲ့ပေတယ်။ သီလတခုကို အားပြုမယ် ဆိုလျှင်လဲ သံသရာမှာ အားကိုးရာကြီးရနိုင်တာပါဘဲ။

အဆင်တန်ဆာတကာတို့တွင်၊ သီလဆိုတဲ့ အဆင်တန်ဆာ ဟာ အမြတ်ဆုံး၊ အမွှေးဆုံး တကာတို့တွင်လဲ သီလဆိုတဲ့ မွှေးတိုးနံ့သာဟာ၊အမြတ်ဆုံးရယ်လို့ရှင်တော်ဘုရားဟောကြား တော်မူခဲ့ကြောင်းများဟာလဲ အထင်အရှားပါဘဲ။ ။နေမိဇာတ် တော်မှာ၊ သီလအကျိုး ဂုဏ်တန်ခိုးကို ဖွံ့ဖွံ့ဖြိုးဖြိုးကြီး အားရ လောက်အောင် ဟောခဲ့တာမှာတော့ သည်သို့တဲ့။

ဟီနေန ဗြဟ္မစရိယေန၊ ခတ္တိယေ ဥပပဇ္ဇတိ၊
မဇ္ဈိမေနစ ဒေဝတ္တံ၊ ဥတ္တမေန ဝိသုဇ္ဈတိ။
(နေမိဇာတ်ပါဠိတော်ကြီး)

ဟီနေန၊ အညံ့ဆုံးဟူ၍ဆိုရသော၊ ဗြဟ္မစရိယေန၊ သီလ အကျင့်ကြောင့်၊ ခတ္တိယေ၊ မင်းမျိုး၌၊ ဥပပဇ္ဇတိ၊ ဖြစ်နိုင်၏၊ မဇ္ဈိမေနစ၊အလယ်အလတ်ဖြစ်သော သီလအကျင့်ကြောင့်မူကား၊ ဒေဝတ္တံ၊ နတ်အဖြစ်၌၊ဥပပဇ္ဇတိ၊ဖြစ်နိုင်၏၊ဥတ္တမေန၊အမြတ်ဆုံး ဖြစ်သော သီလကြောင့်၊ ဝိသုဇ္ဈတိ၊ သံ သ ရာ ပင် လယ် မှ၊ စင်ကြယ်စွာထွက်မြောက်၍၊ နိဗ္ဗာန်သို့ ရောက်နိုင်လေသတည်း။

အဲ သည် လို ဟော ကြား တော် မူ ခဲ့ တဲ့ ပါဠိတော်ကြီးကို ထောက်လျှင် ဝမ်းမြောက်အားကျာဘို့အချက်ကြီးပေပေါ့။ အညံ့

ဆုံးဖြစ်တဲ့ သီလကြောင့်၊ မင်းအဖြစ်ကို ရစေနိုင်သတဲ့။အလယ် အလတ်ဖြစ်တဲ့ သီလကြောင့်၊နတ်ပြည်မှာဖြစ်သတဲ့။ အမြတ်ဆုံး ဖြစ်တဲ့ သီလကြောင့်၊ ဝဋ်ဒုက္ခ ဇာတ်သိမ်းပြီး၊ ချုပ်ငြိမ်းရာ အမှန်၊နိဗ္ဗာန်သို့ ထုတ်ချောက်၊ မြန်မြန်ကြီး ရောက်နိုင် သ တဲ့။ ဝမ်း မြောက် ဘို့ အ လွန် ကောင်း တာ ပေါ့။ ။အဲ-သို့ကြောင့်၊ အမျိုးသား အမျိုးသမီးတို့သည်၊ သီ လ ဆို တဲ့ အ ရင်း အ နှီး ကို အရေးဘကြီးထူထောင်သင့်ကြတယ် မဟုတ်လား။

ပြဆိုခဲ့တဲ့ ကျွန်မကလေးဟာ၊ အသက်အတိုင်းနေ၍၊ စုတေ သွားတော့၊ သီလ၏အဟုန်ကြောင့်၊ တာဝတိံသာ နတ်ဘုံမှာ၊ အလုံးစုံသော စည်းစိမ်ချမ်းသာတို့ဖြင့်၊ လွန်စွာ ကြီးကျယ်တဲ့ နတ်သမီးဖြစ်သွားတယ်။ နတ်သမီး၏ အခြွေအရံကလဲ တသိန်းရှိ သတဲ့။ အခြားနတ်များထက်၊ စည်းစိမ်ကြက်သရေ အားဖြင့်လဲ များစွာသာလွန်တယ်။မွန်မြတ်တဲ့ဘဝမျိုးပေပေါ့။ ။နတ်ပြည်သို့ ရောက်ဟန်ကို အ ပါ ဒါန် ပါ ဠိ တော် ကြီး ဖြင့် သက်သေပြရ အုံးမှာဘဲ။

(င) အဟံ ဥပေါသထံ ကတွာ၊သမ္မာသမ္ဗုဒ္ဓ သာသနေ။
တေနကမ္မေန သုကတေန တာဝတိံသ မဂစ္ဆဟံ။

(င) အဟံ။ အကျွန်ုပ်သည်၊ သမ္မာသမ္ဗုဒ္ဓသာသနေ။ ဝိပဿီ ထွန်းထား၊ ရှင်တော်ဘုရား၏ သာသနာတော်၌၊ ဥပေါသထံ။ ဥပုသ်စောင့်သုံးခြင်းကို၊ ကတွာ-အကာသိံ။ သီလကိုအားကိုး၍ ကြိုးကြိုး စားစား ပြုလုပ် ကျင့်သုံးပေသတည်း။ ။သုကတေန။ စိတ်စေတနာ၊သဒ္ဓါရှေ့ရှု၊ကောင်းစွာပြုအပ် သော၊တေနကမ္မေန။ ထိုသီလဘုသိုလ်ကံကြောင့်၊ စုတာ။ သက်တမ်းကြွေ၍၊ စုတေ လေ သည် ရှိ သော်၊ အဟံ။ အ ကျွ နုပ် သည်၊ တာဝတိံသံ။ တာဝတိံသာ နတ်ပြည်သို့၊ အဂစ္ဆိံ။ သွား ရောက် ပျော် ပါး၊ ရွှေရံများနှင့်၊ စံစားခဲ့ရပေသတည်း။

(စ) အန္တရာ သတာသဟာသာ၊ ဥပဋ္ဌတိန္တိ မံသဒါ။
အညေဒေဝေ အတိက္ကမ္မ၊ အတိရောစသိ သဗ္ဗဒါ။

(စ) သတာသဟာသာ၊ တသိန်းအရေအတွက်ရှိကုန်သော၊ အန္တရာ၊ အခြေအဖျော်၊ နတ်သွီးရွှေရုံတော်တို့သည်၊ သဒါ၊ အခါခပ်သိမ်း၊ မံ၊ ကျွန်ုပ်ကို၊ ဥပတိဋ္ဌန္တိ၊ အမြဲခစားကြကုန်သတည်း၊ အညေဒေဝေ၊ တပါးသော နတ်တို့ကို၊ အတိက္ကမ္မ၊ အဆင်းစည်းစိမ်၊ ဂုဏ်သိမ်ကြွာ်သရေဖြင့်သာလွန်၍၊ သဗ္ဗဒါ၊ အခါခပ်သိမ်း၊ အတိရောစသိ၊ တာဝတိန် တဈောက်မှာ၊ အမောက်ဆုံး,အမော်ဆုံး,အထွဋ်ဆုံး တင့်တယ်ခဲ့ရပါသတည်း။

နတ်ပြည်မှာ၊ ကျင်လည်တဲ့အခါ၊ သီလ၏ တန်ခိုးကြောင့်၊ နတ်မိဖုယားကြီး အကြိမ်ပေါင်း (၆၄) ခြောက်ဆဲ့ လေးကြိမ် ဖြစ်ခဲ့ရတယ်။ လူ့ပြည် လောကမှာ ကျင်လည်ရပြန်တော့သဲ။ စကြာဝတေးမင်းတို့၏ မိဖုယားကြီး အကြိမ်ပေါင်း (၆၃) ခြောက်ဆဲ့သုံးကြိမ် တိုင်တိုင် ဖြစ်ခဲ့ရတယ်။ ပဒေသရာဇ်, ကောရာဇ်, သူဌေးသူကြွယ်,တို့၏၊ မိဖုယားဘဝ, ကတော်ဘဝ များမှာတော့ ရေတွက်ကိန်းမရှိအောင်၊အတိုင်းမသိများသပေါ့။

ဖြစ်လေရာရာ ဘဝတိုင်းမှာ၊သီလ၏ ကုသိုလ်အရှိန်ကြောင့်၊ ထိန်ထိန်တောက်လင်း၍၊ ရွှေအဆင်းနှင့်တူအောင် လှပတဲ့ ဘဝမျိုးတွေကို ရသတဲ့၊သူတပါးတို့၏ အထက်တန်းကသာ ဖြစ်လေ့ရှိတယ်။ ။

ဆင်,မြင်း,ရထား,ဘုံဗိမာန်များကိုလဲ၊ခမ်းနားတင့်တယ်စွာ ရလေ့ရှိဘယ်။ ။အဝတ်တန်ဆာ အဆင်ရတနာတို့မှာလဲ သူဘကာတို့လိုက်၍ မမှီအောင်၊ အဆန်းတကြွယ်ကိုသာ ရလေ့ရှိသတဲ့။ ။အဲ-သို့ကလို စည်းစိမ် ချမ်းသာတွေနှင့် ပြည့်စုံခြင်း ဟာ ဘာကြောင့်လဲလို့ မေးလျှင်၊ပြုဖွေးစင်ကြယ်စွာ စောင့်သုံးခဲ့တဲ့ သီလ တန်ခိုးကြောင့်၊ အကျိုးပေးဆန်းကြွယ်တယ်သို့သာ မှတ်ကြပေတော့။

ယခု ဖော်ပြခဲ့တဲ့ ချမ်းသာကို၊ ကျမ်းလာတဲ့အတိုင်း၊ ညွှန်ပြရအုံးမှာပေါ့။

(ဆ) သုဝဏ္ဏဝဏ္ဏာ ဟုတွာန၊ ဘဝေသု သံသရာမဟံ။
သဗ္ဗဿ ပဝရောဟောမိ၊ ဥပေါသထဿိဒံ ဖလံ။

(ဆ) အဟံ။ အကျွန်ုပ်သည်၊ ဘဝေသု။ သံသရာမြဲ၊ ဘဝဘုံတို့၌၊ သုဝဏ္ဏဝဏ္ဏာ၊ ရွှေအဆင်းကဲ့သို့ ဝါဝင်းသော အရောင်ရှိသည်။ ဟုတွာ။ ဖြစ်၍။ သံသရာမိ။ အဆင်းလှလှနှင့်၊ ကျင်လည်ခဲ့ရပါသတည်း။ ။သဗ္ဗဿ။ ဖြစ်လေရာဘဝ အလုံးစုံ၌။ ပဝရော။ အထွဋ်ဆုံး၊ အမြတ်ဆုံး၊ အကျော်ဆုံး၊ အမော်ဆုံးသည်။ ဟောမိ။ ဘဝတိုင်း ဖြစ်ခဲ့ရပါသတည်း။ ။ဣဒံ။ ဤကဲ့သို့ ဖြစ်ရခြင်းသည်။ ဥပေါသထဿ။ ဥပုသ်စောင့်သုံးခဲ့သော ကုသိုလ်၏။ ဖလံ။ အကျိုးအမှန်ပါတည်း။

(ဇ) ဟတ္ထိယာနံ အဿယာနံ၊ ရထယာနံစ ကေဝလံ။
လဘာမိ သဗ္ဗမေတံစ၊ ဥပေါသထဿိဒံ ဖလံ။

(ဇ) အဟံ။ အကျွန်ုပ်သည်။ ဘဝေသု။ ဖြစ်လေရာရာဘဝတို့၌။ ဟတ္ထိယာနံ။ ဆင်ကောင်း ဆင်ယာဉ်တို့ကိုရင်း။ အဿယာနံ။ မြင်းကောင်း မြင်းယာဉ်ကိုရင်း။ ရထယာနံစ၊ ယာဉ်ရထား အဆန်းတကြယ်များကိုရင်း။ ဧတံသဗ္ဗံစ။ ထိုယာဉ်အမျိုးမျိုးကိုလည်း။ လဘာမိ။ အလိုရှိတိုင်းစီးဘို့၊ အပြီးတိုင်ရရှိခဲ့ပါသတည်း။ ဣဒံ။ ဤကဲ့သို့ ရရှိနိုင်ခြင်းသည်။ ဥပေါသထဿ။ ဥပုသ်သီလ၏။ ဖလံ။ အကျိုး အမှန်ပါတည်း။

(ဈ) ကောသေယျ ကမ္ဗလိယာနိ၊ ခေါမကပ္ပါသိကာနိစ။
မဟဂ္ဃာနိစ ဝတ္ထာနိ၊ သဗ္ဗံ ပဋိလဘာမဟံ။

(ဈ) အဟံ၊ အကျွန်ုပ်သည်၊ ဘဝေသု။ ဖြစ်လေရာဘုံဘဝတို့၌၊ မဟဂ္ဃာနိ၊ အဘိုးများစွာ ထိုက်တန်ကုန်သော။ ကောသေယျ

ကမ္ဗလိယာနိ၊ ပိုးချည်, သားမွေးချည်တို့ဖြင့် ရက်အပ်ကုန်သော၊ ဝတ္ထာနိစ၊ အသွေးအဆင်း ထိန်ဝင်း တောက်ပြောင်သော အဝတ်တို့ကိုရင်း။ ခေါမကာပ္ပါသိကာနိစ၊ ခေါမတိုင်းမှဖြစ်သော အဝတ်၊ ဝါဂွမ်းအဝတ်တို့ကိုရင်း၊ ပဋိလဘာမိ၊ အလိုရှိတိုင်း၊ မဆိုင်းမတွ၊ ချက်ချင်း ရခဲ့ပေသတည်း။

(ည) အန္နံပါနံ ခါဒနီယံ၊ ဝတ္ထ သေနာသနာနိစ။
သဗ္ဗမေတံ ပဋိလဘေ၊ ဥပေါသထဿိဒံ ဖလံ။

(ည) အန္နံ၊ မွန်မြတ်သောစားဘွယ်အမျိုးမျိုးတို့ကိုရင်း၊ ပါနံ၊ မွန်မြတ်သော သောက်ဘွယ် အဖျော်အမျိုးမျိုးကိုရင်း၊ ခါဒနီယံ၊ မွန်မြတ်သော ခဲဘွယ် အမျိုးမျိုးကိုရင်း၊ ဝတ္ထသေနာသနာနိစ၊ အဝတ်တန်ဆာ၊ နေရာထိုင်ခင်း အမျိုးမျိုးကိုရင်း၊ ဧတံသဗ္ဗံ၊ ထိုအလုံးစုံတို့ကို၊ ပဋိလဘေ၊ အလိုရှိတိုင်း၊ မဆိုင်းမတွ၊ ချက်ချင်း ရခဲ့ပေသတည်း၊ ၊ဣဒံ၊ ဤသို့ရရှိခြင်းသည်၊ ဥပေါသထဿ၊ ဥပုသ်သီလ၏၊ ဖလံ၊ အကျိုး အမှန်ပေတည်း။

(ဋ) ဝရဂန္ဓဥ္စ မာလဥ္စ၊ စုဏ္ဏကဥ္စ ဝိလေပနံ။
သဗ္ဗမေတံ ပဋိလဘေ၊ ဥပေါသထဿိဒံ ဖလံ။

(ဋ) ဝရဂန္ဓဥ္စ၊ အမြတ်ဆုံး, အကောင်းဆုံးဖြစ်သော၊ နံ့သာ အမျိုးမျိုးကိုရင်း၊ မာလဥ္စ၊ ရနံ့သင်းကြိုင်၊ တလှိုင်လှိုင်နှင့် ပန်းခိုင် ပန်းကုံး အမျိုးမျိုးကိုရင်း၊ စုဏ္ဏကဥ္စ၊ အခိုးအထုံ၊ အမျိုးစုံသော၊ နံ့သာမှုန့်ကိုရင်း၊ ဝိလေပနဥ္စ၊ လိမ်းကျံစဘွယ်၊ ဆန်းကြယ်ပေ တောင်း၊ နံ့သာပြောင်း အမျိုးမျိုးတို့ကိုရင်း၊ ဧတံသဗ္ဗံ၊ ထိုနံ့သာ နှင့် စပ်လျဉ်းသမျှသော အလုံးစုံကို၊ ပဋိလဘေ၊ အလိုရှိတိုင်း၊ မဆိုင်းမတွ၊ ချက်ခြင်း ရခဲ့ပေသတည်း။ ၊ဣဒံ၊ ဤသို့ ရရှိခြင်း သည်၊ ဥပေါသထဿ၊ ဥပုသ်သီလ၏၊ ဖလံ၊ အကျိုးအမှန်ပေ တည်း။

(၅) ကုဍ္ဍာဂါရဇ္ဈ ပါသာဒံ၊မဏ္ဍပံ ဟမ္မိယံ ကုဋိံ၊
သဗ္ဗမေတံပဋိလဘာ၊ ဥပေါသထဿိဒံ ဖလံ၊

(၅) ကုဋာဂါရဥပါသာဒ်၊ စုလစ်မွန် ချွန် တပ် သော၊ ပြာသာဒ်ဘုံဆောင် အမျိုးမျိုးကိုဎင်း၊ မဏ္ဍပ်၊သဘင်ကျင်းပရာ၊ မဂ်လာမဏ္ဍပ်အမျိုးမျိုးကိုဎင်း၊ဟမ္မိယံ၊ အထွတ်မတင်၊ ပျော်ရွှင်တင့်ဆန်း လသာခန်းအပြင်ရှိသော ပြာသာဒ်အမျိုးမျိုးကိုဎင်း၊ ကုဋိ၊ ပဉ္စည်းသိုလှောင်ရာဖြစ်သော တင်းကုဋ်အမျိုးမျိုးကိုဎင်း၊ ဤတံသဗ္ဗံ၊ထိုအလုံးစုံကို၊ ပဋိလဘေ၊အလိုရှိတိုင်း၊ မဆိုင်းမတွ၊ ချက်ချင်းရခဲ့ပေသတည်း။ ။ဣဒံ၊ ဤသို့ ရရှိခြင်းသည်၊ ဥပေါသထဿ၊ ဥပုသ်သီလ၏၊ ဖလံ၊ အကျိုးပေး အမှန်ပေတည်း။

ထေရီအပဒါန်ပါဠိတော်ကြီးမှာ ဥပုသ်သီလရဲ့ အကျိုးတွေကို ပြလိုက်ထာ၊ ဝေဝေဆာဆာနှင့် အားကျစရာကြီးပေပေါ့၊ ဒါ-သို့ကြောင့်၊ယခု ဗုဒ္ဓသာသနာတော် ထွန်းလင်းဆဲအခါမှာ၊ ဗုဒ္ဓဘာသာဖြစ်တဲ့ အမျိုးသား, အမျိုးသမီးတွေဟာ၊ ဥပုသ်သီလများကို ကြိုးစားအားထုတ်သင့်ကြပေတယ်၊

ပြဆိုခဲ့ပြီးတဲ့အတိုင်း၊ ဥပုသ်သီလတန်ခိုးကြောင့်၊အကျိုးပေးကြီးကျယ်လာတဲ့ အမျိုးသမီးကလေးဟာ ကိုးဆဲ့တကမ္ဘာတိုင်တိုင် အပါယ်လေးပါးသို့ မလားမကပ်ဘဲ မြင့်မြတ်တဲ့ သုဂတိဘဝများ၌သာ ဖြစ်ပွားကျင်လည်၍ လာခဲ့ရာ၊ ယခု ရှင်တော်ဘုရား လက်ထက်တော် အခါကျတော့၊ သာဝတ္ထိပြည်ဝယ်၊ ကြွယ်ဝ ချမ်းသာတဲ့ သူဌေးကြီး၏ သမီးကလေး ဖြစ်လာတယ်၊ အမည်မှာတော့ ''ဥတ္တမာ''တဲ့၊ဂုဏ်ဒြပ်နှင့် မြင့်မြတ်တဲ့အတွက်ကြောင့်'ဥတ္တမာ'ရယ်လို့ အမည်ပေးကြတာပေါ့၊

အခံဆုံးစွန်သောဘဝမို့၊လှပခြင်း, လိမ္မာခြင်းစသော ဂုဏ်တို့ဖြင့် ပြည့်စုံတာပေါ့၊ အထူးချဲ့မွမ်းနေဘို့ မလိုတော့ပါဘူး။ ။ သူဌေးသမီးရဲ့အိမ်သို့ ပဋာစာရီ ဘိက္ခုနီမသည်၊ မကြာခဏကြွလာတဲ့အတွက်၊ အကျွမ်းတဝင်ဖြစ်ပြီး၊ ခုနစ်နှစ် အရွယ်မှာ

သန္ဒါတရား ဖြစ်ပေါ်လာသဖြင့်၊ ပဋာစာရီ ဘိက္ခုနီမရဲ့အထံမှာ၊ သာမဏေရီမကလေးပြုလုပ်တယ်။ ငယ်ငယ်ရွယ်ရွယ်ကလေးနှင့် သာသနာဘောင်သို့ ဝင်တဲ့ အမျိုးသ္မီးကလေးပေပေါ့။

သာသနာဘောင်သို့ ရောက်တဲ့အခါ၊ ဥာဏ်ပညာကလေး ကလဲ အလွန်ထက်မြက်တဲ့အတွက် ပဋာစာရီက၊ခန္ဓာ, အာယတန,အစမှတဲ့ ဝိပဿနာတရားများကို ဟောကြားပြီး၊ တရား အားထုတ်ဘို့ တိုက်တွန်းတယ်။ ။ရှေးဦးအစမှာတော့ သမာဓိ မရနိုင်တဲ့အတွက်၊ကမ္မဋ္ဌာန်းခွင်မှာ၊ ပျော်ရွှင်နှစ်ချိုက်၊ စူးစိုက် ဝင်စားခြင်း မရှိသဖြင့်၊ ပျင်းရိမှုတွေ ပေါ်လာလို့ ကမ္မဋ္ဌာန်း ကျောင်းထဲက လေးကြိမ် ငါးကြိမ် ဆင်းပြေးသတဲ့။

ထိုနောက် ပဋာစာရီက ပျင်းရိခြင်း၏ အပြစ်တွေ၊ တရား အားထုတ်ခြင်း၏ အကျိုးတွေကို ဘော်ပြပြီး၊တဖန်အားပေးကာ ဝိပဿနာ တရားတွေကို ဟောပြန်တယ်။

သည့်တော့၊ဥက္ကမာကလေးမှာ ရှေးကလိုမဟုတ်၊အားထုတ် ချင်တဲ့ စိတ်တွေ အများကြီး ပေါ်လာပြီး၊ သည့်တခါဖြင့် မဥာ တန်း ကြိုးစားတော့မယ်လို့ ပြဋ္ဌာန်းလိုက်သတဲ့။

အဲ-သို့ကလို စိတ်ပြဋ္ဌာန်းပြီး၊ ကမ္မဋ္ဌာန်းကျောင်းသို့ ဝင်တဲ့ အခါ၊ဘယ်လိုမိဋ္ဌာန်သလဲလို့ဆိုတော့၊ "အရိုးကြေကြေ၊ အရေ ခြောက်ခြောက်၊ ကမ္မဋ္ဌာန်းမပေါက်သမျှ၊ ငါမထတော့ဘူး၊ကမ္မ ဋ္ဌာန်း အလုပ်နှင့် အားထုတ်ရင်း သေလို့သွားခြင်းက မြတ်သေး တယ်" သည့်လိုမိဋ္ဌာန်ပြီး၊ပဋာစာရီဘိက္ခုနီမ, ဟောကြားလိုက် တဲ့အတိုင်း မိမိကိုယ်အတွင်းမှာရှိတဲ့ ရုပ်, နာမ်, ခန္ဓာ, အာယ တန တရားဘို့ကို ရှုစားကာ ဝိပဿနာထင်နေတယ်။ ခုနစ်ရက် ပတ်လုံး ထိုင်ရာက မထဘူးတဲ့။ တကဲ့ဘဲ့ပါပေတဲ့၊ အသဲကောင်း ပါပေတယ်။

ခုနစ်ရက်အတွင်းမှာ အစာအဟာရကိုလဲမမှိဲ၊ ဣရိယာပုတ် ပြောင်းလဲခြင်းကိုလဲမပြု၊ ဝိပဿနာရှုသောစိတ်ဖြင့် နိမိတ်နှင့် သမာဓိချိန်မိအောင် ကြိုးစား၍ ဥာဏ်အားဖြင့် ဆင်ခြင်ရာ ခုနစ်

ရက်ကြာတော့ ဝိပဿနာဉာဏ်အလင်း ဝင်းဝင်းကြီး ပေါ်ပေါက်ပြီး ရဟန္တာမ အဖြစ်သို့ ရောက်သွားလေသတည်း။

ရဟန္တာမ ,ဖြစ်ပြီးတဲ့နောက်၊ ရှစ်ရက်မြောက်တော့မှ၊ မူလ တင်ပလ္လင်ခွေနေတဲ့ ဈာရိယာပုထ်ကိုဖျက်ပြီး၊ ခြေလက်များကို ဆန့်ဟန်းသတဲ့။ အတော်စွမ်းနိုင်တဲ့ အမျိုးသမီးကလေးပေပေါ့ နော်။ တရားအားထုတ်တဲ့ အရေမှာဖြင့် လွန်ကဲတဲ့ အစွမ်းနှင့် ပထမတန်းပေါက်သွားတာပါဘဲ။

ရှစ်ရက်မြောက်တော့ ကမ္မဋ္ဌာန်းကျောင်းမှထွက်ပြီး၊လူးလာ တုန့်ပြန် စင်္ကြံလျှောက်သွား၍ မိမိအဖြစ်အပျက်များကို စဉ်းစား ဆင်ခြင်ရာ၊ လွန်စွာဝမ်းမြောက်လှသဖြင့် စင်္ကြံလျှောက်ရင်း ဥဒါန်းဂါထာ သုံးပုဒ်ကို နှုတ်မြွက်၍ ကျူးရင့်တော် မူလေ သတည်း။

(၁) စတုက္ခတ္တုံ ပဉ္စက္ခတ္တုံ။ ဝိဟာရာ ဥပနိက္ခမိံ။
အလဒ္ဓါ စေတသော သန္တိံ၊ စိတ္တေ အဝသဝတ္တိနိ။

(၁) အဟံ၊ အကျွန်ုပ်သည်၊ စေတသော၊ စိတ်နှလုံး၏၊ သန္တိံ၊ ငြိမ်သက် တည်ကြည်ခြင်းကို၊ အလဒ္ဓါ၊ မရလေသောကြောင့်၊ စိတ္တေ၊ မိမိစိတ်၌၊ အဝသဝတ္တိနိ၊ ကိုယ့်အလိုသို့လိုက်အောင် မစွမ်းဆောင်နိုင်သောကြောင့်၊ စတုက္ခတ္တုံ၊ လေးကြိမ်၊ ပဉ္စက္ခတ္တုံ၊ ငါးကြိမ်၊ ဝိဟာရာ၊ ကမ္မဋ္ဌာန်းကျောင်းထဲမှ၊ ဥပနိက္ခမိံ၊ မပျော်မမွေ့ ငြီးငွေ့သည့်အရေးကြောင့်၊ ထွက်ပြေး ခဲ့မိပါသတည်း။

(၂) တံဘိက္ခုနိံ ဥပါဂစ္ဆိံ၊ ယာမေ သဒ္ဓါယိကာ အဟု။
သာမေ ဓမ္မမဒေသေသိ၊ ခန္ဓာယတန ဓါတုယော။

(၂) ယာ၊ အကြင်ပဋာစာရီ ဘိက္ခုနီမသည်၊ မေ၊ အကျွန်ုပ် အား၊ သဒ္ဓါယိကာ၊ သဒ္ဓါတက်အောင် ရွက်ဆောင်တတ်သည်၊ အဟု၊ ဖြစ်ပေ၏၊ အဟံ၊ အကျွန်ုပ်သည်၊ တံဘိက္ခုနိံ၊ ထိုပဋာစာရီ

ဘိက္ခုနီမထံသို့၊ ဥပါဂမ္ဗိံ၊တရားနာရန်၊ အထံထက်ကြွပ်၊ ချဉ်း ကပ်ခဲ့ပေ၏၊ သာ၊ ထိုပဋာစာရီဘိက္ခုနီမသည် မေ၊ အကျွန်ုပ် အား၊ ခန္ဓာယတနဓါတုယော၊ ခန္ဓာငါးပါး၊ အာယတန တဆဲ့ နှစ်ပါး၊ ဓါတ်တဆဲ့ရှစ်ပါးတို့ကို၊ ဝိဘဇိတွာ၊ခွဲခြမ်းဝေဘန်၍၊ ဓမ္မံ၊ နက်နဲလှစွာ ဝိပဿနာချည်ရှူး၊ တရားထူးကို၊အဒေသေသိ၊ ဟောကြားတော်မူပါပေသတည်း၊

(၃) တဿာဓမ္မံ သုတွာန၊ ယထာဝံ အနုသာသိသာ၊
သတ္တာဟံ ဧကပလ္လင်္ကေန၊ နိသိဒိံ သုခသမပ္ပိတာ၊
အဋ္ဌမိယာ ပါဒေ ပသာရေမိ၊ တမောခန္ဓံ ပဒါလိယ၊

(၃) သာ၊ ထိုပဋာစာရီ ဘိက္ခုနီမသည်၊ မံ၊ အကျွန်ုပ်ကို၊ ယထာ၊အကြင်အကြင်သို့သောနည်းလမ်းအားဖြင့်၊ အနုသာသိ၊ ဆုံးမတော်မူပေ၏၊ တထာ၊ ထိုသို့ဆုံးမသော အတိုင်း၊ အဟံ၊ အကျွန်ုပ်သည်၊တဿာ၊ထိုပဋာစာရီ၏၊ ဓမ္မံ၊ ရုပ်နာမ်တရားကို၊ သုတွာန၊ သတိစိုက်ကာ၊ ကောင်းကောင်းနာ၍၊ သတ္တာဟံ၊ ခုနစ်ရက်တိုင်တိုင်၊ ဧကပလ္လင်္ကေန၊ တင်ပလ္လင်ခွေမှု၊ တခုသော ဣရိယာပုထ်ဖြင့်၊ သုခသမပ္ပိတာ၊တရားရှူးစိုက်၊ နှစ်ချိုက်လှစွာ၊ လွန်ချမ်းသာလျက်၊ နိသိဒိံ၊ တရားအလုပ်ဖြင့် မတုန်မလှုပ် နေထိုင်ခဲ့ပါသတည်း၊ အဋ္ဌမိယာ၊ ရှစ်ရက်မြောက်သော နေ့၌၊ တမောခန္ဓံ၊ အဝိဇ္ဇာတည်းဟူသော အမိုက်တုံးကြီးကို၊ ပဒါ လိယ၊ ပေါက်ခွဲ၍၊ ပါဒေ၊ ခြေတို့ကို၊ ပသာရေမိ၊ ဆန့်တန်း ခဲ့ပါသတည်း၊

ဤသည့်လို ဥဒါန်းကျူးပြီး ထူးမြတ်သော ရဟန္တာအဖြစ် နှင့် မြတ်စွာဘုရား၏ သာသနာတော်မှာ၊ ဥတ္တမာထေရီရယ်လို့ အထင်အရှား ကျော်ကြားခြင်းသို့ ရောက်လေသတည်း၊

ရုံခါရုံဘန် အမျိုးသ္မီးတို့အား၊ တရားဟောကြားတဲ့အခါ၊ မိမိကိုယ်တိုင် လက်တွေ့ဒိဋ္ဌဖြစ်တဲ့ ဥပုသ်သီလများ၏ ဂုဏ်

ဘောဓျဖုးကို ချီးကာ၊ အပဒါန် ဂါထာတို့ကို အချုပ်အားဖြင့် ဟောကြားတော်မူလေ့ရှိသတည်း။

(၃) ဇာတိယာသတ္တဝဿာဟံ၊ ပဗ္ဗဇိံ အနဂါရိယံ။
အဇ္ဈဂါသေ အသမ္ဘုတ္တေ၊ အရဟတ္တမပါပုဏိံ။

(၃) အဟံ။ အကျွန်ုပ်သည်။ ဇာတိယာ။ ဘွားမြင်သည်မှ။ သတ္တဝဿာ။ ခုနစ်နှစ်ရှိလတ်သော်။ အနဂါရိယံ။ အိမ်ရာမထောင်သော သာသနာတော်ဘောင်၌။ ပဗ္ဗဇိံ။ ရဟန်းပြုခဲ့ပါ၏။ အဇ္ဈဂါသေ အသမ္ဘုတ္တေ။ တရားအားထုတ်၍၊ တလချွဲမတိုင်မှီ။ အရဟတ္တံ။အရဟတ္တဖိုလ်သို့။ အပါပုဏိံ။ဆိုက်ရောက်ပြီးခါ၊ ရဟန္တာဖြစ်ခဲ့ပါသတည်း။

(၅) ဧကနဝုတိတော ကပ္ပေ၊ ယံဥပေါသထု ပါဝသိံ။
ဒုဂ္ဂတိံ နာဘိဇာနာမိ၊ ဥပေါသထဿိဒံ ဖလံ။

(၅) ဣတော။ဤဘဒ္ဒကမ္ဘာမှ။ ဧကနဝုတိတေကပ္ပေ။ကိုးဆဲ့တကမ္ဘာထက်၌။ အဟံ။အကျွန်ုပ်သည်။ယံဥပေါသထံ၊ အကြင်ဥပုသ်သီလကို။ ဥပါဝသိံ၊ စောင့် သုံး ဆောက် တည် ခဲ့ပါ ၏။ ဒုဂ္ဂတိံ။ အပါယ်လေးပါး၊ ယုတ် ညံ့ သော ဘုံ ဘ ဝ များ ကို။ နာဘိဇာနာမိ။ မသိခဲ့စဘူးပါ။ ဣဒံ။ ဤကဲ့သို့ ဒုဂ္ဂတိဘဝများကို မသိခဲ့ခြင်းသည်။ ဥပေါသထဿ။ဥပုသ်သီလ၏၊ ဖလံ။ အကျိုး အမှန်ပါတည်း။

## (၁) ဥတ္တမာထေရီ ဝတ္ထုပြီး၏။

(မှတ်ချက်။ ။ဤဝတ္ထု၌၊(က)အစ၊(ခ)အဆုံးရှိသောဂါထာတို့ကား၊ ထေရီ အပဒါန် ပါဠိတော်မှ လာသော ဂါထာတို့ ဖြစ်ပါသည်။ ။(၁-၂-၃) ဤဂါထာတို့ကား၊ တိကနိပါတ် ထေရီ ဂါထာများဖြစ်ပါသည်)။

ဤဝတ္ထု၌ နည်းယူဘွယ်မှာ၊ ။ဥတ္တမာထေရီသည်၊ ဝိပဿီ ဘုရားလက်ထက်တော် အခါ၊ ရှစ်ပါးသီလဟု ဆိုအပ်သော

ဥပုသ်ကိုရှိသေလေးမြတ်စွာ စောင့်သုံးခဲ့ဘူးသောထူးမြတ်သော အကျိုးတို့ကိုရ၍။ ဂေါတမ ရှင်တော်ဘုရား လက်ထက်တော် အခါ။ ရဟန္တာဖြစ်၍ ကျွတ်တမ်းဝင်လေသည့်များကို အားကျ ပြီးလျှင် ယခုအခါ ဗုဒ္ဓဘာသာဝင်ဖြစ်ကြကုန်သော အမျိုးသား, အမျိုးသမီးတို့သည်။ သဒ္ဓါစိတ်ဖြူစင်စွာနှင့် သိတင်းနေ့ ကြုံသော အခါ အဋ္ဌင်္ဂဥပုသ်ကိုအားထုတ်၍ စောင့်သုံးသင့်ကြပေသည်ဟု နည်းယူသင့်ပေသည်။

ဥပုသ်စောင့်သုံးသော အခါတို့၌လည်း၊ မိမိသီလအာရုံဖြင့်၊ တကိုယ်လုံး ထုံစေပြီးလျှင် အလုံးစုံသော အညစ် အကြေးတို့မှ ကင်းဝေးစင်ကြယ်အောင် ရှောင်သင့်သော အရာများကိုလည်း။ ကြပ်တည်းစွာ ရှောင် သင့် ကြ ပေ သည်။ ။သီလစင်ကြယ်မှ အ ကျိုး ပေး စင် ကြယ် ကြောင်း များ ကို လည်း ကောင်း စွာ နှလုံးသွင်းသင့်ပေသတည်း။

---

## (၂) ဒုတိယဥတ္တမာထေရီဝတ္ထု

(မှာထားချက်။ ။ဒုတိယဥတ္တမာထေရီဝတ္ထု အသွားသည်၊ ပထမ ဥတ္တမာထေရီဝတ္ထုနှင့် ခပ်ဆင်ဆင်ပင်ဖြစ်၍၊ အချုပ် အားဖြင့် ပြန်ဆိုရေးသားပါမည်။)

ရှေးလွန်လေပြီးဖြစ်တဲ့ ကိုးသိန်းဘကမ္ဘာထက်မှာ ဗန္ဓုမတီ နေပြည်တော်ကြီး၌ သူဌေးတဦး၏အိမ်မှာ အမြဲမပြတ် ရေခတ် နေခြင်းကိစ္စဖြင့် အခိုင်းအစေခံနေရတဲ့ကျွန်မကလေးတယောက် ရှိတယ်။

တနေ့သောအခါ အရှင်သခင်ဖြစ်တဲ့ သူဌေးကြီးက ကျေးကျွန် များကို သ နား သ ဖြင့်၊ က တွတ် မုန့် တို့ ကို ဝေ ဝ ချ သ တဲ့၊ တယောက်တယောက်လျှင် ကတွတ်မုန့်သုံးခုစီဝေခြမ်းဘယ်။

ဆိုခဲ့တဲ့ကျွန်မကလေးဟာ၊မိမိအတွက်ဝေစုရတဲ့ ကတွတ်မုန့် သုံးခုကိုယူပြီး ရေခတ်ခြင်း၌ ရေအိုးရွက်ပြီး ထွက်လာတယ်။ လမ်းခရီးသို့ရောက်တော့၊ရဟန္တာအရှင်မြတ်တပါး၊ သပိတ်ကို ပိုက်လျက် ဆွမ်းခံကြွလာတာကိုမြင်တော့။ အလွန်ပင် ကြည်ညို ခြင်းဖြစ်တဲ့အတွက်၊ မိမိစားဖို့ယူလာတဲ့ ကတွတ်မုန့် သုံးခုကို မစားဘဲ၊ ရဟန္တာအရှင်မြတ်ကို စေတနာ သုံး တန် ပြတ် ပြီး လှူလိုက်တယ်။

အဲသည်လိုကြည်ညိုမြတ်နိုးစွာ ကတွတ်မုန့်သုံးခုကို လှူဒါန်း လိုက်တဲ့ စေတနာကြောင့်၊ ကံအားလျော်စွာ စုတေတဲ့အခါ၊ တာဝတိံသာ နတ်ပြည်မှာ ဖြစ်ရသတဲ့။

ထိုအခါကစပြီး၊ ယခုရှင်တော် ဂေါတမ မြတ် စွာ ဘု ရား ရွှေလက်ထက်တော်သို့တိုင်အောင်၊ အပါယ်လေးပါးသို့ မလား မကပ်ဘဲ၊ မြင့်မြတ်တဲ့ ဘုံဘဝတို့၌ ချမ်းသာသုခ အမျိုးမျိုးနှင့်၊ တနိုးကြီးကျယ်စွာ ကျင်လည်ခဲ့ပြီး ယခုဘုရားရှင် လက်ထက် တော်ကျတော့၊ ကောသလတိုင်းမှာ၊ ဗြဟ္မဏမဟာသာလ ခေါ်တဲ့ ပုဏ္ဏားသူဌေးကြီးရဲ့ သမီးဖြစ်လာတယ်။

အ စဉ် အ တိုင်း ကြီး ပွါး ၍၊ အရွယ်သို့ရောက်လာတဲ့ အခါ၊ ဒေသစာရီ ကြွချီတော်မူလာတဲ့ ရှင်တော် မြတ်ဘုရား၏ တရား တော်ကိုကြားနာရတဲ့အခါ။ လွန်စွာကြည်ညိုတဲ့ သဒ္ဓါစိတ်တွေ တက်ကြွလာသဖြင့်၊ အိမ်ရာထောင်တဲ့ လူ့ဘောင်မှာ နေလိုတဲ့ ဆန္ဒမရှိဘဲ ဖြစ်လေရာ မိဘတို့ထံမှာ ခွင့်ပန်ပြီး၊ ဘိက္ခုနီမတို့ ကျောင်းသို့သွား၍ရဟန်းပြုရှာတယ်။

ရဟန်းအဖြစ်သို့ရောက်တော့။ ဗောဇ္ဈင် (၇)ပါးကို များစွာ နှစ်သက်ခြင်းရှိသဖြင့်၊ ဗောဇ္ဈင်တရားမြတ်ကိုသာ မပြတ်မပြတ် ကြားနာလေ့ရှိသတဲ့။ ။ဗောဇ္ဈင်တရားဆိုတာ၊ မဂ်, ဖိုလ်, သို့ ရောက်ကြောင်း လမ်းကောင်း အစစ် တရားမြတ်ကြီး ဖြစ်ပေ သပေါ့။

ဗောဇ္ဈင်တရားကို အားရအောင်နာပြီး၊ တရားအားထုတ်တဲ့

အခါမှာလဲ၊ ဗောဇ္ဈင်တရားကို အ ရင်း ထား ပြီး ပွါးများအား ထုတ်လေ့ရှိတယ်။ ။သည့်ကဲ့သို့အားထုတ်ရာ၊ ဗောဇ္ဈင်ဉာဏ် ရင့်သန်ပြီး ကိလေသာကုန်ခန်း၍ ရဟန္တာအဖြစ်သို့ရောက်သွား တယ်။

ရဟန္တာအဖြစ်သို့ ရောက်ပြီးတဲ့အခါ၊ လွန်စွာ အားတက် ခြင်း ဖြစ်သည်နှင့်၊ သုံးဂါထာဖြင့် သာယာစွာ ဥဒါန်းကျူးလေ သတည်း။

(၁) ယေဣမေသတ္တဗောဇ္ဈင်္ဂါ၊ မဂ္ဂါနိဗ္ဗာန ပတ္တိယာ။
ဘာဝိတာ တေ မယာသဗ္ဗေ၊ ယထာဗုဒ္ဓေန ဒေသိတာ။

(၁) ဗုဒ္ဓေန၊တရားသိမြင်၊ ဘုရားရှင်သည်၊ ယထာ၊ အကြင် အကြင်သို့သော နည်းလမ်း နိဿ ယ အားဖြင့်၊ ဒေသိတာ၊ ဟောတော်မူအပ်ကုန်သော၊ယေဣမေသတ္တဗောဇ္ဈင်္ဂါ၊ ဤ(၇) ပါးသော ဗောဇ္ဈင်တရားတို့သည်၊ နိဗ္ဗာနပတ္တိယာ၊ နိဗ္ဗာန်သို့ ဆိုက်ရောက်ခြင်း၌၊ မဂ္ဂါ၊ လမ်းဖြောင့် အ စစ် အမှန်ဖြစ်ကြ ပေကုန်၏၊ သဗ္ဗေ၊ အလုံးစုံကုန်သော၊တေ၊ထိုဗောဇ္ဈင်(၇)ပါး တို့ကို၊ မယာ၊အကျွန်ုပ်သည်၊ဘာဝိတာ၊ပွါးများအပ်လေကုန်ပြီ။

(ဗောဇ္ဈင်(၇)ပါးကား၊(၁)သတိသမ္ဗောဇ္ဈင်၊ (၂)ဓမ္မဝိစယ သမ္ဗောဇ္ဈင်၊ (၃) ဝီရိယ သမ္ဗောဇ္ဈင်၊ (၄)ပီတိ သမ္ဗောဇ္ဈင်၊ (၅) ပဿဒ္ဓိသမ္ဗောဇ္ဈင်၊ (၆) သမာဓိသမ္ဗောဇ္ဈင်၊ (၇)ဥပေက္ခာ သမ္ဗောဇ္ဈင်၊ ဤ (၇) ပါးတို့ပေတည်း၊ ထိုဗောဇ္ဈင် (၇ ပါးကို) ပွါးလျှင် နိဗ္ဗာန်သို့ အမြန်ဆိုက်ရောက်နိုင်သည်)။

(၂) သုညတဿာ နိမိတ္တဿ၊ လာဘိနီဟံ ယဒိစ္ဆကံ။
ဩရသာ ဓီတာ ဗုဒ္ဓဿ၊ နိဗ္ဗာနာဘိရတာ သဒါ။

(၂) အဟံ၊ အကျွန်ုပ်သည်၊ သုညတဿ၊ အနတ္တဝိပဿနာ ဈာန် ကို ၎င်း၊ အနိမိတ္တဿ၊ အ နိစ္စ ဝိ ပ ဿ နာ ဈာန် ကို ၎င်း၊ ယဒိစ္ဆကံ၊ အလိုရှိသောအတိုင်း၊ လာဘိနီ၊ ရရှိနိုင်နင်းခဲ့ပါ

သတည်း။ ဒဟံ။အကျွန်ုပ်သည်၊ ဆုဒ်နိ၊ယာရအခါ၌၊ ဗုဒ္ဓသား၊ ရှင်တော်ဘုရား၏၊ ဩရသ၊ ရင်တော်မှဖြစ်သော၊ ဓိတာ။ ထွီးတော် အစစ်ကြီးပါတည်း။ သဒါ၊ အခါခပ်သိမ်း၊ နိဗ္ဗာနာ ဘိရတား၊ နိဗ္ဗာန်၌သာ ပျော်မွေ့ခြင်းရှိပါသတည်း။

(၃) သဗ္ဗေကာမာ သမုစ္ဆိန္နာ၊ ယေဒိဗ္ဗာ ယေစမာနုသာ၊
ဝိက္ခီဏော ဇာတိသံသာရော၊ နတ္ထိဒါနိ ပုနဗ္ဘဝေါ။

(၃) ဒိဗ္ဗာ၊ နတ်ပြည်နှင့် ဆိုင်ကုန်သော၊ ယေကာမာစ၊ အကြင် ကာမဂုဏ် အမျိုးမျိုးတို့ကိုရင်း၊ မာနုသာ၊ လူ့ပြည်နှင့် ဆိုင်ကုန်သော၊ ယေစကာမာ၊ အကြင် ကာမဂုဏ်တို့ကိုရင်း။ သဗ္ဗေ၊ အလုံးစုံသော ကာမဂုဏ်တို့ကို၊ မယာ၊ အကျွန်ုပ်သည်၊ သမုစ္ဆိန္နာ။ မတွယ်တာဘဲ၊ လွယ်ကူစွာနှင့်ဖြတ်တောက်အပ်ကုန်ပြီ၊ မေ၊ အကျွန်ုပ်အား၊ ဇာတိသံသာရော၊ ပဋိသန္ဓေ နေခြင်းနှင့် မကင်းနိုင်ကုန်သော သံသရာဝဋ်ကြီးသည်၊ ဝိက္ခီဏော၊ကုန်ဆုံး ကျွတ်လွတ်ခဲ့လေ ပြီ၊ ဒါနိ၊ ယာရအခါ၌၊ ပုနဗ္ဘဝေါ၊တဖန် ဒ.ဖြစ် ဘဝသစ်သည်၊ နတ္ထိ၊ မရှိလုံးလုံး၊ ကုန်ဆုံး ကျွတ်လွတ်ခဲ့လေပြီ တကား။

မှာထားချက်။ ။ဒုတိယဂါထာ၌၊ သုညာတ, ဒနိမိတ္တ, ဟု ပါရှိရာ၊ အနတ္တာဝိပဿနာဉာဏ်ဖြင့် ပေါက်ရောက်သော ဖလ သမာပတ်ကို သုညတ သမာပတ်ခေါ်သည်၊ အနိစ္စ ဝိပဿနာ ဉာဏ်ဖြင့် ပေါက်ရောက်သော ဖလသမာပတ်ကို, အနိမိတ္တ သမာပတ်ခေါ်သည်။ အလွန်နက်နဲသော သဘောများပေတည်း၊ အခြွက်မျှ ပြလိုက်ရတော့သည်။

ဤဂါထာကို ကျူးရင့်ပြီးသောအခါ၊ ရဟန္တာဖြစ်ကြောင်း ထင်ရှား၍ ဘုရားရှင်သာသနာတော်မှာ ဥတ္တမာထေရီဟူသော အမည်ဖြင့် ကျော်စောခြင်းသို့ ရောက်လေသတည်း။

...အမျိုးသမီးတို့အား တရားဓမ္မ ဟောပြောသောအခါ၊ လွန်ခဲ့ သော ကိုးဆဲ့ တကမ္ဘာသက်က ဖြစ်ပျက်ခဲ့သော မိမိ၏

အဆုပြုဝတ္ထုများကို သဒ္ဒါတရား တိုးပွားကြစေရန်၊ အပဒါန် ဂါထာတို့ဖြင့် ဟောကြားတော်မူလေ့ရှိပေသည်။ ။ထိုဂါထာ များကို အောက်၌ ပါရှိသော အတိုင်း ထုတ်ဆောင်၍ ပြလိုက် ပါသတည်း။

(က) နဂရေ ဗန္ဓုမတိယာ၊ ကုမ္ဘဒါသီ အဟောသဟံ။
မမဘာဂံ ဂဟေတွာန၊ အဂစ္ဆိံ ဥဒဟာရိကာ။

(က) အတီတေ၊ ရှေးလွန်လေပြီးသော ကိုးဆယ့် တကမ္ဘာ ထက်၌။ ဗန္ဓုမတိယာ၊ ဗန္ဓုမတီမည်သော၊ နဂရေ၊ မြို့တော်ကြီး ၌၊ အဟံ၊ အကျွန်ုပ်သည်၊ ကုမ္ဘဒါသီ၊ ရေခပ်ခြင်းကိစ္စဖြင့် အစေခံ လုပ်ရသော၊ အိမ်ကျွန်မတယောက်သည်၊ အဟောသိံ၊ ဖြစ်ခဲ့ပါ သတည်း။ မမဘာဂံ၊ သခင်သူဌေးက၊ ဝေဆုပေးသော ကတွတ် မုန့်ကို၊ ဂဟေတွာန၊ ယူဆောင်၍၊ ဥဒဟာရိကာ၊ ရေခပ်ခြင်း အလို့ငှါ၊ အဂစ္ဆိံ၊ ထွက်သွားခဲ့ပါသတည်း။

(ခ) ပထမှိ သမဏံ ဒိသွာ၊ သန္တစိတ္တံ သမာဟိတံ၊
ပသန္နစိတ္တာ သုမနာ၊ မောဒကေ တီဏိဒါသဟံ။

(ခ) ပထမှိ၊ ရေခပ်သွားရာ လမ်းခရီး၌၊ သန္တစိတ္တံ၊ ငြိမ် သက်သောစိတ် ရှိတော်မူသော၊ သမာဟိတံ၊ ကျောက်စာတိုင် ကဲ့သို့ ခန့်ခိုင်တည်ကြည်သော သမာဓိရှိတော်မူသော၊ သမဏံ၊ ရဟန္တာအရှင်မြတ်တပါးကို၊ ဒိသွာ၊ တွေ့မြင်ရသည် ရှိသော်၊ သုမနာ၊ ရွှင်လန်းဝမ်းမြောက်လျက်၊ ပသန္နစိတ္တာ၊ ကြည်ညို သောစိတ် ရှိသည်ဖြစ်၍၊ တီဏိ၊ သုံးခုကုန်သော၊ မောဒကေ၊ ကတွတ်မုန့်တို့ကို၊ အဟံ၊ အကျွန်ုပ်သည်၊ အဒါသိံ၊ မိမိမစားဘဲ၊ အားရနှစ်သက်စွာ၊ လှူဒါန်းလိုက်ပါသတည်း။

(ဂ) တေနကမ္မေန သုကတေန၊ စေတနာ ပဏိဓီဟိ စ၊
ဧကနဝုတိ ကပ္ပါနိ၊ ဝိနိပါတံ န

တက္ကသိုလ် စာကြည့်တိုက်
၁၅၄၉

(ဂ) သုကတေန၊ ကောင်းစွာပြုလုပ် ဆည်းဘူးအပ်သော၊ တေနကမ္မေန စ၊ ထိုမုန့်လှူရသော ကုသိုလ် ကံ ကြောင့် ၎င်း၊ စေတနာပဏိဓိဟိ စ၊ စေတနာ ပြဋ္ဌာန်း ချက် တို့ ကြောင့် ၎င်း၊ အဟံ၊ အကျွန်ုပ်သည်၊ ဧကနဝုတိကပ္ပါနိ၊ ကိုးဆဲ့တကမ္ဘာတို့ ပတ်လုံး၊ ဝိနိပါတံ၊ အပါယ်လေးပါးသို့၊ နဂစ္ဆိံ၊ သွားရောက် ဖြစ်ခဲ့ရခြင်းမရှိပေ၊

(ဃ) သမ္ဗုတ္တိကံ ကရိတွာန၊ သဗ္ဗံ အနုဘဝိံ အဟံ၊
မောဒကေ တီဏိ ဒတွာန၊ ပတ္တာဟံ အစလံ ပဒံ၊

(ဃ) တီဏိ၊ သုံးခုကုန်သော၊ မောဒကေ၊ ကတွတ်မုန့် တို့ကို၊ ဒတွာန၊ သဒ္ဓါကြည်ဖြူ ပေးလှူခဲ့ဘူးသော ဒါနစေတနာ ကြောင့်၊ သမ္ဗုတ္တိကံ၊ ပြည့်စုံမှုအဖြာဖြာ ချမ်းသာခြင်းအမျိုးမျိုး ကို၊ ကရိတွာန၊ ပြု၍၊ သဗ္ဗံ၊ အလုံးစုံသောလောကီစည်းစိမ်ကို၊ အဟံ၊ အကျွန်ုပ်သည်၊ အနုဘဝိံ၊ အလိုရှိသမျှ ခံစားရခဲ့ပါ သတည်း၊ ၊ ဣဒါနိ၊ ယခုအခါ၌၊ အစလံ၊ ဘေးဒုက္ခအလုံးစုံ ကြောင့်၊ တုန်လှုပ်ချောက်ခြားခြင်းမရှိပေသော၊ ပဒံ၊ အထွဋ် ကြွန်း၊ နိဗ္ဗာန်နန်းသို့၊ ပတ္တာ၊ နှစ်နှစ်ချိုက်ချိုက်၊ ဆိုက်ရောက်ခဲ့ လေပြီတကား၊

(၂) ဒုတိယ ဥတ္တမာထေရီဘွဲ့ပြီး၏။

မှတ်ချက်။ ။ဤဝတ္ထု၌ ဘော်ပြအပ်သော ထေရီအပဒါန် ပါဠိတော်ဝယ်၊ မောဒကပုဒ်ပါရှိသည့်၊ ။မောဒက မည်သော မုန့်သုံးခုကို လှူသောကြောင့် ကောင်းကျိုးချမ်းသာနှင့် ပြည့်စုံ ကြောင်းကို ပြဆိုလျက်ရှိသည်၊

မောဒက-ပုဒ်ကို၊ ရှေးဆရာကြီးတို့က၊ ''ကတွတ်မုန့်'' ဟူ၍ အနက် မြန်မာ ပြန်ဆိုကြ၏၊ မြန်မာနိုင်ငံ၌ ကတွတ်မုန့် ခေါ် သောမုန့်မျိုးကို မတွေ့စဘူးချေ၊

မာဂဓ အဘိဓာန်၌ မောဒကော ခဇ္ဇဘေဒေစ။ ။ဟု ပြဆို လျက်ရှိ၏။ခဲဘွယ်တမျိုးဟု ဆိုလိုသည်၊သဒ္ဒတ္တထောမနိဓိ အဘိ ဓာန်၌၊ ။မောဒကသဒ္ဒါသည်၊[၁]ခဲဘွယ်တမျိုး၊[၂]သေရည် အရက်မျိုး၊[၃]လူဘမျိုးနှင့်တမျိုး ပေါင်းသင်း၍ ပေါက်ဘွား လာသောသူ၊ကပြဲ၊ဗန္ဓတ်၊ ။ဤအနက်များ၌၊ ဖြစ်သည်ဟူ၍ ဆိုသည်။

မောဒကဆိုသော ခဲဘွယ်မုန့်မျိုးသည်၊ အိန္ဒိယနိုင်ငံဟိန္ဒူ လူမျိုးတို့ အသုံးပြုသော မုန့်မျိုးဖြစ်သောကြောင့်၊ သေချာစွာ စုံစမ်းရာ၊ယခုအခါ လတ်ဒူး-ဟူ၍၊ ဟိန္ဒူလူမျိုးတို့ ခေါ်သော မုန့် ဖြစ် ကြောင်း ကို သိရလေသည်။ ။ထိုမုန့်မျိုးသည်ကား၊ သကြား ချိုမှုံ့ ထောပတ်တို့ဖြင့်၊ အလုံးအလုံး ပြုလုပ်၍ထား သော မုန့်ဖြစ်လေသည်။ ။

ရှေးဆရာကြီးတို့၏၊ အနက်ကို မပျက် စေလိုသောကြောင့်၊ မောဒက ကတွတ်မုန့်ဟူ၍ပင်၊အနက် ပြန်ဆိုလိုက်ပေသတည်း။

---

## တိကနိပါတ်

## (၃) ဒန္တီကာသထေရီဝတ္ထု။

ဟိုရှေးအခါ၊ ကျွတ်တမ်း ကို ရှာ နေ တဲ့ ဒမျိုးသွီးကလေး တယောက်ဟာ၊ ဘုရား ပွင့်တော်မမူတဲ့ သုညကမ္ဘာတခုမှာ၊ သူကံအားလျော်စွာ၊ကိန္နရီမကလေး ဖြစ်နေရှာသတဲ့။

ကိန္နရီ,ကိန္နရာတို့ခမ္မတာမှာ၊ ထူးဆန်းတဲ့ပန်းများကို ဆွတ်ခူး ၍ မိမိတို့ကိုယ်မှာ ပန်းဝတ်လုံပြုလုပ်၍ ဆင်မြန်းလေ့ရှိတယ်။ ။ ပန်းဝတ်လုံကို ဆင်ယင်ပြီး၊ အလွန်သန့်တဲ့ သဲသောင်ပြင်မှာ၊ အစုံ အစုံ မြူးခုန်ယှဉ်တွဲ၍ ကခြင်း။ ဆဲ-သို့ကလို ပျော်ပွဲခံကာ၊ ဟိမဝန္တာတောင်တခွင်မှာ၊အစဉ်သဖြင့် နေလေ့ရှိကြတယ်။

တနေ့တော့ ဆိုခဲ့တဲ့ ကိန္နရီမကလေးဟာ၊ စန္ဒဘာဂ အမည် ရှိတဲ့မြစ်ကမ်းတခွင်သဲသောင်ပြင်မှာပန်းဝတ်လုံကိုဆင်ယင်ပြီး၊

ပျော်ရွှင်မြူးထူးကာ၊ ကချန်နေတဲ့အခိုက်မှာ၊ အရှင်ပဋ္ဌေကဗုဒ္ဓါ တပါး၊မြစ်ကမ်းပါးအနီး၊ သစ်ပင်ကြီး တခင်အောက်မှာ၊ သမာ ပတ် ချမ်းသာဖြင့် ငြိမ်သက်စွာ နေတော်မူတာကိုမြင်တယ်။ ။ ထိုအခါ ကိန္နရီမကလေးမှာ ကြည်ညိုသဒ္ဓါ လွန်စွာမြတ်နိုးတဲ့ ကုသိုလ်စိတ်တွေ ပေါ်လာသဖြင့်၊ လှူချင်, တန်းချင်တဲ့ အာသာ ဆန္ဒတွေ ပေါ်ပေါက်လာသတဲ့။

သည့်အခိုက်အခါမှာလဲ၊လွန်စွာလှပတဲ့အင်ကြင်းပန်းတွေလဲ၊ တဝေဝေပွင့်နေတဲ့ ရာသီမို့၊ကိန္နရီမကလေးကမြင်တော့၊ လှူချင် တဲ့စိတ်နှင့် အခန့်သင့် ဖြစ်နေတာပေါ့။ ။ထိုအခါ၊ လွန်စွာ မွှေးကြိုင် အခိုင်အခိုင် အပြိုင်အဆိုင် ပွင့်နေတဲ့ အင်ကြင်းပန်း တွေကို ချူးပြီး ရှင်ပဋ္ဌေကဗုဒ္ဓါအား၊ ရှိခိုးဝပ်တွားကာ လှူဒါန်း သတဲ့။

ပဋ္ဌေကဗုဒ္ဓါ အရှင်မြတ်ကလဲ၊ တိရစ္ဆာန်ဇာတ်မှာ ဖြစ်ရ သော်လဲ၊ ကိန္နရီမကလေးဟာ လိမ္မာပေစွ၊ နောင်အနာဂတ် သံသရာမှာ၊ ကြီးကျယ်စွာ အကျိုးပေးလတ့်။ ဤကဲ့သို့ ဆင်ခြင် တော်မူပြီး၊ လှူဒါန်းတဲ့ အင်ကြင်းပန်းကို ခံယူတော်မူတယ်။

ကိန္နရီမကလေးမှာလဲ၊ ပဋ္ဌေကဗုဒ္ဓါ အရှင်မြတ်က၊ အလှူခံ တော်မူသည့်ကစပြီး၊ နှစ်ချိုက်လှစွာ သဒ္ဓါတက်တိုး၍ အမျိုးမျိုး ကုသိုလ် ပွါးသွားတာပေါ့။ ။ကိန္နရီမကလေးဟာ၊ အသက် အတိုင်းနေ၍ စုတေသွားတဲ့အခါ၊အင်ကြင်းပန်းကို လှူဒါန်းရတဲ့ ဒါန စေတနာကြောင့်၊ တာဝတိံသာ နတ်ပြည်မှာ ဖြစ်သွား တယ်။

ဆဲသည့်လို ပြဆိုခဲ့ပြီးတဲ့ အကြောင်းအရာကို၊ထေရီအပဒါန် ပါဠိတော်ကြီးမှာ၊ သို့ကလို ဟောကြားတော်မူခဲ့ပေတယ်။

(က) စန္ဒဘာဂ နဒီတိရေ အဟောသိံ ကိန္နရီတဒါ၊
အဒ္ဒသံ ဝိရဇံ ဗုဒ္ဓံ၊သယမ္ဘုံ အပရာဇိတံ။

(က) အဟံ။ အကြွန္နဝိသည်၊ အတိတော၊ ရှေးလွန်လေပြီး

သော အခါ၌၊ စန္ဒာဘာဂနဒီတီရေ၊ စန္ဒာဘာဂမည်သော မြစ်၏ ကမ်းနား၌၊ကိန္နရိ၊ ကိန္နရာမကလေးသည်၊အဟောသိံ၊ ဖြစ်ခဲ့ပါ သတည်း၊တဒါ၊ ထိုကိန္နရီမကလေး ဖြစ်သောအခါ၌၊ ဝိရဇံ၊ ကိလေသာမြူမှုံ့တို့မှ၊အလုံးစုံ ကင်းဝေး စင်ကြယ်တော်မူပြီးထ သော၊အပ္ပရာဇိတံ၊ကိလေသာတည်းဟူသော ရန်သည်၊ တဘန် အောင်ခြင်းငှါ မစွမ်းနိုင်ထသော၊ သယမ္ဘုံ၊ ဆရာမကူ၊ သယမ္ဘူမှန်၊ကိုယ်ပိုင်ဉာဏ်ဖြင့်၊ လျှင်မြန်စွာ သိတော်မူပြီးထ သော၊ ဗုဒ္ဓံ၊ ရှင်ပစ္စေကဗုဒ္ဓါ အရှင်မြတ်ကို၊ အဒ္ဒသံ၊ ဖူးမြင် ကြည်ညိုရပါသတည်း။

(ခ) ပသန္နစိတ္တာ သုမနာ၊ဝေဒဇာတာ ကတဉ္ဇလီ။
သာလမာလံ ဂဟေတွာန၊သယမ္ဘုံ အဘိပူဇယိံ။

(ခ) တဒါ၊ ထိုသို့ ပစ္စေကဗုဒ္ဓါ အရှင်မြတ်ကို၊ဖူးမြင်ရသော အခါ၌၊အဟံ၊အကျွန်ုပ်သည်၊ ပသန္နစိတ္တာ၊သဒ္ဓါစရိုက်ဖြင့်၊ နှစ်နှစ် ချိုက်ချိုက် ကြည်ညိုခဲ့ပေ၏၊ သုမနာ၊ စိတ်ထားမြတ်သဖြင့်၊ အထပ်ထပ် ဝမ်းမြောက်ခဲ့ပေ၏၊ ဝေဒဇာတာ၊ ပီတိအရှိန်ဖြင့်၊ အကြိမ်ကြိမ်နှစ်သက်ခဲ့ပေ၏၊အဟံ၊အကျွန်ုပ်သည်၊သာလမာလံ၊ မွှေးကြူလှသန်း၊ အင်ကြင်းပန်းကို၊ ဂဟေတွာန၊ အခိုင်အခိုင်၊ လက်ဖြင့်ကိုင်လျက်၊ ကတဉ္ဇလီ၊ တင်ချီသော လက်အုပ်ရှိသည် ဖြစ်၍၊သယမ္ဘုံ၊ပစ္စေကဗုဒ္ဓါ အရှင်မြတ်ကို၊ အဘိပူဇယိံ၊ ရိုသေ ကော်ရော်၊ပူဇော်လှူဒါန်းခဲ့ပါသတည်း။

(ဂ) တေန ကမ္မေန သုကတေန စေတနာ ပဏိဓိဟိ စ၊
ဇဟိတွာ မာနုသံဒေဟံ၊ တာဝတိံသမဂစ္ဆဟံ။

(ဂ) သုကတေန၊ကောင်းစွာပြုလုပ်အပ်သော၊ တေနကမ္မေ န စ၊ ထိုအင်ကြင်းပန်း လှူဒါန်းရသော ကုသိုလ်ကြောင့်၎င်း၊ စေတနာပဏိဓိဟိ စ၊စေတနာခိုင်ခိုင်နှင့်၊မယိမ်းမယိုင် ရည်ရွယ်ခဲ့ သောကြောင့်၎င်း၊အဟံ၊ အကျွန်ုပ်သည်၊ မာနုသံဒေဟံ၊ လူ့ချပ်

သွင်နှင့်တူသော ကိန္နရီကိုယ်ဘဝကို၊ ဇဟိတ္တာန၊ စွန့်ပယ်ခွါခဲ့သည်ရှိသော်၊ တာဝတိံသံ၊ တာဝတိန်မည်၊ နတ်တို့ပြည်သို့၊ အဂန္တုံ၊ရောက်သွား စံစားခဲ့ရပါသတည်း။

အင်ကြွင်းပန်း၏ ဂုဟိုလ်အရှိန်ကြောင့်၊ ကိန္နရီဘဝမှစ၍၊ အထက်တန်းကျတဲ့ ဘဝတခွင်မှာ အစဉ်သဖြင့် ကျင်လည်စံစားပြီး ယခု ရှင်တော်မြတ်ဘုရား လက်ထက်တော်သို့ ရောက်တော့ သာဝတ္ထိပြည့်ရှင်၊ ဘုရင် ကောသလမင်းကြီး၏ ပုရောဟိတ်ပုဏ္ဏားအိမ်မှာ ဝင်စား၍လာတယ်။

မွေးဖွါးလာတဲ့အခါ၊ ရုပ်လက္ခဏာ လွန်စွာ ယဉ်ကျေးတဲ့အတွက်ကြောင့်၊ "ဒန္တိကာ"ရယ်လို့ အမည် ပေးကြသတဲ့။ မြန်မာလိုပြန်လျှင် "ယဉ်ရင်"ရယ်လို့ ခေါ်ရမှာပေါ့လေ။ ။ ထိုအမျိုးသွီးကလေးဟာ၊ အမည်သညာနှင့် လိုက်ရောစွာ၊ ရုပ်လက္ခဏာကလဲ ယဉ်ကျေး၊ စိတ်နေ,စိတ်ထားကလဲ များစွာ ယဉ်ကျေးသတဲ့။

သိကြွားတတ်မြောက်၊ အရွယ်သို့ရောက်လာတော့၊ သာသနာတော်မြတ်ကို ကြည်ညိုရန်အတွက်၊ ဘယ်လိုအချက်ပေါ်လာသလဲ လို့ဆိုတော့၊ အနာထပိဏ်သူဌေးကြီး ဆောက်လုပ်တဲ့ ဇေတဝန်ကျောင်းတော်ကြီး ပြီးသဖြင့်၊ ကျောင်းပူဇော်ပွဲကြီးနှင့် ကြုံလာပါရော။ ကျောင်းပူဇော်ပွဲဆိုတာ၊ ကျောင်းရေစက်ချ ပွဲကြီးကို ဆိုလိုတာပါဘဲ။

ဇေတဝန်ကျောင်း ပူဇော်ပွဲကြီးဆိုတာလဲ၊ လွန်စွာကြီးကျယ်ခမ်းနားတယ်။ မင်းစိုးရာဇာပရိသတ်၊ သူဌေး သူကြွယ် ပရိသတ်၊ ကုန်သယ် ပရိသတ်မှစ၍၊ အထပ်ထပ် ပြည့်ကြပ်၍၊ တိုး၍မပေါက်နိုင်အောင် စည်ကားတာပေါ့။ ။လာလာသမျှ ပရိသတ်ထွေဟာ၊ ရှင်တော်ဘုရား၏ ခြေတော်အှားကိုဦးခိုက်ပြီး ရှုးရှူးရှိက်ရှိက် ဖူးလိုက်ကြရတာချည်းပေါ့။

ဒဏ္ဍကာဆိုတဲ့ အမျိုးသ္မီးကလေးဟာ ကျောင်းပူဇော်ပွဲကြီး တွင်ပါဝင်လာသူ ဖြစ်လေတော့၊ အလွန်ကြီးကျယ်တဲ့ အခမ်း အနားတွေကိုမြင်ရတယ်။ သည့်တော့ ဘယ်လိုစဉ်းစားဆင်ခြင် ပါသလဲလို့ဆိုတော့။ဩော်-ရှင်တော်မြတ်ဘုရား၏ ဘုန်းတန်ခိုး တေဇော် အာနုဘော်တွေဟာ လွန်စွာကြီးကျယ်လှပါကလား။

ဘုရင်မင်းမြတ်တို့ဆင်ယင်ကျင်းပတော်မူကြတဲ့ နန်းသိမ်းပွဲ သဘင်၊ ဘိတ်သိက်ခံပွဲသဘင်၊ ဦးကင်ဖွင့်ပွဲသဘင်၊ ဥယျာဉ် တော်ပွဲသဘင်၊ သည်လိုပွဲသဘင်တွေကိုလဲ မြင်ဘူးပါရဲ့။ ယခု ပွဲသဘင်ကြီးလောက် မကြီးကျယ်ပါဘူး။ ။ယခုကျောင်းပွဲ သဘင်ကြီးသို့ လာရောက်ကြတဲ့ ပရိသတ်တွေ ရှိသမျှဟာလဲ၊ ရှင်တော်ဘုရား၏ ခြေတော်ရင်းမှာ ဝပ်စင်းလို့ ဦးခိုက်ကြရ တယ်။ ။ဘုန်းတော်သရဖူ ဆောင်းတော်မူ၍ ပြင်သူ့ဘက် ကင်းဖြစ်တော်မူလို့သာ၊ သည်လိုဦးခိုက်ကြရတာအမှန်ဘဲ။ ။ သို့ကလို မြင့်မြတ်တဲ့ ရှင်တော်ဘုရား၏ ဟောကြားတော်မူတဲ့ တရားတော်များဟာလဲ မုချဧကန် အမှန် မြင့်မြတ်တော်မူပေ လိမ့်မယ်။ ။ရှင် တော် မြတ် ဘုရား တည် ထား တော် မူ တဲ့ သာသနာတော်ဟာလဲ မုချဧကန် အမှန်မြင့်မြတ်ပေတိမ့်မယ်။ ။ လောကီမှာရှိတဲ့ ကြက်သရေမင်္ဂလာတွေဆိုတာ ဘာမျှမပြော စလောက်ပါဘဲကလား။ ။သို့ကလောက် မြင့်မြတ်တော်မူတဲ့ ရှင်တော်မြတ်ဘုရား၏ တရားတော်တွေကိုနာပြီး သာသနာ တော်အရိပ်ကို ခိုလှုံရပါလျှင် ဧကန်မုချ မြင့်မြတ်မှာဘဲ။ ။ အဲ-သို့ကလိုကြံစည်ဆင်ခြင်ပြီး၊ ဘုရားရှင်၏ သာသနာထဲသို့ ဝင်ရန် စိတ်ဘွတ်သွားသတဲ့။

သည့်အခါကစပြီး သရဏဂုံသုံးပါးကို အမြဲဆောက်တည်၍ သိက္ခာပင်း သီလများကို ကြိုးစား အားထုတ်၍ နေတယ်။ ။ ထို့နောက် အဘန်ကလေးကြာတော့ သာသနာ့ဘောင်သို့ ခိုဝင် လိုတဲ့စိတ်များ တနေ့တခြားအားသန်လာတဲ့အတွက် မိဘတို့ထံ

ခွင့်ပန်ပြီး မိထွေးတော် ဂေါတမီ ထေရီမ၏ထံမှာ ဘိက္ခုနီမ ပြုလုပ်၍သွားပါရော။

ဘိက္ခုနီမ ဖြစ်တဲ့အခါ၊ ဝိပဿနာအလုပ်ကို အားထုတ်ပါသော်လဲ ရုတ်တရက် စိတ်ငြိမ်နိုင်ဘဲ ဖြစ်သဖြင့် သမာဓိကို မရဘူးတဲ့။ ။ဘာဝနာအလုပ်ဆိုတာ အလွန်တရာ နူးညံ့သိမ်မွေ့တာကလား။ စမ်းလို့ကြည့်မှ ခက်ခဲမှန်းကိုသိနိုင်တယ်။ သာမန်စိတ်တည်ရုံမျှနှင့် ဖြစ်နိုင်ကဲ့ အလုပ်မျိုးမဟုတ်။ သဒ္ဓါတရားသက်သက်နှင့်လဲ မဖြစ်နိုင်ဘူး၊ ပညာနှင့်သမာဓိ ခိုင်ခိုင်ကြီးရှိမှ ထိထိမိမိ ပေါက်ရောက်နိုင်တာမျိုးကလား။

တနေ့သောအခါ၊ ဒန္တိကာ ထေရီမသည်၊ စိတ်ငြိမ်ခွင့် သမာဓိကို မရတဲ့အတွက် စိတ်ကိုမွေ့မြူရန် ဂိဇ္ဈကုဋ်တောင်ကြီးပေါ်သို့ တကိုယ်တည်း တက်သွားသတဲ့။ သို့တောင်ထိပ်ပေါ်သို့ရောက်တော့ အရပ်လေးမျက်နှာ ရှုမျှော်လိုက်တဲ့အခါ၊ ဝိပဿနာအာရုံပေါ်စေတဲ့ နိမိတ်ဖြင့်၊ ဆင်ဆရာတယောက်ကို မြင်သတဲ့။ မယဉ်ကျေးတဲ့ဆင်များကို ယဉ်ကျေးအောင်ပေးမတဲ့သူကို ဆင်ဆရာရယ်လို့ ခေါ်ရတယ်။

ထိုဆင်ဆရာက ချွန်းတခုကိုလက်ကကိုင်ပြီး မယဉ်ကျေးသေးတဲ့ဆင်ကို ခြေကိုမြှောက်လိုက်၊ ခြေကိုချလိုက်၊ ရှေ့တိုးခဲ့၊ နောက်ဆုတ်လိုက် ဝပ်လိုက်၊ရပ်လိုက် နှာမောင်းထောင်လိုက်၊ ဆဲ-သို့ကလို တတ်သိလိမ်မာအောင် အမူအရာ အမျိုးမျိုးဖြင့် သင်ပြနေသတဲ့။ ။ဆင်ကလဲ ချွန်းကိုကြောက်လန့်တဲ့ အတွက် ဆင်ဆရာ၏ စကားကို မလွန်ဆန်ဝံ့ဘဲ ဆင်ဆရာ ပြောဆို၍ အမိန့်ပေးတဲ့အတိုင်း လိုက်နာပြုလုပ်၍နေတယ်။

ဆင်ဆရာ သင်ပြပုံနှင့် ဆင် လိုက်နာပုံတွေကို မြင်တော့၊ ဒန္တိကာဘိက္ခုနီမက ဘယ်လိုဆင်ခြင်မိသလဲဆိုတော့။ "ခြောင်ရိုင်းတဲ့ဆင်များဟာ လိမ်မာအောင်သင်ပေးလျှင် ယဉ်ကျေးခြင်းသို့ရောက်ပါကလား။ ။အင်း-ငါ့၏သန္တာန်မှာရှိတဲ့ စိတ်များဟာလဲ ယခုအခါမှာဖြင့် မယဉ်ကျေးသေးတဲ့ ဆင်ရိုင်းလို

ဖြစ်ပါကလား၊ အသင်အပြကောင်းလျှင် မယဉ်ကျေးတဲ့ဆင်ရိုင်း တိရစ္ဆာန်များတောင်မှ ယဉ်ကျေးသေးတာဘဲ၊ ငါ့စိတ်ဟာ ဘာကြောင့် မယဉ်ကျေးဘဲနေရမှာလဲ၊ ၊ဝန်ဆင်းရဲ၏အပြစ် တွေကိုမြင်၍ အာတာပီ ပဟိတတ္တ တည်းဟူသော ချွန်းဖြင့်၊ ငါ၏ စိတ်များကို ယဉ်ကျေးအောင်ဆုံးမမယ်”အဲ-သို့ကလိုဆင်ခြင်ပြီး တောအုပ်တခုသို့ဝင်၍ ဝိပဿနာကမ္မဋ္ဌာန်းကို စီးဖြန်းအားထုတ် လိုက်ရာ မျှားမကြာမီအတွင်း ကိလေသာကုန်ခန်း၍ ရဟန္တာမ အဖြစ်သို့ ရောက်လေသတည်း။

ဆင်ဆရာ၏ ဆုံးမချက်ကြောင့် ဆင်ရိုင်း၏ ယဉ်ကျေးပုံကို မြင်သဖြင့် တရားအချက်ယူဆပုံမှာ လွန်စွာ အတုခိုးဘို့ကောင်း ပါပေသည်။ ၊ရဟန္တာမအဖြစ်သို့ ရောက်ပြီးသော အခါ မိမိ အဖြစ် အပျက် များ ကို ဖွင့်ကြား ထုတ် ဘော် သော အား ဖြင့် ဘော်ပြလတ့်ဖြစ်သောထေရီဂါထာသုံးပုဒ်ကိုနှုတ်ဖွင့်ကျူးရင့် တော်မူလေသတည်း။

(၁) ဒိဝါဝိဟာရာ နိက္ခမ္မ၊ ဂိဇ္ဈကူဋမှိ ပဗ္ဗတေ၊
နာဂံ ဩဂါဟ မုတ္တိဏ္ဏံ၊ နဒီတီရမှိ အဒ္ဒသံ၊

(၁) အဟံ၊ အကျွန်ုပ်သည်၊ ဂိဇ္ဈကူဋမှိပဗ္ဗတေ၊ ဂိဇ္ဈကုဋ် တောင်ကြီးပေါ်၌၊ ဒိဝါဝိဟာရာ-ဒိဝါဝိဟာရာရယ၊ နေ့အတွက်မှာ အေးမြချမ်းသာစွာ နေခြင်း၌၊ နိက္ခမ္မ၊ ကျောင်းကထွက်ခဲ့၍၊ နိသိဒိံ၊ နေထိုင်ခဲ့ပါသတည်း၊ တဒါ၊ ထိုသို့ဂိဇ္ဈကုဋ်တောင်ကြီး ပေါ်၌နေလတ်သော်၊ နဒီတီရမှိ၊ တခုသောမြစ်ကမ်း၌၊ ဩဂါဟ မုတ္တိဏ္ဏံ၊ ဆင်းချည့်, တက်ချည့်, လှေ့ကျင့်၍ နေသော၊ နာဂံ၊ ဆင်တကောင်ကို၊ အဒ္ဒသံ၊ တွေ့မြင်ရပါသတည်း၊

(၂) ပုရိသော အင်္ကုသမာဒါယ၊ ဒေဟိ ပါဒန္တိ ယာစတိ၊
နာဂေါ ပသာရယီပါဒံ၊ ပုရိသော နာဂမာရုဟိ၊

(၂) ပုရိသော၊ ယဉ်ကျေးအောင် သင်ပေးသော ဆင်ဆရာ ယောက်ျားသည်၊ အင်္ကုသံ၊ ချွန်းကို၊ အာဒါယ၊ ကိုင်ဆောင်၍၊

ပါဒ်။ ခြေတဘက်ကို၊ ဒေဟိ၊ ပေးလော့၊ ဣတိ၊ ဤသို့၊ ယာစတိ၊ ယာဉ့်စေကြောင်းဖြင့် တောင်းလေ၏၊ နာဂေါ။ ဆင်ကြီးသည်။ ပါဒံ၊ ခြေ တ ဘက် ကို။ ပသာရယိ၊ ဆန့် တန်း၍ ပေးလေ၏၊ ပုရိသော၊ ဆင်ဆရာ ယောက်ျားသည်၊ နာဂံ၊ ဆင် ကြီး ကို၊ အာရုဟိ။ တက်စီးလေ၏။

(၃) ဒိသွာ အဒန္တံ ဒမိတံ၊ မနုဿာနံ ဝသံဂတံ၊
တတော စိတ္တံ သမာဓေမိ၊ ခလုတာယ ဝနံဂတာ။

(၃) အဟံ၊ အကျွန်ုပ်သည်၊ အဒန္တံ၊ လက် ဦး မ ဆွ တွင်၊ မယဉ်ကျေးသည့် မုန်ပါလျက်၊ ဒမိတံ၊ သွန်သင်၍ ပေးသဖြင့်။ ယဉ် ကျေး ခြင်း သို့ ရောက် လေ သော၊ မနုဿာနံ၊ လူတို့၏၊ ဝသံဂတံ၊ အလိုသို့လိုက်ပါသော၊ ဝါ-လူတို့ပြောဆိုသောအတိုင်း လိုက်နာ၍နေသော၊ နာဂံ၊ ဆင်ကြီးကို၊ ဒိသွာ၊ မြင်ရလေသည် ရှိသော်၊ တတော၊ ထိုဆင်ကို ဆုံးမသော နည်းအားဖြင့်၊ စိတ္တံ၊ မိမိစိတ်ကို၊ သမာဓေမိ၊ ကျောက်မကျိုင်ကဲ့သို့။ ခန့်ခိုင်ပေ၏၊ တာယ၊ ထိုဆင် နိမိတ်ဖြင့်၊ ခလု၊ စင်စစ်မကြာ၊ လျှင်မြန်စွာ၊ ဝနံ၊ ဆိတ် ငြိမ် သော တော အုပ် သို့၊ ဂတာ၊ တရားအချုပ်ကို၊ အားထုတ်ရန်စိတ်ထားဖြင့်။ ဝင်သွားခဲ့ပေသတည်း။

အဲ-သို့ကာလ၊ မိမိအဖြစ်အပျက်များကို၊ ထေရီဂါထာတို့ဖြင့်၊ ထင်ရှားစွာဘော်ပြ၍၊ ဥဒါန်းကျူးပြီးသောနောက်၊ ရဟန္တာမ အဖြစ်သို့ရောက်ပြီးသော်၊ ဝမ်းမြောက်လှစွာ ရောက်လာသော အမျိုးသမီးတို့အား၊ တရားဒေသနာ၊ အပဒါန်ဂါထာကို၊ ဤသို့ မြွက်ဆိုတော်မူပြန်လေသတည်း။

(၄) ကုသလံ ဝိဇ္ဇတေ မယှံ၊ ပဗ္ဗဇိံ အနဂါရိယံ၊
ပူဇာရဟာ အဟံအဇ္ဇ၊ သကျပုတ္တဿ သာသနေ။

(၄) ဘောတိယော၊ အို-အမျိုးသမီးအပေါင်းတို့၊ အတီတေ၊ ရှေးကိန္နရာမ ဖြစ်စဉ်အခါ၌၊ မယှံ၊ အကျွန်ုပ်အား၊ ကုသလံ၊ အင်ကြင်းပန်း လှူဒါန်းခဲ့ရသော ကုသိုလ်ထူးသည်၊ ဝိဇ္ဇတေ၊

အားကိုးစဘွယ်ရှိခဲ့ပေသတည်း။ ဣဒါနိ။ ယခုအခါ၌။ အနဂါရိယံ။ အိမ်ရာ မထောင်သော ရဟန်းဘောင်၌။ ပဗ္ဗဇိံ ။ ဘိက္ခုနီမတို့၏ ထုံးတမ်းဖြင့်၊ ရဟန်းပြုခဲ့ပေသတည်း။ အယံ၊ အကျွန်ုပ်သည်။ အဇ္ဇ၊ ယခုမှုကား။ သက္ယပုတ္တဿ။ သာကီနွယ်ဘွား၊ ဂေါတမ မှင်တော်မြတ်ဘုရား၏။ သာသနေ။ သာသနာတော် မြတ်ကြီး အတွင်း၌။ ပူဇာရဟာ။ လူနတ်ကိုးဦးခိုက်၍ ပူဇော်ထိုက်သော ရဟန္တာမကြီးတဦးပေတည်း။

ဒန္တိကာထေရီဝတ္ထု ပြီး၏။

မှတ်ချက်။ ။ဤဝတ္ထု၌ နည်းခိုးဘွယ်အချက်မှာ၊ ပန်းလှူခြင်း၊ဆင်ကို ယဉ်ကျေးအောင် သင်ပေးသည်ကို အားကျခြင်း။ ဤအချက်များဖြစ်ပေသည်။ ။က-ခ-စသော အက္ခရာတို့ဖြင့်၊ မှတ်အပ်သော ဂါထာများကို၊ ထေရီအပဒါန်ဂါထာ၊ ၁-၂ စသော ဂဏန်းတို့ဖြင့်၊ မှတ်အပ်သော ဂါထာများကို၊ ထေရီဂါထာဟူ၍ မှတ်ယူတော်မူကြပါကုန်။

---

## တိကနိပါတ်

## ဥဗ္ဗိရီထေရီဝတ္ထု

ရှေးလွန်လေပြီးသော ကမ္ဘာတသိန်းအခါ၊ ကျွတ်တမ်းကို ရှာနေတဲ့၊အမျိုးသမီးကလေးတယောက်ဟာ၊ပဒုမုတ္တရ ဘုရားရှင် လက်ထက်တော်သို့ရောက်တော့၊ဟံသာဝတီ နေပြည်တော်ကြီးမှာ၊ပန်းသယ် အမျိုးသမီးကလေး ဖြစ်လာတယ်။ အရေးရာတွင်၊ လိမ္မာယဉ်ကျေးခြင်းနှင့်လဲ ပြည့်စုံသတဲ့။

တနေ့သောအခါ၊ဟံသာဝတီ နေပြည်တော်ကြီးမှာ၊မင်္ဂလာပွဲသဘင် အခမ်းအနားများကို ကျင်းပလေရာ၊ မိဘများက ပွဲသို့လိုက်မလားလို့ မေးသတဲ့။ ။သမီးကလေးက၊''ပွဲလမ်းသဘင်ပျော်ရွှင်မြူးတူးခြင်းဆိုတာ၊လွန်စွာ စိတ်ချောက်ခြား၍၊သမာဓိ

များ၊ ပျက်လေ့ရှိပါတယ်။ကျွန်မဖြင့် ပွဲသဘင်ကို ပျော်ရွှင်လိုတဲ့ စိတ် မရှိဘူး''လို့ ပြန်ပြောသတဲ့။ သဘောထားပုံ အတော်ကြီး ပေသပေါ့။ ။သည့်လိုပြောတော့၊ မိဘများက သွီးငယ်လေးကို အိမ်မှာထားပြီး၊ပွဲသို့ထွက်သွားကြတယ်။အိမ်မှာ တယောက်ထဲ ကျန်နေရစ်ရှာတာပေါ့လေ။

အိမ်မှာ တယောက်ထဲကျန်နေရစ်တဲ့အခါ၊ ငါထင်ရာ ပြုနေတော့မယ် ဆိုတဲ့စိတ်မျိုးကို မထားဘဲ၊ ရဟန္တာသုံးပါးအာရုံနှင့် စိတ်ကိုပွါးထုံပြီး၊ သူတော်ကောင်း၊ ဂုဏ်နှင့် ပြည့်စုံစွာနေထိုင်သတဲ့၊ ။သည့်အခိုက်အခါမှာ ကံအားလျော်စွာ၊ ကုသိုလ်တရား အထူးဖြစ်ပွါးတိုကြီုသဖြင့် ရဟန္တာ အ ရှင် မြတ် တ ပါး သည်၊ မွန်းတဲ့လူနီနီး၊ နေပူကြီးအချိန်မှာ သ ပိတ် ကို ပိုက် ပြီး၊ ဆွမ်း အလို့ငှါ ကြွလာတော်မူတယ်။

မြို့လယ်ခရီးလမ်းမှာ၊ ဆွမ်းခံကြွမြန်းတဲ့ ရဟန္တာကိုယ်တော် မြတ်ကြီးကိုမြင်တော့၊ ဩော်-အလွန်ပူတဲ့အချိန်ကြီးမှာ၊ ငြိုငြင် ပင်ပန်းစွာ ဆွမ်းခံကြွတော်မူပါကလား၊ အိမ်ပေါ်သို့ ပင့်မှ တော်မယ်။ဆဲ-သည့်လိုဆင်ခြင်ပြီး အလွန်တရာ၊သဒ္ဓါတက်ကြွ၊ ကြည်ညိုလှသဖြင့်၊ အိမ်ပေါ်ကဆင်း၍ ''သနားသဖြင့် တပည့် တော်မအိမ်သို့ ကြွတော်မူပါ။ဆွမ်းလှူပါရစေဘုရား''ဆဲ-သို့က လို လျှောက်ထားတော့၊ရဟန္တာအရှင်မြတ်ကြီးကလဲ၊ သည်းခံ တော်မူပြီး၊ပင့်လျှောက်တဲ့အတိုင်း၊ အိမ်ပေါ်သို့ တက်ကြွတော် မူတယ်။

အိမ်ပေါ်သို့ရောက်တော့ ကောင်းမွန်သစ်လွင်တဲ့ အခင်းများ ကို ရိုသေစွာ ခင်း၍ပေးတယ်။ ခင်းထားအပ်တဲ့ အခင်းပေါ်မှာ၊ ရဟန္တာအရှင်မြတ်ကြီး စံနေတော်မူတော်၊အမျိုးသွီးကလေးက သပိတ်တော်ကိုယူပြီး၊မိမိစားရန်ဖြစ်တဲ့ ခဲဘွယ်ဘောဇဉ်များကို မိမိမစားဘဲ၊သပိတ်တော်ထဲသို့ အကုန်သောင်းလိုက်တယ်။ ။ သဒိတ် ပြည့်အောင်လောင်းပြီးတော့၊ ရိုသေ လေး မြတ် စွာ ရဟန္တာအရှင်မြတ်၏ လက်တော်သို့ကပ်ပြီး၊ရှိခိုး၍နေတယ်။ ။

ထိုအခါ၊ ရဟန္တာ့အရှင်မြတ်က၊ အမျိုးသမီးကလေးအား၊ သဒ္ဓါ တရား ပွါးစေရန်၊ ဆွမ်းအနုမောဒနာတရားကို ဟောကြား၍၊ ကြွသွားတော်မူတယ်။

အမျိုးသမီးကလေးမှာလဲ မိဘများက မိမိစားရန် အတွက် သီးသန့်၍ထားခဲ့တဲ့ ဘောဇဉ်များကိုမစားဘဲ လှူဒါန်းလိုက်ရတဲ့ အတွက် နှစ်သက်ဝမ်းသာခြင်းဖြစ်ပြီး၊ ပီတိအရှိန် အလွန်မြင့်လှ သဖြင့် ထမင်းဆာတဲ့ အချိန်မှာပင် ထမင်းမဆာဘဲ နှစ်သိမ့် ဝမ်းမြောက်လို့နေသတဲ့၊ ပီတိဇရသာဆိုတာ အာဟာရသိဒ္ဓိကို ပြီးစေနိုင်တယ်လို့ မှတ်ကြရမယ်။

သို့ကလို လှူဒါန်းလိုက်ရတဲ့ ဆွမ်းဒါနဟာ၊ စိတ်ထဲမှာစွဲပြီး တသက်လုံး မြဲသွားသတဲ့။ ။အဲသည်ကဲ့သို့ မွန်မွန်မြတ်မြတ် မှတ်မှတ်သားသား သဒ္ဓါတရားထက်မြက်စွာနှင့် လှူဒါန်းလိုက် ရတာ ဆွမ်းဒါန အထူးကြောင့်၊ ထိုဘဝမှ စုတေတဲ့အခါ တာဝတိံသာ နတ်ပြည်သို့ ရောက်သွားတယ်။ ယူဇနာ ခြောက်ဆယ်ကျယ်တဲ့ ဗိမာန်ကြီးအတွင်း အခြင်းအမျိုးမျိုး၊ ပလ္လင်ညောင်စောင်းအမျိုးမျိုးနှင့် တန်ခိုးကြီးစွာခံစားရသတဲ့၊

{ဤဝတ္ထုနှင့်စပ်၍ ထေရီအပဒါန်ပါဠိတော်ကြီးမှထုတ်နှုတ် ဘော်ပြချက်။}

(က) နဂရေ ဟံသာဝတိယာ၊ အဟောသိံ မာလိကာတဒါ၊ မာတာစမေပိတာစာပိ၊ ကမ္မန္တံ အဂမံသု တေ။

(က) တဒါ၊ ထိုရှေးလွန်လေပြီးသော ကမ္ဘာ့တသိန်းအခါ၌၊ အဟံ၊ အကျွန်ုပ်သည်၊ ဟံသာဝတိယာ၊ ဟံသာဝတီနေပြည်တော် ကြီး၌၊ မာလိကာ၊ ပန်းသယ်အမျိုးသမီးကလေးသည်၊ အဟောသိံ၊ ဖြစ်ခဲ့ရဘူးပါသတည်း။ မေ၊ အကျွန်ုပ်၏၊ မာတာစ၊ မိခင်သည် ၎င်း၊ ပိတာစာပိ၊ ဘခင်သည် ၎င်း၊ တေ၊ ထိုမိဘနှစ်ပါးတို့သည်၊ ကမ္မန္တံ၊ ဆိုင်ရာအလုပ်ခွင်သို့၊ အဂမံသု၊ ထွက်သွားကြလေကုန် သတည်း။

(ခ) မဇ္ဈန္တိကမှိ သူရိယေ၊ အဒ္ဒသံ သမဏံ အဟံ။
ဝိထိယာ အနုဂစ္ဆန္တံ၊ အာသနံ ပညပေသဟံ။

(ခ) သူရိယေ။ ရှင်နေမင်းသည်၊ မဇ္ဈန္တိကမှိ၊ မွန်းတည့်ချိန် အနီးသို့ ရောက်လတ်သည်ရှိသော်။ ဝိထိယာ၊ အလွန်ပူသော လမ်းခရီး၌၊ အနုဂစ္ဆန္တံ၊ အစဉ်အတိုင်းလှမ်း၍၊ ဆွမ်းခံကြွမြန်း တော်မူသော။ သမဏံ၊ ရဟန္တာအရှင်မြတ်ကြီးတပါးကို၊ အဟံ၊ အကျွန်ုပ်သည်၊ အဒ္ဒသံ၊ ဖူးမြင်ရပါသတည်း။ တဒါ၊ ထိုအခါ၌၊ အာသနံ၊ ကောင်းမွန်မြင့်မြတ်သော နေရာကောင်းကို၊ အဟံ၊ အကျွန်ုပ်သည်၊ ပညပေသိံ၊ ခင်း၍လှူဒါန်းပါသတည်း။

(ဂ) သန္တတ္တာ ကုထိတာ ဘူမိ၊ သူရော မဇ္ဈန္တိကေ ဌိတော။
မာလုတာ စ န ဝါယန္တိ၊ ကာလော စေဝေတ္ထ ဧဟိတိ။

(ဂ) ဘန္တေ၊ အရှင်ဘုရား၊ ဘူမိ၊ မြေပြင်သည်၊ ကုထိတာ၊ ကြိုက်ကြိုက်ဆူမျှ၊ သန္တတ္တာ၊ လွန်စွာပူပြင်းလှပါ၏။ သူရော၊ နေမင်းသည်၊ မဇ္ဈန္တိကေ၊ မွန်းတည့်ချိန်အနီးကလေး၌၊ ဌိတော၊ တည်၍နေပါပြီ၊ မာလုတာစ၊ လေပြေလေညှင်းတို့သည်လည်း၊ န ဝါယန္တိ၊ မလာကြကုန်။ (ဝါ- မတိုက်ကြကုန်) ဧတ္ထ၊ ဤလောလောပူသော လမ်းခရီး၌ ပင်လျှင်။ ကာလောစ၊ နေ့ဆွမ်းစားချိန်သည်လည်း၊ ဧဟိတိ၊ ဆိုက်ရောက်ပါတော့ လတံ့။

(ဃ) ပညတ္တံ မာသနမိဒံ၊ တုယှတ္ထာယ မဟာမုနိ။
အနုကမ္ပ ဥပါဒိယ၊ နိသီဒ မမ အာသနေ။

(ဃ) မဟာမုနိ၊ ရဟန္တာအရှင်မြတ်ကြီးဘုရား။ ဣဒံ အာသနံ၊ ဤထူးမြတ်သောနေရာကို။ တုယှတ္ထာယ၊ အရှင်ဘုရား၏အလို့ငှါ၊ ပညတ္တံ၊ အသင့်ခင်း၍ ထားအပ်ပါပြီ။ အနုကမ္ပံ၊ တပည့်တော်မ အား၊ သနားတော်မူသည်ကို၊ ဥပါဒိယ၊ အကြောင်းပြု၍၊ မမ

အာသနေ၊ တပည့်တော်မ ခင်းထားအပ်သော နေရာထက်၌။ နိသိဒ။ ကြည်လင်ရွှင်ပြုံး၊ သိတင်းသုံး နေတော်မူပါဘုရား။

{ဤဂါထာ ၂-ပုဒ်ကား ရဟန္တာ အရှင်မြတ်ကို ချီးကျူး ထားသော ဂါထာဖြစ်သည်။}

(င) နိသိဒိ တတ္ထသမဏော။ သုဒန္တော သုဒ္ဓမာနသော။
တဿပတ္တံ ဂဟေတွာန။ ယထာရန္ဓံ အဒါသဟံ။

(င) သုဒန္တော၊ ကောင်းစွာယဉ်ကျေးတော်မူပြီးထသော။ သုဒ္ဓမာနသော၊ ကိလေသာမှုကင်းသဖြင့်၊ သန့်ရှင်းစင်ကြယ် သော စိတ်နှလုံး ရှိတော်မူပေထသော။ သမဏော၊ ရဟန္တာ အရှင်မြတ်ကြီးသည်။ တတ္ထ။ ထိုခင်းထားအပ်သော နေရာတော် မြတ်၌။ နိသိဒိ။ ချမ်းသာရွှင်ပြုံး သိတင်းသုံး ထိုင်နေတော်မူပေ သတည်း။ တဒါ။ ထိုအခါ၌။ အဟံ။ အကျွန်ုပ်သည်။ တဿ။ ထိုရဟန္တာအရှင်မြတ်ကြီး၏။ ပတ္တံ။ သပိတ်တော်ကို။ ဂဟေ တွာန။ ယူ၍။ ယထာရန္ဓံ။ ကျွန်ုပ်စားဖို့အတွက်၊ အရံသင့် ချက် ပြုတ်ထားအပ်ပြီးသော ဘောဇဉ်ကို။ အဒါသိံ။ လှူဒါန်းဆက်ကပ် လိုက်ပါသတည်း။

ပြဆိုပြီးခဲ့တဲ့အတိုင်း၊ တာဝတိံသာနတ်ပြည်မှာ ကြီးကျယ် ခမ်းနားစွာ စံစားရပြီးနောက်၊ အောက်တန်းကျတဲ့ ဘဝမျိုးသို့ မရောက်ဘဲ၊ ဂေါတမ ရှင်တော်ဘုရား၏ လက်ထက်တော်သို့ တိုင်အောင် ကြီးကြယ် မြင့်မြတ်တဲ့ လူ့စည်းစိမ်တို့ကိုသာ ကြိမ်ဘန်များစွာ ခံစားစံစားရသတဲ့။ ဟန္တာတသိန်းအတွင်းမှာ နတ်မိဖုယားကြီးအကြိမ်ပေါင်းရှစ်ဆယ်၊ စကြဝတေးမိဖုယား ကြီး အကြိမ်ပေါင်း ခုနစ်ဆယ်တိုင်တိုင် ဖြစ်ခဲ့ရတယ်။

ထူးမြတ်တဲ့အခင်းကို လှူဒါန်းခဲ့ရဘဲ့ အတွက်ကြောင့်၊ ဘဝ တိုင်းမှာ စည်းစိမ်ချမ်းသာအားဖြင့် ယုတ်လျော့ခြင်း မရှိဘဲ၊ ထူးကဲမြင့်မြတ်ဘဲ့ စည်းစိမ် ချမ်းသာတို့ကိုသာ အစဉ်တစိုက် ရရှိပိုင်ဆိုင်၍ လာတယ်။ နေပူကြီးထဲမှာ ကြွတော်မူ လာဘဲ့

အရှင်မြတ်ကို၊ အိမ်ပေါ်သို့ပင့်ပြီး အေးမြတဲ့ နေရာတွင် ကောင်းစွာခင်းအပ်တဲ့ အခင်းဒါနကို လှူဒါန်းရတဲ့ အထွက်ကြောင့်၊ ဖြစ်လေရာဘဝမှာ ဒေါမနဿဆိုတဲ့ နှလုံးမသာယာခြင်း၊ စိတ်ပူပန်ခြင်းမဖြစ်ပေါ်ဘဲ အမြဲမပြတ် စိတ်ဓာတ်အေးမြလို့သာနေတယ်။ အခင်းမလှတဲ့ဘဝကိုလဲ ဘယ်အခါမှာမှ မရစဘူး-ဘူးတဲ့။

(စ) ဘဝါဘဝေ သံသရန္တိ။ မဟာဘောဂံ လဘာမဟံ။
ဘောဂေမေ ဦနတာနတ္ထိ။ ဧကာသနဖလံ ဣဒံ။

(စ) အဟံ။ အကျွန်ုပ်သည်။ ဘဝါဘဝေ၊ ဘဝကြီးငယ်၊ အသွယ်သွယ်၌။ သံသရန္တိ။ ကျင်လည်ခဲ့ရသည်ရှိသော်။ မဟာဘောဂံ။ ပိုလျှံများပြားသော စည်းစိမ် အထူး အမြတ်များကို။ လဘာမိ။ ရရှိပိုင်ဆိုင်ခဲ့ပါသတည်း။ မေ။ အကျွန်ုပ်အား။ ဘောဂေ။ စည်းစိမ်ချမ်းသာခံစားရာ၌။ ဦနတာ။ ယုတ်လျော့နည်းပါးခြင်းသည်။ နတ္ထိ။ မရှိစဘူးချေ။ ဣဒံ။ ဤသို့ စည်းစိမ်ဂုဏ်နှင့် ပြည့်စုံရခြင်းသည်။ ဧကာသနဖလံ။ အခင်းတခုကို လှူဒါန်းခဲ့ရသော ကုသိုလ်၏အကျိုးပင်တည်း။

(ဆ) ဒေါမနဿံ နဇာနာမိ။ စိတ္တသန္တာပနံ မမ။
ဝေဝဏ္ဏိယံ နဇာနာမိ၊ ဧကာသနဖလံ ဣဒံ။

(ဆ) အဟံ။ အကျွန်ုပ်သည်။ ဒေါမနဿံ။ စိတ်နှလုံးမသာယာခြင်း ဟူသမျှကို။ နဇာနာမိ။ မသိစဘူးပါ။ မမ။ အကျွန်ုပ်အား။ စိတ္တသန္တာပံ။ စိတ်နှလုံးပူပန်ခြင်းသည်လည်း။ နတ္ထိ။ မရှိခဲ့ဘူးပါ။ ဘဝါဘဝေ၊ ဖြစ်လေသမျှ ဘဝကြီးငယ် အသွယ်သွယ်၌။ ဝေဝဏ္ဏိယံ။ အရုပ်အဆင်း ဆိုးဝါးခြင်းကိုလည်း။ နဇာနာမိ။ မသိခဲ့စဘူးပါ။ ဣဒံ။ ဤကဲ့သို့ဖြစ်ရခြင်းသည်။ ဧကာသနဖလံ။ အခင်းတခုကို လှူဒါန်းခဲ့ရသော ကုသိုလ်၏အကျိုးပင်တည်း။

(အမျက်ဒေါသမဖြစ်ဘူး၊ စိတ်နှလုံးမပူဘူး၊ အဆင်းမလှမပ

မဖြစ်ရခဲ့ဘူး။ သည်အကျိုးသုံးပါးစုံလျှင် လူ့ဘုံမှာ အချမ်းသာ အကြီးဆုံးပေပေါ့။)

(၈) ဓာတိယောဓံ ဥပဋ္ဌန္တိ၊ ခုဇ္ဇာစေလာပိကာ ဗဟူ။
အကော်နအက်ဂံ ဂန္ဓာဓိ။ ကောသနုဖလံ ဇာနံ။

(၈) ဘာဝါဘဝေသူ။ ဖြစ်လေရာရာ၊ သံသရာ ဘုံဘဝတို့၌။ ဗဟူ။ များလှစွာကုန်သော။ ဓာတိယော။ အထိန်းအချီတို့သည်။ မံ။ အကျွန်ုပ်ကို။ ဥပဋ္ဌန္တိ။ နေ့ရောညပါ၊ ယုယကာလျှင်၊ ကြည့်သာအောင် ခံစားဖြေဖျော်ကြကုန်၏။ ခုဇ္ဇာစ။ အလိုရှိသောအခါ စီးရန်ဖြစ်သော ခါးကုန်း ကျွန်မတို့သည်ငင်း။ ဧလာပိကာစ။ ယောင်္ကျင်နှင့်ဒါန်း၊ ကြိုးတန်းကိုင်ကာ။ လွဲကြရှာကုန်သော ကျွန်မတို့သည်ငင်း။ မံ။ အကျွန်ုပ်ကို။ ဥပဋ္ဌန္တိ။ ခံစားဖြေဖျော်ကြကုန်၏။ အဟံ။ အကျွန်ုပ်သည်။ အကော်နအက်ဂံ။ ရင်ခွင်တခုမှ ရင်ခွင်တခုသို့။ ဝါ။ ရင်ခွင် အဆင့်ဆင့်။ ဂန္ဓာဓိ။ ကူးကာပြောင်းကာ မွေ့လျော်ရပါသတည်း။ ဇာနံ။ ဤကဲ့သို့သော စည်းစိမ်များသည်။ ကောသနုဖလံ။ အခင်းတခုကို လှူဒါန်းခဲ့ရသော ကုသိုလ်၏ အကျိုးပင်တည်း။

(၉) အညာနှာပေန္တိ ဘောဇေန္တိ၊ အညာရမေန္တိ မံ သဒါ။
အညာဂန္ဓ ဝိလေပေန္တိ၊ ကောသနုဖလံ ဇာနံ။

(၉) အညာ။ အချို့သော အထိန်းမတို့သည်။ မံ။ အကျွန်ုပ်ကို။ နှာပေန္တိ။ နံ့သာရေ အမျိုးမျိုးတို့ဖြင့် ရေချိုး၍ ပေးကြကုန်၏။ အညာ။ အချို့အထိန်းမတို့သည်။ ဘောဇေန္တိ။ မြိန်ရှိုးရာရာ၊ အစာကျွေးမွေးကြကုန်၏။ အညာ။ အချို့သောအထိန်းမတို့သည်။ သဒါ။ အခါခပ်သိမ်း။ ရမေန္တိ။ သိကာဆိုကာတီးမှုတ်ကာလျှင်၊ ပျော်ရာပျော်ကြောင်း၊ နည်းအပေါင်းဖြင့်၊ ကောင်းစွာ ဖြေဖျော်ကြကုန်၏။ အညာ။ အချို့သောအထိန်းမတို့သည်။ ဂန္ဓံ။ မွှေးမျိုးနံ့သာ၊ အဖြာဖြာကို။ ဝိလေပန္တိ။ တင့်တင့်တယ်တယ်၊ ချယ်ချယ်လယ်လယ်

ထိမ်းကျ၍ ပေးကြကုန်၏။ဋ္ဌကန်း။ဤကဲ့သို့သောစည်းစိမ်များသည်၊ ကောသနဖလံ။ အခင်းတခုကို လှူဒါန်းခဲ့ရသော ကုသိုလ်၏ အကျိုးပင်တည်း။

(ည) သတ သဟာသိတော ကပ္ပေ။ယံဒါနံ မဒဒိံ တဒါ၊ ဒုဂ္ဂတိံ နာဘိဇာနာမိ၊ကောသနဖလံ ဋ္ဌကန်း။

(ည) ဋ္ဌတော။ ဤဘဒ္ဒကမ္ဘာမှ၊ တဒါ သတသဟာဿေ ကပ္ပေ။ထိုကမ္ဘာတသိန်းထက်၌။ ယံဒါနံ၊ အကြင်အခင်းအလှူကို။ အဒဒိံ၊ သဒ္ဓါဖွေးဖြူ၊ ပေးလှူခဲ့ရလေပြီ၊ ဒုဂ္ဂတိံ၊ အဆင်းရဲ ကြီးကျယ်သော၊အပါယ်လေးပါးကို၊ နာဘိဇာနာမိ၊ မရောက် အောင်၊မသိရိုးမှန်ပါ၏၊ဋ္ဌကန်း၊ဤသို့အပါယ်လေးပါး မလား မကပ် ခြင်းသည်၊ ကောသနဖလံ၊ အခင်းတခုကို လှူဒါန်းခဲ့ရသော ကုသိုလ်၏အကျိုးပင်တည်း။

ကိုယ့်အဖြစ်များကို ကိုယ်တိုင်ဟောကြားတဲ့ ထေရီအပဒါန် ဂါထာတွေကို ကြားရတော့၊ သဒ္ဓါတရား များစွာဖြစ်ဘို့ကောင်း ပါပေတယ်၊အခင်းအလှူဆိုတာ လွန်စွာ အကျိုးပေး ကြီးကျယ် ပါကလား။

ဆဲ-ပြဆိုခဲ့ပြီးသောအတိုင်း အမျိုးကောင်းသို့ကလေးသည်၊ ကမ္ဘာတသိန်းအတွင်းမှာ၊ အချမ်းသာကြီး ချမ်း သာ လျက်၊ အပါယ်လေးပါးသို့ မလားမကပ်ဘဲ၊ လူ့ရွာ နတ်ပြည်၌သာ၊ ကျင်လည်ခံစား ပျော်ချင် တိုင်း ပျော် ပါး ခဲ့ ပြီး တော့၊ ယခု ရှင်တော်ဂေါတမ ဘုရား လက်ထက်တော်အခါ၊ သာဝတ္ထိ မြို့တော်ကြီးဝယ်၊ ဂဟပတိ မ ဟာ သာ လ ရယ် လို့ ခေါ်ရတဲ့ သူဌေးကြီးရဲ့သို့ ဖြစ်လာတယ်၊ ဂဟပတိမဟာသာလဆိုတာ၊ သာမည သူဌေးမျိုးမဟုတ်ဘူး၊ ကုဋေ့ကုဋာ များစွာကြွယ်ဝတဲ့ သူဌေးကြီးဖြစ်ပေတယ်။

ဘုန်းကံပါရမီ စုံညီပြည့်ဖြိုးစွာ၊ အကျိုးပေးလာတဲ့အတွက်၊ ရုပ်ဆင်းအင်္ဂါလက္ခဏာမှစ၍၊ လွန်စွာ မြင့်မြတ်သတဲ့၊ ဆဲ-သို့

ကြောင့်၊ "ဥပ္ပရီ"ရယ်လို့ မိဘများက အမည်ပေးကြတယ်။ မြင့်မြတ်သောကို၊ "ဥပ္ပရီ"ရယ်လို့ ပါဠိဘာသာက ဆိုတယ်။ မြန်မာလိုပြန်လျှင် "ခင်မြင့်"ရယ်လို့ ဆိုထိုက်တာပေါ့လေ၊

ချမ်းသာအမျိုးမျိုး၊ တန်ခိုး အရှိန်အဝါနှင့် ခမ်းနားစွာ ကြီးပွါးလာပြီးနောက်၊ အရွယ်သို့ ရောက်တော့၊ နတ်သ္မီးမျှ လောက် လှချောသတဲ့။ ဥပ္ပရီသူဌေးသ္မီးရဲ့ လှကြောင်းများကို၊ ကော သ လ မင်း ကြီး ကြား တော့၊ မိ ဖု ယား မြှောက် ရန် ရွေးကောက် သိမ်းပိုက်တော်မူတယ်။ သည့် တုန်း အ ခါ က ကောသလမင်းကြီးဟာ၊ ကညာချောချောမြင်မှဖြင့်၊ လိုချင်တဲ့ စိတ်နှလုံးကြောင့်၊ အကုန်ကျုံးပြီးသိမ်းပိုက်တော်မူလေ့ရှိသတဲ့။ တခါတခါများ လင်ရှိမယားကိုပင် သိမ်းပိုက်ဘို့ ကြံရွယ်သေး တယ်။ မာလိကာဆိုတဲ့ မိဖုယားကြီးဟာလဲ၊ ဥယျာဥ်တော်ထဲမှာ တွေ့လို့ သိမ်းပိုက်တဲ့ ပန်းသယ်မကလေးပေါ့။

ကောသလမင်းကြီး သိမ်းပိုက်တော်မူစအခါမှာ၊ မဟေသီ ရာထူးဖြင့် ချီးမြှင့်တော်မမူသေးဘူး။ ဥပ္ပရီဒေဝီဆိုတဲ့ သာမာန် ဘွဲ့ကလေးကိုသာ ပေးထားတယ်။ ။နန်းတော်ပေါ်သို့ရောက်၍၊ နှစ်နှစ်,သုံးနှစ်လောက်ရှိတော့၊ ဥပ္ပရီဒေဝီမှာ၊ လွန်စွာလှပတဲ့ သ္မီးတော်ကိုဘွားမြင်တော်မူတယ်။ သ္မီးတော်ကလေးကိုဘွားမြင် တော့၊ ကောသလမင်းကြီးကလဲ၊ အလွန်အားရတော်မူတာပေါ့။ အဲ-သို့ကလိုအတွက် ကြောင့်သ္မီးတော်ကလေးရဲ့ မျက်နှာကြောင့်၊ ဥပ္ပရီဒေဝီကို မဟေသီဘိသိက်ဖြင့် မိဖုယားကြီးအရာသို့ ရောက် အောင်မြှောက်စားတော်မူတယ်။ သ္မီးတော်ကလေးကိုလဲအသက် ရှည် စေ လို တဲ့ အ တွက် "ဇီဝရီ" ရယ်လို့ အ မည့် ပေး တော် မူကြဘယ်။ မြန်မာလိုပြန်လျှင် "ခင်သက်" ဆိုလိုတာပေါ့လေ။

တရွေ့ရွေ့ ကြီးလာတော့၊ သ္မီးတော်ကလေးဟာ၊ လွန်စွာ ချစ်ဘို့ကောင်းသတဲ့။ ။စကား မပီကလာ, ပီကလာ, ပြော၍၊ တောက် တက်, တောက် တက် နှင့် သ္မီး တော် က လေး ဟာ၊ သနားစရာ၊ ရောဂါတခုကြောင့် သေ ဆုံး သွား ရှာ ပါ ရော၊

နှမြောစရာဖြစ်ပုံမှာ၊ ပြောလို့ မကုန်ဘူးပေါ့လေ။ ။ထိုအခါ မယ်တော် မိဖုယားကြီးမှာ၊ သွီးကလေး၏ သောကကြောင့်၊ လှလှကြီးဒုက္ခတွေ့ရှာပါရော၊ အပူမီးပိုင်း၍ အရူးတပိုင်းဖြစ်သွားတာပေါ့လေ။ သူစံတဲ့နန်းမမှာ တမ်းတကာ ငိုချင်းချနေတော့ တာဘဲတဲ့။အချိန်ရှိသမျှငိုလို့ တောင် မသောက်မငဖြစ်နေတယ်။ ။ နန်းတော်ပေါ်မှာ ငိုသံ့အားမရဘာနှင့်၊သွီးကလေးကိုသင်္ဂြိုဟ်တဲ့ သုသာန်သို့နေ့စဉ်သွားပြီး၊အားကြီးငိုကြွေးနေတယ်။ကောသလ မင်းကြီးက ချော့မော့ဖြောင်းဖြသော်လဲ၊ သောကမီးကို ငြိမ်းအောင်မတတ်နိုင်သဖြင့် လက်မှိုင်ချပြီး ငေးကြည့်နေရတော့ တာပေါ့။

(မိန်းမများဟာ၊ ငိုချင်တဲ့ဝါသနာ အလွန်ပါတာကလား။ သင်းချိုင်းသို့ သွားပြီး၊ အားအားရှိတိုင်း ငိုကြတာ ယခုခေတ် အခါမှာလဲ အများကြီးပါဘဲ။)

တနေ့သောအခါ၊ကံအားလျော်စွာ ဘယ်လိုအရေး ကြုံသလဲ လို့ဆိုတော့။ သည် လို တဲ့၊ ဥပ္ပရိမိဖုယားကြီးဟာ၊ သောက ဝေဒနာ၊ကျင်နာထိုးဆွလှသဖြင့် ရှိုးရှိုးရွရွဖြစ်ထာနှင့် ပျောက်ချင် ပျောက် ပေ စေ တော့ ယှို၊ နန်း တော် မှ ရုတ်တရက်ထွက်ပြီး ဘုရားရှင် အထံသို့သွားတယ်။ ရှင်တော်ဘုရား၏ ထံပါးမှာလဲ ကြာရှည်စွာ မနေနိုင်ရှာဘူးတဲ့။အရူးတပိုင်းဖြစ်၍ ဘဝင်လှုပ်ရှား နေတာကိုး၊ ဘယ်ကြာရှည်စွာ ရပ်တည်နိုင်ပမလဲ။ ။ဆဲသည်လို ကြာရှည်စွာမတည်တန့်နိုင်တဲ့အတွက်ကြောင့် ရှင်တော်ဘုရားကို ဝပ်တွားရှိခိုးပြီး ရုတ်ဘရက်ထခါ သွီးတော်ကလေး သင်းချိုင်း ရှိရာ၊ အစိရဝတီမြစ်ကမ်းသို့ သွားတယ်။

မြစ်ကမ်းပါးသို့ရောက်တော့၊ သင်းချိုင်းအနီးမှာ မတ်တတ် ရပ်လျက်၊စီးတွေတွေနှင့် မြစ်ရေကိုကြည့်ပြီး၊သွီးကိုတမ်းတသို့ ငိုနေသတဲ့။ ။ရှင် တော် ဘု ရား က လဲ သနားတော်မူလှ သဖြင့် ဥပ္ပရိဒေဝီကို ကယ် ဆယ် တော် မူ ရန် အ ခွင့် ကို ရှာ နေ ဆဲ မို့ ဂန္ဓကုဋိတော်ထဲမှာ ဘွားခနဲထင်ပြင်လာသဖြင့် ဆင်ခြင်တော်

မူလိုက်ရာ ဥ ပ္ပ ရိ ဒေ ဝီ သည်၊ မကြာမီ ကျွတ် တမ်း ဝင် မည့် အကြောင်းကို သိ တော် မူ သည် နှင့် ဇေ တ ဝန် ကျောင်း တော် ဂန္ဓကုဋီတိုက်တော်အတွင်းမှ၊ ထွန်းလင်းသော ရောင်ခြည်တော် ခြောက်ပါးနှင့် နိမ္မိတရုပ်ပွါးတော်ကို စေလွှတ်၍ ဥပ္ပရိဒေဝီ၏ အနားမှာ ထင်ရှားစွာ ကိုယ်တော်မြတ်ကို ပြပြီး၊ "အို-ချစ်သွီး ဥပ္ပရိ၊ ဘယ်အတွက်ကြောင့် ငိုနေရသလဲ" လို့မေးတော်မူတယ်၊

သည်အခါ ဥပ္ပရိက "ဘုရားတပည့်တော်မရဲ့ သွီးကလေး သေတာကြောင့် ငိုပါတယ်ဘုရား" လို့လျှောက်တင်ရာ ရှင်တော် မြတ်ဘုရားက 'အို-ချစ်သွီး ဥပ္ပရိ၊ သည် သင်း ချိုင်း နေရာမှာ ဇီဝါဆိုတဲ့ အမည်နှင့် သင့်သွီးပေါင်း ရှစ်သောင်းလေးထောင် တို့ကို သင်္ဂြိုဟ်ခဲ့ဘူးပြီ၊ ရှစ်သောင်းလေးထောင်သော သွီးတို့တွင် ဘယ်သွီးကို အစွဲပြုလို့ငိုသလဲ" ၍သို့မေးမြန်းတော်မူကာ ဂါထာ တပုဒ်ကို ရွတ်ဆို ဟောကြားဘော်မူတယ်၊

(၁) အမ္မဇီဝါတိ ဝနမှိ၊ ကန္ဒသိ အတ္တာနံ အဓိဂစ္ဆ၊
ဥပ္ပရိ ။ စုလ္လာသီတိသဟဿာနိ၊ သဗ္ဗာ ဇီဝါသနာမိကာ၊
တေသာနုဟာနေ ဒဍ္ဍာ၊ တာသံ ကမနုသောစသိ။

(၁) ဥပ္ပရိ၊ အို-ချစ်သွီး ဥပ္ပရိ၊ ဝနမှိ၊ ဤတောသင်းချိုင်း၌၊ အမ္မဇီဝါတိ၊ မယ်ဇီဝါ, မယ်ဇီဝါ, ဟူ၍၊ ကန္ဒသိ၊ ဖွဲ့ကာခွဲ့ကာ ငိုကြွေး၍နေဘိ၏၊ အတ္တာနံ၊ မိမိကိုယ်ကို၊ အဓိဂစ္ဆ၊ သိအောင် ပြုပါလော၊ ဇီဝါသနာမိကာ၊ ဇီဝါဟူသောအမည်ဖြင့် တူကြ ကုန်သော၊ သင့်သွီးအပေါင်းတို့သည်၊ စုလ္လာသီတိ သဟဿာနိ၊ ရှစ် သောင်း လေး ထောင် ရှိကုန်ပြီ၊ သဗ္ဗာ၊ အလုံးကုန်သော၊ ဇီဝါပေါင်း ရှစ်သောင်း လေးထောင်တို့ကို၊ တေသာနုဟာနေ၊ ထိုသင်းချိုင်းတခုထဲ၌ပင်လျှင်၊ ဒဍ္ဍာ၊ သင်္ဂြိုဟ်အပ်ဘူးကုန်ပြီ၊ တာသံ၊ ထိုဇီဝါအမည်ပေါင်း ရှစ်သောင်း လေးထောင်သော သွီးတို့တွင်၊ ကံ၊ အဘယ်မည်သောသွီးကို၊ အနုသောစသိ၊ ဟာရိုး ရိမ်ရိမ်၊ အငြိမ်မနေ၊ ပိုးရိမ်ခလသနည်း ချစ်သွီး၊

သည့်ကဲ့သို့ မေးမြန်းတော်မူရာ၊ တရားသံ အနှစ်ပါသဖြင့်၊ ဥပ္ပရီဒေဝီမှာလဲ ရှေးရှေးသံသရာက ပါရမီဓာတ်ခံ ရှိခဲ့ပြီးဖြစ်သောကြောင့်၊ သူ့ဉာဏ်ထဲတွင် ဘယ်လို ထင်မြင်လာသလဲလို့ ဆိုတော့ "ဩော်-ဘုံဘဝတွေဆိုတာ လွန်စွာများပြားလှပါကလား။သည့်သင်းချိုင်းမှာပင်''ခင်သက်''ဆိုတဲ့ အမည့်မျိုးနှင့် သွီးပေါင်း ရှစ်သောင်း လေးထောင် သင်္ဂြိုဟ်ဘူးပြီတဲ့။ ယခု သွီးတော်ကလေးကိုမှ အရေးလုပ်ပြီး တရှုတ်ရှုတ် ငိုနေတာ လွန်စွာ ရှက်ဘို့ကောင်းလှပါကလား။ ။ဩော်- သေခြင်းတရားဆိုတာ အလွန်တရာမှ ကြောက်လန့်ဘွယ် ကောင်းပါကလား။ အမည်တူတဲ့ သွီးပေါင်း ရှစ်သောင်း လေးထောင် ဆိုတော့၊ အမည်အမျိုးမျိုးနှင့် သေကြတာတွေ ဘယ်မှာရေနိုင်ပါတော့မှာလဲ။ ။သွီးတွေသာ၊ သတာမဟုတ်၊ ငါလဲဘဲအဖြစ်မစဲအောင် အသစ်အသစ်လဲပြီး သေခဲ့လှလေပြီ၊ ။အဲ-သို့ကလို ဆင်ခြင်ဉာဏ်ဝင်လာပြီး၊ ရှေးရှေးပါရမီဉာဏ် အထောက်အခံတွေနှိုးဆော်သဖြင့် အနိစ္စဝိပဿနာဉာဏ် ပေါ်လာလေ၏။ ထိုခဏချင်းမှာပင် ဝိပဿနာဉာဏ် ထက်သန်စွာ ကြီးပွား၍ မဂ်တရားအဆင့်ဆင့် ပေါက်လေရာ၊ကိလေသာကုန်ခမ်းသော ရဟန္တာမ အဖြစ်သို့ ရောက်လေသတည်း။

ထိုအခါ လွန်စွာ ဝမ်းမြောက်လှသဖြင့်၊ ဥဒါန်းဂါထာ နှစ်ပုဒ်ကို သို့ကလိုရွတ်ဆိုလေ၏။

(၂) အဗ္ဗူဟိ ဝတ မေသလ္လံ၊ ဒုဒ္ဒသံ ဟာဒယာသိတံ၊
ယံမေ သောကပရေတာယ၊ ဓီတုသောကံ ဗျပါနုဒိ။

(၂) မေ၊ အကျွန်ုပ်၏၊ ဟာဒယာသိတံ၊ နှလုံးအတွင်း၌ ကိန်းဝပ်၍နေသော၊ ဒုဒ္ဒသံ၊ပကတိမျက်စိဖြင့် ရှုကြည့်တွေ့မြင်ခြင်းငှါ မစွမ်းနိုင်သော၊သလ္လံ၊စိုးတကြောင့်ကြောင့်၊သောကညောင့်ကို၊ အဗ္ဗူဟိ။ အကျွန်ုပ် သည်၊ အဗ္ဗူဟိ၊ မကျန် မကြွင်း အောင်၊ တျင် တျင်းကုန်စင်၊ နှုတ်ထွင်ရလေပြီတကား၊ ယံ-ယသ္မာ၊

အကြင်သို့သော အကြောင်းကြောင့်၊ သော၁ကပရေတ၁ယ၊ စိုးရိမ်ပူဆွေး၊ သောကဘေးဖြင့်၊ မအေးနိုင်အောင် နှိပ်စက်ခြင်း ခံ၍နေရသော၊ မေ။ အကျွန်ုပ်၏၊ ဓိတုသောကံ၊ ထွီးတော်အရေး ကြောင့်၊ ပူဆွေးထိန်ညှိး၊ သောကမီးကို၊ ဗျပါနုဒိ၊ ပယ်ရှားနိုင်ခဲ့ ပေပြီတကား။

(၃) သာဇ္ဇ အဗ္ဗုဠ္ဍ သလ္လာပဟံ၊ နိဗ္ဗာတာ ပရိနိဗ္ဗုတာ၊ ဗုဒ္ဓံဓမ္မဥသံဃဥ္စ။ ဥပေမိ သရဏံမုနိံ၊

(၃) အဇ္ဇ၊ ယခုအခါ၌မူကား၊ အဟံ၊ အကျွန်ုပ်သည်၊ အဗ္ဗုဠ္ဍ သလ္လာ၊ သောကညောင့်ကြီး၊ နှုတ်အပ်ပြီးသည်ဖြစ်၍၊ နိဗ္ဗာတာ၊ ဘယ်အရာကိုမှ၊ ကွယ်တွယ်တာတာနှင့်၊ ဆာလောင်တောင့်တ ခြင်းမရှိဘဲ၊ ပရိနိဗ္ဗုတာ၊ ဒုက္ခခပ်သိမ်း၊ ဇာတ်ကုန်သိမ်း၍၊ အငြိမ်း ခံခဲ့လေပြီတကား၊ အဟံ၊ အကျွန်ုပ်သည်၊ မုနိံ၊ မုနိအပေါင်းတို့၏ မကိုန်၊ အမြိုက်နန်းကြီး၏သခင်၊ နိဗ္ဗာန်ရှင် ဖြစ်တော်မူသော၊ ဗုဒ္ဓဥ္စ၊ ရှင်တော်ဘုရားကိုရင်း၊ ဓမ္မဥ္စ၊ တရားတော်မြတ်ကိုရင်း၊ သံဃဥ္စ၊ သံဃာတော်မြတ်ကိုရင်း၊ သရဏံ၊ အားကိုးပြုကာ၊ ကိုးကွယ်ရာဟူ၍၊ ဥပေမိ၊ အသက်ပါနှင်းအပ်၍၊ ဆည်းကပ် ကိုးကွယ်ပါတော့မည်ဘည်း၊

ဆိုလိုရင်းအဓိပ္ပါယ်ကတော့ သည့်လိုဘဲ၊ ငါသည် ထွီးက လေးအရေးကြောင့်၊ ပူဆွေးစိုးနှောင့်နေကဲ့ သောကညောင့်ကြီး သည်၊ ငါ၏နှလုံးအိမ်တွင် မမြင်နိုင်အောင် ရုံးစိုက်၍နေခဲ့တယ်၊ ထိုသောကညောင့်ကြီးကို မကြွင်းကျန်စင် နှုတ်ထွင်အပ်လေပြီ၊ ယခုအခါ ငါ့မှာ သောကညောင့် ကင်းရှင်းသဖြင့်၊ တောင့်တ ပူပင်ခြင်းမရှိ၊ အငြိမ်းကြီး ငြိမ်းခဲ့လေပြီ။ ဘုရား, တရား, သံဃာ, ရတနာသုံးပါးကိုသာ၊ ကိုးကွယ်ရာ အမှတ်ဖြင့်၊ အမြဲဆည်းကပ် ၍ နေပါတော့မည်၊ ဤသို့ဆိုလိုရင်းဖြစ်ပေသည်။

ရဟန္တာအဖြစ်သို့ ရောက်ပြီးသောအခါ၊ လူဘို့ဘောင်မှာ လူဝတ်ကြောင်နှင့်၊ နေဘွယ်အခွင့် မရှိတော့သဖြင့်၊ အစိဝရတိ

ဖြစ်ကမ်းမှ၊ နန်းတော်သို့ ပြန်ပြီး၊ ကောသလမင်းကြီးထံမှာ၊ ရဟန်းပြုရန် ခွင့်တောင်းဝင်ယ်။ အကြောင်းမျိုးစုံကိုလဲ၊ အကုန် အစင် လျှောက်တင်ပြန်ကြွားသပေါ့။ ။ထိုအခါ၊ ကောသလမင်းကြီးကလဲ၊ သာသနာတော်ကို ကြည်ညိုပြီး တဲ့ အတွက်၊ ကန့်ကွက်ခြင်းမရှိဘဲ၊ ဝမ်းမြောက်ဝမ်းသာ၊ နှစ်သက်စွာဖြင့် တိက္ခ နိမ,ပြုလုပ်ရန်၊ခွင့်ပြုတော်မူတယ်။

ဥပ္ပရိဒေဝီလဲ နန်းတော်မှထွက်ခွါ၍၊တိ က္ခ နိမတို့ကျောင်းမှာ ရဟန်းပြုလေရာ၊ဥပ္ပရိထေရီဟူ၍ ထင်ရှားစွာဖြစ်လေသတည်း။

## (၄) ဥပ္ပရိထေရီဝတ္ထု ပြီး၏။

မှတ်ချက်။ ။ဤထေရီဝတ္ထု၌၊အတုယူဘွယ်,နည်းခိုးဘွယ် မှာ၊ခရီးလမ်းဖြင့်၊ပင်ပန်းလျက်ရှိသောသူတော်ကောင်းပုဂ္ဂိုလ် များကို တွေ့မြင်လျှင်၊နေရာထိုင်ခင်းပေး၍၊ အေးမြနှစ်သိမ့်ခြင်း ဖြစ်အောင် ရွက်ဆောင်ခြင်း။အခင်းတည်းဟူသော သေယျဒါန ကို လှူဒါန်းခြင်း။ သား-သ္မီး- ဆွေမျိုး ဉာတိတို့၏၊ သေဆုံး ပျက်စီးမှုကြောင့်၊ အစိုးရိမ်ကြီးကြီးနှင့်၊ သောကမီး မလောင် အောင် ပြုခြင်းများ ဖြစ်လေသည်။ ။အခင်းလှူသော ဒါန၏ အကျိုးပေး ကြီးကျယ် ခမ်းနားပုံများကို စဉ်စား ဆင်ခြင်ကြပြီး လျှင် နေရာထိုင်ခင်း လှူဒါန်းခြင်းအမှုကိုလည်း၊ သတိပြုသင့်ကြ ပေသည်၊ ။ဥပ္ပရိထေရီသည်၊ ခရီးလမ်း၌ ပင်ပန်း၍နေသော ရဟန္တာအရှင်မြတ်များအား၊အေးမြစေကြောင်း၊နေရာထိုင်ခင်း ကောင်း ပေးလှူခြင်းကြောင့်၊ ဖြစ်လေရာရာဘဝ၌ ဒေါမနဿ ဖြစ်လေ့မရှိခြင်း၊စိတ်နှလုံး မပူပန်ဘဲ၊ အမြဲအေးမြခြင်း။ အရုပ် အဆင်းကြည်လင် လပ်ဆပ်စွာရှိခြင်း။ ဤအကျိုးထူး သုံးပါးကို ရရှိသည်ဟုဆိုသည်။ ။ခည်မျှလောက်ပင် ငစ္စည်းဥစ္စာ ပေါများ ၍ နေစေကာမူ ဒေါသ မကြာမကြာဖြစ်ရခြင်း။ စိတ်ပူရခြင်းတို့ ကို မဘားမြစ်လျှင်၊ ထိုသူကို လူချမ်းသာဟူ၍ မဆိုနိုင်။ ။ ချမ်းသာအစစ်ဆိုသည်မှာ၊ ဒေါသစရိုက် ကင်း၍၊ အတွင်း

သဏ္ဍာန် အေးမြနေသူကို ဆိုသည်။ ဒေါ်သကင်း၍၊ အတွင်း သဏ္ဍာန် အေးမြလျှင်လည်း၊ အဆင်းလှခြင်းဂုဏ်နှင့် ပြည့်စုံလေတော့သည်။

ထိုကြောင့်၊လူချမ်းသာနှင့် လူချော,လူလှ၊ မိန်းမချော,မိန်းမလှ,ဖြစ်လိုကြပါလျှင်၊ဒေါသနှင့် စိတ်ပူခြင်းများကို၊ကင်းနိုင်သမျှကင်းရှင်းအောင် သတိပြုသင့်ကြပေသည်။ ။အဆင်းဆိုသည်မှာ၊မိန်းမတို့၏ ကိုယ်ပိုင်ပစ္စည်းဖြစ်သောကြောင့်၊ အဆင်းဂုဏ်နှင့် ပြည့်စုံကြပါလျှင်၊ ပေါင်တာ, သနပ်ခါး, တို့ပတ်များဆောင်နေတို့မလိုချေ။ဒေါသ,ဣဿာ,မစ္ဆရိယ,ကုက္ကုစ္စတရားတို့ကိုသာ ရှောင်ရှားဘို့ အရေးကြီးလှပေသတည်း။ ။ပြဆိုခဲ့ပြီးသောဝတ္ထု၌၊ က-ခ စသော အက္ခရာတို့ဖြင့်၊ မှတ်အပ်သောဂါထာတို့ကို၊အပဒါန်ဂါထာ။ ဂဏန်းဖြင့် မှတ်အပ်သောဂါထာတို့ကို၊ထေရီဂါထာဟူ၍ မှတ်ယူကြပါကုန်။

---

## တိကနိပါတ်

### (၃) သုဏ္ဏာသေရီဝတ္ထု။

(မှတ်ချက်။ ။ယခုပြဆိုလတ္တံ့သော သုဏ္ဏာသေရီဝတ္ထုသည်၊ အမျိုးသမီးထဲက ဓမ္မကထိက ပုဂ္ဂိုလ်တဦးဖြစ်၍၊ အထူးသဖြင့် သာသနာ့အကျိုးကို ရွက်ဆောင်ပုံ၊ ဘဝပေါင်းများစွာတို့၌ ဗုဒ္ဓသာသနာကို အမျိုးသမီးတို့၏ အစွမ်းသတ္တိဖြင့်၊ ပြုစုချီးမြှင့်ပုံ၊ ကျွတ်တမ်းဝင်သော အဆုံးဘဝတွင် လွယ်ကူ ချမ်းသာစွာ ကျွတ်တန်းဝင်ခွင့်ရ၍ လူ့ပြည်လောက၌ ထင်ရှား ကျော်စောပုံများကို အားကျစဘွယ် ဘော်ပြသော ဝတ္ထုဖြစ်ပေသည်။ ။ သာသနာကိုကြည်ညိုသော အမျိုးသမီးတို့သည်၊ ထိုဝတ္ထုသွားကို များစွာအတုခိုးဘို့ ကောင်းမည် ဖြစ်သတည်း။)

ရှေးရှေးကမ္ဘာ၊အတိတ်အခါတို့၌၊သဒ္ဓါတရားသူထက်ထူး၍

အညွှန့် အဖူး ဆိုလေးက်တဲ့ အမျိုးသွီးကလေး တယောက်ဟာ သံသရာခရီးသယ်မကလေးဖြစ်၍နေစဉ်၊ဘဝတိုင်းဘဝတိုင်းမှာ၊ အလိမ္မာမျိုးစေ့ ပါလာသဖြင့် သူတော်ကောင်းတို့၏ တရားသိုက်ကို နှစ်ချိုက်စွာတူးဖော်လေ့ရှိသတဲ့။

ဝိပဿီ မြတ်စွာဘုရား ထင်ရှား ပွင့်တော်မူတဲ့ ခေတ်အခါကျတော့၊ ထိုအမျိုးသွီးကလေးဟာ ဗန္ဓုမတီ နေပြည်တော်ကြီးမှာ၊ မထင်ရှားတဲ့ အမျိုးသွီးကလေး ဖြစ်လာတယ်။ အရွယ်သို့ရောက်၍ အပျိုပေါက်ကလေးဖြစ်လာတော့၊ သဒ္ဓါခေတ်ညွှန့်က တလွှန့်လွှန့် သန်မြန်၍ နေတဲ့အတိုင်း တရားတော်ကို နာလိုကဲ့စိတ်များ မနေမနား ဖြစ်ပေါ်လို့ နေသတဲ့။

တနေ့သောအခါ တရားနာ သွားကြတဲ့ အမျိုးသွီးတို့နှင့် ပေါင်းပြီး ကျောင်းတော်သို့ သိုက်သွားတယ်။ ရှင်တော်ဘုရား ဟောကြားတော်မူတဲ့ တရားတော်အရသာကို ကြားနာရတော့၊ ဝမ္မပီတိဖြစ်ပြီး "ဩော်-တရားတော်အရသာဆိုတာ၊ လွန်စွာမြိန်မြတ်ပါကလား။ လောကီဘောင်မှာ အိမ်ရာထောင်နေကြတဲ့ယောက်ျား မိန်းမအစုံစုံတို့မှာတော့၊ ကာမဂုဏ်ကိုပင် အရသာကောင်းကြီး ထင်နေကြတယ်။ သည့်လို အထင်အမှတ်သေးဆိမ်နေကြတာ တရားတော်အရသာကို မသိရှာကြလို့ဘဲ၊ တရားအရသာဆိုတာ၊ လွန်စွာ ခံစားရခဲတယ်၊ ကာမဂုဏ် အရသာဆိုတော့၊ဘဝတကာမှာ လက်ရှိမကွာ ခံစားရတာမို့၊ ရှားပါးတဲ့ကိစ္စမျိုး မဟုတ်ပေဘူး။ သည့်ဘဝမှာ ဓမ္မအရသာများကို၊ အားရစွာခံစားရအောင်၊ အိမ်ရာမထောင် ဘဲ၊ အပျိုကညာစစ်စစ်နှင့်၊ တရားကိုသာ ချစ်ပါတော့မယ်" ဆဲသည့်လိုကြံစည်မိသတဲ့။

တရားနာရာက ပြန်လာလို့ အိမ်သို့ရောက်တော့၊ မိဘများကိုလဲ နာကြားခဲ့ရတဲ့ တရားကို ပြန် လှန် ၍ ဟောကြားတယ်။ မိဘများမှာ သွီးကလေးလောက် ပညာပါရမီမရှိ၊ အသိဉာဏ်ခပ်နဲ့နဲ့မို့၊ တရားအရသာကို ကောင်းစွာ မသိရှာကြဘူး ပေါ့။

သို့ရာတွင် သို့်းထိမ္မာကလေးကို မွေးရတဲ့အတွက်၊ နှစ်သက်ဝမ်းမြောက်ခြင်း ဖြစ်ရှာကြတယ်။

အမျိုးသို့်းကလေးဟာ၊ ပထမဟာခေါက် တရားနာပြန်လာတဲ့အခါကစပြီး၊ မကြာ မကြာ တရားနာသွား။ ပယ်ပယ်နားကြားရတဲ့ တရားကိုပဲ တဆင့်ခံသို့ပြောကြား။သည့်အလုပ်နှင့်သာ မိုးချုပ်နေဝင်အောင် အချိန်ကုန်တော့တာဘဲတဲ့။ တရားအရသာကို သိ၍ စွဲလမ်းမိပြီဆိုလျှင် သည့်လိုစိတ်စွဲတတ်တာမျိုးဘဲ။

ထိမ်းမြားချိန်သို့ရောက် အရွယ်ကလေး တော်တော်ထောက်လာတော့ မိဘများကသူတို့ဝတ်တရားရှိတဲ့အတိုင်း၊ အမျိုးသားဟာယောက်နှင့် လက်ထပ် ထိမ်းမြားရန် သို့်းကလေးကို နားချကြတယ်။ ။သို့်းကလေးက ''မိခင် ဘခင် ကျေးဇူးရှင်တို့ရယ်။ လောကီရေးကို နည်းပေးလမ်းညွှန်တော်မမူကြပါနဲ့။ဘဝတိုင်းဘဝတိုင်း သည့်လိုကိစ္စမျိုးတွေနှင့်အဘိုးမတန်ဖြစ်ခဲ့ရလှပါပြီ။ ယခုလို သာသနာတော်ကြီး တွေ့ဆုံ ကြုံကြိုက်ခဲ့တဲ့ ဘဝမှာ၊ အထိမ္မာကိုမွေးပြီး၊ အေးအေးနားနေစမ်းပရစေဦး။ ကာမဂုဏ်ကိစ္စများကြောင့်၊ နားခွင့်မရ, အားခွင့်မရ။ သတ္တဝါ မှန်သမျှဒုက္ခအလွန်ကြီးကြပါတယ်။ သည့်တဘဝကလေးမှာဖြင့် အနားပေးပြီး၊ အားမွေးရင်း စည်းစိမ်ခံစမ်းပရစေ'' ဆဲ့-သို့ကသို တောင်းပန်ရှာသတဲ့။

မိဘများက အကြိမ်ကြိမ် နားချလို့မရတော့ ''သို့်းသဘောအတိုင်းပါဘဲ'' လို့ ဆိုပြီး ခွင့်လွှတ်ကြတယ်။ ။ထိုအခါကစပြီး။ အမျိုးသို့်းကလေးဟာ ''ယောကျ်ားဆို ရင်ဖိုမှမသန်းရ'' ဆိုတဲ့ ကုမ္မာရီ ဗြဟ္မစရိယအကျင့်ကို ဆောက်တည်ကျင့်သုံး၍ ပုလဲကုံးအသွင် ဖြူစင်သန့်ရှင်းစွာ နေတော့ဘာဘဲ။ အလွန် လှူးလဲ့တဲ့ ကာမဂုဏ်ကို အာရုံဘယ်ဘော့မှ မပြုတော့ဘူး။ ။တရာနားတဲ့ အလုပ်။တရားဟောတဲ့ အလုပ်ကိုသာ အမြဲအားထုတ်၍နေရာ၊ ဉာဏ်ပညာတွေမှာပဲ၊ ပဒေသာပင်လို များပြား ဝေဖြိုး၍လာသဘဲ့။တစတစ တရားဟောအလုပ်ကို အားထုတ် လေ့ကျင့်လာ

တဲ့အတွက်၊အများနှစ်သက်အောင် ဟောနိုင် ပြောနိုင်တဲ့အခြေသို့ ရောက်လာတယ်။သာသနာရေး ဓမ္မကထိက အမျိုးသမီးကလေးရယ်လို့၊အသင် အပေါ် အကျော်တစော ဖြစ်လာတော့၊ အမျိုးသမီးပေါင်း များစွာ တရားနာရအောင် မကြာ,မကြာ သူ့ကို ပင့်ကြရတယ်။ အလွန် ဒသားကျဘွယ်ကောင်းတဲ့ အမျိုးသမီးကလေးပေပေါ့။

ကုမ္မာရီ ဖြဟ္မစရိယအကျင့်ကို ကျင့်ပြီး၊ လူဝတ်ကြောင်နှင့်နေ၍ အတော်ကြာတော့ လူဝတ်ကို မုန်းသဖြင့်၊ လုံးလုံးကြီးခွါစွန့်၍ သာသနာဘောင်မှာ၊ဘိက္ခုနီ ခံ,ပြုလုပ်သွားတယ်။

အဲသည်အကြောင်းကို၊ထေရီအပဒါန် ပါဠိတော် ဂါထာတို့ကို၊ထုတ်ဆောင်လို့ ပြဆိုရအုံးမှာပေါ့။

(က) ဧကနဝုတိတော ကပ္ပေ ဝိပဿီနာမ နာယကော။
ဥပ္ပဇ္ဇိ စာရုဒဿနော၊သဗ္ဗဓမ္မ ဝိပဿကော။

(က) ဣတော။ဤဘဒ္ဒကမ္ဘာမှ။ ဧကနဝုတေကပ္ပေ။ လွန်ခဲ့သော ;ကိုးဆဲ့တကမ္ဘာထက်၌။ စာရုဒဿနော။ ဖူးမြင်သူကိုကြည်ညိုလေအောင်၊သွေးဆောင်ပေတတ်၊ ခြောက်ရောင်ဝါတ်ဖြင့်၊မြင့်မြတ်သော အဆင်းတော်လည်း ရှိထသော။သဗ္ဗဓမ္မ ဝိပဿကော။ တရားဥဿုံ၊ အလုံးစုံဆို၊ အကုန်သိမြင်တော်မူပြီးထသော၊ ဝိပဿီနာမ။ ဝိပဿီအမည်ရှိတော်မူသော၊ နာယကော။သုံးလူ့ထွဋ်တင်၊ ဘုရားရှင်သည်။ ဥပ္ပဇ္ဇိ။ ပွင့်တော်မူလေသတည်း။

(ခ) တဒါဟံ ဗန္ဓုမတိယံ၊ဓာတာ အညတရေ ကုလေ။
ဓမ္မံ သုတွာန ဇိနိနော ပဗ္ဗဇိံ အနဂါရိယံ။

(ခ) တဒါ။ ထိုလက်ထက်တော်အခါ၌။ အဟံ။ အကျွန်ုပ်သည်။ဗန္ဓုမတိယံ။ ဗန္ဓုမတီ နေပြည်တော်ကြီး၌။ အညတရေကုလေ။ မထင်ရှားသောအမျိုး၌၊ ဓာတာ။ ဖြစ်ခဲ့ပါသတည်း။

မုနိနော။ရှင်တော်မြတ်ဘုရား၏။ ဓမ္မံ။ ရသာအမြိုက်၊ နှစ်ချိုက်ထူးလွန်၊ တရားမွန်ကို။ သုတွာန။ ကြား နာ ရ သော ကြောင့်။ အနာဂါမိယံ။ အိမ်ရာမထောင်သော ရဟန်းဘောင်၌။ ပဗ္ဗဇိ။ ရဟန်းပြုခဲ့ပါသတည်း။

(ဂ) ဗဟုဿုတာ ဓမ္မဓရာ၊ ပဋိဘာဏဝတီ တထာ။
ဝိစိတ္တ ကထိကာစာပိ၊ ဇိနသာသန ကာရိကာ။

(ဂ) တဒါ။ ထိုရဟန်းပြုသောအခါ၌။ အယံ။ အကျွန်ုပ်သည်။ ဗဟုဿုတာ။ အကြားအမြင်နှင့်လည်း ပြည့်စုံခဲ့လေ၏။ ဓမ္မဓရာ။ရှင်တော်ဘုရား၊ ဟောကြားတုံလတ်၊ ပိဋကတ်သုံးဖြာကိုလည်း၊ကောင်းစွာ ဆောင်နိုင်ခဲ့လေ၏။တထာ။ ထိုပြင်တပါး။ ပဋိဘာဏဝတီ။ ဉာဏ်ပဋိဘာဏ်။ လျှင်မြန်တုံလျက်၊ အစွမ်းလည်း ထက်ခဲ့ပေ၏။ ဝိစိတ္တကထိကာစာပိ။ အဆန်းတကြယ်၊ ဥပမာ အသွယ်သွယ်ဖြင့်၊ နှစ်သက်ဘွယ်သော တရားကို ဟောကြားနိုင်ခဲ့လေ၏။ဇိနသာသနကာရိကာ။ရှင်တော်ဘုရား၏ သာသနာကို၊ ကောင်းစွာ ရွက်ဆောင်၍၊ ပွံ့နှံ့အောင်လည်း ကြိုးစားခဲ့ပေ၏။

ဝိပဿီမြတ်စွာဘုရား၏ လက်ထက်တော်မှာ၊ သာသနာဝန်ကို ထမ်းပြီး၊ ရဟန်းမိန်းမ ဓမ္မကထိက အဖြစ်ဖြင့်၊ တဘဝလုံး ကြိုးစား အားထုတ်၍နေရာ။ ပါရမီ ဉာဏ် ရင့်သန်ကုံလုံ၊ ကျွတ်တမ်းဝင်ဘို့ မကြုံသေးတဲ့အတွက်၊ အရိယာ အဖြစ်သို့ မရောက်ဘဲ၊ ပုထုဇန်ဘဝနှင့်သာ၊ သေလွန်၍ သွားရှာတယ်။ အရိယာပုဂ္ဂိုလ်ဖြစ်ရခြင်းဆိုတာ၊ သာမညပါရမီမျိုးနှင့် မဖြစ်နိုင်ဘူး။ပါရမီရင့်သန် အချိန်ဘန်မှ အရိယာအဖြစ်သို့ရောက်နိုင်ကြတယ်။ ။ပန်းပင်ကလေးများကို၊ အလျှင်တဆော အလောတကြီး ပွင့်စေလိုတဲ့အတွက်၊ တနေ့ထဲမှာ ရေအကြိမ်ကြိမ်လောင်း၍ ပြုပြင်သော်လည်း၊သူ့အချိန်မတန်လျှင်၊ မပွင့်ဘဲနေသလိုပေါ့။ ။အဲ-ပြဆိုခဲ့ပြီးသောအတိုင်း ပုထုဇန်ဘဝနှင့် စုတေ

သွားတဲ့အခါ၊ တုဿိတာနတ်ပြည်မှာ၊ နတ်သမီးဖြစ်သွားတယ်။ ဓမ္မဒိန္နကသိုလ်မျိုးကို အထူးသဖြင့် စိုက်ပျိုးခဲ့တဲ့အတွက်၊ အကျိုးပေးမှာလဲ၊ လွန်စွာကြီးကျယ်ပေသပေါ့။

(၁၁) တဒါ ဓမ္မကထိ ကတွာ ဟိတာယ ဇနတံ ဝရံ၊
တဘော စုတာဟံ တုဿိတံ၊ ဥပပန္နာ ယသဿိနီ၊

(၁၁) တဒါ၊ ထိုဝိပဿီ ရှင် တော် ဘု ရား ၏ လက် ထက် တော်၌၊ ဇနတံ-မဟာဇနာနံ၊ လူများအပေါင်းတို့၏၊ ဟိတာယ၊ သံသရာကောင်းကျိုး၊ ဖွံ့ဖြိုးကြီးကျယ်စိမ့်သောငှါ၊ ဝရံ၊ မြတ်လှစွာသော၊ ဓမ္မကထိ၊ တရားဟောမှု အ လုပ် ကြီး ကို၊ ကတွာ၊ ပြုလုပ်ဆည်းပူးခဲ့ပြီး၍၊ တတော၊ ထိုဘဝမှ၊ စုတာ၊ သေလွန်ချုပ်ဆုံးခဲ့လေသည့် ရှိ သော်၊ အဟံ၊ အကျွန်ုပ်သည်၊ တုဿိတံ၊ တုဿိတာနတ်ပြည်၌၊ ဥပပန္နာ၊ ဥပပတ် ပဋိသန္ဓေ တည်နေဖြစ်ပွါးခဲ့ရလေသတည်း၊ ယသဿိနီ၊ အခြံအရံအားဖြင့်၊ များပြားကျော်စော စည်းစိမ်ပေါသော နတ် သမီး သည်၊ အဟောသိ၊ ဖြစ်ခဲ့ရပါသတည်း။

အဲသည်လို တုဿိတာ နတ်ပြည်မှာ၊ နတ်တို့ချမ်းသာတို့ဖြင့် ကြီးကျယ်စွာ ခံစားပြီးတဲ့နောက်၊ သိခီဘုရားရှင် ပွင့်တော်မူတဲ့ လက်ထက်တော်သို့ရောက်တော့၊ လူ့ပြည်မှာ အမျိုးသမီးကလေး ဖြစ်လာပြန်တယ်။ ၊ဘုရားရှင် ပွင့်တော်မူတဲ့ အခါနှင့်ကြုံလို့ လူ့ဘုံသို့ ဆင်းလာတယ်လို့ ဆိုရမှာပေါ့လေ။ ၊ကုသိုလ် ဘုန်းကံ၊ ထက်သန်ကြီးမားတဲ့ ပုဂ္ဂိုလ်များမှာတော့၊ ဘုရားနှင့် ချိန်ထားသလို တွေ့ကြုံ လေ့ ရှိကြတာ ပေါ့။ ၊ဘုန်း ကံ နွဲ့ နွဲ့၊ ကုသိုလ်မဲ့တဲ့ လူများမှာတော့၊ ဘု ရား ကို တ မင် ပုန်း ရှောင်တာလို၊ ဗုဒ္ဓသာသနာနှင့်၊ အ လွန် တွေ့ ကြုံ ရ ခဲ တာ က လား၊ ဗုဒ္ဓသာသနာနှင့် တွေ့ကြုံရတဲ့ ကုသိုလ်များကို သာမန်ကလေး မမှတ်ကြပါနှင့်၊ တကယ့်ကိုမြင့်မြတ်တဲ့ ကုသိုလ်အစစ်ကြီးရယ်လို့ မှတ်တော်မူလိုက်ကြပါ၊

“ဝါသနာဘာဂီ-ဆက်ဆိုင်းဖို့” ဆိုတဲ့စကားဟာ၊ လွန်စွာမှန်သနော်၊ ဘဝတခုက စွဲသမ်းခဲ့တဲ့ ဝါသနာမျိုးဟာ၊ နောက်ဘဝတခုသို့ လိုက်ပါတတ်တယ်။ ။ထိုအမျိုးသမီးကလေးဟာ၊ သိခီမြတ်စွာဘုရား လက်ထက်တော်နှင့် ကြုံကြိုက်လို့၊ အရွယ်ရောက်လာပြန်တော့၊ လူတို့ဘောင်မှာ၊ ကာမဂုဏ်ဇာတ်မျိုးကို၊ အမြတ်တနိုးထင်လေ့မရှိဘဲ၊ စက်ဆုပ် ရွံမုန်းပြီး၊ အလုံးစုံခွါစွန့်၍ အညွန့်ဆုံးဖြစ်တဲ့ သာ သ နာတော်ဘောင်သို့ ဝင်ပြီး၊ ရဟန်းပြုပြန်တယ်။ ။ရှေးဝါသနာ အလိမ္မာရှါတ်၊ မပြတ်ဆက်သွယ်လာတဲ့အတိုင်း၊ သိခီဘုရားရှင်ရဲ့လက်ထက်တော်မှာလဲ၊ ပိဋကတ်သုံးပုံ၊ အလုံးစုံကို၊ အာဂုန်ဆောင်နိုင်တဲ့ ဘိက္ခုနီမ, ဖြစ်ပြီး၊ ဓမ္မကထိက ပုဂ္ဂိုလ်ကြီးရယ်လို့ ကျော်စောပြန်တယ်။ တရားဟောအရာမှာဖြင့် လွန်စွာထင်ရှားတဲ့ အမျိုးသမီးကလေး ပေပေါ့။ ။အသက်တိုင်းနေ၍၊ ထိုဘဝမှစုတေပြန်တော့ အရိယာအဖြစ်သို့ မရောက်သေးဟဲ့အတွက်၊ ယခင်က မိမိနေထိုင်ဘူးခဲ့တဲ့ တုသိတာနတ်ပြည်မှာပင် ဖြစ်သွားရပြန်သတဲ့။ ။ဘုရားပွင့်လို့ သာသနာ ထွန်းလင်းတဲ့အခါ လူ့ပြည်သို့လာ၊ အတန်ကြာတော့ တုသိတာနတ်ပြည်သို့ပြန်၊ အစုန်အဆန် ကွန့်မြူး၍ ပါရမီအထူးကို ဆည်းပူးနေတယ်လို့ ဆိုရမှာပေါ့နော်။ အဲသည့်အကြောင်းကို အပဒါန် ပါဠိတော်မှာ ‘သို့ကလိုဟောကြားတော်မူခဲ့ပေဘယ်။

(င) ဧကတိံသေ ဣတောကပ္ပေ၊ သိခီပိယာ သိခီဒီနော၊
တပန္တောယသသာ လောကေ၊ ဥပ္ပဇ္ဇိ ဝဒတံဝရော။

(င) ဣတော၊ ဤဘဒ္ဒကမ္ဘာမှ၊ ဧကတိံသေကပ္ပေ၊ သုံးဆဲ့တကမ္ဘာထက်၌၊ သိခီပိယာ၊ ထိန်တပြောင်ပြောင်၊ တောက်လောင်ငြီးငြီး၊ မီးသျှုံကြီးကဲ့သို့၊ လောကေ၊ သောကတခွင်ဘုံအပြင်၌၊ ယသသာ၊ ယသဂုဏ်မွန်၊ ထူးလွန်လျှံငြီး၊ ဘုန်းရောင်မီးဖြင့်၊ တပန္တော၊ ထွန်းလင်း တောက်ပတော် မူခပထသော၊

ဝဒတံ ဝရော၊ ဝါစာ၀ိလာသဂုဏ်နှင့်၊ ပြည့်စုံတော်မူသော ကြောင့်၊ တရားဟော ပုဂ္ဂိုလ်အပေါင်းတို့ထက်၊ ထွဋ်ခေါင်မှန်ကူ၊ သရဖူအစစ်ကြီး ဖြစ်တော်မူပေထသော၊ သိဒ္ဓိနေ၊ သိဒ္ဓိအမည်တော်ရှိသော ဘုရားရှင်သည်၊ ဥပ္ပဇ္ဇိ၊ ထင်ရှား ပွင့်တော်မူလေသတည်း။

(စ) တဒါ ပိ ဝဇ္ဇဖိတ္တွာန၊ ဗုဒ္ဓသာသနကောဝိဒေါ၊
ဓောတေတွာ ဇိနဝါကျာနိ၊ တတော ပိတိဒိဝံဂတာ၊

(စ) တဒါပိ၊ ထိုသိဒ္ဓိမြတ်စွာဘုရား၏ လက်ထက်တော်၌လည်း။ အဟံ၊ အကျွန်ုပ်သည်၊ ဝဇ္ဇဖိတွာန၊ ရဟန်းပြု၍၊ဗုဒ္ဓသာသနကောဝိဒေါ၊ ရှင်တော်ဘုရား ဟောကြားဆုံးမ၊ သုံးဝအမြတ်၊ ပိဋကတ်ကို၊ တတ်မြောက်လိမ္မာသည်ဖြစ်၍၊ ဇိနဝါကျာနိ၊ ရှင်တော်ဘုရား၏ စကားအမိန့်တော်တို့ကို၊ ဓောတေတွာ၊ ကိုယ်တိုင်ကြိုးစားထွန်းကားလေအောင်၊ရွက်ဆောင်အားထုတ်ပြီး၍၊ တတောပိ၊ ထိုဘဝမှလည်း၊ စုတာ၊စုတေခဲ့သည်ရှိသော်၊ တိဒိဝံ၊ တုသိတာမည်၊ နတ်တို့ပြည်သို့၊ ဂတာ၊သွားရောက်ခံစားရပါသတည်း။

ထိုနောက်တဘန်၊ဝေဿဘူမြတ်စွာဘုရား ထင်ရှားပွင့်တော်မူလာပြန်တော့၊ ဆိုခဲ့တဲ့ အမျိုးသွီးကလေးဟာ တုသိတာနတ်ပြည်ကဆင်းပြီး လူ့ပြည်သို့ရောက်လာပြန်ပါရော၊ နတ်ဘုံပေါ်က ဗုဒ္ဓသာသနာတော်ကို အမြဲကြည့်နေတာဘဲ ထင်ပါရဲ့၊ လူ့ပြည်လောကမှာ ဘုရားပွင့်ပြီဆိုမှဖြင့် သူရောက် လာတာ ချည်းဘဲ၊ ချီးလဲချီးမွမ်းထိုက်ပါပေတယ်၊ သည့်လို အဖြစ်မျိုးကို ရတို့ဆိုတာ အလွန်တရာမှ ခဲယဉ်းတာပေါ့၊

လူ့ပြည်လောကမှာ အမျိုးသွီးကလေးဖြစ်လာလို့ အရွယ်ရောက်လာတော့၊ ဆွေမျိုး မိဘချားက သူတို့ နှစ် ချိုက် တဲ့ ကာမဂုဏ်ဘွတ်ဖြင့် မလွတ်အောင်ထောင်ကြသော်လဲ ဘယ်မှာ

မိနိုင်ပမလဲ။ လူအများနှစ်ချိုက်တဲ့ ကာမဂုဏ် အစုတ်အခြံကို အယုတ်တမာကြီး ထင်နေတာကိုး။ လူဖြစ်လာတာကိုက လူတို့ဘုံမှာ ကာမဂုဏ်ခံစားလို၍လာကာမဟုတ်၊ ဘုရားဖူးရအောင် ခေတ္တကလေး နတ်ပြည်မှ ဆင်းလာတာကလား။ ကာမဂုဏ်ဖွက်တောမှာ မက်မောတဲ့လူတွေနှင့် မပေါင်းနိုင်ဘူးပေါ့။

အဲ-သို့အတွက်၊ ဝေသဘုဘုရား သာသနာမှာဘဲ ဘိက္ခုနီမပြုလုပ်ပြီး ပိဋကတ်သုံးပုံကိုဆောင်၍ လူ့ဘောင် လောကမှာ ဓမ္မကထိက အကျော်အမော်ကြီးလုပ်နေပြန်တယ်။ ။သည့်လိုဖြစ်ပုံမှာ အလွန်နေရာကျတာဘဲနော်။ အမျိုးသမီးကလေးများ အားကျဘို့အလွန်ကောင်းပေသပေါ့။ ။သို့ရာတွင် ကာမဂုဏ်ခင်မင်၍ အတုမြင်အတတ်သင်ဘို့ အားကိုးပြီး၊ အမျိုးမျိုးချယ်လယ်လျက်၊ တင့်တယ်အောင်ဖန်းပြနေကြတဲ့ အမျိုးသမီးများမှာတော့၊ အားကျဘို့နေနေသာသာ စောစောစီးစီးက ကာမဂုဏ်ထိကြီးပေါက်ရအောင် နေ့ရှိသလောက် ကြိုးစားရလွန်းလို့ မအားနိုင်အောင်ရှိကြသပေါ့။

အဲ-ဝေသဘူ မြတ်စွာဘုရား လက်ထက်တော် မှာလဲ၊ သာသနာဘောင်သို့ဝင်ပြီး ရဟန်းပြုကာ ဓမ္မကထိကပုဂ္ဂိုလ်ကြီးအဖြစ်နှင့် အမှုတော်ကို ထမ်းပြန်ပါရော။ အလွန် အစွမ်းကောင်းတဲ့ အမျိုးသမီးကလေးပေဘဲ။ ။ထိုဘဝက စုတေပြန်တော့၊ မိမိအမြစ်ပျော်ရာ တုသိတာနတ်ပြည် ပြန်သွားသတဲ့။ အရိယာအဖြစ်သို့ မရောက်သေးတော့ ဘုံဘဝမျိုးကို မလွန်မြောက်နိုင်ဘူးပေါ့လေ။ ။တုသိတာဘုံဟာ အမျိုးသမီးကလေး အမြဲနေထိုင်တဲ့ ကိုယ်ပိုင်အိမ်ကြီးလိုဖြစ်နေသတဲ့။ နတ်ပြည်မှာ ကိုယ်ပိုင် ဘုံဗိမာန်ကြီး ရှိနေတယ်ဆိုတော့ သံသရာမှာ လွန်စွာအကဲရောက်သပေါ့လေ၊ အပါယ်လေးပါးကို မကြောက်ရတော့ဘူး။ ။အဲသည့်အကြောင်းကို အပဒါန် ပါဠိတော်မှာ သို့ကာလို ဟောကြားတော်မူခဲ့ပေတယ်။

(၁၀) ကောဏ္ဍိန္နော ကပ္ပမှိ၊ ဝေဿဘူနာမ နာယကော၊
ဥပ္ပဇ္ဇိတ္ထ မဟာညာဏီ၊ တဒါပိစ တထေဝဟံ၊

(၁၀) ကောဏ္ဍိန္နကပ္ပမှိ၊ လွန်ခဲ့သော သုံးဆဲ့တကမ္ဘာ၌ ပင်လျှင်၊မဟာညာဏီ၊ ထက်မြက်ကြီးကျယ်၊ဉာဏ်စွယ်ကွန့်မြူး၊ အထူးသိမြင်တော်မူလေ့ရှိပေသော၊ ဝေဿဘူနာမ၊ ဝေဿဘူ အမည်တော်ရှိသော၊ နာယကော၊ လူတို့၏ရှေ့သွား၊ ရှင်တော်မြတ်ဘုရားသည်၊ ဥပ္ပဇ္ဇိတ္ထ၊ ပွင့်တော်မူလေသတည်း၊ တဒါပိ၊ ထိုဝေဿဘူဘုရား လက်ထက်တော် အခါ၌လည်း၊ အဟံ၊ အကျွန်ုပ်သည်၊ တထေဝ၊ ထိုရှေးဘုရားတို့ လက်ထက်တော်မှာကဲ့သို့၊ပဗ္ဗဇိံ၊ရဟန်းပြုခဲ့ပေသတည်း၊

(၁၁) ပဗ္ဗဇိတွာ ဓမ္မဓရာ၊ ဓာတယိံ ဇိနသာသနံ၊
ဂတ္တွာ မရုပုရံ ရမ္မံ၊ အနုဘောသိံ မဟာသုခံ၊

(၁၁) အဟံ၊အကျွန်ုပ်သည်၊ ပဗ္ဗဇိတွာ၊ ရဟန်းပြုပြီးသော်၊ ဓမ္မဓရော၊ပိဋကတ်သုံးပုံ၊အလုံးစုံကို အကုန်ဆောင်နိုင်သည်ဖြစ်၍ ဇိနသာသနံ၊တွက်ရေသုံးရပ်၊ အမြတ်ထွတ်ခေါ်ခြာ၊ သာသနာကို၊ ဓာတယိံ၊ဟောကာ ပြောကာ၊ထိန်ထွန်းဝါအောင်၊ကောင်းစွာ ရွက်ဆောင်ခဲ့ပါသတည်း၊ ဝုတ္တာ၊ထိုဘဝမှ စုတေခဲ့သည်ရှိသော်၊ရမ္မံ၊ ချမ်းသာအားလုံးဖြင့်၊ ပြီးရအောင် ပျော်မွေ့ဘွယ် ကောင်းလှသော၊မရုပုရံ၊ဘုံတုသိတာ၊ရတနာကြငှန်း၊ ဗိမာန်နန်းသို့၊ဂတ္တွာ၊သွားရောက်ဖြစ်ပေါ်လေ၍၊ မဟာသုခံ၊ အတိုင်းမသိ၊အနှိုင်းမရှိ၊အဓိပတိ စည်းစိမ်ချမ်းသာကို၊ အနုဘောသိံ၊ တရားပြောဟောလျက်၊တသောသော ခံစားခဲ့ရပါသတည်း၊

တဘန် ထို့နောက်၊ယခု ဘဒ္ဒကမ္ဘာသို့ ရောက်တော့၊ ကဿပ သန် ရှင်တော်ဘုရား၊လောကသုံးပါး ထင်ရှားစွာ ပွင့်တော်မူလာပြန်တယ်၊ ၊သည်အခါကျပြန်တော့၊ ဆိုခဲ့တဲ့ နတ်သွီးကလေးဟာ၊ တုသိတာ နတ်ဘုံကဆင်းပြီး အမျိုးသွီးကလေး

ဖြစ်လာပြန်ပါရော။ဝိပဿီ မြတ်စွာဘုရား လက်ထက်တော်က စ၍၊ ဘုရားပွင့်ပြီဆိုမှဖြင့်၊ သူရောက်လာတာချည်းဘဲ။ ဘုရားပွင့်တော်မူတဲ့အခါ၊ သူမပါလျှင်၊ မပြီးသလို ဖြစ်နေတာပေါ့။ ပိဋကတ်ကျမ်းဂန်မှာ၊သူလို ဘုရားနှင့် တွေ့ဘန်များတဲ့ ဝတ္ထုဟာ၊ လွန်စွာရှားသပေါ့။နတ်ဘွီး,နတ်သားတွေကဖြင့် သူ့အရိပ်အဆင်ကို ကြည့်နေကြတာဘဲ။ တုသိတာနတ်ဘုံက စုတေ၍၊ လူ့ပြည်ကိုဆင်းပြီဆိုလျှင်၊ စိတ်သာချတော့၊ဒီမှ ဘုရားပွင့်တာ အမှန်ဘဲလို့၊အမှတ်အသား ထားကြသတဲ့။

ကက္ကုသန် မြတ်စွာဘုရားလက်ထက်တော်မှာလဲ၊ ရှေးနည်းတူစွာ၊သာသနာဘောင်သို့ဝင်ပြီး၊ ရဟန်းပြုပြန်တယ်။ ရဟန်းပြုပြီးတော့ ပိဋကတ် သုံးပုံနှင့်တကွ၊ ဗဟုသုတ အမျိုးမျိုးကို ဆောင်ပြီး၊ဓမ္မကထိက ပုဂ္ဂိုလ်ကြီး လုပ်နေပြန်ပါရော။ တရားဟော ဝါသနာထုံပုံက၊ဓမ္မာရုံဆိုတဲ့ တရားသဘင်မှာ၊ အစဉ်မပြတ် ဟောနေတာပေါ့လေ။ဝိပဿီ မြတ်စွာဘုရားလက်ထက်တော်ကစပြီး၊ ဘုရားပွင့်တိုင်း, ပွင့်တိုင်း သူဟောလိုက်ထာ၊ အမျိုးဘွီးပေါင်း များစွာ အကျွတ်တရား ရကြသတဲ့။ ဓမ္မဒါနကုသိုလ်တော်ကြီးဟာ၊သူ့သန္တာန်မှာအမြဲကိန်းအောင်းနေတာပေါ့လေ။ ။တရားဟောခြင်းဆိုတဲ့ ဓမ္မဒေသနာ ကုသိုလ်ကို လက်ကိုင်ထားပြီး။ ပါရမီ ရင့်အောင်ဖြည့်ဆည်းပူးနေတော့ဟာဘဲ။ ။ကုသိုလ်တကာ့ ကုသိုလ်ဟာ၊ဓမ္မဒါနဆိုတဲ့ ကုသိုလ်က အကြီးဆုံး အမြတ်ဆုံးမို့၊ သည်ကုသိုလ်မျိုးကို လက်ကိုင်ပြုထားတယ်ဆိုတော့၊အထူးပြောဘို့မလိုပါဘူး။ ပါရမီရင့်ချင်တိုင်း ရင့်နေတာပေါ့။ ။သူ့ပါရမီဖြည့်ပုံဟာ၊ တယ်ချမ်းသာတယ်နော်။နတ်ပြည်မှာ အမြဲလိုလိုတည်နေပြီး၊ဘုရားပွင့်တော်မူတဲ့အခါ၊လူ့ပြည်သို့ လာလာပြီး၊တကဲ့အချက်ကိုကိုင်၍ ပိုင်ပိုင်ကြီး ကြိုးစားလိုက်တော့တာဘဲ။

ဆဲသည်ဘဝမှ အသက်ဆုံးသည်တိုင်အောင်၊ သာသနာတော်အကျိုးကို ရွက်ဆောင်ပြီး၊စုတေသွားပြန်တော့၊ မိမိကိုယ်ပိုင်လို့

ဆိုရတဲ့၊တုသိတာနတ်နန်းသို့ ပြန်မြန်းလို့ ခံစားပြန်တော့တာ ဘဲတဲ့။ ။ဆဲသည့်အကြောင်းကို၊ အပဒါန် ပါဠိတော်ကြီးမှာ၊ သို့ကလို ဟောကြားတော်မူခဲ့ပေဘယ်။

(၈) ဇုမမှိ ဘဒ္ဒကေ ကပ္ပေ၊ ကဿပဿ မဟေသိနော။ ဥပဋ္ဌိနရသရဏော၊ တဒါပိစ တထေဝဟံ။

(၈) ဘဒ္ဒကေ။ ကမ္ဘာအပေါင်းကို့တွင် အကောင်းဆုံးဟု ဆိုအပ်သော၊ဇုမမှိကပ္ပေ၊ဤဘဒ္ဒကမ္ဘာ၌။ မဟေသိနော။တုဘက် ပြိုင်ကင်း၊ တရားမင်းအစစ် ဖြစ်တော်မူသော။ နရသရဏော။ လူနတ်ပြဟ္မာ သတ္တဝါတို့၏၊ အားကိုးရာကြီးလည်း ဖြစ်တော်မူ ပေထသော။ကဿသန္တော။ကဿပသန်မြတ်စွာဘုရားသည်၊ဥပ္ပဇ္ဇိ၊ ပွင့်တော်မူလေ၏။ တဒါပိစ။ ထိုကဿပသန် မြတ်စွာဘုရား၏ ရွှေလက်ထက်တော်၌လည်း။ တထေဝ။ ထိုရှေးနည်းအတူပင် လျှင်။အဟံ၊အကျွန်ုပ်သည်၊ပဗ္ဗဇိံ၊ရဟန်းပြုခဲ့ရပေသတည်း။

(၉) ပဗ္ဗဇိတွာ မနိမတိံ၊ဇောတယိတွာ ယထာယုကံ။ တတောစုတာဟံ တိဒိဝံ၊ အဂံ သဘဝနံ ယထာ။ ။

(၉) ပဗ္ဗဇိတွာ။ ရဟန်းပြုပြီးသော်။ ယထာယုကံ။ ဘဝ တုံး၍၊အသက်ဆုံးသည့်တိုင်အောင်။မနိမတိံ။ ရှင်တော်ဘုရား၏ အလိုတော်ကျ။ သုံးဝသာသနာ၊ မိန့်ခွဲဗျာကို။ ဇောတယိတွာ။ လူတို့ဘောင်ဝယ်။ တပြောင်ပြောင် ထွန်းပစေပြီး၍။ တတော။ ထိုဘဝမှ။ စုတာ။ သက်တမ်းစေ့၍၊ လျှော ရွေ့ စု တေ ခဲ့ သည် ရှိသော်။သဘဝနံယထာ။ မိမိကိုယ်ပိုင်ဘုံကြီးသဘွယ်ဖြစ်သော။ တိဒိဝံ။တုသိတာနန်း၊နတ်ကြဋ္ဌနန်းသို့။အဂံ-အဂစ္ဆိံ။သွားရောက် ခံစားခဲ့ရပြန်ပါ သတည်း။

(မှတ်ချက်။ ။ဤဂါထာမှာ-"သဘဝနံယထာ" ဟူသော ပုဒ်ဖြင့်၊ တုသိတာနတ်ပြည်သည်၊ ကိုယ်ပိုင်ဘုံကြီးဖြစ်ကြောင်း ကို ပြဆိုသည်။ ။ဤကဲ့သို့ကိုယ်ပိုင် ဘုံဗိမာန်ရှိသောသူသည်၊ အနမတဂ္ဂသံသရာမှာ လွန်စွာရှားလှ၏)။

ကဲ-ကဲ-လာပြန်တော့မယ်။ ဘုရားဖြစ်တိုင်း သူကိုယ်တိုင် လူ့ဘုံသို့ လာလာပြီး၊ ဖွားတော်ထွက်နေတာချည်းဘဲ။ ။ထိုနောက် တဘန် ယခုဘဒ္ဒကမ္ဘာမှာ၊ ကောဏာဂုံ မြတ်စွာဘုရားထင်ရှားပွင့်တော်မူပြန်တော့ ဆိုခဲ့တဲ့ နတ်သမီးဟာ၊ လူ့ဘုံလာပြီး၊ အမျိုးသမီးဖြစ်ပြန်ပါရော။ ။ယခုလောကမှာ၊ ဘုရားပွဲရှိတိုင်း လိုက်နေတဲ့ မိန်းမများလို၊ သည်အမျိုးသမီးဟာလဲ၊ ဘုရားပွင့်တိုင်း သူပါတာချည်းဘဲ၊ ဘုရားပွဲကို အမြဲလိုက်နေတဲ့ အမျိုးသမီးရယ်လို့ ဆိုချင်လဲဆိုကြပေတော့။ ။သို့ရာတွင် သူဘုရားပွဲ လိုက်ပုံက၊ ယခုကာလ အချို့မိန်းမများ ပျော်ပျော်ပါးပါးရှိအောင်ဘုရားပွဲ လိုက်ထဲမျိုးလို မဟုတ်ပေဘူး၊ ပိဋကတ်သုံးပုံကို တတ်အောင်သင်ပြီး၊ တရားဟောအလုပ်နှင့် ရှင်တော်ဘုရား၏ သာသနာကို၊ မိန်းမတို့အစွမ်းဖြင့်၊ ကူညီတဲ့ ဘုရားပွဲလိုက်တယ်လို့ မှတ်ကြရမယ်။

ကောဏာဂုံ မြတ်စွာဘုရား၏ ဖွဲ့လက်ထက်တော်မှာလဲ။ အရွယ်ရောက်တဲ့အခါ၊ သာသနာ့ဘောင်သို့ဝင်ပြီး ရဟန်းပြုပြန်တယ်။ ။ရဟန်းပြုပြီး အကျင့်သိက္ခာပြည့်စုံစွာနှင့် သုံးဖြာသော ပိဋကတ်ကို၊ တတ်အောင်သင်ကြားပြီး၊ တရားဟောပုဂ္ဂိုလ်ကြီး လုပ်ပြန်တာပေါ့။ ။ဝါသနာစရိုက်ဟာ အလွန်ခံတတ်လိုက် ထာဘဲနော်။ သက်တော်ထင်ရှား၊ မြတ်စွာဘုရားရှိတော်မူတုန်း အခါမှာ၊ သာသနာဝန်ကိုထမ်းပြီး။ ရဟန်းအဖြစ်နှင့် တရားဟော၍ သာသနာပြုရတယ်ဆိုတာ၊ လွန်စွာကြက်သရေရှိတာ ပေါ့၊ လူနတ်ဗြဟ္မာသတ္တဝါအပေါင်းတို့ သောင်းသောင်းဖြဖြ ကြည်ညိုကြတယ်၊ ။ထိုဘဝမှာ၊ တသက်ပတ်လုံး သာသနာ ထွန်းကားအောင် ရွက်ဆောင်ပြီး၊ စုတေဘဲ့အခါ သူစံရာဖြစ်တဲ့ ကိုယ်ပိုင်ဘုံနန်းသို့ ကြွလှမ်းစံမြန်းတော်မူပြန်တာပေါ့၊ အလွန် အားကျဘို့ ကောင်းတဲ့ ဝတ္ထုဘဲနော်၊ အမျိုးသမီးများ သည်ဝတ္ထု ကို အားကျလိုက်ကြစမ်းပါ၊ ။ဤသည် အကြောင်းကို၊ အပဒါန် ပါဠိတော်မှာ သို့ကလိုဟောကြားတော်မူခဲ့ပေသတည်း၊

(ည) ဋ္ဌမသိဒ္ဓိယော၀ ကပ္ပမ္ဟိ၊ ကောဏာဂမန နာယကော။
ဥပ္ပဇ္ဇိ ဘာဒိပ၀ရော၊ ဝိမောက္ခ ပဒဓေသကော။ ။

(ည) ဋ္ဌမသိဒ္ဓိယော၀ ကပ္ပမ္ဟိ။ ဤဘဒ္ဒကပ်ကမ္ဘာ၌ ပင်လျှင်၊ ဝိမောက္ခပဒဓေသကော၊သံသရာ၀ဋ်၊ ကျွတ်လွတ်ရာမှန်၊ နိဗ္ဗာန်တရား၊ဟောကြားညွှန်ပြတော်မူပေထသော၊ပစရော၊ တုပြိုင်သူကင်းလွတ်၍၊ အထွန်ဆုံး၊ အမြတ်ဆုံးလည်း ဖြစ်တော်မူပေထသော၊ တာဒိ၊ လောကဓံအာရုံတို့ကြောင့် တုန်လှုပ်ခြင်းမရှိ၊ ပကတိတည်ခိုင်၊ ကျောက်မဏ္ဍိုင်ကြီးသဘွယ်လည်း ဖြစ်တော်မူပေထသော၊ ကောဏာဂမနနာယကော၊ကောဏာဂုံမြတ်စွာဘုရားသည်၊ လောကေ၊ လောကတခွင်၊ ဘုံအပြင်၌၊ ဥပ္ပဇ္ဇိ၊ အခွင့်လျော်၍၊ ပွင့်တော်မူလေသတည်း။

(ဋ) တဒါပိ ပဗ္ဗဇိတွာန၊ သာသနေ ဘာသဘာဒိနော၊
ဗဟုဿုတာ ဓမ္မဓရော၊ ဓောတယိ ဇိနသာသနံ။

(ဋ) တဒါပိ၊ထိုအခါ၌လည်း၊တာသတာဒိနော၊ထိုရှင်တော်မြတ်ဘုရား၏၊ သာသနေ၊ သာသနာတော်မြတ်ကြီး အတွင်း၌၊ ပဗ္ဗဇိတွာ၊ ရဟန်းပြု၍၊ ဗဟုဿုတာ၊အကြားအမြင်နှင့် ပြည့်စုံသည်ဖြစ်၍၊ ဓမ္မဓရော၊ပိဋကတ်သုံးဖြာကို ဆောင်နိုင်သည်ဖြစ်၍၊ ဇိနသာသနံ၊ ငါးမာရ်အောင်မြင်၊ ချစ်ရှင်ညွှန်ပြ၊ ဆုံးမဩဝါဒ၊ သာသနာကို၊ ဓုဟံ၊ အကျွန်ုပ်သည်၊ ဓောတယိ၊ ဟောကာပြောကာ၊ထိန်ထိန်ဖြာအောင်၊ကောင်းစွာ ပြုစုခဲ့ပေသတည်း။

အဲ-ပြဆိုခဲ့ပြီးသောအတိုင်း၊ကောဏာဂုံဘုရားရှင်၏ သာသနာတော်မှာ တသက်ပတ်လုံး ဘိက္ခုနီမအဖြစ်ဖြင့်၊ တရားဟောပြောကာ၊ သာသနာတော် အရောင်ကို၊ ထွန်းပြောင်အောင်ကြိုးစားပြီး၊အသက်အတိုင်းနေ၍၊စုတေသွားတဲ့အခါ၊ ရှေးနည်းအတိုင်းပါဘဲ လူ့ဘုံမှာ မဆိုင်းတော့ပါဘူး၊တုဿိတာနတ်ဘုံသို့ သွားပြီး နတ်စည်းစိမ်များကိုခံစားပြန်တယ်။

ကဲ-တဘန် လာပြန်ခုံးတော့မယ်။ ။ဤ ဘ ဒ္ဒ က ကမ္ဘာ မှာ၊ သုံးဆူမြောက်ဖြစ်တဲ့၊ကဿပ ရှင်တော်ဘုရား၊ ထင်ရှားပွင့်လာပြန်တော့၊လားလား မယ်မင်းကြီးမ တုဿိတာ နတ်ဘုံက ဆင်းပြီး၊လူ့ ပြည်မှာ အမျိုးသမီးဖြစ်လာပြန်ပါရော။ ဘုရားပွင့်တော်မူ မယ်လှျှဆိုလျှင်၊ အရင်တင်ကြို ပြီး သိနေတာပေါ့လေ။ ¦ ။ဆဲသည့် ကဿပ ရှင်တော်ဘုရား၏ လက်ထက်တော်အခါမှာလဲ၊အမျိုးသမီးဖြစ်၍ အရွယ်သို့ရောက်လာတော့၊ရှေးဦးစွာ ကုမ္ဗာရီဖြူပွစရိယ အကျင့်ကို ကျင့်သုံးပြီး၊ နောက် အဘန်ကလေး ကြာတော့၊ သာသနာတော်ဘောင်သို့ဝင်ပြီး၊ဘိက္ခုနီမကြီး ပြုလုပ်သွားပြန် ပါရော။ ။ရဟန်းပြုတာ ဘယ်နှစ်ခါရှိပလဲ။ ဝိပဿိဘုရား လက်ထက်တော်က စပြီး၊ကဿပဘုရား လက်ထက်တော်တိုင်အောင်၊ ခြောက်ခါ ရှိရောပေါ့လေ။

ဩြဗ်- အကြောင်းစပ်မိလို့ ဘော် ပြ ရန် အံ့ ချက် တ ခု က သည့်လိုတဲ့။ ။ကဿပ ရှင်တော်ဘုရား လက်ထက်တော်မှာ၊ အပျိုကညာတွေဟာ၊ ငယ်ဖြူစင်စစ်နှင့်၊ ကုမ္ဗာရီ ဖြူပွစရိယ ဆိုတဲ့ အကျင့်ကို အများအပြား လိုက်စားကျင့်ကြံလေ့ရှိသတဲ့။ ။ဘာကြောင့်လဲဆိုတော့၊ဘုန်းတော် အလွန်တရာ ကြီးမြတ်တော်မူလှသော၊ ကိကီမင်းကြီး၏၊ သမီးတော် ၇-ပါးက ထိုအကျင့်မျိုးကို ရှေးဦးစွာ ကျင့်လိုက်ကြတော့၊ ဂုဏ်ရှိသူက ´အစ လမ်းထွင်လိုက်တဲ့အတွက်ကြောင့် မှူးမတ်သမီး၊ သူဌေးသမီးမှစ၍၊ အမျိုးကောင်းသမီးတွေဟာ၊ ဘုရင့် သမီးတော်ကြီးတို့ နည်းကို အတုခိုးပြီး၊ အမျိုးမျိုး အားကျ၍၊ သူ့ထက်ငါ ကျင့်ကြသတဲ့။ သည်အခါတုံးက၊ ''အဝိုးဆိုမ်ယင်ဖို့မှ မသာန်းရ'' ဆိုတဲ့ ကုမ္ဗာရီဖြူမ္ဗစရိယမျိုးကို ကျင့်ပြီး၊အသက်ဘက်ဆုံး နေသွားကြတဲ့ အပျိုကြီးတွေ လွန်စွာများသတဲ့။ သည့်ခေတ်မျိုး တွန်းကားလျှင်၊ အမျိုးသမီးကလေးတွေမှာ၊ အိမ် ထောင် ရေး ဒု က္ခ ကင်း ပြီး၊ ရှင်းလင်းလွတ်လပ်စွာနှင့်၊ချမ်းသာခြင်းဆိုတဲ့အခွင့်၊အများကြီး လမ်းပွင့်ကြမှာဘဲနော်။

ကဿပမြတ်စွာဘုရား၏ လက်ထက်တော်အခါတုံးက၊ ဘုရင့်သွီးတော်ကြီး ၇-ပါးသာ၊ ထင်ရှားစွာ နာမည်ထွက်ကြတယ်၊ သည်ကျင့်ပုံမျိုးကိုကျင့်ကြံကြတဲ့ အမျိုးသွီးတွေလဲ အများကြီး ရှိကြသတဲ့၊ လောကမှာ ဂုဏ်ကြီးတဲ့ ပုဂ္ဂိုလ်ဆိုတာ နာမည်ကျော်စမြဲပေပေါ့။

ဆိုခဲ့တဲ့ အမျိုးသွီးကလေးဟာ၊ ကဿပ ရှင်တော်ဘုရား၏ သာသနာကို၊ ဘိက္ခုနီမအဖြစ်ဖြင့်၊ ထွန်းကားအောင် ပြုရတယ်။ ပိဋကတ်သုံးပုံကို ဆောင်ပြီး၊ သီလကျင့်ဝတ်ကိုလဲ၊ ဆွတ်ဆွတ်ပြူဖွေး၍ မှုံမွှေးမတင်အောင် ကျင့်သုံးတယ်။ ။သာသနာတော်ရေးနှင့် မေးမြန်းသမျှသော ပုစ္ဆာများကိုလဲ၊ ပြတ်သားရှင်းလင်းအောင် ဖြေကြားတယ်။ နဂိုက ဝါသနာပါရင်းအတိုင်း၊ ဓမ္မဒေသနာဆိုတဲ့ တရားဟောအလုပ်ကိုလဲ၊ အမြဲအားထုတ်တာပေါ့။ ။ကဿပဘုရား လက်ထက်တော်မှာ၊ ပါရမီကလဲ အံပုံကြီး ရင့်လာတဲ့အတွက်၊ ဈေးဈေးဘဝတို့ကထက်၊ ဉာဏ်ပညာ ထက်မြက်တယ်။ ။အဲ-သို့ကလို အသက်ဆုံးသည့်တိုင်အောင်၊ သာသနာတော်ကိစ္စများကို ရွက်ဆောင်ပြီး အသက်တမ်းကုန်တော့၊ နတ်ဘုံသို့ သွားရောက်ပြီး၊ နတ်သွီးအဖြစ်နှင့် ခံစားစံစားပြန်တယ်။ တုသိတာ နတ်ဘုံမှာ၊ အဘန်တရာ တေအောင်၊ ခံစားနေတဲ့ နတ်သွီးတဦးပေပေါ့။ ရံခါရံဘန်၊ တာဝတိံသာ နတ်ပြည်မှာလဲ ဖြစ်သေးသတဲ့။ ။အဲသည့် အကြောင်းကို၊အပဒါန်ပါဠိတော်မှာ သို့ကလို ဟောကြားတော်မူခဲ့ပေသတည်း။

(၄) ဣမမှိ ဘဒ္ဒကေ ကပ္ပေ၊ ဗြဟ္မဗန္ဓု မဟာယသော။
ကဿပေါ နာမ ဂေါတ္တေန၊ ဥပ္ပဇ္ဇိ ဝဒတံ ဝရော။ -- *[see note]*

မြှိုရာ အစစ်ကြီး လည်း ဖြစ် တော် မူ ပေ ထ သော။ လောကနာယကော။ တလောကလုံး၏ ရှေ့ဆုံး လမ်းညွှန် ကြီး လည်း ဖြစ်တော်မူပေထသော၊ ပုရိသုတ္တမော။ယောကျ်ားတကာတို့၏ အထွဋ်၊ တုယှဉ်မှန်ကျူ၊ သရဖူလည်း ဖြစ်တော်မူပေထသော၊ ကဿပေါ။ ကဿပမြတ်စွာဘုရားသည်၊ဥပုဒ်။သစ္စာလေးဆင့်၊ ငွါးငွါးစွင့်၍၊ပွင့်တော်မူလေသတည်း။

(၂) တဿာပိ နရပိရဿ။ ပဗ္ဗဇိတွာန သာသနေ။
ပရိယာပုဋသဒ္ဓမ္မာ၊ ပဋိပုစ္ဆာ ဝိသာရဒါ။

(၂) အဟံ။ အကျွန်ုပ်သည်၊ နရပိရဿ။ လူတို့မှန်ကင်း၊ ရဲဗိုလ်မင်းကြီး ဖြစ်တော်မူသော။ တဿ။ ထိုရှင်တော်မြတ်ဘုရား၏၊ သာသနေ။ သာသနာတော်အတွင်း၌။ ပဗ္ဗဇိတွာန။ ရဟန်းပြု၍၊ ပရိယာပုဋသဒ္ဓမ္မာ၊ သူတော်ကောင်းတို့၏ တရားသုံးပါးအမြတ်၊ ပိဋကတ်ကို၊ ကမ်းခတ်အောင် တတ်မြောက်ခဲ့သည့်ဖြစ်၍။ ပဋိပုစ္ဆာဝိသာရဒါ၊ အမေးအဖြေနှင့် ကြိုလျှင်။ အာဂုမ်ကဲမြင့်၊ပွဲလယ်တင့်အောင်၊ရဲရင့်ခဲ့ပါသတည်း။

(၃) သုသီလာ လဇ္ဇိနီစေဝ။ တိသုသိက္ခာသု ကောဝိဒါ။
ဗဟုံ ဓမ္မကထံ ကတွာ၊ ယာဝဇီဝံ မဟာမုနေ။

(၃) မဟာမုနေ၊ ဒို-ရှင်တော်မြတ်ဘုရား၊ အဟံ၊အကျွန်ုပ်သည်၊တဒါ။ထိုကဿပရှင်တော်ဘုရား၏သာသနာ၌၊ယာဝဇီဝံ၊ အသက်ထက်ဆုံး။ ဗဟုံ။ အကြိမ်ပေါင်း များစွာ။ ဓမ္မကထံ၊ ပရိသတ်ပွဲခွင်ဝယ်၊ အထင်အရှား၊ တရားဟောခြင်း ကိစ္စကို။ ကတွာ။ သာသနာတော် ထွန်းကားအောင်၊ ရွက်ဆောင်ပြုရခဲ့သည့်ဖြစ်၍၊ တိသုသိက္ခာသု၊ သီလ,သမာဓိ,ပညာ,သိက္ခာသုံးပါး ကျင့်ဝတ်တရားတို့၌။ ကောဝိဒါ။ သူထက်သာအောင်၊ လိမ္မာကျွမ်းကျင်ခဲ့ပေ၏၊သုသီလာစ။ စိန်သားအတူ ဘော်ငွေကြွခဲ့သို့ စင်ဖြူသော အကျင့်သီလနှင့်လည်း ပြည့်စုံခဲ့ပါ၏။ လဇ္ဇိနီစေဝ။

မကောင်းမှုကို၊ ပြုရန်အတွက်၊ အရှက်ကြီး ရှက်ခဲ့သည်လည်း။ အဟောသိ ။ ဖြစ်ခဲ့ပေသတည်း။

ကဲ-ပြဆိုခဲ့တဲ့ အမျိုးသမီးကလေးဟာ၊ ဘဝ ဇာတ်သိမ်း၍ ချုပ်ငြိမ်းတဲ့ နိဗ္ဗာန်သို့ ဆိုက်ရောက်ရှာတော့မယ်။ ကျွတ်တမ်းဝင် ပုံ များ ဟာ လွန် စွာ လွယ် ကူ ကြောင်း ကိုလဲ ကောင်း စွာ သိရော့ပေါ့။

ဘုန်းတော်မကိုင်ရ ဆောင်းစိုက်လွှမ်းမိုး၊ သာကီဝင်မျိုး ဖြစ်တော်မူတဲ့ ဂေါတမ ရှင်တော်ဘုရား ထင်ရှား ပွင့်တော်မူတဲ့ အခါကျတော့ နောက်ဆုံးဘဝအနေအားဖြင့် အမျိုးသမီးကလေးဟာ ရာဇဂြိုဟ်ပြည်မှာဖြစ်ပေါ်၍လာတယ်။ သည်အခါ နောက်ဆုံး ပေါ့လေ။

ရာဇဂြိုဟ်ပြည်မှာ ပစ္စည်းဥစ္စာလွန်စွာ ကြွယ်ဝတဲ့ ဂဟပတိ မဟာသာလ အမျိုးမှာ ဝင်စား၍ ထူးခြားစွာ ဘွားမြင်၍ ဖြူစင်သန့်ရှင်းတဲ့ အဆင်းအရေနှင့် ပြည့်စုံသတဲ့။ အဲ-သို့ကလို ဖြူစင်သန့်ရှင်းတဲ့အတွက် ''သုက္ကာ''ရယ်လို့ မိဘကအမည်ပေး ကြတယ်။ မြန်မာလိုပြန်လျှင် ''ခင်ဖြူ''ရယ်လို့ ခေါ် ရ မှာ ပေါ့လေ။

သုက္က-သဒ္ဒါက ဖြူစင်ခြင်းအနက်၊ သောက်ကြာကြယ် ဟူ သော အနက်မှစ၍ အနက်ပေါင်းများစွာကို ဟောခဲ့ရာ။ သည် နေရာမှာတော့၊ ဖြူစင်သန့်ရှင်းခြင်းအနက်၊ သောက်ကြာကြယ် ဟူသော အနက်များကို ဟောတယ်လို့ မှတ်ကြရမယ်။

သတို့သမီး ကလေးရဲ့ မျက် လုံး က အ မြဲ မ ပြတ် ကြည် ပြုံး ၍ သောက်ကြာကြယ်ကြီးနှင့်တူသတဲ့။ အဲ-သို့ကြောင့်လဲ''သုက္ကာ'' ရယ်လို့ အမည်ပေးကြတယ်၊ သောက်ကြာကြယ်နှင့် တူတဲ့ မျက်လုံးဟာ လောကမှာ လွန်စွာ အဘိုးတန်တာပေါ့။

အဓိပ္ပါယ်တနည်းကြံဘို့ရှိပြန်တာကတော့၊ သုက္က-သဒ္ဒါက သောက်ကြာနေ့ကိုလဲ ဟောပြန်တယ်။ဆိုခဲ့တဲ့အမျိုးသမီးကလေး ဟာ သောက်ကြာနေ့ဘွားမြင်လို့ ''သုက္ကာ'' ဆိုတဲ့ အမည်ကို

မှည့်လေရော့သလားလို့ တွေးတောဘွယ် ရှိသေးတယ်။ သို့ရာတွင် ဖြူစင်တဲ့ အတွက်ကြောင့် ''သုဇာတာ-ခင်ဖြူ'' ရယ်လို့အမည်ပေးတယ်လို့သာ၊မှတ်လိုက်ကြပေတော့။

ခင်ဖြူဆိုတဲ့ အမျိုးသမီးကလေးဟာ၊သာသနာတော်နှင့်ချိန်ပြီး နတ်ပြည်မှဆင်းသက်လာခဲ့ရာ၊ သည်တခါ နောက်ဆုံး အကြိမ်ပေါ့။ အဆုံးဘဝ ဆိုလိုတာပေါ့လေ။ ဘုရားပွင့်တိုင်း ပွင့်တိုင်း နတ်ပြည်မှ လူပြည်သို့ ဆင်းဆင်းပြီး၊ ဘု ရား ပွဲ လိုက် နေ တဲ့ အ မျိုး သမီး က လေး ဟာ။ ယ ခု မြတ် စွာ ဘု ရား သာသနာမှာ ကျွတ်တမ်းဝင်တော့မှာမို့။ နောက်တဘန် ဘု ရား ပွဲ လိုက် ဘို့၊ ဘုရားမျှော်ဘို့အလုပ် မရှိတော့ဘူးပေါ့။ အရိမေတ္တေယျဘုရား၊ ထင်ရှားပွင့်တော်မူတဲ့အခါ၊ သူ့ပါဘို့အခွင့်မရှိရှာတော့ဘူး။

နောက်ဆုံးဘဝမှာမို့။ကုသိုလ်အမျိုးမျိုးက၊အကျိုးထွတ်ပေးတဲ့ အတွက်၊ ဘယ်ဘက်ကမှ လိုလေသေးတယ်လို့မရှိဘဲ။ အဆင်းနှင့် လဲ ပြည့် စုံ တယ်။ စည်းစိမ်ဥစ္စာ ရ တ နာ ရွှေ ငွေ၊ ခြွေ ရွေ ပရိသတ်နှင့်လဲ ပြည့်စုံတယ်။အမျိုးဇာတိဂုဏ်နှင့်လဲ ပြည့်စုံတယ်။ အသိအလိမ္မာ ဉာဏ်ပညာဆိုတော့၊ ပါရမီရင့်သန်ပြီးမို့၊ အကြီးအကျယ်ပြည့်စုံတော့တာပေါ့။ ။တရားဟောဝါသနာ၊ နဂိုဓါတ်စရိုက်ပါလာတဲ့အတိုင်း ငယ် ရွယ် စဉ် က စ ပြီး၊ သူ တ ပါး ကို တရားဖြင့် သွန်သင်၍၊ ဆုံးမချင်တဲ့သဘောရှိသတဲ့။

ကာမဂုဏ်အညီ၊ ဝတ်အဆိုး အယုတ်များကိုတော့၊ ဘဝပေါင်းများစွာကပြုတ်လာတဲ့ အတွက်၊ အိမ် မက် တောင် မ မက်ဘူးတဲ့၊နတ်ပြည်မှာကိုယ်ပိုင်ဗိမာန်ကြီးကိုထားပြီး၊အကြိမ်ကြိမ်ခံစားခဲ့ရတဲ့ အတွက် လူ့ ပြည် မှာ ရှိ တဲ့ ကာမဂုဏ် စည်းစိမ်ကလေးများကို၊ စုံမက်ဘို့နေနေသာသာ၊ တွေး မိ တိုင်း ရွံ ရှာနေတော့၊ ဘယ်မှာနှစ်သက်နိုင်ပါတော့မလဲ။

မိခင်ဘခင်များက သမီးကလေးရဲ့ စရိုက်ကို-အလိုက် မသိရှာကြတဲ့ အတွက်ကြောင့် အရွယ်ရောက်လာတော့၊ လောကီဓမ္မတာအရေးဖြင့် အိမ်ထောင်ပေးဘို့ စီမံပြီး၊ သမီးကိုနားချကြ

တယ်။ အဲသည့်လိုနားချတော့ သွီးကလေးခင်ဖြူက၊ အသော့ပြီးပြီး "မိခင်ဘခင်ကျေးဇူးရှင်တို့၊ သည့်လူ့ပြည် လောကကြီးထဲမှာ၊ ကျွန်မနှစ်သက်တဲ့ အရသာကို တခါမှ တွေး လို့ မရသေးပါ။ ရှုံ့စရာချည်းထင်နေတာပါပဲ။ စိတ် ကြီး ဝင် လွန်း တယ် လို့ လဲ ဆို ချင် ဆို တော်မူ ကြ ပါ တော့၊ ကျွန်မနှင့် ထိုက်တန်တဲ့ဟာ၊ သည့်ကမ္ဘာကြီးပေါ်မှာ၊ဘာတခုမျှမရှိဘာအမှန်ပါပဲ၊ကျွန်မနှင့် ထိမ်းမြားတို့ ယောက်ျားဆိုတဲ့လူဟာ သည့်ကမ္ဘာပေါ်မှာရှာလို့ တွေ့နိုင်တို့မရှိပါဘူး။ မနှစ်သက်တဲ့အရာကိုလဲ တိုက်တွန်းတော် မမူကြပါနှင့်၊ မိဘတို့မှာ ပူစရာမရှိပါဘူးလို့ ပြန် ၍ ပြော ကြ သတဲ့။"

(ရစနာ ဂါထာ)

နာဟံပသေ ပိယံသောဘံ၊ ဣမမှိ ဘူမိမဏ္ဍလေ။
ဇေဂုစ္ဆောဝိယ မညာမိ၊ ကိံမေတေဟိ ဘိနိက္ခမေ။

မာတာပိတရော။ အို-မိခင်ဘခင်ကျေးဇူးရှင်တို့။ ဣမမှိဘူမိ မဏ္ဍလေ။ ကမ္ဘာဝန်းကျင်၌မြေအပြင်၌။ပိယံ။မပစ်ရက်အောင် အချစ်ဘက်၍၊ နှစ်သက်ဘွယ်သော အာရုံမျိုးကိုရင်း။ သောဘံ။ လှတယ်,ပတယ်၊ ဆန်းတကြယ်ဟု အတင့်အတယ် ဆိုလောက် သော အာရုံမျိုးကိုရင်း။ အဟံ။ ကျွန်တော်မသည်။ နပဿေ- နပဿာမိ။တကြိမ်တခါကလေးမျှ၊ တွေ့တောဆင်ခြင်၊ သိမြင် ခြင်းမရှိစဘူးပါ။ ဇေဂုစ္ဆောဝိယ။ထွီဘွယ် ရွံ့ဘွယ်။စက်ဆုပ် ဘွယ်တွေ့ကဲ့သို့၊ မညာမိ။ အမှန်ဘဲ ယုံပါတော့။ စကားကုန် ပြောပမယ်၊သဘော၌ထင်မြင်မိပါသတည်း။တေဟိ၊ထို ရွံ့ဘွယ် အာရုံ၊ အလုံးစုံတို့ဖြင့်၊ မေ။ ကျွန်တော်မအား၊ ကိံ။ တကယ် အရိုးပါပဲ၊ဘယ်အကျိုးရှိပါအံ့နည်း။ အဟံ။ ကျွန်တော်မသည်။ အဘိနိက္ခမေ- အဘိနိက္ခမိဿာမိ။ ကာ မ ဂုဏ် ဗွက် ယုတ် ကို အလွန်တရာစက်ဆုပ်သဖြင့်၊အဖက်မလုပ်ရှောင်ရှား၍ လွတ်လွတ် ထွက်သွားပါအံ့သတည်း။

အဲ-သို့ဘလိုစကားကုန်ထွက်ပြီး။ မနှစ်သက်တဲ့ စိတ်နှလုံးဖြင့် အရုံးကြီး-ရှုံးကန်၊ဘုန်းမတန်ကံမမျှဆိုသလို။ ငြင်းဆန်တဲ့အခါ၊ မိဘများကလဲ၊သွီးကလေးကို အေးအေး နေချင်သလို၊ နေပါစေတော့ ဆိုတဲ့ သဘောမျိုးနှင့်၊လက်လျှော့ထားလိုက်ကြတယ်။”

ခင်ဖြူကလေးကျွတ်တမ်းဝင်ဘို့၊ဘယ်လိုအကြောင်းတိုက်ဆိုင်လာသလဲလို့ဆိုတော့၊သည့်လိုတဲ့။ ထိုအခိုက်အခါ သာကီနွယ်ဘွား၊ဂေါတမမြတ်စွာဘုရားသည်၊ သစ္စာလေးပါးကို သိမြင်၍၊ ငါးဇင်သော မာန်ယုတ်၊ချိုးဖြုတ်သုတ်သင်၊ ခုတ်ထွင်ပယ်ရှားတော်မူပြီး၊ကောဏ္ဍညအစရှိတဲ့ ပဉ္စဝဂ္ဂီ ငါးဦးတို့အား၊ တရားထူး ဟောတော်မူပြီးတဲ့နောက်၊ ဥရုဝေဠ ကဿပညီနောင်၊ ရှင်တထောင်တို့အား၊မိုက်မှောင် ပယ်ခွင်းသဖြင့်၊ ထံတော်ရင်းသို့ ရောက်လာတယ်။ သည့်အခါ ရာဇဂြိုဟ်ပြည့်ရှင်၊ ဘုရင်ဗိမ္ဗိသာရမင်းကြီးအား ပဋိညာဉ် ထားတော်မူခဲ့တဲ့အတိုင်း၊ ရဟန္တာ တထောင်တို့ဖြင့် ခြံရံလျက်၊ ရာဇဂြိုဟ်ပြည့်တော်ကြီးသို့ ရှေးဦးစွာ ကြွတော်မူလာတယ်။ ထိုအခါ၊ သိကြားမင်းကိုယ်တိုင်ကလဲ၊လုလင်ပျို အသွင်ကို ဘန်ဆင်းပြီး၊ ရှင်တော်ဘုရား၏ ရှေ့တော်ပြေး အဖြစ်ဖြင့်၊ ဘုန်းတော်ဘွဲ့ ဂါထာကိုဆိုကာ၊လိုက်ပါ၍လာတယ်။

ဘုရားဖြစ်တော်မူပြီးတဲ့အခါ၊လက်မွန် ရှေးဦးစွာ၊ ရာဇဂြိုဟ်ပြည်ကြီးသို့၊ ဘုရားဘို့၏ ကြွက်သရေဖြင့်၊ တ ခမ်း တ နား ကြွတော်မူလာတဲ့အခါ၊ လွန်စွာ ကြီးကျယ်၍၊ ကြည်ညှိဘွယ်အဘူးကောင်းတာပေါ့၊တမြို့လုံး ရှိသမျှ၊ယောကျ်ား, မိန်းမတွေထွက်လို့ ဖူးလိုက်ကြတာလဲ၊သိမ့်သဲဆူညံလို့သွားတာပေါ့။ ။

အဲသည့်အခါ၊ သူဌေးသွီး ခင်ဖြူက ဘုရားကြွတော်မူလာတယ်ကြားတော့၊ဘွားခနဲ ပီတိစိမ့်ပြီး၊ တသိမ့်သိမ့် လှုပ်ရှားလျက်၊ “ဘုရား ဘုရား”ဟူသော အသံကို၊အဘန်ဘန် ရွတ်ဆိုကာ၊ မိမိစံရာ ပြာသာဒ်ထက်မှ ဆင်းသက်ပြီး၊ ရှိသေမြတ်နိုးစွာ ရှိခိုးပူဇော်တယ်။ ။မကြာ မကြာ ဘုရင်နှင့် တွေ့ကြုံဘူးဟဲ့သူ

ဖြစ်လေတော့၊ ကြည်ညိုတဲ့အရာမှာ၊ သူတကာထက် ထူးချွန်ပေသပေါ့။ ။ဘုရားရှင်ကို ဖူးမြင်ရတဲ့အခါကစပြီး၊ ဘုရားအာရုံဖြင့် တကိုယ်လုံး ထုံလို့သာ နေတော့တာဘဲတဲ့။ ရှေးဘဝက ဝါသနာစရိုက် ထူးပါ၍ လာသော အတိုင်း၊ သာသနာတော်ဘောင်သို့ဝင်ပြီး၊ဘိက္ခုနီမ ပြုထုပ်လိုသောဆန္ဒ ရှိနေရှာတယ်။ သို့ရာတွင်၊မိန်းမများကို ရဟန်းပြုဖို့၊ အခွင့်ပေးတော်မမူသေးတဲ့အတွက် အခက်ကြီးကြုံနေရှာတာပေါ့။ သို့ရာတွင်၊တနေ့နေ့မှာတော့၊ ငါ့အကြံ အထမြောက်လိမ့်မယ်လို့၊အမြဲပင် ယုံကြည်စိတ်ချလို့နေရှာသတဲ့။

အဲ-ယခုပြဆိုခဲ့ပြီးတဲ့အတိုင်း၊အဆုံးဘဝ၌ ဖြစ်ရပုံအကြောင်းများကို၊အပဒါန်ပါဠိတော်ကြီးမှာ၊ သို့ကလို ဟောကြားတော်မူခဲ့ပေသတည်း။

(ဏ) ပစ္ဆိမေစ ဘဝေဒါနိ၊ ဂိရိဗ္ဗဇ ပုရုတ္တမေ။
ဇာတာ သေဋ္ဌိကုလေဖီတေ၊ မဟာရတန သဉ္စယေ။

(ဏ) ပစ္ဆိမေဘဝေ။နောက်ဆုံးဘဝဟု ဆိုအပ်သော၊ ဣဒါနိ။ဤယခုအခါ၌မူကား၊အဟံ။အကျွန်ုပ်သည်၊ဂိရိဗ္ဗဇပုရုတ္တမေ၊ တောင်ငါးတန်ဖြင့်၊ပတ်ရံမှိုင်းညို၊ ရာဇဂြိုဟ်ဟု၊ နဂိုရ်တုလွတ်၊ မြို့အထွဋ်၌၊ မဟာရတနသဉ္စယေ၊ ထူးမြတ်လှစွာ၊ အဘိုးတန်ရတနာတို့၏ စုဝေးရာဖြစ်သော၊ ဖီတေ၊ စည်းစိမ် အလုံးစုံ၊ လွန်ပြည့်စုံသော၊ သေဋ္ဌိကုလေ၊ သူဌေးမျိုး၌၊ ဇာတာ၊ ဖြစ်၍ လာခဲ့ပါသတည်း၊

(တ) ယဒါ ဘိက္ခုသဟဿေန၊ပရေတော လောကနာယကော၊
ဥပဂမိ ရာဇဂဟံ၊သဟဿက္ခေန ဝဏ္ဏိတော၊

(တ) ယဒါ၊အကြင်အခါ၌၊ ဘိက္ခုသဟဿေန၊ ရဟန္တာပေါင်းတထောင်ဖြင့်၊ ပရေတော-ပုရက္ခတော၊ ခြံရံအပ်သည်ဖြစ်၍၊လောကနာယကော၊ လူသုံးပါးတို့၏ ရှေ့သွားဦးဆောင်၊

ဘုန်းခေါင်ထွန့်ထား၊ မြတ်ဘုရားသည်။ သဟာသီကွေန။ တထောင်မျက်စိ၊ မြင်သိထင်ရှား၊ ရှင်သိကြားက။ ဝဏ္ဏိတော။ ရွှေတော်ကလာ၊ ဂါထာ ကျူးရင့်အပ်သည်ဖြစ်၍၊ ရာဇဂဟံ။ ရာဇဂြိုဟ်နေပြည်တော်ကြီးသို့။ ဥပါဂမိ၊ ခြောက်ဖြာရောင်ရှိန်၊ ထိန်ထိန်ဝင်းဝ ။ ကြွရောက်တော်မူလာပေသတည်း။

(ထ) ဒိသွာန ဘဂဝန္တံ ဟံ။ သုတွာန ဂုဏသဥ္စယံ။
ဗုဒ္ဓစိတ္တံ ပသာဒေတွာ။ ပူဇယိံ တံ ယထာဗလံ။

.(ထ) တဒါ။ ထိုသို့ကြွတော်မူလာသော အခါ၌။ အဟံ။ အကျွန်ုပ်သည်။ ဘဂဝန္တံ။ ဘုန်းတော်ခြောက်ဆင့် ထွန်းတင့်ပေညား၊ မြတ်ဘုရားကို။ ဒိသွာန။ ဖူးမြင်ရသည်ရှိသော်။ ဂုဏသဥ္စယံ။အတိုင်းမသိ များဘိသိန်းသောင်း။ဂုဏ်တော်ပေါင်းကို။ သုတွာန။ ကြားရသည်ရှိသော်။ ဗုဒ္ဓေ။ ရှင်တော်မြတ်ဘုရား၌။ စိတ္တံ။ဘုရားအာရုံ ပွါးထုံစေအပ်၊ စိတ်အမြတ်ကို။ ပသာဒေတွာ။ ပီတိဟုံဖြင့်၊ အစွမ်းကုန် ကြည်ညိုစေပြီး၍။ တံဗုဒ္ဓံ။ သာကီနွယ်ဘွား၊ ထိုရှင်တော်မြတ်ဘုရားကို။ ယထာဗလံ။ သဒ္ဓါသွမ်းချို၊ အစွမ်းကုန်။ ပူဇယိံ။ အကြိမ်ကြိမ်ချောင်၊ ဦးနှိမ်မြတ်နိုး၊ လက်စုံမိုး၍၊ ရှိခိုးပူဇော်လိုက်ပါသတည်း။

အဲ-ပြဆိုခဲ့ပြီးသောအတိုင်း ဘုရားရှင်ကို ရှေးဦးစွာ ဖူးမြင်ရပြီးတဲ့နောက်၊ သာသနာဘောင်ကိုဝင်ပြီး၊ ရဟန်းပြုဘို့ရန် အမြဲကြံစည်၍နေတော့တာဘဲ။ ။အခွင့်မရသေးလို့ လူဝတ်ကြောင်နှင့်နေပါသော်လဲ၊ လောကီရေး အမှုရုပ်များကို ပြုလုပ်မည့် ဝေးလေစွ။ အနည်းငယ်ကလေးမျှ ဂရုမစိုက်ဘဲ၊ လူဝတ်ကြောင်နှင့် တရားဟောအလုပ်ကိုသာ အားထုတ်လို့ နေဘယ်။ ။ရှင်တော်ဘုရားနှင့် တွေ့ကြုံရတာလဲ အပုံကြီး စေသပေါ့။ ဘုရားဖြစ်ပြီးတဲ့နောက် တဝါဆိုသို့ အပြီးမှာပင် တွေ့ကြုံရတယ်။ ထိုအခါ ဘိက္ခုနီမ သာသနာ ဖြစ်ထွန်းဘို့ အတော်လိုသေးတာပေါ့။ ။တရားဟောဝါသနာ ဘဝတိုင်း

ပါလာခဲ့တဲ့အတိုင်း၊ အဆုံးဘဝမှာတော့ အထူးပြောဘို့ မလို ပါဘူး။ တရားပွဲကို အမြဲဆင်ယင်နေတော့တာပေါ့။ ရာဇဂြိုဟ် နေပြည်တော်ကြီးမှာ ရဟန်းမပြုမီ ကာလကပင် ဓမ္မကထိက ဘွဲ့ထူးကို ရနေတယ်။ သူဌေးသွီးခင်ဖြူဆိုလျှင် လူတိုင်းလူက ကြည်ညိုနေကြသတဲ့။

## ရဟန်းပြုခြင်း

အဲသည့်လို လူဝတ်ကြောင်နှင့် အတော်ကြာနေတဲ့အခိုက်မှာ မိထွေးတော် ဂေါတမီကို အကြောင်းပြုပြီး၊ ရှင်တော်ဘုရားက အမျိုးသွီးများကို ရဟန်းပြုရန် ခွင့်ပြုတော်မူပါရော။ မခင်ဖြူရဲ့ မြော်လင့်ချက်ကြီးဟာ ကောင်းစွာ အထမြောက်တော့မှာပေါ့ လေ။ ။ဘိက္ခုနီမသာသနာ ထွန်းကားလာတော့၊ မင်းသွီး, သူဌေးသွီး, သူကြွယ်သွီး, ကုန်သယ်သွီး မှစ၍၊ သာသနာတော် တွင်းသို့ဝင်ပြီးရဟန်းပြုလိုက်ကြတာ အသင်္ချေအသင်္ချာ လွန်စွာ များသတဲ့။ မိန်းမတို့သဒ္ဓါတရားဆိုတာ ယောကျာ်းများထက် အညွန့်သန်ပြီး အလွန်မြန်တာမျိုးကလား။ ။ယခုခေတ် အခါ ဘိက္ခုနီမ သာသနာတော်ကြီး မရှိသော်လဲ မြန်မာအမျိုးသွီး တွေ လောကီဘောင်ကိုစွန့်ခွါပြီး သီလရှင် လုပ်လိုက်ကြတာ လွန်စွာ များပြားကြောင်းကို ကောင်းမွန် ထင်ရှားစွာ သိကြ တယ်မဟုတ်လား။ စစ်ကိုင်းတောင်ရိုးကို သွားလို့ ကြည့်လျှင် ဒိဋ္ဌကြီး သိကြတော့မှာပေါ့။ ယခုနှယ်အခါ ဘိက္ခုနီမ သာသနာ များ ထွန်းကားမယ်လို့ဆိုလျှင် ဘာပြောစရာ ရှိတော့မလဲ။ မြန်မာအမျိုးသွီးတွေမှန်သမျှ ဘိက္ခုနီမ,ဖြစ်ထာတွေ များကုန် ထိမ့်မယ်လို့ထင်တယ်။

ပြဆိုခဲ့ပြီးသောအတိုင်း၊ ဘိက္ခုနီမ သာသနာတော်ကြီး ထွန်းကားလာလေတော့၊ သာသနာတော်မှာ ဓမ္မကထိက အကျော်ဖြစ်တဲ့ ဓမ္မဒိန္နာထေရီပေါ်ပေါက်လာတယ်။သည်တော့ ခင်ဖြူဆိုတဲ့အမျိုးသွီးကလေးက ဓမ္မဒိန္နာရဲ့အထံသို့ဆည်းကပ်ပြီး

တရားမြတ်ကိုကြားနာရ။ လွန်စွာကြည်ညိုခြင်း ဖြစ်ပြန်တယ်။ ဓမ္မဒိန္နာဆိုတာ ဓမ္မကထိက အရာမှာ' ဧတဒဂ်ရတဲ့ ဘိက္ခုနီမ ပေပေါ့။ ။ခင်ဖြူကလဲ တရားဟော ဝါသနာပါတော့ စရိုက်ချင်းကလဲတူ။ မိန်းမဇာတ်ချင်းကလဲ တူ။ ဓမ္မဒိန္နာနှင့်ခင်ဖြူ၊ဝါတ်သဘောချင်း တူနေကြတာပေါ့။

ခင်ဖြူသည်၊ ဓမ္မဒိန္နာကိုလွန်စွာကြည်ညိုလှသဖြင့်၊ အနားကမခွါဘဲ တပည့်ခံပြီး ၎င်းတန်ကလေးကြာတော့ မိဘထံမှာခွင့်ပန်ပြီး၊ဓမ္မဒိန္နာရဲ့ထံမှာဘိက္ခုနီမ ပြုလုပ်ပါရော။ ။ကျွတ်တန်းဝင်ပုံ ဘယ့်ကလောက်လွယ်ကူသလဲ"ပါရမီဘယ့်ကလောက်ထူးသလဲ ဆိုတော့ မခင်ဖြူသည် ရဟန်းပြုရန် ဆံပင်ကို ရိတ်တဲ့အခါ၊ ဦးခေါင်းမှ ပြုတ်ကျလာတဲ့ဆံပင်ကို ဆင်ခြင်ရှုစားလို့၊ခယဝယ သဘောအားဖြင့်၊ဝိပဿနာတင်လိုက်ရာ၊ ဆံပင်ကို ရိတ်လို့ပြီးခင်၊ကိလေသာကုန်ခန်း၍၊ ရဟန္တာမကလေး ဖြစ်သွားတယ်။ လွယ်ကူလိုက်ထာနော်၊ချီးမွမ်းထိုက်ပါပေရဲ့၊မလွယ်ကူဘဲ နေပမလား၊ဘုရားပွင့်တော်မူတိုင်း၊ ရဟန်းဝတ်ကိုဝတ်ပြီး။ အလွတ်အားထုတ်လာတာကိုး။ ။ရဟန်းအဖြစ်သို့ရောက်၍ မကြာမီ အတွင်းမှာပင်၊ ပိဋကတ် သုံးဖြာနှင့်တကွ၊ သိက္ခာ သုံးရပ်ကို ကမ်းခပ်အောင် တတ်မြောက်သွားတယ်။ရှေးရှေး ဘုရားရှင်တို့ လက်ထက်တော်က၊ မကြာမကြာ အခါခါ၊ ပိဋကတ်သုံးပုံကို ဆောင်လာသူပေကိုး။ လွယ်ကူစွာနှင့် တတ်မြောက် ပေ မှာပေါ့။ ။အဲ-ယခုပြခဲ့တဲ့အတိုင်း၊ခင်ဖြူ၏ ရဟန်းပြုပုံ၊ ရဟန္တာဖြစ်ပုံများကို၊အပဒါန်ပါဠိတော်မှာ သို့ကလို ဟောကြားတော်မူခဲ့ပေသတည်း။

(ဒ) အပရေနစ ကာလေန၊ ဓမ္မဒိန္နာယ သန္တိကေ။
အာဂါရာ နိက္ခမိတ္တွာန၊ ပဗ္ဗဇိံ အနဂါရိယံ။

(ဒ) စ၊ရဟန်းပြုပုံအကြောင်းကို၊ဖြွက်ဆိုပါဦးအံ့၊အပရေန ကာလေန၊တပါးသောအခါ၌၊အဟံ၊အကျွန်ုပ်သည်၊ အာဂါရာ၊

အိမ်ရာထောင်သော၊ လူ ဝတ် ကြောင် ဘ ဝ မှ။ နိက္ခမိတွာန၊ လွတ်လွတ်ကြီး ထွက်မြောက်၍၊ အနဂါရိယံ၊ အိမ်ရာဗထောင် ရဟန်းဘောင်ဟု ဆိုအပ်သော၊ ဗုဒ္ဓဒိန္နာယ၊ ဗုဒ္ဓဒိန္နာထေရ်မ၏၊ သန္တိကေ၊ အထံ၌၊ ပဗ္ဗဇိံ၊ ရဟန်းပြုခဲ့ပေသတည်း။

(၁) ကေသေသု ဆိဇ္ဇမာနေသု၊ ကိလေသ ဈာပယိံ အဟံ။
ဥဂ္ဂဟိံ သာသနံသဗ္ဗံ၊ ပဗ္ဗဇိတွာ စိရေနဟံ။

(၁) ကေသေသု၊ဆံပင်တို့ကို၊ဆိဇ္ဇမာနေသု၊ ရိတ်အပ်ကုန်သည့်ရှိသော်၊ ဝါ-ဆံပင်ရိတ်ဆဲ အခိုက်မှာပင်လျှင်၊ အဟံ၊ အကျွန်ုပ်သည်၊ ကိလေသေ၊ ညစ်ညမ်းလှစွာ ကိလေသာတို့ကို၊ ဈာပယိံ၊ ဉာဏ်မီးတိုက်၍၊ လောင်မြိုက်ဘုန်ခန်းစေသတည်း၊ အဟံ၊အကျွန်ုပ်သည်၊ပဗ္ဗဇိတွာ၊ ရဟန်းပြုပြီး၍၊ အစိရေနေဝ၊ မကြာမြင့်မှီအတွင်း၌ပင်လျှင်၊သဗ္ဗံ၊ခပ်သိမ်းဥဿုံ၊အလုံးစုံသော သာသနံ၊ပိဋကတ်သုံးဖြာ၊ သာသနာကို၊ ဥဂ္ဂဟိံ၊ ဉာဏ်တွင်း ဖေါက်၍ တတ်မြောက်ခြင်းကိစ္စ၊ပြီးစီးခဲ့ပါသတည်း။

သူဌေးသမီး မခင်ဖြူဟာ၊ ဘိက္ခုနီမအဖြစ်သို့ ရောက်တော့၊ ငယ်စဉ်က မူလအမည်ရင်းအတိုင်း "သုက္ကာထေရီ" ရယ်လို့ ထင်ရှားကျော်စောတယ်။ အဟောအပြောမှာ အထူးပြောစရာ မရှိတော့ပါဘူး၊ ရဟန္တာဖြစ်ပြီးတဲ့နောက် တရားအလုံးကိုလဲ အသိဉာဏ်ပေါက်၊ပိဋကတ်သုံးပုံကိုတတ်မြောက်သဖြင့်၊တရား ဟောတဲ့အခါ၊ဝေဝေဆာဆာ၊ ပဒေသာကြီးလို ဖြစ်သွားတာ ပေါ့၊ဗုဒ္ဓဒိန္နာထေရီရဲ့ ထက်ထောက်ကြီးပေါ့။ ။

သုက္ကာထေရီ ဘိက္ခုနီမ အခြွေအရံပေါင်း ငါးရာတို့နှင့် လွန်စွာ တင့်တယ်တာပေါ့၊ တရားပွဲဆင်၍ ထင်ပြင်စွာဟော ကြားလိုက်ပြီဆိုမှဖြင့်၊ ကျွတ်တမ်း ဝင်ကြတဲ့ ပုဂ္ဂိုလ်တွေဟာ၊ လွန်စွာ များတယ်။ အဲသည်အကြောင်းကို အပဒါန် ပါဠိတော် မှာ၊သို့ကလို ဟောကြားတော်မူခဲ့ပေသတည်း။

(န) တတော ဓမ္မ မဒေသေယိံ၊ မဟာဇန သမာဂမေ။
ဓမ္မေ ဒေသိယမာနမှိ၊ ဓမ္မာဘိသမယော အဟု။

(န) တတော။ ထိုရဟန်းပြုကာ၊ ရဟန္တာဖြစ်ပြီးတဲ့နောက်၌။ အဟံ။ အကျွန်ုပ်သည်။ မဟာဇနသမာဂမေ။ လူပေါင်းစုံလင်၊ တရားပွဲမဏ္ဍပ်သဘင်၌။ ဓမ္မံ။ အမြိုက်ဩဇာ၊ ဒေသနာကို။ အဒေသယိံ။ အကြိမ်ပေါင်းများစွာ ဟောခဲ့ပါသတည်း။ ဓမ္မေ။ နက်နဲလှစွာ ဒေသနာကို။ ဒေသိယမာနမှိ။ ဟောကြားအပ်သည်ရှိသော်။ အနေကပါဏသဟဿာနံ။ တထောင်မကသော သတ္တဝါတို့၏။ ဓမ္မာဘိသမယော။ အမှန်သိမြင်၊ ကျွတ်တမ်းဝင်ခြင်းသည်။ အဟု။ ဖြစ်လတ်သတည်း။

''ထူးဆန်းသောအချက်ကြီး''

သုက္ကာထေရီ ဘိက္ခုနီ အရှင်မကလေး တရားဟောလိုက်ပြီဆိုလျှင်၊ မကြည်ညိုတဲ့ ပုဂ္ဂိုလ် မရှိဘူးတဲ့။ အရုပ် အဆင်း က သပ္ပါယ်၍ ကြည်ညိုဘွယ်ကလဲရှိ၊ အသံကလဲ သာယာသဖြင့်၊ ဂါထာရွတ်လိုက်ပြီဆိုလျှင်၊ ကြည်ညိုလို့မဆုံးနိုင်အောင်ရှိသတဲ့။ အဲ-သို့အတွက်၊ သုက္ကာထေရီရဲ့တရားကို နာကြားရတဲ့ အခါ။ မခွါနိုင်အောင်စွဲလမ်းပြီး။ ကျွတ်တမ်းဝင်တဲ့လူတွေဟာ။ လွန်စွာများတာပေါ့။ ။အမျိုးသမီး အမျိုးသား တို့သာ ကြည်ညို တာ မဟုတ်ဘူး။ နတ်သမီး နတ်သားတွေလဲ အနားကမခွါနိုင်အောင် ကြည်ညိုကြတယ်။ တရားအရသာဆိုတာ လွန်စွာမြိန်ရှက်တာမျိုးကလား။

တနေ့တော့၊ ထူးဆန်းလွန်ကဲ အံ့ဘွယ်သရဲကြီး အလူးဖြစ်ပေါ်လာသတဲ့။ ။ဘယ်လိုဖြစ်ပေါ်လာသလဲလို့ ဆိုတော့၊ သုက္ကာထေရီဘိက္ခုနီသည်၊ မိမိသီတင်းသုံးတဲ့ကျောင်းအနီးမှာ တရားပွဲကြီးဆင်ကာ၊ အမြိုက်ဩဇာလွန်စွာအရသာရှိတဲ့ တရားများကို ဟောကြားတော်မူတယ်။ ။ဥပမာအားဖြင့်ဆိုရလျှင်၊ ပျားလတို့မှ

ရုတ်တရက်ညှစ်၍ ပျားရေစစ်စစ်ကို တိုက်ကျွေးသလို၊ အမြိုက်ရေစင်ဖြင့် သွန်းဖျန်းသလို၊ ဆဲ-သို့ ကလောက် ဝမ်းမြောက်နှစ်သိမ့်ဘွယ်ရှိတဲ့ တရားများကို ဟောကြားတော်မူတယ်၊ တရားနာပရိသတ်တွေကလဲ၊ မတုန်မလှုပ် ရှုးရိုက်စွာနှင့်ကြားနာနေကြတယ်၊ ထိုအခါ ဘိက္ခုနီမ ကျောင်းအနီး၊ သစ်ပင်ကြီးတပင်မှာ စောင့်နေတဲ့ ရုက္ခစိုးနတ်ကြီးက၊ အမြိုက်တရားကို ကြားနာရသဖြင့်၊ ‘‘ဩော်-တရားတော်ဟာ၊ လွန်စွာအရသာရှိပါတကား၊ဘုန်းကံရှိတဲ့သူများမှကြားနာထိုက်တယ်၊ ဘုန်းကံနည်းပါးတဲ့သူများ၊ သည့်တရားကို မနာထိုက်ကြဘူး၊မနာရတဲ့သူများကို သနားလိုက်ပါရဲ့’’ သည့်ကဲ့သို့ တွေးတောပြီး၊ ရာဇဂြိုဟ်တမြို့လုံးမှာရှိတဲ့ လူတွေကို တရားနာစေချင်တဲ့ ဆန္ဒကြောင့်၊ မိမိတန်ခိုးဖြင့် ရာဇဂြိုဟ်မြို့ကြီး၏ အထက်ကောင်းကင်ကနေပြီး၊ ကြီးကျယ်ပျံ့နှံ့တဲ့အသံဖြင့်၊ သို့ကလို ကြွေးကျော်၍ နှိုးဆော်လိုက်သတဲ့။

(၁) ကိံမေကတာရာဇဂဟေ မနုဿာ၊မဓုံပီတာဝအစ္ဆရေ၊
ယေသုက္ကံ နဥပါသေန္တိ၊ ဒေသေန္တိံ ဗုဒ္ဓသာသနံ၊

(၁) ဘောန္တော၊ အို-လူများအပေါင်းတို့၊ ရာဇဂဟေ၊ ဤရာဇဂြိုဟ်မြို့တော်ကြီး၌၊ဝသန္တာ၊ နေကြကုန်သော၊ မနုဿာ၊ လူအပေါင်းတို့သည်၊ ကိံကတာ၊ ဘာလုပ်၍ နေကြကုန်သလဲ၊ မဓုံပီတာဝ၊ ပျားရေအရက်ကို သောက်သဖြင့်၊ မူးနောက်မေ့မောသောသူတို့ကဲ့သို့၊ အစ္ဆရေ-အစ္ဆန္တိ၊ မူးယစ်ပျော်ပါး၍ အလကားနေကြကုန်သည့်တကား၊ ယေ၊ အကြင်တိုင်းသူပြည်သား လူအများတို့သည်၊ ဗုဒ္ဓသာသနံ၊ ရှင်တော်ဘုရားနှုတ်ထွက် ဆုံးမချက်ကို၊ ဒေသေန္တိံ၊သာယာရင့်ကျူး၍၊အထူးသဖြင့် ဟောကြားနေသော၊ သုက္ကံ၊သုက္ကာထေရီ၊ဘိက္ခုနီကို၊ နဥပါသေန္တိ၊ မဆည်းကပ်ဘဲ မျက်နှာလွှဲ၍ နေကြကုန်သည့်တကား၊

(၂) တဥ္စ အပ္ပဋိဝါနိယံ၊ အသေစနကမောဇဝံ။
ပိဝန္တိ မညေ သပ္ပညာ။ ဝဿာဟာက မိဝဒ္ဓဂူ။

(၂) တဥ္စ။ ထိုသုဏ္ဍာထေရီ၏ ဘိက္ခုနီမ ဟောသောတရားတော်သည်ကား။ အ ပ္ပဋိဝါနိယံ။ ဘဝနိုင်ငံသို့။ ပြန်နောက်တ ဘန် မပြန်စေသော တရားတော်အမြတ်ကြီးဖြစ်ပေ၏။ အသေစနကံ။ ဖြည့်စွက်ဘွယ်မရှိအောင်၊ အနှစ်သာရအတိဖြစ်ပေ၏။ ဩဇဝံ။ ဘယ်ဩဇာနှင့်မျှ တုမရအောင်။ မွေ့ဩဇာ၊ အရသာအမွန်၊ ထူးကဲလျှံ၍ အလွန်လည်း အရသာရှိလှပါပေ၏။ ဝဿာဟကံ။ မိုးတိမ်ထဲမှ ဖြိုးကနဲရွာချသော မိုးရေအေးကို။ အဒ္ဓဂူ။ ခရီးပန်းသော သူတို့သည်။ ပိဝန္တိယထာ။ နှစ် နှစ် ချိုက် ချိုက် သောက်လိုက်ရကုန်ဘိသကဲ့သို့။ တထာ၊ ထိုနည်းတူစွာ ဥပမာ။ တံ။ ထိုသုဏ္ဍာထေရီ၏ ဘိက္ခုနီမ ဟော သော တ ရား အ ရ သာ ကို။ သပ္ပညာ။ တကယ့်တကယ် ပညာရှိ၍ အနှစ်အရသာကိုသိသော သူတို့သည်သာလျှင်။ ပိဝန္တိ မညေ။ နှစ်နှစ် ချိုက် ချိုက် သောက် လိုက်ကုန်ပြီဟု ထင်မိပေသတည်း။

ရဟန္တာမိုးနတ်မင်းကြီး ကြွေးကျော်တဲ့ ဂါထာရဲ့ အဓိပ္ပါယ်က တော့ သည်သို့တဲ့။ ။ရာဇဂြိုဟ်ပြည်၌ နေထိုင်ကြကုန်သော တိုင်းသူပြည်သား၊ အိုလူအများတို့။ အသင်တို့သည်။ ဘာလုပ်နေကြသလဲ၊ ပျားအရသာလို အရက်ချိုသောက်ပြီး မူးနောက်တဲ့လူများလို ကာမဂုဏ်အရက်ချို သောက်ပြီး မူးနောက် မေ့မောသို့ နေကြသလား။ သုဏ္ဍာထေရီ ဘိက္ခုနီမထံသို့သွားပြီး ဘာကြောင့် တရားမနာကြသလဲ။ သုဏ္ဍာထေရီ၊ ဘိက္ခုနီမဟောတဲ့ တရားဟာ၊ သံသရာ နိုင်ငံသို့ နောက်တဘန် တခေါက်မပြန်တဲ့ တရားထူး ဖြစ်ပေတယ်၊ ဘယ်အရသာနှင့်မှ ရောဘို့မလိုဘဲ၊ ချိုမြိန်စွာ အရသာရှိပေတယ်။ ။ခရီး ပန်း ပြီး ရေ ငတ် နေ တဲ့ လူများ၊ တိမ်တိုက်ကြားမှ ဖြိုးကနဲ ရွာချလိုက်တဲ့ မိုးရေပေါက်ကို၊ ချိုးသောက်ရတဲ့အခါ၊ အလွန် ချမ်းသာသလို၊ သုဏ္ဍာထေရီ

ဘိက္ခုနီမ ၊ ဟောကြားတဲ့ တရားအရသာဟာ၊လွန်စွာမြိန်ရှက်ပါ တယ်။ကာမဂုဏ်ရစ်မူးပြီး၊မြူးတူးလို့မနေကြနှင့်၊တရားအမြိုက် ကို သွားလို့ နားထောင်လိုက်ကြ။ ။အဲ-သို့ကလို ကြွေးကျော် သတဲ့။ရက္ခစိုးနတ်ကြီးဟာ သဒ္ဓါနှင့်ပြည့်စုံ၍၊အပုံကြီး ကြည်ညို ပေသပေါ့၊လူအပေါင်းတို့ကိုလဲ ကောင်းစေချင်တဲ့ဆန္ဒ အများ ကြီး ရှိပေတယ်။

တယ်ထူးဆန်းပါပေသနော်။ နို ဗ္ဗာန် ဆော် ကြီး လုပ် ပြီး၊ ရက္ခစိုးနတ်ကြီးက ကြော်ငြာပေတယ်။ ။အဲသည် အချက်ကို ထောက်ပြီး၊ ဘယ့်ကလောက် တရားဟော ကောင်းတယ်ဆို တာကို ဆင်ခြင်ကြပေတော့။

ရက္ခစိုးနတ်သားက၊ တရားနာကြွတော်မူပါဆိုတဲ့ သဘော နှင့်၊ဆော်အော ကြွေးကျော်သံကိုကြားတော့၊တိုင်းသူပြည်သား လူများအပေါင်းတို့က၊လက်ချပ် ထက်ဝ ါးတီး၍ အုံ့ဩခြင်းကြီး အုံ့ဩကြပြီး၊ သုက္ကာထေရီ ဘိက္ခုနီမအထံသို့ တရားနာရန် ထွက် လိုက် ကြ တာ၊ ပလူ ပရွက်တွင်းက ထွက်သလိုဘဲတဲ့။ ရက္ခစိုး နတ်ကြီးကိုလဲ ကျေးဇူးတင်တို့ ကောင်းသပေါ့လေ။ ဘာကြောင့်လဲလို့ ဆိုတော့။ သူနှိုးဆော်တဲ့အတွက်၊ တိုင်းသူ ပြည်သား လူအများထွက်ပြီး နှစ်သက်ဘွယ်ရှိတဲ့ တရား ကို နာကြားကြတဲ့အခါ၊ အမြိုက် အရသာစိမ့်ပြီး၊ နှစ် သိမ့် စွာ ကျွတ်တမ်းဝင်ကြတယ်၊ အဲ-သို့ကြောင့် ရက္ခစိုးနတ်ကြီးကို ကျေးဇူးတင်တို့ ကောင်းတယ်လို့ ဆိုခဲ့တာပေါ့။

အဲသည်အခါကစပြီး၊သုက္ကာထေရီ ဘိက္ခုနီမဟာ၊ မြတ်စွာ ဘုရား၏ သာသနာတော်တွင် အကျော် အမော်ကြီးဖြစ်ပြီး၊ ဓမ္မဒိန္နာကလွဲလျှင်၊ပြိုင်ယှဉ်သူမရှိအောင် ထင်ရှားသွားတယ်။ ။ ဓမ္မဒိဒိန္နာမှာတော့၊တရားဟောတဲ့အရာတွင်၊ ဧတဒဂ်ဘွဲ့တံဆိပ် ဖြင့် ခပ်နှိပ်၍ ကျော်စောခြင်း ရှိ တဲ့ အ တွက်၊ ဓမ္မဒိန္နာထက် သာလွန်တယ်လို့တော့ မဆိုနိုင်ဘူးပေါ့။ဓမ္မဒိန္နာရဲ့ လက်ထောက် တပည့်ကြီး ဖြစ်နေပြန်တဲ့အတွက်၊သ‌ာလွန်တို့လဲ အခက်ပေါ့။

သုက္ကာထေရီ ဘိက္ခုနီမသည်၊ မွေကထိက ဘွဲ့ထူးဖြင့်၊ လူနတ်တို့၏ ချီးကျူးခြင်းကို ခံရ၍၊ တသက်ပတ်လုံး သာသနာတော်၏ အကျိုးကို သည်ပိုး ရွက်ဆောင်တော်မူတယ်။ အသက်အတိုင်း နေ၍ ပရိနိဗ္ဗာန် စံတော်မူခါနီးအခါတွင်၊ ကြည်ညိုသူအများကို မှတ်သားရစ်ကြစေခြင်းအကျိုးငှါ ထေရီဂါထာတပုဒ်ကို၊ သို့က လို ကျူးရင့်တော်မူလေသတည်း။

(၃) သုက္ကာ သုက္ကေဟိ ဓမ္မေဟိ၊ ဝီတရာဂါ သမာဟိတာ၊
ဓာရေတိ အန္တိမံ ဒေဟံ၊ ဇေတွာ မာရံ သဝါဟနံ။

(၃) ဘာသာနိဿယ။ အဲ- နတ်လူ ဖြဟ္မာ၊ သတ္တဝါအများ၊ သုံးတိုက်သားတို့၊ သုက္ကာ၊ သုက္ကာမည်ရ၊ ထေရီမသည်။ သုက္ကေဟိ၊ ကိလေသာမှုန်မှေး၊ ညစ်ကြေးမတင်၊ လွန်ဖြူစင်ကုန်သော၊ ဓမ္မေဟိ၊ ရှစ်ပါးမဂ္ဂင်၊ ဗောဇ္ဈင်သတ္တ၊ မြတ်ဓမ္မတို့နှင့်။ သမ္ပန္နာ၊ ကိုယ်လုံးထုံ၍၊ ပြည့်စုံပါပေ၏။ သုက္ကာ၊ သုက္ကာမည်ရ၊ ထေရီမသည်။ ဝီတရာဂါ၊ ရာဂကင်းသဖြင့်၊ သန့်ရှင်းဖြူစင်လှပေ၏။ သုက္ကာ၊ သုက္ကာမည်ရ၊ ထေရီမသည်၊ သမာဟိတာ၊ မြင့်မိုရ်မတွန်ုင် နှိုင်းပြိုင်တုံဘိ၊ သမာဓိအကျင့်ခေတ်ဖြင့်၊ မြင့်မြတ်တည်ခိုင်လှပေ၏။ သုက္ကာ။ သုက္ကာမည်ရ၊ ထေရီမသည်၊ သဝါဟနံ၊ စစ်သည် ဗိုလ်ထုနှင့်တကွသော၊ မာရံ၊ သာသနာ့ချန်သူ၊ မာန်မူတိုက်ခိုက်၊ မာရ်နတ်မိုက်ကို၊ ဇေတွာ၊ အောင်လံထူစိုက်၊ နိုင်အောင်တိုက်၍၊ အန္တိမံ ဒေဟံ၊ နောင်ခါထဘန်၊ မပြန်လုံးလုံး၊ အဆုံးဘဝ၊ ကိုယ်ကာယကို၊ ဓာရေတိ၊ ထေရီ ဘောင်မှာ၊ တန်ခိုး ရောင် ပြောင်လက်အောင်၊ ဆောင်ရွက်တော်မူလေသတည်း။

သည်ဂါထာ၏ ဆိုလိုရင်းအဓိပ္ပါယ်မှာတော့ သည်လိုတဲ့၊ ။ သုက္ကာထေရီ၊ ဘိက္ခုနီမသည်၊ ဖြူစင်တဲ့တရားမွန်တို့နှင့် အလွန် ပြည့်စုံတယ်။ တပ်မက်မှုရာဂပျောက်၍၊ ရဟန္တာအဖြစ်သို့ရောက် တယ်။ သမာဓိမတုန်ုင်ဖြင့်၊ ခိုင်ခိုင်ကြီးတည်တန့်တယ်။ နောင်ခါ တဘန်၊ ဘုံဘဝသို့မပြန်ဟဲ့ ကိုယ်အဖြစ်၌တည်တယ်။ သာသနာ

တော် ရန်သူဖြစ်တဲ့၊ မာရ်နတ်မိုက်ကို၊ တိုက် ခိုက် အောင် မြင်တယ်။ ။ဆဲသည့်လို ဆို လို ပေ တယ်။ မိမိကိုယ်ကို မှန်သော အတိုင်း၊ချီးကျူးတဲ့ဥဒါန်းဂါထာဖြစ်ပေတယ်။ ၊သူတပါးတို့က ချီးကျူးတဲ့အနေအားဖြင့်၊ မိမိကိုယ်ကို မိမိချီးကျူးတဲ့ ဂါထာ ပေါ့။ သည့်ဂါထာမျိုးကို၊ ''အတ္တပနာယိကဂါထာ'' ရယ်လို့ ခေါ်တယ်။ ထေရဂါထာပါဠိတော်၊ ထေရီဂါထာ ပါဠိတော် တို့မှာ၊ သည့်လိုဂါထာမျိုးတွေအများကြီးရှိပေတယ်။

ကဲ-သုဇာတာထေရီ၊ ဘိက္ခုနီဇာတ်ကို ဘိမ်းလိုက်ကြစို့။ ။ ရှင်တော်ဘုရား၏ သာ သ နာ တော် မှာ ရဟန္တာအဖြစ်ဖြင့်၊ တသက်ပတ်လုံး ဆောင်ရွက်တော်မူပြီး၊အသက်တမ်း ကုန်လွန် လေသောအခါ၊ဘုံသုံးရပ်သို့နေးကဲ်မပြန်တဲ့၊မြတ်နိဗ္ဗာန် အောင် မြို့နန်းသို့၊ကြွလှမ်းတော်မူလေသတည်း။

ဝိပဿီ ရှင်တော်ဘုရား လက်ထက်တော်ကစပြီး၊ ဂေါတမ မြတ်စွာဘုရား လက်ထက်တော်သို့တိုင်အောင်၊ ဘုရားခုနစ်ဆူ ပွင့်တော်မူတိုင်း၊ ဘုရားပွဲလိုက်တဲ့ သဘောမျိုးဖြင့်၊ သာသနာ တော်ကြီးနှင့် တွေ့ကြုံ၍၊လူဘုံလောကမှာ၊ဓမ္မကထိကအလုပ်ကို အားထုတ်လေ့ရှိတဲ့ အမျိုးသ္မီးကလေးဟာ၊ သုဇာတာထေရီဘိက္ခု နီမရဟန္တာအဖြစ်ဖြင့် ကျွတ်တမ်းဝင်ရောက်၊နိဗ္ဗာန်ပေါက်သွား တော့၊ နောင်ပွင့်တော်မူလတ္တံ့သော ဘုရားအထံသို့ သွားရန် ဖူးရန် မရှိတော့ဘူးပေါ့။ ဘုရား မျှော်ဘွယ်ကိစ္စမရှိတော့ဘူး ဆိုလိုတာပေါ့လေ။ ။ဆဲသည့်စခန်းသို့ ဆိုက်ရောက်ခြင်းကိုပင်၊ ' ဒုက္ခပေ်သိမ်း၊ချုပ်ပြတ်ငြိမ်း၊ ဇာဘ်သိမ်းပြည်နိဗ္ဗာန်'' ဆိုတယ် လို့ မှတ်ကြပေတော့။

## (၅) သုဇာတာထေရီဝတ္ထု ပြီး၏။

သည့်ဝတ္ထုမှာ၊သုဇာတာထေရီသည့်၊ ဘုရားခုနစ်ဆူတို့၏အထံ မှာ ရဟန်းပြုခြင်း၊ တရားဟောခြင်းအလုပ်ကို ပဓာနထားပြီး၊

အထွဋ်အဖြားဆိုရတဲ့၊ မဂ်ဖိုလ်ပန်းကို၊ ဆွတ်လှမ်း ဆွေ့ယူခဲ့ပေတယ်။ ။သူအားထုတ်ခဲ့တဲ့ ဓမ္မကထိက အလုပ်ဆိုတာ၊ ကုသိုလ်အချုပ်ကြီးပေပေါ့။ တကဲ့ လိုရင်းအချက်ကိုကိုင်ပြီး၊ ပိုင်ပိုင်ကြီး ကြိုးစားခဲ့ပေတယ်။ ။ဓမ္မဒေသနာဆိုတဲ့ ကုသိုလ်ကြီးဟာ၊ ဓမ္မဒါနအစစ်လဲဖြစ်နိုင်တယ်။ ဗုဒ္ဓသာသနာကို တရားသဖြင့် ချီးမြှင့်သော ဓမ္မာနုဂ္ဂဟ ကုသိုလ်ကြီးလဲ ဖြစ်နိုင်တယ်။ ရှင်တော်ဘုရားကိုယ်တိုင်က များစွာချီးမွမ်းတဲ့ ကုသိုလ်အထွဋ်အဖူးကြီးပေပေါ့။

ဤဝတ္ထုသွားကို ဆင်ခြင်ပြီး၊ ဥာဏ်အမြင်လိမ္မာ၍၊ သဒ္ဓါတရားနှင့် ပြည့်စုံကြတဲ့ အမျိုးသမီးများလဲ၊ ဗုဒ္ဓသာသနာတော်ကြီးနှင့် တွေ့ကြုံဆဲအခါ၊သုက္ကာထေရီရဲ့အလောင်းနှင့် တထပ်ထဲ ညီညွတ်အောင် မကျင့်ဆောင်နိုင်သော်လဲ၊ မှီသမျှ တစွန်းတစ မှီအောင် အတုခိုးသင့်ကြပေတယ်။ အလွယ်တကူနှင့်၊ မဂ်ဖိုလ်ဆိုတဲ့ ပန်းမဉ္ဇူကို ခွေ့ယူဆင်မြန်းဖို့ တိုက်တွန်းရခြင်းဖြစ်ပေတယ်။ ။ကာမဂုဏ်ဘောင်မှ လွတ်လွတ်ကြီး မထွက်ခွာနိုင်သေးသော်လဲ ဗြဟ္မစာရီအကျင့်မျိုးတွင် ပါဝင်တဲ့၊ ၅ပါးသီလ ဆယ်ပါးသီလများကို၊ တတ်နိုင်သမျှ စောင့်ထိန်း၍၊ ထွက်နိုင်သမျှ အိမ်ကထွက်သင့်ကြပေတယ်။ ။မိမိကိုယ်တိုင်လဲ တရားတော်ကို သိအောင်ပြု၊ မိမိသိသမျှကိုလဲ၊ သူတပါးတို့အား၊ ဟောကြားသွန်သင်၍၊ထင်ပြင်အောင် ဆုံးမသင့်ကြပေတယ်။ ။ အဲ-ဤကဲ့သို့ ကြိုးစားခဲ့ပါလျှင်၊ သုက္ကာထေရီ ဘိက္ခုနီမရဲ့ အတုမျိုးကို ခိုးတန်သမျှ ခိုးခြင်းမည်ပေသတည်း။

(မှတ်ချက်။ ။ဤဝတ္ထု၌ (က-ခ) စသည်ဖြင့်၊ မှတ်သားအပ်သောဂါထာတို့ကို ထေရီအပဒါန်ဂါထာ။(၁-၂-၃)ဂဏန်းတို့ဖြင့်မှတ်အပ်သော ဂါထာတို့ကို၊ ထေရီဂါထာဟူ၍ မှတ်ယူတော်မူကြပါကုန်။)

## တိကနိပါတ်

### (၆) သေလာထေရီဝတ္ထု။

သံသရာဝဋ်ဘုံ၊ ကရွတ်မြို့ကြီးထဲမှာ ကျွတ်တမ်းကိုရှာမှီးတဲ့ သတ္တဝါ၊ ကျွတ်တမ်းကိုမရှာမှီးဘဲ ဘဝဝဋ်ဘုံကြီးကိုပင်လျှင် မငြီးမငွေ့ အရသာတွေ့သဖြင့် ပျော်မွေ့ကြတဲ့ သတ္တဝါ၊ ဆဲ-သို့ကလို ဝိဝဋ္ဋာဘိရတပုဂ္ဂိုလ်၊ ဝဋ္ဋာဘိရတပုဂ္ဂိုလ်၊ ထိုထို သတ္တဝါအများတို့ တချိန်ချိန်တလွှားလွှားနှင့် ကျင်လည်မြောပါး ကျက်စားလေ့ရှိကြရာ၊ ကျွတ်တမ်းကိုရှာနေတဲ့အမျိုးသမီးကလေး တယောက်ဟာ ရှေးရှေးဘဝများစွာ အတိတ်ဟောင်းသံသရာ တို့က အလိမ္မာကိုမွေးပြီး ယာဉ်ကျေးတဲ့ ကုသိုလ်များကို ကြိုးစားစုဆောင်း၍သာခဲ့သည့်တွင်၊ လွန်ခဲ့သောကမ္ဘာတသိန်း ထက်၌ အနန္တစကြာဝဠာ ကမ္ဘာတုန်ဟိန်းအောင် ဗုဒ္ဓကိန်း ဖွင့်တော်မူကြတဲ့၊ ပဒုမုတ္တရဘုရား ထင်ရှား ပွင့်တော်မူပြီး၍ ပြည်ကြီးနိဗ္ဗူ စံယူတော်မူလေတဲ့နောက်၊ များမကြာမီအတွင်း ဟံသာဝတီ နေပြည်တော်ကြီးမှာ အမျိုးသမီးကလေး တယောက် ဖြစ်ထွန်းလာတယ်။ အလိမ္မာညွှန့်ဖူး၊ ပါရမီထူးကလေးပေပေါ့။

ပါရမီရှင်ကလေးတယောက်ဖြစ်ပါလျက်၊ ပဒုမုတ္တရဘုရား ရှင်ကို မဖူးလိုက်ရဘဲ၊ သိသိကလေး လွဲသွားလို့ အသဲနာဘို့ အလွန်ကောင်းရှာတယ်။ သို့ရာတွင် အားငယ်ဘို့တော့ မရှိလှ ပါဘူး။သာသနာနေရှိန်ကတထိန်ထိန်ထွန်းပခိုက်မို့၊ အမြိုက်မျိုး ကိုတော့ စိုက်ပျိုးဘို့ အခွင့်ရပါသေးရဲ့တဲ့။ ။အဲ့သည်အမျိုးသမီး ကလေးဟာ အချိန်အရွယ်သို့ရောက်လာတော့၊ မိဘနှစ်ပါးတို့က အမျိုးဂုဏ်သိမ် စည်းစိမ် အရည် အချင်း တူတဲ့ အမျိုးသား လုလင်ပျို တဦးနှင့် ထိမ်းမြားသဖြင့် အမျိုးသမီး ကလေးမှာ အိမ်ထောင်ညွှတ်ကွင်း သံချိုင့်တွင်းမှာ သံခြေချင်း ခပ်ပြီး အကြပ်ကြုံသွားရှာတော့တာပေါ့။ လူ့ဘုံဆိုတာ မကင်းနိုင်တဲ့ ဓမ္မတာပေကိုး။ သည်အရာမျိုးနှင့် မကင်းနိုင်ပေဘူးပေါ့။

အဲ-သို့ကလို၊ အိမ်ထောင်ညွတ်ကွင်း သံချိုင့်တွင်းသို့ ရောက်သွားပြန်တော့၊ပုထုဇန်ဘို့ဓမ္မတာ တွေ့ရာနှင့်ပျော်ရစမြဲ ဖြစ်ဘဲ့အတိုင်း၊ တနှစ်ထက်တနှစ် စီးပွါးဖြစ်အောင် ကြိုးပမ်းရတဲ့အလုပ်၊ တယောက်ပြီးတယောက် သားသ္မီးမွေးဘွားရတဲ့ အလုပ်၊ အဲသည်အလုပ်မျိုးနှင့်သာ နှစ်ပေါင်းများစွာအချိန်ကုန် သွားရသတဲ့။သို့ရာတွင် အမျိုးကောင်း,အဆွေကောင်း ပစ္စည်း ဥစ္စာချမ်းသာကြွယ်ဝတဲ့ အခြေအနေနှင့်ပြည့်စုံသဖြင့်၊ လောကဂုဏ်တော့ မသေးသိမ်ဘူးပေါ့။

သည့်လိုအဖြစ်မျိုးနှင့် ကာလရှည်မြင့်စွာ နေထိုင်ခဲ့ရာ၊ အရွယ်ကြီးရင့်တဲ့အခါကျလာတော့ မရဏာဓမ္မဘာ စီမံရာခံရမြဲ ဖြစ်တဲ့အတိုင်း၊ အရှင်သခင် လင်ယောကျ်ား ဖြစ်တဲ့သူဟာ သေဆုံးသွားရှာပါရော။လင်သေဆုံးတော့ လုံးလုံးကြီး မုဆိုးမ ဖြစ်သွားတာပေါ့လေ။ ။လင်ယောကျ်ား ရှိစဉ်အခါကလဲ ကုသိုလ်ရေး ဝါသနာ၊ ဝသီပါခဲ့တဲ့အတိုင်း ရတနာသုံးပါးကို အားထား ဆည်းကပ်ပါသော်လဲ အနှောင်အဖွဲ့ မကင်းသဖြင့် သန့်သန့်ရှင်းရှင်းကြီး မကြိုးစားနိုင်ရှာဘူး။ ။လင်ကိစ္စတွေကို ကြေအောင်ရွက်ဆောင်ရတာကတဘက်၊ သားတွဲလဲ,သ္မီးတွဲလဲ အမြဲဆွဲထားတဲ့တာဝန်ကြီးကိုရွက်ဆောင်ရဘာကလဲတဘက်၊ အိမ်ထောင်ကြီးကို ထိန်းချုပ်ပြီး အုပ်ရ,စိုးရ,သိမ်းဆည်းရတဲ့ တာဝန်တွေကလဲတဘက်၊ ဉာတိဆွေမျိုးနှင့် အစိုးရတာဝန်ကို ကြေလယ်အောင် ရွက်ဆောင်ရတာက တဘက်။ အဲသည့်လို ပြုလုပ်ဆောင်ရွက် အဘက်ဘက်တွေကများနေလို့ အားခွင့်မရ ရှာသဖြင့်။ ရတနာသုံးပါးကိုစိတ်ရှိသလောက် ဆည်းကပ်ပြီး။ မြင့်မြတ်တဲ့ ကုသိုလ်တရားတို့ကို၊ အားရှိသလောက် ပြုလုပ်ခွင့် မရရှာဘူး။

လင်ယောကျ်ား သေဆုံးသွားတော့။ အားလပ်ခွင့်ကြီးတမျိုး ပေါ်လာတာပေါ့လေ။ ကိုယ်စိုး, ကိုယ်ပိုင်ဖြစ်သွားတာကိုး။ ။ သံဝေဂဉာဏ်ချားလဲ တိုးပွါးလာတယ်။ ဘယ်လိုများ တွေးမိ

ဘလဲ ဆိုတော့။ "မောင်မင်းကြီးသားကလေးတို့ . ဘခင်ဖြင့် သေဆုံးသွားရှာပြီ။ သား, သမီးတွေ တဗရုံကြီးနှင့်၊ ငါ့ကို စွန့်ပစ်လို့ထားခဲ့တာ၊ ဖအသဲနာတို့ အလွန်ကောင်းတာဘဲ။ ။ သို့ရာတွင်၊ ကလေးတို့ ဘခင်ကို ကျေးဇူးတင်ဘို့ ကောင်းတာ တော့၊ အသက်ရှင်စဉ် အခါမှာလဲ၊ မျက်နှာ မငယ်ရအောင်၊ ရှာဖွေ ကျွေးမွေး၍၊ ဇေး အေး လူ လူ ထားရှာပေတယ်။ ။ သေသွားတဲ့ နောက်မှာလဲ၊ စား လောက် သောက် လောက်၊ အထောက်အပင့်အမျိုးမျိုးနှင့် ဂုဏ်မညှိုးအောင်ထားခဲ့ရှာတယ်။ ရောက်လေရာဘဝမှာ ချမ်းသာပါစေ။ ကျေးဇူး ရှင်ကြီး ကို မေ့ဘို့ပါခဲ့။

"လင်နှင့်မယား-ရှေ့သွား နောက်လိုက်" ဆိုတဲ့ စကား အတိုင်း၊ လင်ရှေ့ကသွားတော့၊ မယားက နောက်က လိုက်ရ ပေ လိမ့်မယ်။ (သူ သေ တဲ့ လမ်း ကို တမ်း တမ်း မတ်မတ် နောက်ထပ် လိုက်ရမယ် ဆိုလိုတာပေါ့လေ)။ ။ငါလဲဇကာန် အမှန် သေရမှာဖြစ်လို့၊ စည်းစိမ်ယစ်နေဘို့ မလျော်တော့ဘူး။ ကျန်သမျှအသက်ကာလေးမှာ ကုသိုလ်ရေးကိုသာ အားထုတ်လို့ နေရတော့မယ်။ မောင်မင်းကြီးသားက၊ ကုသိုလ်တရား ပွါးများဘို့ အချိန်ပေးခဲ့တာကိုလဲ၊ ကျေးဇူးတင်ပါခဲ့။ သူရှာဖွီး ခဲ့တဲ့ ပစ္စည်းဘဏ္ဍာ ရတနာအများကို၊ တရားသဖြင့် သုံးစွဲပြီး၊ ရတနာသုံးပါးကို၊ အားထားလို့ နေရင်း၊ မောင်မင်းကြီးသား ကိုလဲ အမျှဝေရမှာဘဲ။

အဲသည့်လိုကြံစည်ပြီး၊ လောကီရေများကို ကြိုးစားအားထုတ် ခြင်းမပြုဘဲ။ မျက်နှာလုံးလုံးကြီးလွှဲ၍ ရတနာသုံးပါးကိုသာ၊ အားထားဆည်းကပ်လို့နေသတဲ့။ ။ညအချိန်တွင်သာ အိမ်မှာ နေ၍၊ နေ့ လယ် ကျ ပြီ ဆို မှ ဖြင့်၊ သဃ်ာတော် အရှင်မြတ်များ သီတင်းသုံးတဲ့ ကျောင်းအရာမ်သို့ သွားနေတော့တာဘဲ။ အမြဲ မပြတ် ရှစ်ပါးသီလကိုစောင့်သုံး၍၊ တကျောင်းပြီး တကျောင်း ကူးပြောင်း လဲလှယ်ကာ တရားနာနေတယ်။

ဓမ္မကထိကပုဂ္ဂိုလ်များ၊ ရှိဘယ်လို့ကြားပြီဆိုမှဖြင့်၊ တရားနာရအောင်၊ ဘယ့်ကလောက်ပင် ဝေးဝေး, သွားရောက်လေ့ရှိတယ်။ တကျောင်းမှ တကျောင်း၊ အရပ်တခုမှ အရပ်တခု။ အဲသည်လို သွား လာ လှည့် ပတ် ၍ နေ ရာ၊ အလှူ ဝတ္ထုများလဲ နေ့တိုင်းပါသတဲ့။ ဥပါသိကာမကြီးလုပ်နေတော့တာပေါ့လေ။ ရဟန်းသံဃာတော် အရှင်မြတ်များနှင့်သဲ၊ လွန်စွာ အကျွမ်းဝင်နေတယ်။ သည်အခါ ထိုဥပါသိကာမကြီးဟာ၊ တကျောင်းပြီး တကျောင်း။ လည်ပတ်ပြီး တ ရား နာ လွန်း လို့၊ ရဟန်းတော်များက၊ " စာရိကာ " ရယ်လို့ အ မည် ပေး ထား ကြ သ တဲ့။ " စာရိကာ " ဆိုတာက၊ ပါဠိ ဘာ သာ စ ကား ဖြစ် ပေ တယ်။ မြန်မာလိုပြန်လျှင်၊ "မယ်ပတ်လယ်" လို့ဆိုရမှာပေါ့။ အဲသို့ကလို ကျောင်းကြို့, ကျောင်း ကြား သွား လာ လှည့် ပတ် ၍၊ တရားအမြတ်ကို၊ မှတ်မှတ်သားသား၊ နာကြားဆည်းပူး၍နေခြင်းကို၊ အထူးမွန်မြတ်တယ်လို့ ဆိုရမှာအမှန်ပေါ့။

ကဲ-စဉ်းစားကြစမ်းပါ၊ စာရိကာဆိုတဲ့ မယ်ပတ်လည်ကြီးဟာ လွတ်လပ်ခွင့်အချိန်ရတော့ ကုသိုလ် တရား ကြိုးစားအားထုတ်ပုံများကို၊ ဘဲ့ကလောက် အဘိုးတန်သလဲ လို့။ ။ယခုလောက၊ ဗုဒ္ဓသာသနာထွန်းကားတဲ့၊ သည်မြန်မာနိုင်ငံတော်ကြီး အတွင်းမှာ၊ ရတနာသုံးပါးကို ကြည်ညိုတဲ့ အမျိုးသမီးကြီးတွေဟာလဲ ထိုနည်းတူစွာ၊ အ ရှင် သ ခင် ဖြစ် တဲ့ လင်ယောကျ်ား သေဆုံးရှာပြီးတဲ့နောက်။ သံဝေဂဉာဏ် ပေါ် ပေါက် ပြီး၊ နောက် အိမ်ထောင်ဆိုတဲ့ ဒုက္ခကို၊ စိတ်ထဲက မရည်ရွယ်ဘဲ၊ စင်ကြယ်ကောင်းမွန်စွာ နေ ထိုင် ပြီး၊ ရ တ နာ သုံး ပါး ကို ကြိုး စား ၍ ဆည်း ကပ် နေ သ တဲ့။ မြင့် မြတ် တဲ့ ဘဝမျိုးနှင့် အကျိုးရှိတဲ့ အခြေသို့ဆိုက်အောင် ရည်မှန်းကြတာပေါ့လေ။

အသက်အရွယ်ကြီးရင့်လာပြီဆိုမှဖြင့်၊ ကုသိုလ်ကို လက်ကိုင်ထားပြီး ရတနာသုံးပါး၏အရိပ်ကို ခိုလှုံဆိုတာ ဗုဒ္ဓဘာသာတို့၏ ရိုးရာအလေ့ကြီးပေပေါ့၊ ရှေးအစဉ်အလာအားဖြင့် ဗုဒ္ဓဘာသာ

မြန်မာလူမျိုးဟာ အရွယ်ကြီးလျှင် ပုတီးကိုကိုင်ပြီး၊ကျောင်းကန် ဘုရား သွားလာ လှည့်ပတ်၍ မြင့်မြတ်တဲ့ အဋ္ဌဟိတများကို ရှာမှီးလေ့ရှိကြတယ်။ ။ဒါသည့်ရိုးရာအလေ့မျိုးကိုရည်ရွယ်၍ ရှေးက သည့်လိုတဲ့၊ "မြန်မာဒို- ကျောင်းကြို့, ကျောင်းကြား ရောက်။ ကရင်ဒို-ချောင်းကြို့,မြောင်းကြားရောက်" ဒါသည့် စကားပုံဟာ၊ ရှေးကာလ ခေတ်အတိုင်း အသုံးအစွဲ ပြုထားတဲ့ ပေါရာဏ စကားပုံဟောင်းကြီး ဖြစ်ပေတယ်။

ကာလဆန်တဲ့ ယခုခေတ်သဘောမျိုးနှင့် ထွေးတော့မယ်လို့ ဆိုလျှင် ကျောင်းကြို့, ကျောင်းကြား သွားလာ လယ်ပတ်၍ နေလျှင်၊ သည့်လူဟာ ပည့်ဥစ္စာ ပျက်ပြားလို့ ကျောင်းနား, ဘုရားနားကပ်တယ်။အကြီကုန်လို့ ဂဠုန်ဆားချက်တယ်။ လူရာ မဝင်တော့ဘူး။ ဒါ-သို့ကာလိုပြောဆိုကြမှာဘဲ။ စင်စစ်မှာတော့ ကျောင်းနား,ဘုရားနားကပ်၍ တရားထူး,တရားမြတ်ကိုဘွေရှာ ခြင်းဆိုတဲ့အလုပ်ကို ဗုဒ္ဓသာသနာတော် အလိုအားဖြင့်၊ အဘိုး တန်၍ မြင့်မြတ်တယ်လို့ ဆိုရမှာဘဲ။ ။ကာမဂုဏ်နှင့် ဆိုင်တဲ့ အလုပ်ကြီးဆိုတာ အနန္တကပ်ကမ္ဘာ၊ ဘာသံသရာရှည်လျှား တိုင်း ပြုလုပ်ရတာမျိုးကလား။ ကျောင်းကြို့, ကျောင်းကြား ရှောက်ပြီး၊ သူတော်ကောင်းတို့ စရိုက်ဖြင့် ပျော်ပိုက် နေထိုင် ခြင်းဆိုတဲ့ အလုပ်မျိုးကတော့ ဘဝတိုင်းမှာ တွေ့နိုင်, ရနိုင်, လုပ်ကိုင်နိုင်တဲ့ အလုပ်မျိုးမဟုတ်ဘူး။

သဃ်ာတော်များနှင့် တရားသဖြင့် အကျွမ်းဝင်ခြင်း ဆိုတဲ့ အဖြစ်မျိုးကိုလဲ လွန်စွာရနိုင်ခဲတဲ့ အဖြစ်မျိုးရယ်လို့ ဆိုရပေထိမ့် မယ်။ ။ဖြစ်လေရာရာ သံသရာ ဘဝအဆက်ဆက်မှာ မိန်းမ ဖြစ်လျှင် လင်နှင့် အကျွမ်းဝင်ခြင်း၊ ယောကျ်ားဖြစ်လျှင် မယား နှင့်အကျွမ်းဝင်ခြင်း၊ သား,သမီးနှင့် အကျွမ်းဝင်ခြင်း၊ ဆွေမျိုး ဉာတကာနှင့် အကျွမ်းဝင်ခြင်း၊ မိတ်ဆွေသင်္ဂဟာနှင့် အကျွမ်း ဝင်ခြင်း၊ မင်းစိုးရာဇာနှင့် အကျွမ်းဝင်ခြင်း။ ဒါသည့်သို့ အကျွမ်း ဝင်ခြင်းမျိုးတွေကိုတော့ ဘဝတိုင်း တွေ့နိုင်ကြပါတယ်။ ။

ရတနာသုံးပါးနှင့် အကျွမ်းဝင်ခြင်းဆိုတဲ့ အဖြစ်ကိုတော့ ဘဝတိုင်းတွေ့နိုင်ဘို့ဝေးရော၊ ဘဝပေါင်း တကုဋေမှာ တလေတခါမျှ တွေ့ကြုံဘို့ခဲယဉ်းပါရဲ့။ ဆဲ-သို့ကြောင့်၊ ရဟန်းသံဃာတော်များနှင့်ဘုရားသဖြင့်အကျွမ်းဝင်ခြင်းကို ကြုံနိုင်ခဲ့,ကြုံရခဲ့တဲ့ ဒုလ္လဘကြီးရယ်လို့ဆိုရတာပေါ့။

အချို့,အချို့သော အမျိုးသ္မီးကြီးများမှာတော့၊ စာရိကီဆိုတဲ့ မယ်ပတ်လယ်ကြီး၏နည်းကိုမလိုက်နိုင်ရှာကြဘူး။ ''တပင်လဲမှ တပင်ထူ''ဆိုတဲ့ စကားကို အားကျပြီး၊ အိမ်ထောင် တဆက် ပျက်စီးကွယ်လွန်၍ သွားပါလျှင် အိမ်ထောင်သစ်တဘန် ဆက်လက်ရန် အရေးကို တွေးတော ကြံဆကာ လမ်းပေါက်ကို ရှာတတ်ကြတယ်။ ။လမ်းပေါက် ၊လမ်းစ အဆင်သင့် တွေ့ရပြီဆိုမှဖြင့်၊ ထိုလမ်းစခမ်းသို့ တမ်းတမ်း မတ်မတ်ကြီး လိုက်ကြပါရော။ ။အိမ်ထောင်ဟောင်း လက်ထက်က စုဆောင်းထားခဲ့တဲ့ ပစ္စည်းများကို အိမ်ထောင်သစ် ဘဝမှာ လှလှကြီး အသုံးပြုကြတယ်။ သူတို့တွက်ကိန်းနှင့် တွက်လျှင်လဲ အချက်ပိုင်တယ်လို့မှတ်ကြမှာဘဲ။ လူဆိုတာ ကိုယ့်ဝါသနာဆန္ဒနှင့် ကိုယ့်တွက်ကိန်းအတိုင်း ပြုလုပ်ကြမြဲပေကိုး။

တအိမ်ထောင်ပြီး တအိမ်ထောင်၊ အဆင့်ဆင့် အထပ်ထပ် အချိန် မအားမလပ်အောင် ထူထောင်နေမှုဖြင့် အနှောင်အဖွဲ့မှ မလွတ်နိုင်ဘဲ အမြဲကြပ်တဲ၍ ကာမဂုဏ်ဆိုတဲ့ ထောင်အချုပ်မှ လွတ်ရက်မရှိ ဆိုသလို ဖြစ်သွားတော့တာပေါ့။ ။သည်လို ဖြစ်ခဲ့ပါလျှင် တဘဝလုံးမှာ မိမိကိုယ်ကို ကာမဂုဏ် ကိစ္စဖြင့် အသုံးချသွားတယ်လို့ ဆိုရပေလိမ့်မယ်။ သူတော်ကောင်းတို့၏ တရားအလုပ်ဖြင့် အားထုတ်၍ အသုံးချသွားတယ်လို့ မဆိုနိုင်တော့ဘူး။ ။မြန်မာ ရာဇဝင်မှာ လွန်စွာ ကျော်စောတဲ့ ''ရှင်ဘို့မယ်-ဓောဥမ္မာ''တို့လိုပေါ့လေ။

စင်စစ်မှာတော့ ပုထုဇန်တို့ ဓမ္မတာ ကာမဂုဏ်ဆိုတဲ့ အငွေ့အသက်ကို လုံးလုံးကြီး မရှောင်နိုင်လို့ရှိခဲ့ပါလျှင်၊ စာရိကီဆိုဘဲ့

မယ်ပတ်လယ်ကြီးတို့လို၊ကာ ေမဂုဏ်ထောင်ကြီးထဲမှာ၊ ပျော်ပွဲခံသင့်တဲ့ အချိန်မှာ ပျော်ပွဲခံပြီး အရွယ်ကြီးတော့၊ စိပ်ပုတီးကိုလက်ကိုင်ပြု၍၊ရတနာသုံးပါးကို ဆည်းကပ်ပြီး၊ တရားမြတ်ကိုရှာဖွေခြင်းဆိုတဲ့ အလုပ်ဟာ၊ လွန်စွာ အသိုးထိုက်ထာပေါ့။ နောင်သံသရာခွင်မှာ အစဉ်သဖြင့် ကောင်းစားတို့ဆိုတဲ့ အခြေကြီးကိုလဲ၊ ထူထောင်ရာ ရောက်ပေတယ်။ ။ကဲ-ထေရိဝတ္ထုရင်းကို ဆက်ကြအုံးရှို။

မယ်ပတ်လယ် ဆိုတဲ့ ဥပါသိကာမကြီးဟာ၊ တခုသော လကွယ်နေ့အခါ၊ မိမိနေအိမ်မှ စောစောထပြီး အဋ္ဌင်္ဂသီလ ဆောက်တည့်ရန်၊ တရားတော်များကို ကြားနာရန်၊ ရဟန်းတော် အရှင်မြတ်များကို ကြားနာရန် ဖူးမျှော်ရန်၊ အလှူဝတ္ထုများကို လှူဒါန်းရန်၊ ကျောင်းသို့ ထွက်သွားတယ်။ ။ထိုခေတ်အခါ၊ သာသနာတော်ကလဲ လွန်စွာ ထွန်းကားတဲ့အတွက်၊ ဟံသာဝတီနေပြည်တော်ကြီးမှာ၊ သံဃာတော် အရှင်မြတ်များ သီတင်းသုံတဲ့ ကျောင်းတိုက်ကြီးတွေကလဲ၊ အလွန်များပြားစွာ ရှိသတဲ့။

မယ်ပတ်လယ်သည် မိမိ ဝါသနာရှိရင်းအတိုင်း၊ တကျောင်းပြီး တကျောင်း ကူးပြောင်းလှူဒါန်း၍၊ တရားတော်များကို ကြားနာ၍ခနရော၊ကျောင်းတိုက်ကြီးတခု အတွင်းသို့ ရောက်သွားတော့၊ကျောင်းဦးမှာ၊မဟာရံတံတိုင်းကာ၍၊ ခမ်းနားကြီးကျယ်စွာ စိုက်ပျိုးထားတဲ့ ဗောဓိပင်ကို တွေ့မြင်တယ်။ ။ဗောဓိပင်ဆိုတာ ရှင်တော်ဘုရား၏ ပွင့်တော်မူရာ ဌာနကြီးဖြစ်၍ ပရိဘောဂ အစစ်ဖြစ်ကြီး ဖြစ်တော်မူပေတယ်။

မှာထားချက်။ ။ပဒုမုတ္တရ ဘုရားရှင်သည်၊ထင်းရှူးပင်မှာ ပွင့်တော်မူသောကြောင့်၊ထိုအခါ ထင်းရှူးပင်ကို ဗောဓိပင်ဟူ၍ ဆိုရပေလိမ့်မယ်။ ။ဘုရားပွင့်တော်မူရာဖြစ်သော၊ သစ်ပင်ကို ဗောဓိပင်ဟူ၍ ဆိုရသောအတိုင်း၊ ပဒုမုတ္တရ ဘုရားရှင်၏၊

လက်ထက်တော်အခါ၊ ထင်းရှူးပင်ကို၊ ပရိဘောဂ စေတီအဖြစ် ဖြင့်၊ကိုးကွယ်ကြရသည်။

ဗောဓိတာသ ဘဂဝတော၊သလဠ္ဌောတိ ပရုစ္စတိ။

ဗုဒ္ဓဝင်ပါဠိတော်ကြီး

တဿဘဂဝတော ထို ပဒုမုတ္တရ ဘုရား၏။ဗောဓိ။ ပွင့်တော် မူရာဖြစ်သော ဗောဓိပင်ကို၊ သလဠ္ဌောတိ၊ ထင်းရှူးပင်ဟူ၍၊ ပရုစ္စတိ။ ဆိုအပ်၏။

ဗုဒ္ဓဝင်ပါဠိတော်ကြီး၌၊ နှစ်ကျိပ်လေးဆူသော ဘုရားရှင်တို့ ၏၊အဠ္ဌုပ္ပတ္တိများကို စုံလင်စွာ ပြဆိုလျက်ရှိရာ၊ ပွင့်တော်မူရာ ဖြစ်သော၊ဗောဓိပင်လည်း၊အမျိုးမျိုးပင်ဖြစ်သည်။ဘုရားတဆူနှင့် တဆူ၊ တူတော်မမူကြပေဘူး။ ယခု ရှင်ဂေါတမဘုရားလက် ထက်တော်၌မူကား၊ ညောင်ပင်၌ ပွင့်တော်မူသောကြောင့်၊ ညောင်ပင်ကို ဗောဓိပင်ဟူ၍ ခေါ်ဆိုကာ၊ ပရိဘောဂစေတီ အဖြစ်နှင့် ကိုးကွယ်ကြသည်။

ဗောဓိပင်ကို တွေ့မြင်တော့ ဥပသိကာမကြီးမှာ၊ လွန်စွာ ကြည်ညိုခြင်းဖြစ်ပေါ်လာပြီး၊''ဩြော်-ပဒုမုတ္တရ ရှင်တော်မြတ် ဘုရားကြီးသည်၊ဤဗောဓိပင်ရင်းမှာ၊သစ္စာလေးပါးကို သိမြင်၍ ဘုရားရှင်အဖြစ်သို့ ရောက်တော်မူပါကလား။ ဤဗောဓိပင်ကို အမှီပြု၍ဘုရားပွင့်တော်မူရတယ်။ ဘုရားကိုအမှီပြု၍ လူ နတ် ဗြဟ္မာ သတ္တဝါအများ ဝဋ်သုံးပါးမှ ကျွတ်လွတ်ပြီး၊ အထွန် အတိဝ်ဖြစ်တဲ့ နိဗ္ဗာန်သို့ ရောက်ကြတယ်။ရှင်တော်ဘုရား၊ သစ္စာ လေးပါးကိစ္စဖြင့်၊ အသုံးပြုတော်မူရာ ဌာနဖြစ်၍၊ ပရိဘောဂ စေတီ အစစ်ကြီးလဲ ဖြစ်ပေတယ်။ ဤဗောဓိပင်ကြီးသည်ကား၊ လူနတ်ဗြဟ္မာ၊သတ္တဝါ အများ၊ ဝပ်တွားဦးခိုက်၍၊ ဖူးထိုက်တဲ့ ဗောဓိပင်ကြီးပါတကား''အဲ-သို့ကလို စဉ်းစားဆင်ခြင်ပြီး၊ ။ ဥပသိကာမကြီးဟာ မချိနိုင်အောင် ကြည်ညိုလှသဖြင့်၊ အကြိမ် ကြိမ် ဦးချပြီး၊မဝနိုင်အောင် ရှိခိုးနေသတဲ့။

ဆဲသည့်လိုအကြွမ်ကြွမ်ရှိခိုးပြီး၊ ဘယ်လိုအကြံဖြင့် မိမ္မာန်သလဲဆိုတော့]"အကျွန်ုပ်သည်ကား၊ရှင်တော်ဘုရား ပရိနိဗ္ဗာန်ဝင်စံတော် မူပြီးတဲ့ နောက်မှ လူ့ဘဝကို ရောက်လာရသဖြင့်၊ ဗုဒ္ဓကြွက်သရေများကို မဖူးမြှော်လိုက်ရပါ၊ သုံးဆဲ့နှစ်ပါးသော ယောက်ျားမြတ်တို့၏ လက္ခဏာ၊ ခြောက်ဖြာသော ရောင်ခြည်တော် အရှိန်ဖြင့်၊ တ ထိန် ထိန် ထွန်း ပ ၍၊ အတုမရှိအဖက်မရှိ အဌပုဂ္ဂလဖြစ်တော်မူသော ရှင်တော်ဘုရားကဲ့သို့၊ သည် ဗောဓိပင်က တန်ခိုးပြတော် မူပါစေသား" ဆဲသည့်လို မိမ္မာန်လိုက်တယ်တဲ့၊

သဒ္ဒါတရား ထက်မြက်၍၊ ရက်ရက် စက်စက် ကြည်ညိုတဲ့ စေ တ နာ အ စွမ်း ကြောင့်၊ ဆု တောင်း ပဏ္ဍနာ ပြု သည် နှင့် တပြိုင်နက်၊ မဟာဗောဓိပင်မင်းသည်၊ ခဏခြင်းတူးခြားစွာနှင့် ရွှေသားပကတိကဲ့သို့ ဖြစ်လာပြီး၊ ရှင်တော်ဘုရား၏ ခြောက်ပါးသော ရောင်ခြည်တို့ကဲ့သို့ နီသောရောင်ခြည်တော်၊ ရွှေသော ရောင်ခြည်တော်မှ စ၍၊ ပြိုး ပြိုး ပြက် ပြက် အ ရောင် ထွက် ပြီး၊ တန်ခိုးပြာဋိဟာကိုပြတော်မူတယ်၊ အရပ်ဆယ်မျက်နှာ ထိန်ဝါ ထွန်းတောက်လျှံနေသတဲ့၊

ကြည်ညိုဘွယ် အလွန် ဆန်းကြယ်တာပေါ့နော်၊ သည့်လို ပြာဋိဟာမျိုးကို ဖူးလိုက်ချင်စမ်းပါဘိတယ်၊ ယခုနှယ်အခါများ မဟာဗောဓိပင်မင်းက၊ တန်ခိုးပြာဋိဟာ၊ ထင်ရှားစွာ ပြမယ်လို့ ဆိုလျှင်၊ တကမ္ဘာလုံး အုံးအုံးကြွက်ကြွက်သူ သွားမှာဘဲ၊ ၊ ဗောဓိပင်ဆိုတာလွန်စွာတန်ခိုးကြီးတယ်၊ နှယ်နှယ်များမထင်ကြပါနှင့် ယခု ဘုရားသ နာမှာလဲ၊ ဗောဓိပင် တန်ခိုးပြာဋိဟာပြကြောင်းနှင့်၊ ကျမ်းပေါင်းများစွာ၊ အ ထင် အ ရှား ပြ ဆို လျက် ရှိပါတယ်၊

သိရိမေဃဝဏ္ဏသာက မင်းကြီး လက်ထက်တော်အခါ၊ ဧကဗ္ဗာသာခါခေါ်ဆိုတဲ့ ဗောဓိပင်၏ တောင်ဘက်အကိုင်းကို ရဘနာ ရွှေအိုးနှင့် စိုက်ပျိုးစဉ်အခါတုန်းကလဲ၊ ရောင်ခြည်ခြောက်ဆိုင်

တို့ဖြင့် ဘဝဂ်တိုင်အောင် ထွန်းလင်းစေလျက် တန်ခိုးပြာဋိဟာကို ကြီးကျယ်ခမ်းနားစွာပြတော်မူဘူးတယ်။

ထိုဒက္ခိဏာသာခါ မဟာဗောဓိပင်ကို ဒွီးတော်သဃာမိတ္တာထေရီတိကဲ့နိမသည့်။ သီဟိုဠ်ကျွန်းသို့ပင့်ဆောင်ကာ၊ ဒေဝါနံပိယတိဿမင်းကြီးသို့ အပ်နှံပြီးလျှင် အရှင်မဟိန္ဒထေရ် ကြီးမှူးလျက်၊ အနုရာဓမြို့ မဟာမေဃဝန်ဥယျာဉ်တော်ကြီးအတွင်းမှာ စိုက်ပျိုးတဲ့ အခါမှာလဲ၊ ရောင် ဝါ တောက် ဝင်း၊ ကပ် လုံး လင်းအောင် လွန်မင်းစွာ ဒုံ့ဖြလောက်တဲ့၊ တန်ခိုးတော်ကြီးများကို၊ ပြတော်မူဘူးတယ်။ ဆဲ-သို့ကြောင့်၊ ယခု ရှင် တော်ဘုရားရဲ့ သာသနာမှာလဲ၊ မ ဟာ ဗော ဓိ ပင် က တန်ခိုးဇ္ဈာန်ပါနိ ပြပါတယ်လို့ ဆိုခဲ့တာပေါ့။

ဗောဓိပင်ဆိုတာ ဘုရားရှင်ကိုယ်တော်ဖြတ်၍အသား၊ ကြီးမား လွန်ကဲစွာ၊ ရှိသေအပ်တဲ့ အပင်မျိုးဖြစ်ပေတယ်။ ဖြစ်မှားတဲ့ စေတနာဖြင့်၊ ဗောဓိပင်၏အကိုင်းအခက်ကိုချိုးလျှင် ဘုရားရှင်ကို သွေးစိမ်း တည်အောင် ပြုတဲ့၊ လောဟိတုပ္ပ ဒကကံ ရဲ့အလား။ ကြီးမားသော အကုသိုလ်ဖြစ်ကြောင်းများကိုလဲ၊ကျမ်းဂန်တို့မှာ အသေအချာပြဆိုထားတယ်။ ။စေ တီ တော် တို့ မှာ ပြုအပ်တဲ့ ဝတ် တ ရား အ တိုင်း၊ ဗော ဓိ ပင် မှာ လဲ ပြုသင့်ရိုး အမှန်ပေါ့။ ကျမ်းဂန်များမှာ စေတီယင်္ဂဏဝတ်, ဗောဓိယင်္ဂဏဝတ်, ကို ပြဆိုတော်မူတယ်။

ရှေးရှေးအခါ၊သဃာတော်မထေရ်ကြီး အစဉ်အဆက်တို့လဲ၊ ဗောဓိယင်္ဂဏဝတ်ကို အမြဲ့ကျ်ဆောင်ပြီး၊ သက်တော်ထင်ရှား ရှိတဲ့၊ ဘုရားရှင်နှင့်အတူ၊ အလေးအမြတ် ပြုတော်မူလေ့ရှိကြတယ်။ ။မြန်မာပြည်မှာလဲ၊ မဟာဗောဓိ၏ မျိုးစေ့များကို ယူဆောင်၍ စိုက်ပျိုး ကိုးကွယ်လေ့ ရှိကြောင်းများလဲ၊ အထင်အရှားပေပေါ့။

ရာဇဝင်အချက်ကို၊အမြွက်လောက် ပြဆိုရပါလျှင်၊အမရပူရမြို့တည်၊ ဘိုးတော်မင်းတရားကြီးသည့်၊ မင်းကွန်း စေတီတော်

ကြီးကို တည့်တော်မူသဲအခါ၊ သီဟိုဠ်ကျွန်းမှ ဒက္ခိဏာသာခါ မဟာဗောဓိမျိုးစေ့များကို၊ ယူဆောင်တော်မူစေပြီး၊ မင်းကွန်း စေတီကြီး၏ တောင်မျက်နှာ မင်္ဂလာ ဥယျာဉ်တော်ကြီးအတွင်း မှာ စိုက်ပျိုး၍၊ကိုးကွယ် မြတ်နိုးတော်မူကြောင်းများလဲ ရာဇဝင် အထင်အရှားပေပေါ့။

ဩြော်-သည့်နေရာမှာ၊ ကျေးဇူးရှင် လယ်တီဆရာတော် ဘုရားကြီး ကိုယ်တော်တိုင် ဗောဓိပင်စိုက်ပျိုး၍ မြတ်မြတ်နိုးနိုး ကိုးကွယ် ပူဇော်တော်မူကြောင်းကို ကိုယ်တိုင်ဖိဋ္ဌ လက်တွေ့ သိရတဲ့အတိုင်း ရိပ်မိလို့ ပြောရအုံးမယ်။ ။မြန်မာသက္ကရာဇ် ၁၂၅၂-ခုနှစ်တွင်သီဟိုဠ်ကျွန်းမှ ဒက္ခိဏာသာခါ မဟာဗောဓိပင် မျိုး အစစ်ကို ရတော်မူသဖြင့် ဝမ်းမြောက်နှစ်သက်စွာ လယ်တီ တိုက် အတွင်းမှာ မဟာဗောဓိပင်ကို စိုက်ပျိုးတော်မူတယ်။ ။ နေ့စဉ်မပြတ် ကိုယ်တော်တိုင်ကြီးကြပ်၍ ဗောဓိယင်္ဂဏဝတ်နှင့် ညောင်ရေသွန်းလောင်းခြင်းများကိုလဲ ပြုရတော်မူတယ်။ ။ စိုက်ပျိုးတော်မူတဲ့ ဗောဓိပင်ဟာလဲ ကြည့်ညိုဘွယ်ရာ တနေ့ တခြား သန်စွမ်းစွာ ကြီးပွါးလာတော့ ကျေးဇူးရှင် ဘုရားကြီး အားရတော်မူလွန်းလို့ သံဃာတော်အများနှင့် လူပရိသတ်တို့ အား ဗောဓိပင်ကို အကြီးအကျယ် ပူဇော်တဲ့ ကထိက် ဗောဓိ ဓာတ်တော်ကြီးကိုဟောကြားပြီး နေ့စဉ်မပြတ် လှဲ့တစီးတိုက်မျှ လောက်သော ပန်းတို့ဖြင့်၊ ဗောဓိပင်ကို တနှစ်တိုင်တိုင် ပူဇော် တော်မူဘူးတယ်။

နေ့စဉ်မပြတ် နံနက် လေးနာရီခွဲ အချိန်မှာ ထတော်မူပြီး၊ ကိုယ်တိုင် ရေသုံးအိုး, သုံးအိုး ထမ်းတော်မူကာ၊ ဗောဓိပင်ကို ရေသွန်းလောင်းတော်မူတဲ့ ဝတ်ကြီးကို ခြောက်နှစ် တိုင်တိုင် ဆောင်ရွက်တော်မူခဲ့တယ်။

(မှတ်ချက်။ ။ကျွန်ုပ်{လယ်တီပဏ္ဍိတ}ကိုယ်တိုင် ကျေးဇူး ရှင် ဆရာတော်ဘုရားကြီးနှင့်အတူ၊ နံနက်တိုင်း,နံနက်တိုင်းထ၍

တနှစ်နှင့် ခြောက်လတိုင်တိုင် ဗောဓိပင်ကို ရေသွန်းလောင်း လှူဒါန်းဘူးပါသည်။)

ယခုဗောဓိပင်အကြောင်းကို ပြဆိုခဲ့သည့်မှာ။ ဗုဒ္ဓသာသနာ တော်၌ ပရိဘောဂစေတီဖြစ်တဲ့ ဗောဓိပင်ကို အထူးသဖြင့် ရိုသေထိုက်ကြောင်း၊ ဗောဓိယင်္ဂဏတော်များကို ကုသိုလ်တရား အထူးပွါးများအောင် ပြုကြစေလိုတဲ့အတွက် ပြဆိုခဲ့ခြင်းဖြစ်ပေ တယ်။ ။ဗောဓိပင်ကို ကြည်ညိုဖြတ်နိုးစွာ ပူဇော်တဲ့ ကုသိုလ် မျိုး၏ အကျိုးကြီးကျယ်ပုံများကိုသဲ အပဒါန် ပါဠိတော်ကြီးမှာ ဝတ္ထုပေါင်းများစွာရှိပေသေး၏။

ကဲ-သည့်နေရာမှာ၊ သဒ္ဓိတိကျမ်းမှာလာတဲ့ ဗောဓိဝန္ဒနာ၊ ယမက ဂါထာတပုဒ်ကို ထုတ်ဆောင်လို့ ပြလိုက်ရအုံးမှာပေါ့။

ဝန္ဒေဝန္ဒေဟ မသဿတ္တံ၊ ယတ္ထသန္တုဋ္ဌိတော ဇိတော။
ကာမေ ကာမေဘတိဏ္ဏော န ဗုဒ္ဓေန ဝသတာ သတာ။

ယတ္ထ၊ အကြင်ဗောဓိညောင်ဗွေ၊ ဗုဒ္ဓဟော၌။ ဝသတာ- ဝသန္တေန၊စံနေတော်မူဆဲဖြစ်ထသော၊သတာ၊သန္တေန၊သူတော် တကာပတ္တိဥဿျောင်၊ အခေါင်အဖျား၊ သူတော်ကောင်း အမြတ် စားကြီးလည်း၊ ဖြစ်တော်မူပေထသော။ ကာမေဘတိဏ္ဏေန၊ ကာမရုန်တိုင်း၊ ကာမလှိုင်းတို့ဖြင့်၊ ရိုင်းစိုင်း ကြမ်းတမ်းသော သံသရာမှ၊ ထွက်ခွာ ကူးမြောက်တော်မူသော။ ဗုဒ္ဓေန၊ သစ္စာ လေးပါး၊တရားသိမြင်၊ဘုရားရှင်သည်၊ကာမေ၊ညောင်ဗုဒ္ဓဟော၊ ပလ္လင်ဗွေဝယ်၊ ကြိတ်ခြေ နှိပ်နင်း၍၊ အတင်း တိုက်ခိုက်ရန် ချီတက်လာသော၊ မာရ်နတ်အယုတ်တမာကြီးကို၊ သန္တုဋ္ဌိတော၊ ပါရမီတရား၊ မြတ်ဆယ်ပါးတို့ဖြင့်၊ ကြိမ်းဝါး ခြောက်လှန့် အပ်သည်ဖြစ်၍၊ဇိတော။မလှန်ဝံ့ဘဲ၊ရန်ညွှန့်တုန်းစေ၊ညက်ညက် ကြေ အောင်၊ ကြိတ် ခြေ အောင် မြင် တော် မူ အပ် လေ ပြီ၊ တံအသတ္တံ၊ ထိုမာရ်နတ်မင်းကို၊ နှိမ်နင်းအောင်မြင်ရာ၊ မဟာ ဗောဓိ၊သိရိပြိုးလျှိုင်၊မဏ္ဍိုင်အောင်ခန်း၊ဈွှေညောင်နန်းကို၊အဘုံ၊

အကျွန်ုပ်သည်။ ဝန္ဒေဝန္ဒေ။ အကြိမ်ကြိမ် ဦးနှိမ်ဖြတ်နိုး။ ယခုလဲ ရှိခိုး၊ နောင်ခါလဲရှိခိုး၊ အဖန်ဖန်တုပ်ဝပ်လျှိုး၍၊ ရှိခိုးပူဇော်ပါသည်ဘုရား။

ယခုခေတ်အခါ၊ ဗုဒ္ဓသာသနာ ထွန်းလင်းရာဖြစ်တဲ့ နိုင်ငံတို့မှာ၊ ဝိသာခါနက္ခတ်နှင့် ကြုံတဲ့၊ ကဆုန်လ ပုဏ္ဏမီတွင်၊ ဘုရားရှင်ပွင့်တော်မူတဲ့၊ နေ့ထူး နေ့မြတ်ကို ရည်ရူးပြီး အထူးထူးသော ပန်းနံ့သာ၊ ပူဇော်သက္ကာအမျိုးမျိုး၊ မြူတာရေအိုးတို့ဖြင့် ဗောဓိပင်မှာ၊ ရေသွန်းလောင်းခြင်းဆိုတဲ့၊ ညောင်ရေသွန်းသဘင်များကို၊ ဆင်ယင်ပြုလုပ်ကြသည်မှာ၊ လွန်စွာ ကောင်းမြတ်တဲ့ အလေ့ကြီးပါပေဘဲ။ ရှင်တော်ဘုရား၏ ဂုဏ်တော်တွေကို အောက်မေ့၍ ဗုဒ္ဓဘာသာ အလေ့ကြီး၊ မပျက်မစီး တည်တန့်၍နေသည်မှာ၊ လွန်စွာ ဝမ်းမြောက်ဘို့ ကောင်းပေတယ်။ ။တနှစ်မှ တခါ၊ သာ သ နာ တော် ရေး နှင့် စပ် လျဉ်း တဲ့ ကု သိုလ် ထူး ကြီး ကို၊ ဆည်းပူးရတဲ့အတွက် ကုသသဝိပါက်ဆိုတဲ့ အကျိုးများဟာလဲ၊ ဖွံ့ဖွံ့ဖြိုးဖြိုးနှင့်၊ အားကိုးလောက်စဘွယ်၊ ကြီးကြီးကျယ်ကျယ်ပေးမှာအမှန်ဘဲလို့သာ၊ ဝမ်းမြောက်စွာ နှလုံးသွင်းကြပေတော့၊ မြန်မာနိုင်ငံတော်ကြီးမှာ၊ ဗုဒ္ဓသာသနာ၊ ထွန်းကားရာအစစ်ဖြစ်သောအတိုင်း၊ ၁၂ ရာသီ ပွဲသဘင်ကို၊ အစဉ်ကျင်းပမြဲဖြစ်ရာ၊ ကဆုန်လ ပုဏ္ဏမီတွင်၊ ညီညီညွတ်ညွတ် ဆင်နွှဲ၍၊ ညောင်ရေသွန်းပွဲကို၊ နှစ်စဉ်အမြဲ ပြုလုပ်၍လာသည်မှာ၊ သာသနာတော်ရေးနှင့် လွန်စွာ ညီညွတ်ပေတယ်လို့ အထူးပင် ချီးမွမ်းထိုက်ကြောင်းကို၊ ပညာရှိ သူတော်ကောင်းအပေါင်းတို့က၊ ဝန်ခံတော်မူကြတယ်။

ကဲ-ထေရိဝတ္ထုရင်းကို ဆက်ကြအုံးစို့။ ။စာရိကာ-မယ်ပတ်လယ်ကြီးသည်၊ မိမိဗိုဒ္ဓာန်လိုက်တဲ့အတိုင်း။ ဗောဓိမဏ္ဍိုင်က၊ ခြောက်ဆိုင်သော ရောင်ခြည်တော်ကို လွှတ်ပြီး၊ နူးညွတ်စဘွယ်၊ အကြီးအကျယ် တန်ခိုးပြတော်မူပုံကို၊ မြင်ရတဲ့ စေတနာသဒ္ဒါ၊ သူ့ထက် ငါ တိုး ဓွေ့ ပြီး၊ မြော မွေ့ လို့ သွား တော့ မ လောက်၊ ဝမ်းအမြောက်ကြီး ဝမ်းမြောက်၍ ကြည်ညိုပုံများကို၊ အစွမ်း

ကုန်အောင် ပြောလို့မပြနိုင်ဘူးပေါ့။ ။ပီတိအမျိုးမျိုး၊ အဲရှိန် အဟုန်နှင့်တကွ တက်တိုးပြီး၊ဖြိုးဖြိုးသိမ့်သိမ့်၊ တကိုယ်လုံး ပီတိ စိမ့်သဖြင့်၊တဖိမ့်ဖိမ့်တုန်လှုပ်နေသတဲ့။

အဲ-သို့ကလို၊ပီတိနှင့်သဒ္ဓါ၊ သူ့ထက်ငါ့ဂုဏ်ပြိုင်၍၊ ကြည်ညို လို့ မဆုံးနိုင်အောင် ဖြစ်နေတော့၊ ဥပါသိကာမကြီးမှာ၊ဘာကိုမျှ သတိမရဘဲ၊ ဦးထိပ်ပေါ်တွင် လက်အုပ်ကိုတင်ပြီး ရှိခိုးနေလိုက် ထာ၊ ဦးထိပ်ပေါ်က လက်အုပ်ကို ချလို့မရနိုင်ဘူး။ ။ဘယ့်က လောက်များ၊အကြည်ညိုသန်လိုက်သလဲလို့ဆိုတော့။ သည့်နေ ရာက မထဘဲ၊အမြဲ လက်အုပ်ချီ၍။ရှိခိုးလိုက်ထာ(၇)ရက်လုံးလုံး ကြာသွားသတဲ့။ ကဲ-အံ့ဩဘွယ် မကောင်းဘူးလား။ သည့်လို ကြည်ညိုပုံမျိုးကို၊အတုခိုးတို့ အလွန်ကောင်းတာပေါ့လေ။

သာ တံပါဋိဟာရိယံဒိသွာ၊ ပသန္နမာနသာ၊ ဂရုစိတ္တိကာရံ ဥပဋ္ဌပေတွာ။ သိရသိအဉ္ဇလိံ ပဂ္ဂယှ၊ သတ္တရတ္တိဒိဝံ၊ တဋ္ဌေဝ နိသီဒိ။ ။

## ထေရီအဋ္ဌကထာပါဠိ။

သာ။ ထိုမယ်ပတ်လယ်မည်သော၊ ဥပါသိကာမကြီးသည်၊ ကံပါဋိဟာရိယံ။ထိုဗောဓိပင်၏ တန်ခိုးပြာဋိဟာများကို။ ဒိသွာ။ အံ့ဩစဘွယ်၊ အဆန်းတကျယ် မြင်လေသည့်ရှိသော်၊ ပသန္န မာနသာ။အလွန်ကြည်ညိုသောစိတ်ရှိသည်ဖြစ်၍။ဂရုစိတ္တိကာရံ။ အလေးအမြတ်ပြုခြင်း။ အမြတ်တနိုးပြုခြင်းကို။ ဥပဋ္ဌပေတွာ။ ဖြစ်စေ၍။သိရသိ။ မိမိဦးခေါင်းထက်၌၊အဉ္ဇလိံ။ လက်အုပ်ကို။ ပဂ္ဂယှ။ ချီးမြှောက်တင်ထား၍။သတ္တရတ္တိဒိဝံ။ ခုနစ်ရက်, ခုနစ်ည တိုင်တိုင်။တဋ္ဌေဝ။ ထိုအရပ်၌ပင်လျှင်။ နိသီဒိ။ စားလဲမစား၊ အိပ်လဲမအိပ်၊ ကြည်ညိုစိတ်နှင့်သာ ထိုင်၍နေရှာလေသတည်း။

ဗောဓိပင်မင်း၏၊တန်ခိုးပြာဋိဟာ ပြတော်မူပုံက၊အံ့ဩဘွယ် တမျိုး၊ ဥပါသိကာမကြီး၊ ခုနစ်ရက်တိုင်တိုင်၊ တနေရာထဲမှာ

ထိုင်ပြီး၊ မအိပ်မစားဘဲ တန်ခိုးပြနေတာက၊ အံ့သြဘွယ် ထူးမျိုး။ သည့်နေရာမှာ၊ အံ့သြဘွယ်ကြီးနှစ်ခု ပြိုင်နေတာပေါ့နော်။

အစာမစားဘဲ(၇)ရက်တိုင်တိုင် ထိုင်နေတာ၊ မသေဘူးလားလို့ မေးစရာရှိတယ်။ ပီတိဒဲ့ဟုန်ဆိုတာ လွန်စွာ တန်ခိုးကြီးတာကလား။ ။ပီတိငါးပါးတို့တွင်၊ ဖရဏာပီတိဖြင့် တကိုယ်လုံး ပျံ့နှံ့နေပြီဆိုမှဖြင့်၊ အာဟာရသိဒ္ဓိ ပြီးစီးစေနိုင်တယ်။ ဖရဏာပီတိ ကိုယ်ထဲမှာရှိနေလျှင်၊ အစာအဟာရစေ တို့ မလိုတော့ဘူး။ ပီတိ အရသာဆိုတာ လွန်စွာ ကြီးကျယ်တာ ကလား။ ။တရားအားထုတ်တဲ့ ပုဂ္ဂိုလ်များမှာလဲ၊ သည့်လိုပီတိမျိုး ဖြစ်ပေါ်လာပြီဆိုမှဖြင့်၊ တကိုယ်လုံးစိမ့်ပြီး နှစ်သိမ့် အေးမြနေတော့ဘာဘဲ၊ ဘယ်အစာမျိုးကိုမှစားလိုတဲ့ ဆန္ဒမရှိတော့ဘူး။ ။အစာအာဟာရ အပေါင်းတို့တွင် ပီတိဆိုတဲ့ အစာဟာ၊ အမွန်မြတ်ဆုံးဖြစ်ပေတယ်။

ဆဲ-သို့ကြောင့်၊ တကိုယ်လုံးစိမ့်၍ နှစ်သိမ့်စေနိုင်တဲ့ ဖရဏာပီတိကို၊ ရရှိခံစားဘူးသော ယောဂီပုဂ္ဂိုလ်ကြီးများက၊ သူတို့သုံးဆောင်ရတဲ့ပီတိဂုဏ်ကို အာရုံပြုပြီး၊ ဝမ်းအာ မြောက်ကြီး ဝမ်းမြောက်သဖြင့်၊ သို့ကလို ဥဒါန်းဂါထာကို ဖွက်ဆိုကျူးရင့်လေ့ရှိကြတာပေါ့။ ။ကဲ-ပီတိအစာ အရသာနှင့်ဆိုင်တဲ့ ဥဒါန်းဂါထာကို၊ နားစိုက်လိုက်ကြစမ်း။

> သုသုခံဝတ ဇီဝါမ၊ ယေသံနော နတ္ထိကိဉ္စနံ။
> ပီတိဘက္ခာ ဘဝိဿာမ၊ ဒေဝါအာဘဿရာ ယထာ။

ဘောနွှော၊ ဒိုး-ယောဂီအပေါင်း သူတော်ကောင်းတို့။ မယံ။အကျွန်ုပ်တို့သည်။သုသုခံ။ ဆင်းရဲခပ်သိမ်းလို့မှ လွတ်ငြိမ်းကင်းဝေးလျက်၊ ရန် ဘေး မ လာ၊ ချမ်းသာစွာ။ ဇီဝါမဝတ။ အသက်ရှည်စွာ နေ ကြ ကုန် ရို တ ကား။ ယေသံနော။ အကြင်အကျွန်ုပ်တို့အား။ ကိဉ္စနံ။ ကြောင့်ကြစိုးရိမ်၊ စိတ်မငြိမ်ဘွယ်၊ အန္တရာယ်သည်။ နတ္ထိ။ စိတ်သာချပေလော့၊ ဒိဋ္ဌမရှိရိုးမှန်သည်

သာလျှင်တည်း။ အာဘာသရာ၊ အာဘာဿရဘုံတွင်၊ ပျော်ရွှင်စံစား ဈာန်ကစား၍ နေကြကုန်သော။ ဒေဝါယထာ၊ ဘေးရန်ကင်းပြီး၊ ဗြဟ္မာမင်းကြီးတို့ကဲ့သို့။ ပီတိဘက္ခာ၊ ကိုယ်လုံးစိမ့်၍ နှစ်သိမ့်လေဘိ၊ ပီတိအစာအရသာကို ကောင်းစွာ စားသုံးကြကုန်သည့်။ ဘဝိဿာမ ဝတ။ ဖြစ်ကြကုန်ရို့တကား။

အဲ-ယခုပြဆိုခဲ့ကဲ့၊ ပီတိအစာ၊ အရသာကြောင့်၊ ဥပသိကာမကြီး၊ ခုနစ်ရက်တိုင်တိုင် အစာမစားဘဲ။ နေနိုင်တယ်လို့ မှတ်ကြပေတော့။ ဖရဏာပီတိ မပြတ်မလတ် ဖြစ် ပေါ် လို့ ရှိ ပါ လျှင် အာဟာရ သိဋ္ဌိမျှသာ ပြီးစေနိုင်တာမျိုး မဟုတ်ဘူး။ မအိပ်ဘဲ နေနိုင်ခြင်းတည်းဟူသော သုပနသိဋ္ဌိကိုလဲ ပြီးစီးစေနိုင်တယ်။ အဲ-သည့်လို တန်ခိုးဣဒ္ဓိပါဒ်များကို အ လို ရှိ ကြ ပါ လျှင်၊ မိမိတို့ သန္တာန်မှာ ရတနာသုံးပါးနှင့် စပ်တဲ့ပီတိကိုဖြစ်စေ၊ ဘာဝနာနှင့်စပ်တဲ့ ပီတိကို ဖြစ်စေ၊ ဖြစ်ပေါ်၍ လာအောင် ထူထောင်ကြပေတော့။

ဥ ပါ သိ ကာ မ ကြီး သည့်၊ ဦးခေါင်းပေါ်မှာ တင်ထားတဲ့ လက်အုပ်ကိုမချဘဲ။ ခုနစ်ရက်တိုင်တိုင်၊ မအိပ်မစား၊ ကြည်ညို အားသန်သန်နှင့် ကြည်ညိုပြီးတဲ့နောက် (၇) ရက်မြောက်သော့ ဖရဏာပီတိမှထပြီး၊ အလွန် မွန်မြတ်တဲ့ စေတနာဖြင့်၊ မဟာဗောဓိပင်ကို အကြီးအကျယ် ပူဇော်သတဲ့၊ မီး ပူ ဇော် ပွဲ ကြီး ပြုလုပ်တယ်ဆိုပါတော့။

ဗောဓိပင်ကို ညောင်ရေ သွန်းလောင်းခြင်း၊ ပန်းအမျိုးမျိုးတို့ဖြင့် ပူဇော်ခြင်း၊ တံခွန်ကုက္ကားမုလေးပွါးတို့ကိုဆွဲထားခြင်း၊ တူရိယာအမျိုးမျိုးတို့ကိုတီးမှုတ်၍ဂုဒါန်းခြင်း၊ညအခါ၌များစွာသော နံ့သာဆီမီး အလင်းတို့ဖြင့် ထွန်းညှိပူဇော်ခြင်း၊ အမွှေးအထုံဂန္ဓာရုံအမျိုးမျိုးတို့ဖြင့် ဖျန်းပက်ခြင်း။ အဲသည့်ကဲ့သို့သော ပူဇော်သက္ကာအမျိုးမျိုးတို့ဖြင့် ပူဇော်သတဲ့။

အ ထူး ပိ သေ သ အား ဖြင့်၊ လွန်စွာကြီးမားတဲ့ နံ့သာဆီမီးတိုင်ကြီးငါးတိုင်ကို မြှိုင်မြှိုင်ထူပြီး၊ အ ထူး သ ဖြင့် ထွန်းလင်း

တောက်ပတဲ့ အရောင်ဖြင့် ပူဇော်တယ်။ ထိုနို့သာဆိမီးတိုင်ကြီး ငါးတိုင်ဟာ၊ ညဦးယံကထွန်းညှိထားရာ၊ နက်ဖြန် နံနက်နေဝန်း ထွက်တဲ့ အချိန် တိုင် အောင်၊ မငြိမ်း သေး ဘူးတဲ့။ ရနမင်းရဲ့ အရောင်နှင့်ပြိုင်ပြီး ဗောဓိပင်ကြီးကိုပူဇော်နေတယ်။ ဥပါသိကာ မကြီး၏စိတ်ထဲမှာလဲ။ မိမိ ပူ ဇော် တဲ့ နံ့ သာ ဆီ မီး တိုင် ကြီး ငါးတိုင်ကို တညလုံး ရှုစားပြီးဖြစ်ပေါ်တဲ့သဒ္ဓါတရားတွေဟာ၊ မြစ်ရေစီးဆင်းတဲ့အလား၊ မရင်မနားဖြစ်ပေါ် ၍နေတယ်။

ဥပါသိကာမကြီးရဲ့စိတ်သန္တာန်မှာ၊ ဗောဓိပင်မင်းနှင့်နံ့သာ ဆီမီးတိုင်ကြီးငါးတိုင်တို့၏အာရုံဟာ၊တဘဝလုံးစွဲပြီးအမြဲထင်၍ နေသတဲ့။ ဗောဓိပင်နှင့် ဆီမီးတိုင်ကြီးများကို အားပြုလိုက်ပြီ ဆိုမှဖြင့်၊ ကုသိုလ်စေတနာတွေဟာ၊ အလောလော ဖြစ်ပေါ်၍လာ တယ်။အာစိဏ္ဏကံကုသိုလ်ကြီးဖြစ်သွားတယ်ဆိုလိုတာပေါ့လေ။

''ဖြစ်ပြီးသောကုသိုလ်များကို အကြိမ်ကြိမ် ထပ်ခါ ထပ်ခါ ပွားများရမယ်'' လို့၊ ရှင်တော်ဘုရား ဟောကြားတော်မူတဲ့ ဒေသနာတော်ကြီးနှင့် ညီ ညွတ် သွား တာ ပေါ့။ ။သည်ကဲ့သို့ မိမိစိတ်သန္တာန်ထဲမှာ အမြဲစွဲနေတဲ့ကုသိုလ်မျိုးဆိုတာ၊ အကျိုး ပေးတဲ့အခါ လွန်စွာ ကြီးကျယ်တယ်လို့ မှတ်ကြ ပေတော့။ သည့်လိုကုသိုလ်မျိုးကိုလဲ ကြိုးစားသင့်ကြပေတယ်။

ပြခဲ့ပြီးတဲ့ အကြောင်းများကို ထေရီအပဒါန် ပါဠိတော် ကြီးမှာ သို့ကလို ဟောကြားတော်မူခဲ့ပေတယ်။ အပဒါန် ပါဠိ တော်ကြီးကို ကြည့်ညိုစွာ ကြားနာကြပေတော့။

(က) နဂရေ ဟံသာဝတိယာ၊ စာရိကီ အာသဟံ တဒါ။
အာရာမေန ဝိဟာရေနံ၊ စရာမိ ကုသလတ္ထိကာ။

(က) ပုရေ၊ ရှေးလွန်လေပြီးသော ကမ္ဘာ၀ဋ်သိန်း အခါ၌၊ ဟံသာဝတိယာ၊ ဟံသာဝတီအမည်ရှိသော၊ နဂရေ၊ မြို့တော် ကြီး၌၊ အဟံ၊ အကျွန်ုပ်သည်၊ စာရိကီ၊ ကာမဂုဏ်အလုပ်၊

ပယ်ဖြုတ်ရှောင်ခွါ၊ လှည့်လည်ကာလျှင်၊ ဒေသနာအမြိုက်တရားကို၊ လိုက်စားရှာမှီး၍နေသောအမျိုးသမီးသည်၊ အာသိံ၊ ဖြစ်ခဲ့ပါသတည်း။ တဒါ၊ ထိုအခါ၌၊ အဟံ၊ အကျွန်ုပ်သည်၊ ကုသလတ္ထိကာ၊ ပုညအလူး၊ ဆည်းပူးလိုလား၊ ကုသိုလ်ပွါးလိုသည် ဖြစ်၍၊ အာရာမေန၊ တိုက်တာတခုမှ, တိုက်တာထခုသို့သွားခြင်းဖြင့်ရင်း၊ ဝိဟာရေန၊ ကျောင်းတခုမှ, ကျောင်းတခုသို့ သွားခြင်းဖြင့်ရင်း၊ စရာမိ၊ လှည့်လည်ခဲ့ပါသတည်း။

(၁) ကာဠပက္ခမှိ ဒိဝသေ၊ အဒ္ဒသံ ဗောဓိရုက္ခမုံ၊

တတ္ထ စိတ္တံ ပသာဒေတွာ၊ ဗောဓိမူလေ နိသီဒဟံ၊

(၁) ကာဠပက္ခမှိဒိဝသေ၊ တခုသော လကွယ်နေ့၌၊ စရန္တီ၊ လှည့်လည်ကျက်စား၊ သွားလာလှည့်ပတ်၍နေစဉ်၊ ဗောဓိရုက္ခမုံ၊ ဗောဓိပင်မင်းကို၊ အဒ္ဒသံ၊ တိုက်တာတခုအတွင်းမှာ၊ ထင်လင်းစွာတွေ့မြင်ရပါသတည်း။ တဒါ၊ ထိုအခါ၌၊ အဟံ၊ အကျွန်ုပ်သည်၊ တတ္ထ၊ ထိုဗောဓိပင်မင်း၌၊ စိတ္တံ၊ ပီတိလွှမ်းခြုံ၊ သဒ္ဓါဟုန်ဖြင့်၊ အစွမ်းကုန် မွန်မြတ်သောစိတ်ကို၊ ပသာဒေတွာ၊ ကြည်ညိုစေပြီး၍၊ ဗောဓိမူလေ၊ ဗောဓိပင်မင်း၊ ထံတော်ရင်း၌၊ နိသီဒိံ၊ ရှိသေညွတ်နူး လက်စုံပူးလျက်၊ ရှိခိုးတင်ကာ၊ နေခဲ့ပါသတည်း။

(၂) ဂရုစိတ္တံ ဥပဋ္ဌပေတွာ၊ သိရေ ကတွာန အဉ္ဇလိံ၊

သောမနဿံ ပဝေဒေတွာ၊ ဧဝံ စိန္တေသိံ တာဝဒေ၊

(၂) တာဝဒေ၊ ထိုအခါ၌၊ အဟံ၊ အကျွန်ုပ်သည်၊ ဂရုစိတ္တံ၊ ရိုသေလေးမြတ်သောစိတ်ကို၊ ဥပဋ္ဌပေတွာ၊ ဖြစ်စေလျက်၊ သိရေ၊ ဦးထိပ်အပြင်၌၊ ကတွာန၊ တင်ထားသည်ကိုပြု၍၊ သောမနဿံ၊ ဝမ်းမြောက်နှစ်သိမ့်ပီတိစိမ့်ခြင်းကို၊ ပဝေဒေတွာန၊ မကြုံစဘူး၊ အလူးခံစားပြီးသော်၊ ဧဝံ၊ ဤသို့၊ စိန္တေသိံ၊ တန်ခိုးတော်ကို ဖူးမျှော်လိုသောဆန္ဒဖြင့် ကြံဆမိပါသတည်း။

(၈၁) ယာနိ ဖုဋ္ဌော် အမိတဂုဏော။ အာသမပ္ပနို ပုဂ္ဂလော၊
ဒဿေတု ပါဋိဟိရံ မေ။ ဗောဓိ ဩဘာသတံ အယံ။

(၈၁) ဖုဋ္ဌော်။ သစ္စာလေးပါး တရားသိမြင်၊ ဘုရားရှင်သည်၊ အသမပ္ပနိုပုဂ္ဂလော၊ တုမှဲလွန်ကဲ၊ ပြိုင်ဘက်ကွဲတော်မူသည်ဖြစ်၍၊ အမိတဂုဏော၊ နှိုင်းဆခြင်းငှါ၊ မတတ်သာအောင် လွန်စွာကြီးကျယ်သောဂုဏ်တော်ရှိသည်။ ယာနိဘာဝေယျ။ အကယ်၍ဖြစ်ကိုးမှန်ပါမူကား။ ပါဋိဟိရံ။ ရေမီးအစုံ၊ တန်ခိုးဂုဏ်ကို။ မေ။ အကျွန်ုပ်အား၊ဒဿေတု၊ပြတော်မူပါစေသတည်း။ အယံဗောဓိ၊ ဤဗောဓိပင်မင်းသည်။ ဩဘာသတံ-ဩဘာသတု။ဖြူ,နီ,ညို,ဝါ ရောင်ခြောက်ဖြာဖြင့်၊ ကောင်းစွာထွန်းတောက်ပတော်မူပါစေသတည်း။

(၄) သဟာ အာဝဇ္ဇိတေ မယှံ၊ ဗောဓိ ပဇ္ဇလိ တာဝဒေ၊
သဗ္ဗသောဝဏ္ဏမယော အာသိ၊ ဒိသာသဗ္ဗာ ဝိရောစတိ၊

(၄) မယှံ၊ အကျွန်ုပ်၏။ အာဝဇ္ဇိတေ၊အာဝဇ္ဇိတေနဆင်ခြင်ဝိဒ္ဒေါန်လိုက်သည်နှင့်၊ သဟာ၊တပြိုင်နက်သာလျှင်၊ဗောဓိ။ငါးမာန်အောင်ရာ။ မဟာဗောဓိ၊ ပင်သိဒ်ရိသည်။ ပဇ္ဇလိ၊ ရောင်ခြည်ခြောက်သွယ်၊ ဆန်းတကြယ်လျှင်၊ တင့်တယ်စွာ ထွန်းလင်းတောက်ပ လေသတည်း။ တာဝဒေ၊ ထိုထွန်းလင်း တောက်ပ၊ ထိုခဏ၌ပင်လျှင်၊ဗောဓိ၊သိဒ်ရိရွှန်းဝေ၊ပရမေသိရိ၊ညောင်ဗောဓိသည်၊ သဗ္ဗသောဝဏ္ဏမယော၊ ပင်စည်ကိုင်းခက်၊ အရွက်ဖူးငုံ၊ အလုံးစုံလျှင်၊ အကုန်ရွှေသား ပကတိသည်၊ အာသိ၊ ဖြစ်လေသတည်း၊ သဗ္ဗာဒိသာ၊ ဝန်းကျင်ထက်အောက်၊ ရှေ့အနောက်နှင့်၊ တောင်မြောက် စွာ၊ ဆယ်မျက်နှာသည်၊ ဝိရောစတိ၊ ဗောဓိပရမေ၊ ရောင်ခြောက်တွေကြောင့်၊ ထိန်ဝေတောက်လင်း၊ ပြောင်ဝင်း တောက်ပလေသတည်း၊

(စ) သတ္တရတ္တိဒိဂံ တတ္ထ၊ ဗောဓိမူလေ နိသိဒဟံ။
သတ္တမေ ဒိဝသေ ပတ္တေ၊ ဒိပပူဇံ အကာသဟံ။

(စ) သတ္တ-တသ္မိံဗောဓိမူလေ။ ထိုဗောဓိပင်မင်း၊ ထံတော်ရင်း၌။သတ္တရတ္တိဒိဝံ။ခုနစ်ရက်,ခုနစ်ညပတ်လုံး။ အဟံ။ အကျွန်ုပ်သည်။နိသိဒိံ၊ဦးခေါင်းထက်တွင် ချီတင်လက်အုပ်၊မဖြုပ်ဘဲသာနေခဲ့ပါသတည်း။ သတ္တမေဒိဝသေ။ ခုနစ်ရက်မြောက်သောနေ့သည်။ပတ္တေ။ ဆိုက်ရောက်လေသည်ရှိသော်။ အဟံ၊ အကျွန်ုပ်သည်၊ဒိပပူဇံ၊ ဆီမီးပူဇော်ပွဲကြီးကို၊ အကာသိံ။ တအံ့တသြ၊ပြောလောက်စဘွယ်၊အကြီးအကျယ် ပြုလုပ်ခဲ့ပါသတည်း။

(ဆ) အာသနံ ပရိဝါရေတွာ၊ ပဇ္ဇ္ဇိပါနိ ပဉ္စလုံ။
ယာဝဥဒေတိ သူရိယော၊ ဒိပါမေ ပဉ္စလုံ တဒါ။

(ဆ) တဒါ။ ထိုဆီမီးပူဇော်ပွဲကြီးကို ကျင်းပသောအခါ၌၊ အာသနံ၊ ဗောဓိပင် တည့်နေရာ၊ မဟာပရဝုန်ကြီးတခုလုံးကို၊ ပရိဝါရေတွာ၊ဝိုင်းဝန်းခြံရံ၍။ပဇ္ဇ္ဇိပါနိ၊ရောင်စုံကွန့်မြူး၊ အလွန်ထူးသော မီးရှူးတိုင်ကြီး ငါးခုတို့သည်၊ပဉ္စလုံ၊ အရောင်မမှိန်ဘဲ၊ပြောင်ထိန် ထွန်းပကြလေကုန်၏၊ ယာဝ၊ အကြင်မျှလောက်၊ သူရိယော၊နေဝန်းသည်၊ဥဒေတိ။ အရောင်ဝန်းဖြင့်၊ တက်ထွန်းထွက်ပေါ်လာ၏၊တာဝ။ထိုမျှလောက်၊ ၁ါ၊ထိုနေဝန်း ထွက်ပေါ်လာသည့်တိုင်အောင်၊မေ၊အကျွန်ုပ်၏၊ ဒိပါ၊ ညှိထွန်း ပူဇော်အပ်ကုန်သော ဆီမီးတိုင်တို့သည်၊ ပဇ္ဇလုံ-ပဇ္ဇလိံသု။ ဆယ်မျက်နှာရောင်ဝါလင်းအောင်၊ တဝင်းဝင်း တလက်လက်၊ ပြိုးပြိုးပြက်ပြက် တောက်လောင်ကြလေကုန်သတည်း။

စာရိကာဆိုတဲ့ ဥပါသိကာမ မယ်ပတ်လယ်ကြီးဟာ၊ တသက်လုံးမှာ၊ဘယ်အခါမှ မမေ့မလျော့နိုင်တဲ့ ဗောဓိပင် ပူဇော်ပွဲကြီးကို ပြုလုပ်ရတဲ့နေ့ကစပြီး၊ မဟာပုည ကုသလတရား၊ အစဉ်မပြတ် တိုးပွါးပြီးသော်၊အသက်အတိုင်းနေ၍၊စုတေသေလွန်တဲ့

No. 18

အခါ၊တာဝတိံသာနတ်နန်း၊ထူးဆန်းကြီးကျယ်၊အလျားယူဇနာ ခြောက်ဆယ်၊အနံ ယူဇနာ သုံးဆယ်ရှိကဲ့ ဘုံဗိမာန်ကြီးအတွင်း ကိုယ်ရောင် ကိုယ်ဝါ တောက်ဝင်းနှင့်၊ သတင်းကျော်စောတဲ့ နတ်သွီးဖြစ်သွားတယ်။ ။မိးရှူးကြီးငါးတိုင်ကို၊အပြိုင်ညှိထွန်း၍ပူဇော်ခဲ့တဲ့ကုသိုလ်ကြောင့်၊ ထိုနတ်သွီးရဲ့ ဘုံဗိမာန်ကြီးကို ''ပဉ္စဒီပါဘုံနန်း''ရယ်လို့၊ နတ်အများ ခေါ်ဆိုကြတယ်။ အခါ ခပ်သိမ်း နတ် မီးရှူးတိုင်တို့ဖြင့်၊ တပြောင် ပြောင် ထိန်လင်းနေတဲ့ တာဝတိံသာ နတ်ပြည်တခုလုံးဟာ၊ ပဉ္စဒီပါခေါ်တဲ့ ဘုံဗိမာန်ကြီး ပေါ်လာတဲ့အခါကစပြီး၊ နတ်မီးရှူးရောင်တို့ဖြင့်၊ တပြောင်ပြောင် ထိန်လင်းနေတယ်။တာဝတိံသာနတ်တိုင်းကြီးဟာ၊ရှေ့ရှေးကထက် သာသာ ထိန်လင်းနေတယ်လို့ ဆိုလိုတာပေါ့လေ။

(၈) တေနကမ္မေန သုက တေန၊ စေတနာ ပဏိဓိဟိစ။
ဇဟိတွာ မာနုသံဒေဟံ၊တာဝတိံသမ ၀ှ ဟံ။

(၈) သုကတေန၊ တကယ်တမ်းအားထုတ်၍ ကောင်းစွာပြုလုပ်အပ်သော။တေနကမ္မေနစ။ ထိုဗောဓိပင်ပူဇော်ပွဲ၊ ဆင်နွှဲခဲ့ဘူး၊ ကုသိုလ်ထူးကြောင့်၎င်း၊ စေတနာပဏိဓိဟိစ။ စိတ်စေတနာ ရည်ညွှန်းချက် တို့ကြောင့်၎င်း၊ အဟံ။ အကျွန်ုပ်သည်။ မာနုသံဒေဟံ။ လူ့ဘဝကို၊ ဇဟိတွာ။ စွန့်ခွါခဲ့ရသည်ရှိသော်။ တာဝတိံသံ။ တာဝတိံသာ နတ်ပြည်သို့။ အဂစ္ဆိံ။ သွားရောက် ခံစားခဲ့ရပါသတည်း။

(၉) တတ္ထမေ သုတံဗျမှံ၊ ပဉ္စဒီပံတိ ဝုစ္စတိ။
သဋ္ဌိယောဇန မုဗ္ဗိဒ္ဓံ၊ တိံသယောဇန ဝိတ္ထတံ။

(၉) တတ္ထ။ ထိုတာဝတိံသာနတ်ပြည်၌။သုကတံ။ဘုန်းကံအလျောက်၊ အလိုလိုပေါ်ပေါက်၍လာသော။ မေ။ အကျွန်ုပ်၏။ ဗျမှံ။ ဘုံနန်းဗိမာန်ကြီးကို။ပဉ္စဒီပံတိ။ပဉ္စဒီပါ ဘုံနန်းဗိမာန်ကြီး

ဟူ၍၊ ဝုတ္တံ၊ ခေါ်ဆို သမုတ်အပ်ပါသတည်း။ကံ၊ထိုဘုံဗိမာန်ကြီးသည်၊သင်္ဂြိုဟ်ယောဇနမုဋ္ဌိန်၊ အလျားအရှည်ဆွယ်၍၊ ယူဇနာခြောက်ဆယ် ရှိပါ၏။ တိံသယောဇနဝိတ္ထတံ၊ အနံ့ အကျယ်ယူဇနာသုံးဆယ် ရှိပါသတည်း။

(ည) အသင်္ချယာနိ ဒီပါနိ၊ ပရိဝါရေ ဇလိံသုမေ၊
ယာဝတာ ဒေဝဘဝနံ၊ ဒီပါလောကေန ဇောတတိ၊

(ည) မေ၊ အကျွန်ုပ်၏။ ပရိဝါရေ-ပရိဝါရာနိ၊ အခြံအရံဖြစ်ကုန်သော၊ ဒီပါနိ၊ မီးရှူးတို့သည်၊ အသင်္ချယာနိ၊ ကုန်ခန်းငြိမ်းစဲခြင်းသို့ မရောက်နိုင်ကြကုန်ဘဲ၊ဇလိံသု၊ပြိုးပြိုးပြက်ပြက်၊ တလက်လက် ထိန်လင်းကြလေကုန်၏။ ယာဝတာဒေဝဘဝနံ၊ တာဝတိံသာနတ်ပြည်တခွင်လုံးတိုင်အောင်၊ ဒီပါလောကေန၊ ထိန်ဘပြောင်ပြောင် မီးရှူးရောင်ဖြင့်၊ ဇောဘတိ၊ အခါမဆိုင်း၊ အချိန်တိုင်းပင်၊ ရစ်သိုင်းလျှံဝါ၊ ထွန်းလင်းပါသတည်း။

အဲ-ယခုပြဆိုခဲ့ပြီးသောအတိုင်း၊တာဝတိံသာနတ်ပြည်မှာ၊ ကြီးကျယ်သော နတ်ချမ်းသာများကိုခံစားပြီး၊ နောင်အနာဂတ်သံသရာ ကမ္ဘာတသိန်း အတွင်းမှာလဲ၊ အပါယ် လေး ပါး သို့ မလားမရောက်ဘဲ၊မြင့်မြောက်ကြီးကျယ်တဲ့သုဂတိဘုံများ၌သာ ကျင်လည်ကျက်စား ပျော်ပါး၍ နေရသတဲ့၊ အထူး ဝိသေ သအားဖြင့် ကမ္ဘာ တ သိန်း အ တွင်း မှာ၊ နတ် မင်း ကြီး တို့ ၏၊ အဂ္ဂမဟေသီ မိဖုယားကြီး အ ဖြစ် ပေါင်း က၊ အ ကြိမ် ပေါင်း ရှစ်ဆယ်၊ စကြာဝဘေးမင်း၏ မိဖုယားကြီး အဖြစ်ပေါင်းက အကြိမ်ပေါင်းတရာဖြစ်ခဲ့ရတယ်၊

ဆီမီးပူဇော်ခဲ့ရတဲ့ ကုသိုလ်ထူးကြောင့်၊ ဘဝပေါင်းများစွာတို့မှာ၊ သူတကာတို့ထက် အမြင်ထက်သန်တဲ့ မျက်စိမျိုးရလေ့ရှိတယ်၊အချို့, အချို့သော ဘဝတို့မှာ စကျွဲ့ထိဒ္ဓိလို့ ခေါ်လောက်တဲ့ အမြင်မျိုးနှင့် ပြည့်စုံခဲ့တယ်၊ ၊ထို မျက် စိ ဖြင့် အ လို ရှိ ၍ ကြည့်လိုက်ပါလျှင် အလွန်ဝေးကွာတဲ့ အ ထက် ကောင်း ကင်

အရပ်မှာဖြစ်စေ၊ အောက်မြေထဲမှာ ဖြစ်စေ၊ အရပ်ရှစ်မျက်နှာ တို့မှာဖြစ်စေ၊ ထင်လင်းစွာမြင်နိုင်တယ်၊ သစ်ပင်၊တော၊တောင် ကွယ်၍နေတဲ့ အရာများကိုပင်၊ ထင်ရှားစွာမြင်နိုင်တယ်၊ မကောင်းမှုကို ပုန်းကွယ်၍ ပြုနေတဲ့သူများကိုလဲ ထင်ရှားစွာ မြင်နိုင်တယ်၊ အဲသည်လို အမြင်သန်ခြင်းဟာ မီးရှူးအလှူကို လှူဒါန်းခဲ့ရတဲ့အတွက်ကြောင့်ရယ်လို့၊အပဒါန်ပါဠိတော်ကြီးက ပြဆိုတယ်၊ ၊ဆီမီးအလှူဆိုတာ ဒိဗ္ဗစက္ခု၊ဉာဏ်အမြင်နှင့်ပြည့်စုံ ခြင်း၏ အကြောင်းရင်းမူလသဲ ဖြစ်နိုင်တယ်၊ရှင်အနုရုဒ္ဓါမထေရ် မြတ်ကြီးဟာ၊ ဆီမီးအလှူကို အထူးသဖြင့်ပေးလှူခဲ့ရတဲ့ အတွက် ကြောင့် ဒိဗ္ဗစက္ခု၊အရာတွင်၊ ဧတဒဂ်တင်ရကြောင်းများကိုလဲ ကျမ်းဂန်တို့မှာ ပြဆိုလျက်ရှိတယ်၊

ဆီမီးဆိုတာ၊ အမှောင်ကို ဖျက်ဆီး၍၊ အလင်းကြီးကိုပေး တတ်တဲ့အတွက်၊ ဆီမီးကို အထူးသဖြင့် လှူဒါန်းခဲ့ပါလျှင် ဖြစ်လေရာဘဝတိုင်းမှာ၊ ထိုင်းမှိုင်းခြင်းဆိုတဲ့ မောဟအငွေ့ အသက်များ နည်းပါး၍၊ အသိ အလိမ္မာ ဉာဏ်ပညာ အလင်း ရောင်နှင့် ပြည့်စုံတတ်တယ်၊ အဲ-သို့ကြောင့်၊ ဆီမီးဆိုတဲ့ အလှူ မျိုးကို အထူးသဖြင့် ကြိုးစား၍ လှူဒါန်းသင့်ကြပေသပေါ့၊

ဒီပဒါနခေါ်တဲ့ ဆီမီးအလှူအတွက်ကြောင့်၊အကျိုးဆက်ဖြစ်ပုံ များကို၊ ထေရီအပဒါန်မှာ လာတဲ့အတိုင်း ထုတ်ဆောင်၍ ပြလိုက်ရအုံးမှာပေါ့၊

(၃) ပရံမုခါ နိသိဒိတွာ၊ ယဒိစ္ဆန္တာဒိ ပဿိတုံ၊
ဥဒ္ဓံအဓောစ တိရိယံ၊ သဗ္ဗံပဿာမိ စက္ခုနာ၊

(၃) ပရံမုခါ၊ မမြင်နိုင်သောမျက်ကွယ်အရပ်၌၊နိသိဒိတွာ၊ ထိုင်နေ၍၊ပဿိတုံ၊မြင်ခြင်းငှါ၊ယဒိစ္ဆန္တာဒိ၊အကယ်၍အလိုရှိပါ မူကား၊ ဥဒ္ဓံစ၊ အထက်ကောင်းကင်၌ရှိသော အာရုံအမျိုးစုံကို၎င်း၊ အဓောစ၊ အောက်မြေကြီးထဲ၌ရှိသောအာရုံအမျိုးစုံကို၎င်း၊ တိရိယံစ၊ တူရူဗီလာ၊အရပ်ရှစ်မျက်နှာ၌ရှိသောအာရုံအမျိုးစုံကို

ရင်း၊ သင့်၊ ဘယ်တခုမျှမကြွင်း၊ ခပင်းဥသျှံ၊ အလုံးစုံကို၊ စက္ခုနှာ၊ မျက်စိဖြင့်၊ ပသာဒ်၊ အကွယ်အကာမရှိဘဲ၊ ပကတိမြင်ရပါ သတည်း။

(၅) ယာဝတာ အဘိက္ကမိ၊ ဒဋ္ဌုံ သုကတဒုက္ကဋေ၊
တတ္ထ အာဝရဏံ နတ္ထိ၊ ရူပေဒ္ဓသု ပဗ္ဗတေသုဝါ။

(၅) ယာဝတာ။ အကြင်မျှ လောက် သော အ ရပ် ဌာနန္တိ၊ သုကတဒုက္ကဋေ၊ ကောင်းမှုကိုပြု၍ နေသောသူ၊ မကောင်းမှုကို ပြု၍ နေသောသူတို့ကို၊ ဒဋ္ဌုံ၊ တွေ့မြင်ခြင်းငှါ၊ အဘိက္ကမိ၊ အကယ်၍ အလိုရှိပါမူကား၊ တတ္ထ၊ ထိုမျှလောက်သော အရပ် ဌာနန္တိ၊ အာဝရဏံ၊ မမြင်သာအောင် ကွယ်ကာသော အဖုံး အလွှမ်းသည်၊ နတ္ထိ၊ ဘာတခုမျှမရှိနိုင်ချေ၊ ရူပေဒ္ဓသုဝါ၊ သစ်ပင် ထွေးရုပ်၊ တောအုပ်စုံမြိုင်၊ ဂနိုင်ပုပ္ပေါင်းထုသော အရပ်ဌာန တို့၌ရင်း၊ ပဗ္ဗတေသုဝါ၊ ရှိုရိုးချောက်မြောင် တော,တောင် ထုထပ်သောအရပ်ဌာနဘို့၌ရင်း၊ ပသာဒ်၊ အကွယ်အကာမရှိဘဲ၊ ပကတိတွေ့မြင်ရပါသတည်း။

အဆုံးဘဝသို့ရောက်လာပုံ

သီရိကြက်သရေ၊ ဗုဒ္ဓဟောညွှန်နန်းကို မီးပန်း မီးရှူးတို့ ဖြင့်၊ အထူးပူဇော်ကာ၊ လွန်စွာကြည်ညိုခဲ့သော၊ စေတနာဝိသေသ ကုသိုလ် အထူးကြောင့်၊ ကမ္ဘာ့တသိန်း အတွင်းမှာ လူ့ပြည် နတ်ရွာ၊ သုဂတိသံသရာတို့၌ချမ်းသာစွာ ခံစားစံစားခဲ့ပြီး၊ အဆုံး ဘဝ အန္တိမအချိန်သို့ရောက်တော့၊ ဆိုခဲ့တဲ့အမျိုးသွီးကလေးဟာ အာဠဝီပြည်ကြီး၏အရှင် ဘုရင်မင်းတရား၏ တောင်ညာတင် ထားမိဖုယား၏ ဝမ်းတိုက်မှာ ပဋိသန္ဓေ တည်လာတယ်။ ။ ဆိုမီးလှူခဲ့တဲ့ ဒါနအရှိန်ကြောင့်၊ ပဋိသန္ဓေ တည်နေဆဲ အမိဝမ်း ဟပင် အ ပြင်က အာ ရုံ အ မျိုး မျိုး တွေ ကို တွေ့ မြင် ရ သ တဲ့၊ ဘဲ့ကလောက် ထူးဆန်း၍ အံ့ဩဘွယ် ကောင်းသလဲ ဆိုတာ

ဆင်ခြင်ကြစမ်းပါ။ ။ကမ္မဝိပါကော အစိန္တေယျာ- ရယ်လို့ ရှင်တော်ဘုရား ဟောကြားတော်မူတဲ့အတိုင်း။ ကံ အကျိုးပေးပုံ ဆိုတာ မကြံနိုင်စဘွယ် အလွန် ဆန်းကြယ်တယ်လို့ အသေအချာမှတ်သားကြရမယ်။

## ထူးဆန်းစွာဘွားမြင်ရပုံ

ဘွားမြင်တဲ့အခါဘယ်သိ အထူးအဆန်း အံ့ဘွယ်သရဲဖြစ်ပေါ်လာပြန်သလဲလို့ဆိုတော့ သည့်လိုတဲ့။ ။အဂ္ဂမဟေသီ ဒေဝီထွတ်ဖျား၊ အရှင်မိဖုယားခေါင်ဘုရားမှာ ကိုယ်ဝန် ပဋိသန္ဓေဆယ်လစေ့တော့ ပြည့်ရှင်မင်းကြီးက ကြီးကျယ်ခမ်းနား ဆန်းပြားထူးထွေတဲ့ သားဘွားရာနန်းတော်ကြီးကို အပြီးအဆင်သင့် ဆောက်လုပ်စေတယ်။ ။ကမ္မဇလေလှုပ်ရှား၍ သားဘွားရာ နန်းဆောင်ကြီးကိုပြောင်းရွှေ့စံနေတော်မူရာ။ ဘွားခါနီးဆဲဆဲမှာ နံ့သာဆီပေါင်း တသိန်းတို့သည့် သားဘွားရာ နန်းမှာ တလျှမ်းလျှမ်း, တပြောင်ပြောင်၊ တောက်လောင်လှ ပမန်း၊ ထူးထူးဆန်းဆန်း သူ့အလိုလို ထွန်းလင်း လာကြတယ်။ ။ အဲသည့်ကဲ့သို့ နံ့သာဆီမီးပေါင်းတသိန်း အလိုလို တပြိုင်နက် ထွန်းလင်း တာကို မြင်ကြတော့၊ ဘုရင်မင်းတရားကြီးမှ စ၍ မှူးကြီး,မတ်ကြီးများနှင့်တကွ၊တိုင်းသူပြည်သားလူအများတို့က အံ့ဩလို့မပြီးနိုင်အောင် လက်ရပ်လက်ဝါးတီးပြီး အကြီးအကျယ် အံ့ဩကြသတဲ့။ ။ ကဲ-ကံ အကျိုး ပေးပုံများဟာ၊ ဘယ့်ကလောက် ထူးဆန်းတယ်ဆိုတာ စုံစမ်းကြ စမ်း ပါအုံး။ ။ သားဘွားရာတိုက်ခန်းမှာ မီးပန်း,မီးပွင့်ပေါင်းတသိန်း၊အလိုလို ထွန်းလင်း တောက်ပလာရတယ်ဆိုတဲ့ အကျိုးပေးပုံ များကို တွေ့နိုင်ဘို့ရန် ပိဋကတ်ကျမ်းဂန်မှာ လှန်စွာခဲယဥ်းတယ်။ ။ သည့်အကြောင်းကို အပဒါန်ပါဠိတော်ကြီးမှာ သို့ကလို ဟောတော်မူခဲ့ပေသတည်း။

(၃) ဒိပသတ သဟာသာနိ၊ ပုညကမ္မ သမင်္ဂိတာ၊
ဇလန္တိ သုတိကာဂေဟာ။ ပဥ္စဒီပါနိဒံ ဖလံ၊

(၃) ဘောဂန္တော၊ အို-ပရိသတ်အပေါင်း၊ သူတော်ကောင်းတို့၊ မမ၊ အကျွန်ုပ်၏၊သုတိကာဂေဟော၊ ဘွားမြင်ရာဖြစ်သော ဘုံဆောင်နန်း၌၊ပုညကမ္မသမင်္ဂိတာ၊ ရှေးဘုန်း ရှေးကံကြောင့်၊ အရံသင့် ပြည့်စုံဖြစ်ပေါ်၍ လာကြကုန်သော၊ ဒိပသတ သဟာသာနိ၊မီးပန်း မီးပွင့်ပေါင်း တသိန်းဘို့သည်၊ ဇလန္တိ၊ တစုံတဦးသောသူ၊မကျူမပင့်ရတဲ၊အဆင်သင့်အလိုလိုသာလျှင်၊ မှောင်ခွါပယ်နှင်းလျက် ၊ထွန်းလင်း လာကြလေကုန်သတည်း၊ ဣဒံ၊၍ကဲ့သို့ဘွားမြင်ရာဘုံနန်းမှာ၊အထူးအဆန်း၊တလျှမ်းလျှမ်း ယွန်းလင်းလာခြင်းသည်၊ ပဥ္စဒီပါနံ၊ ငါးတိုင်သော မီးရှူးကို အထူးသဖြင့် လှူဒါန်းခဲ့ရသော ဝိသေသ စေတနာတို့၏၊ ဖလံ၊ မချွတ်ကန်၊အကျိုးပေး မှန်လှပေသတည်း၊

ကံထူး၏အကျိုး၊ထန်ခိုးဇုဋ္ဌိပါဒ်ကြီးတွေအလယ်မှာ၊ဟင့်တင့်တယ်တယ်၊အဆန်းတကြယ်ဘွားမြင်၍လာရခြင်းဆိုတာလွန်စွာ အံ့ဩဘို့ ကောင်းတာပေါ့နော်၊ တကဲ့သဒ္ဓါ စေတနာဆိုတာ၊ တကယ် အကျိုးပေးတတ်ထာမျိုးပါဘဲ။ ၊ထူး ဆန်း သော အံ့ဘွယ်သရဲတို့ဖြင့်၊ထူးကဲစွာချီးကျူးနေကြတဲ့ ရံရွေတို့၏အလယ်မှာ၊ထွီးတော်ကလေးတပါး ဘွားမြင်လာတယ်။ ရုပ်ဆင်း အင်္ဂါ လက္ခဏာတို့နှင့် လွန်စွာ ပြည့်စုံပုံများကို၊အကျယ်တဝင့် ဘွင့်ဆို ချီးမွမ်းဘို့ မလိုတော့ပါဘူး၊ သန္တာထူး, ကံထူး, ပါရမီထူးဆို တော့ အညွန့်အဖူးကလေး ဖြစ်လာဘာပေါ့၊

ခမည်းတော်ဖြစ်တဲ့ ဘုရင်မင်း တ ရား ကြီး က လဲ၊ များစွာ နှစ်သက်တော်မူတယ်၊အမည်သညာမှာတော့ ''သေလာ''ရယ် လို့ ခေါ်တွင်သတဲ့၊ ၊ဘာကြောင့် သေလာရယ်လို့ ခေါ်သလဲ ဆိုတော့၊ အဘိုးတန် ကျောက်မျက် ရတနာ၏ အနှစ်သာရ သဘွယ်၊ကျောက်မျက်ရတနာ၏ အမြုတေ သဘွယ် ဖြစ် လို့ သေလာရယ်လို့ခေါ်တယ်၊

မဟာ့ဝိကာယသာရီဘူတာတိ သေလာ။ ။ယာ၊ အကြင် မင်းသွီးကလေးသည်၊ မဟာ့ဝိကာယ၊ အဘိုးများစွာထိုက်တန် သော၊သိလာယ။ ကျောက်မျက်ရတနာ၏။ သာရိဘူတာ၊ အနှစ် အမြုတေသဘွယ် ဖြစ်သည်တည်း။ ဓာဝ်တသ္မာ။ ထိုကြောင့်။ သာ၊ ထိုမင်းသွီးကလေးသည်၊ သေလာ။ သေလာမည်လေသ တည်း။ဆဲ-သို့ကလို ပိဂ္ဂိုဟ်ပြုကြပေတော့။

ထိုပြင် ဘယ်လိုခေါ်ဝေါ်ကြသေးသလဲလို့ဆိုတော့ "အာဠ ဝိကာ" ရယ်လို့လဲ ခေါ်ဝေါ်ကြသေးတယ်။အာဠဝိဘုရင်၏ သွီး ဖြစ်သို့ အာဠဝိပြည့်ကြီး၏မျက်ရှု၊အမြုတေရတနာဖြစ်လို့"အာဠ ဝိကာ"ဆိုတဲ့ အမည်ထူးကိုရတယ်လို့ မှတ်ကြပေတော့။

## ထူးဆန်းစွာ ကျွတ်တမ်းဝင်ပုံ

အာဠဝိပြည်ကြီးရဲ့ မျက်ရှု၊ အမြုတေရတနာ၊ သေလာဆိုတဲ့ အမျိုးသွီးကလေးဟာ။ ခုနစ်နှစ် အရွယ်သို့ရောက်တော့၊ အာဠဝိ တိုင်းမှာ ဘုန်းတော်ကြီးလှသော ရှင်တော် မြတ် ဘုရား က၊ အာဠဝကဘီလူးကို ချွတ်တဲ့ပွဲကြီးကြီးလာတယ်။

(မှတ်ချက်။ ။သည့်နေရာမှာ၊ အာဠဝက ချွတ်ခန်းကို၊ ပြည့်စုံစွာ ဘော်ပြသင့်ပေသည်။ သို့ရာတွင်၊ ကျယ်မည်စိုး၍ လျစ်လျူရှုရတော့သည်။)

ရှင်တော်မြတ်ဘုရားသည် ကြမ်းတမ်းခက်ထန်၍ အမျက်မာန် ကြီးလှသော အာဠဝကဘီလူးကို၊ မာန်စွယ် ကျွတ်အောင်၊ ချွေချွတ် နှိပ်ချိုးတော်မူပြီးသောအခါ၊ အာဠဝက ဘီလူးကို၊ သက်န်း သပိတ်ကို လွယ်စေလျက်၊ အာဠဝိ နေပြည့်တော်ကြီး အတွင်းသို့၊ရှင်တော်ဘုရား ဝင်ရောက်ကြွလာတော်မူတယ်။ ။

ထိုအခါ ဘုရင်မင်းမြတ်မှစ၍၊ တိုင်းသူပြည်သား လူအများတို့ သည်၊ပဲ့တင်ဟိန်းသကဲ့သို့ ကြွက်ကြွက်ညံ့အောင် ချီးကျူးကြပြီး လျှင်၊ ထူးဆန်းစွာ ကျွတ်တမ်းဝင်လာတဲ့ အာဠဝကဘီလူးကို

ရှုစားပြီး ရှင်တော်ဘုရား၏ ဂုဏ်ဘော်များကို၊ အထူးသဖြင့် ကြည်ညိုကြတယ်၊ အိမ်တိုင်း အိမ်တွက်ပြီး၊ သူ့ထက်ငါ တိုး၍ ဖူးမြင်လိုက်ကြတဲ့ ပရိသတ်လူထုကြီးဟာ၊ အသချေ အသျှ်ာ ဘယ်မှာ ရေတွက်နိုင်ပါ့မလဲ။

အဲသည်အခါ၊ အာဠဝိပြည်ကြီးအရှင် ဘုရင်မင်းမြတ်သည်၊ သ္မီးတော်ကလေးကို လက် က ဆွဲ ပြီး၊ ရှင် တော် ဘု ရား ထံ သို့ သွားရောက်ဖူးမျှော်ကာ၊ တရားတော်များကို ကြားနာတယ်။ ။ ခုနစ်နှစ်အရွယ်မျှသာရှိသေးတဲ့ သ္မီးတော် "သေလာ" ကလေး ကလဲ၊ အာဠဝကဘိ လူး ကြီး ကို ကြည့်ရှုပြီး "ဩော်-သဗ္ဗညု ရှင်တော်ဘုရားသည်၊ ယဉ်ကျေးအောင် ဆုံးမတော် မူနိုင်တဲ့ အရာမှာ၊ လွန်စွာ ထူး မြတ် ပေ စွ တ ကား။ လူသားကိုနေ့စဉ် စား၍၊ စော်ကားချင်တိုင်း အလွန်ရိုင်းစိုင်းတဲ့ ဘီလူးကိုပင် မာန်စွယ်ကျွတ်၍ နူးညွတ် ယဉ်ကျေးအောင် ဆုံးမတော် မူနိုင် ပေစွတကား အနုတ္တရောပုရိသဓမ္မသာရထိ-ဆိုတဲ့ ဂုဏ်တော် နှင့် သင့်လျော်ညီညွတ်ပေစွတကား။ အဲသည်လိုတွေးတောပြီး၊ သဒ္ဓါဇောတွေ ဖြစ်ပေါ်လာလိုတ်ထာ ဟိုရှေးအခါ၊ မဟာ ဗောဓိပင်ကို ကြည်ညိုတုံးကလိုဘဲတဲ့၊ ။အဲ-သို့ကလို ကြည်ညို လှစွာ စေတနာ သဒ္ဓါတရားဖြစ်ပေါ်လာရာ၊ သေလာ၏ နှုတ်က ဥဒါန်း ဂါထာ တ ပုဒ် ကို သူ့အလိုလို ရွတ်ဆို ကျူးရင့်ပုံမှာ သည်လိုတဲ့၊

အဒန္တံ ဒမကောဗုဒ္ဓေါ၊ မာနိန္နံမာနဘိန္ဒကော။
ဆိန္ဒကောဒေါသဒါဌာနံ၊ တိလောကနမိတောဝရော။

ဗုဒ္ဓေါ၊ သဗ္ဗာလေးဆူ၊မြင်တော်မူ၍၊ အောင်သူဘကာတို့၏ ထွန်ဖျား၊ အမြတ်ဆုံးပုဂ္ဂိုလ်စား ဖြစ်တော်မူသော ဘုရားရှင် ရွှေကိုယ်တော် မြတ် ကြီး သည်၊ အဒန္တံဒခကော၊ ကြမ်း တမ်း ရိုင်းစိုင်း၊ မိုက်ချင်တိုင်း မိုက်၍ခနေသော သတ္တဝါအလေးတို့ကို လည်း ယဉ်ကျေးလေအောင်၊ သွေးဆောင် ဆုံးမတော် မူနိုင်

ပါပေ၏၊ မာနိန်၊ မာနတံခွန်၊ မြင့်မြင့်ညွှန်ကြွကုန်သောသူတို့၏၊ မာနဘိန္ဒကော၊ ကြွားကြွား စွင့်စွင့်၊ ထူ ထောင် လွှင့် သော၊ မြောက်မြင့်သော မာန်တံခွန်အောင်လံကို၊ မညွှန်အောင်နှိပ်နင်း အတင်းဖျက်စီးတော်မူနိုင်ပါပေ၏၊ ဒေါသဒါဠာနံ၊ကြမ်းကြုတ် ဆိုးဝါး၊ အရမ်းချုပ်ချယ် ဒေါသ တည်းဟူ သော မိုက်စွယ် ကိုလည်း၊ ဆိန္ဒကော၊ ဂုဏ်တော် ဖြင့် လွှမ်း မိုး၍၊ ခဏခြင်း သွက်သွက်ကျိုးအောင်၊ ရိုက် ချိုး ဖြတ် တော် မူ နိုင် ပါ ပေ ၏၊ သောဗုဒ္ဓေါ၊ အနန္တကျေးဇူးရှင်၊ ထိုမြတ်စွာဘုရား သခင်သည်၊ တိလောကနမိတော၊ သုံး ဘုံ လူ ဦး ခိုက် ၍ ဖူး ထိုက် သော ပုဂ္ဂိုလ်ကြီး မှန်လှပေသည်တကား၊ဝရော၊ထွတ်မြတ်သူအားလုံး တို့၏၊ ညွှတ်ရုံးခိုလှုံရာ၊ ပဝရာဓိပတိ၊ အတုမရှိ မြတ်တော်မူလှ ပေသည်တကား၊

အာဠဝကဘီလူးကို၊ ချွတ်တော်မူတဲ့ ပွဲကြီးအခါကစပြီး၊ ရှင်တော်ဘုရားကို သဒ္ဓါတရားထက်ထက်သန်သန်နှင့် ကြည်ညို ကာ၊ဥပသိကာမကလေးအဖြစ်ဖြင့် ဆည်းကပ်တယ်၊ထို့နောက် များမကြာမီ အတွင်းမှာပင်၊ သာသနာတောင်သို့ ဝင်ပြီး၊ သာမဏေရီမကလေး ပြုလုပ်ချင်တဲ့စိတ်များ ပေါ်ပေါက်လာရာ ခမည်းတော်ဘုရားကြီးကို လျှောက်တင်တော့၊ ကြည်ကြည်ဖြူဖြူ နှင့် သဘောတူစွာ ခွင့်ပေးတော်မူတယ်၊ ၊သာသနာတော်ကို ကြည်ညိုတဲ့ ဘုရင်မင်းမြတ်ကြီး ဖြစ် နေ တော့ တားလဲမတား မြစ်ဘူးပေါ့၊ခုနစ်နှစ်ရွယ်သွီးတော် ကလေးမှာ,သင်္ကန်းဝါဝါနှင့် သာမဏေရီမကလေး ဖြစ် နေ တာ ကို ပင် ကြည် ညို လို့ မ ဆုံး နိုင်အောင်ရှိနေတယ်၊ ဘွဲ့အမည်မှာလဲ၊ နဂိုမူလအရင်းအတိုင်း၊ သေလာရယ်လို့ပင်ခေါ်တွင်သတဲ့၊

## ကျွတ်တန်းဝင်ခြင်း

သာမဏေရီမကလေး ဖြစ်တဲ့အခါ၊ ပါရမီညွန့်ဖူး၊ အဝူး ထက်သန်တဲ့ သူကလေးဖြစ်ခဲ့တဲ့ အတိုင်း၊ ဈာနေအထိုင် ဆုမြဲ

သမ္မတ္တိမှစ၍ လွန်စွာကြည်ညိုဘို့ကောင်းတယ်။ အလိမ်မာ ဂုဏ်နှင့် ပြည့်စုံပြီးဖြစ်လာတော့ ဆရာဥပဇ္ဈာယ်ကြီးများက၊ အထူးမဆုံးမရဘဲ။ သာသနာရေးနှင့် စပ်တဲ့အရာမှာ၊ လွယ်စွာ လိမ်မာခြင်းသို့ ရောက်သွားတယ်။ ။တရားထူးများကိုရလိုတဲ့ ဆန္ဒများလဲ၊ အရေးတကြီး ထက်သန်နေတဲ့အတွက်။ ဥပဇ္ဈာယ် အထံမှနည်းခံပြီး၊ ဝိပဿနာတရားကို၊ ကြိုးစားအားထုတ်တဲ့ အခါ ၊ ဘာဝနာအာရုံနှင့် ဉာဏ်မြင်ပုံအဆင့်ကဲပြီး၊ လွယ်လင့် တကူနှင့် ရဟန္တာအဖြစ်သို့ရောက်သွားပါရော။

ကဲ-စဉ်းစားကြစမ်းပါ၊ ခုနစ်နှစ်အရွယ်မှာ၊ လွယ်လွယ် ကလေးနှင့် ရဟန္တာဖြစ်သွားတယ်။ ဘာကြောင့် သို့ကလောက် လွယ်ကူသလဲလို့ဆိုတော့၊ ပါရမီရင့်သန်ပြီးဖြစ်လို့ပေါ့၊ ပါရမီ ဓါတ်ခံမရှိဘူး ဆိုပါလျှင် ဘယ်မှာ လွယ်ကူနိုင်ပါ့မလဲ။ ဆဲ- သို့ကြောင့် သေလာထေရီတို့လို လွယ်လွယ်ကလေးနှင့် ကျွတ် တန်းဝင်လိုကြပါလျှင်၊ ပါရမီဆယ်ပါးတို့ကို များများကြီး ရင်းနှီးလို့ ထားကြပေတော့။ ခုနစ်နှစ်အရွယ်ကလေးမှာ ရဟန္တာအဖြစ်သို့ ရောက်ကြောင်းကို ရှင်တော်ဘုရား ကြားသိ တော်မူရာ။ ပရိသတ်အလယ်မှာ အကျယ်တဝင့် ချီးမွမ်းတော် မူပြီး ''ငါ့သမီးတော်ကလေး သေလာမှာ၊ အရွယ်ပင်နုသေး သော်လဲ။ ပုထုဇန်နယ်ကလွတ်၍ အထွဋ်အထိပ် ရဟန္တာဖြစ်တဲ့ အတွက် ဥပသမ္ပဒါကံဖြင့် ရဟန်းဘောင်သို့ တက်စေ'' လို့ အမိန့်ရှိတော်မူတယ်။ ။ဆဲသည့်လို မိန့်တော်မူတဲ့ အမိန့်တော် ကြီးအတိုင်း အသက်နှစ်ဆယ် ပြည့်အောင် မဆိုင်းရဘဲ၊ ဥပသမ္ပဒါကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သွားတယ်။ သာသနာ တော်မှာ လွန်စွာထူးတဲ့ ထေရီမကလေး တဦးပေပေါ့။ ရဟန်း ယောက်ျား၊ ရဟန်းမိန်းမတို့နှင့် တိုင်းသူပြည်သား လူအများ တို့လဲ၊ တအံ့တသြ ပြောဆိုချီးမွမ်း မပြီးနိုင်အောင် ဖြစ်နေကြ သတဲ့။ ။ယခုပြဆိုခဲ့ပြီးတဲ့ အကြောင်းများကို ထေရီ အပါဒါန် ပါဠိတော်မှာ၊ သို့ကလို ဟောကြားတော်မူခဲ့ပေသတည်း။

(စ) ဇာတိယာ သတ္တဝဿာဝ၊ အရဟတ္တမပါပုဏိံ၊
ဥပသမ္ပါဒယိ ဗုဒ္ဓေါ၊ ဂုဏာပညာယ ဂေါတမော။

(စ) အဟံ၊ အကျွန်ုပ်သည်၊ ဇာတိယာ၊ ပဋိသန္ဓေအားဖြင့်၊ ဘွားမြင်၍လာသည့်မှ၊ သတ္တဝဿာဝ၊ ခုနစ်နှစ်အရွယ်၊ ငယ်ငယ်ကလေးကပင်လျှင်၊ အရဟတ္တံ၊ ရဟန္တာအဖြစ်သို့၊ အပါပုဏိံ၊ ဆိုက်ရောက် ခဲ့ပါသတည်း။ ဂေါတမော၊ ဂေါတမနွယ်ဘွား ဖြစ်တော်မူသော၊ ဗုဒ္ဓေါ၊ သစ္စာလေးတန်၊ အမှန်သိမြင်၊ ဘုရားရှင်သည်၊ ဂုဏာပညာယ၊ ဂုဏ်နှင့်ပညာ၊ ထက်ကြွပ်ပါလာသူ ဖြစ်သောကြောင့်၊ မံ၊ အကျွန်ုပ်ကို၊ ဥပသမ္ပါဒယိ၊ ပဉ္စင်းအဖြစ်သို့ ရောက်အောင်၊ ချီးမြှောက်တော်မူပေသတည်း။

ရဟန်းအဖြစ်သို့ ရောက်တဲ့အခါ သေလာထေရီ ဘိက္ခုနီ တဦးရယ်လို့ အထူးသဖြင့် ကျော်စော ထင်ရှားတယ်။ အမျိုး ဇာတိကလဲ ဘုရင့်သမီးတော်၊ရဟန္တာအဖြစ်သို့ ရောက်ထာကလဲ ခုနစ် နှစ် အ ရွယ်၊ ကြည် ညို စ ဘွယ် တင့် တင့် တယ် တယ် နှင့် သပ္ပါယ်တဲ့အဆင်း၊အသခရကလဲရတနာအမြုတေ၊ ဓဲသည့်လို ဂုဏ်အမျိုးမျိုးတွေ ပြည့်စုံနေတော့ မကျော်စောဘဲ နေနိုင်ပါ တော့မလား။

သေလာထေရီ ဘိက္ခုနီသည်၊ သာသနာတော် အတွင်း သ တင်း ကျော် စော လောက် စ ဘွယ် ကြီး ကျယ် မြင့် မြတ် တဲ့ ဂုဏ်ထူးတွေနှင့် ပြည့်စုံပုံကတော့ အဘိညာဉ်တန်ခိုး အမျိုးမျိုး နှင့်ပြည့်စုံတယ်၊ အထူးဝိသေသအားဖြင့် ဒိဗ္ဗစက္ခု အဘိညာဉ် မှာ သာလွန်၍ နိုင်နင်းတယ်၊ သမာဓိမွေးမြူ ထူထောင်ပုံ နည်း လမ်းမှာလဲ တဘက်ကမ်း ခတ်လောက်အောင် တတ်မြောက် လိမ္မာတယ်၊ ပိဋကတ်သုံးပုံ အလုံးစုံကိုလဲ အကုန်တတ်မြောက် တယ်။ ရဟန္တာတို့နှင့် ပြည့်စုံထိုက်သမျှ ဓမ္မကျေးဇူးနှင့် အထူး လုံလောက်စွာ ပြည့်စုံတယ်လို့ ဆိုရတာပေါ့။

## ရှင်တော်ဘုရား၏ ထံပါးမှာ မိမိဂုဏ်ကို ဖျော်ကာထားခြင်း။

တနေ့သောအခါ၊ သေလာထေရ် ဘိက္ခုနီသည်၊ ပုဗ္ဗေနိဝါနုဿတိ အဘိညာဉ်ဖြင့်၊ ရှေးလွန်လေပြီးသော ကပ်ကမ္ဘာအဆက်ဆက်တို့က၊ဖြစ်ပျက်ခဲ့ပြီးသော မိမိအကြောင်းအထုပ္ပတ္တိများကို ရှုစားဆင်ခြင်ပြီး၊ယခုအဆုံးဘဝတွင် စုံလင်တဲ့ကျေးဇူးများကို အထူးဝမ်းမြောက်လှသည်နှင့် ရှင်တော်ဘုရား အထံသို့ဝင်ပြီး မိမိ၏ ဂုဏ်ပုဒ်ကို ဖေါ်ထုတ် ဖျောက်ထားပုံက သည်လိုတဲ့။

(က) ဒိဗ္ဗစက္ခု၊ ဝိသုဒ္ဓံမေ၊ သမာဓိကုသလာ အဟံ၊
အဘိညာပါရမိ ပတ္တာ၊ ပဥ္စိန္ဒြိယ ဘာဝိတာ၊ ပဥ္စဒိပါနိန် ဖလံ၊

(က) ဘန္တေ၊ ဘုန်းတော်ရောင်ရှိန်၊ ခေတ်လုံးထိန်သည်၊ သာကီနွယ်ကျွန်၊ စေ့နေနတ်၊မေ၊တပည့်တော်မအား၊ဒိဗ္ဗစက္ခု၊ နတ်ချက်စိပမာ၊ လွန်စွာဖူးရှသော၊ ဉာဏ်အမြင်သည်၊ ဝိသုဒ္ဓံ၊ ဆီးတားကင်းကွာ၊ လွန်စွာ စင်ကြယ်လှပါသည်ဘုရား၊ အဟံ၊ တပည့်တော်မသည်၊ သမာဓိ ကုသလာ၊ တည်ကြည် စေ့ဘိ၊ သမာဓိအရာ၊သူထက်သာအောင်၊လိမ္မာ ကျွမ်းကျင်လှပါသည်ဘုရား၊အဘိညာယပါရမိ၊ အဘိညာဉ်လမ်း၊ တဘက်ကမ်းသို့၊ ပတ္တာ၊ ဆိုက်ရောက် ခဲ့ပါပြီဘုရား၊ ဣန္ဒြိ၊ ဤကဲ့သို့သော ကျေးဇူးဂုဏ်နှင့် ပြည့်စုံခြင်းသည်၊ ပဥ္စဒိပါနံ၊ ငါးတိုင်သောမီးရှူးတို့ကို အထူးလှူဒါန်းခဲ့ရသော စေတနာတို့၏၊ဖလံ၊ တန်ခိုးထွက်စေဘို့၊ အကျိုးဆက် မှန်ပါသည်ဘုရား။

(တ) သဗ္ဗတေပိဋကေဉာဏာ၊ကတကိစ္စာ အနာသဝါ၊
ပဥ္စဒိပါ မဟာဝီရ၊ ပါဒေ ဝန္ဒာမိ စက္ခုမ၊

(တ) စက္ခုမ၊စက္ခုငါးမျိုး၊အစိုးရညား၊ မြတ်ဘုရား၊အဟံ၊ တပည့်တော်မသည်၊သဗ္ဗတေပိဋကေ၊ ပိဋကသုံးပုံ၊ အလုံးစုံ၌၊ ဉာဏာ၊ ပေါက်ရောက်လျှင်မြန်၊ အမြင်ဉာဏ်လျှင်၊ ထက်သန်

ထိုးထွင်းခဲ့ပါပြီဘုရား။ ၈:တကိစ္စ။ ရဟန်းကိစ္စတို့၏၊ အပြီး အဆုံးသို့ ရောက်ခဲ့ပါပြီဘုရား။အနာသဝ၊။အာသဝေါဟူသရွေ၊ မြူမငွေ့တဲ့ပြကတေ့ အကုန်ပျောက်၍ စင်ကြယ်ခြင်းသို့ ရောက်ခဲ့ ပါပြီဘုရား။ ။မဟာဂိရ၊ လုံ့လစွမ်းအန်၊ ထက်သန်ကြီး မား၊ မြတ်ဘုရား။တော။ရှင်ပင်မြတ်ဘုရား၏၊ ပါဒေါ် ခြေတော်အစုံ၊ ကြာပန်းတို့ကို၊ပဥ္စဒိပါ၊။မိးရှူးငါးတိုင်ကို၊ အံပြိုင်ပူဇော်၍၊ အလှူ တော်ကြီး ပေးခဲ့သော တပည့်တော်မသည်၊ ဝန္ဒာမိ၊ ဝပ်တွား ညွတ်ကြိုး၊ဦးနှိမ်လျှိုး၍၊ရှိခိုးပါ၏ အရှင်ဘုရား။

## မာရ်နတ် ဖျားယောင်းခက်း

သေလာ ထေရီ ဘိက္ခုနီသည်၊ တနေ့သောအခါ၊ သာဝတ္ထိ ပြည်တော်ကြီးအတွင်းမှာ၊ ဆွမ်းခံလှည့်လည်ပြီး၊ ပိဝေကပီတိ အရသာဖြင့်၊ ချမ်းသာအေးမြစွာ နေလိုတဲ့အတွက်၊ အန္ဓဝန် အမည်ရှိတဲ့ တောအုပ်အတွင်းသို့ တပါးထဲ ဝင်သွားတော်မူ တယ်။ ။အန္ဓဝန်ဆိုတဲ့ တောအုပ်ဟာ၊ သာဝတ္ထိမြို့တော်၏ ဘောင်မျက်နှာ၊ တဂါဝုတ်ခရီးကွာတဲ့ နေရာမှာရှိတယ်။ လွန်စွာ ဆိတ်ငြိမ်၍၊ အရိပ်အာဝါသတို့နှင့်လဲ ပြည့်စုံသတဲ့။ ။ထိုတော အုပ် အတွင်း၊သစ်ပင်ရင်းတခုမှာ၊ပိဝေကပီတိအရသာကို ခံစား ပြီး တရားနှလုံးသွင်းနေတဲ့အခါ၊ အလွန်ယုတ်မာတဲ့ မာရ်နတ် ဆိုးကြီးက၊သမာဓိဘာဝနာကို၊ ဖျက်ဆီးလိုတဲ့ အရေးကြောင့်၊ လုလင်ပျိုအသွင် ဘန်ဆင်းပြီး၊ သေလာထေရီ ဘိက္ခုနီကို၊ သည့်လို ဖျားယောင်းသွေးဆောင်သတဲ့။

(၁) နတ္ထိနိဿရဏံ လောကေ၊ကိံ ဝိဝေကေန ကာဟာသိ။
ဘုဥ္ဇသု ကာမရတိယော၊မာဟု ပစ္ဆာနုတာပိနီ်။

(၁) အယျေ၊သျှင်မ။လောကေ၊ ဤလောက၌၊ နိဿရဏံ၊ ကျွတ်သမ်း၊ လွတ်လမ်း၊ ထွက်မြောက်လမ်းသည်။နတ္ထိ၊ကောန် မှတ်လေ၊မရှိချေ။တော၊ သင်သျှင်မအား။ ဝိဝေကေန၊ဆိတ်ငြိမ်ရာ အရပ်ဝယ်၊ညှိုးညှိုးငယ်ငယ် နေခြင်းဖြင့် ကိံ ကာဟာသိ၊ ဘာပြုရ

မလဲ။ ၁ါ-ဘာအကျိုးရှိနိုင်မလဲ။ ကာမရတိယော၊ လက်တွေ့ဒိဋ္ဌ၊ ချမ်းသာရတဲ့၊ ကာမပျော်မွေ့ လူ့အတွေ့ကို။ ဘုဉ္ဇသု၊ အချိန်မဖြုန်းပါနှင့်။ နွှင်နွှင် ပြုံးပြုံး၊ သုံးဆောင်ခံစားပါလော။ တွံ။ သင်သျှင်မသည်၊ ပစ္ဆာနုတာပိနီ၊ အချိန် လွန်သောအခါမှ၊ နောင်တ ပူဘန်ခြင်းသည်။ မာအဟု၊ မဖြစ်ပါစေလင့်။

ကဲ-မာရ်နတ် ဖျားယောင်းတဲ့ စကားကို စဉ်းစားစမ်းပါ။ ဘယ့်ကလောက် ယုတ်မာသလဲလို့။ ။လောကမှာ ကျွတ်လွတ်မှုဆိုတဲ့၊ နိဗ္ဗာန်မရှိဘူးတဲ့၊ ဆိတ်ငြိမ်ရာသို့ကပ်ပြီး၊ တရားမြတ်စွာတွေကို၊ ဆင်ခြင်နေသဖြင့်၊ အကျိုး မရှိဘူးတဲ့။ ကာမဂုဏ်ချမ်းသာကိုသာ ခံစားပါ။ နောင်ခါမှ နောင်တရပြီး၊ အပူဆွေးကြီး ပူဆွေးမနေပါနှင့်တဲ့။ ။ရဟန္တာမကို၊ ပြောတဲ့စကား၊ ဘယ့်ကလောက် စော်ကားသလဲ၊ ကြားဝံ့စရာ မကောင်းပါဘူး။ ။မာရ်နတ်ဆိုတဲ့ သတ္တဝါဟာ၊ အဲ-သို့ကလောက် ယုတ်မာလွန်းလို့၊ ကမ္ဘာအနန္တမှာ ကျော်စောနေတာပေါ့။ ။သာသနာကြီးကို ဖျက်ဆီးနေတဲ့အရေးမှာ၊ သူ့ထက်သာတဲ့ပုဂ္ဂိုလ် မရှိတော့ပါဘူး။

အဲ-သို့ကလို သမာဓိပျက်အောင်၊ ထိတ်လန့်ကြောက်ရွံ့ခြင်းဖြစ်အောင်၊ သွေးဆောင်တဲ့ စကားကို ပြောကြားလာတော့၊ သေလာထေရီမက " အယုတ်တမာ စကား၊ ပြောကြားတဲ့ သတ္တဝါဟာ၊ အခြားသူမဟုတ် ဘူး။ မာရ်နတ်ယုတ်ကြီးပါကလား။ သည်အယုတ်ကောင်ကို၊ ပြေးအောင်နှင်ထုတ်ရတော့မှာဘဲ" အဲသည့် လို ကြံ စည် ဆင် ခြင် ဘော် မူ ပြီး၊ တုန့်ပြန်တဲ့ ဂါထာကို၊ ရွတ်ဆိုတော်မူလိုက်တယ်။

(၂) အဋ္ဌိနိသာရဏာလောကေ၊ ပညာယမေသုဖုသိတာ။
ပမတ္တဗန္ဓု ပါပိမ၊ နတွံ ဇာနာသိ တံပဒံ။

(၂) ပါပိမ၊ အယုတ်မျိုးဇာတ်၊ ဟဲ့-မာရ်နတ်။ လောကေ။ လောကဌ၌။ နိဿရဏံ၊ ကျွတ်လမ်း, လွတ်လမ်း, ထွက်မြောက်

လမ်းသည်၊ အတ္တိ၊ ဒိဋ္ဌေကေန်၊ ရှိရိုးမှန်သည်သာလျှင်တည်း။မေ၊ ငါ၏၊ ပညာယ၊ ထက်မျက်လှစွာ ဉာဏ်ပညာဖြင့်၊သုဖုသိတံ၊ ချွတ်ယွင်းတယ်လို့မရှိ၊ ထိထိမိမိ၊ ကောင်း ပင် သိ အပ် လေ ပြီ၊ ပမတ္တာဗန္ဓု၊ တွေဝေမေ့မော၊ အရိုက်တောကြီး၏ မိတ်ဆွေဖြစ်သော။ ဟဲ့-မာရ်နတ်အယုတ်ကောင်း၊ တွံ၊သင်သည်။ တံပဒံ၊ ထိုကျွတ်လွတ်ရာမှန် မြတ်နိဗ္ဗာန်ကို၊ နဇာနာသိ၊ အမိုက်မှောင်ဖုံးသဖြင့်၊ လုံးလုံးကြီး မသိရိုးမှန်သည်သာလျှင်တည်း၊

ဟဲ့-မာရ်နတ်။သည်လောကကြီးမှာ လွတ်မြောက်ကျွတ်လွတ်ရာဖြစ်တဲ့ လမ်းကြီးဟာ၊ထင်ရှားစွာရှိတယ်၊ငါ့ပညာ, ငါ့ဉာဏ်ဖြင့်၊ ကောင်းငါသိပြီးဖြစ်တယ်၊အမေ့တိုက်၍၊ အမိုက်ဖိုထ်ချုပ်ကြီးဖြစ်တဲ့ သင်မာရ်နတ်ဟာ၊ ဘယ်မှာသိမြင်နိုင်မလဲ၊ ။အဲသည်လိုသေလာထေရီ ဘိက္ခုနီမကပြောဆိုတော့၊ မာရ်နတ် အယုတ်တမာကြီးဟာ၊ ဘာကိုမှ ပြန်လှန်လို့ မပြောနိုင်ဘဲ၊ ငေးမှိုင်လို့နေသတဲ့။

ထိုနောက်တဘန်၊ ခန္ဓာငါးပါးနှင့်၊ကာမဂုဏ်အပြစ်များကို၊ သို့ကလို မိန့်ဆိုတော်မူလိုက်ပြန်တယ်၊

(၃) သတ္တိသူလူပမာ ကာမာ၊ ခန္ဓာသံ အဓိကုဋ္ဋနာ၊
ယံတွံကာမရတိံ ဗြူသိ၊ အရတိဒါနိသာ မမ၊

(၃) မာရေ၊အမိုက်ဖိုလ်မှူး၊ အရှုးရှေ့ဆောင်၊ ဟဲ့-မာရ်နတ်အယုတ်ကောင်း၊ကာမာ၊ကာမဂုဏ်ငါးပါးတို့သည်၊ သတ္တိသူလူပမာ၊ဓားလှံ့အသွင်၊ သံတကျင်နှင့်သာ တူကြလေကုန်၏၊ ခန္ဓာ၊ရုပ်နာမ်နှစ်ဖြာ၊ ငါးခန္ဓာတို့သည်၊ အာသံ၊ ထိုကာမဂုဏ်တို့၏၊ အဓိကုဋ္ဋနာ၊ ခုတ်စဉ်းဖြတ်ပိုင်းရာ၊ စဉ်းတီတုံး ပမာ တို့သာတည်း၊ ။မာရ၊အမိုက်ဖိုလ်မှူး၊ အရှုးရှေ့ဆောင်၊ ဟဲ့-မာရ်နတ်အယုတ်ကောင်း၊တွံ၊သင်သည်၊ယံ၊ကာမရတိံ၊အကြင်ကာမဂုဏ်အလေ့ဖြင့်၊ မွေ့လျော်ခြင်းများကို၊ ဗြူသိ၊ သွေးဆောင်စကား၊ ငါ့အနားမှာ၊ ပြောကြားလာဘိ၏၊ ဒါနိ-ဣဒါနိ၊ ယခုအခါ၌၊

မမ။ ငါ့အား။ သာ၊ ထိုကာမဂုဏ် အတွေ့ဖြင့်၊ မွေ့လျော်ခြင်း အလေ့မျိုးသည်၊ အရတိ၊ မွေ့လျော်ဘွယ်မဟုတ်၊ စက်ဆုပ်ဘွယ် အပြီး၊ ရွံဘွယ်ကြီးထင်၍ နေသည်သာလျှင်တည်း။

ယခုရွတ်ဆိုရတဲ့ ဂါထာရဲ့ အဓိပ္ပါယ်မှာတော့။လွန်စွာနက်နဲ ပေတယ်။ ။ကာမဂုဏ် ငါးပါးတွေဟာ၊ လှံကြီး ငါးစင်း၊ တံကျင်ကြီးငါးချောင်းနှင့်တူသတဲ့။ ။လှံနှင့်တံကျင်ဆိုတာ၊ သတ္တဝါ တို့ကို သေအောင်ထိုးသတ်ဘတ်တယ်။ ။အဲသည်နည်းတူစွာ၊ ကာမဂုဏ်တွေဆိုတာသဲ၊အနမတဂ္ဂသံသရာ၊ကာမတဆဲ့တဘုံ မှာ၊ သတ္တဝါတွေကို အမြဲထိုးသတ်လို့နေကြတယ်။ကာမဘုံမှာ ရှိကြတဲ့ သတ္တဝါအထီး၊ သတ္တဝါအမ, တွေမှန်သမျှ နေ့စဉ် အမြဲ၊ ကာမဂုဏ်လှံငါးစင်းဖြင့်၊ အပြင်းအထန် ထိုးဆွခြင်းကို ခံနေကြရတယ်။

ယောဘူယျအားဖြင့်၊ များစွာဖြစ်လေ့ရှိတာက၊ သတ္တဝါအမ တွေကို၊ ငါးစင်းသော ကာမဂုဏ်လှံကြီးဖြင့်၊ သတ္တဝါအထီး တွေကထိုးဆွကြတယ်။ ။သတ္တဝါအထီးတွေကိုလဲ၊ သတ္တဝါ အမတွေက ထိုနည်းဘူစွာ၊ ကာမဂုဏ်လှံငါးစင်းတို့ဖြင့်အပြင်း အထန်ထိုးဆွကြတယ်။ ။အဲသည်လိုအချင်းချင်းထိုးဆွကြလေရာ ကာမဂုဏ်ဒဏ်သင့်ပြီး၊ မျက်မှောက်ဘဝမှာလဲ မချမ်းသာ၊ သံသရာမှာလဲ ရှန်းရှန်းနစ်၍ ငိုးတိတိကြီးတွေ ဖြစ်ကုန်ကြ တာပေါ့။

ထိုပြင် ကာမဂုဏ်ငါးပါးကို သံတကျင်ကြီးငါးချောင်းတူတယ် ဆိုတဲ့အဓိပ္ပါယ်ကတော့၊ လောကမှာ ရာဇဝတ်မှုအကြီးအကျယ် သင့်တဲ့လူများကို ကားစင်ပေါ်မှာတင်ပြီး တံကျင်လျှို၍သတ်လေ့ ရှိကြတယ်။ တံကျင်လျှို၍ အသတ်ခံရခြင်းဆိုတာ လွန်စွာ ကြီးကျယ်တဲ့ ဒုက္ခမျိုးပေါ့။ ။ပဌမ သင်္ဂါယနာတင်၊ ဘုရင် မင်းတုန်းမင်းတရားကြီး လက်ထက်တော်အခါ၊ ဓာတ်ဆရာ ဦးပိုကို တံကျင်လျှို၍ သတ်ကြောင်းများဟာသဲ အထင်အရှား ပေါ့။ ။အင်္ဂလိပ်စစ်ရဲမှာ သဃ်ာကိုသင်းခွဲတဲ့ဒေဝဒတ်ကြီးဟာလဲ

ယခုတိုင် မလှုပ်နိုင်အောင် သံတံကျင်လျှိုပြီး မီးထဲမှာ ခံနေရကြောင်းများကိုလဲ ကျမ်းဂန်များမှာ အထင်အရှား ပြဆိုထားတယ်။ ။အဲသည့်လို လူ၏ ကိုယ်ကို လျှိုထားတဲ့ လက်နက်ကို သံတံကျင် ရယ်လို့ ခေါ်ဆို ရတယ်။ ။အဲသည့်နည်း တူစွာ၊ အနမတဂ္ဂသံသရာ၊ ကာမတဆဲ့တဘုံမှာ၊ ကာမဂုဏ်ငါးပါးဟာ သတ္တဝါတို့ကို အမြဲလျှိုနေတဲ့ သံတံကျင်ကြီးငါးခု အမှန်ဖြစ်ပေတယ်။ ကာမဘုံသားတွေဟာ သံတံကျင် အလျှို ခံနေ ရတဲ့ သတ္တဝါတွေရယ်လို့ ဆိုရတာပေါ့။

ယေဘူယျ နည်း အား ဖြင့် ဆို သော်၊ ကာမ ဘုံ၌ ရှိ ကြတဲ့ သတ္တဝါမတွေကို သတ္တဝါအထီးတွေက သံတံကျင်ဖြင့် လျှိုကြတယ်။ ။သတ္တဝါအထီးတွေကိုလဲ သတ္တဝါမတွေက သံတံကျင်ဖြင့်လျှိုကြတယ်။ ။အဲ-သို့ကလိုအချင်းချင်း သံတံကျင်လက်နက်ဖြင့်၊ သူထက်ငါ လျှိုနေကြတဲ့ အတွက်၊ အချမ်းသာ မဘက်ဘဲ သက်သက် ဆင်းရဲကောင်ကြီးတွေ ဖြစ်နေကြဟာပေါ့။ ။ကာမဂုဏ်တည်းဟူသော သံတံကျင်ကြီး ငါးခုတို့ဖြင့် အလျှိုခံကြရပါလျှင် မျက်မှောက်မှာလဲချမ်းသာ၊သံသရာမှာလဲဆင်းရဲရောက်၍ ထွက်ပေါက်ကိုမရနိုင်အောင် ကြပ်တဲ့ကျဉ်းမြောင်းလို့ နေကြရတယ်လို့သာ မှတ်ကြပေတော့။

ထိုပြင်တဘန်၊ ခန္ဓာငါးပါးကို စဉ်း တီ တုံး ကြီး တွေ နှင့် တူတယ်လို့ သေလာထေရီဘိက္ခုနီကမိန့်ဆိုတော်မူပြန်တယ်။ ။စဉ်းတီတုံးဆိုတာ အမဲသားငါးများကို တောက်တောက်စင်းရာဖြစ်တဲ့ တုံးကို ဆိုလိုတယ်။ ။ဆိတ်, ဝက်, ကျွဲ, နွား, တိရစ္ဆာန်များကိုလဲ စဉ်းတီတုံးပေါ်မှာ တင်ပြီး လယ်ပင်းကို ဖြတ်၍ သတ်လေ့ရှိကြတယ်။ ။အဲ့သည့်လိုသတ်ရာ, ဖြတ်ရာ, တောက်တောက်စင်းရာဖြစ်တဲ့ တုံးကို စဉ်းတီတုံးရယ်လို့ ခေါ်ကြတယ်။ ။ခန္ဓာငါးပါး ဆိုတာ စဉ်းဘီတုံးကြီး ငါးခုနှင့် တူသတဲ့။ ။သတ္တဝါဘွေ သေကြေပျက်စီးသမျှ ခန္ဓာငါးပါး ဆိုတဲ့ စဉ်းတီတုံးပေါ်မှာသာ အသတ်ခံ၍ သေကြရတယ်။

ခန္ဓာငါးပါးမှ လွတ်ပြီး သေတယ်လို့ မရှိဘူး။ သတ္တဝါတွေဟာ ခန္ဓာငါးပါးကောင်တွေဖြစ်ကြတယ်။ ခန္ဓာငါးပါးကြောင့်သေရတယ်။ ခန္ဓာကောင်ကို ခန္ဓာသတ်တယ်။ အဲသည်လိုဆိုလျှင်မလွဲနိုင်ဘူးပေါ့။

ဥပမာ၊ဟုံထိုးခံရ၍ လူတယောက် သေတယ်ဆိုရာမှာ၊ ဟုံဆိုတာဘာလဲ။ ရုပ်ဘရားဖြစ်လို့ ရူပက္ခန္ဓာ ဆိုရလိမ့်မယ်။ အထိုးခံရတဲ့ သတ္တဝါ၏ကိုယ်ကောင်ကြီးဟာလဲ ရူပက္ခန္ဓာဘဲ။ကျင်နာခံစားရခြင်းကတော့ ဝေဒနက္ခန္ဓာ၊ သေခြင်းဖြင့် ချုပ်ဆုံးသွားတဲ့ ဝိညာဏ်ကတော့ ဝိညာဏက္ခန္ဓာ။ အဲသည်လို ဖြစ်တော့ ခန္ဓာကောင်ကြီးကို ခန္ဓာသတ်တယ်လို့ ဆိုရမှာဘဲ မဟုတ်လား၊ သည့်နည်းအတိုင်းသာအရာရာမှာ ချဲ့ထွင်လို့သိမြင်ကြပေတော့။ အကျယ် တင့် ဘွင့်လို့ မပြနိုင်တော့ဘူး။ ။သည့် အဓိပ္ပါယ်မျိုးတွေကိုရည်၍၊ သေလာထေရိက ခန္ဓာငါးပါးကို သံတံကျင်ကြီး ငါးစင်းနှင့်တူတယ်လို့ မိန့်တော်မူတာပေါ့။

မာရ်နတ်အယုတ်တမာကြီးက၊ ကာမဂုဏ်အတွေ့နှင့် ပျော်မွေ့မှုရတိကို ချီးကျူး၍ ပြောဆိုတယ်။ သေလာ ထေရီကတော့၊ ထိုကာမရတိကို ပျော်မွေ့ဘွယ်မဟုတ်၊ စက်ဆုပ်ဘွယ် အစစ်ကယ်လို့ မိန့်တော်မူတယ်။ ။ကာမဘဲကျွာ ကင်းကွာပြီးတဲ့ ပုဂ္ဂိုလ်တို့မှာ ကာမဂုဏ်အတွေ့ကို ပျော် မွေ့ ဘွယ် ရယ် လို့ ဘယ်မှာထင်နိုင်ပါတော့မလဲ။ အသေထိုးသတ်တဲ့ ဟုံကြီးတွေ, သံ တံ ကျင် ကြီး တွေ ရယ် လို့ အ မြဲ ပင် မှတ် ထင် တော် မူ ကြတာပေါ့။

ကာမဘကျွာကင်းပြတ်၍ ဝိရာဂဓာတ်တိုင်ကို ခိုင်ခိုင်ကြီးထူစိုက်၍ ဝိမုတ္တိမကိုဋ်ကို ဆောင်းနေတဲ့ သေလာထေရီအား၊ မာရ်နတ်သားဘာ အထင်မှားပြီး၊ဖျားယောင်း သွေးဆောင်သည့်မှာ၊ မြင့်မိုရ်တောင်မင်းကို၊ ပင့်ကူမျှင် ကြိုးကလေးနှင့်ချီပြီး ဆွဲ ဆောင် သ လို ဖြစ် ၍နေ တာ ပေါ့။ သ မာဓိ ပျက် အောင်

သွေးဆောင် ဖျက်ဆီးတဲ့ မာရ်နတ် အ ရိက် ကောင် ကြီး လို၊ ယုတ်မာတဲ့ သတ္တဝါမျိုးတော့ ရှိနိုင်တော့မယ် မဟုတ်ပါဘူး။

ထိုနောက်တဘန်၊သေလာထေရီ ဘိက္ခုနီက၊မာရ်နတ်ယုတ်ကို မိန့်ဆိုတော်မူပြန်တာက-သည်လိုတဲ့။

(၄) သဗ္ဗတ္ထဝိဟတာ နန္ဒီ တမောခန္ဓော ပဒါလိတော။
ဧဝံ ဇာနာဟိ ပါပိမ၊ နိဟတော တွမသိ အန္တက။

(၄) ပါပိမ။ယုတ်မူးစိမ့်သော၁ဌ၊ မိန္တာ မှိုင်းတိုက်၊ အရိက် ရှေ့ဆောင်၊ ဟဲ့-မာရ်နတ် အယုတ်ကောင်။ မယာ။ ငါသည်။ သဗ္ဗတ္ထ၊လောကီအာရုံ၊အာမဂုဏ်နှင့်၊ အလုံးစုံရှိသမျှ ဘုံဘဝတို့၌၊နန္ဒီ၊ အမျှင်တန်း၍၊ စွဲလမ်းသော တဏှာကြီးကို၊ ဝိဟတာ။ အရှင်းပယ်သတ်၍ အတင်း ဖြတ်အပ်လေပြီ။ တ မော ခ န္ဓော။ အဝိဇ္ဇာ တိုက်ဘောင်၊အရိက်မှောင်ကို။ပဒါလိတော။ဝိဇ္ဇာတည်းဟူသော ဖုံးအမြောက်နှင့်၊ တိုက်ဘောက် ဖျက်ဆီးအပ်လေ၏။ ဧဝံ ဇာနာဟိ။သည်အတိုင်းသိမှတ်လေလော၊အန္တက။ယုတ်မူးစိမ့် ဌါ။မိန္တာ မှိုင်းတိုက်၊ အရိက်ရှေ့ဆောင်၊ ဟဲ့-မာရ်နတ် အယုတ်ကောင်၊တွံ၊နင် အယုတ်တမာကောင်ကြီးသည်။ နိဟတော အသိ။ ငါနှိမ်နင်းသဖြင့် စင်းစင်းကြီးသော၊မှိုင်တွေလုံးလုံး၊ ရှုံးကြီးရှုံး၍၊ ဗုန်းဗုန်ကြီး လဲခဲ့ပြီတကား။

ဆိုလိုရင်း အဓိပ္ပါယ်ကတော့- သည်လိုတဲ့၊ "သေလာတွင်မည့် ငါထေရီသည်၊ အလုံးစုံသော ဘုံဘဝ၊ အလုံးစုံကာမတို့၌။ နန္ဒီရာဂဆိုတဲ တဏှာကို။ ပယ်ခွါသတ်ဖြတ်အပ်လေပြီ၊ အဝိဇ္ဇာဆိုတဲ့ အရိက်ခဲကိုလဲ၊ ဖြိုခွဲ ဖျက်ဆီးအပ်လေပြီ၊ သည်အတိုင်း မှတ်လေတော့၊ငါ့ထံမှာ လုံးလုံး၊သင်ယာရှုံးသဖြင့် ဗုန်းဗုန်းလဲခဲ့ပြီ၊သည်လိုဆိုလိုတယ်။

အဲသည်လို မိန့်ဆိုကျူးရင့်တဲ့စကားကို၊မာရ်နတ်ကောင်ကြီး ကြားတော့၊"ငါ့အကြောင်းကို ကောင်းကောင်း သိပါတကား"

ဟု ငြီးတွားက လက်မှိုင်ချပြီး၊ ခေါင်းပင်လျှင် ပျောက်ကွယ်၍ သွားလေသတည်း၊

သောလာထေရီ ဘိက္ခုနီဟာလဲ၊ တထောင့်ငါးရာဆိုတဲ့၊ ကိုလေသာစစ်ပွဲကြီးကိုလဲ အောင်မြင်၊ မာရ်နတ်မင်းကိုလဲ အောင်မြင်ပြီးလျှင်၊ သာသနာ၏ အကျိုးတော်ကို ရွက်ဆောင်ကာ၊ ဝိမုတ္တိချမ်းသာကို ခံစားကာ နေတော်မူလေသတည်း။

သောလာထေရီဝတ္ထု ပြီး၏။

---

ဤဝတ္ထု၌၊ နည်းယူဘွယ်သည်ကား။ ပရိဘောဂစေတီ အစစ်ဖြစ်တဲ့၊ သီရိမဟာဗောဓိ ဗုဒ္ဓဟော ညောင်နန်းကို ရေသွန်းဖူးနှီးခြင်း။ ပန်းနံ့သာတို့ဖြင့် ပူဇော်လှူဒါန်းခြင်း။ သောလာထေရီ၏ အလောင်းကဲ့သို့၊ မတုန်မလှုပ်သောသဒ္ဓါစေတနာဖြင့် ထက်သန်စွာ ကြည်ညိုလေ့ရှိခြင်း၊ သောလာထေရီ ဘိက္ခုနီ အဖြစ်သို့ ရောက်သောအခါ၊ မာရ်နတ်ယုတ် သွေးဆောင်လာသည်ကို၊ နှိပ်နင်းကာ ပြောဆိုကြိမ်းဝါးသော နည်းအတိုင်း၊ ကာမဂုဏ်ဖြင့်၊ အားတက်သရော ရှိအောင် သွေးဆောင်ခြင်းနှင့် တွေ့ကြုံပါလျှင်၊ လွတ်မြောက်စွာ ရုန်းကန်၍ ထွက်နိုင်အောင် ထွက်ခြင်း၊ သောလာ ထေရီရဲ့အလား၊ ကြီးမား ဆန်းကျယ်သော အကျိုးဝိသေသများကို ခံစားရအောင်၊ ကုသိုလ်တရားတို့ကို အားထုတ်ကြိုးပမ်းခြင်းများဖြစ်လေသတည်း။

## တိကနိပါတ်

### (၇) သောမ ဆေရီဝတ္ထု

ပါရမီဉာဏ်နို့ဖူး၊ ကုသိုလ်ထူးကို၊ ဆည်းပူးလေ့ရှိတဲ့ အမျိုးကောင်း သတို့သွီးကလေးတဦးဟာ၊ ရှေးလွန်လေပြီးသော၊ သိဒ္ဓိမြတ်စွာဘုရား၏ ရွှေသက်ထက်တော်မှာ၊ ခတ္တိယ မဟာသာလ အမျိုး၌ ဖြစ်လာတည့်။ ခတ္တိယမဟာသာလဆိုတဲ့ အမျိုးဆိုတာ၊ လွန်စွာ ကြီးကျယ်တဲ့ အမျိုးပေပေါ့။ ရွှေငွေဘဏ္ဍာ ရတနာ အမျိုးမျိုး၊ ပွံ့ဖြိုးကြွယ်ဝ၍၊ အမိတဘောဂ၊ အမိပတိမင်းမျိုးကြီး ဆိုရတာပေါ့။

ထိုအခါ အရဋ္ဌာဝတိ မြို့တော်ကြီးမှာ၊ အရဋ္ဌာဝန္တ ဆိုတဲ့ မင်းတရားကြီး စိုးစံတော်မူတယ်။ ။ပြည့်ရှင် မင်းကြီးက၊ ဆိုခဲ့တဲ့ မင်းသွီးကလေး၏ ဂုဏ်သတင်းကိုကြားတော့၊ များစွာ နှစ်ချိုက်တော်မူသဖြင့် ကြည့်ဖြူမြတ်နိုးစွာ သိမ်းပိုက်ပြီး၊ အသျှင်မိဖုယားကြီး အရာဖြင့်၊ ချီးမြှင့် မြှောက် စား တော် မူ တယ်။ နန်းတော်ကြီးအတွင်းမှာ၊ ဝင်းဝင်းထိန်ပြောင်၊ တန်ခိုးရောင်တို့ဖြင့်၊ တောက်ပနေတာပေါ့လေ။

မိဖုယားကြီး၏စိတ်ထဲမှာ၊ ဘယ်လိုအကြိုဖြစ်ပေါ်လာသလဲလို့ဆိုတော့၊ "ဩော် ရှေးရှေးဘဝက ပုညရင်းနှီး၊ ကုသိုလ်ကြီးခဲ့လို့ မင်းသွီးဘဝကိုလဲ ရခဲ့တယ်။ ခတ္တိယမဟာသာလမျိုးမှို၊ ငယ်ရွယ်စဉ်ကပင် တန်ခိုးကြီးခဲ့တယ်။ အရွယ်ရောက်တော့၊ ဘုရင်မင်းမြတ် ချီးမြှောက်တော်မူလို့၊ မိဖုယားကြီးအဖြစ်သို့တိုင်ခဲ့ပြီ၊ မိန်းမဘဝမှာဖြင့်၊ လှလှကြီး အကျိုးပေးတယ်လို့ဆိုရမှာဘဲ။ သည့်ထက်တိုးပြီး၊ အကျိုးပေးဘို့ မရှိတော့ပါဘူး။

သို့ရာတွင်၊ မိန်မဘဝဆိုတာ၊ ဘယ်လိုပင် အကျိုးပေးပေး၊ ဇာတိက သိမ်သေး၍၊ မှိန်မှေးပြီးဖြစ်တဲ့အတွက်၊ ဂုဏ်တက်ဘို့ မရှိလှပါဘူး။ ယောက်ျားတို့၏ တန်ခိုးဂုဏ်ကို ခိုလှုံ၍ နေရစမြဲပါ။ ယောက်ျားတို့ခြေရင်းက၊ ဝပ်စင်းလုပ်ကျွေးရတဲ့ အမျိုးပါ။

ထွမိဖုယားဘဲဖြစ်ဖြစ် 'နတ်မိဖုယားဘဲဖြစ်ဖြစ်၊'စင်စစ်မှာတော့၊ အောက်ကျတဲ့ အနိမ့်တန်းအစားထဲက မလွတ်နိုင်ပါဘူး။ ။ သည့်လို မိန်းမခန္ဓာကိုယ်ကြီးတွေနှင့်၊ အနမတဂ္ဂ သံသရာမှာ၊ ရှည်ကြာစွာ ခရီးသွားလို့ နေရပါလျှင် ဘာအကျိုးရှိနိုင်ပါတော့ မလဲ။ မိန်းမအဖြစ်ဆိုတာ၊ လွန်စွာ ရှက်တို့ကောင်းပါတယ်။ သည့်ဘဝမျိုးကို ဖြတ်ပြီး၊ခပ်သုတ်သုတ်"ဇာတ်သိမ်း၍၊ငြိမ်းရာ အမှန် ပြည့်နိဗ္ဗာန်ကို၊လျှင်မြန်စွာ သွားတို့အလုပ်ကိုသာ ကြိုးစား မှ တော်တော့မှာဘဲ။ ။ယာခုအခါ၊ သိ ခ်ိ မြတ် စွာ ဘု ရား လဲ၊ ထင်ရှားစွာ ပွင့်တော်မူနေတယ်။ ''မိုးကောင်းတဲ့အခိုက်မှာ၊ လယ်ကောင်းကြီးကို စိုက်လိုက်မှ တော်လိမ့်မယ်''။ ဆဲသည့်လို အကြံပေါက်သတဲ့။မေ်မောက်ချင်တဲ့အကြံမျိုး မဟုတ်ဘူးပေါ့ လေ။ တော်ပါပေတယ်၊ သည့်လိုအကြံမျိုးကို၊ အတုခိုးလိုက် ပါပေရဲ့။

စိတ်နေစိတ်ထား သေးသိမ်တဲ့ မိန်းမစားမျိုး ဖြစ်ခဲ့ပါလျှင်၊ ဘယ်မှာ သည့်လိုကြံမလဲ။ အဖြေအဖျော် ရံရွေဘော်တို့နှင့် ပျော်ပျော်ကြီး စံစားတို့၊အာဏာဂုဏ်ကို အမျိုးမျိုးပြ၍၊ရှိုးရှိုးရွရွ မော်မောက်တို့၊ဘုရင်မင်းတရားက၊ မြတ်နိုးသည်ထက် မြတ်နိုး အောင်၊အမျိုးမျိုးတန်ဆာဆင်ပြီး၊ ဟန်ပြင်ဖိုးလိမ်း၊ ဆဲသည့်လို အကြံမျိုးတွေကို၊ကြိုးစားကသလို၊ ခဏ ခဏ ကြံစည်နေမှာပေါ့။

မိဖုယားကြီးသည်၊ ကောင်းမြတ်တဲ့ အကြံအစည်များကို ကြံစည်ပြီး၊မင်းတရားကြီးအထံသို့ကပ်၍၊သို့ကလို လျှောက်ထား သတဲ့။ ။အသျှင်မင်းတရားက၊ မြွောက် စား တော် မူ သ ဖြင့်၊ အဂ္ဂမဟေသီ၊ဒေဝိဋ္ဌာန်မှူ၊ သောင်းရွေမှူးဖြစ်ရသည်မှာ လွန်စွာ ကျေးဇူး ကြီးတော်မူလှပေတယ်။ သို့ရာတွင် ယာခုချီးမြှင့်တော်မူ တဲ့၊ စည်းစိမ် ချမ်းသာတော်များဟာ၊ တနပ်စာ ဆိုသလို၊ မျက်မှောက်ဘဝကလေးမှာသာ၊ အားကိုးရာ ရနိုင်ပါတယ်။ နောင်သံသရာရေးဖြင့် မြော်တွေးအားထားတို့ မရှိပါ။ သို့တွက် တာ ကြောင့် အရှင်မင်းတရားကြီး သနား တော်မူပါ သ ဖြင့်၊

သံသရာရေးအတွက်၊ချီးမြှင့်တော်မူပါအုံးဘုရား။ ။အဲ-သို့ကလို လျှောက်ထားသတဲ့။

မင်းတရားကြီးက ဝမ်းမြောက်တော်မူလှသဖြင့် ''အသျှင် မိဖုယားကြီးကို၊ ဘယ်လိုချီးမြှောက်တော် မူစေချင်ပါသလဲ'' လို့မေးတော်မူတယ်။

သည့်တော့ မိဖုယားကြီးက၊ ''သံသရာရေးဖြင့်ချီးမြှောက် တော်မူစေချင်တယ်ဆိုဘာက၊ သည်လိုပါဘုရား။မိဖုယားကြီး မှာ မိန်းမဘဝသို့ ရောက်နေသဖြင့် ထင်တိုင်းလမ်းမပေါက်ပါ၊ လွန်စွာကြပ်တဲ့ကျဉ်းမြောင်းလှပါတယ်။ အမိန့်အာဏာတော်ကို ဘယ်ခါမှ မလွန်ဆံဝံ့ပါ။ ။ယခုအခါ သိဒ္ဓိမြတ်စွာဘုရား ထင်ရှားစွာပွင့်တော်မူနေတဲ့အခိုက်ဖြစ်၍၊ သာသနာရောင်ကလဲ ပြောင်ပြောင် ထိန် ဝင်း၊ ထွန်းလင်း တောက်ပ၍ နေပါတယ်။ ထယ်ကွင်းကောင်းကောင်းနှင့်၊ မိုးကောင်းတဲ့ အခိုက် ကောက် စိုက်သင်တဲ့ ခေတ်အခါကြီး ဖြစ်ပါတယ်။ ။မိဖုယားကြီးအား သနားတော်မူပါသဖြင့် ကုသိုလ်ပြုရေးမှာ လွတ်လပ်သောအခွင့် များကို ပေးသနားတော်မူပါ။ ' တံခါးမရှိ-ခေါးမရှိ'' ဆိုသလို၊ ကျောင်းတော်သို့ သွား၍ တရားနာလိုတဲ့ အချိန်မှာ၊ တရားနာ ပါရစေ၊ စံရာနန်းဆောင်အတွင်းသို့ သဃ်ာတော်များကိုပင့်ပြီး လှူဒါန်းလိုသမျှ လှူဒါန်းပါရစေ။ သည့်အခွင့်များကို ပေးသနား တော်မူပါ။ အခွင့် ပေး တော် မူ ပါ လျှင် သံသရာရေး ကိစ္စဖြင့် ချီးမြှောက်ခြင်း မှန် လှ ပါ တော့ သည့် ဘု ရား။ ။အဲ သည့် လို လျှောက် ထား သ တဲ့၊ လျှောက် တင် ပုံ ဟာ အ လွန် ထိ မှာ ပါပေတယ်။

သည့်လို လျှောက်တင်တော့၊ ဘုရင်မင်းတရားကြီးကလဲ၊ ရတနာသုံးပါးကို ကြည်ညိုပြီးဖြစ်တဲ့ အတိုင်း၊ အ ထူး သ ဖြင့် ဝမ်းမြောက်တော် မူလှသောကြောင့် ''အ သျှင် မိ ဖု ယား ကြီး အလိုရှိတဲ့ အတိုင်း ကုသိုလ်ပြုရေးမှာ လွတ်လပ်စွာခွင့်ပေးပါ တယ်။ နှောင့် နှေး စိုး ရိမ် တော် မ မူ ပါ နှင့် '' လို့ မိန့်တော်မူပြီး

မိဖုရားကြီး၏ စိတ်နေစိတ်ထားကို မျှားစွာနှစ်ချိုက်တော်မူလှသဖြင့် ထိုအခါမှာသင် ကြာပန်း (၇) ခိုင်ကို ပေးသနားတော်မူသတဲ့။

ဘုရင့်ထံမှအခွင့်ရတော့၊ မိဖုရားကြီးမှာ လွန်စွာဝမ်းမြောက်ခြင်းဖြစ်ပြီး ပေးသနားတော်မူတဲ့ ကြာပန်းကို ယူပြီး၊ မိမိအဆောင်သို့ပြန်သွားတယ်။ ။အဆောင်တော်သို့ရောက်တော့၊ အလွန်လှပတဲ့ ကြာပန်းကို သေချာစွာရှုစားပြီး၊ "သည့်ကြာပန်းဟာ လွန်စွာလှပ၍ သန့်ပြန့်စင်ကြယ်တယ်၊ ငါ့ကိုယ်ကြီးဟာ၊ သည့်ကြာပန်းလိုစင်စင်ကြယ်ကြယ်နှင့် လှပတာမဟုတ်ဘူး၊ ။မစင်ကြယ်တဲ့ ကိုယ်ကောင်ကြီးမှာ၊ စင်ကြယ်တဲ့ ကြာပန်းကို ပန်ဆင်ထားသဖြင့် ဘာအကျိုးရှိအုံးမှာလဲ၊ ကိလေသာအာသဝေါကျယွော စင်ကြယ်တဲ့ ရှင်တော်ဘုရားနှင့်သာ ထိုက်တန်ပေတယ်။" အဲသည်လို စဉ်းစားပြီး၊ ဘုရင်မင်းမြတ် သနားတော်မူလိုက်တဲ့ ကြာပန်း(၇)ခိုင်ကို၊ သိဒ္ဓိမြတ်စွာဘုရားအား လှူဒါန်းလိုက်သတဲ့။

ရှင်တော်ဘုရားကလဲ မိဖုယားကြီး၏ စေတနာသဒ္ဓါထက်မြက်ပုံကို သိတော်မူသည်နှင့်၊ ကုသိုလ်တရား တိုးပွါးသည်ထက် တိုးပွါးစေတော့လို့၊ တန်ခိုးတော်ဖြင့် ကြာပန်းများကို ကောင်းကင်သို့ပျံတက်စေပြီး ဘီးအသွင်ကဲ့သို့ဘုရားရှင်ကို ကောင်းကင်က မိုးကာ၍နေစေတယ်၊ ။အဲသည့်လိုကြည်ညိုဘွယ် ကောင်းတဲ့၊ တန်ခိုးအာနုဘော်ကိုမြင်တော့၊ မိဖုယားကြီးမှာ သဒ္ဓါအရှိန်နှင့် ပီတိဖိမ်ပွင့်ပြီး၊ အဆင့်ဆင့် ကြည်ညိုလို့မပြီးနိုင်အောင်၊ ကုသိုလ်တရား တိုးပွါးနေတယ်။ ။ရှင်တော်ဘုရား ကိုယ်တော်တိုင် ချီးမြှင့်တော် မူတာဖြစ်တော့ အထူးချီးမွမ်းနေဘို့ မလိုဘူးပေါ့။

အဲသည်အခါကစပြီး မိဖုယားကြီးမှာသဒ္ဓါပန်းရုံ၊ ဘွတ်ရူးသို့ မကုန်အောင် တဟုန်ထဲ တိုးပွါး၍ လာလေရာ "အသျှင်ဘုရားခင်၊ လက်နှင့်မကွာ" ဆိုတဲ့ အတိုင်း အစဉ်မပြတ်၊ အလှူဒါနများကို

လှူဒါန်းပြီး။ သာသနာတော်ရေးနှင့်ဆိုင်တဲ့ကိစ္စကိုသာ အမြတ်တနိုး ကြိုးစား၍နေတော့တာဘဲတဲ့။

လွတ်လပ်တဲ့ အခွင့်ကြီးကိုလဲ ရထားပဲ့အတွက် ရှင်တော်ဘုရား တရားဟောတော်မူတဲ့အခါ၊ ရှေးဦးစွာ သွားရောက်၍ တရားနာတယ်။ ။လပြည့်လကွယ် ရှစ်ရက်သိတင်းတို့မှာလဲ ရှစ်ပါးသီလကို၊ မပျက်ကွက် ရအောင် စောင့်သုံးတယ်။ ။ မိမိကိုယ်ကို တန်ဆာဆင်ခြင်းနှင့်စပ်တဲ့ အလုပ်ပိုများကို ဖြုတ်နိုင်သမျှ ဖြုတ်ထားပြီး၊ တရားဘက်ကိုသာ လိုက်စားနေတော့တာဘဲ။

ဆဲသည့်လို သူတော်ကောင်းနှလုံးကို လက်သုံးပြု နေတော့၊ ဘုရင်မင်းတရားကလဲ များစွာ အားရတော် မူတယ်။ နန်းသူ နန်းသား ရွှေရံတော်အများကလဲ၊ သူတော်ကောင်း မိဖုယားကြီးကို ကြည်ညိုလေးမြတ်ကြတယ်။ ။သူတော်ကောင်းတရားဆိုတာ ဒိဋ္ဌဓမ္မလှလှကြီး အကျိုးပေးစမြဲ ဖြစ်တဲ့အတိုင်း၊ တရားသဖြင့်ကျင့်ကြံနေထိုင်တဲ့ မိဖုယားကြီးကိုမကြည်ညိုသူ ဘယ်မှာရှိနိုင်ပါတော့မလဲ။

ဆဲ-ယခုပြဆိုခဲ့ပြီးတဲ့အတိုင်း၊ သိဒ္ဓိရှင်တော်ဘုရားလက်ထက်တော်မှာ၊ ''ခင်းလုံးကျွတ်၊ ခင်းလုံးချော''ဆိုတာလို၊တဘဝလုံး အသက်ဆုံးသည့် တိုင်အောင်။ ကုသိုလ်ပုညများကို အားထုတ်ဆည်းပူးခဲ့တဲ့အတွက်။ ထိုဘဝမှ စုတေတော့။ တာဝတိံသာ နတ်ပြည်သို့ ရောက်သွားတယ်။ စည်းစိမ် ချမ်းသာ လွန်စွာကြီးကျယ်သပေါ့လေ။ ။ကုသိုလ်ဆိုတဲ့ ရိက္ခာထုပ်ကြီး ပါခဲ့ပါလျှင် သံသရာမှာ လွန်စွာ မျက်နှာပွင့်လန်းစမြဲ ပေပေါ့။ ။ ''ကုသိုလ်ဖန်၊ မိမာန်အသင့်၊ ဘုံအသင့်''ဆိုတဲ့အတိုင်း၊ ကုသိုလ်ရှင်တဦး၊ ပုဂ္ဂိုလ်ထူးဖြစ်ဘဲ့အတွက် ဖြစ်လေရာဘဝမှာ အစစအရာရာ သူတပါးတို့ထက် သာလွန်တာပေါ့။

သိဒ္ဓိဘုရားရှင်လက်ထက်တော်ကစပြီး၊ယခုဂေါတမမြတ်စွာဘုရား လက်ထက်တော်သို့ တိုင်အောင်၊ အပါယ်လေးပါးသို့

မလားမကပ်ဘဲ၊ ထူးချွန်မြင့်မြတ်တဲ့ လူ့ရပ် နတ်ပြည်သို့ရွှသာ စုံချည့်,ဆန်ချည်ခံစားရသတဲ့။

မဟာသကျ၊လောကထွန်းဖူး၊အမြိုက်ခေါင်မှူး ဖြစ်တော်မူတဲ့ ယာခုဂေါတမမြတ်စွာဘုရား လက်ထက်တော်သို့ ရောက်တော့၊ ဆိုခဲ့ပြီးတဲ့ အမျိုးသွီးကလေးဟာ၊ ရာဇဂြိုဟ်ပြည့်ရှင်၊ ဘုရင် ဗိမ္ဗိသာရမင်း၏ ပုရောဟိတ် ပုဏ္ဏားကြီးအိမ်မှာ ဖြစ်လာသတဲ့။ ပုရောဟိတ်သွီးကလေးပေါ့လေ။

အဆုံးစွန်သောဘဝ၊အနွိမအနေအားဖြင့် အကျိုးပေးလာတဲ့ အတွက် ရုပ်ဆင်းအင်္ဂါ လက္ခဏာ၊ ဉာဏ်ပညာ အမြော်အမြင် တို့နှင့် လွန်စွာပြည့်စုံတာပေါ့။ အထူးချီးမွမ်းနေတို့ မလိုတော့ ဘူး။ ။ထူးတဲ့အချက်တခုမှာတော့၊ ပုရောဟိတ် သွီးကလေးရဲ့ မျက်နှာဟာ သော်တာငွေစန်း လပြည့်ဝန်းနှင့်တူသတဲ့။ အဲ- သို့အတွက်ကြောင့်၊ ပညာရှိတဲ့ ဘခင်ပုရောဟိတ်ပုဏ္ဏားကြီးက သွီးကလေးကို ''သောမာ''ရယ်လို့ အမည်ပေးထားတယ်။ ။ သောမာ-ဆိုဘာက၊ လစန်းရယ်လို့ ဧဗိပ္ပါယ်ရတယ်။ သောမာ ဆိုဟဲ့အမည်သညာကို မြန်မာလို ပြန်ဆိုရပါလျှင် ''ခင်စန်း'' ရယ်လို့ ပြန်ဆိုရမှာပေါ့။

ပုရောဟိတ် ပုဏ္ဏားတော်ကြီးဆိုဘာ၊ ပညာ တက္ကသိုလ် ဝိဇ္ဇာရိရ်ကြီးဖြစ်နေတဲ့အတွက်၊ သွီးကလေး ခင်စန်းကိုလဲ ပညာ အမျိုးမျိုးသင်ကြားပေးရာ။ ငယ်ရွယ်စဉ်အခါကပင် အလိမ္မာမ ကလေးဖြစ်လာတယ်လို့ဆိုကြပါစို့။

အပျိုကလေး ဖြစ်လာတဲ့အခါ၊ ကျွတ်တန်းဝင်ဘို့ ဘယ်လို အခွင့်ကောင်းကြီးနှင့် ကြုံကြိုက်သလဲသို့ ဆိုတော့၊ ဗိမ္ဗိသာရ မင်းကြီးက ရှင်တော်ဘုရားကို ပင့်ဆောင်တဲ့အတွက် ရာဇဂြိုဟ် နေပြည်တော်ကြီးသို့ ရှေးဦးစွာ ကြွတော်မူလာခြင်းဖြင့် ရဟန်း သံဃာများစွာခြံရံလျက် ကြွလာတော်မူတယ်။

ဘုရားဖြစ်တော်မူပြီးစအခါ၊ ဥရုဝေဠကဿပ ညီနောင် ရှင်ဘထောင်တို့ကို ချွတ်တော်မူပြီး၊ ရာဇဂြိုဟ် ပြည်ကြီးသို့

ကြွရောက်တော်မူလာတဲ့ အခန်းဟာ အလွန်တရာ ကြီးကျယ်တာပေါ့။ သည့်အခါတုန်းက သိကြားမင်းကြီး ကိုယ်တိုင် လုလင်ပျိုအသွင်ကို ဖန်ဆင်းပြီး၊ ရွှေဘော်က ဘုန်းတော်ဘွဲ့ ဂါထာကို ရွတ်ဆိုလိုက်ပါရတယ်။

အဲသည့်လို ရာဇဂြိုဟ်နေပြည်တော်ကြီးသို့၊ ဘုရား၏ ကြွက်သရေကိုဆောင်ပြီး အရောင်ခြောက်ဖြာ၊ ဆဗ္ဗဏ္ဏာတို့ဖြင့် ကြီးကျယ်စွာ ကြွလာတော်မူသည်ကို ပုရောဟိတ်သ္မီး ခင်စန်းက မြင်တော့၊ သီးတားလို့မရအောင် သဒ္ဓါတက်ကြွပြီး အကြိမ်ကြိမ် ဦးချလျက်၊ ရှင်တော်ဘုရားကို ပန်းတို့ဖြင့် ပူဇော် ကန်တော့လိုက်တယ်။ ။သည့်အခါကစပြီး ရတနာသုံးပါး ဦးထိပ်ထားတဲ့ အမျိုးသ္မီး ဥပါသိကာမကလေးဖြစ်သွားတာပေါ့။

သရဏဂုံသုံးပါးကို အမြဲဆောက်တည်ကာ သာသနာတော်ကိုကြည်ညိုတဲ့အနေမျိုးနှင့်နေထိုင်ခဲ့ရာ၊ အတန်ကလေးကြာလာ [illegible]၊ လူတို့ဘောင်မှာလူဝတ်ကြောင်နှင့် နေလိုတဲ့ဆန္ဒမရှိတော့ဘူးပေ့။ သိဒ္ဓိရှင်တော်ဘုရား လက်ထက်တော်က ပါရမီလက် စရှိခဲ့တာကိုး။ လူ့ဘောင်မှာ ပျော်နိုင်ပါတော့မလား။

လူဝတ်ကြောင်ကိုပယ်ခွါ၊ ဆံကေသာကိုရိတ်ဖြတ်၍ မြင့်မြတ်တဲ့ ဘိက္ခုနီမ အဖြစ်သို့ တက်လိုတဲ့ ဆန္ဒရှိလေရာ၊ မိဘတို့ထံ အခွင့်ပန်တော့ လွယ်လင့်တကူနှင့်ပင် အခွင့်ပေးကြတယ်။ မိဘ များကလဲ ရတနာသုံးပါး ဦးထိပ်ထား နေကြတာကိုး။ ဘယ်မှာ ဖျက်လိုဖျက်ဆီးလုပ်ပါတော့မလဲ။

အဲ-မိဘတို့ထံမှ အခွင့်ရတော့၊ ဘိက္ခုနီမတို့ ကျောင်းသို့ သွားပြီး၊ သိက္ခမာန်အဖြစ်ဖြင့် နေထိုင်ပြီးနောက်၊ ပထမ ရှေးဦးစွာ သာမဏေမကလေး ပြုလုပ်တယ်။ ထို့နောက် ဘိက္ခုနီမ အဖြစ်သို့တက်လှမ်းတယ်။ ဘွဲ့အမည်သညာမှာလဲ၊ မူလအမည်

ရင်းအတိုင်း သောမာထေရီရယ်လို့ တွင်သတဲ့။ ။ဘိက္ခုနီမ အဖြစ်သို့ရောက်ပြီးတဲ့နောက်၊ မျှားမကြာမှီအတွင်း၊ ဝိပဿနာ ကမ္မဋ္ဌာန်းအလုပ်ကို အားထုတ်ကြိုးစားလိုက်ရာ၊ ခန္ဓာရုပ်ခါတ် ပဋိစ္စသမုပ္ပါဒ်သဘောကိုပေါ်လောကြီးမြင်ပြီး၊ ဘုံသုံးပါးဝယ် တာတွယ်ခြင်းကင်းပြတ်၍ အမြတ်ဆုံးဖြစ်တဲ့ ရဟန္တာအဖြစ်သို့ ရောက်သွားပါရော။ပါရမီဓါတ်ခံရင့်သန်ထူးချွန်တဲ့ ပုဂ္ဂိုလ်များ မှာတော့၊ တရားထူးကိုရဘို့ လွယ်ကူသပေါ့လေ။

ရဟန်းကိစ္စတုံး၍ အမြတ်ဆုံး အဖြစ်သို့ ရောက်တဲ့ အခါ၊ ဈာန်ချမ်းသာ၊ မဂ်ချမ်းသာတို့ကို ခံစား၍ ရှင်တော်ဘုရား၏ သာသနာတော်ရေး ကိစ္စများကိုသာ ကြိုးစား ဆောင်ရွက်၍ နေတယ်။ ။တနေ့သောအခါ၊ ဘယ်လို အကြောင်းထူး တခု ဖြစ်ပေါလာသလဲဆိုတော့၊ သောမာထေရီ ဘိက္ခုနီမသည် ဆိတ်ငြိမ်သော ဌာနတွင် ဝိဝေကချမ်းသာ ဖလသမာပတ် အရသာ ကိုခံစား၍ အေးမြဆိတ်ငြိမ်စွာ နေတော်မူလိုတဲ့အတွက် အန္တဝန် ခေါ်တဲ့တောသို့ဝင်ပြီး သစ်ပင်တပင် အောက်မှာ မျက်နှာ... ချပြီးနေတော်မူတယ်။

အဲသည်အခါ၊ အလွန်ယုတ်မာတဲ့ မာရ်နတ်ကြီး လာပြန်ပါ ရော။အလွန်နှောက်ရှက်တဲ့မာရ်နတ်အယုတ်တမာကြီးပေါ့။ ။ မုဆိုးများဟာ သမင်တွေကို အကြောင်းမဲ့ ရန်သူလုပ်နေကြတာ လို၊မာရ်နတ်အယုတ်တမာကောင်ကြီးဟာလဲ၊သူတော်ကောင်း တရားလိုက်စားနေတဲ့ ပုဂ္ဂိုလ်မြတ်များကို အကြောင်းမဲ့ ရန်သူ လုပ်နေတဲ့ သတ္တဝါကြီး တကောင်ပေါ့။ ။သစ် တ ပင် ရင်း အောက်မှာ တည်ငြိမ်စွာ သီတင်းသုံးနေတဲ့ သောမာထေရီကို မြင်တော့၊ မာရ်နတ်ကြီးက သမာဓိပျက်ပြား၍ ကြောက်အား လန့်အားနှင့် ထွက်ပြေးစေလိုတဲ့ ဆန္ဒနှင့် အသွင်ကို မမြင်စေဘဲ ကောင်းကင်ကနေပြီး အသံဆိုးကြီးနှင့် ဂါထာတပုဒ်ကို ရွတ်ဆို လိုက်သတဲ့။တစ္ဆေသရဲများချောက်လှန့်တဲ့ အသံမျိုးလိုပေါ့လေ။

(၁) ယံကံဇ္ဇာသိယိ ပတ္တဗ္ဗံ၊ ဝှာနံဒုရဘိသမ္ဘဝံ။
နတံဒွင်္ဂုလပညာယ၊ သက္ကာပပ္ပေါတုမိတ္ထိယာ။

(၁) ဘောတိ၊ အို-မိန်းမ က လေး၊ သုဏာသိ၊ စေ့စေ့နှံ့နှံ့ထောင်၊ ဣသိဟိ၊ တကွဲ့ရသေ့၊ တကွဲ့ရဟန်း၊ အထက်တန်း ရောက်ပြီးသော ပုဂ္ဂိုလ်ကြီးတို့သာလျှင်၊ ပတ္တဗ္ဗံ၊ ရောက်သင့် ရောက်ထိုက်သော၊ယံတံဌာနံ၊အကြင်ရဟန္တာရာထူးကြီးသည်၊ ဒုရဘိသမ္ဘဝံ၊ထိထိမိမိ၊ ဆိုက်ရောက်ခြင်းငှာ လွန်စွာခဲယဉ်းလှ လေ၏၊ တံဌာနံ၊ ထိုရာထူးအမြင့်ကြီးကို၊ ဣတ္ထိယာ၊ မိန်းမ၏၊ ဒွင်္ဂုလပညာယ၊လက်နှစ်လုံး မျှသာရှိသော ဉာဏ်တုံးတာ ကလေးနှင့်၊ ပပ္ပေါတုံ၊ ဆိုက်ရောက်ခြင်းငှါ၊ နသက္ကာ၊ စိတ်သာချလေ တော့၊ မိန္မမစွမ်းနိုင်ရိုးမှန်သည်သာလျှင်တည်း။

အတော် ့ကို၊ ရက်ရက်စက်စက်ဆိုတဲ့ မာရ်နတ်ကောင်ကြီး ဘဲ၊ ၊ဆိုလိုရင်းအဓိပ္ပါယ်ကတော့ သည်လိုတဲ့၊ "အရဟတ္တ ဖိုလ်၊ ရဟန္တာပုဂ္ဂိုလ်ဆိုတဲ့ ရာထူးဌာနန္တရကြီးကို၊ သာမန် ပုဂ္ဂိုလ်များ၊ဆိုက်ရောက်ရရှိနိုင်ကြတာမျိုးမဟုတ်၊တကွဲ့ရသေ့၊ တကွဲ့ရဟန်း၊ အထက်တန်းပုဂ္ဂိုလ်ကြီးများမှ ဆိုက်ရောက်နိုင် ကြတယ်၊ ၊သင်တို့လိုမိန်းမများရဲ့၊ လက်နှစ်လုံးလောက်ရှိတဲ့၊ ပညာမျိုးနှင့်၊ ရောက်နိုင်တာမျိုး မဟုတ်ဘူး၊" ဆဲသည်ကဲ့သို့ ဆိုလိုပေတယ်၊ ၊သောမာထေရီ၊ ဘိက္ခုနီဟာ၊ ရဟန္တာ အဖြစ်သို့ ရောက်ပြီးဖြစ်နေတာကို၊မသိလို့ဆိုတဲ့လက္ခဏာပါဘဲ၊

မာရ်နတ်ကောင်ကြီး ရွတ်ဆိုတဲ့ဂါထာမှာ၊ "ပညာမေတုံး၊ လက်နှစ်လုံး" ဆိုဘဲ့ စကားဟာ၊အလွန်နစ်နာတာပေါ့၊မိန်းမတို့ ပညာကို၊လက်နှစ်လုံးပညာရယ်လို့၊မာရ်နတ်ကြီးကဆိုဘယ်၊ ၊ မိန်းမတို့ပညာဟာ လွန်စွာတိမ်ကောတယ်၊ လက်နှလုံးလောက် သာ အနက်ရှိတယ်လို့လဲ ဆိုနိုင်ပါရဲ့၊ အမြော်အမြင်မှာလဲ၊ လက်နှစ်လုံးလောက်သာ မြင်နိုင်ဘယ်လို့လဲ ဆိုနိုင်ပ ါရဲ့၊ အမြင် တိုသပေါ့လေ၊ ၊"မျက်မွှေးတဆုံးလောက်သာ မြင်နိုင်တယ်"

ဆိုတဲ့ စကားဟာလဲ၊ သည့်အဓိပ္ပါယ်မျိုးပါဘဲ။ ။မာရ်နတ်ကောင်ကြီးရဲ့ စကားကို၊မိန်းမတွေကြားလျှင်၊ များစွာ စိတ်ဆိုးကြမှာဘဲနော်၊ သူတို့ကို ထိခိုက်နေတာကိုး၊ စိတ်မဆိုးဘဲနေပမလား၊ဆိုပုံကြီးကိုက၊အလွန်တရာ နစ်နာတာဘဲ။

သည်နေရာမှာ၊ လက်နှစ်လုံးပညာကို၊ အဋ္ဌကထာဆရာကြီးဘွင့်ချက်ကိုလဲ၊ ပါဠိအနက်နှင့်တကွ၊ ဘော် ပြ လိုက် ရ အုံးမှာပေါ့။

ဣတ္ထိယောဟိ သတ္တဋ္ဌာဝဿ ကာလတော ပဋ္ဌာယ ဩဒနံ ပစန္တိ။ ပက္ကုဓိတေဥဒကေ တဏ္ဍုလေ ပက္ခိပိတွာ ဧတ္တာဝတာ ပက္ကန္တိ နဇာနန္တိ၊ ပက္ကုဓိယမာနေပန တဏ္ဍုလေ ဒဗ္ဗိယာဥဒ္ဓရိတွာ ဒွီဟိအင်္ဂုလီဟိပီဠေတွာဇာနန္တိ၊တသ္မာဒွင်္ဂုလ ပညာယာတိ ဝုတ္တာ။

ထေရီအဋ္ဌကထာပါဌ်။

ဟိ၊ လက်နှစ်လုံး ပညာသဘောကို၊ပေါလောပေါ် အောင်ဘွင့်ပြပါဦးအံ့၊ဣတ္ထိယော၊မိန်းမတို့သည်၊ သတ္တဋ္ဌာဝဿကာလတော၊ ခုနစ်နှစ်ရွယ်- ရှစ်နှစ်ရွယ်အချိန်မှ၊ ပဋ္ဌာယ၊ အစပြု၍၊ ဩဒနံ၊ ထမင်းကို၊ ပစန္တိ၊ ချက် ကြ ကုန် ၏၊ ပက္ကုဓိတေ၊ ကြိုက်ကြိုက်ဆူသော၊ ဥဒကေ၊ ရေ၌၊ တဏ္ဍုလေ၊ ဆန်တို့ကို၊ ပက္ခိပိတွာ၊ ထည့်၍၊ ဧတ္တာဝတာ၊ ဤမျှလောက်ဖြင့်၊ ပက္ကန္တိ၊ ကျက်ပြီဟူ၍၊ နဇာနန္တိ၊ မသိကြလေကုန်၊ ပန၊ သိအောင်ပြုပုံသည်ကား၊ ပက္ကုဓိယမာနေ၊ ပွက်ပွက်ဆူသော၊ တဏ္ဍုလေ၊ ဆန်တို့ကို၊ဒဗ္ဗိယာ၊ယောက်မဖြင့်၊ ဥဒ္ဓရိတွာ၊ ဆယ်ယူ၍၊ ဒွီဟိ အင်္ဂုလီဟိ၊လက်မ,လက်ညှိုး,ဟု ဆိုအပ်သော၊ လက်နှစ်ချောင်းတို့ဖြင့်၊ ပီဠေတွာ၊ ညှစ်၍၊ ဇာနန္တိ၊ သိကြကုန်၏၊ တသ္မာ၊ ထိုကြောင့်၊ဒွင်္ဂုလပညာယာတိ၊ လက်နှစ်လုံးပညာဟူ၍၊ ဝုတ္တာ၊ မာရ်နတ်ကြီးက၊ဘိဘိစိစိ ဆိုအပ်လေသတည်း။

ကဲ-အဋ္ဌကထာဆရာကြီးက၊ ''လက်နှစ်လုံးပညာ'' ကို အသေအချာ ဘွင့်ဆိုတယ်မဟုတ်လား၊ ။မိန်းမများဟာ၊ခုနှစ်နှစ်ရွယ်-

ရှစ်နှစ်ရွယ်ကစပြီး၊ မီးဖိုချောင်မှာ ချက်ပြုတ်လေ့ ရှိကြတယ်။ ရေဆူသလို ဆန်ခပ်ပြီးတဲ့နောက်၊ အသေအချာ၊ ဘယ်အခါ ထမင်းနပ်တယ်လို့ မသိတတ်ကြဘူး။ သူတို့လက်ကလေး နှစ်ချောင်းနှင့် ကော်ယူကာ ညှစ်လို့စမ်းရမှ၊ နပ်မှန်းကို သိရှာကြသတဲ့။ လက်ကလေး နှစ်ချောင်းကိုသာ အားပြုလေ့ရှိတဲ့အတွက်၊ မိန်းမတို့ပညာကို၊ ''လက်နှစ် ချောင်း ပညာ'' ခေါ်ဆိုတယ်လို့ အဋ္ဌကထာဆရာကြီး ဘွင့်ပြတော်မူပေတယ်။ ဟုတ်တုတ်တုတ် ပေဘဲ။ မိန်းမဆိုတာ၊ မီးဖိုချောင်အလုပ်၊ အချက်အပြုတ်ကို၊ တကုတ်ကုတ် ကြိုးပမ်းစမြဲပေကိုး။

ကဲ- ဝတ္ထုကြောင်းကို ဆက်ကြအုံးစို့။ ။သောမာထေရ်ဘိက္ခုနီကို၊ မာရ်နတ် အယုတ်တမာကြီးက၊ ရုပ်သွင်ကိုမပြဘဲ၊ သရဲချောက်သလို၊ ကြောက်ဘွယ်ကောင်းတဲ့ အသံဆိုးကြီးနှင့် ချောက်လှန့်သလို၊ ပြောဆို ရေရွတ်တဲ့အခါ၊ သောမာထေရီက၊ ''သယ်-ငါ့ကို ချောက်လှန့် ကြိမ်းမောင်းတာ၊ မာရ်နတ်အယုတ်တမာကြီးပါကလား။မလှုပ်ရှားနိုင်၊တောင်မကျိုင်ကဲ့သို့၊ ခန့်ခိုင်တဲ့ ငါ့စိတ်သဘောကို မသိသွဲ့သာ၊ သည့်လိုပြောဆို ကြိမ်းဝါးတာဘဲ။ ငါက ပြန်လှန်ပြီး၊ မရ်နတ်ကြီးကို ကြိမ်းမောင်းမှ သင့်တော့မယ်။'' ဆဲ-သည့်ကဲ့သို့ ဆင်ခြင်တော် မူပြီး လျှင် ထေရီဂါထာကို ရွတ်ဆိုတော်မူလေသတည်း။

(၂) ဇူဋ္ဌိဘာဝေါ ကိံကိရိယာ စိတ္တမှိ သုသမာဟိတေ။
ဉာဏမှိ ဝတ္တမာနမှိ သမ္မာဓမ္မံ ဝိပဿတော။

(၂) ဟာရေမာရ၊ အ မှောင် တိုက် ၍၊ အ မိုက် ထိုင် ခေါင်း၊ ဟဲ့-မာရ်နတ် အယုတ်ကောင် သူဘာသိ၊ စေ့စေ့ ကြား အောင်၊ နင်နားထောင်။ ဓမ္မံ၊ ကိုယ် ကောင် မ ဟုတ်၊ နာမ်ရုပ်နှစ်ပါး၊ သည့်တရားကို၊ သမ္မာ၊ သိမ် မွေ့ လှ စွာ၊ ဉာဏ် ဖြင့် သွား၍၊ ဝိပဿတော၊ အလင်း မြင် အောင်၊ ဆင်ခြင်ရှုစား၍ နေစဉ်၊ စိတ္တမှိ၊ စိတ်ဓာတ်သည်၊ သမာဟိတေ၊ အပြင်အာရုံ ဘို့မကြောင့်၊

တုန်တုန်လှုပ်လှုပ်မရှိဘဲ၊ ခိုင်မြဲ တည့် တန့် လေ သည့် ရှိသော်၊ ဥာဏမို၊ ရှုးစိုက်အားသန်၊ ရှု စား ဥာဏ် သည်၊ ဝဋ္ဋမာနမှို၊ ထိန်းတာင်းဝင်း၊ ထွန်းလင်းဖြစ်ပေါ်သည့်ရှိသော်၊ ဇုတ္တိဘာဝေါ၊ မိန်းမအဖြစ်သည်။ ကိံကိုရိယာ၊ ဘာပြုရတော့မည့်နည်း။ ဝါ- မိန်းမဖြစ်သဘောရယ်လို့ ပြောဆိုတ္တိရာ အဘယ်မှာ အသုံး ကျပါတော့အံ့နည်း။

သောမာထေရီက၊မြွက်ဟာပြန်ကြားလိုက်တဲ့ ဂါထာဟာလဲ လွန်စွာ အချက် မိ ပါပေ တယ်။ မာ့ရ် နတ် ကောင် ကြီး ဖြင့်၊ ယောင်တီးယောင်တနှင့် ဒေး နေ ရ တော့ မှာ ဘဲ။ ဆိုလိုရင်း အဓိပ္ပါယ်က သည့်လိုတဲ့။ ၊ဟဲ့ မာရ်နတ်အယုတ်ကောင်ကြီး၊ ဥာဏ်သာ လိုရင်း ဖြစ်တယ်၊ မိန်းမသော, ယောကျ်ားသော, ပြောနေတ္တိ မလိုဘူး။ ၊ရုပ်နာမ်ခန္ဓာတို့၏ မမြဲခြင်း အနိစ္စ၊ ဆင်းရဲခြင်းဒုက္ခ၊ ကိုယ်မဟုတ်-အစိုးမရ၊ အနှစ်မရှိခြင်းအနတ္တ၊ ဆဲ-သည့်ကဲ့သို့ ဝိပဿနာ၊ ဥာဏ်အမြင်ဖြင့်၊ ဆင်ခြင်၍နေရာ၊ စိတ်ထားခိုင်ခိုင်နှင့်၊ သမာဓိမဏ္ဍိုင်ကလဲ မယိမ်းမယိုင်၊ ရုပ်နာမ် ခန္ဓာတို့၏ သဘောကို၊ ပေါလောကြီး ပေါ်အောင်၊ မြင်နိုင်တဲ့ ဝိပဿနာဥာဏ်ပညာကလဲ၊ ကြည်ကြည်လင်လင်၊ ဆဲသည့်လို ဖြစ်ခဲ့ပါလျှင် ဇုတ္တိဘာဝနှင့်မိန်းမအဖြစ်ကို၊ ပြောဆိုနေတ္တိမလို တော့ပါဘူး။ အလင်းဥာဏ် ပေါ်ပေါက်၍၊ အရဟတ္တမိုလ်သို့ ရောက်နိုင်တာပါဘဲ၊ ဥာဏ်ပညာ၏ စရိုက်ကို၊ ထိထိခိုက်ခိုက် မသိတဲ့သူများသာ၊ ယောကျ်ားသော, မိန်းမသော, ခွဲခြားလို့ ပြောနေကြပါတယ်၊ အကယ်လိုရင်းအစစ်မှာတော့၊တည်နိုင်တဲ့ ကေဂ္ဂဘာနှင့် ပညာသာလိုရင်းဖြစ်ပါတယ်။

ဆဲ-ယခုပြဆိုခဲ့တာကား သောမာထေရီ ဘိက္ခုနီရဲ့ ဆိုလိုရင်း အဓိပ္ပါယ်ဖြစ်ပေတယ် မိန့်ဆိုတော်မူဟဲ့အတိုင်းလဲမှန်ပါပေရဲ့။ ၊ ဇုတ္တိဘာဝ,ပုမ္ဘာဝ၊ မိန်းမ,ယောကျ်ား,ဆိုသည့်မှာ ရုပ်သဏ္ဍာန် ကိုသာအစွဲပြု၍ ဝေါဟာရ-ပညတ်အားဖြင့် ခေါ်ဆိုသမုတ်ခြင်း ဖြစ်ထာကလား၊ ၊ရုပ်ဆိုတာ အနာရမ္မဏ သဘောမျိုးဖြစ်၍၊

အခါရုံကိုမယူနိုင်ဘူး။ ဘယ်အရာကိုမျှ သိနိုင်တာမဟုတ်ဘူး။ ။ ဒါ့သည့်လို အခါရုံကို မသိနိုင်တဲ့။ ရူပါဘာဝရုပ်, ပုဿ၁ဝရုပ်, များကိုစွဲပြီး၊ မိန်းမ များ ဟာ ဉာဏ်ပညာ သေး သိမ် တယ်။ ယောကျ်ားများကသာ၊ဉာဏ်ပညာထက်မြက်တယ်။ ဒါ့သည့်လို တထစ်ချ ကိန်းသေစကားမျိုးကို မပြောမဆိုသင့်ဘူးပေါ့။

တကယ်စင်စစ်မှာတော့၊ တရားထူးကို ရနိုင်တဲ့ အရာမှာ၊ ဧကဂ္ဂတာနှင့် ပညာသာလိုရင်း ဖြစ် ပေ တယ်။ ။တ ရား ကို အားထုတ်တဲ့အခါ၊ ဧကဂ္ဂတာသမာဓိဖြင့် ပြန့်လွင့်ခြင်းမရှိဘဲ။ စိတ်တည်ကြည်ခဲ့ပါလျှင်၊ ဉာဏ်ပညာဆိုတဲ့ အလင်းခေတ်ဟာ ပေါ်လာစမြဲ ဖြစ်ပေတယ်။ ဉာဏ်ပညာ အ လင်း ခေတ် ကြီး ပေါ်လာပြီဆိုမှဖြင့် ဝိသောသ တရားထူးကို သိမြင်တော့တာဘဲ။ ဒါ့သည့်လို တရားထူးကို သိမြင်ပြီဆိုမှဖြင့် မဂ်ဖိုလ်နှင့် မတွေ့နိုင်တော့ဘူးပေါ့။

ယောကျ်ား စင်စစ်ကြီးပင်ဖြစ်၍ နေစေကာမူ၊ စိတ်ကလဲ မတည်၊ အမြင်ဉာဏ်ကလဲမရှိ၊ ဒါ့သည့်လို ဖြစ် နေ ခဲ့ ပါ လျှင်၊ ဘယ်မှာတရားထူးကို သိနိုင်ပါတော့မလဲ။ ဒါ-သို့ကြောင့်တရား အားထုတ်တဲ့အရာမှာ ယောကျ်ားသော,မိန်းမသော,ခြားနားထို့ မ ပြော သင့် ပေ ဘူး။ သမာဓိနှင့် ပညာသာလျှင် လိုရင်းရှိ၊ သောမာထေရီဘိက္ခုနီအသျှင်မ မြွက်ဟတော်မူတဲ့ဂါထာမှာ၊ လွန်စွာ မှန်ကန်လှပေသည့်တကား မှတ်သား နှလုံးသွင်းသင့် ပေသတည်း။

ထိုပြင်မိန်းမများဟာ တရားထူးကိုရမှရနိုင်ပမလား။ မိန်းမ ဆိုတာ လွန်စွာဉာဏ်သေးတယ်။ မွန်မြတ်တဲ့ လောကုတ္တရာ တရားများနှင့်မထိုက်တန်ဘူးရယ်လို့ ရှင်တော်ဘုရားလက်ထက် တော်ကပင် ယုံမှားခြင်း ဖြစ်လေ့ ရှိကြတယ်။ ။ဒါ့သည့်လို ယုံမှားခြင်း ဖြစ်တတ်ကြသည့်များကို ရှင်တော်ဘုရားက ပယ် ရှားတော်မူလိုတဲ့အတွက် မိထွေးတော် ဂေါတမီ ပရိနိဗ္ဗာန် စံတော်မူခါနီးသည့်နှင့် မိန်းမတို့၏ ဂုဏ်တန်ခိုးများကို အစွမ်း

ရှိသမျှ ပြပါလို့ တိုက်တွန်းတော် မူဘူးတဲ့ အချက်တခု ရှိပေတယ်။

ထီနံ့ဓမ္မာဘိသမယော။ ယေဗာလာဝိမတိံဂတာ။
တေသံဒိဋ္ဌိံပဟာနတ္ထံ။ ဣဒ္ဓိံဒဿေဟိဂေါတမီ။

ထေရီအပဒါန်ပါဠိတော်။

ယေဗာလာ။ အမြင်မကျယ်၊ သေးငယ်မှုံမွှား၊ အကြင်လူ့ဗာလများတို့သည်။ ထီနံ့-ဣတ္ထီနံ၊ မိန်းမတို့၏။ ဓမ္မာဘိသမယော။ တရားထူးကိုသိသောအချက်၌။ ဝိမတိံ၊ ဟုတ်မှ ဟုတ်ပါမည်လောဟု တွေးတောယုံမှားခြင်းသို့၊ ဂတာ။ ဆိုက်ရောက်၍ နေကြလေကုန်၏။ ။ဂေါတမီ၊ မိထွေးတော်ဂေါတမီ။ တေသံ၊ ထိုတွေးတောယုံမှား၊ သူမိုက်များတို့၏။ ဒိဋ္ဌိံ၊ မှောက်မှားသောအယူကို။ ပဟာနတ္ထံ။ ပယ်ဖျောက်ခြင်းအကျိုးငှါ၊ ဣဒ္ဓိံ၊ အဆန်းတကျယ် အံ့ဘွယ်မျိုးစုံ၊ တန်ခိုးဂုဏ်ကို။ ဒဿေဟိ။ ပရိသတ်အများ၊ လမ်းမမှားအောင်၊ ထင်ရှားစွာပြလိုက်ပါလော။

အသိဉာဏ်မပြည့်စုံတဲ့လူဗာလများက၊ မိန်းမတို့ တရားထူး ရနိုင်တယ်ဆိုတာ၊ ဟုတ်မှဟုတ်ပမလားရယ်လို့ ယုံမှားနေကြတယ်။ သည့်ယုံမှားခြင်းကိုပျောက်ကင်းအောင် တန်ခိုးပြာဋိဟာများကို ပြလိုက်ပါလို့ ရှင်တော်ဘုရား ကိုယ်တိုင် တိုက်တွန်းတော်မူတဲ့ ဂါထာဖြစ်ပေတယ်။

အဲ-သည့်ဂါထာဒေသနာကိုထောက်ထားပြီး၊ မိန်းမများလဲ တရားထူးရနိုင်ကြောင်းထင်ရှားချေ မဟုတ်လား။ ။ကဲ-ဝတ္ထုကြောင်းကို ဆက်ကြအုံးစို့။ ။သောမာထေရီ ဘိက္ခုနီက ဂါထာဖြင့် ပြန်လှန်၍ ရွတ်ဆို ကြိမ်းမောင်းတော့၊ မာရ်နတ် အယုတ်တမာကြီးဟာ တွေဝေမှိုင်ငေးပြီး၊ ဘာကလေးတခုမှ မပြောနိုင်တော့ဘူး။ ။အဲသည့်အခါ သောမာထေရီ ဘိက္ခုနီက၊ ဂါထာတပုဒ်ကို သို့ကလို ရွတ်ဆိုပြန်လေသတည်း။

(၃) သဗ္ဗညု ဗိဟာဏ္ဍာနန္ဒီ၊ တမောဓမ္မော ပဒေါလိတော။
ဝေဇ်ဓာနာဟိ ပါဒိမ၊ နိဟာတော ထွမသိ အန္တကာ။

(၃) ပါဒိမ၊ ယစ်မူးစိမ့်ဌါ၊ မိစ္ဆာမှိုင်းတိုက်၊ အမိုက်ရှေ့ဆောင်၊ ဟဲ့-မာရ်နတ် အယုတ်ကောင်။ မယာ။ ငါသည်၊ သဗ္ဗညု၊ လောကီအာရုံ၊ ကာမဂုဏ်နှင့်၊ အလုံးစုံရှိသမျှ၊ ဘုံဘဝ တို့၌။ နန္ဒီ၊ အမျှင်တန်း၍၊ ဖွဲ့လမ်းသောတဏှာကြိုးကို၊ ဗိဟာတာ၊ အရှင်းပယ်သတ်၍၊ အတင်းဖြတ်အပ်လေပြီ၊ တမောခန္ဓော၊ အဝိဇ္ဇာတိုက်ဘောင်၊ အမိုက်မှောင်ကို၊ပဒေါလိတော၊ဝိဇ္ဇာတည်းဟူသော ဖုံးအမြောက်နှင့်၊ တိုက်ဘောက် ဖျက်ဆီးအပ်လေ၏၊ ဝေဇ်ဓာနာဟိ၊ သည့်အတိုင်းသိမှတ်လေလော။ အန္တကာ၊ ယစ်မူး စိမ့်ဌါ၊ မိစ္ဆာမှိုင်းတိုက်၊ အမိုက်ရှေ့ဆောင်၊ ဟဲ့-မာရ်နတ် အယုတ်ကောင်၊ တွံ၊ နင် အယုတ် တ မာ ကောင် ကြီး သည်၊ နိဟာတောအသိ၊ ငါ့နှိပ်နင်းသဖြင့်၊ စင်းစင်းကြီးသေ၊ မှိုင်တွေ လုံးလုံး၊ရှုံးကြီးရှုံး၍၊ ဗုန်းဗုန်းကြီးလဲခဲ့ပြီဘကား။

သောမာထေရီက၊ ဤကဲ့သို့ ရွတ်ဆို ကြိမ်းမောင်း တော့၊ မာရ်နတ်ကြီးမှာ အလွန်စိတ်နှလုံး မသာခြင်း ဖြစ်ပြီး၊ "ဘုရား့ သွိးတော်များဟာ၊လွန်စွာသတ္တိရှိပါကလား။" ဤကဲ့သို့စဉ်းစား ပြီး၊ ထိုအရပ်ဌာနမှ ပြေးသွားလေသတည်း။

သောမာထေရီဝတ္ထုပြီး၏။

---

(မှတ်ချက်။ ။ဤဝတ္ထု၌နည်းယူဘွယ် အချက်မှာ၊သောမာ ထေရီ မိန့်ဆိုတော်မူတဲ့ ဂါထာအတိုင်း အမျိုးသွီးများသည်၊ ငါတို့မှာဇာတ္တိဘာဝနှင့်မိန်းမဖြစ်၍လာသည်၊ယောကျ်ားများလို ဥာဏ်ပညာ ထက်မြက်ခြင်းမရှိ၊ ဤကဲ့သို့ အားလျော့သော စိတ်မျိုးနှင့် တွေးတောဆင်ခြင်မှုကို မပြုသင့်ချေ၊ ။ဗုဒ္ဓမြတ်စွာ ဘုရား၏ သာသနာတော်နှင့် တွေ့ကြုံသောအခါ၊သီလ,သမာဓိ, ပညာ,သာလျှင် လိုရင်းဖြစ်ပေသည်၊ ။ယောကျ်ားသော, မိန်းမ

သော, သည့်လို အပြောမျိုးကို အရေးမယူသင့်။ ။သူတော်ကောင်း တရားကိုကြိုးစားအားထုတ်ရာ၌၊ သီလကို အခြေခံပြုပြီးလျှင်၊ တည်ခိုင်သော သမာဓိကို မွေး၍၊ ဉာဏ်အမြင် ပွင့်လင်းအောင်သာ အလေးဂရုပြုသင့်ပေသည်။ ။သမာဓိရှိ၍၊ ဉာဏ်အမြင် ပွင့်လင်းခဲ့ပါလျှင်၊ယောကျ်ားသော, မိန်းမသော, ခြားနားခြင်းမရှိဘဲ၊သာသနာတွင်းအခါ၊ တရားထူးကို သိမြင်နိုင်သောအခွင့်ရှိပေသည်ဟူ၍၊အမျိုးသမီးတို့သည်၊ ဤအချက်ကို နက်နက်ကြီး စဉ်းစားကြပြီးလျှင်၊သာသနာတော်ကြီးနှင့် ကြုံကြိုက်သည့်အခါ၊ သူတော်ကောင်းတို့၏တရားကို ထက်ထက်သန်သန် ကြိုးစားအားထုတ်သင့်ကြပေသတည်း။

ထိုပြင် မာရ်နတ်ကြီးက မတရားသော နည်းလမ်းတို့ဖြင့် ခြောက်လှန့် ကြိမ်း ဝါး လာ သည့် ကို၊ သော ဏာ ထေ ရီ က ကြောက်လန့်ခြင်းမရှိဘဲ၊ တရားနှင့်အညီ တုန့်ပြန် ကြိမ်းမောင်းသော နည်းကို အတုယူသောအားဖြင့်၊ယခုခေတ်အခါမှာလည်း မတရားသောနည်းလမ်း၊မှားသော အယူဝါဒတို့နှင့် တွေ့ကြုံပါလျှင်၊ မိမိတို့ကိုယ်ပိုင်ဉာဏ်ဖြင့် တွန်းလှန် ကြိမ်းမောင်းသင့်ကြပေသတည်း။

တိကနိပါတ် ထေရီဘာသာပြန် ပြီး၏။

\+ + + + +

စတုက္ကနိပါတ်။

## (၁) ဘဒ္ဒါထေရီဝတ္ထု။

(မှတ်ချက်။ ။ဘဒ္ဒါထေရီဆိုသည်မှာ၊ ပိပ္ပလိ, ဘဒ္ဒါ,ဟူ၍ ထင်ရှား ကျော်စောသော မိန်းမမြတ်တဦး ဖြစ်ပေသည်။ ရှင်ဗောဓိဘုရား ဖွဲ့လက်ထက်တော်တွင်၊ အကျော် ဂိုဏ်းဝင် သမိုင်း တင်ရသော ထေရီမကြီးပေတည်း။ ။ဘဒ္ဒါ ထေရီ၏ အကြောင်းကို၊အင်္ဂုတ္တိုရ်အဋ္ဌကထာ၊ဓမ္မပဒ အဋ္ဌကထာ၊ ထေရီ

ဂါထာ အဋ္ဌကထာ ထေရီအပဒါန် ပါဠိတော်တို့၌၊ အကြောင်း အထွေထွေနှင့်တကွ၊ အကျယ်အားဖြင့် ဘွင့်ပြတော်မူကြပေ သည်။ ။ဤထေရီဘာသာပြန်၌လည်း ကျမ်းဂန် အမျိုးမျိုးတို့နှင့် ညှိနှိုင်း၍၊ ကျယ်ဝန်းစွာ ပြဆိုပါမည်။ ။ဘဒ္ဒါထေရီကို ဘဒ္ဒါကာပိလာနီ ဟူ၍လည်းခေါ်သည်။)

## ဆုတောင်းပတ္ထနာပြုစဉ်။

ဘုန်းတော် အမြိုက်၊ ထွန်းမကိုန်ကို၊ ဆောင်းစိုက် လူလူ၊ အောင်လံထူ၍ နတ်လူဖြပဗ္ဗာ၊သတ္တဝါတို့၏ မှန်ကင်း၊တရားမင်း ဖြစ်တော်မူသော၊ ပဒုမုတ္တရ ရှင်တော်ဘုရား၊ ထင်ရှားစွာ ပွင့်တော်မူတုန်းအခါက၊ ဟံသာဝတီ နေပြည်တော်ကြီးမှာ၊ ရတနာသုံးပါး ဦးထိပ်ထားပြီး၊ သဒ္ဓါတရား ထက်သန်တဲ့ သူဌေးကတော်ကလေး တယောက်ရှိတယ်၊ အမည်မှာတော့ "ဝေဒေဟီ"တဲ့၊ဘဒ္ဒါထေရီရဲ့၊အလောင်းမကလေးပေါ့လေ။

မကြာမကြာ တရား နာလေ့ရှိတဲ့အတိုင်း၊ မပြတ် မပြတ် ကျောင်းတော်သို့ သွားပြီး၊ ဘုရားရှင်နှင့်တကွ သံဃာတော် အရှင်မြတ်တို့အား၊ ပစ္စည်း လေးပါးတို့ဖြင့်၊ တတ်အားသမျှ လှူဒါန်း၍နေလေရာ။တနေ့သောအခါသို့ကျတော့၊ပဥ္စနိဝါသာ နုဿတိ အဘိညာဉ် အရာတွင်၊ ဧတဒဂ်တင်ကာ၊ ဘုရားရှင် ချီးမွမ်းတော်မူတဲ့ ဘိက္ခုနီမကလေးတပါးကို ဖူးမြော်ရတဲ့အခါ၊လွန်စွာ သဒ္ဓါတိုးသဖြင့်၊ သည်ပုဂ္ဂိုလ်မျိုးလို ဖြစ်ချင်ပါဘိ တယ်လို့၊ရည်ရွယ်တဲ့စိတ်အကြံ ပေါ်လာသတဲ့။

ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ်ဆိုတာ လွန်ခဲ့သော ကမ္ဘာ့ ကမ္ဘာက၊ ခန္ဓာအစဉ် တွေကို သိမြင်နိုင်တယ်။ "ငါဟာ- ဘယ်တုန်းက ဘယ်လိုဖြစ်ခဲ့တယ်။ဘယ်လိုဆင်းရဲများကို ခံစား ခဲ့ရဘူးတယ်၊ ဘယ်လိုစည်းစိမ်ကို မြိန်မြိန် ရှက်ရှက်၊ ဘယ်လို ခံစားခဲ့ရတယ်။ ငါနှင့်ဘယ်သူ ဧတူယှဉ်တဲ့ပြီး၊ သံသရာထဲမှာ ကျင်လည်ခဲ့ရတယ်။" အဲ-သို့လို အချက်တွေကို ပြက်ပြက်ထင်

လင်း၊ကွင်းကွင်း ကွက်ကွက် မြင်နိုင်တယ်။ ။ပဒုမ္မဝတီ မြို့ကြီးကို ဥာဏ်အမြင်ကျယ်တိုင်း ဖြန့်၍ကြည့်နေရပါလျှင် လွန်စွာပျော် မွေ့ဖွယ် ကောင်းတာပေါ့လေ။ လောကီဥပမာအားဖြင့် ဆိုတော့၊ ပွဲကြီးအမျိုးမျိုး၊ ဇာတ်လမ်း အမျိုးမျိုးကို ကြည့်ရသလိုပေါ့။

အဲ-ဆိုခဲ့ပြီးတဲ့ အမျိုးသွီးကလေးဟာ၊ မိမိအာသာ ဆန္ဒရှိတဲ့ အတိုင်း ထမြောက်စေရန် ရည်ရွယ်တဲ့စေတနာနှင့်ကြီးစွာသော အလှူကြီး ကို ပေး ပြီး။ ပဒုမုတ္တရ ရှင်တော် ဘုရား၏ ထံမှာ "တပည့်တော်မသည်၊ နောင်ပွင့်တော် မူလတ့ံသော ဘုရားရှင် တို့၏ လက် ထက် တော် အ ခါ၊ ပဒုမ္မဝတီနယ်သတိ အရာတွင်။ ဧတဒဂ်တင်ကာ၊ ဘုရားရှင်ချီးမွမ်းတော် မူအပ်တဲ့ ထေရီမဖြစ်ရ ပါလို၏ဘုရား။ အာသဝေါ ကုန်ခန်း၍ ရဟန္တာမ ဖြစ်ပြီးလျှင် နိဗ္ဗာန်ရွှေ သောင်၊ ဘေးမဲ့တောင်သို့၊ မဂ္ဂင်ဖေါင်နှင့် ကူးမြောက်ရ ပါလို၏ဘုရား" အဲသည့်လိုဆုတောင်းတယ်။

ပဒုမုတ္တရရှင်တော်ဘုရားသည်၊ အနာဂတံသ ဥာဏ်တော် ဖြင့်၊ နောင်ရေးကို မြော်တော်မူပြီး၊ "သင်သတို့သွီးကလေး သည် နောင်အခါ ဘဒ္ဒကမ္ဘာဝယ် ပွင့်တော် မူလတ့ံသော ဂေါတမဘုရားရှင်၏လက်ထက်တော်အခါ၊ ဘဒ္ဒါထေရီဘိက္ခုနီ ဖြစ်ပြီးလျှင် သင်တောင့်တတဲ့အတိုင်း ပြည့်စုံလိမ့်မယ်" လို့ ဗျာဒိတ်စကားမြွက်ကြားတော်မူတယ်။

လွန်ခဲ့ပြီးသော ကမ္ဘာဘာသိန်းအခါ၊ ပဒုမုတ္တရ ရှင်တော် ဘုရား၏ ဗျာဒိတ်တော်ကို ကြားတော့ များစွာအားတက်ခြင်း ဖြစ်ပြီး၊ ယနေ့နက်ဖြန် ဖြစ်ရတော့မလောက် အကြီး အကျယ် ဝမ်းမြောက်ရှာသတဲ့။

အဲ-ပြဆိုခဲ့တဲ့ သူဌေးကတော်ကလေး၏ ခင်ပွန်း သူဌေးကို တော့"ဝေဒေဟာ"သူဌေးရယ်လို့ခေါ်တယ်။ ပစ္စည်းဥစ္စာလွန်စွာ ကြွယ်ဝကဲ့သူဌေးပေါ့။ ။သည့်ဝေဒေဟာသူဌေးကလဲ ရတနာ သုံး၊ ပုလဲကုံးကို၊ အမြဲဆင်နေတဲ့ပုဂ္ဂိုလ်ပေါ့။ သူဌေးနှင့်သူဌေး

ကတော်ဟာ၊ စိတ်တူကိုယ်တူ အလှန်ကြည်ဖြူကြပါပေတယ်။ အကြွင်းလင်နှင့်မယားဆိုဘာ၊ သည့်လိုစိတ်သဘောတူမှပေါ့။ ကုသိုလ်ရေးမှာ၊ သည့်လိုစိတ်စေတနာတူမျှပြီးဒိုမှဖြင့် သံသရာတခွင်မှာအစဉ်သဖြင့်မြဲစွဲ၏။ မခွဲဘဲပေါင်းသင်းရတာပေါ့လေ။ သူဌေးကလဲ အခြားသူ မဟုတ်ပေဘူး ပိပ္ပလိလို့ ခေါ်ကြတဲ့ ရှင်မဟာကဿပကိုယ်တော်ရဲ့ အလောင်းပေါ့။

ဝေဒေဟသူဌေးကလဲ ရွှာင်ဆောင်တဲ့ ရဟန်းတော်တပါးအား၊ ပဒုမုတ္တရဘုရားက ဌေဒဂ်ဘွဲ့ထူးဖြင့် ချီးကြူးတာကိုမြင်တော့၊ ကြည်လင်ရွှင်ပြ သဒ္ဓါတရားတက်ကြွပြီး အလှူဒါနကို ကြီးစွာပေးလှူ၍ "တပည့်တော်လဲနောင်အခါ ပွင့်တော်မူသတ့်သော ဘုရားရှင်၏ လက်ထက်တော်အခါ၊ ရူတင်ဆောင်သော အရာတွင် ဌေဒဂ်တင်သော ဘွဲ့ထူးဖြင့် နိဗ္ဗာန်ကို ကူးရပါလိုရဲ့ဘုရား" လို့ ဆုတောင်းပြန်တယ်။

ပဒုမုတ္တရဘုရားရှင်က၊ အနာဂတံသ ဉာဏ်တော်ဖြင့် ဆင်ခြင်ပြီး "သာကီနွယ်ဘွား၊ ဂေါတမဘုရားလက်ထက်တော်အခါ၊ ရှင်မဟာကဿပဆိုတဲ့ဘွဲ့ဖြင့် ရူဘင်ဆောင် ဌေဒဂ်ရသိမ့်မယ်" လို့ ဗျာဒိတ်ပေးတော်မူဟာယ်။ သူဌေးကြီးကလဲ သည့်ဗျာဒိတ်စကားကိုကြားတော့ "ယနေ့နက်ဖြန်ရူတင်ဆောင်ပုဂ္ဂိုလ်ကြီး ဖြစ်ရတော့မလောက် ဝမ်းအမြောက်ကြီး မြောက်တာပေါ့၊ သူတို့နှစ်ယောက်ဟာ လွန်စွာ အကျိုးပေး တူကြပါပေတယ်။

လွန်ခဲ့ပြီးတဲ့ ကမ္ဘာတသိန်းအခါ၊ ပဒုမုတ္တရ ရှင်တော်ဘုရားအထံတော်မှာလဲ အတူတူ ဗျာဒိတ်ခံကြတယ်။ ယခု ဂေါတမရှင်တော်ဘုရားလက်ထက်တော်အခါ၊ ဘဒ္ဒါနှင့်ပိပ္ပလိ အဓိပတိပုဂ္ဂိုလ်မြတ်ကြီးတွေဖြစ်၍ သာသနာတော် ဟိုးလေးဘကျော်ထင်ရှားပြီး၊ အတူတကွ ဝိမုတ္တိချမ်းသာကို ခံစားတော် မူကြတယ်၊ ခဲသည့်လို အကြွင်းလင်မယားမှ၊ တကဲ့ လင်မယား အစစ်ကယ်လို့ခေါ်ဆိုရတာပေါ့လေ။

သံသရာတခွင်၊ ဘုံအပြင်မှာ၊ ချစ်ခင်တဲ့ မေတ္တာ အစစ်ဖြင့် တွဲပြီး၊ မခွါမခွဲ၊ စွဲစွဲမြဲမြဲ ပေါင်းသင်းလိုကြပါလျှင် ဗိပ္ပလိနှင့် မယ်ဘဒ္ဒါတို့လို ကုသိုလ်အရေးမှာ စိတ်စေတနာသဒ္ဓါမကွဲပြား ကြစေနှင့်၊ စိတ်ထားဖြူဖြူနှင့် သဒ္ဓါတရားတူကြရမယ်။

ယခုကာလ အချို့အချို့သော ဇနီးမောင်နှံတို့ဟာ၊ အချစ်နုလန် ထတဲ့အခိုက်မှာ၊ မကွာမကွဲ အမြဲ ပေါင်းသင်း လိုတဲ့ စိတ်မျိုး ပေါ်ပေါက်လာသဖြင့် လူဖြစ်လျှင် မကွဲ၊ ငှက်ဖြစ် လျှင် မ ပြား၊ တကိုင်းထဲနားရပါလို၏’’ဟု တောင်းတတ်ကြတယ်။ ။တကယ် ဆိုတော့၊ သည်လိုဆုတောင်းနေဘို့မလိုပါဘူး၊ပြဆိုခဲ့တဲ့အတိုင်း ကုသိုလ်ရေးမှာ စိတ်တူကိုယ်တူ သဒ္ဓါတူဖြစ်ဘို့ အလိုဆုံး ပါဘဲ။’’

‘‘မယားလျှူလျှင်လင်ရ-လင်လှူလျှင်မယားရ’’ ဆိုတဲ့ စကား မျိုးကိုလဲ အားကိုးမထားကြနှင့်၊ ပစ္စည်းခြင်း ဘူပေ တယ် လို့ လှူဒါန်းတဲ့အခါ၊ စေတနာ ကွဲပြားတတ်ထားမျိုးလဲ ရှိကြသေး တယ်။ စိတ်ထားကွဲမှုဖြင့် မခွဲခြင်ပေတယ်လို့၊ ကောန်မရချ ကွဲရ လိမ့်မယ်လို့သာ မှတ်ကြပေတော့။ ၊သည့်အကြောင်းအရာကို။ အင်္ဂုတ္တိုရ်ပါဠိတော်မှာ အသေအချာ ဟောတော်မူတဲ့ အချက်ရှိ တယ်။ကျယ်မှာကိုစိုးသဖြင့် အကိုးပါဠိကိုဖြင့် မထုတ်တော့ဘူး။

ပဒုမုတ္တရဘုရားရှင်၏ လက်ထက်တော်က အဖြစ်များကို၊ ထေရီအပဒါန်ပါဠိတော်ကြီးမှာ၊ ဘဒ္ဒါထေရီ ကိုယ်တော်တိုင် ဟောတော်မူထားခဲ့တဲ့ ဂါထာအချက်ကို အဖြွက် မျှ ထုတ်ပြ လိုက်ရအုံးမှာပေါ့။

(က) ပဒုမုတ္တရောနာမ ဇိနော၊ သဗ္ဗဓမ္မေသု စက္ခုမာ၊
ဣတော သတသဟဿမှိ၊ ကပ္ပေ ဥပ္ပဇ္ဇိ နာယကော။

(က) ဣတော၊ ဤဘဒ္ဒကမ္ဘာမှ၊ သတသဟဿမှိ ကပ္ပေ၊ လွန်ခဲ့ သောကမ္ဘာ တသိန်းထက်၌၊ နာယကော၊ လူနတ်ဗြဟ္မာ၊ သတ္တဝါ အများတို့၏ ရှေ့သွားခရီးညွှန်ကြီး ဖြစ်တော်မူပေသော။

သဗ္ဗဓမ္မေသု၊ တရားဉာသုံ၊ အလုံးစုံတို့၌၊ စက္ခုမာ၊ သိမြင်တတ်ဘ၊ ဉာဏ်မျက်စိလည်း ရှိတော်မူပေထသော၊ ပဒုမုတ္တရောနာမ၊ ပဒုမုတ္တရမည်သော၊ ဇိနော၊ ငါး မာရ် အောင် မြင် ဘု ရား ရှင် ကိုယ်တော်မြတ်ကြီးသည်၊ ဥပ္ပဇ္ဇိ၊ ပွင့်တော်မူလေသတည်း၊

(ခ) တဒါဟု ဟံသာဝတိယံ၊ ဝေဒေဟောနာမ နာမတော၊ သေဋ္ဌိ ပဟူတရတနော၊ တဿဇာယာ အဟောသယံ၊

(ခ) တဒါ၊ ထိုအခါ၌၊ ဟံသာဝတိယံ၊ ဟံသာဝတီနေပြည်တော်ကြီး၌၊ နာမတော၊ အမည်အားဖြင့်၊ ဝေဒေဟောနာမ၊ ဝေဒေဟ အမည်ရှိသော၊ ပဟူတရတနော၊ လောကီစည်းစိမ်၊ လက်သိမ်ကြွက်သရေ၊ ရွှေငွေဘဏ္ဍာ၊ ရတနာအမျိုးမျိုးတို့နှင့် ပြည့်စုံသော၊ သေဋ္ဌိ၊ သူဌေးကြီးသည်၊ အဟု၊ အထင်အရှား ရှိလေသတည်း၊ အဟံ၊ အကျွန်ုပ်သည်၊ တဿ၊ ထိုဝေဒေဟ သူဌေးကြီး၏၊ ဇာယာ၊ ကြင်ရာသက်ထား၊ ချစ်မယားသည်၊ (ဝါ-သူဌေးကတော်သည်)၊ အဟောသိံ၊ ဖြစ်ခဲ့ပါသတည်း။

အဲ့-ပြဆိုခဲ့ပြီးတဲ့၊ သူဌေးနှင့် သူဌေးကတော်တို့ဟာ၊ တသက်ပတ်လုံး ရတနာသုံးပါးကို မိုရိုအားထားလျက်၊ များပြားသော ပစ္စည်းဥစ္စာတို့ကို၊ သာသနာတည်းဟူသော မြေကောင်း၌သာ လျှင် ကုသိုလ်မျိုးအဖြစ်ဖြင့်၊ စိုက်ပျိုးကြဲချလို့ နေတယ်၊

## ရွှေစေတီ ကြီးတည်ခဏ်း။

ထိုအခါ။ ပဒုမုတ္တရ ရှင်တော်ဘုရားသည်၊ သက်တော်ရှစ်သောင်း ရှိတော်မူတဲ့အခါ၊ ဘုရားရှင်တို့ ဓမ္မတာအတိုင်း၊ နိရောဓ ခတ်နန်း၊ ပိရုတ္တိကြဋ္ဌနန်းသို့ စံမြန်းကြွသွားတော်မူပါရော၊ ၊ပရိနိဗ္ဗာန် စံဝင်တော်မူ၍ အလောင်းတော်ကိုသင်္ဂြိုဟ်ပြီး၊ တေဇောဓာတ်မီးလောင်တဲ့နောက်၊ အဆိုင်အခဲဖြင့် ကွဲပြားခြင်းမရှိ၊ ပကတိ ကိုယ်တော်သဏ္ဍာန်အတိုင်း၊ ကြွင်းကျန်တဲ့ သရီယဓာတ်တော်ကို၊ ရွှေစေတီကြီးတည်တို့ စီရင်ကြတယ်၊

ဒဲသည့်အခါ၊ ဝေဒေဟာသူဌေးနှင့်ဝေဒေဟီ သူဌေးကတော် တို့က ရွှေစေတီကြီးတည်တဲ့ကိစ္စမှာ ဥက္ကဋ္ဌလုပ်ပြီး ကြီးကြပ်လို့ စီမံကြတယ်။ ဂုဏ်ကလဲကြီး၊ ပစ္စည်းကလဲရှိတော့အဓိပတိကြီး တင်မြှောက်ကြတာပေါ့။ ။သူဌေးနှင့် သူဌေးကတော်တို့က ဥက္ကဋ္ဌပြုလုပ်ပြီး၊ ဆွေမျိုးညာတိတို့နှင့်တကွ တိုင်းသူပြည်သား လူများအပေါင်းကို နှိုးဆော်ပြီး၊ ခုနစ်ယူဇနာရှိတဲ့ ရွှေသား စေတီကြီးကို အပြီးတိုင်အောင်ပြုလုပ်ဆောင်ရွက်တယ်။

ခုနစ်ယူဇနာရှိတဲ့ ရွှေသား စေတီတော်ကြီးဟာ မြေအုတ် တချပ်မှမပါဘူးတဲ့။နာရနီအစစ်ကို ပြုလုပ်တဲ့ ရွှေအုတ်တို့နှင့်သာ စီချယ်တယ်။ သရွတ်ကိုတော့ ဆေးဒါန်းမြင်းသီလာဖြင့် စီ ချင် သတဲ့။ရွှေသားစေတီတော်ကြီး ပြီးစီးတော့၊ ညီးညီးဝင်းပြောင် တထိန်ထိန် တောက်လောင်နေတယ်။ ရောင်ခြည် တထောင် ဆောင်တဲ့ နေမင်းကြီးထွက်လာသလိုဘဲတဲ့။

ရွှေစေတီတော်ကြီးမှာ အမြိမ်းထွန်းရန်ရွှေသားထွင် နဝရတ် ကိုးပါးချယ်စီတဲ့ မီးခွက်ပေါင်း (၇၀၀၀၀၀) ခုနစ်သိန်းတို့ကို ပြုလုပ်၍ လှူဒါန်းတယ်။ ရတနာမီးခွက်ပေါင်း ခုနစ်သိန်းမှာ နံ့သာဆီကိုထည့်ပြီး ညတိုင်းညဘိုင်း မီးမပြတ် ပူဇော်တယ်။ ရွှေစေတီကြီးကို မီးခွက်ပေါင်း ခုနစ်သိန်းဖြင့် ထွန်းညှိ ပူဇော် တယ်ဆိုတော့ ဘာပြောစရာရှိဟော့မလဲ။ ပြိုးပြိုး ပြက်ပြက် အရောင်မျိုးစုံထွက်၍ တလက်လက် တထိန်ထိန် တောက်နေ တော့တာပေါ့။

ဒို့ပြီးတော့၊ ပန်းထိုး၍ ပူဇော်ရန် ရွှေ ညောင် ရေ အိုး ပေါင်း (၇၀၀၀၀၀)ခုနစ်သိန်းတို့ကိုလုပ်ပြီး ရွှေစေတီကြီးကို အစီအစဉ် အတိုင်း၊စီတန်းကာပူဇော်ထားတယ်၊ ရွှေအိုးရှစ်လုံးရှစ်လုံးလျှင် တလုံးကျတလုံးကျ ဘယ်တော့မှ မညှိုးနိုင်တဲ့ ရွှေပန်းခိုင်ကြီး တွေကိုအမြဲစိုက်ထားတယ်၊ရတနာ(၇)ပါးချယ်စီတဲ့ ရွှေပန်းခိုင် ကြီးတွေပေါ့။

နှိုပြီးတော့၊ ရတနာတံတိုင်းကြီးကို ရိုးပါးနိုးအောင် လုပ်ပြီး တံခါးလေးရတ် အဝမှာ ရတနာ တူရိုဏ်တိုင်ကြီး လေးခုကို စိုက်ထူ ပူဇော်ပြန်တယ်။ တူရိုဏ်တိုင်ဆိုတာ တံခွန်တိုင်ကြီး ရယ်လို့ ဆိုလိုတာပါဘဲ။ ။ထိုတူရိုဏ်တိုင်ကြီးတို့မှာ ရတနာ တံခွန်ကြီးတွေကိုဆွဲထားတယ်။

ကဲ-ဘယ်ကလောက်ကြီးကျယ်သလဲလို့စဉ်းစားကြစမ်းပါ။ ယခုခေတ်အခါမှာဖြင့်၊ တကမ္ဘာလုံးမှာ သည့်လိုထူးဆန်းတဲ့ သာသနာ့ အဆောက်အဦကြီးမျိုး မရှိရိုးအမှန်ပေါ့။

သည့်တုံးအခါ ကတော့၊ လူ့ဘုံလောကမှာ အကြီးအကျယ် အကျိုးပေးတဲ့ခေတ်မို့၊ ကြီးကျယ်ချင်သမျှ ကြီးကျယ် နိုင်ပေ တယ်။ အသက်ကလဲတသိန်းတန်းဆိုတော့ ခမ်းနားပုံအထွေထွေ ကို အထူးပြောဆိုနေဘို့ မရှိတော့ပါဘူး။

ယခုဘုရားရှင်ရဲ့ လက်ထက်တော်မှာတော့၊ ဓါတ်တော်များ ကလဲ အစိပ်စိပ်အပြွားပြွား ကွဲပြားတော်မူကြတယ်။ ပဒုမုတ္တရ ဘုရားရှင်ရဲ့ ဓါတ်တော်များကတော့ ကွဲ ပြားစိပ်ပြွားခြင်းမရှိဘဲ၊ အသဏ္ဍာန်သဘောအားဖြင့် တသားထဲ တည့်တော် မူကြတယ်။ ဓါတ်တော်ကတဆူထဲမို့၊ သို့ကလောက် ကြီးကျယ်တဲ့ ရွှေစေတီ တော်ကြီးကို တည်နိုင်ကြတာပေါ့။

ယခု ဂေါတမ ရှင်တော်ဘုရားရဲ့ ဓါတ်တော်တွေကို အဇာ တသတ်မင်းကစပြီး ဓမ္မာသောကမင်းကြီး၊ ဒေဝါနံပိယတိဿ မင်းကြီး၊ ဒုဋ္ဌဂါမဏိမင်းကြီး၊ အနော်ရထာမင်းကြီး၊ ကျန်စစ် မင်းကြီးတို့နှင့်တကွ မင်းပေါင်းများစွာ၊ သူဌေးပေါင်းများစွာ၊ တိုင်းသူပြည်သားပေါင်းများစွာ၊ နိုင်ငံတကာမှာ တည်ကြတဲ့ စေတီကြီး, စေတီငယ်တွေ၊ ရွှေဆင်းတု, ငွေဆင်းတု, ရတနာ ဆင်းတုအမျိုးမျိုးတွေ၊ ရွှေကြုတ်ကြီး, ရွှေပန်းခိုင်ကြီးမှ စ၍၊ များလှစွာသောကုသိုလ်အဆောက်အဦးတွေကို တနေရာထဲမှာ စေတီတခုထဲ စုပေါင်းတယ်လိုက်မယ်ဆိုပါလျှင်၊ ခုနစ်ယူဇနာ ရှိတဲ့ ရွှေစေတီကြီးနှင့် အတိုင်းတန်ညီမျှမှာ အမှန်ပါဘဲ။

ယခုတော့အကွဲကွဲအပြားပြားဖြစ်နေလို့၊ ပိုတုန်းကလောက် မကြီး ကျယ် ဘူး လို့ ထင် စ ရာ ပေါ့။ ။မြန် မာ ရာ ဇဝင် မှာ "သုပညာနဂရ" ဆိုတဲ့ ပြည်ဘုရင်လက်ထက်တော်က၊ ရခိုင် ပြည်ကို သွားတိုက်တော့၊ အတောင်ရှစ်ဆယ်ရှိတဲ့ ရွှေသား ရုပ်ပွါး မတ်ရပ်တော်ကြီးကို တွေ့ရကြောင်းနှင့် အထင်အရှား ဆိုထားတာလဲ ရှိတယ်။

ယခုအခါ၊ ရန်ကုန်မြို့တော်ကြီးမှာ၊ လွန်စွာ ခမ်းနားတဲ့ ရွှေဒဂုန်စေတီတော်ကြီး ရှိတယ်။ ကမ္ဘာပေါ်မှာ ဗုဒ္ဓသာသနာ အဆောက်အဦးထဲမှာဖြင့်၊အထင်ရှားဆုံး၊အခမ်းနားဆုံးပေါ့။ ။ ရွှေဒဂုန်ကုန်းတော်ပေါ်မှာရှိတဲ့ အဆောက်အဦးတွေကို၊ တိတိ ကျကျ ရှိသမျှ အဘိုးဖြတ်လိုက်မယ်ဆိုလျှင်၊ ကုဋေပေါင်း များစွာ အဘိုးထိုက်တန်မှာ အမှန်ဘဲ။အဲ-သို့ကြောင့် ယခု ဘုရား ရှင် လက်ထက်တော်မှာလဲ၊ သာရိယခတ်တော် မွေတော်တို့၏ ကိန်းဝပ်ရာ စေတီပုထိုးတို့ကို၊အဘိုးတန် တွက်ကိန်းနှင့်တကွ၊ ရေတွက်လိုက်ပါလျှင်၊ ခု နစ် ယူ ဇ နာ ရှိ တဲ့ ရွှေ စေ တီ ထက် အောက်တန်းမကျဘူးလို့ ဆိုခဲ့တာပေါ့။

ပြဆိုခဲ့တဲ့ ဝေဒေဟ သူဌေးကြီးဟာ၊ ရွှေစေတီကြီးကို ဦးစီး နာယက ပြုသုပ်ပြီး၊ အားထုတ် ဆောင်ရွက်တဲ့အတွက်ကြောင့်၊ အသက်မဆုံးမခြင်း၊ထိုရွှေစေတီကြီးမှာ၊ ဘုရားလူကြီး၊ ဘဏ္ဍာ ထိန်း ပုဂ္ဂိုလ်ကြီးအဖြစ်နှင့် အစဉ်မပြတ် စောင့်ရှောက်နေတာ ပေါ့။ သူဌေးကတော် ဝေဒေဟီကလဲ၊ဘဏ္ဍာထိန်းကတော်ကြီး ပေါ့လေ။

ယခု ပြဆိုခဲ့တဲ့အချက်ကို၊ကျန်းဂန် အလွတ်ဆိုတာ မဟုတ် ကြောင်း၊ ထင်ထင်ရှားရှား သက်သေပြရန်၊ ထေရီအပဒါန် ဂါထာတွေကို ထုတ်ဆောင်လိုက်ရအုံးမှာပေါ့။

(ဂ) နိဗ္ဗုတေ တမှိ လောကဂ္ဂေ၊ ပုဇနတ္ထာယ သတ္ထုနော၊

ဉာတိမိတ္တေ သမာနေတွာ၊ သဟာတေဟိ အကာရယိံ။

(ဂ) လောကဝွေ၊ လောကအလုံး၊ အထွဋ်ဆုံး, အမြတ်ဆုံး, ဖြစ်တော်မူသော၊ တမ္ပိ၊ ထို ပဒုမုတ္တရ ဘုရားရှင်သည်၊ နိဗ္ဗုတော၊ ပရိနိဗ္ဗာန်၊ ဝင်စံတော်မူလေသည်ရှိသော်၊ သတ္ထုနော၊ သုံးလူ့ရှင်ပင်၊ ဘုရားရှင်အား၊ ပုဇနတ္ထာယ၊ အရှည်အခွံ၊ တည့်တန့်စွာ ပူဇော်ခြင်းငှါ၊ ဥဒတိမိတ္တေ၊ ငွေမျိုးနှင့် မိတ်ဆွေအပေါင်းတို့ကို၊ သမာနေတွာ၊ အံ့စည်းဝေးခေါ်၊ နိုးဆော်တိုက်လေ၊ ညီညွတ်စေ၍၊ တေဟိ၊ ထိုလူများအပေါင်းတို့နှင့်၊ သဟ၊ ဝမ်းမြောက်ဝမ်းသာ၊ အတူသာလျှင်၊ အကာရယိံ၊ ရွှေစေတီကြီးကို၊ အပြီးတိုင် တယ်ခဲ့ပါသတည်း၊

(ဃ) သတ္တယောဇနိကံ ထူပံ၊ ဥဗ္ဗိဒ္ဓံ ရတနာမယံ၊
ဇလန္တံ သတရံသိဝ၊ သာလရာဇံဝ ပုပ္ဖိတံ၊

(ဃ) ထူပံ၊ ရွှေစေတီကြီးသည်၊ (ဝါ-ရွှေပုထိုးကြီးသည်၊) သတ္တယောဇနိကံ၊ အတိုင်းအတာ၊ ခုနစ်ယူဇနာ ကျယ်ဝန်းပါသတည်း၊ ရတနာမယံ၊ ရတနာ(၇)ပါးတို့ဖြင့် ပြီးစီးသည်ဖြစ်၍၊ ဥဗ္ဗိဒ္ဓံ၊ အလွန်တရာ မြင့်လှပါသတည်း၊ သတရံသိဝ၊ များစွာအရောင်၊ ပြောင်ပြောင်ထိန်လင်း၊ ရှင်နေမင်းကဲ့သို့၊ ဇလန္တံ၊ ပြိုးတပြက်ပြက် တလက်လက် နှင့် ရှက်ခါ ရှက်ခါ ထွန်းတောက်ပါသတည်း၊ ပုပ္ဖိတံ၊ ပင်လုံးကျွတ်အောင်၊ အပွင့်အပွင့် ပွင့်၍ နေသော၊ သာလရာဇံဝ၊ အင်ကြင်းပင်မင်းကြီးကဲ့သို့၊ ပုပ္ဖိတံ၊ ရောင်ခြည်တော်တည်းဟူသော ပန်းခိုင်တို့ဖြင့်၊ အပြိုင်ပြိုင်၊ အဆိုင်ဆိုင် ပွင့်လန်း၍ နေပါသတည်း၊

(င) သတ္တ သတသဟဿာနိ၊ ပါတိယောတတ္ထကာရယိံ၊
နဠဂ္ဂိဝိယ ဇောတန္တေ၊ ရတနေဟေဝ သတ္တဟိ၊

(င) တတ္ထ၊ ရွှေစေတီကြီး၌၊ နဠဂ္ဂိဝိယ၊ ကျူမီးအရောင်ကဲ့သို့၊ ဇောတန္တေ၊ ထွန်းလင်းတောက်ပကုန်သော၊ သတ္တဟိရတနေဟေဝ၊ ရတနာ(၇)ပါးတို့ဖြင့်သာလျှင် သတ္တသတသဟဿာနိ၊

ခုနစ်ထိန်းကုန်သော၊ ပါတိယော၊ ရွှေဆီမီးခွက်တို့ကို၊ ကာယိ၊ ပြုလုပ်လှူဒါန်းခဲ့ပါသတည်း။

(စ) ဂန္ဓတေလေန ပူရေတွာ၊ ဒိပါနို့ဥဇ္ဇာလယိံတယိ၊
ပူဇနတ္ထံ မဟေသိဿ၊သဗ္ဗဘူတာ နုကမ္ပိနော။

(စ) တယိ၊ထိုအခါ၌၊ သဗ္ဗတာနုကမ္ပိနော၊ အလုံးစုံသော သတ္တဝါများကို၊ သနားငဲ့ညှာတော်မူလေ့ရှိသော၊ မဟေသိဿ၊ ရှင်တော်မြတ်ဘုရားအား၊ ပူဇနတ္ထံ၊ ပူဇော် ခြင်း အ ကျိုး ငှါ၊ ထိုရတနာဆီမီးခွက်တို့၌၊ဂန္ဓတေလေန၊နံ့သာဆီဖြင့်၊ပူရေတွာ၊ ပြည့်စေ၍၊ ဒိပါနို၊ ခုနစ်ထိန်းသော ဆီမီးတို့ကို၊ ဥဇ္ဇာလယိံ၊ ထွန်းညှိ ပူဇော်ခဲ့ပါသတည်း။

(ဆ) သတ္တသတသဟဿာနိ၊ ပုဏ္ဏကုမ္ဘာနိ ကာရယိံ၊
ရတနေဟေဝ ပုဏ္ဏာနိ၊ ပူဇနတ္ထံ မဟေသိနော။

(ဆ) တထာ၊ ထိုပြင် တပါး၊ ရတနေဟေဝ၊ ရတနာ (၇) ပါးတို့နှင့်သာလျှင်၊ ပုဏ္ဏာနိ၊ အစဥ်မပြတ်ပြည့်၍ နေကုန်သော၊ သ တ္တ သ တ သ ဟ ဿာ နိ၊ ခု နစ် ထိန်း ကုန် သော၊ ပုဏ္ဏကုမ္ဘာနိ၊ ပုဏ္ဏကုမ်မည်သော ရွှေအိုးတို့ကို၊ မဟေသိနော၊ ဘုရားရှင်အား၊ ပူဇနတ္ထံ၊ ပူဇော်ခြင်းငှါ၊ ကာရယိံ၊ ပြုလုပ်လှူဒါန်းခဲ့ပါသတည်း။

(ဇ) မဇ္ဈေ အဋ္ဌဋ္ဌကုမ္ဘီနံ၊ ဥဿိတာ ကဉ္စနဂ္ဃိယော၊
အတိရောစန္တိ ဝဏ္ဏေန၊ သရဒေဝ ဒိဝါကရော။

(ဇ) အဋ္ဌဋ္ဌကုမ္ဘီနံ၊ ရှစ်လုံး-ရှစ်လုံးသော ရွှေအိုးကြီးတို့၏၊ မဇ္ဈေ၊ အလယ်ဖြစ်သောရွှေအိုး၌၊ ဥဿိတာ၊ စိုက်၍ ထားအပ်ကုန်သော၊ ကဉ္စနဂ္ဃိယော၊ ရွှေပန်းခိုင်ကြီးတို့သည်၊ သရဒေ၊ တန်ဆောင်မုန်းလအခါ၌၊ဝိဝါကရော ဣဝ၊ရောင်ခြည်တထောင်၊ ပြောင်ပြောင်ထိန်လင်း၊ ရှင်နေမင်းကဲ့သို့၊ ဝဏ္ဏေန၊ အဆင်း

အရောင်အားဖြင့်၊ အတိရောစန္တို၊ လွန်လွန်ကြူးကြူး၊ ထူးထူး ထွေထွေ၊ ထွန်းလင်းကြလေကုန်သတည်း။

(၅) စတုဒ္ဒါရေသု သောဘန္တိ၊ တောရဏာ ရတနာမယာ၊ ဥဿိတာနိ ပဋာကာနိ၊ ရတနာနိ ဝိရောစရေ။

(၅) စတုဒ္ဒါရေသု၊ တံခါးလေးမုတ်တို့၌၊ ရတနာမယာ၊ ရတနာခုနစ်ပါး တို့ဖြင့် ပြီးကုန်သော၊ တောရဏာ၊ တုရိုဏ် တိုင်ကြီးတို့သည်၊ (ဝါ-ရွှေတံခွန်တိုင်ကြီးတို့သည်၊) သောဘန္တိ၊ ရှုမခန်းအောင်၊ အဆန်းတကြယ်။ တင့် တယ် ကြ လေ ကုန် ၏၊ ဥဿိတာနိ၊ ဆွဲဆင်အပ်ကုန်သော၊ ရတနာနိ၊ ရတနာခုနစ်ပါး တို့ဖြင့် ပြီးကုန်သော၊ ပဋာကာနိ၊ ရွှေတံခွန်တို့သည်၊ ဝိရောစရေ၊ လွန်လွန် ကြူးကြူး၊ ထူးထူး ထွေထွေ၊ ထွန်းလင်းကြလေကုန် သတည်း။

ဆဲ-ယခုပြခဲ့ပြီးသော အတိုင်း၊ ပိဋ္ဌလိအလောင်း ဖြစ်တဲ့ ဝေဒေဟသူဌေးနှင့်-မယ်ဘဒ္ဒါ၏ အလောင်းဖြစ်တဲ့၊ ဝေဒေဟီ သူဌေးကတော်တို့ဟာ၊ ခု နစ် ယူ ဇ နာ ရှိ တဲ့ ရွှေစေတီကြီးကို တယ်ပြီး၊ အကြီးအကျယ် ချီးမွမ်းဘွယ်ကောင်းတဲ့ ကုသိုလ်ပုည များကို ကြိုးစားအားထုတ်ခဲ့ကြတယ်။ အသက်တသိန်းတိုင်တိုင် မြိုင်မြိုင်ဆိုင်ဆိုင်စံစား၍၊ ပျော်ပျော်ပါးပါး၊ အားတက်သရော၊ ကုသိုလ်ဇောတွေနှင့် နေထိုင်ပြီးတော့။ အ သက် အ တိုင်း နေ ၍ စုတေတဲ့အခါ၊ တာဝတိံသာနတ်ဘုံသို့ မောင်နှံစုံကြွသွားပြီး၊ နတ်စည်းစိမ်များကို ပျော်ပျော်ပါးပါးခံစားကြတယ်။

ပိဋ္ဌလိလောင်းနှင့် ဘဒ္ဒါအလောင်းတို့ဆိုဒါ၊ စေတနာကလဲ အတူဘူ၊ သဒ္ဒါတရားကလဲ စင်ပြိုင်သမို့၊ လူ ဖြစ် လျှင် လဲ မ ကွဲ၊ နတ်ပြည်မှာလဲ အစုံအစုံ၊ မေတ္တာ အထုံ အရှိန် မကင်း သဖြင့်၊ အတူတူပေါင်းသင်းကြရတာပေါ့၊ ပိဋ္ဌလိအလောင်း သွားလေ ရာရာ၊ မယ်ဘဒ္ဒါအလောင်းဟာလဲ၊ အ မြဲ မ ကွာ အ တူ ပါ နေ သတဲ့၊ သစ်ပင်နှင့် သစ်ရိပ်ဟာ၊ မကွဲမကွာ ရှက်တွဲ နေသလို

ပေါ့လေ။ အဲ-သို့ကြောင့်အကြင်လင်မယားဖြစ်ကြတဲ့ဘွီးမောင်နှံ တို့ဟာ၊ နောင်အနာဂတ်သံသရာမှာ မကွာမကွဲတူစုံတဲ့ပြီး အမြဲ ပေါင်းသင်းလိုကြပါလျှင် ကုသိုလ်အရေးအရာတွင် စေတနာ တူကြပါ စိတ်သဘော တူကြပါ၊ သဒ္ဓါတရား ပြုကြပါလို့၊ အသေအချာပြဲဆိုခဲ့တာပေါ့။

အပဒါန်ပါဠိတော်ကိုဆောင်ပြီး၊ ထင်ရှားအောင် သက်သေ ပြရအုံးမှာပေါ့။

(ည) သဟာဝ သေဋ္ဌိနာတေန၊ တာနိပုညာနိ သဗ္ဗသော၊
ယာဝဇီဝံ ကရိတ္វာန၊ သဟာဝ သုဂတိံ ဂတာ။

(ည) အဟံ၊ အကျွန်ုပ်သည်၊ တေနသေဋ္ဌိနာ။ ထိုဝေဒေဟ သူဌေးကြီးနှင့်၊သဟာဝ၊မကွဲမကွာတူစုံသာလျှင်။တာနိပုညာနိ၊ ထိုကုသိုလ်ကောင်းမှုတို့ကို သဗ္ဗသော၊ ခပ်သိမ်းဥဿုံ၊အလုံးစုံ၊ ယာဝဇီဝံ၊အာသုတ္တက်ကိန်း၊ အနှစ်တသိန်းတိုင်တိုင်။ ကရိတ္វာ န၊မဘိုမတွန့် ပေးစွန့်သမှု၊ ကောင်းစွာပြု၍၊ သုဂတိံ၊ တာဝတိံ သာ နတ်ရွာကြငှန်း ဗိမာန်နန်းသို့၊ တေနသေဋ္ဌိနာ၊ ထိုဝေဒေဟ သူဌေးကြီးနှင့်၊ သဟာဝ၊ မကွဲမကွာ တူစုံသာလျှင်၊ ဂတာ၊ ပျော်ပျော် ပါးပါး၊ရောက်သွား ခံစားခဲ့ရပါသတည်း။

(ဍ) သမ္ပတ္တိယော နုဘောတွာန ဓေဝတ္တေ အထမာနုသေ၊
ဆာယာဝိယ သဂ္ဂိရေန၊သဟာတေနေဝ သံသရိံ။

(ဍ) အဟံ၊အကျွန်ုပ်သည်၊ဒေဝတ္တေ၊နတ်ဘဝ၌ဧင်း။ အထ၊ ထိုမှတပါး၊မာနုသေ၊လူ့ဘဝ၌ဧင်း၊သမ္ပတ္တိယော၊လူ့စည်းစိမ်၊ နတ်စည်းစိမ်တို့ကို၊ အနုဘောတွာန၊ အကြိမ်ကြိမ်ခံစားခဲ့ပြီး၍၊ ဆာယာ၊အရိပ်သည်၊သရီရေန၊ ကိုယ်နှင့်၊ သဟာဝ၊ သွားလေ ရာရာ၊ မကွာမကွဲ၊ အမြဲစိုက်စိုက် အတူလိုက်၍နေဘိသကဲ့သို့၊ တထာ၊ ထိုနည်းတူစွာ၊ တေန၊ ထိုဝေဒေဟသူဌေးကြီးနှင့်၊ သဟာဝ၊သွားလေရာရာ မကွာ မကွဲ၊အမြဲစိုက်စိုက်၊အတူလိုက်

၍သာလျှင်၊ သံသရာ၊ လူ့ဘုံ၊ နတ်ဘုံ၊ ဆာနံစုံယှဉ်၍သွား၊ ပျော်တပါးလျှင်၊ခံစားကျင်လည်ခဲ့ရပါသတည်း။

**ကောသာဥကဖြစ်ခဏ်း။**

ပဒုမုတ္တရ ဘုရားရှင်လက်ထက်တော်ကစ၍၊ဝိပဿီမြတ်စွာဘုရား ထင်ရှား ပွင့်တော်မူသည့်တိုင်အောင်၊ ဇနီးမောင်နှံနှစ်ယောက်ဟာ၊လူ့ရွာနတ်ပြည် အတူဘကွ ကျင်လည်လာပြီး၊ ဝိပဿီ မြတ်စွာဘုရား လက်ထက်တော်သို့ရောက်တော့၊ နတ်ရွာမှ စုတေ၍ ဗန္ဓုမတီ နေပြည်တော်ကြီးအတွင်းမှာ၊ မထင်ရှားတဲ့ ပုဏ္ဏားမျိုး၌ ဖြစ်လာကြတယ်။ သည်ဘဝမှာလဲ မကွဲကြဘူး။

သည်ဘဝမှာတော့၊ ဟိုရှေးရှေးက ကံဘမျိုး အကျိုးပေးဝင်ရောက်လာတာနှင့်၊ပစ္စည်းဥစ္စာ ချမ်းသာကြွယ်ဝခြင်း မရှိရှာကြဘူး။ ချို့ချို့တဲ့တဲ့နှင့်ဘဲ၊ အားနွဲ့နေရှာကြတယ်။ ။အဝတ်အစား ဘယ့်ကလောက် နွမ်းပါးသလဲလို့ဆိုတော့၊ လင်မယားနှစ်ယောက်မှာ၊ ကိုယ်ဝတ်တော့ တထည်စီရှိရှာကြပါရဲ့။ ။ထသွား၊လာသွား၊ မြို့ရုံတို့ ပုဆိုးကတော့၊ တထည်ထဲရှိရှာကြတယ်။ မယားသွားတဲ့အခါ လင်မပါဘူး။ လင်သွားတဲ့အခါ၊ မယားမပါဘူး။ အပေါ်ရုံ အဝတ် နှစ်ထည် မ ရှိတဲ့ အတွက်၊ ပရိသတ်ထဲသို့ သွားတဲ့အခါ၊ အတူတူကွဲလို့ မသွားရဘူးပေါ့။ အဝတ်အတွက်နှင့် တွဲသွားတို့ အတော် ခက်နေရှာကြတယ်။ (ရှေးခေတ်အခါမှာ၊ အပေါ်ရုံအဝတ်ပါမှ၊ပရိသတ်ပွဲဘောင်သို့ ဝင်နိုင်သည်။ သို့ဖြစ်၍ အပေါ်ရုံပုဆိုး အရေးကြီး၍နေလေသတည်း)။

ဒါသည်လို အပေါ်ရုံပုဆိုး တထည်ထဲရှိတဲ့အတွက်၊ သည်ပုဏ္ဏားလင်မယားကို ကောသာဥကရယ်လို့ ခေါ်ဆိုကြတယ်။ ။ဒိဋ္ဌဓမ္မ အကျိုးပေးကြုံချင်တော့၊ဘယ်ပုံ အချက်ပေါ်လာသလဲလို့ဆိုတော့ ခေမာရုံဆိုတဲ့ ကျောင်းတိုက်ကြီးအတွင်းမှာ၊ ဝိပဿီမြတ်စွာဘုရား တရားဟောတော်မူတဲ့ ပွဲကြီးကြုံလာပါရော။

ဝိပဿီဘုရားလက်ထက်တော်က၊ အသက်တမ်း ရှည်လျားတဲ့ အတွက် နေ့စဉ် တရား ဟောတော်မူလေ့မရှိဘူး၊ ခုနစ်နှစ်လွန်မှ တကြိမ် တကြိမ်သာ တရားပွဲကြီးဖြစ်တယ်။ တရားပွဲကြုံကြိုက်တဲ့နှစ်သို့ ရောက်ပြီဆိုမှဖြင့်၊ဇမ္ဗူဒိပါ တကျွန်းလုံးမှာရှိတဲ့ လူတွေဟာ၊ဓမ္မကောလာဟာလဖြစ်ပြီး။ ဘယ်အလုပ်ကိုမှ မပြုလုပ်ကြတော့ဘဲ၊ အလုပ်ခွင်ကို စွန့်ပစ်ပြီး၊ တရားနာရန်၊ဗန္ဓုမတီပြည်၊ခေမာရုံကျောင်းတိုက်ကြီးသို့၊အလုံးစုံ လာရောက်ကြတော့တာဘဲတဲ့။နတ်တွေ, ဗြဟ္မာတွေလဲ အဆင့်ဆင့်ပြောကြားကာ၊ ဓမ္မကောလာဟာလ ဖြစ်ပြီး၊ စကြာဝဠာ ပေါင်း များ စွာ မှ လာရောက်၍ တရားနာကြတယ်။

အဲသည်အခါ၊ ကောသာဓုက ပုဏ္ဏားက၊ တရားနာချင်တဲ့အတွက်၊ ပုဏ္ဏေးမကြီးကို ဘယ်လို တိုင်ပင်သလဲလို့ ဆိုတော့၊ "အလွန်ကြုံကြိုက်ခဲတဲ့ တရားပွဲကြီး ဖြစ်ပေါ်နေတယ်၊ တို့မှာ အပေါ်ရုံပုဆိုး တထည်သာရှိလို့၊အတူသွားပြီး တရားနာခွင့်မရနိုင်ပေဘူး။မင်းက နေ့လယ် သွားပြီး တရားနာပါ။ အိမ် ကျုပ်စောင့်နေရစ်မယ် ညအခါကျတော့ ကျုပ်သွား၍ တရားနာမယ်၊ မင်းက အိမ်စောင့်နေရစ်"အဲသည့်လို တိုင်ပင်တော့၊ ပုဏ္ဏေးမကြီးက "သဘောကျပါတယ်လို့" ဝန်ခံပြီး နေ့လယ်တရားပွဲကို ပုဏ္ဏေးမ အများနှင့် အတူဘကွ သွား၍နာကြတယ်။

ညအချိန်ကျတော့၊ ကောသာဓုက ပုဏ္ဏားကြီးက၊ အပေါ်ရုံပုဆိုးကို တခမ်းတနားခြုံရုံပြီး၊ ပုဏ္ဏားမိတ်ဆွေ အပေါင်းတို့နှင့်အတူ သွားရောက်နာကြားတယ်။ ကောသာဓုကပုဏ္ဏား မျက်နှာမရှိဘဲအတွက်၊ ရှင်ခတော်ဘုရား၏ ရှေ့တော်သို့ ရောက်အောင် မတိုးနိုင်ဘဲ၊ ပရိသတ် အစွန်အဖျားကနေပြီး တရားတော်ကို နာကြားရသတဲ့။

သန်းခေါင်မတိုင်မီ ညဦးယံမှာ၊ တရားတော် ကြားနာရင်း အလွန်နှစ်သက်လှသဖြင့် တကိုယ်လုံးတုန်ပြီး ပီတိအဟုန် လွှမ်းမိုးလာဘယ်။ ။သည်တော့ "ဪ-တရားအရသာဟာ လွန်စွာ

ကြီးကျယ်လှပါကလား။ဥာဏ်ပညာကလဲ တရားအရေသာကိုလဲ သိတော့ ပီတိမဖြစ်ဘဲမနေနိုင်ပါကလား။ တချုးကိုပူဇော်ရချင်တော်လေစွ၊ ငါ့မှာပစ္စည်းဥစ္စာလဲမရှိ၊ သည့်အပေါ် ရုံတထည်သာရှိတယ်။ ရှိသမျှကိုလှူမှတော်တော့မှာဘဲ'' သည်လို အကြံ-ပေါ်ပေါက်သဖြင့်၊ ခြုံရုံသားတဲ့ အပေါ်ရုံ ပုဆိုးကလေးကိုကိုယ်မှခွါပြီး၊လှူပါတော့မယ်လို့ သန္နိဋ္ဌာန်ချလိုက်တယ်၊

ဆဲသည့်လိုလှူမယ်လို့ပြင်နေတုံး၊ ဖြုံးကနဲ ဘယ်လိုစိတ်တွေဝင်လာပြန်သလဲလို့တော့ ''အို-မတော်ဘူး။ တို့လင်မယားမှာ ထသွားလာသွား၊ သည်တထယ်ထဲသာ ရှိတယ်။ တကယ်လို့ ငါလှူလိုက်ပါလျှင်၊ ငါတို့သွားခင်ပွန်းနှစ်ယောက် ပွဲပေါက်တော့မှာပေါ့တ်၊ ကုတ်လို့သာနေတို့ရှိတော့တယ်။ မလှူတော့ပါဘူး'' ဆဲသည့်လို မစ္ဆေရစိတ်မျိုးတွေ ပေါ်ပေါက် လာသတဲ့။ ၊ မစ္ဆေရဆိုတာ၊ ဒါန၏ရန်သူကြီးပေါ့၊ အလောဘ စေတနာနှင့် လှူမယ်လို့ကြံမှဖြင့်ရန်သူကြီးဖြစ်တဲ့မစ္ဆေရဗိုလ်မင်းက အတင်းဝင်၍ တိုက်ခိုက်ပါရော၊ မစ္ဆေရစစ်တပ်မနိုင်လျှင် ယိမ်းယိုင်လက်လျှော့၍မလှူတော့ပါဘူးဆိုတဲ့သဘောမျိုးတွေပေါ်ပေါက်လာစမြဲပေဘဲ၊

ထိုနောက်တဘန်၊ သန်းခေါင်ယံသို့ရောက်ပြန်တော့ တရားအရေသာစိမ့်ပြီး၊ တသိမ့်သိမ့် ပီတိဖြစ်လာပြန်ပါရော။ ။သည်အခါ လှူပါတော့မယ်သို့ အပေါ်ရုံ ပုဆိုးကို ကိုင်လိုက်တော့ မစ္ဆေရဗိုလ်မင်းက အတင်းဝင်၍ တိုက်ပြန်သည်နှင့် အကြံမအောင်ဘဲ ပျက်သွားပြန်တယ်၊

ထိုနောက်တဘန်၊ မိုးသောက်ယံသို့ကျတော့၊ မွေ့ပီတိအဟုန်ဖြင့် တကိုယ်လုံး တုန် လာ ပြန်ပါရောတဲ့။ ဆဲ သည့် အခါ အလေးဘစေတနာလွန်စွာထက်သန်လှသဖြင့်၊ မစ္ဆေရဗိုလ်မင်းအတင် ကန့်ကွက်သို့ မသူရက်ဘဲ တွန့်တွန့်နေခဲ့တာ နှစ်ခါရှိပြီ၊ သည်တခါဖြင့် သိကြခြောပေါ့၊ပုဆိုးမရှိလျှ အတိဒုက္ခရောက်ခြင်ရောက်ပလေစေ၊ တို့လင်မယားနှစ်ယောက် အိမ်ထဲမှာကုတ်ပြီး

ဇုတ်တုတ် သေခြင် သေပေလေစေ'' ဆဲသည်လို ဖွဲ့သန်တဲ့စိတ် ပေါ်လာရာ၊ ကပြာကရာ ရှင်တော်ဘုရားထံသို့ အတင်းပြေးပြီး သူ့အပေါ်ရုံပုဆိုးကလေးကို လှူလိုက်ပါရော။

လှူပြီးသည်နှင့် တပြိုင်နက်၊ ခါးတောင်းကို မြှောင်အောင် ကြိုက်၍၊ အများကြားအောင် လက်ခမောင်း တဖြောင်းဖြောင်း ခတ်ပြီး ''အောင်ပါပြီမျိုး-အောင်ပါပြီမျိုး' ရယ်လို့၊ ဟိုးဟိုး ကျော်အောင် အော်လိုက်သတဲ့။ လက်ခမောင်း ခပ်ထိုက်ပါပေ တယ်၊တကာယ်တန်း တိုက်ခိုက်ပြီးလှူလိုက်ရတဲ့ဒါနမျိုးပေကိုး။

အောင်ပါပြီမျိုး၊ အောင်ပါပြီမျိုးလို့ အော်တော့၊ အလန့် တကြား တရားပွဲကြီးဟာ ဆိမ့်ဆိမ့်လှုပ်သွားသတဲ့၊ ။သည့် အခါ၊ ဗန္ဓုမတီမင်းကြီးကလဲ တရားပလ္လင်နောက်က တရားနာ လျက်ရှိနေတယ်၊ အောင်ပြီဆိုတဲ့ အသံကိုကြားတော့၊ ဘွားကနဲ ထိတ်လန့် သွားရှာသတဲ့။ မင်းဆိုတဲ့ လူမျိုးဟာ ကိုယ်ကသာ အောင်ချင်တယ်၊ သူတပါးအောင်တယ်ဆိုလျှင် ကြားချင်တဲ့ဆန္ဒ မရှိဘူး။

ဆဲ-သို့အတွက်ကြောင့်၊မင်းကြီးက လက်စွဲတော်တယောက် ကိုခေါ်ပြီး၊ အောင်ပြီဆိုတာ ဘယ်လိုအောင်သလဲ သွားမေး စမ်းချေလို့စေခိုင်းတော်မူတယ်၊ ။လက်စွဲတော်ကငကေသာဒုက ထံသို့သွားပြီး မေးမြန်းတော့၊ ကျွန်ုပ်အောင်တာက၊ ခင်ဗျားဘို့ ဘုရင်လို၊ ဆင်တပ်‚မြင်းတပ်‚ ရထားတပ်‚ ခြေချင်တပ်ပေါင်း များစွာနှင့် ချီတက်ပြီး လက်နက်မျိုးစုံနှင့် တိုက်ခိုက်လို့ အောင် တာမျိုးမဟုတ်ဘူး။ သည့်လိုစစ်အောင်ပွဲမျိုးကို ကျွန်ုပ်က တကဲ့ အောင်ပွဲရယ်လို့မခေါ်ဘူး၊ ဗဟိဒ္ဓအောင်ပွဲကလေးရယ်လို့ ခေါ် တယ်၊ သည့်သိုစစ်အောင်ပွဲမျိုးကိုလဲ မ ချီး မွမ်း ထိုက် ပါ ဘူး။ ကျွန်ုပ်ကိုယ်တိုင် အောင်မြင်တဲ့အောင်ပွဲကတော့၊ မစ္ဆေရဆိုတဲ့ အဇ္ဈတ္တရန်သူ ဗိုလ်ချုပ်ကြီးကို အောင်မြင်တယ်'' လို့ စကား ပလ္လင်ခံပြီး၊ ငထယ်ထဲမှာသာရှိတဲ့ အပေါ်ရုံပုဆိုးကို၊လှူဒါန်းရန် ကြံစည်ဘဲ့အခါ၊ မစ္ဆေရ ဗိုလ်ကြီးက၊ တားဆီး ကန့်ကွက်လို့

တည ပုံးစစ်တိုက်ရပုံ၊ မိုးလင်းေါ်နိုးမှ အောင်ပွဲကြီးရပုံများကို အကျယ်တဝင့် ဖွင့်ပြီးပြောလိုက်တယ်။

လက်စွဲတော်ကြီးက သည့် အကြောင်းအရာများကိုကြားတော့မှ ဘုရင့်ထံပြန်ပြီး ကောသာဒုကာ၏ စကားအတိုင်း၊ သံတော်ဦးတင်လေရာ ဘုရင်မင်းမြတ်က "ပြေဒ်-တယ်တော်တဲ့ ပုဏ္ဏားဆင်းရဲကြီးပါကလား ဘုရားရှင်၏ဂုဏ်ကျေးဇူး တရားတော်၏ ဂုဏ်ကျေးဇူးကို အထူးသိတက်ပါပေတယ်။ တထယ်ထဲမျှသာ ရှိတဲ့ပုဆိုးကို၊ မငဲ့ မငြ့ကဲ ရက်ရက်ရောရော လှူနိုင်ပါပေတယ်။ အလှူရဲ့တဲ့အရာမှာ လွန်စွာချီးမွမ်းထိုက်ပါပေရဲ့၊မဿ္တရဖိုယ်ကြီးကို အပြီးတိုင် အောင်မြင်ကြောင်းလဲ မှန်ပါပေတယ်။ ငါ၏အောင်ပွဲများထက်ပင် ထူးကဲလွန်မြတ်ပါပေရဲ့၊အဲသည့်သို့ ချီးမွမ်းပြီး၊ ဝတ်လဲတော် ပုဆိုး နှစ်ထယ်ကို သွား၍ အပေးခိုင်းသတဲ့။

အဘိုးတန် ဝတ်လဲတော် ပုဆိုးနှစ်ထယ်ကိုရတော့၊ "သယ်-မင်းကြီးက ငါ့ကို ပုဆိုးနှစ်ထယ် ဆုတော် လာဘ်တော်ချပါကလား၊ ရှေးကတော့ သည့်လိုဆုတော်ချတာမဟုတ်၊ ဘုရားရှင်၏ ဂုဏ်ကျေးဇူးကြောင့်သာ ဆုတော်ချတယ်၊ ငါဝတ်ဆင်ဖို့ မကော်ဘူး။ ဘုရားရှင်ကို လှူဒါန်းမှတော်မယ်" အဲသည့်လို ကြံစည်ပြီး ဝတ်လဲတော်ပုဆိုးနှစ်ထယ်လုံးကိုပင် ဘုရားရှင်သို့ လှူလိုက်ပြန်တယ်။

လက်စွဲတော်များက သည့်အကြောင်းကို လျှောက်ထားပြန်တော့၊ မင်းကြီးက အလွန်သဒ္ဓါကောင်းတဲ့ ပုဏ္ဏားကြီးဘဲ၊ သူလဲလှူနိုင်သမျှ လှူပေစေ၊ငါလဲပေးနိုင်သမျှပေးမယ်။ အဲသည့်လို ကြံစည့်တော်မူကာ၊ဝတ်လဲတော်ပုဆိုးလေးထယ်ကို ထပ်၍ ေးတော် မူပြန်တယ်၊ပုဏ္ဏားကြီးကလဲ ပုဆိုးလေးထယ်လုံးကို အကုန်လှူလိုက်ပြန်ရော။ ၊နောက်တဘန်ထပ်၍ ပုဆိုးရှစ်ထယ် ပေးပြန်တယ်၊ ပုဏ္ဏားကြီးက အကုန် လှူလိုက်ပြန်တယ်၊ ၊

နောက်တဘန်ထပ်၍ ပုဆိုး ဆဲ့ခြောက်ထည် ပေး ပြန် တယ်။ ပုဏ္ဏားကြီးက အကုန်လှူပြန်တယ်။

ထိုနောက်တဘန်။ဝတ်လဲတော်ပုဆိုးကို(၃၂)သုံးဆဲ့နှစ်ထည် ပေးပြန်တော့။ ပုဏ္ဏားကြီးရဲ့စိတ်ထဲမှာ။ ''မင်းကြီးကလဲပေးနိုင် ပါပေရဲ့။ ငါကလဲ လှူနိုင်ပါပေရဲ့။ ပေးတိုင်းလှူ လှူတိုင်းပေး ဖြစ်နေပြီ၊ အတန် ကြာ လျှင်၊ မင်း ကြီး မှာ ဝတ် လဲ တော် ကုန် သလောက် ဖြစ်သွားရှာတော့မယ်။ သနားသဖြင့် သည်းခံလိုက် ရအုံးမှာဘဲ၊ ဆဲသည့်လို အကြံဖြစ်ပေါ်လာတဲ့အတွက်။ ဝတ်လဲ တော်သုံးဆဲ့နှစ်ထည်အနက်၊ မိမိ၏ဇနီးဖြစ်တဲ့ ပုဏ္ဏေးမကြီးတို့ တထည်၊ မိမိတို့တထည်။ သည်နှစ်ထည်ယူပြီး၊ သုံးဆယ်သော ဝတ်လဲတော် ပုဆိုးတို့ကို၊ အလှူပြုလိုက်ပြန်တယ်။ ဆဲ-သည့် တော့မှ၊ မင်းကြီးကလဲ၊ အပေးရပ်သွားသတဲ့။

သည်အခါကစပြီး ကောသာဍကပုဏ္ဏားကြီးဟာ၊ ရှင်တော် ဘုရားနှင့်လဲ အကျွမ်းဝင်၊ ဘုရင်မင်းတရားနှင့်လဲ အကျွမ်း တဝင်ဖြစ်သွားတဲ့ပြင်၊ အလှူရဲတဲ့ ပုဏ္ဏားခယ်လို့၊ အထင်အရှား ကျော်စောသွားပါရော။အလှူဒါနဆိုတာ၊ဒိဋ္ဌဓမ္မဇကျိုးပေးလေ့ ရှိကြောင်းထင်ရှားတာပေါ့လေ။ ရှင်တော်ဘုရားထံက ပြန်လာ တော့။အလှူဒါနအကြောင်းများကို အားရဝမ်းသာ အနုမောဒနာ ပြုစေရန် ပုဏ္ဏေးမကြီးကိုပြောကြားတော့၊ ပုဏ္ဏေးမကြီးကလဲ၊ အားရဝမ်းသာနှင့် သာဓုခေါ်တယ်။

ထိုနောက်၊ ဆောင်းတွင်းအခါ။ ချမ်းတဲ့ရာသီတွင် အဘိုး တသိန်းထိုက်တဲ့ ကမ္ဗလာနီကြီးကို ခြုံရုံပြီး၊ ဗန္ဓုမတိမင်းကြီး တရားနာလာတော့၊ ကောသာဍက ပုဏ္ဏားကြီးနှင့် တွေ့နေပြန် တယ်။သည့်တော့ ပုဏ္ဏားကြီးကို ကြည်ညိုတဲ့အတွက်၊ အဘိုး တသိန်းထိုက်တဲ့ ကမ္ဗလာကို ကိုယ်တော်မှ ခွါပြီး၊ ''အို-ပုဏ္ဏား ကြီး၊ယခုဆောင်းအခါ လွန်စွာ ချမ်းလိမ့်မယ်၊ သည့်ကမ္ဗလာ ကို ခြုံပြီး တရားနာပါ၊ အစဉ်မပြတ် အသုံးအစွဲပြုပါ''လို့ ဆိုပြီး၊ တသိန်းထိုက်တဲ့ ကမ္ဗလာကြီးကို ပေးပြန်တယ်။

ပုဏ္ဏားကြီးက၊ အဘိုး တသိန်းထိုက်တဲ့ ကမ္ဗလာနီကြီးကို ရတော့၊ ''အင်း- ကမ္ဗလာနီကြီးကဖြင့် ကောင်းပါပေရဲ့၊ ဘုရင့် ကမ္ဗလာမို့၊ လွန်စွာ အဘိုးထိုက်ပါပေဘယ်။ သို့ကလောက် အဘိုးထိုက်တဲ့ ကမ္ဗလာကို၊ ငါ၏အပုပ်ကောင်ကြီးမှာ ခြုံထား လို့၊ ဘာအကျိုးရှိမလဲ၊ ရှင်တော်ဘုရားကိုသာ လှူမှတော်မယ်''။ ဆဲသည့်လိုကြံပြီး၊ မင်းကြီးမသိအောင်၊ ရှင်တော်ဘုရား အမြဲ သီတင်းသုံး တော်မူတဲ့၊ ဂန္ဓကုဋီ တိုက်တော်ကြီးအတွင်း၊ လျောင်းစက်တော်မူတဲ့ ရတနာ ညောင်စောင်းတော်အထက်၊ ဗိမာန်မျက်နှာကြက် ပြုလုပ်၍ လှူထားဘယ်။ ကမ္ဗလာနီကြီးကသဲ နီပြာညိုမှောင်၊ အရောင်တလျှပ်လျှပ်၊ ရောင်ခြည်တော်ခတ်က လဲ တထိန်ထိန်မို့၊ မိန်နှင့်နေရောင်ဟာ ပဏာချင်းဟပ်သလို၊ အလွန်တရာ တင့်တယ်နေ ၂ာပေါ့။

တနေ့သောနံနက်အခါ၊ ဗန္ဓုမတီမင်းကြီးသည်၊ ကျောင်းတော် သို့ လာပြီး၊ ဂန္ဓကုဋီတိုက်ကြီးအတွင်းသို့ဝင်၍၊ ရှင်တော်ဘုရား ကို ဖူးမြင်တော့၊ ရောင်တော်ခြောက်ဖြာက၊ ကမ္ဗလာနီကို ဟပ်ပြီး တဖြတ်ဖြတ် တလက်လက် ပြိုးပြိုးပြက်ပြက် ကြည်ညို ဘွယ် ကောင်းတာကို မြင်တော်မူပါရော။ ။သည့် အခါ၊ ကမ္ဗလာနီနှင့် ရောင်ခြည်တော် ခြောက်ဖြာ၊ လွန်စွာပဏာရပါ ကလား။ဘယ်သူများလာပြီး အဘိုးတသိန်းထိုက် ကမ္ဗလာနီကြီး ကို လှူထားပါလိမ့်မလဲ၊ လှူဒါန်းပုံ အချိုးကျပါဘိတယ်ဟု ကြံစည်တွေးတောကာ၊ ကမ္ဗလာနီကို သေချာစွာကြည့်တော့၊ မိမိကိုယ်တိုင် ဧကသာဋက ပုဏ္ဏားကြီးကို ပေး လိုက် တဲ့၊ ကမ္ဗလာနီဖြစ်ကြောင်း သိတော်မူတယ်။ သည့်တော့ ရှင်တော် ဘုရားကို ဝပ်တွားပြီး၊ ''အရှင်ဘုရား၊ မျက်နှာကြက်လုပ်ထားတဲ့ ကမ္ဗလာနီကြီးဟာ၊ တပည့်တော်က ဧကသာဋက ပုဏ္ဏားကို ပေးထားတဲ့ ကမ္ဗလာနီ ဖြစ်သည်ဟု ထင်ပါတယ်ဘုရား'' လို့ လျှောက်ထားတော့၊ ရှင် ဘော် မြတ် ဘု ရား က၊ ''မှန်ပေတယ် မင်းကြီး၊ သင်ပေးတဲ့ ကမ္ဗလာနီကို ဧကသာဋက ပုဏ္ဏားက၊

ငါ၏ ညောင်စောင်းထက်က၊ မျက်နှာကြက်လုပ်ပြီး၊ လှူသွားတယ်'' လို့ မိန့်တော်မူတယ်။

မင်းကြီးက လှူဒါန်းပုံအချိုးကျသည်ကို၊ အလွန်တရာအားရလှသည်နှင့် 'ဘောသာဒုကပုဏ္ဏားကြီးဟာ၊ အရာဌာနအားလျော်စွာ သိတတ်ပါပေတယ်။ လှူ ဒါန်း ပုံ အ ချိုး ကျ ပါ ပေ တယ်။ တပည့်တော်များထက်ပင်၊ ဒါနအရာမှာ လိမ္မာပါပေရဲ့ဘုရား'' လို့ ချီးမွမ်းကာလျှောက်ထားသတဲ့။

ရှင် တော် ဘု ရား ထံ က ပြန် လာ ပြီး တော့၊ မင်း ကြီး က၊ ဘောသာဒုကပုဏ္ဏားနှင့် ပုဏ္ဏေးမကိုခေါ်ပြီး။ "တော်ကြပါပေတယ်၊ လှူ ဒါန်း မှု အ ရာ တွင် လွန်စွာ လိမ္မာကြပါပေတယ်။ သည့်ကဲ့သို့လိမ္မာတဲ့ပုဂ္ဂိုလ်မျိုးကို ကြည့်ညိုပူဇော်ကာချီးမြှောက်ထိုက်ပါပေတယ်။'' သည့်လို အမိန့်တော်ရှိပြီး၊ လူပြည်လောကမှာ၊ လူ့ဘို့အသုံးအဆောင် မှန်သမျှဘို့ကို၊ ရှစ်ခု ရှစ်ခုစီ ပေးသွှူပူဇော်၍ ပုရောဟိတ် ပုဏ္ဏားတော်ကြီး အရာဖြင့် မြှောက်စားချီးမြှင့်တော်မူတယ်။ပုရောဟိတ်ဆိုတာ မင်းဆရာကြီးပေါ့လေ။

ရှစ်ခုရှစ်ခုစီ ပူဇော်တယ်ဆိုတာက၊ ဆင်ရှစ်စီး, မြင်းရှစ်စီး, ရထားရှစ်စီး, တိုက်ဆိမ်ရှစ်လုံး, ထီးရှစ်လက်, ခြေနင်းရှစ်ရန်, ဥယျာဉ်ရှစ်ခု, ရေကန်ရှစ်ခု, ရွှေခွက်ရှစ်လုံး,မှစ၍၊ လူတို့ အသုံးအဆောင်မှန်သမျှ တစေ့ကျန် ပူ ဇော် တယ် လို့ ဆိုတာပေါ့။ တထိုင်ထဲနှင့် မင်းကြီးစိုးကြီး၊ သူဌေးကြီးများနှင့် တဘန်းထဲ ပြည့်စုံသွားတာပေါ့။ ကု သိုလ် အ ဟုန် ဆို တာ သိုကလောက်ဆန်းကြယ်တယ်။

ယခုဘဝ၊ ဘောသာဒုကလက်ထက်မှာ၊ လှူဒါန်းတဲ့ ဒါနက ဥပပဇ္ဇဝေဒနီယကံအဖြစ်နှင့် ကျေးဇူးပြုတယ်၊ ဟိုလွန်ခဲ့တဲ့ ပဒုမုတ္တရလက်ထက်က၊ ကုသိုလ်တွေကလဲ ကျေးဇူးပြုတယ်။ ကုသိုလ်ရှင်ဆိုတာ အခွင့်မသင့်သို့ ခဲ့ဒွိန်မြိန်ဘဲ နေပေတယ်သို့ အကျိုး

ပေးခွင့် အလှဲ့သင့်လာတော့ ဓါတ်မီးအိမ်ကြီးကို ရုတ်တရက် ဖွင့်လိုက်ထားသလို၊ ဖြိုးခနဲ ဟုန်းခနဲ၊ အကျိုးပေးလာစမြဲပေဘဲ။

ပုရောဟိတ်ပုဏ္ဏားကြီး ဖြစ်လာတော့၊ ရွှေရုံသင်းပင်း ဆင်၊ မြင်း၊ ဥစ္စာ၊ ရတနာအမျိုးမျိုးပြည့်ဖြိုးကြွယ်ဝနေတော့ လှူချင်သမျှ လှူနိုင်တဲ့အခြေသို့ ဆိုက်ရောက်သွားတာပေါ့လေ။ ။သည့်အခါ ပုရောဟိတ် ပုဏ္ဏားကြီးရဲ့ စိတ်ထဲမှာ၊ ''ဘုရင်မင်းမြတ်သည်၊ ငါ့အားကြည်ညိုလှသဖြင့်၊ လူတို့၏ အသုံးအဆောင် မှန်သမျှတွေကို ၅စ်ခု၊၅စ်ခုစီ ပူဇော်ပေတယ်။ ငါလ ၅စ်ခု၅စ်လီကို အထိမ်းအမှတ်ထားပြီး၊ တနေ့ဘနေ့လျှင်(၆၄)ခြောက်ဆဲ့လေးပါးသော စာရေးတန်ဆွမ်းနှင့် စာရေးတန် ပဒေသာပင်တို့ကို လှူဒါန်းမှ တော်မယ်။'' ဆဲသည့်လို အကြံဖြစ်ပြီးပုရောဟိတ်ပုဏ္ဏားကြီးနှင့် ပုဏ္ဏေးမကြီးတို့ဟာ အသက်သေဆုံးသည့် တိုင်အောင် နေ့စဉ်မပြတ် နိစ္စပတ်ဝတ်ထားပြီး၊ ခြောက်ဆဲ့လေးပါးသော စာရေးတန်များကိုအမြဲလှူဒါန်းသွားသတဲ့။

စာရေးတန် ခြောက်ဆဲ့လေးကို အမြဲ လှူဒါန်းတဲ့ အတွက် ဗန္ဓုမတီ နေပြည့်တော်ကြီးအတွင်းမှာ သတင်း ကျော်စောပြီး ''စတုသဋ္ဌိပုဏ္ဏားတော်ကြီး စတုသဋ္ဌိပုဏ္ဏားတော်ကြီး'' ရယ်လို့ ခေါ် ဆိုကြပြန်တယ်။ ။ပုရောဟိတ်ပုဏ္ဏားကြီးက ၅င်မဟာကဿပအလောင်း၊ ပုဏ္ဏေးမကြီးက မယ်ဘဒ္ဒါအလောင်းပေါ့။ သူတို့နှစ်ယောက်ဟာ သံသရာတခွင်မှာ အစဉ်သဖြင့် တွေ့ကြုံ၍ ပေါင်းဆုံ ဆက်ဆံလို့ လာကြတယ်၊ ဖူးစာရေစက် တူစုံဘက် ထာကြတဲ့ ဇနီးမောင်နှံစုံတို့ပေပေါ့။

ဆဲသည့်ဘဝမှာ အသက်ထက်ဆုံး ကုသိုလ် ပုညများကို ကြိုးစားအားထုတ်ပြီး မယုတ်သော အကျင့်သီလနှင့် နေထိုင်ကြရာ၊ အသက်တမ်းကုန်လို့ လူ့ဘုံကို ခွါတော့ နတ်ရွာမှာ အတူတူ ဖြစ်ကြလေသတည်း။ ။သည့်အကြောင်းကို ထေရီ အပဒါန်ပါဠိတော်မှာ ဘဒ္ဒါထေရီက အဖြွက်အားဖြင့်၊ သို့ကလို ဟောကြားတော်မူခဲ့ပေတယ်။

(၅) ဧကနဝုတိတော ကပ္ပေ၊ ဝိပဿီနာမ နာယကော။
ဥပ္ပဇ္ဇိစာရုဒဿနော၊ သဗ္ဗဓမ္မ ဝိပဿကော။

(၅) ဣတော၊ ဤဘဒ္ဒကပ်ကမ္ဘာမှ၊ ဧကနဝုတေကပ္ပေ၊ လွန်ခဲ့သောကိုးဆဲ့တကမ္ဘာထက်၌၊ သဗ္ဗဓမ္မဝိပဿကော၊ တရားဥဿုံ၊ အလုံးစုံကို အကုန်သိမြင်တော်မူသော၊ စာရုဒဿနော၊ ဖူးသူမြင်သူ၊ ကြည်ဖြူနှစ်လို၊ ကြည်ညိုစဘွယ်၊ လွန်တင့်တယ်သော၊ ဝိပဿီနာမ၊ ဝိပဿီအမည်တော်ရှိသော၊ နာယကော၊ ဘုရားရှင်သည်၊ ဥပ္ပဇ္ဇိ၊ ပွင့်တော်မူလေသတည်း။

(၆) တဒါသိ ဗန္ဓုမတိယံ၊ ဗြာဟ္မဏော သာဓုသမ္မတော။
အဍ္ဎော သန္တဂုဏေနာပိ၊ ဓနေန စ သုဒုဂ္ဂတော။

(၆) တဒါ၊ ထိုရောအခါ၌၊ ဗန္ဓုမတိယံ၊ ဗန္ဓုမတီ နေပြည်တော်ကြီး၌၊ သာဓုသမ္မတော၊ သူတော်ကောင်းကြီးတယောက်ဟူ၍ သမုတ်အပ်သော၊ ဗြာဟ္မဏော၊ ဧကသာဋကပုဏ္ဏားသည်၊ အသိ၊ ရှိသေသတည်း။ သော၊ ထိုပုဏ္ဏားသည်၊ သန္တဂုဏေနာပိ၊ သူတော်ကောင်းဂုဏ်ဖြင့်လည်း၊ အဍ္ဎော၊ ကြွယ်ဝ၏၊ ဓနေန စ၊ ပစ္စည်းဥစ္စာဖြင့်မူကား၊ သုဒုဂ္ဂတော၊ မပြည့်မစုံဘဲ၊ အလွန်ဆင်းရဲရှာလေသတည်း။

(၇) တဒါပိ တဿာဟံ အာသိံ၊ ဗြာဟ္မဏီ သမစေတသာ။
ကဒါစိ သော ဒိဇဝရော၊ သင်္ဂမေသိ မဟာမုနိံ။

(၇) တဒါပိ၊ ထိုဧကသာဋက ပုဏ္ဏားဖြစ်စဉ် အခါ၌လည်း၊ အဟံ၊ အကျွန်ုပ်သည်၊ တဿ၊ ထိုဧကသာဋကပုဏ္ဏား၏၊ ဗြာဟ္မဏီ၊ တူစုံတဲ့ကာ၊ မေတ္တာချစ်နှသွေး၊ ပုဏ္ဏေးခေါ်ကြ၊ အိမ်ရှင်မသည်၊ အာသိံ၊ ဖြစ်ခဲ့ပါသတည်း။ သမစေတသာ၊ ခင်ပွန်းသက်ထား၊ လင်ယောက်ျားနှင့်၊ စိတ်ထားစင်ဖြူ အလွန်တူသည်၊ အာသိံ၊ ဖြစ်ခဲ့ပါသတည်း။ ကဒါစိ၊ တရံရောအခါ၌၊ ဒိဇဝရော၊ ပုဏ္ဏားမြတ်ကြီးဖြစ်ပေသော၊ သော၊ ထိုခင်ပွန်းလင်သည်၊ မဟာမုနိံ၊

ဝိပဿီ မြတ်စွာဘုရားကို၊ သင်္ဂဟေသိ၊ တရားနာရန် ချဉ်းကပ်လေသတည်း။

(ဏ) နိသိန္နံ ဇနကာယမှို၊ ဒေသေန္တံ အမတံပဒံ၊
သုတွာ ဓမ္မံ ပမုဒိတော၊ အဒါသိ ကောသဇုကံ။

(ဏ) ဇနကာယမှို၊ လူပရိသတ်ကြီး အံ လယ်၌၊ နိသိန္နံ-နိသိန္နဿ၊ သီတင်းသုံးတော်မူလျက်၊ အမတံပဒံ၊ အမြိုက်နိဗ္ဗာန်ကို၊ ဒေသေန္တံ-ဒေသေန္တဿ၊ ဟောကြားတော်မူသော မြတ်စွာဘုရား၏၊ ဓမ္မံ၊ အရသာခတ်၊ တရားမြတ်ကို၊ သုတွာ၊ ကြားလေသည်ရှိသော်၊ ပမုဒိတော၊ ဝမ်းမြောက် နှစ်ချိုက်သည်ဖြစ်၍၊ သော၊ ထိုခင်ပွန်းယောကျ်ားသည်၊ ကောသဇုကံ၊ တထည်ထဲသာ ရှိသော ပုဆိုးကို၊ အဒါသိ၊ မနှမြောရစိတ်၊ မပိတ်မပင်၊ ကြည်လင်ရွှင်လန်း၊ သဒ္ဓါစွမ်းဖြင့် လှူဒါန်းလေသည်း။

(တ) တဒါဟံ အဉ္စလိံ ကတွာ၊ အနုမောဒိံ သုပီဏိတာ။
သုဒိန္နော သာဓုကောသး မိ။ ဗုဒ္ဓသေဋ္ဌဿ တာဒိနော။

(တ) တဒါ၊ ထိုသို့ ပုဆိုးတထည်ကို လှူဒါန်းသောအခါ၌၊ အဟံ၊ အကျွန်ုပ်သည်၊ အဉ္စလိံ ကတွာ၊ လက်အုပ်ချီ၍၊ သုပီဏိတာ၊ ကောင်းစွာ နှစ်သိမ့်သော စိတ်ရှိသည်ဖြစ်၍၊ အနုမောဒိံ၊ ဝမ်းမြောက် ဝမ်းသာ၊ အနုမောဒနာ ပြုခဲ့ပါသတည်း။ အနုမော ဒိတွာ၊ ဝမ်းမြောက်လေသောကြောင့်၊ ''သာမိ၊ အကျွန်ုပ်သခင်၊ ချစ်သောလင်၊ တယာ၊ သင်သည်၊ တာဒိနော၊ လောကဓံအာရုံတို့ကြောင့်၊ တုန်လှုပ်ခြင်း ရှိတော်မမူသော၊ ဗုဒ္ဓသေဋ္ဌဿ၊ ဘုရားမြတ်အား၊ သာဓုကော၊ တထည်ထဲမျှသာ ရှိသော ပုဆိုးကို၊ သုဒိန္နော၊ မနှမြောရရန်၊ ပယ်လှန်နှိပ်နင်း၊ အောင်ခြင်းပွဲယူ၊ ကောင်း ကောင်း ကြီး လှူအပ် လေ သည့် တကား။ ဣတိ၊ ဤသို့၊ ထောမယိံ၊ ချီးမွမ်းခဲ့ပါသတည်း။

ကောသဇုက၊ ဘွဲ့ခေါင်နှံ့တို့ဟာ၊ သုဂတိ သံသရာမှာ၊ ချမ်းသာစွာ ကျင်လည်၍လာခဲ့ကြလေရာ၊ ယခု ဘဒ္ဒကပ် ကဿာ

ထွင်၊ကောဏာဂုဏ် ဘုရားနှင့်၊ ကဿပ ဘုရားဖြဲ့အကြား၌၊ သူကြွယ်လင်မယား ဖြစ်ကြပြန်တယ်။ ။ရှင်မဟာကဿပ၏ အလောင်း သူကြွယ်မှာလဲ၊ နှမတယောက်ရှိတယ်၊ မယ်ဘဒ္ဒါ အလောင်းကတော့၊ သူကြွယ်ကတော် ပေါ့၊ ထိုအိမ်မှာ သွီးယောက်မ နှစ်ယောက်ဟာ၊ ကောင်းစွာမသင့်မြတ်ကြဘူး။ ။လောကမှာ သွီးယောက်မဆိုတာ၊ သင့်သင့်မြတ်မြတ်၊ ညီညီ ညွတ်ညွတ်ဖြစ်ဘို့ အလွန် ခဲယဉ်းတာကလား၊ နှုတ်ခမ်းတစူစူ၊ မျက်စောင်းဘထိုးထိုး နေလေ့ရှိကြတယ်။ တအိမ်ထဲ အဘူနေ မယ်လို့ဆိုတော့ အထူးပြောဘို့ မလိုပါဘူး။ သာသို့ပင် မတဲ့ကြ တာပေါ့။

တနေ့သောအခါ၊ သူကြွယ်က အပျင်းဖြေဆိုသလို၊ တောသို့ ထွက်သွားတော့၊ အရှင်ပစ္စေကဗုဒ္ဓါတပါး၊ သင်္ကန်းချုပ်နေတာ ကို တွေ့တယ်။ ။သင်္ကန်းချုပ်ရာတွင်၊ အနားပတ်ကလေးလို နေတာနှင့်၊ နောက်မှ ချုပ်တော့မလို့၊ သင်္ကန်းကိုခေါက်နေတာ မြင်တော့ မိမိမှာ ပါလာတဲ့ အပေါ်ရုံပုဆိုးကို လှူဒါန်းပြီး''အရှင် ဘုရား သင်္ကန်း မလုံလောက်တဲ့အတွက် ဤပုဆိုးကို လှူဒါန်းရတဲ့ ကုသိုလ်ကြောင့်၊နောင်ဖြစ်လေရာရာ သံသရာဘဝတို့၌၊ မလုံ လောက်ဆိုတာ ဘာမျှမရှိပါစေနှင့်၊ မရှိဆိုတဲ့စကားကို မကြား ပရစေနှင့်၊ပစ္စည်းဥစ္စာ ရတနာ ဖွေငွေမှစ၍ ပိုလျှံပြည့်စုံပါစေ ဘုရား'' လို့ ဆုတောင်းလိုက်သတဲ့။အိမ်မှာ ကျန်ရစ်တဲ့ သူကြွယ် ကတော်ကိုလဲ သတိရစ္ဆာနှင့် အမျှပေးဝေသပေါ့လေ။

## အိမ်မှာ ဖြစ်ပျက်နေကြပုံ။

လင်ယောက်ျားလုပ်တဲ့ သူကတော့ တောထဲမှာ ဒါနစေတ နာနှင့် လှူဒါန်းနေတယ်။အိမ်မှာ ကျန်ရစ်တဲ့ သွီးယောက်မ နှစ် ယောက်ကတော့၊သတ်လား ,ပုတ်လားနှင့် ရန်ဖြစ်နေကြပါရော။ မိန်းမဆိုတာ ရန်ဖြစ်ဘို့ အလုပ်ကို အလွန်အားထုတ်ကြတာဘဲ၊

အဲ- တာကြောင့်၊ ဒေါ်သ ရှုသာနှင့်၊ အဘိဓမ္မာအိုးမတွေ့လို့ ဆိုတာပေါ့။

သည့်လိုဖြစ်နေတုန်း၊ ဖြူးကနဲ ရှင်ပစ္စေကဗုဒ္ဓါတပါး အိမ်ပေါ်သို့ ဆွမ်းခံကြွလာပါရော၊ သူတော်ကောင်းကိုမြင်တော့ ဆင်ခြင်တုံတရားသက်သဖြင့်၊ရန်မဖြစ်ဘဲ ရပ်စဲသွားကြတယ်။ ။ သူကြွယ်၏ နှမက၊ရှင်ပစ္စေကဗုဒ္ဓါ၏လက်က သပိတ်တော်ကိုယူ၍၊ ဆွမ်းအပြည့်လောင်းပြီးလျှင် "ဆွမ်းလှူရတဲ့ ဒါနကုသိုလ်စေတနာကြောင့်၊ သည့်လိုရိုက်တဲ့အရိုက်မနှင့် ဖြစ်ရေရာဘဝမှာ၊ ယုတ်နာတရားဝေး ကွာရပါလို၏ဘုရား။ သည့်လိုရိုက်တဲ့အရိုက်မျိုးကိုမတွေ့လိုပါ" အဲ-သည့်လို ဆုတောင်းပတ္ထနာပြုလိုက်တယ်။ဒေါသဖြစ်နေတုန်းရှိဒေါသနှင့် မကောင်းတဲ့ဆုတောင်းမျိုးကို တောင်းလိုက်ထာပေါ့လေ။ ဒေါသ မွှန်နေ တဲ့ အခါ၊ ဘာကိုမှ သတိမရဘော့နိုင်ဘူး။ သိပ်ကြောက်စရာ ကောင်းတဲ့ ဒေါသဘဲ။

အဲ-သည့်လို ဆုတောင်းတာကို ကြားတော့၊ မယ်ဘဒ္ဒါရဲ့ အလောင်းသူကြွယ်ကတော်က "သယ်-ငါ့အပေါ်မှာ သင်းက သို့ကလောက် ရန်ညှိုးထားရသလား။ သင်းလှူတဲ့ဆွမ်းကို ရှင်ပစ္စေကဗုဒ္ဓါမစားရအောင်၊ ငါဖျက်ဆီးပစ်မယ်" အဲ-သည့်လို အကြံမျိုးကို ဆိုးဆိုး ဝါးဝါး ကြံပြီး၊ အိမ်မှ ထွက် လာ တဲ့ ရှင်ပစ္စေကဗုဒ္ဓါ၏ လက်မှ သ ပိတ် ကို ယူ ပြီး၊ လောင်းလိုက်တဲ့ ဆွမ်းတွေကို အကုန်သွန်ပစ်လိုက်တယ်။ ။သွန်ပစ်ရုံမျှမက သေးဘူး၊ ဒေါသမာန်ပေါက်၍ ရှိန်ရှိန်တောက်နေတဲ့အတွက်၊ မလျော်ကန်မလျောက်ပတ်တဲ့ ရွှံ့ပုပ်တွေကျုံးပြီး သပိတ်ထဲမှာ အပြည့်ထဲ့၍ ရှင်ပစ္စေကဗုဒ္ဓါလက်သို့ ကပ် လိုက် ပါ ရော၊ ဆိုးဝါးချက်ကဖြင့် နက် နက် နဲ နဲ ရှိ ပါ ပေ ရဲ့။ ။အင်း-ဒေါသ လွှမ်းမိုးမှုဖြင့် အကျိုးအကြောင်းကို မသိတော့ဘူး၊ထင်ငိထင်ရာ အရမ်းမဲ့ လုပ်လေ့ရှိကြတယ်။ ရွှံ့ပုပ် တွေ ကို သ ပိတ် ထဲ မှာ လောင်းတယ်ဆိုတော့ ဘယ် မှာ ပြော ဘို့ ရှိ ပါ တော့ မ လဲ။

သည့်တုန်းအခါက မယ်ဘဒ္ဒရဲ့အလောင်းဟာ လွန်စွာဆိုးဝါးခဲ့သနော်။

သပိတ်တော်ထဲမှာ ရွှံ့ပုပ် တွေ လောင်း တာ ကို မြင်တော့ သူကြွယ်ရဲ့နှမက ရင်ထုမနာဖြစ်ပြီး ''ဟဲ့-အယုတ်မ နင်လုပ်ထာကောင်းနိုင်သေးရဲ့လား။ ငါ့ကိုဆဲတာက ကိစ္စမရှိဘူး။ အပြစ်မလေးဘူး၊ အလွန်မွန်မြတ်တဲ့ ရှင်ပစ္စေကဗုဒ္ဓါကိုယ်တော်မြတ်ကြီးရဲ့သပိတ်တော်ထဲကို ရွှံ့ပုပ်တွေကို အပြည့်လောင်းထဲ့တာ။ အယုတ်မာလွန်လွန်းလှတယ်။ အလွန်ဆိုးတဲ့အပြစ်ကြီး သင့်ကုန်ပြီ''လို့ ပြောဆိုကြိမ်းမောင်းသတဲ့။

ထိုအခါ၊ မယ်ဘဒ္ဒါအလောင်း သူကြွယ်ကတော်က သတိရလာသဖြင့် ''ဩော်-ငါအလွန်မှားကုန်ပါပေါ့ကလား။အလွန်ကြီးလေးတဲ့ အပြစ်ဘေးကြီး သင့်ဘော့တာဘဲ။ ယခုချက်ခြင်းကန်တော့ဝန်ချမှတော်တော့မယ်'' အဲ-သည့်သို့ ကြံစည်တွေးဆပြီး၊ ရှင်ပစ္စေကဗုဒ္ဓါကိုဦးချ၍ သပိတ်တော်ကိုတဘန်ယူပြန်တယ်။ ။သပိတ်တော်ကိုယူပြီး မိမိ လောင်း ထိုက် တဲ့ ရွှံ့ပုပ်တွေကိုဖယ်ရှားလျက် နံ့သာရေတို့ဖြင့် စင်ကြယ်စွာ ဆေးကြောပြီးလျှင် နံ့သာမှုန့်တို့ဖြင့် တဘန်ပွတ်တိုက်ပြန်တယ်။ ။ထို့နောက် အမြိန်အရသာတို့နှင့် ပြည့်စုံတဲ့ စတုမဓုကို လောင်း ထဲ့ပြီး၊ အထက်ကတဘန်၊ ကြာညိုပန်း၏ ဝတ်ဆံပမာ၊ ဝင်း ဝါတဲ့ ထောပတ်များကို လောင်းထဲ့ ပြန်တယ်၊ သပိတ် တော် ကို ရှင်ပစ္စေကဗုဒ္ဓါ၏ လက်တော်သို့ ဆက်ကပ်ပြီး ''အရှင်ဘုရား၊ ကြာညိုပန်း၏ ဝတ်ဆံပမာ၊ ဝါသော ထောပတ်တို့ဖြင့် သွန်းလောင်း၍ စတုမဓုကို လှူဒါန်းရတဲ့ ကုသိုလ်စေတနာကြောင့်၊ နောင်ဖြစ်လေရာ ဘဝတိုင်းမှာ ကြာညိုပန်းဝတ်ဆံပမာ၊ထိန်ဝါတောက်လင်းသော ကိုယ်ရောင် အဆင်းနှင့် ပြည့်စုံရပါလိုရဲ့ဘုရား''လို့ အဲ-သည့်သို့ ဆုတောင်းလိုက်တယ်။

ရှင်ပစ္စေကဗုဒ္ဓါ အရှင်မြတ်ကလဲ၊ အနုမောဒနာတရားကို၊ ဟောကြားတော်မူပြီး၊ 'တောင်းတဲ့ဆုအတိုင်း ပြည့်စုံစေ''ဟု

ဆုပေးကာ ကောင်းကင်ခရီးဖြင့် ပျံကြွတော်မူတယ်။ ။သူကြွယ် ပြန်လာတဲ့အခါ၊ တစုံတရာမျှ မသိစေဘူးတဲ့၊ သူတို့ရန်ဖြစ်တဲ့ အမှုများကို မသိအောင် ဖုံးထားကြတယ်၊ မယ်ဘဒ္ဒါရဲ့အလောင်း ဖြစ်တဲ့ သူကြွယ်ကတော်မှာဖြင့် ဝန်ကြွေးမကင်းလို့၊ မသန့်ရှင်း တဲ့အပြစ်ကြီးဟာ၊ တံဆိပ် ခပ်နှိပ်ထားတဲ့အသွင်၊ အစဉ်လိုက် ပါသွားတာပေါ့လေ။

## ရွှံပုပ်၏အကျိုးဝိပါက်။

ယခုတော်ပြခဲ့တဲ့ဘဝမှာ၊ အသက်အတိုင်းနေ၍ စုတေသွား ကြတော့၊သူကြွယ်နှင့် သူကြွယ်ကတော်အစုံ၊ နတ်ဘုံသို့ရောက် သွားကြတယ်။ ။နတ်ပြည် သုဂတိမှာ နှစ်ပေါင်း ကြာရှည်စွာ ခံစားစံစားပြီး၊ ကဿပဘုရားလက်ထက်တော်သို့ ရောက်တော့ ရှင်မဟာကဿပ အလောင်းက၊ ကုဋေရှစ်ဆယ် ကြွယ်ဝတဲ့ သူဌေးအမျိုးမှာဖြစ်လာတယ်။မယ်ဘဒ္ဒါအလောင်းကလဲ ထိုနည်း တူစွာ ကုဋေရှစ်ဆယ်ကြွယ်ဝတဲ့ သူဌေးအမျိုးမှာပင် ဖြစ်လာ တယ်။မြို့မှာတော့ဗာရာဏသီမြို့တော်ကြီးပေါ့။

မယ်ဘဒ္ဒါရဲ့ အလောင်းတော် သူဌေးသမီးမှာ၊ ရှင်ပစ္စေကဗုဒ္ဓါ အထံတော်၌၊ ဆုတောင်းပဍ္ဍနာ ပြုခဲ့တဲ့အတိုင်း၊ ကိုယ်ရောင် အဆင်းဘတော့၊ တထိန်ထိန်ဝါဝင်းပြီး၊ ဗာရာဏသီ မြို့တော် ကြီးမှာ၊ ထွီးကညာမယှဉ်သာအောင် လှန်စွာလှပတဲ့ အဆင်းနှင့် ပြည့်စုံတယ်။ သို့ရာတွင် ရှင်ပစ္စေကဗုဒ္ဓါ၏ သပိတ်တော်ထဲမှာ အလွန်နံစော်တဲ့ ရွှံ့ပုပ်တွေကို ယောင်းထဲ့ဘူးတဲ့ အကုသိုလ်ကံ ကြောင့် သူ၏ကိုယ်နံ့ဟာ၊လွန်စွာနံစော်သတဲ့။ မစင်ဘင်ပုပ်ကို၏ အနံ့များနှင့် မခြားအောင်နံသတဲ့၊ အဆင်းသဏ္ဌာန် ဘယ်လိုပင် ကောင်းကောင်း၊ ကိုယ်နံ့ တထောင်းထောင်း နံစော်နေမှုဖြင့် လူအများအနားသို့မကပ်နိုင်ကြဘူး။ ။''အဆင်းကောင်းလျက် အနံ့ဖျက်''ဆိုတဲ့ စကားအတိုင်း၊ အသွေးအဆင်း ကောင်းပါ လျက် အနံ့ဆိုးဝါးတဲ့ ပန်းကို လူများ မပနံချင် သလိုပေါ့။ !

ဝင့်လိုက်တဲ့ ဝိပါက်ဆိုတာ လွန်စွာကြောက်ဘို့ ကောင်းတာ ကလား၊ ရှင်တော်ဘုရားမှ ရှောင်ရှားတော်မမူနိုင်ဘူး။ ဝိပါက် တော်ဆဲ နှစ်ပါး လိုက်ပုံများကိုလဲ ထင်ရှားစွာ ကျမ်းဂန်တို့၌ ပြဆိုထားတယ်။ ၎င်း-သို့အတွက် ဝိပါက်လိုက်မဲ့ အရေးကို တွေးလို့သာကြောက်ကြပေတော့။

## ရှစ်လုံးဘွဲ့ မြန်မာဂါထာ။

ဝိပါက်ရောက်ရေး-ကြောက်သွေးတုန်ဘွယ်။
ဘုရားသော်လဲ-ရှောင်လွှဲမလွယ်။
တွေ့ကြုံမြဲမို့-တဝဲလယ်လယ်။
မလွတ်သေး-ဝင့်ကြွေးခက်လှတယ်။

ဆိုခဲ့ကဲ့သူဌေးသားဟာ အချိန်အရွယ်သို့ ရောက်လာတော့ မိဘ သူဌေးကြီးများက အဘက်တန်တဲ့ သို့းကညာကိုရှာတွေ့ ကြတယ်။ ။ဗာရာဏသီမြို့တော်ကြီးအတွင်းမှာမျိုးနွယ်ဂုဏ်သိမ် စည်းစိမ်ကြွက်သရေ ချင်းတူမျှတဲ့ သို့းကညာကို ရှာကြတော့ အဆင်းကောင်းလျက် အနံ့ဖျက်နေတဲ့ သူဌေးသို့းကို တွေ့ကြရာ သူဌေးသား၏ မိဘများက ထိမ်းမြားမင်္ဂလာပြုလုပ်ရန် ပြောဆို ကြောင်းလှမ်းကြတယ်၊ ။အဆင်းကိုသာကြည့်ရှုပြီး၊ ကိုယ်နံ့ကို မစုံစမ်းမိတဲ့အတွက် သဘောတူကြတာပေါ့လေ။ ကိုယ်နံ့ကို စုံစမ်းဘို့ရာကလဲ အခက်သားဘဲ။ ။သူဌေးသို့းရဲ့မိဘများကလဲ ဂုဏ်ချင်းတူမျှတဲ့အတွက် ထိမ်းမြားမင်္ဂလာပြုလုပ်ရန် လက်ခံ လိုက်ကြတယ်။

နေ့ကောင်းရက်သာအချိန်အခါရွေးပြီး၊ သူဌေးသို့းကို သူဌေး သားအိမ်သို့ ဆောင်ယူမဲ့နေ့ကျတော့ လင့်ထံသို့ လိုက်ရဘော့ မည်ဖြစ်သို့ ကိုယ်နံ့များ ဖုံးလွှမ်းတားဆီးရအောင် သူဌေးသို့းက အရေးကြီးစွာ မွှေးကြိုင်တဲ့ နံ့သာတွေကို ထိမ်းကျံတာပေါ့၊ ချုံယွင်းတဲ့ အရာဆိုတာ လွန်စွာ မွှမ်းမံရတာမျိုး ကလား။ ။

အမွေးအကြိုင်ဆုံး၊ အဘိုးအတန်ဆုံးဖြစ်တဲ့ နံ့သာတို့ကိုလိမ်းကျံပြီး၊ ခြွေရံပေါင်းများစွာနှင့် လင့်အိမ်သို့ လိုက်သွားရှာပါရော။

(မှတ်ချက်။ ။ရှေးဓလေ့ ထိမ်းမြားမင်္ဂလာ ပြုလုပ်ရာတွင် သို့းကညာကလင်ရှိရာသို့လိုက်ပါစမြဲဖြစ်သည်။ လက်မထပ်ခင် အတွင်းမှာအချင်းချင်းမတွေ့ရကြ ဘူန်။ မိဘများက သဘောကျ သောအတိုင်း၊ထိမ်းမြားမင်္ဂလာပြုလုပ်သည့်များကို ခံကြရသည်။ လက်ထပ်မင်္ဂလာ ပြုသောနေ့မှာမှ၊ သတို့သား, သတို့သမီး,တို့ တွေ့မြင်ကြရစမြဲဖြစ်သည်။)

## အောင်တော့မည့်ဆဲဆဲ လက်ထပ်ပွဲကြီး ပျက်စီးသွားခြင်းအကြောင်း။

အဆင်းကောင်းလျက် အနံ့ဖျက်တဲ့ သူဌေးသမီး ကလေးဟာ နောက်ပါ ခြွေရံအများနှင့် တခမ်းတနား လင့်အိမ်သို့ ပါသွား တော့၊ ယောက်ျားဘက်ကလဲ တကဲ့သူဌေးကြီးဖြစ်တဲ့ အတွက် တခမ်းတနား ဆန်းဆန်းပြားပြား ပြင်ဆင်ပြီး၊ အကြီးအကျယ် ကြိုဆိုကြတယ်၊ သည်လိုမင်္ဂလာအခါကြီးဆိုတော့ အလုံးစုံသော လောကဝတ်ဖြင့် ထွတ်ပြီးကြိုဆိုကြစမြဲပေါ့လေ။

သူဌေးသမီး, အိမ်းသို့ဝင်သည်နှင့် တပြိုင်နက်၊ မစင်ဘင်ပုပ် ရနံ့တွေဟာ လေဟုန်နှင့်ပျံ့နှံ့ပြီး၊ လူတိုင်းနှာခေါင်းရှုံ့ရအောင် လှိုင်သွားပါရော။ တကဲ့အရေးကြီးထဲမှာမှ ရှေးကံက ထွတ် အကျိုးပေးတာကိုး။ဒုစရိုက်ကံဆိုတာလွန်စွာနှိပ်စက်တတ်ထာမျိုး ကလား။အရေးကြုံလေ ခလေ အားဟုန်ထွတ်နှိပ်စက်ထေလေဘဲ။

နှာခေါင်းရှုံ့ပြီး ငုံနေကြဘဲ မင်္ဂလာပွဲလာ လူပရိသတ်များ ကလဲ ဘယ်ကအနံ့လဲ, ဘယ်ကအနံ့လဲ, လို့ အချင်းချင်း မေးမြန်း ကြတယ်။ အဆုံးကျတော့၊ သူဌေးသမီးရဲ့ ကိုယ်နံ့ဖြစ်ကြောင်း သိကြတာပေါ့။ အင်း-လက်ထပ်ပွဲကြီးပျက်စီးရှာတော့မယ်။

သူဌေးသားကလဲ ဆန်းပြားသစ်လွင်၍ ချစ်ခင်ဘွယ်ကောင်း တဲ့ အဘိုးတန် ဝတ်စားတန်ဆာတွေကို ဆင်ယင်ပြီး တိုက်ကြီး

ပေါ်က မျှော်လင့်ရှုစားနေခိုက်၊ သူဌေးသ္မီးကို မြင်လိုက်တော့ ငါနှင့်ထိုက်ပေသကိုးလို့ နှစ်ချိုက်စွာ ငေးနေသတဲ့။ သည်လို ငေးနေတဲ့အတောအတွင်းမှာပင်၊ မစင်ဘင်ပုပ်နံ့တွေ လှိုင်လာတော့ မခံနိုင်လို့နှာခေါင်းရှုံ့သွားပြန်ပါရော။အနံ့ကလဲဆိုးဝါး သူဌေးသားကအသန့်အပျံ့ကြိုက်၊ ဆန့်ကျင်ဘက် အခြေသို့ဆိုက် ရောက်သွားတာပေါ့။

သူဌေးသားက ''သည်လိုမင်္ဂလာအခမ်းအနားမှာ ထူးထူး ခြားခြား အနံ့တွေ ဆိုးဝါးပါကလား၊ ဘယ်ကအနံ့လဲ'' လို့ မေးတော့၊ ကျေးကျွန်တို့က 'ရှိန်တဲ့အတိုင်းဖွင့်ပြီး ''ယခုဆိုက် ရောက်လာတဲ့ သူဌေးသ္မီးရဲ့ အနံ့ပါသခင်လို့ ပြောကြားကြ တယ်။ ။သည်စကားကိုကြားတော့ ''အို-တယ်အနံ့ဆိုးဝါ ပါ ကလား။အဆင်းကနတ်သ္မီးရုပ်၊အနံ့ကမစင်ဘင်ပုပ်၊စက်ဆုပ်ဘို့ အလွန်ကောင်းတယ်၊ ပေါင်းနိုင်ပမလား။ ကိုယ်နံ့မကောင်းတဲ့ မိန်းမဟာ မင်္ဂလာလဲမရှိဘူး။သည်အကောင်မကို ငါထက်မထပ် လိုဘူး၊ အိမ်ဝင်းအတွင်းသို့ မသွင်းကြနှင့်၊ ယခုပင် ထွက်သွား ပါစေ၊''ဆိုသည်လိုအမိန့်ပေးပါရော။

သူဌေးသားက မနှစ်သက်ဘူးဆိုတော့၊ မိဘများ ကလဲ သား၏အလိုကို လိုက်နေကြသူများဖြစ်လို့၊ မည်သို့မျှမတတ်နိုင် ကြတော့ဘူး။ သည်လိုအရာဆိုတော့ ကာယကံရှင်ကိုယ်တိုင်က နှစ်သက်မှလဲ ဖြစ်နိုင်တာမျိုး ပေကိုး။ ။သူဌေးသားရဲ့ အမိန့် အတိုင်း အလိုမရှိကြောင်းကိုပြန်ပြောတော့၊ ခြွေရံပရိသတ်နှင့် တကွ၊ တခမ်းတနားရောက်လာတဲ့ သူဌေးသ္မီးမှာ ဘာမျှမတတ် နိုင်ရှာတော့ဘဲ ဝမ်းနဲ့ပက်လက်နှင့် အရှက်တကွဲ အကျိုးနဲ့ဖြစ်ပြီး ပြန်သွားရရှာတာပေါ့။ ။သူဌေးသားကိုလဲ ရက်စက်တယ်လို့ မဆိုထိုက်ပေဘူး၊ သူ့ဘက်က စိမ့်လာဘော့၊ မည်သူမျှမတတ်နိုင် ဘူးပေါ့။ ။သည့်လိုဖြစ်ရခြင်းဟာ ရှင်ပဿကဗုဒ္ဓါ၏ သပိတ် တော်ထဲသို့ ရွှံ့ပုပ်ဘွေကို စိတ်ထားမကောင်းဘဲ လောင်းထဲ့ လိုက်တဲ့ ကံဆိုး၏ အကျိုးပေးခြင်းဖြစ်ပေတယ်။ ။ထိမ်းမြား

ခါနီးဆဲဆဲမှာ လက်ထပ်ပွဲကြီး ဖြုံးကနဲ ပျက်စီးသွားရခြင်းဟာ အလွန့်အလွန်နစ်နာ၍ ရှက်စရာအပုံကြီး ကောင်းတာပေါ့။

(ယခုခေတ်အခါမှာလဲ တစုံတခုသော အကြောင်း ကြောင့်၊ ထိမ်းမြားခါနီးဆဲဆဲမှာ လက်ထပ်ပွဲကြီး ဖရိုဖရဲ ပျက်စီးသွားခြင်းများလဲဖြစ်တတ်တယ်။ သည့်လိုဖြစ်ရခြင်းကို ရှေးကံ မစင်ကြယ်လို့သာမှတ်ကြပေတော့။)

သူဌေးသို့းမှာ အရှက်တကွဲအကျိုးနဲ့ဖြစ်ပြီး၊ မိဘအိမ်သို့ ပြန်ရောက်လာတဲ့အခါကစပြီး အပြင်ဘက်သို့မထွက်ဝံ့ရှာတော့ဘူး။ အိမ်တွင်းပုန်းလုပ်ပြီး ထကုတ်ထဲ ကုတ်ရှိသာ နေရှာတော့တယ်။ ။ကိုယ်နဲ့ ပုပ်လို့လင်စက်ဆုပ်တဲ့မိန်းမ၊ မင်္ဂလာဆောင်ခါနီးမှာ ပွဲကြီးပျက်တဲ့မိန်းမရယ်လို့လဲ မေးတငေါ့ငေါ့နှင့် အချို့မိန်းမများက ကဲ့ရဲ့ပြောဆိုကြတယ်။ ။မိန်းမဆိုတာ ကဲ့ရဲ့တို့သဲလွန်စကလေး တွေ့ပြီဆိုမှဖြင့် မေးငေါ့ကာ မဲ့ရွဲ့ပြီး ကဲ့ရဲ့လှော့ နိုကြသပေါ့လေ။ သူတို့စရိုက် ဓမ္မတာမို့ အပြစ်လဲ မဆိုတော့ပါဘူး။

သူဌေးသားမှာလဲအဆင်းကိုတော့ အစုံမက်သားဘဲ၊ ကိုယ်နံ့ ပုပ်လို့သာစက်ဆုပ်ခြင်းကို သည်းမခံနိုင်လို့ နှင်လိုက်ရတယ်။ သူ့စိတ်ထဲမှာတော့၊ အစွဲမပြေဘဲ၊ တမြှေ့မြှေ့နှင့် အောက်မေ့လွမ်းဆွတ်နေသတဲ့၊ သူဌေးသို့းကလဲ၊ငါ့ကိုနှင်လိုက်ရမလားလို့ စိတ်မပျက်ရှာဘူး။ ငါ့ကိုယ်နံ့အတွက်ကြောင့်သာ သူမနှစ်သက်ဘဲဖြစ်ရှာတယ်။ ဆဲ-သို့ကလိုတွေးတောကာကျေနပ်ပြီး၊အသစ်ကိုမရှာပါစေနှင့် ငါ့ကိုသာနှစ်သက်ပါစေလို့ ဆုတောင်းနေရှာသတဲ့။ ရှေးအကြောင်းဆုံဆီး၍၊ရေစက်နီးခဲ့တဲ့သူချင်းဖြစ်တော့ ဘယ်မှာ အချစ်ပျက်နိုင်ပါမလဲလေ နှစ်သက်ရင်းစွဲ" ရှိလေကြတာကိုး။

သူဌေးသို့းရဲ့ စိတ်မှာ၊ "ကိုယ်နံ့မွှေးလျှင်" လေးမြတ်စွာ ပေါင်းသင်းလိမ့်မယ်"ဆဲ-သည့်လိုအစွဲအမြဲ စိတ်ထဲမှာစေပြီး မကောင်းတဲ့ကိုယ်နံ့များပျောက်အောင်၊နံ့သာရေအမျိုးမျိုးဖြင့်

နေ့စဉ်မပြတ်ရေချိုးပြီး ကိုယ်နံ့မွှေးအောင်၊ နံ့သာခြွေးအောင်းခြင်းအလုပ်ကိုသာ အားထုတ်လို့နေတော့တာပါဘဲတဲ့။ လင်ချစ်ဘို့အလုပ်နှင့် အများကြီးကိစ္စရှုပ်နေရှာမှာဘဲနော်။

## ခုနစ်ကြိမ်တိုင်တိုင်ပြန်၍ခေါ်ဆောင်ခြင်း

သူဌေးသားကလဲ ရှင်မဟာကဿပရဲ့အလောင်း၊ သူဌေးသ္မီးကလဲ မယ်ဘဒ္ဒါရဲ့ အလောင်း၊ အကြောင်းဆက်စုံညီ၍ ပါရမီအတူဖြည့်ခဲ့ကြတဲ့ ပုဂ္ဂိုလ်ချင်းဖြစ်တော့၊ ဘဝဆုံးအောင်လုံးလုံးကြီးကွဲမသွားနိုင်ပေဘူးပေါ့။ တနေ့ကျတော့ တွေ့ဆုံပေါင်းဘက်ခဲ့ကြပါလိမ့်မယ်။ သူဌေးသား၏ စိတ်ထဲမှာ ရူပါရုံအစွဲကိုမဖြတ်နိုင်တဲ့အတွက်ကြောင့် ကိုယ်နံ့ဆိုတာ ပျောက်ချင်တဲ့အခါပျောက်သွားလိမ့်မယ်၊ အဆင်းဂုဏ်နှင့်ပြည့်စုံတဲ့ မိန်းမရတနာဆိုတာ၊ လောကမှာလွန်စွာရခဲတာဘဲ၊ ပြန်ခေါ်မှ သင့်လိမ့်မယ်ထင်ပါရဲ့''ဆဲသည်လို စဉ်းစားပြီး မိဘများကို တိုင်ကြား၍၊ ဒုတိယတဘန်၊ ပြန်လို့ခေါ်ဆောင်တယ်၊ သူဌေးသ္မီးကလဲ အရေးတကြီး မျှော်နေရှာသူမို့ အခေါ်လွှတ်တယ်ဆိုတော့၊ လက်မလွှတ်အောင် လိုက် သွား ချင် တာ ပေါ့လေ၊ မိန်းမဘို့ မာန်စွယ်နှင့်ဟန်ရယ်လို့ မ လုပ် နိုင် ရှာ တော့ ဘူး၊ ဒုတိယ အကြိမ်ခေါ်လို့လိုက်သွားပြန်ပါဘော့လဲ၊ အကုသိုလ်လွှမ်းမိုး၍၊ အနံ့ဆိုးတဲ့ဂန္ဓာရုံက၊ အဟုန်မပြယ်တဲ့အတွက်၊ မစုံမက်နိုင်ဘူးလို့ပြန်လွှတ်ပြန်ပါရော၊ ၊သူဌေးသ္မီးကလဲ သွေးကြီးခြင်း၊ မာန်တက်ခြင်းအမှုကိုမပြုဘဲ၊ ''သူပြန်လွှတ်လျှင်လဲ ငါပြန်သွားအုံးမှာဘဲ'' လို့ ကျေကျေနပ်နပ်နှင့် ပြန်လို့သွားရှာတယ်။ သူ့ခမျာမှာ မရှက်နိုင်တော့ဘူး၊ ၊သူဌေးသ္မီးကိုလဲ၊ မိန်းမဇာနေ့ခြဲရမလားလို့အပြစ်မဆိုကြပါနှင့်၊ ဈေးကဲ့နှိပ်စယ်လို့၊ ဂ ရောက် ဂ ရက် ဖြစ် နေ ရှာတာပါ ဇာနေ့ခြဲလို့မဟုတ်ပါဘူး၊

သူဌေးသားကလဲ တခြားမိန်းမများကို၊ ထိမ်းမြားစုံဘက်၍၊ နှစ်သက်ဘို့ စိတ်မကူးဘဲ၊ သူကလွဲလျှင် ဘယ်သ္မီး ကညာ ကို မှ

ငါမယူတော့ပါဘူးလို့၊ သန္နိဋ္ဌာန်ချထားတယ်။ ။ယခုပြခဲ့တဲ့ နည်းအတိုင်း စိတ်မပျက်နိုင်လွန်းလို့ ခေါ်လိုက် ပြန်လွှတ်လိုက်, အဲ-သည့်လိုဖြစ်နေလိုက်ထာ၊ ခုနစ်ကြိမ်တိုင်တိုင် ထိသွားသတဲ့။ ဖြစ်ရပုံများဟာလဲ အလွန်တရာ ထူးဆန်းတာဘဲနော်။ ။ ခုနစ်ကြိမ်တိုင်တိုင် ပြန်လို့လွှတ်ပြီးနောက် သူဋ္ဌေးသားက ဘယ်လိုကြံသလဲဆိုတော့၊ " တန်ပါပေါ့၊ သည်ဘဝမှာ မိန်းမ ဆိုလျှင် ဘယ်လိုပင်လှလှ မယူတော့ပါဘူး။ အဆင်းလှသော်လဲ အတွင်းကခေတ်ကြောတွေကို သိတ္တိအလွန်ခက်တယ်။ အသက် ထက်ဆုံး လူ့အညှန့်တုံးချင် တုံးပါစေတော့၊ လူပျိုကြီးလုပ်နေ ပါတော့မယ်။ ဟိုသူဋ္ဌေးသို့းကိုလဲ ပြန်မခေါ်တော့ပါဘူး" လို့ ကြံစည်ထားသတဲ့။ ။သူဋ္ဌေးသို့း သူ့ခမျာမှာလဲ၊ " သည်ဘဝ မှာဖြင့် ကိစ္စတုံးပေါ့၊ လူဖြစ်ကျိုးရှုံးခဲ့ပြီ။ ခုနစ်ကြိမ် တိုင်တိုင် လင်၏အနှင်ကိုခံခဲ့ရတယ်၊နောက်တခါခေါ်မှာလဲ မဟုတ်တော့ ပါဘူး။ အသက်ထက်ဆုံး လူ့အညွှန့်တုံးချင် တုံးပေစေတော့၊ အပျိုကြီးလုပ်နေပါတော့မယ်၊ ဝတ်စားတန်ဆာတွေကိုလဲ မဆင်ခြင်တော့ပါဘူး။ နံ့သာတွေကိုလဲ မလိမ်းချင်တော့ဘူး။" အဲ-သည့်လို ကြံစည်ထားသတဲ့၊ သူတို့ကြံပုံဟာ လွန်စွာတူကြ ပေတယ်။ ကံတူတော့ အကြံလဲတူတာပေါ့လေ။

## ကံကော်၍ နံ့စော်ခြင်း ပျောက်ကင်းသွားပုံ

အဲ-ပြခဲ့ပြီးသောအတိုင်း စိတ်နှလုံးကို၊ တုံးတုံးချ၍ နေကြ တဲ့အတွင်း၊ ကဿပ ရှင်တော်ဘုရား ပရိနိဗ္ဗာန် စံလွန်တော်မူ သွားတယ်။ ။ထိုအခါ ကြွင်းကျန်ရစ်တဲ့သရိယ ဓာတ်တော် များကို ဌာပနာပြီး၊ ရွှေစေတီကြီး တဆူကို အကြီးအကျယ် တည်ကြတယ်။ ထိုရွှေစေတီကြီးဟာ တယူဇနာ အမြင့်ရှိသတဲ့၊ နီသော ဇမ္ဗူရစ် ရွှေသားကို အုတ်ချပ်လုပ်ပြီး စီကြရတယ်၊ ရွှေသားအုတ် တချပ်တချပ်မှာ၊ အဘိုးတသိန်းတန်သတဲ့၊ အံ့ဩ စဘွယ်အလွန်ကြီးကျယ်၍ အဘိုးထိုက်ပါပေတယ်။

ရွှေစေတီကြီး တည်နေစဉ်အတောအတွင်း၊ သူဌေးသို့မှာ၊ သဒ္ဒါတရား ဘယ်လိုဖြစ်ပွါးသလဲဆိုတော့၊ "ဪ-သည်ဘဝမှာ ကံအကျိုးပေးက မွေးမြိန်ထိမ်ငယ်လို့၊သူဌေးသို့ ဖြစ်ရသော်လဲ၊လင်မချစ်သဖြင့်၊ စွန့်ပစ်ခြင်းကိုခံရတယ်။ လင်စွန့်ပစ်တဲ့ခန္ဓာကိုယ်ကြီးကို တန်ဆာဆင်ယင်နေသဖြင့်၊ ဘာအကျိုးရှိတော့မလဲ။မိန်းမတို့မှာ အဆင်တန်ဆာအမျိုးစုံနှင့်၊ ထုံမွှံချယ်လယ်ရခြင်းဆိုတာ၊စင်စစ်မှာတော့၊ လင်ချစ်ဘို့ လုပ်ရတဲ့ အလုပ်မျိုးဘဲ၊ အကျိုးမရှိတော့ပါဘူး။ ငါဆင်ယင်တဲ့ တန်ဆာတွေကိုရောင်းပြီး၊ ရွှေခုပ်ကြီးတချပ်လုပ်၍၊ စေတီတော်မှာ ကုသိုလ်ဝင်လိုက်မယ်။"ဆဲသည့်လို သဒ္ဒါတရားနှင့် ကြံစည်ပြီး၊ မိမိဝတ်ဆင်တဲ့ တန်ဆာတွေကို ရောင်းပြီး၊အဘိုးတသိန်းထိုက်တဲ့ရွှေခုတ်ကြီးတချပ်ပြုလုပ်တယ်။ ။ပြီးစီးတဲ့အခါ ကြာပန်းနှစ်ခိုင်နှင့် တကွ ရွှေခုတ်ကြီးကိုယူပြီး၊စေတီတော်ကြီးမှာ၊ သာဟတ္ထိက မြောက်အောင် လှူဒါန်း တယ်။ ။သည်အခါ ဘယ်လိုဆုတောင်းသလဲလို့ဆိုတော့ ကြာပန်းရှစ်ခိုင်နှင့်တကွ ရွှေခုတ်ကို လှူဒန်းရတဲ့ကုသိုလ်ကြောင့် ဖြစ်လေရာဘဝမှာ၊ စန္ဒကူးနံ့သာကဲ့သို့၊ကိုယ်နံ့ မွှေးကြိုင်ပါစေသား။ ကြာညိုပန်းရနံ့သင်းသလို ခံတွင်းနံ့ ကြိုင်လှိုင်ပါစေသား။" ဆဲသည့်လို ဆုတောင်းသတဲ့။ သူ့အကြောင်း သူသိပြီး၊ သူအလိုရှိတာကို ဆုတောင်းရှာတာပေါ့လေ။

## ဆုတောင်းဂါထာ။

> ဣမိနာ ပုညကမ္မေန၊ ကာယဂန္ဓော စ စန္ဒနံ။
> မုခသော ဥပ္ပလသောဝ၊ ဂန္ဓော ဝါယတု မေသဒါ။

ဣမိနာပုညကမ္မေန။ဤသို့ လှူဒါန်းပူဇော်ရသော ကုသိုလ်ကံကြောင့်။မေ။အကျွန်ုပ်၏။ကာယဂန္ဓောစ။ကိုယ်ရနံ့သည်လည်း။စန္ဒနံဣဝ။စန္ဒကူးနံ့သာကဲ့သို့။ သဒါ။ အခါခပ်သိမ်း။ ဝါယတု။ ကြိုင်လှိုင်သင်းပျံ့ပါစေသတည်း။ မေ။ အကျွန်ုပ်၏။ မုခတော။

ခံတွင်းမှ၊ ဥပ္ပလသ၊ ကြာညိုပန်း၏၊ ဂန္ဓော ဇာ၀၊ ရနံ့ကဲ့သို့၊ သဒါ၊ အခါခပ်သိမ်း ၀ါယာဘု၊ ကြိုင်လှိုင်သင်းပျံ့ပါစေသတည်း။

ဆဲ-၍ကဲ့သို့ ဆုတောင်းပထနာပြုပြီး၊ တည်နေ ဆဲ ဖြစ်တဲ့ စေဘီတော်ကြီးကို၊ လက်ျာရစ် သုံးပတ် လှဲ့ကာရှိခိုး၍၊ အိမ်သို့ ပြန်လာဘယ်၊ ။ထင်ထင်ရှားရှား၊ခြားခြားနားနား၊ မျက်မှောက် ဗိဇ္ဈအားဖြင့်၊ ဘယ်လို အကျိုး ပေး လာ သ လဲ လို့ ဆိုတော့၊ ဆုတောင်းလို့ ပြီးသည့်နှင့်တပြိုင်နက်၊ ယောင်နံ့ပုပ်သိုး၊ ရှေးက အနံ့မျိုးတွေ ကွယ်ပျောက်ပြီး၊ တကိုယ်လုံးမှ စန္ဒကူးနံ့သာရနံ့ တွေ ကြိုင်သိုင်လာတယ်၊ စကား ပြောတိုင်း ပြောတိုင်း၊ ခံတွင်း မှ ပျံ့သင်းတဲ့ ကြာညိုပန်းနံ့ တွေ ကြိုင်လှိုင်လာတယ်၊ ။သည့်အခါ၊ သူဌေးသို့း၍ ၀မ်းမြောက်ပုံများကို၊ စကားဖြင့် ပြောဆိုလို့ မဖြစ်နိုင်အောင် ၀မ်းမြောက်တော့ဘာပေါ့၊ သူအလိုရှိတဲ့အာရုံ၊ ခဏချင်း ပြည့်စုံသွားတာကိုး ၀မ်းမမြောက်ဘဲ နေနိုင်ပါတော့ မလား၊ ။ဆဲသည့်လို ရနံ့လှိုင်၍၊ တကိုယ်သုံး မွှေးကြိုင်လာ တော့၊ သူဌေးသို့း၍စိတ်ထဲမှာ၊ ဘယ်လိုသဘောပေါက်လာသ သဲ လို့ဆိုတော့၊ "ကဲ-သိကြရော့မယ်၊ မောင်မင်းကြီးသား၊ သည့်တ ခါများခေါ်လို့ ပြန်ထွက်နိုင်လျှင်၊ တကဲ့ယောကျ်ားဘဲလို့ ချီးမွမ်း ရတော့မှာပေါ့၊" ဆဲသည့်လို အကြံပေါက်လေသတဲ။

## ရှစ်ကြိမ်မြောက်-ပြန်၍ခေါ်ဆောင်ခြင်း။

သူဌေးသို့းမှာ အပုပ်နံ့ ပျောက်၍ အမွှေးနံ့ ရောက်လာတော့၊ အချင်းချင်း ခေတ်ခိုက်တဲ့လက္ခဏာ၊ မခေါ်တော့ပါဟု စိတ်ချ ထားတဲ့ သူဌေးသား၍ စိတ်ထဲမှာ မကြာမကြာ ထင်မြင်ပြီး၊ ပြန်ခေါ်ချင်တဲ့ စိတ်တွေ ပေါ်ပေါက် လာသတဲ့၊ ။ထိုအခါ၊ ဗာရာဏသီနေပြည်တော်ကြီးမှာ လွန်စွာကြီးကျယ်တဲ့ နက္ခတ်ပွဲ သဘင် ဆင်ယင် ကျင်းပတဲ့ အခိုက် နှင့် ကြုံကြိုက် လေတော့၊ အစုံ-အစုံသွဥ်တွဲ၍ ပျော်ပွဲထွက်ကြ ဘဲ့ အချိန်ကြီးလဲ ဖြစ်နေ တယ်၊ ။သူဌေးသားကလဲ သူများလိုအစုံ-အစုံတွဲ၍ ပျော်ပွဲထွက်

ချင်တဲ့စိတ်မျိုးတွေ ပေါ်လာတာပေါ့လေ။ ရှေးကံက နှိုးဆော်လာပြီကိုး။ သည်လို စိတ်မျိုးတွေ ပေါ်လာတော့မှာပေါ့။ ။ သည်အခါ ကျေးကျွန်များကိုခေါ်ပြီး "ဟိုယခင်က သူဌေးသို့းဟာ လွတ်လွတ်လပ်လပ် ရှိပါသေးရဲ့လား၊ ဘယ်မှာနေသလဲ" လို့ မေးတယ်။ ။ကျေးကျွန်များကလဲ သူမိဘအိမ်မှာပင် လွတ်လွတ်လပ်လပ်ရှိနေပါတယ်" လို့ပြန်ကြားကြတယ်။

သူဌေးသားက "ကဲ-ဒါဖြင့်သွားခေါ်ကြပေတော့၊ နက္ခတ်ပွဲသဘင်ကို ပျော်ရွှင်စွာထွက်ချင်တယ်။" ဆဲသည့်လို အမိန့်ပေးတော့ ကျေးကျွန်များကလဲ ရှေးကလိုပင် မှတ်ထင်ကြသောကြောင့်၊ "တို့သခင်ရဲ့အပေါင်းကိုပင်မစွန့်နိုင်ရှာဘူး။ခေါ်လိုက်ပြန့်လွှတ်လိုက်နှင့် အကြိမ်ပေါင်းများလှပေါ့။ ခေါ်လို့ ရောက်လာတဲ့အခါ ဘင်ပုပ်နံ့ တလှိုင်လှိုင်နှင့် မနေနိုင်အောင် ဒုက္ခရောက်ကြရအုံးမှာဘဲ" လို့ တိးတိုးစကား အချင်းချင်း ပြောကြားကြသတဲ့။ ။သို့ရာတွင်၊ အရှင်သခင်၏ အမိန့် အတိုင်း သွားရောက်ခေါ် ဆောင်ကြတော့ သူဌေးသို့းက မလိုက်ဘူးလို့ သော့ မငြင်းပါဘူး။ သို့ရာတွင် ဝတ်စားတန်ဆာ အလုံးစုံကို အကုန်ရောင်းချ၍ လှူဒါန်းလိုက်တဲ့ အတွက် ဝတ်ဆင်ဘို့ မရှိတော့ပါ။ အဆင်တန်ဆာမရှိဘဲ လိုက်ဘို့အတွက် ရှက်လှပါတယ်။ သည့်အကြောင်းကို သူဌေးသားသို့ပြန်ကြားပေတော့" လို့ ပြောလိုက်တယ်။ ။ကျေးကျွန်များကလဲ သူဌေးသို့း၏ စကားအတိုင်း သူဌေးသားကို အကြောင်းပြန်ကြားတော့ ခေါ်လိုအားသန်သဖြင့် "အဆင်တန်ဆာ မပါချင်ရှိပေစေ၊ ရောက်လာတဲ့အခါ ကောင်းစွာဆင်ယင်ပေးပါမယ်၊ခေါ်သာခေါ် ခဲ့ကြပေတော့" လို့ အမိန့်ရှိသဖြင့်၊ ကျေးကျွန်များက သွားလို့ ခေါ်ကြတယ်။ ။ဆောင်ကျဉ်းလာသို့ သူဌေးသို့း အိမ်ဝင်းအတွင်း သို့ရောက်လျှင် ရောက်ချင်း၊ ထုံသင်းကြိုင်လှိုင်တဲ့ စန္ဒကူးနံ့တွေဟာ တကြူကြူ မွှေးလာတယ်၊ သည်အခါ လွန်စွာဝမ်းမြောက်ကြ

တာပေါ့လေ။ သူဌေးသို့ရဲ့ ကိုယ်နံ့က တပျံ့ပျံ့မွှေးကြိုင်ကြောင်း ကိုလဲ သိကြတယ်။

သူဌေးသားမှာလဲ မွှေးကြူပျံ့ကြိုင်၊ စန္ဒကူးရနံ့တွေ လှိုင်လာတော့။ "ဩြော်တယ်ထူးဆန်းပါကလား။ ဘယ်ကကြိုင်လှိုင်တဲ့ ရနံ့တွေလဲ" လို့မေးတော့၊ ကျေးကျွန်များက "အခြားမဟုတ်ပါ ယာခုဆောင်ကြဦးလာတဲ့ သခင်မ ကိုယ်ရနံ့ ဖြစ်ပါတယ်" လို့ ပြောကြားကြတယ်။ ။သည်စကားကို ကြားလျှင် ကြားချင်း။ အပြင်းအထန် ဝမ်းမြောက်ပြီး၊ ကိုယ်တိုင်ကြိုယူကာ မင်္ဂလာ ကြက်သရေရှိတဲ့ တိုက်ခန်းအတွင်းသို့ ရောက်တော့ ဧည့်သည်ယခင်ကတော့ သင်နှမ၏ ကိုယ်ရနံ့များဟာ။ ။မစင်ဘင်ပုပ်ကဲ့သို့ စက်ဆုပ်ဘွယ် ရှိပါကလား။ ယာခုအခါမှာတော့ ကိုယ်နံ့က စန္ဒကူး။ ခံတွင်းကကြာညို၊ ဘယ်လိုကြောင့် ထူးထူးဆန်းဆန်း ပြောင်းလဲရဒါလဲ လို့ မေးမြန်းတယ်၊ သည့်တော့ သူဌေးသို့းက အဆင်တန်ဆာတွေကို အကုန်ရောင်းပြီး ရွှေအုပ်ကြီး တချပ် ပြုလုပ်လှူဒါန်းပုံမှစ၍ စုံလင်စွာပြောကြားရှာတယ်။

သူဌေးသားက ချစ်အား သန်လှ သည့် နှင့်၊ ဟို ယခင် က သည်ကဲ့သို့လှူဒါန်းလိုက်ပါလျှင် ကြားကြာကဲ့ ကြမယ်လို့ မဟုတ် ဘူး။ ။ကုန်လွန်ခဲ့တဲ့ ရက်တွေဟာ အရှုံးဘက်သို့ ပါကုန်ပြီ၊ ခုနစ်ကြိမ်တိုင်တိုင်ပြန်လွှတ်သည့်ကိုလဲ သည်းခံပါ။ကံမကောင်း အကြောင်း မသင့်တဲ့အခါ၊ သည်သို့ ဖြစ်တတ်ထာမျိုး ပါဘဲ၊ ယာခုနေ့ကစပြီး နှုချင်နှု၊ ခွဲချင်ခွဲ တသက်လုံးမခွဲပါဘူးလို့ ချော့မော့ ရှာသတဲ့။ ဆဲသည်အခါကစပြီး၊အချစ်ကြီး ခိုင်မြဲစွာနှင့်၊ မခွဲမခွါ ပေါင်းသင်းကြရလေသတည်း။

သူဌေးသားကလဲ၊ဘုရားရှင်၏ ဂုဏ်ကျေးဇူးကြောင့်၊အကျိုး ထူး ဝိသေသများကို၊ ထင်ထင်ရှားရှား ရပေသည့်အတွက်၊ စေတနာ ထက်မြက်ပြီး၊ရွှေစေတီကြီး တရလုံးကို၊ အဘိုးများးစွာ ထိုက်တန်တဲ့ ကမ္ဗလာနီတို့ဖြင့် ရစ်ပတ်လွှမ်းခြုံကာ လှူဒါန်း တယ်၊ထို့ပြင်လဲ၊ ရထားလှည်းကြီးပမာဏရှိတဲ့၊ ရွှေသားကြာပွင့်

ကြီးတွေကို လုပ်ပြီး၊ ရွှေစေတီကြီး၏ ခေါင်းလောင်းပုံမှာ ဆွဲ၍ လှူ ဒါန်းတယ်။ ။ပါ ရ မီ ချင်း ဆုံကြတဲ့ သူတို့ ဘွဲ့ခင်ပွန်း နှစ်ယောက်ဟာ၊ ရှင်တော်ဘုရားတို့၏ ပရိနိဗ္ဗာန်စံပွဲ၊ ရွှေစေတီ တည်ပွဲကြီးများနှင့် မကြာမကြာ တွေ့ဆုံလေ့ရှိကြတဲ့အတွက်၊ အလွန် ကံထူးတဲ့ ပုဂ္ဂိုလ်များရယ်လို့ဆိုရမှာပေါ့။ဘုရားတကာ ကြီး၊ဘုရားအမကြီးရယ်လို့ ခေါ်ထိုက်ပါပေရဲ့။ ။အဲ-ယခုလို ပြဆိုခဲ့တဲ့ဘဝမှာ၊ အသက်အတိုင်းနေ၍ စုတေသွားကြတဲ့အခါ၊ တာဝတိံသာနတ်ပြည်မှာ၊ နတ်ချမ်းသာ စံစားလျက်၊ မပြား မကွဲ ဖြစ်ကြလေသတည်း။

ပြဆိုခဲ့ပြီးတဲ့ အကြောင်းများကို၊ ဘဒ္ဒါထေရီ ကိုယ်တော်တိုင် ဟောကြားတော်မူခဲ့တဲ့ ထေရီအပဒါန် ဂါထာများကို၊ အံချုပ် အားဖြင့် ထင်ရှားစွာ ထုတ်ပြရအုံးမှာပေါ့။

(ထ) တဒန္တံ ဆင္ဂယိတွာန၊ ဒုဿ ဗုဒ္ဓဿဟံ တဒါ။
ပတ္တံ ကလလ ပုဏ္ဏာဟံ၊ အဒါသိံ တဿတာဒိနော။

(ထ) တဒါ။ ထိုသူကြွယ်ကတော် ဖြစ်သောအခါ၌။ အဟံ။ အကျွန်ုပ်သည်။ ဗုဒ္ဓဿ၊ ပစ္စေကဗုဒ္ဓါ အရှင်မြတ်အား။ ဒုဿ။ ပြစ်မှားလေသည် ဖြစ်၍။ တဒန္တံ။ ထို လှူ ပြီး သော ဆွမ်း ကို။ ဆင္ဂယိတွာန။ မှောက်သွန် ပယ်စွန့်၍။ ပတ္တံ၊ သပိတ်တော်ကို။ ကလလပုဏ္ဏံ။ ရွှံ့ပုပ် အပြည့်လောင်းထည့်သည်ကို။ ကတွာ၊ပြု၍။ တာဒိနော။ဣဋ္ဌာရုံ,အနိဋ္ဌာရုံ,တို့ကြောင့်၊ တုန်လှုပ်ခြင်းမရှိသော။ တဿ။ ထိုပစ္စေကဗုဒ္ဓါ အရှင်မြတ်အား။ တံ။ ထိုရွှံ့တို့ဖြင့်ပြည့် သော သပိတ်တော်ကို၊အဒါသိံ။ဒေါသထွက်ကာ၊ လှူလိုက်ပါ သတည်း။

(ဒ) ဒါနေစ ဂဟာဏေစေဝ၊အပစေ ပဒုသေပိစ၊
ဘမဝိတ္တမှုနံ ဗိသွာ၊ တဒါဟံ သံဝိဇိံ ဘုသံ။

(ဒ )တဒါ။ထိုစဉ်အခါ၌။ ဒါနေစ၊ရွှံ့ပုပ်ပြည့်သော သပိတ် တော်ကို ကပ်လှူသောအခါ၌ရင်း၊ဂဟာဏေစေဝ။ သပိတ်တော်ကို

လှမ်းယူတော်မူသောအခါ၌ရှင်း၊ အပစေ၊ မရှိမသေပြုသော အခါ၌ရှင်း၊ပဒုသေပိစ၊ဒေါသထား၍၊ ပြစ်မှားသောအခါ၌ရှင်း၊ သမစိတ္တာမုခံ၊ စိတ်တော်မပြောင်း၊ မျက်နှာတော် မပြောင်းဘဲ၊ တသမတ်ထဲ တည်နေတော်မူပြီးသော ရှင်ပစ္စေကဗုဒ္ဓါကို၊ ဒိသွာ၊မြင်ရသည်ရှိသော်၊အဟံ၊အကျွန်ုပ်သည်၊ဘုသံ၊ ပြင်းထန် လိုက်လှဲစွာ၊ သံဝိဇ္ဇိံ၊ ကြောက်သောစိတ်ဖြင့်၊ တထိတ်ထိတ် တုန်လှုပ်မိပါသတည်း။

(၈) ပုနော ပတ္တံ ဂဟေတွာန၊ သောဓယိတွာ သုဂန္ဓိနာ၊
ပသန္နစိတ္တာ ပူရေတွာ၊ သဃာတံ သက္ကရံ အဒံ။

(၈) အဟံ၊အကျွန်ုပ်သည်၊ပုနော၊တဖန်၊ပတ္တံ၊သပိတ်တော်ကို၊ဂဟေတွာန၊ယူ၍၊ သုဂန္ဓိနာ၊ ကောင်းသောနံ့သာရေဖြင့်၊ သောဓယိတွာ၊ဆေးကြော၍၊ ပသန္နစိတ္တာ၊ ဝမ်းမြောက်နှစ်လို၊ ကြည်ညိုသောစိတ်ရှိသည်ဖြစ်၍၊ သဃာတံ၊ ထောပတ်နှင့်တကွ၊ ပူရေတွာ၊ပြည့်အောင်လောင်း၍၊သက္ကရံ၊ ရိုသေစွာ၊ အဒံ-အဒါသိံ၊လှူဒါန်းလိုက်ပါသတည်း၊

(၉) ယတ္ထ ယတ္ထောပပန္နာဟံ၊ သုရူပါ ဟောမိ ဒါနတော၊
ဗုဒ္ဓဿ အပကာရေန၊ ဒုဂ္ဂန္ဓာ ဝဒနေနစ။

(၉) ယတ္ထယတ္ထ၊ အကြင်အကြင်ဘဝ၌၊ အဟံ၊ အကျွန်ုပ်သည်၊ဥပပန္နာမိ၊ ဖြစ်ရလေ၏၊ တတ္ထတတ္ထ၊ ထိုထိုဖြစ်ရာဘဝ၌၊ ဒါနတော၊ ထောပတ်လောင်းသောဆွမ်းကို လှူဒါန်းရသော ကြောင့်၊သုရူပါ၊နတ်သမီးတမျှလှပသောအဆင်းရှိသည်၊ဟောမိ၊ ဖြစ်ရပါလို၏၊ဗုဒ္ဓဿ ပစ္စေကဗုဒ္ဓါအရှင်မြတ်အား၊အပကာရေန၊ ပြစ်မှားခဲ့လေ၊ မရှိသောမှုကြောင့်၊ ကာယေနစ၊ ကိုယ်နံ့အား ဖြင့်ရှင်း၊ ဝဒနေနစ၊ ခံတွင်းနံ့အားဖြင့်ရှင်း၊ ဒုဂ္ဂန္ဓာ၊ မစင်အပုပ် ကဲ့သို့၊ စက်ဆုပ်ဘွယ်သော အနံ့ရှိသည်၊ ဟောမိ၊ အကုသိုလ် အကျိုးကြောင့်၊ ဆိုးဆိုးဝါးဝါးဖြစ်ခဲ့ပါသတည်း၊

(ပ) ပုန ကာဿပဝိရဿ၊ နိခါယန္တမှိ စေတိယေ။
သောဝဏ္ဏ ဈုမ္ဗကမယံ၊ အဒါသိံ မုဒိတာဒံဟံ။

(ပ) ပုန။ ကံအားလျော်စွာ၊ ကြိုလာရပြန်၊ နောက်တဘန်။ ကဿပဝိရဿ၊ ပရိနိဗ္ဗာန်စံလွန်တော်မူသော ကဿပမြတ်စွာဘုရား၏။ နိခါယန္တမှိ၊ သရီယဓာတ်တော်တို့ကို ဌာပနာ၍ တည်ထားသော၊ စေတိယမှိ။ ရွှေစေတီတော်ကြီး၌၊ အဟံ။ အကျွန်ုပ်သည်၊ သောဝဏ္ဏဈုမ္ဗကမယံ။ ရွှေသားအစစ်ဖြင့်ပြီးသော ခုတ်ချပ်ကို၊ ပမုဒိတာ။ ဝမ်းမြောက် ဝမ်းသာ၊ စေတနာဖြင့်၊ လွန်စွာနှစ်သိမ့်သည်ဖြစ်၍၊ အဒါသိံ။ ပေးလှူခဲ့ရပါသတည်း။

(ဗ) စတုန္နာ ဘေနဂန္ဓေန၊ နိစယိတွာ ထပိဋ္ဌကံ၊
မုတ္တာ ဒုဂ္ဂန္ဓဒေါသမှာ၊ သဗ္ဗင် သုသမာဂတာ။

(ဗ) ဈုမ္ဗကံ။ ရွှေခုတ်ချပ်ကြီးကို၊ စတုန္နာဘေနဂန္ဓေန။ လေးမျိုးသောနံ့သာသရွတ်ဖြင့်။ နိစယိတွာ။ စီ၍။ ထပိံ။ ထားခဲ့ပေ၏။ ဘေန။ ထိုကုသိုလ်ကောင်းမှု အထူးကြောင့်၊ အဟံ။ အကျွန်ုပ်သည်၊ ဒုဂ္ဂန္ဓဒေါသမှာ။ ကိုယ်နံ့မကောင်းသော အပြစ်ဒေါသမျိုးမှ၊ မုတ္တာ၊ ထင်ရှားလွတ်ကင်း၊ လွန်သန့်ရှင်းသည် ဖြစ်၍။ သဗ္ဗင်သုသမာဂတာ။ အလုံးစုံသော ကိုယ်အင်္ဂါတို့၌၊ နံ့သာကြိုင်မြူး၊ စန္ဒကူးအတူ၊ လှိုင်းကြူမွှေးပျံ့လေသည့်၊ အဟောသိံ၊ ဖြစ်ခဲ့လေသတည်း။

ပိပ္ပလိနှင့်မယ်ဘဒ္ဒါအလောင်း-ဘဝတဘန်
ပြောင်းရွှေ့ခြင်း

ပိပ္ပလိနှင့် မယ်ဘဒ္ဒါ အလောင်း တို့ သည်၊ နတ်သက်တန်းကုန်အောင်၊ နတ်ဘုံမှာ ပျော်ပါးပြီး၊ ကံအားလျော်စွာ နတ်ရွာမှ စုတေလာတော့၊ ပိပ္ပလိအလောင်းက၊ ဗာရာဏသီပြည်ကြီးမှ တယူဇနာဝေးကွာဘဲ့၊ ရွာကြီးတရွာမှာ သူကြီးသား ဖြစ်လာတယ်၊ ။မယ်ဘဒ္ဒါ အလောင်းကတော့၊ ဗာရာဏသီမင်းကြီး၏

သွီး တော် ရ တာ နာ ဖြစ် လာ တယ်။ ဗာရာဏသီ မင်းကြီးမှာလဲ၊ သည့်သွီးတော်တပါးသာ ထွန်းကားတော် မူသတဲ့၊ တောင်ညာ တင်ထား၊ သျှင်မိဖုယားခေါင်ကြီးက ဘွားတော်မူကဲ့သွီးဖြစ်လို့ အလွန်ပင် မြတ်နိုးတော်မူကယ်။

သည့်ဘဝမှာတော့ ပိပ္ပလိအလောင်းက အောက်ထန်းကျ နေရှာတယ်။ တောရွာမှာ မွေးဘွားတဲ့ တောသားကလေးဖြစ်နေ ရှာတာပေါ့။ မယ်ဘဒ္ဒါ အလောင်းကတော့၊ ဇွဲ လင် ပန်း နှင့် အချင်းဆေးပြီး ထီး ဖြူ အောက် မှာ မွေးတဲ့ မဟာသွေးအစစ် ဖြစ်တော်မူတယ်။ သူတို့နှစ်ဦးဟာ အခြေအနေ ဂုဏ်သရေခြင်း အလွန်ကွာနေလို့ ပေါင်း မိ နိုင် စ ရာ အ ကြောင်း မ ရှိ ဘူး လို့ ထင်ဘွယ်ရာ အကြောင်းရှိပေတယ်။ သို့ရာတွင် ကံ ထိမ်း မြား တော့၊ ဘယ်လိုပင် အခြေအနေ ကွာခြားသော်လဲ နှစ်ပါးတို့၏ မကွာမကွဲ ပေါင်းရလိမ့်မယ်။ ဝဏ္ဏသွားကိုသာ နားစိုက်ကြ ပေတော့။ ။ပိပ္ပလိအလောင်းဖြစ်တဲ့ တောသူကြီးသားကလေးရဲ့ အမည်ကိုတော့ မောင်နန္ဒရယ်လို့ခေါ်တယ်။ နတ်ပြည်ကစုတေ လာခဲ့တဲ့အတွက်၊ငယ်ရွယ်စဉ်ကစပြီး စိတ်နေစိတ်ထားမြင့်မြတ်၍ အလွန်သွေးကြီးနေတယ်။ အ ချိန် အ ရွယ် သို့ ရောက် လာတော့ လူ့ပြည်လောကမှာ သူမြင်ရသမျှတွေကို ဘာတခုမျှစိတ်တိုင်း မကျဘူးတဲ့၊အသုံးမကျဘဲ့ အစုတ်အနှုပ်တွေရယ်လို့သာ ထင်နေ တော့တာဘဲ။ သူ့စိတ်ထဲမှာ နှစ်ချိုက်ထာကို မတွေ့တော့ဘူး ဆိုလိုတာပေါ့လေ။

နတ်ဘုံမှာအကြိမ်ပေါင်းများစွာ ကြာရှည်လေးမြင့်စွာ ခံစား စံစားလာခဲ့တဲ့ ပုဂ္ဂိုလ်များ၊ လူ့ပြည်သို့ ရောက်လာပြီဆိုမှဖြင့် သ ဘော နှစ် ချိုက် တဲ့ အာရုံမျိုးကို မတွေ့နိုင်တော့ဘူးဘဲ့။ ။ နတ်ပြည်ကအလေ့တွေ့ပါလာတာနှင့်ဝါသနာကတမျိုး လူတို့ဘုံ မှာတွေ့ကြုံရတဲ့အာရုံတွေကတမျိုးဖြစ်နေတယ်။ ။အခမ်းအနား မှစ၍၊ ကွာ ခြား ချင် သ လောက် ကွာခြားနေတော့ ဘယ်မှာ သဘောကျနိုင်ပါတော့မလဲ။ ။ယခု မျက်မှောက် မှာပင်မြို့ကြီး

မြို့ကြီးမှာမွေးဘွား၍ ခမ်းနားကြီးကျယ်ပုံတွေကို နေ့စဉ်နေ့စဉ် တွေ့မြင်နေရတဲ့သူများ၊ တောရွာကလေးသို့ ရောက်သွားတော့ အခြေအနေခြင်း ကွာခြားတဲ့အတွက် မနှစ်သက်နိုင်ဘဲ ဖြစ်နေကြ သလိုပေါ့။

မောင်နန္ဒမှာလဲ ဖြုံးကနဲ နတ်ပြည်က ဆင်းလာရတဲ့သူ ဖြစ် မလေတော့၊ မြင်မြင်သမျှဘာကိုမှ မနှစ်သက်နိုင်အောင် ဖြစ်နေ တယ်။ဗာရာဏသီ မြို့ကြီးပေါ်မှာဖြစ်လျှင် ဘော်ပါလေသေးရဲ့၊ ယခုတော့ တောရွာမှာသွားဖြစ်တော့၊ အများကြီးဆန့်ကျင်ဘက် ကျနေတာပေါ့။ ။မိဘများ ကျွေးမွေးတဲ့ အစားအစာကို၊ မလွှဲ သာလို့ စားရပါသော်လဲ၊ဘယ်တော့မှ နှစ်သက် တင်းတိမ်ခြင်း မရှိဘူးဘဲ။ အဝတ်တန်ဆာ ဆိုတာမှာလဲ၊ မလွှဲသာလို့သာ ဝတ်ဆင်နေရဘယ်၊ သူ့စိတ်ထဲမှာ အမြဲပင် အမြင်ကပ်နေသ တဲ့၊ ။ရုပ်ဆင်းအင်္ဂါ လက္ခဏာကြွန်အင်မှာ လွန်စွာ ထူးခြား၍ ယောက်ျားမြတ် ဆိုလောက်တဲ့သူ ဖြစ်ပေတယ်။ သန့်ပြန့်တဲ့ ဘဝမှာလဲ၊ တုနိုင်စရာမရှိအောင် သန့်ပြန့်တယ်။ ။သူနေတဲ့ ရွာမှာ အပျိုကညာပေါင်း များစွာကိုကာ၊ မိန်းမတို့ဓမ္မတာအ- တိုင်း၊ လှန်စွာလှပတဲ့ မောင်နန္ဒကို မြင်လျှင်၊ လိုချင်မျက်စိနှင့်၊ ငေးစိုက်လို့သာ ကြည့်နေကြတယ်။မောင်နန္ဒရဲ့ စိတ်ထဲမှာတော့၊ မြင်မြင်သမျှ ကညာပျိုတို့ကို၊မျောက်အိုမကြီးတွေလို ထင်နေတဲ့ အတွက်၊နှစ်သက်တို့ နေနေသာသာ စောင်းငဲ့လို့မှမကြည့်ဘူးတဲ့။

တနေ့သောအခါ ဗာရာဏသီနိုင်ငံတော်ကြီးတခုလုံး၊အုံးအုံး ကြွက်ကြွက် ပျော်ပါး၍၊ ဝတ်စားတန်ဆာ ဆင်ယင်ပြီး၊နက္ခတ် သဘင်ကစားတဲ့အခါကြီးသို့ ဆိုက်ရောက်လာတယ်။ ။ထိုအခါ မောင်နန္ဒက၊ သူတပါး ပျော်ပါးကြတာလို၊ ကောင်းမွန်စွာ ဝတ်စားပြီး နက္ခတ်သဘင် ပျော်ရွှင်စွာ ကစားလိုတဲ့အတွက်၊ သူ့မိခင်ရဲ့ အထံမှာ၊ ပုဆိုး ကောင်းကောင်းတခု ပေးပါလို့ တောင်းတယ်။ ။မိခင်က ဲ သားကလေး တခေယာက်ထဲမို့၊ ချစ်ခင်မြတ်နိုးလှတဲ့အတွက် ကောင်းမွေဆိုတဲ့ပုဆိုးကိုထုတ်ပေး

တယ်။ ။မောင်နန္ဒာ ပုဆိုးကိုကိုင်ကြည့်ပြီး၊ ''မိခင်-သည့် ပုဆိုးဟာ အကောင်းဆုံးဘဲလား၊ သို့ကလောက် ကြမ်းတမ်းသော ပုဆိုးကို၊ ကျွန်တော်မဝတ်နိုင်ဘူး၊ သည့်ပြင်ရှိသေးလျှင်၊ ထုတ်လို့ပေးပါအုံး''လို့ တောင်းပြန်တယ်။

မိခင်က ပုဆိုးတထယ် ထုတ်ပေးပြန်တော့၊ သည့်ပုဆိုးလဲ မကောင်းသေးဘူး။ ထုတ်ပေးပါအုံး ဆိုတာနှင့်၊ တထယ်ပြီး တထယ် ထုတ်ပေးရှာတယ်။ ဘယ်ပုဆိုးကိုမှ နှစ်သက်တယ်လို့ မရှိဘူးတဲ့၊ပေးလေသမျှတွေကို အကုန်လုံး ပယ်လိုက်တော့တာ ဘဲတဲ့။

ထိုအခါ မိခင်က''ချစ်သား-အမေတို့အိမ်မှာဖြင့်၊သည့်ထက် ကောင်းတဲ့ပုဆိုး မရှိဘူး။ အမေတို့မှာ၊ သည့်ဟာလောက်သာ ချမ်းသာပါတယ်။ မောင်မဝတ်ချင်လျှင်လဲ၊ မတတ်နိုင်ဘူး''လို့ ပြောရှာတယ်။ ။မောင်နန္ဒက ''လူ့ပြည့်လောကမှာနေရတာ၊ တယ်ဆင်းရဲပါကလား၊ပုဆိုးကိုမှ ကောင်းကောင်းမဝတ်ရဘူး၊ မိခင်ကခွင့်ပေးတော်မူပါ၊ ပုဆိုးကောင်းကောင်းဝတ်ရတဲ့နေရာ ကို ကျွန်တော် သွားပါရစေ'' အဲသည်လို ခွင့်တောင်းသတဲ့၊ မိခင်က'သွားပါမောင်ရယ်၊မောင်ချမ်းသာတယ်ဆိုလျှင်မိခင်တို့ မှာ ဝမ်းသာတာပါဘဲ၊ဗာရာဏသီမြို့တော်ကြီးမှာ၊ထီးဖြူအုပ်၍ ယနေ့ပင်မင်းလုပ်နေတာကိုဘင်မြင်ချင်ပါရဲ့'လို့ ပြောရှာတယ်။

မောင်နန္ဒက မိခင်ကိုရှိခိုးပြီး၊ ''ကျွန်တော် သွားတော့မယ် အမေရဲ့''လို့ ခွင့်ပန်ကာထွက်သွားပါရော၊ ။မိခင်ရဲ့စိတ်ထဲမှာ ဘယ်လိုထင်မှတ်သလဲဆိုတော့၊''ငါ့သားကလေးဟာ၊ တကယ် ထွက် သွား မှာ မ ဟုတ်၊ ပုဆိုးကောင်း မရလို့ စိတ် လုပ် ပြီး ထွက်သွားတာဘဲ''လို့ ထင်မှတ်ရှာသတဲ့။ ။မောင်နန္ဒသည်၊ အိမ်မှထွက်သွားသောအခါ ' ငါဖြင့်ရောက်ရာရောက်-ပေါက်ရာ ပေါက် သွား တော့ မယ်၊ သေချင်လျှင်လဲ သေပေစေ၊ သို့က လောက် ဆင်းရဲတဲ့ လူ့ပြည်လောကကြီးမှာ အသက်ရှင်၍နေရ တာထက်၊ သေသွားတာ.က မြတ်ပါလိမ့်မယ်၊'' အဲ-သည်လို

သဘောထားပြီး၊ဦးတဲ့ရာသွားလေသောအခါ၊ကံအားလျော်စွာ ဗာရာဏသီမင်းကြီး၏ မင်္ဂလာဥယျာဉ်တော်ထဲသို့ ရောက်သွားပါရော။ ၊ဥယျာဉ်တော်ကြီးထဲသို့ ရောက်တော့၊ မောပန်းတဲ့အတွက် အပန်းဖြေရင်း အိပ်စက်လိုသောကြောင့်၊ မင်္ဂလာရှိတဲ့ကျောက်ဖျာကြီးပေါ်မှာ ခေါင်း မြီး ခြုံ ပြီး အိပ် နေ တယ်။ ၊ တောသားကလေးဖြစ်နေတဲ့အတွက်၊ မင်္ဂလာဥယျာဉ်တော်ကြီးမှန်းလဲ မသိဘူးပေါ့လေ၊ မင်း လောင်း မှန် လို့ ရ ထား ဆိုက်တော့မည်။

## ဖုဿရထားစေလွှတ်ခြင်း။

ထိုနေ့ဟာ၊ဗာရာဏသီပြည့်ရှင်မင်းကြီးနတ်ပြည်စံလွန်တော်မူ၍၊ ခုနစ်ရက်မြောက်နေ့ဖြစ်တယ်။ ၊သမီးတော်တပါးထဲသာထွန်းကားသဖြင့် နန်းမွေကို ဆက်ခံမဲ့ သားတော်တပါးမှ မရှိဘူး၊ ၊တိုင်းသူပြည်သားတို့နှင့် မှူးမတ်အများတို့ တိုင်ပင်ပြီး ''ဘုရင်မရှိလျှင် မတင့်တယ်ဘူး၊ နိုင်ငံကို အုပ်ချုပ်၍ မင်းလုပ်နိုင်တဲ့ ယောကျ်ားမြတ်ကို ရှာကြမှ တော်မယ်၊ ၊ရှေးရိုးစဉ်လာထုံးနန်းအလေ့အလာရှိတဲ့အတိုင်း၊ ဖုဿရထားကို စေလွှတ်ပြီးသူ့အလိုအလျောက်ရထားဆိုက်တဲ့ ယောကျ်ားမြတ်ကို နန်းတင်၍ တပင်တိုင်စံပျော်တဲ့ သမီးတော်နှင့်ထိမ်းမြားမှသင့်တော့မယ်၊'' ဆဲသည်လို တိုင်ပင်ဆွေးနွေးပြီး၊ ဖုဿရထားကို စေလွှတ်ကြတယ်။

အစဉ်အလာဓမ္မတာအားဖြင့်၊ဖုဿရထားလွှတ်တဲ့ အစီအရင်က သည့်လိုတဲ့။ ၊ဖုဿရထားဆိုသည််မှာ၊နတ်မြတ်နတ်ကောင်းတို့ အမြဲစောင့်ရှောက်၍၊ မင်္ဂလာရှိသော ရထားကို ဆိုတယ်။ (မင်းလောင်းရှာသွေးသော ရထားမျိုးဆိုလို၏)၊ ၊ဖုဿရထားမှာ၊မင်္ဂလာရှိတဲ့ သိန္ဓောမြင်းဖြူကြီး လေးစီးကိုကဲရတယ်၊ ရထားထက်မှာ မင်းမြောက်တန်ဆာ(ငါး)ပါးနှင့် ထီးဖြူကို တင်ရတယ်၊ ရထားကိုမလွှတ်ခင်၊ သမ္မာဒေဝနတ်များကို ပသပူဇော်ပြီးလျှင်

"ဘုန်းရှင်-ကံရှင်- ဘုရင်ဖြစ်သူသို့ ဆိုက်ရပ်တော်မူပါ" သို့ ဆုတောင်းရတယ်။ ထိုနောက် ပုရောဟိတ် ပုဏ္ဏားတို့က အောင်ပန်း, အောင်ရေတို့ဖြင့်၊ ရထားကို ဘိသိက်သွန်း ပြီး စေလွှတ်ရတယ်။ ရထားပေါ်က မြင်းမောင်းတဲ့သူလဲ မပါစေရဘူး၊ သူ့အလိုအလျောက်သွားစေရတယ်။

အဲသည်နည်းအတိုင်း၊ တိုင်းသူပြည်သား လူအများ တို့က ဖုဿရထားကို လွှတ်ကြတော့၊ နန်းမြို့တော် အရှေ့တံခါးမှ ဖုဿရထားကြီး ထွက်သွားပါရော။ ။ထိုအခါ မှူးမတ်သေနာပတ်တို့နှင့်တကွ၊ ပုရောဟိတ် ပုဏ္ဏားတို့က လိုက်ပါကြတယ်။ တူရိယာဒေနမှုထမ်းတို့က အောင်စည် အောင်မောင်းကို တီးခပ် ဆော်ယွန်း၍လိုက်ကြရတယ်။ ။မင်္ဂလာရှိတဲ့ အရှေ့တံခါးက ထွက်သွားတဲ့ ဖုဿရထားကြီးသည်၊ မင်္ဂလာ ဥယျာဉ်တော် ထဲသို့ ဆိုက်ဆိုက်မြိုက်မြိုက် ဝင်သွားပြီး၊ မင်္ဂလာ ကျောက်ဖျာ ထက်မှာ လျောင်းစက်နေတဲ့ မောင်နန္ဒကို လက်ျာရစ် သုံးပတ် လှည့်တယ်။ ထို့နောက် မောင်နန္ဒရဲ့ ခြေရင်းဘဲ့တဲ့ ဆိုက်လို့ နေပါရော။

ထိုအခါ၊ ပုရောဟိတ် ပုဏ္ဏားတော်တို့က အိပ်စက် နေတဲ့ မောင်နန္ဒကိုယ်မှာခြုံထားသော ပုဆိုးကိုဘွင့်လှစ်ပြီး၊ ခြေဘဝါး က စက်လက္ခဏာတွေကိုကြည့်ကြတော့၊ "ဩော်-ဘုန်းပညာ လက္ခဏာနှင့်ပြည့်စုံတဲ့ မင်းယောကျ်ားကောင်း အစစ်အမှန် ဖြစ်ပေတယ်။ ဇမ္ဗူဒီပါ တကျွန်းမျှမကဘဲ၊ လေးကျွန်းသုံးကို စိုးအုပ်၍ စကြဝတေးမင်းကြီး လုပ်နိုင်တဲ့ ရာဇလက္ခဏာနှင့် ပြည့်စုံတော်မူပေတယ်။" အဲသည်လို ပြောဆို ချီးကျူး ကြ တယ်။ ခြေထောက်ကိုဘွင့်လှစ်၍ လက္ခဏာတွေကိုကြည့်ရှုနေကြသော် လဲ၊ မောင်နန္ဒမှာ အိပ်ပျော်ရာက မနိုးသေးဘူးတဲ့။

ထိုအခါ၊ တူရိယာတို့ကိုပြင်းထန်စွာ တပြိုင်နက် တီးမှုတ်ကြ ရတယ်၊သည်တော့မှ မောင်နန္ဒအိပ်ပျော်ရာက နိုးလာပြီး၊မျက်နှာ ကို ဘွင့်လှစ်ကြည့်လိုက်ရာ၊ မိမိအပါး၌ ခစားနေကြတဲ့ မှူးမတ်

တွေ့ကိုမြင်သည်တွင်၊ ''ဘာကိစ္စနှင့် ရောက်လာကြသလဲ'' လို့ ရှဲဝှဲစွာ မေးမြန်းတယ်။မှူးမတ်များက စုံညီစွာ ရှိခိုးဝပ်တွားပြီး၊ ''ဗာရာဏသီမင်းအဖြစ်သည်၊ အရှင့်လက်တော်သို့ ရောက်ပါပြီ ဘုရား ဗာရာဏသီနေပြည်တော်ကြီးမှာ ထီးဖြူဆောင်း၍ မင်းလုပ်တော်မူပါဘုရား၊မင်းအဖြစ်ကို အပ်နှင်းရန် အရှင့်ခြေတော်ရင်းသို့ ဆိုက်ရောက်ရခြင်း ဖြစ်ပါသည်ဘုရား''လို့ လျှောက်ထားကြတယ်။

ထိုအခါ၊ မောင်နန္ဒက ''သင်တို့မင်း ဘယ်ကိုသွားသလဲ''လို့ မေးရာ၊''ယခုနတ်ပြည်စံသည်မှာ၊ ခုနစ်ရက်ရှိပါပြီဘုရား''လို့ လျှောက်ထားကြတယ်။ ။သားတော်၊သမီးတော်များ၊ ထီးနန်းအမွေကိုဆက်ခံဖို့ မ ကျန် ရစ် ဘူး လား လို့ မေး မြန်း တော့၊ ''သမီးတော် တပါးသာ ကျန်ရစ်ပါသည်၊ သား တော် မ ရှိ ပါ ဘုရား၊ သို့ပါ၍ အရှင်ဘုရားကို ထီးနန်းလွှဲအပ်ရန် ထိုက်တန်တော်မူသောအတိုင်း၊ အပ်နှင်းရပါသည်ဘုရား'' ဆဲ-သည့်လို လျှောက်ထားတော့၊ ''တိုင်းသူ ပြည်သားနှင့် တကွ၊ မှူး မတ်များက သဘောတူပါလျှင် မင်းလုပ်တော် မူရတာပေါ့'' လို့ မောင်နန္ဒက ပဋိညာဉ်ခံတယ်။

သည့်လိုဝန်ခံတော်မူတော့ မင်္ဂလာ ဥယျာဉ်တော် အတွင်းမှာပင်၊ ရာဇဘိသိက်သွန်းလောင်းရန် အကြီးအကျယ်ဆောက်လုပ်ကြတယ်။ မင်္ဂလာ ဥ ယျာဉ် တော် ကြီး ကို လဲ၊ နတ်ပြည်က နန္ဒဝန်ဥယျာဉ်တော်ကြီးလို ခမ်းနားကြီးကျယ်စွာ တန်ဆာဆင်ယင်ကြတယ်၊ ။သမီးတော်ပင်တိုင်စံ မင်းသမီးကိုလဲ၊ နန်းတော်မှ ဥယျာဉ်တော်သို့ကြီးကျယ်ခမ်းနားစွာ ဆောင်ယူလာကြပြီးလျှင် အဘိသိက် သွန်းတဲ့အခါ၊နန္ဒမင်းကိုဝတ်ဆင်ရန် ကာသိကတိုင်းမှာအကောင်းဆုံးဖြစ်၍ အဘိုးတသိန်းထိုက်တဲ့ ဝတ်သဲတော်ကို ဆက်ကြတော့၊ နန္ဒမင်းက ''သည့်အဝတ်ကို ဘာလုပ်ရမှာလဲ'' လို့ မေးတော်မူရာ၊မှူးမတ်များက''အဘိသိက်ခံတော်မူတဲ့အခါ

ဆင်မြန်းတော်မူရန် ဝတ်လဲတော်ပါဘုရား'' လို့ လျှောက်တင်ကြတယ်၊

သည့်တော့ နန္ဒမင်းက ''ကြမ်းတမ်းလှချည့်ရဲ့ကလား၊ သည့်ပုဆိုးကို ငါ ဝတ် တော် မ မူ လို ဘူး၊ သည့်ထက်ကောင်းမွန်တဲ့ ဝတ်လဲတော်များကိုဆက်ကြရမယ်'' လို့ အမိန့်တော်ရှိပါရော၊ အင်း-သူ့မယ်တော်ကြီးအိမ်က လက်စနှင့် အလွန် အဘိုးထိုက်တန်တဲ့ ဝတ်လဲတော်ကိုပင် ငြင်းပယ်တော်မူနေပြန်ပြီ၊ နတ်ပြည်ကပါသနာဟာ ပျောက်တော်မမူသေးဘူး၊

သည့်လိုအမိန့်ရှိတော့၊ မှူးမတ်များက ''လူ့ပြည်လောကမှာဖြင့် သည့်ဝတ်လဲတော်အကောင်းဆုံးပါဘဲဘုရား၊ သည့်ထက်နူးညံ့၍ ကောင်းမွန်စွာ အဘိုးထိုက်တန်တဲ့ ဝတ်လဲတော်များကို မရနိုင်ပါ ဘုရား'' လို့ ရှိခိုးဝင်တွားကာလျှောက်ထားကြတယ်၊ သင်တို့ဘုရင်ဟာ၊ သည့်လိုဝတ်လဲ တော်များကို ဝတ်ဆင်တော်မူသလားလို့ မေးတော်မူပြန်ရာ၊ ''မှန်လှပါသည့်ဘုရား'' လို့ လျှောက်ထားကြတယ်၊ ၊ထိုအခါနန္ဒမင်းက ''တယ်ဘုန်းကံနဲ့ပါးပါကလား၊ဆင်းရဲတဲ့ ဘုရင်များကို သနားတော်မူမိတယ်၊

''ကဲ-ကဲ-ရွှေကရားယူခဲ့ကြ'' လို့အမိန့်တော်ရှိတယ်၊မှူးမတ်များကရွှေကရားကိုလက်တော်ရောက်ဆက်သကြတော့၊နန္ဒမင်းသည့် ရွှေကရားကို ကိုင်တော်မူကာ၊ မျက်နှာတော်ကိုသစ်၊ လက်တော်များကိုဆေးပြီး''ငါသည့် ရှေးအခါက ဒီဝတ်ပုဆိုးများကိုလှူဒါန်းခဲ့ဘူးသည့်မှန်ပါလျှင် နတ်ပတ်တန်ဆာပဒေသာ ယခုပေါက်စေသား'' လို့ဆုတောင်းလျက် အရှေ့ဘက်သို့လှည့်ကာ ရေသွန်းတော် မူလိုက်တယ်၊ ၊ရွှေကရားဖြင့် ရေသွန်းတော်မူလိုက်သည့်နှင့်တပြိုင်နက်၊ နတ်ဝတ်တန်ဆာ ပဒေသာ ရှစ်ပင်တို့သည်၊ ဖြိုးခနဲ့မြေကိုခွဲပြီး၊ အံ့ဘွယ်သရဲပေါက်လာကြတယ်၊ ထိုနောက် အရပ်လေးမျက်နှာသို့လှည့်ကာ၊ အဓိဋ္ဌာန်၍ ရေသွန်းတော်မူပြန်ရာ၊တောင် မျက် နှာ က ပဒေသာရှစ်ပင် အနောက်မျက်နှာက ပဒေသာရှစ်ပင်၊ မြောက်မျက်နှာကပဒေသာရှစ်ပင်၊

နတ်ဝတ်တန်ဆာ ပဒေသာပင် ပေါင်း (၃၂) သုံးဆဲ့နှစ်ပင် ပေါက်ရောက်လာကြတယ်။

အဘိသိက်ပွဲတော်ကြီးသို့ရောက်လာကြတဲ့ တိုင်းသူပြည်သား တို့နှင့် မှူးမတ်သေနာပတိများက မတွေ့စဖူး၊ မကြုံစဖူး၊ အထူး အဆန်းကြီး ဖြစ်ပေါ်လာပုံများကို ဘွားကနဲ မြင်ကြရတော့၊ တပြိုင်နက် အုပ် အုပ် ကျက် ကျက် ဖြစ် ပြီး ချီးမွမ်းကြတဲ့အသံ၊ လက်ခမောင်းခပ်လိုက်ကြတဲ့ အသံတွေဟာ မြေမှာ မ ဆံ့ ဘဲ ကောင်းကင်တိုင်အောင် ပျံ့နှံ့သွားသတဲ့။ ။ဝမ်းမြောက်အားရ နှစ်သက်ကြလွန်းလို့ " ငါ တို့ သ ခင်၊ ဘု ရင် မင်း သစ် ကဲ့ သို့ ဘုန်း ကြီး တဲ့ မင်း ဟာ၊ လေး ကျွန်း လုံး မှာ ရှိနိုင်အံ့မလား" ဆဲ-သည့်လိုလဲ ကြွေးကျော်ဟစ်အောင်ကြတယ်။

ပဒေသာပင်တွေ ဖြိုးဖြိုးဝေအောင် ပေါက်ပြီးတဲ့ အခါ အရှင် နန္ဒမင်းသည်၊ ထိုပဒေသာပင်မှ နတ်ဝတ်ပုဆိုးကို ရှေးဦးစွာ ဆင်မြန်းတော်မူပြီး၊ မိဖုယားကြီးကိုလဲ ဆင်မြန်းတော်မူစေ တယ်။ ။ထိုနောက် "တိုင်းသူပြည်သားနှင့် မှူးမတ်များတို့ကို လဲ၊ အလိုရှိသမျှ ပဒေသာပင်မှ ဆွတ်ယူ၍ ဝတ်ဆင်ကြစေ။ ယခင်က ဝတ်ဆင်လာကြတဲ့ လူဝတ်ပုဆိုးများကို မဆင်မြန်းကြ နှင့်" ဆဲသည့်လို အမိန့်ရှိတော်မူတော့၊ အဘိသိက်တော်ပွဲကြီး ကို လာရောက်ကြတဲ့ လူအပေါင်းဘွေဟာ၊ ဝမ်းသာအားရနှင့် ကိုယ်စီ ကိုယ်ငှ ဆွတ်ယူကာ ဝတ်ဆင်ကြတယ်။ ။အဲသည့်လို နတ်ဝတ် တန်ဆာတွေကို ဝတ် ဆင် ကြ တဲ့ အ ခါ၊ ဘုရင်နှင့် မိဖုယားမှာ၊ သိကြားနှင့် သုဇာဒေဝီ၊ တိုင်းသူပြည်သားနှင့် မှူးမတ်ပရိသတ် အများတို့မှာ၊ တာဝတိံသာက နတ်သား နတ်သမီးတွေနှင့်တူနေကြသတဲ့၊ မင်္ဂလာဥယျာဉ်တော်ကြီးထဲမှာ၊ နတ်ပြည်က နတ်တွေ ဆင်းသက် စုဝေး နေကြသလိုပေါ့လေ။ ဘုန်းတော် ကံတော်အလျောက်၊ မြေမှပေါက်လာကြတဲ့ ပဒေ သာပင် (၃၂)သုံးဆဲ့နှစ်ပင်ဟာလဲ၊ ဘယ်လိုပင် ဆွတ်ဆွတ်၊ နတ်ဝတ်တန်ဆာတို့မှာ၊ဘယ်ခါမှ ကုန်တယ်လို့မရှိဘူးတဲ့။

အဲသည့်လို ဝမ်းမြောက် နေကြတဲ့ အတော အတွင်း၌၊ ကြီးကျယ်လှစွာသော ပရိသတ်ကြီး၏အလယ်မှာ၊အတင့်အတယ် အကြီးအကျယ်၊ အဘိသိက် သွန်းလောင်းကြတယ်။ ။မင်္ဂလာ ဥယျာဉ်တော်ကြီးထဲမှာ အဘိသိက် ပွဲတော်ကြီး ပြီးတော့၊ နန္ဒမင်းနှင့် အသျှင်မိဖုယား ပေါင်ကြီးတို့သည်၊မင်္ဂလာဆင်တော် ကြီးထက်တွင်၊ ခြွယုဉ်ကာ အတူစီးပြီး၊ ဗာရာဏသီမြို့တော်ကြီး သို့ ဝင်တော်မူပြီးလျှင် နန်းသိမ်းပွဲသဘင် ဆင်ယင် ကျင်းပကာ၊ မင်းမိဖုယားတို့ စည်းစိမ်ချမ်းသာကို၊ ပျော်မွေ့စွာ စံစားတော် မူကြလေသတည်း။

ပိပ္ပလိအလောင်းဖြစ်တဲ့ နန္ဒမင်းသားနှင့်၊ ဘဒ္ဒါရဲ့ အလောင်း ဖြစ်တဲ့၊ပင်တိုင်စံ မင်းသွီးတို့ဟာ၊ ရှေးကုသိုလ်ရေစက်၊ တူစုံ ဖက်လာကြတဲ့အတွက်ကြောင့်၊မကွဲနိုင်ဘဲ၊ ရှေးကံ ဆော်ပင့်သ ဖြင့်၊ အဆင်သင့် ပေါင်းသင်းတော်မူကြရကြောင်းများကိုလဲ၊ စဉ်းစားဆင်ခြင်ကြပေတော့။

နန္ဒမင်း အုပ်စိုးတော်မူကဲ့အခါ၊ဗာရာဏသီနိုင်ငံတော်ကြီးမှာ၊ နတ်ငတ်တန်ဆာ ပဒေသာပင်ကြီးတွေ၊ အမြဲပေါက်နေသဖြင့်၊ ရှေးအခါက ဗိုင်းငင်ခြင်း၊ရက်ကန်း ရက်ခြင်းအလုပ်ကို ပြုလုပ် ကြတဲ့ အမျိုးသွီးတွေဟာ မိမိတို့လုပ်ငန်းကိုသိမ်းပြီး၊ ငြိမ်းငြိမ်း ချမ်းချမ်း နေကြရတယ်။ ။ရက်ကန်းအလုပ်များကို မလုပ်ဘဲ၊ ချမ်းသာစွာ နေထိုင်ကြစေ ဆိုကဲ့ အမိန့်တော်နှင့်၊ မောင်းကြေး နင်းများ ခပ်ကြရတယ်။

နန္ဒရဋ္ဌေ ဝိဇိတေ သုတ္တကန္တကာ ဇုတ္တိယော မာသုတ္တံ ကန္တိံ သုတိ ဘေရိံ စရာပေတိ။

အဋ္ဌကထာ။

နန္ဒရဋ္ဌေ၊ နန္ဒမင်းကြီး၏၊ ဝိဇိတေ၊ နိုင်ငံတော်အတွင်း၌၊ သုတ္တကန္တိကာ၊ ဗိုင်းငင်ခြင်း အလုပ်ကို ပြုလုပ်ကြကုန်သော၊ ဇုတ္တိယော၊မိန်းမတို့သည်၊ သုတ္တံ၊ချည်ကို၊မာကန္တိံသု၊ မငင်ကြ

ကုန်လင့်၊ဏ္ဍတိ ဤသို့၊ဘေဒိ ။ စည်ကို၊ စရာပေတိ၊ လှည့်လှည်တိး ခပ်စေသတည်း။

ဗာရာဏသီပြည်ကြီး၏ အရှင်၊ ဘုရင်နန္ဒမင်းနှင့်၊ အသျှင်မိဖုယားခေါင်ကြီးတို့သည်၊ လူ့ပြည်လောကဝယ်၊ နှိုင်းတုလို့မရစဘွယ် အလွန်ကြီးကျယ်တဲ့ ထီးနန်း စည်းစိမ်တော်များကို အလိုရှိတိုင်း ခံစား၍ နေတော်မူကြရော၊ ကာမဂုဏ် အရှိန်တွေ ဖြောက်သဖြင့်၊ဘုရင် နန္ဒမင်းမှာ၊မေ့လျော့ခြင်းဆိုတဲ့ မှောင်ကြီးအတွင်းသို့ ကျရောက်နေသတဲ့၊ ကုသိုလ် ကောင်းမှုရေးတို့ကို သတိရတော်မမူဘူး၊ စည်း စိမ် ချမ်း သာ ဆို တာ လွန်စွာသွေးကြွစေတတ်သဖြင့် မွေဒအောင် မှိုင်းတိုက်တဲ့အရာမှာဖြင့်၊ မယှဉ်သာအောင်၊အစွမ်းရှိပေသပေါ့၊

မိဖုယားကြီးကတော့၊ များစွာ မေ့လျော့ခြင်းမရှိဘဲ၊ ယခုရရှိတဲ့ စည်းစိမ် ချမ်းသာတွေတာ၊ ရှေးက ပြုခဲ့ တဲ့ ကုသိုလ်ကြောင့်သာလျှင် ဖြစ်ပေါ်လာကြတယ်၊ ကုသိုလ် မရှိခဲ့ပါလျှင် ဘယ်စည်းစိမ်မှရမှာမဟုတ်ဘူး၊နောင်သံသရာအတွက် ကုသိုလ် ဆက်ပေးမှ သင့်လျော်မယ်၊'' ဆိုသည့်လို သဘောထားပြီး၊ မင်းကြီးကိုသတိပေးရန် အမြဲပင်ကြံစည်နေတော်မူတယ်၊

တနေ့ကျတော ၊ မိဖုယားကြီးက နန္ဒမင်းကို သနားပုံ အမူအရာနှင့်ကြည့်ပြီး၊ ''စည်းစိမ်ချမ်းသာတွေကဖြင့် ကြီးကျယ်ပါပေရဲ့၊စည်းစိမ်တွေကိုခံစားပြီး ပြုံးပြုံး-ပြုံးပြုံးနှင့်၊ နှလုံးသွေးကြွနေပုံများကို မြင်တော့၊ သနားစရာကြီးဘဲ၊'' ဆိုသည့်လို ပြောဆိုသတဲ့၊ ၊သည့်တော့မင်းကြီးက ''ဩော်-ရှင်ဘုရင်ကိုတောင် အသင်မိဖုယားကြီးက သနားနေရသေး သလား၊ ဘယ်လိုစကားမျိုးကို ပြောရတာလဲ'' သည့်လိုမိန့်တော်မူတော့၊ မိဖုယားကြီးက အကြောင်းကို သည့်လိုလျှောက်တင်သတဲ့၊

အရှင်မင်းကြီး၊ ယခုမျက်မှောက် ဘဝကလေးမှာ ချမ်းသာကြီးကျယ်တဲ့အတွက် အားရတင်းတိမ်ပြီး စည်းစိမ်သွေး တက်မနေပါနှင့်၊ သံသရာဆိုတာ လွန်စွာ ရှည်လျားလှ ပါတယ်၊

လွန်ခဲ့တဲ့ဘဝတွေက ကုသိုလ်ပုညမျိုးကိုစိုက်ပျိုးခဲ့လို့၊ သည်လို စည်းစိမ်ချမ်းသာတွေကို ရပါတယ်။ နောင်ရေး အတွက်လဲ အားတက်သရော ကြိုးစား၍ ကုသိုလ်မျိုးကို စိုက်ပျိုးတော်မူအုံး မှပေါ့၊ မေ့မေ့လျော့လျော့နေလျှင် အခြေဆုတ်ယုတ်၍ နစ်မြုပ် တော်မူလိမ့်မယ်။ မေ့လျော့ခြင်းဆိုတဲ့ မှောင်ကြီးဟာ ကုသိုလ် စီးပွါးကို များစွာဖျက်ဆီးတတ်ပါတယ်။

မင်းကြီးက သည်စကားကိုကြားတော့၊ "မေ့လျော့နေတာ မဟုတ်ပါဘူး၊ နောင်သံသရာရေးအတွက် ကုသိုလ်ထူးများ ကိုလဲ ဆည်းဘူးလိုပါတယ်။ သို့ရာတွင် ကြည်ညိုလောက်တဲ့ သီလဝန္တပုဂ္ဂိုလ်ကို မတွေ့ရသေးလို့သာ မေ့လျော့သလို နေမိ ပါတယ်"လို့ မိန့်တော်မူတယ်။ ။မိဖုယားကြီးက "ဇမ္ဗူဒိပ် ကျွန်းကြီးဟာ ရဟန္တာတို့ဖြင့် ဆိပ်သုဉ်းလှယ်ပတယ်လို့ မရှိ နိုင်ပါ။ အလှူခံသီလဝန္တ ပုဂ္ဂိုလ်ရဘို့အတွက် စိုးရိမ်တော်မမူ ပါနှင့် လှူဘွယ်ဝတ္ထုများကို ပြင်ဆင်ထားတော်မူပါ" လို့ လျှောက်ထားတယ်။

သည့်စကားကိုကြားရတော့၊ အားရဝမ်းမြောက်ခြင်းဖြစ်ပြီး၊ "လှူဘွယ်ဝတ္ထုအတွက် ကျွန်ုပ်တာဝန် ထားပေတော့၊ အလှူခံ ရဟန္တာပုဂ္ဂိုလ်တွေ ကြွလာဘို့ အတွက်မှာ အသင် မိဖုယား ကြီး၏တာဝန်ဘဲ။ ကြွလာအောင်သာ ပင့်ပေတော့၊' သည့်သို မိန့်တော်မူပြီး မြို့တော်၏ အရှေ့တံခါး၌ မဏ္ဍပ် ကြီးကျယ်စွာ ဆောက်လုပ်ပြီး ဆွမ်းဘောဇဉ်အစရှိတဲ့လှူဘွယ်ဝတ္ထုအမျိုးမျိုး တို့ကို စီရင်ထားတော်မူတယ်။ ။မိဖုယားကြီးနံနက်စောစော ရှစ်ပါးသီလဆောက်တည်ပြီး အရှေ့မျက်နှာသို့လှဲ့ကာရိုသေစွာ ရှိခိုးဝပ်တွားလျက်၊ "အရှေ့မျက်နှာအရပ်မှာ ရဟန္တာပုဂ္ဂိုလ် အရှင်မြတ်များရှိတော်မူကြပါလျှင် နက်ဖြန်နံနက် တပည့်တော် တို့၏ နန်းတော်သို့ကြွပြီး ဆွမ်းဘုဉ်းပေးတော်မူကြပါဘုရား။ အလှူကိုခံတော်မူကြပါဘုရား"လို့ လျှောက်ထားတယ်၊ သို့ရာတွင် အရှေ့မျက်နှာအရပ်မှာ ရဟန္တာကိုယ်တော်မြတ်ကြီးတွေ မရှိလို့

ကြွလာတော်မမူကြဘူးတဲ့။ ။မင်းကြီးကိုယ်တိုင် ပြင်ဆင်ထားတဲ့ လှူဘွယ်ဝတ္ထုများကို ဖုန်းတောင်းယာစကာတို့အား စွန့်ကြဲလိုက်ရတယ်။

ထိုနောက်တနေ့၊မိဖုယားကြီးသည် တောင်မျက်နှာအရပ်ကို ရှိခိုး၍၊ ဈေးနည်းအတူ ပင့်ဖြန့်တယ်၊ ကြွတော် မမူလာကြဘူး။ ထိုနောက်တနေ့ အနောက်မျက်နှာအရပ်ကိုရှိခိုးပြီး ပင့်ဖြန့်တယ် ကြွတော်မမူလာကြဘူး။

ထိုနောက်တနေ့၊ မြောက်မျက်နှာအရပ်ကို ရှိခိုးပြီးပင့်တော့ ဟိမဝန္တာ ဂန္ဓမာဒန တောင်မှာ သီတင်းသုံးတော် မူနေတဲ့ ပစ္စေကဗုဒ္ဓါငါးရာတို့၏ အကြီးအမှူး ဖြစ်တော်မူသော၊ မဟာပဒုမပစ္စေကဗုဒ္ဓါအရှင်မြတ်ကြီးကပင့်လျှောက်တဲ့အကြောင်းကို သိတော်မူတယ်။ ။ထိုပစ္စေကဗုဒ္ဓါ ငါးရာဟာ၊ ပဒုမဝတီ မိဖုယားကြီး၏ သားတော်ငါးရာပေါ့။

အဲသည်လိုပင့်လျှောက်ကြောင်းကို သိတော်မူတော့၊ညီတော်များကို သည်လို မိန့်ကြားတော်မူတယ်။ ။အိုု-ညီတော်များတို့၊ ဗာရာဏသီပြည်ကြီး၏အရှင် ဘုရင်နန္ဒမင်းက နက်ဖြန် နံနက်ဆွမ်း လှူခြင်းငှါ ပင့်လျှောက်နေပြီ၊ ညီညီညွတ်ညွတ်ကြွသွား၍ နန္ဒမင်းအား ချီးမြှောက်ကြပို့။ ။အဲသည်လို မိန့်ကြားပြီး ပင့်လျှောက်ချက်အတိုင်း ဝန်ခံတော်မူကြတယ်။

ထိုနောက်တနေ့နံနက်စောစောတွင်၊အရှင်ပစ္စေကဗုဒ္ဓါပေါင်း ငါးရာတို့သည်၊ အနောတတ်အိုင်မှာမျက်နှာသစ်ခြင်း၊ လုပ်ဆောင်ခြင်း အမှုတို့ကို ပြုတော်မူကြပြီး၊ ကောင်းမွန်စွာ ဝတ်ရုံလျှက် ဝါစဉ်အတိုင်းစီတန်း၍ ကောင်းကင်ခရီးဖြင့် ဗာရာဏသီပြည်ကြီးသို့ ကြွတော်မူလာကြတယ်။ အစီအစဉ်လိုက် ကောင်းကင်ခရီးက ကြွလာတဲ့ ကိုယ်တော် အရှင်မြတ်တွေကို မြင်ကြရတဲ့ တိုင်းသူပြည်သား လူအများဘို့ဖူးလို့အားမရနိုင်အောင်ကြည်ညိုကြတယ်။

ကိုယ်တော်အရှင်မြတ်တို့သည်၊ မြို့တော်၏ မြောက်ထံခါးမှာ ဆင်းသက်တော်မူကြတဲ့ အခါ၊ ဘုရင်မင်းမြတ်ထံသို့ လာပြီး၊ ထိုအကြောင်းကို လျှောက် တင် ကြ တယ်။ ထိုအခါ ဘုရင်နှင့် မိဖုယားကြီးတို့ကဝမ်းမြောက်ဝမ်းသာ နန်းတော်သို့ပင့်ဆောင်ပြီး၊ရိုသေစွာခစားလုပ်ကျွေးတော်မူကြတယ်။ထိုနောက်"အရှင်မြတ်ဘုရားတို့၊သနားတော်မူပါသဖြင့် အသက်ထက်ဆုံး တပည့်တော်များ၏ ဥယျာဉ်တော်အတွင်းမှာသိတင်းသုံးတော်မူကြပါ၊ ပစ္စည်းလေးပါးတို့ဖြင့် လှူဒါန်းထိုပါသည့်ဘုရား" လို့ လျှောက် ကြတော့၊ ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့ကလဲ ခွင့်ပြု တော်မူ ကြတယ်။

အဲသည့်လို အခွင့်ရတော့၊ ဘုရင်နှင့်မိဖုယားတို့မှာ လွန်စွာ နှစ်သိမ့်ခြင်း ဖြစ်တော်မူကြသဖြင့်၊ မင်္ဂလာ ဥယျာဉ်တော်ကြီး ထဲမှာ ကျောင်း ပေါင်း ငါး ရာ နှင့် စင်္ကြံ ပေါင်း ငါးရာတို့ကို လျင်မြန်စွာဆောက်လုပ်စေပြီး၊ ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့အား တပါးလျှင် တကျောင်းဂျစ် လှူဒါန်းတော်မူတယ်။ ။ပစ္စေကဗုဒ္ဓါ အရှင်မြတ်များကလဲ မင်းနှင့် မိဖုယားတို့အား သဒ္ဓါ တိုးပွါး၍ အကျိုးများကြလေအောင်၊ဖလသမာပတ္တိချမ်းသာကို ဝင်စားပြီး၊မင်္ဂလာဥယျာဉ်တော်ကြီးအတွင်းမှာပင် သိတင်းသုံး နေတော်မူကြတယ်။

မင်းနှင့် မိဖုယားတို့ကလဲ ပစ္စည်းလေးပါးတို့ဖြင့် ပေါများ ကုံလုံစွာ ထောက်ပင့်လှူဒါန်း၍ ပြုင်လန်းကြည်ညိုစွာ ကိုးကွယ် ကြတယ်။ ။ပိပ္ပလိအလောင်းနှင့် မယ်ဘဒ္ဒါ အလောင်းတို့ဟာ ကျင်လည်ခဲ့ရတဲ့ သံသရာမှာ လွန်စွာ ဂုဏ်သိုလ်ထူးကြပေတာ ကလား၊ ဘုရားရှင်နှင့် တွေ့, ပစ္စေကဗုဒ္ဓါတို့နှင့် တွေ့, သူတော် ကောင်းအလေ့နှင့် ကြုံသဖြင့်၊ အံ့ကြီး ကုသိုလ်လစ် ပွင့်ခဲ့ကြ ပေတယ်။ အဲ-သို့ကြောင့်၊ အဆုံးစွန်သော ဘဝမှာ လှလှကြီး အကျိုးပေးသွားကြတာပေါ့။

ပြဆိုခဲ့ပြီးသော အတိုင်း၊ အရှင်ပဋ္ဌေဇုဒ္ဒါ ငါးရာတို့အား၊ ရှည်ကြာလေးမြင့်စွာ ကိုးကွယ် လုပ်ကျွေးနေကြတဲ့ အတော အတွင်း၊ တိုင်းစွန်ဇနပုဒ်မှာ လှုပ်လှုပ်ရှားရှားနှင့် သူခိုးဓါးမြတို့ သူပုန်ထခြင်းဆိုတဲ့ ဘေးကြီး ဖြစ်ပေါ်လာပါရော။ ။ထိုအခါ နန္ဒမင်းကြီး ကိုယ်တော်တိုင် တပ်တော်အပေါင်းနှင့် တကွ သူပုန်ထရာ မြာနသို့ ထွက်ကြွ၍ နှိမ်နင်းရန်အရေးတကြီး ကြုံ လာတယ်။

ထွက်တော်မူခါနီးတွင်မိဖုယားကြီးကိုခေါ်ပြီး ''သျှင်မိဖုယား ကြီး ရန်သူပုန်များကိုနှိမ်နင်းရန် တပ်နှင့် ထွက်တော်မူရ လိမ့် မယ်။မင်္ဂလာဥယျာဉ်တော်မှာသီတင်းသုံးတော်မူကြတဲ့ ပဋ္ဌေက ဗုဒ္ဓါ ငါးရာတို့ကို မမေ့မလျော့ပါနှင့် နေ့စဉ်အတိုင်း ပြုစမြဲဖြစ် တဲ့ ဝတ်ကိုမချွတ်အောင်ပြုစုရစ်ပါ''လို့ မှာထားတော်မူတယ်။ ။ ထိုအခါမိဖုယားကြီးက ''စိတ်ချလို့သာ ထွက်တော်မူပါဘုရား၊ အရှင်ပဋ္ဌေကဗုဒ္ဓါတို့၏ဝတ်ကို မချွတ်အောင် ပြုစုရစ်ပါမယ်'' လို့ ဝန်ခံတော်မူသတဲ့။

မင်းနှင့်မိဖုယားဟာ၊ သဒ္ဓါတရားအလွန် ကောင်းကြပါပေ တယ်၊ စစ်တိုက်သွားခါနီးမှာပင် အရှင်ပဋ္ဌေကဗုဒ္ဓါတို့ကို မေ့ တော်မမူကြဘူး၊ ဒဲ့သည့်နည်းအတိုင်း၊ ယခုအခါဗုဒ္ဓသာသနာကို ကြည်ညိုကြတဲ့ အမျိုးကောင်းသား, အမျိုးကောင်းသမီးတို့လဲ၊ ဘယ်ကလောက်ပင်အရေးကြီးကြီး ရတနာသုံးပါးကို မမေ့ဘူး ဆိုပါလျှင် လွန်စွာချီးမွမ်းအပ်တဲ့ ပုဂ္ဂိုလ်ထူး, ပုဂ္ဂိုလ်မြတ်တွေ, ဖြစ်ကုန်ကြမှာဘဲနော်။

မင်းကြီး ထွက်တော်မူသွားတဲ့နောက် မိဖုယားကြီးကလဲ၊ မိမိဝန်ခံလိုက်တဲ့အတိုင်း၊ အရှင် ပဋ္ဌေကဗုဒ္ဓါ၏ဝတ်ကို မချွတ် မရှင်း ပြုစုလုပ်ကျွေးတော်မူတယ်၊ မိဖုယားကြီးကိုလဲ ချီးမွမ်း ထိုက်ပါပေရဲ့ ကိုယ့်လင် မှာထားခဲ့တဲ့အတိုင်း၊ တသဝေမတိမ်း အောင် လိုက်နာ ဘော်ရပေသကိုး။

မင်းကြီး ထွက်သွား၍ မျှားမကြာမှီအတွင်းမှာပင်၊ အရှင်ပစ္စေကဗုဒ္ဓါ ငါးရာတို့၏ အသက်တမ်းဟာလဲ ကုန်ခန်းချိန်သို့ ရောက်နေတယ်။ အဲ..သို့အတွက်ကြောင့်၊ တရံသောညဥ့်အခါ၊ နောင်တော်ကြီးဖြစ်တဲ့ မဟာပဒုပစ္စေကဗုဒ္ဓါ အရှင်မြတ်သည်၊ တင်ပလင်ခွေကာ၊ တကဲပျဥ်တခုကိုမှီပြီး၊ ဈာန်ဝင်စားတော်မူတဲ့ အဆုံး၌၊ ပရိနိဗ္ဗာန် စံတော်မူသွားတယ်။ ။ထိုနည်းတူစွာ၊ ညီတော်ဖြစ်ကြတဲ့ ပစ္စေကဗုဒ္ဓါ ငါးရာဘို့ဟာလဲ၊မိမိတို့သီတင်းသုံးတော်မူတဲ့ ကျောင်းအတွင်းမှာ၊ တင်ပလင်ခွေ၍ ထိုင်တော်မူရင်း၊ပရိနိဗ္ဗာန် စံတော်မူကြတယ်။

ထိုပစ္စေကဗုဒ္ဓါ ငါးရာတို့ဟာ ဘွားမြင်တော်မူတဲ့အခါမှာလဲ၊ပဒုမဝတီ မိဖုယားကြီးဝမ်းမှ၊ တပြိုင်နက် ဘွားမြင်တော်မူလာကြတယ်၊ပရိနိဗ္ဗာန် ပြုတော်မူကြတဲ့အခါမှာလဲ၊တပြိုင်နက် ပရိနိဗ္ဗာန်ပြုတော်မူပုံထောက်ထားလိုက်တော့၊ အလွန် ဇာတ်ကြောင်းတဲ့ဘဲ။ ကံတူအကျိုးပေးဆိုတဲ့ စကားမှာ၊ အထောက်အထား သက်သေကြီးတခုပေပေါ့။

နောက်တနေ့နံနက် မိဖုယားကြီးက၊ အရှင် ပစ္စေကဗုဒ္ဓါ များကို ပြုစုလှူဒါန်းရန်အတွက်၊ နေရာထိုင်ခင်းများကို ပြင်ဆင်၍၊ စောင့်စားတော်မူနေပါသော်လဲ၊အရှင်ပစ္စေကဗုဒ္ဓါ ကိုယ်တော်မြတ်ကြီးတွေက ကြွလာတော်မမူကြဘူး။ ။သည်အခါ မိဖုယားကြီး စိတ်ထဲမှာ၊ “ဘယ်လိုအကြောင်းထူးများ ဖြစ်နေပါလိမ့်မလဲ၊ရွှေနန်းတော်ကြီးသို့ နံနက်တိုင်း၊ဆွမ်းဘုဥ်းပေးရန် အလို့ငှါ ကြွလာတော်မူနေကြဖြစ်သော်လဲ၊ ယနေ့အခါ ကြွတော်မမူလာကြပါဘဲကလား၊”အဲသည်လို စိုးရိမ်တဲ့သဘောနဲ့ တွေးတောခြင်း ဖြစ်သတဲ့။

အလွန် စိုးရိမ်တော်မူလှသဖြင့်၊ လက်စွဲတော်တယောက်ကို ဥယျာဥ်တော်သို့စေလွှတ်ပြီး အရှင်ပစ္စေကဗုဒ္ဓါတို့၏အကြောင်းကို အစုံစမ်းခိုင်းလိုက်တယ်။ လက်စွဲတော်က သွားရောက်စုံစမ်းတော့၊ မဟာပဒုမ ပစ္စေကဗုဒ္ဓါအရှင်မြတ်ကြီး စကြံကျောင်း

အတွင်း၌၊တကဲပျဉ်တချက်ကိုမှီခါ၊ထင်ပလင်ခွေနေပုံကိုမြင်တယ်။ သည့်တော့၊ ပရိနိဗ္ဗာန် စံတော်မူမှန်းမသိတဲ့အတွက်၊ "ဆွမ်းဘုဉ်းပေးချိန် တန်ပါပြီ၊ ရွှေနန်းတော်ကြီးသို့ ကြွပါဘုရား" လို့ လျှောက်ထားတယ်၊ လှုပ်ရှားခြင်းမရှိ၊ ပကတိ တည်ညြိမ်စွာ စကားမပြန်ဘဲ ဆိတ်ဆိတ်နေတော်မူတာကိုမြင်တော့၊ လက်စွဲတော်က၊ပစ္စေကဗုဒ္ဓါ အရှင်မြတ်ကြီး ကိန်းစက်အိပ်ပျော်နေတယ်လို့ ထင်မှတ်သတဲ့။

သည့်လိုထင်တဲ့အတွက်၊ နိုးတော်မူပါစေတော့လို့ ခြေတော်များကို အသာအသာ ဆုပ်နယ်ပြန်ပါတော့၊လှုပ်ရှားခြင်းမရှိပြန်ဘူး၊ခြေတော်များကို စမ်းလိုက်တဲ့အခါ၊ အငွေ့မရှိဘဲ၊ အေးနေတယ်၊ သည့်တော့မှ လက်စွဲတော်ကြီးက၊ပရိနိဗ္ဗာန်ပြုမှန်းသိသတဲ့၊ထိုအခါ လွန်စွာ ထိတ်လန့်ခြင်းဖြစ်ပြီး၊ ညီတော်ပစ္စေကဗုဒ္ဓါများကို တိုင်ကြားရန်၊ စကြံကျောင်းများကို သွားရောက်ပြန်ပါတော့၊တပါးမှ အသက်ရှင်ခါ တည့်တော်မူကြသည့်ကို မတွေ့ရဘဲ၊ အလုံးစုံ ပရိနိဗ္ဗာန် စံတော်မူနေသည်များကိုသာ တွေ့ရတယ်။

အသွန်ထူးဆန်းတဲ့ အဖြစ်မျိုးကို တွေ့မြင်ရတဲ့အခါ၊ လက်စွဲတော်၏ စိတ်မှာ၊ထိတ်ထိတ်ပြာပြာဖြစ်ပြီး အရေးတကြီး ရွှေနန်းတော်သို့ ပြန်လာခဲ့ရာ၊မိဖုယားကြီး၏ရှေ့တော်သို့ရောက်တော့၊ မိဖုယားကြီးက "ဘယ့်နှယ်လဲ အရှင်ပစ္စေကဗုဒ္ဓါများ ချမ်းသာတော်မူကြပါရဲ့လား" လို့ မေးမြန်းတော်မူရာ၊ လက်စွဲတော်က မျက်ရေ ယိုစီးလျက်၊ အငိုကြီးငိုပြီး "ခက်ကုန်ကြပါပေါ့ဘုရား၊ အရှင်ပစ္စေကဗုဒ္ဓါ ငါးရာစလုံး တပြိုင်နက် ပရိနိဗ္ဗာန် စံကုန်ပါပေါ့ဘုရား။" အဲသည့်လို လျှောက်ထားပါရော။

ကြားလျှင်ကြားခြင်း၊ မိဖုယားကြီး၏နှလုံးတော်အတွင်းမှာ မီး ဝင်း ဝင်း တောက် လောင်လျက်၊ မြေမဆိနိုင်အောင် ငိုကြွေးတော်မူတယ်၊ ။ငိုကြွေးတော်မူရင်း၊ ဘယ် လို ညည်း တွား ပါသ ပဲလို့ဆိုတော့၊ "အခက်ဖြင့်ကြုံနေပေါ့ ရွှေနန်းရှင်ဘု ရင်

ကလဲ မြို့တော်က ထွက်သွားတော်မူနေတဲ့ အခိုက်ဖြစ်နေတယ်။ သိတော်မမူရှာပေဘူး၊ ကြားသိတော်မူပါလျှင်၊ နှလုံးသွေးပွက်ဆူပြီး၊ ပူပင်လိုက်လှဲစွာ ငိုကြွေးတော်မူရှာလိမ့်မယ်။ ဗျာပနကိစ္စ ဖြင့် ငါ့တာဝန်ကျနေပေါ့၊ အဲသည့်လို မြည်တမ်းတော်မူရှာသတဲ့။

ထိုသို့ ငိုကြွေး မြည်တမ်းပြီးတဲ့နောက်၊ တိုင်းသူ ပြည်သား၊ လူအများတို့ခြံရံလျက်၊ မင်္ဂလာဥယျာဉ်တော်သို့ထွက်ပြီး၊ အရှင်ပင္စကေ ဗုဒ္ဓါ ငါး ရာ တို့၏ အလောင်းတော်များကို တပါးစီ, တပါးစီ, ပြင်ဆင်ကာ၊ ပူဇော်ပွဲပေါင်းငါးရာကို ပြုလုပ်တော်မူတယ်။ ဗျာပနကိစ္စအတွက် ဆောင်ရွက်ရန်အလို့ငှါ၊ ပြာသာဒ်ပေါင်းငါးရာကို ဆန်းကြယ်စွာ စီရင်တော်မူတယ်။

အလောင်းတော်ပေါင်းငါးရာကို၊ ပန်းနံ့သာအမျိုးမျိုး အခိုးအထုံတို့ဖြင့် ချနစ်ရက်တိုင်တိုင် ပူဇော်ကာ သာရကိဋ္ဌနသဘင်ဆင်ယင်ကျင်းပပြီးမှ၊ နံ့သာထင်းပုံ ပေါင်း ငါးရာပေါ်သို့ တပါးစီ,တပါးစီ,တင်ပြီး၊ အကြီးအကျယ်သဂြိုဟ်တော်မူတယ်။ အသျှင် မိဖုယားခေါင်ကြီး ကိုယ်တော်တိုင် အုပ်စီး၍ အကြီးအကျယ်ကျင်းပတဲ့ ဗျာပနကိစ္စပွဲကြီးဆိုတော့ အထူးပြောစရာ မရှိပါဘူး။ မယှဉ် သာ အောင် လွန် စွာ ကြီး ကျယ် စည် ကား တာပေါ့။

အလောင်းတော်များကို သဂြိုဟ်ပြီးတဲ့နောက်၊ ကြွင်းကျန်ရစ်တဲ့ ဓာတ်တော်များကို ကောက်၍ နောင်အရှေ့သဖြင့် ကြည်ညို ရလေအောင်၊ မင်္ဂလာဥယျာဉ်တော်ထဲမှာပင် စေတီပေါင်း ငါးရာကို တင့်တယ်စွာတည်ထားတော်မူတယ်။ ၊မယ်ဘဒ္ဒါရဲ့ အလောင်းဖြစ်တဲ့၊ မိဖုယားခေါင်ကြီးဟာ လွန်စွာစိမ်တတ်ပါပေရဲ့၊ နေပြည်တော်သို့ မင်းကြီးမပြန်လာမီ အတွင်းမှာပင် ဆိုခဲ့ပြီးတဲ့ ကိစ္စအလုံးစုံကို အကုန် ပြီး စီး အောင် စီမံ တော် မူပေတယ်။

ထို့နောက်၊ တိုင်းစွန်ပြည်နားမှာဖြစ်ပွါးထကြွတဲ့ ရန်သူပုန်တွေကိုနှိမ်နင်းပြီး မင်းကြီးပြန်လာတယ်လို့ကြားတော့ မိဖုယား

ကြီးက မြို့တော်ကထွက်ပြီး ဆီး၍ကြိုဆိုတော်မူရာ၊ အရှင်နှစ်ပါး တွေ့ချင်တွေ့ခြင်း၊ မင်းတရားကြီးက စတင်ကာ၊ သည့်လိုမေး တော်မူသတဲ့။ ။အို-သျှင်မိဖုယား၊ ပစ္စေကဗုဒ္ဓါ ကိုယ်တော် မြတ်ကြီးတွေ ချမ်းချမ်းသာသာ ရှိတော်မူကြပါရဲ့လား။ သင်- မိဖုယားဘာလဲ မှူးထားတော်မူခဲ့ဘဲ့အတိုင်း ပြုရမြဲဖြစ်တဲ့ဝတ်ကို မချွတ်မယွင်းအောင်ပြုရပါရဲ့လား။

သည့်လိုမေးတော်မူတော့၊ မိဖုယားကြီးက လိုက်လိုက်လဲ့လဲ့ ရင်ကွဲအောင်ငိုတော်မူပြီး၊ ''ပရိနိဗ္ဗာန်စံတော်မူကြဘုန်ပြီ၊ ကိုယ် တော်ရဲ့ဗျာပနကိစ္စကိုလှလှကြီးရွက်ဆောင်၍ရွှေတပြောင်ပြောင် အရောင်စိုရရှိနှင့်စေတီပေါင်းငါးရာကိုတည်ပြီးပေါ့ကိုယ်တော် ရဲ့။ အဲ-သို့ကလို လျှောက်ထားသတဲ့။

သည့်လျှောက်ချက်ကို ကြားတော့၊ မင်း ကြီး ရဲ့ စိတ် ထဲ မှာ ထိတ် ခနဲ တုန် သွား ပြီး။ 'ဩော်-သေ ခြင်း တ ရား ဆို တာ။ တယ်ကြောက်ဘို့ ကောင်း ပါ က လား နော်။ ကိ လေ သာ ကုန် ပျောက်၍ အထွဋ်အမြတ်သို့ရောက်တော်မူပြီး၊ ပညာရှိကြီးအစစ် အမှန်ဖြစ်တော်မူကြဘဲ့၊ အရှင်ပစ္စေက ဗုဒ္ဓများကိုမှ ရှောင်ရှား လွှဲဖယ်ခြင်းကိုမပြုပါဘဲကလား။ ငါကို့ကဲ့သို့သော သူကိုတော့ အဘယ်မှာ ထောက်ညှာတော့မှာလဲ'။ ''အဲ-သို့ကလို သံဝေဂ စိတ်တွေ ဖြစ်ပေါ်လာတယ်။ တော်ပါပေရဲ့ သေရခြင်း ဆိုတဲ့ အသံကို ကြားရတာနှင့် ဘွားကနဲ လန့်ထိတ်၍ သံဝေဂစိတ်တွေ ပေါ်ပါပေတယ်။ ယခုခေတ်ကာလများ တနေ့လျှင် အခါတရာ ကြားစေတော့ လှုပ် ရှား ဘို့ ဝေးရော့၊ နဲ နဲ က လေး မှ မ တိတ် ဘူးပေါ့။

သို့ကလို သံဝေဂဖြစ်ဘဲ့အတွက် ပြည့်ရှင်မင်းကြီးဟာ မည်သူ နှင့်မျှ ခွက်ဟမိန့်ဆိုတော် မူခြင်းကို အလျဉ်း ပြု တော် မ မူ ဘဲ။ မင်္ဂလာ ဥယျာဉ်တော်တို့သာ ဆိုက်ဆိုက်မြိုက်မြိုက် တိုက်ရိုက် ကြွသွားတော်မူပါရော၊ ။အင်း တယ်ချီးမွမ်းစရာ ကောင်းသကို နော်၊ရွှေနန်းတော်ကြီးကိုမှ ဝင်တော်မမူတော့ဘူး။ တကဲ့သံဝေ

ဂ မိတ်ဆိုတာ၊ဘာကိုမှ-မတွယ်တာဘဲ၊တကယ်ညည်းငွေ့တာ ဘဲကိုး။

ဖွေနန်းတော်သို့ မဝင်ဘဲ၊အရှင်ပစ္စေကဗုဒ္ဓါတို့၏၊ သပြုံဟ်ရာ ဖြစ်တဲ့၊ မင်္ဂလာဥယျာဉ်တော်သို့ ဖြောင့်ဖြောင့်ကြီး သွားတော့၊ မိဖုယားကြီးကလဲ၊ အစဉ်တစိုက် နောက်က လိုက်သွားတယ်။ ဥယျာဉ်တော်သို့ ရောက်တော်မူတဲ့အခါ၊ ငါးရာသော စေတီ တော်ကြီးများကို ညွှတ်တွားရိုကျိုး၊ မင်းတရားကြီးက ရှိခိုးပြီး၊ ''ငါ့သားတော်ကြီးကို ငါ့ထံသို့ ခေါ်ခဲ့ကြ''လို့ အမိန့်ပေးတော် မူတယ်။

အမိန့်တော်အတိုင်း၊ သားတော်ကြီးကိုခေါ်၍ ရှေ့တော်သို့ သွင်းတဲ့အခါ။''ငါ့သားကြီး၊ ထီးနန်းစည်းစိမ်ကို အပ်ချုပ်ပြီး၊ မင်းလုပ်၍နေပေတော့။ ငါမူကား၊ သည်မင်္ဂလာ ဥယျာဉ်ထဲမှာ ပင် လျှော်တေကိုဝတ်ဆင်ပြီး၊ သူတော်ကောင်းတို့၏ ဝလေ့ ဖြင့်၊ရသေ့ရဟန်း ပြုလုပ်တော်မူတော့မယ်၊အဲသည့်လို မိန့်တော် မူပြီး၊ထီးနန်းကို အပ်တော်မူတယ်။ ။တိုင်း သူ ပြည် သား လူအများတို့က၊ ရှိခိုးဝပ်တွား ငိုကြွေးကာ တားကြသော်လဲ၊ လားလားမျှ ဂရုစိုက်ဘော်မမူဘူးတဲ့။

အဲ-သို့ကလို သားတော်ကြီးအား၊ ထီးနန်းကိုအပ်ပြီး၊ ပဲပွထိ ရဲ့ အလောင်းဖြစ်တဲ့ နန္ဒမင်းဟာ။ သန့်ရှင်းစင်ကြယ်စွာ ရသေ့ ရဟန်း ပြုလုပ်တော်မူပါရော။ ။သည်တော့ မယ် ဘဒ္ဒါ ရဲ့ အလောင်းဖြစ်တဲ့၊ အသျှင်မိဖုယားကြီးက၊ သူတော်ကောင်း သဘောနဲ့ အားကျပြီး ''သယ်-သူသ ရဟန်းပြုနိုင်သလား၊ ငါလဲအစွမ်း မတုံးပါဘူး။ ထီးနန်းကို မုန်းနိုင်ပါရဲ့''။ အဲ-သို့က လို ကြံမိးဝါးပြီး၊ နန်းတော်ကြီးသို့ မပြန်ဘဲ၊ မင်္ဂလာဥယျာဉ် တော်ထဲမှာပင် ရသေ့မ, အဝတ်ကိုဆင်ပြီး၊ မင်းကြီးနှင့်အတူ ရသေ့မ,ပြုလုပ်တော်မူတယ်။

အရှင်နှစ်ပါးတို့၊ရသေ့ ရဟန်းပြုလုပ် တော်မူကြပြီး၊ သစ်မ်း ကျောင်း အသီးသီးနှင့်၊ နှီးနှော ဆက်ဆံခြင်းမပြုဘဲ၊ ဘိတင်း

သုံးတော်မူကာ မေတ္တာကရုဏာ အစရှိတဲ့၊ ဖြဟ္မစိုရတရား လေးပါးကိုပွါးများ၍ ဆိတ်ငြိမ်စွာ သီတင်းသုံးတော်မူကြသည်။ ကဲ စဉ်းစားကြစမ်းပါ။ ပိပ္ပလိအလောင်းနှင့် မယ်ဘဒ္ဒါအလောင်းဟာ၊ သဒ္ဓါစေတနာ၊ ဘယ့်လောက်တူမျှကြသလဲလို့၊ တယောက် တောထွက်လျှင်၊ တယောက် ချန်မနေဘဲ၊ အတူလိုက်၍ တောထွက်တယ်၊ တယောက်က ကုသိုလ်ပြုတဲ့အခါ၊ တယောက် စေတနာကလဲ လွန်စွာထက်သန်တယ်။ အဲ-တာကြောင့်ဖြစ်ခဲ့သမျှ သံသရာမှာ မခွါမခွဲဘူးစုံတဲ့ပြီး မကွဲအောင် ပေါင်းသင်းကြရ တာပေါ့။

မင်းကြီးရသေ့နှင့် မိဖုယားရသေ့မနှစ်ပါးတို့ဟာ ဘာဝနာ ကို ပွါးတဲ့အတွက် ဈာန်တရားသို့တက်ပြီး အသက်ထက်ဆုံး ချမ်းသာစွာ ဈာန်ဘာဝနာဖြင့် မွေ့လျော်တော်မူကြပြီး၊ ခန္ဓာ ကုန်ဆုံး ဘဝတိုးတော့ နှစ်ပါးစလုံး ဗြဟ္မာ့ပြည်သို့ တက်ရောက် တော် မူကြလေသတည်း။

ယခုပြဆိုခဲ့ပြီးတဲ့ အကြောင်းအရာတွေကို ကောင်းစွာ သိစေ လိုတဲ့အတွက်၊ ဘဒ္ဒါထေရီဖြစ်တော်မူတဲ့အခါ အပဒါန် ပါဠိ တော်ကြီးမှာ အောက်၌ပါသောဂါထာများကိုဟောကြားတော် မူခဲ့ပေသတည်း၊

(ဗ) တတောစုတော အာဟုရာဇာ၊ နန္ဒောနာမ မဟာယသော၊
တဿပိ မဟေသီ အာသိံ၊ သမ္ဗကာမ သမိဒ္ဓိနိ၊

(ဗ) တတော၊ ထိုအတိတ်ဘဝမှ၊ စုတော၊ ခန္ဓာလျှောကြွေ၊ သေဆုံး စုတေခဲ့သည်ရှိသော်၊ သာမိကော၊ အကျွန်ုပ်၏ အရှင် သခင်သည်၊ ဗာရာဏသိယံ၊ ဗာရာဏသီပြည်၌၊ မဟာယသော၊ များသောအခြံအရံ ရှိသော၊ နန္ဒောနာမ၊ နန္ဒမည်သော ဘုရင် မင်းမြတ်သည်၊ အာသိ၊ ဖြစ်တော်မူခဲ့လေသတည်း၊ ၊ဘဒ္ဒါ၊ ထိုအခါ၌၊ အဟံ၊ အကျွန်ုပ်သည်၊ တဿ၊ ထိုနန္ဒဘုရင်မင်းမြတ်၏

မဟောသိ၊ တောင် ညာ နန်း နေ၊ သန်းရွှေထွတ်ထား၊ အသျှင် မိဖုယား ခေါင် ဘု ရား သည်။ အာသိံ၊ ဖြစ် ရ ပေ သ တည်း။ သမ္ဗကာမသမိဒ္ဓိနီ၊ လိုတိုင်းဥဿုံ အလုံးစုံကို၊အကုန်ပြည့်ဝ စေ နိုင်သော၊တန်ခိုးရှင် မိန်းမမြတ်ကြီးသည်။ အာသိံ၊ရွှေနန်းတော် ဘုံဆောင်ထွင်၊ ဂုဏ်ရောင်တဝင်းဝင်းနှင့် အထင်အလင်းဖြစ်ခဲ့ ပေသတည်း။

(ဘ) ပဒုမဝတိ ပုတ္တာနံ၊ ပစ္စေကမုနိနံ တဒါ။
သတာနိ ပဥ္စူနာနိ၊ ယာဝဇီဝံ ဥပဋ္ဌဟိံ။
ရာဇုယျာနေ နိပါသေတွာ၊ နိဗ္ဗုတာနိစ ပူဇာယိံ။

(ဘ) တဒါ၊ ထိုဆိုခဲ့ပြီးသော ဘုရင်နှင့် မိဖုယားဖြစ်သော အခါ၌၊ အဟံ၊ အကျွန်ုပ်သည်၊ ပဒုမဝတိ ပုတ္တာနံ၊ ပဒုမဝတီ မိဖုယားကြီး၏ သားတော်တွေ ဖြစ်ကြကုန်သော၊ပစ္စေကမုနိနံ၊ ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့၏၊ အနူနာနိ၊ အယုတ်အလျော့မရှိကုန် သော။ ပဥ္စသတာနိ၊ ကိုယ်တော်မြတ်ငါးရာတို့ကို၊ ယာဝဇီဝံ၊ အသက်ထက်ဆုံး၊ ဥပဋ္ဌဟိံ၊ ကျောင်းနှင့်သင်္ကန်း၊ဆေး,ဆွမ်း, ပေးလှူ စေတနာဖွေးဖြူလျက်၊ မွေး မြူ လုပ် ကျွေး ခဲ့ သ တည်း၊ ရာဇုယျာနေ၊ မင်္ဂလာရှိသောမင်း၏ ဥယျာဉ် တော် အ တွင်း၌၊ နိပါသေတွာ၊သိတင်းသုံးနေတော်မူကြကုန်ပြီးသော၊နိဗ္ဗုတာနိစ၊ ပရိနိဗ္ဗာန်ပင်စံတော်မူကြသော အရှင်မြတ်တို့ကိုလည်း၊ပူဇယိံ၊ သာရကိဋ္ဌနသဘင်၊ ဆင် ယင် ကြီး ကျယ်၊ အံ့ ဩ ဘွယ် လျှင်၊ တင့်တယ်စွာပူဇော်ခဲ့ပါသတည်း။

(မ) စေတိယာနိစ ကာရေတွာ၊ ပဗ္ဗဇိတွာ ဥဘောမယံ။
ဘာဝေတွာ အပ္ပမညာယော၊ဗြဟ္မလောကံ အဂမှသေ။

(မ) တဒါ၊ ထိုသို့ သာရကိဋ္ဌနသဘင် ဆင်ယင်သဗြိုဟ်ပြီး သော်၊ဥဘော၊ စေဘနာဖွေးဖြူ ပေးအလှူဖြင့်၊ နွေးတူနှစ်ပုံ ဖြစ်ကြကုန်သော၊မယံ၊ အကျွန်ုပ်တို့သည်၊ပဗ္ဗဇိတွာ၊ သျှော်ထေ

ဆင်မြန်း၊ ရဟန်းအလေ့၊ ရှင်ရသေ့ပြုကြကုန်လျက်။ အပ္ပမညာ ယော။ အပ္ပမညာ၊ သညာခေါ်ဆို၊ ဖြဟ္မစိုရ်လေးပါး၊မြတ်တရား တို့ကို ဘာဝေတွာ။ လေ့ကျင့်စိမ့်ထုံ၊ ပွါးများကုန်ပြီးသည့် ရှိသော်။ ဖြဟ္မလောကံ၊ ကာမ နယ် စပ်၊ အမျိုး ဖြစ် သည့်၊ ထွတ်မြတ်ကုံလုံ၊ ဖြဟ္မာဘုံသို့၊အဂမ္ဘသော။ ဈာန်ဝသီဖြင့်၊ ကြည် စွာ ရောက်သွား ဈာန်ကစားကာ နေခဲ့ရပါဘုန်၏။

## ပိပ္ပလိနှင့်မယ်ဘဒ္ဒါဖြစ်ခဏ်း

ယခုရှင်တော်သဘျ၊ဂေါတမဘုရား၊ ထင်ရှားဖြစ်ပေါ်လာတဲ့ အခါ၊ ပိပ္ပလိနှင့်မယ်ဘဒ္ဒါတို့၏ ဖြစ်လာပုံကိုပြဆိုကြစို့။

မာဂဓတိုင်းအဝင်အပါ၊မဟာတိတ္ထဆိုတဲ့ ပုဏ္ဏားရွာကြီးမှာ၊ ပဋ္ဌည့်းဥစ္စာ၊ ကုဋေ ကု ဋာ ကြွယ်ဝတဲ့၊ ဖြဟ္မဏာမဟာသာလ၊ ကပိလအမည် ရှိတဲ့ ပုဏ္ဏားကြီးအိမ်မှာ၊ ပါရမီ ထူး ခြား တဲ့ သတို့သားကလေးတယောက် ဘွားမြင်လာဘယ်။ဘုန်းကံပါရမီ စုံ ညီ ပြည့် ဝ လာ ခဲ့ တဲ့ အတွက် ရုပ်ဆင်း အင်္ဂါ လက္ခဏာနှင့် လွန်စွာညီညွတ်၍ အထူးသဖြင့် လှပတင့်တယ်၊ အမည်သညာ မှာကော့ ပိပ္ပလိဘဲ့။

ထို့ပြင် မဒ္ဒတိုင်း၊ သာဂလနေ ပြည် တော် ကြီး အတွင်းမှာ ဖြဟ္မဏာမဟာသာလ ဘွဲ့ ထူး ရ ပြီး၊ ကောသိယ ပုဏ္ဏားကြီး၏ အိမ်မှာလဲ၊ သတို့သမီးကလေး တယောက် ဘွားမြင်လာတယ်။ ရှေးကံပါရမီ စုံညီပြည့်ဝလာတဲ့အတိုင်း တုနှိုင်း၍ မရအောင် ကနု ၁ ့ကြက်သရေ အမြဲ တေ ရတနာ ကညာဘို့၏အထွတ် အပြစ်မျှ စုံကင်းလွတ် ဘဲ့ သတို့သမီးကလေးပေါ့။

ဘွားမြင်တဲ့အခါ မင်္ဂလာနက္ခတ်နှင့်ကြုံသဖြင့် လူ့ဘုံလောဘ မှာကောင်းမြတ်ခြင်း၊ ဘွား မြင် ဆဲ ခဏ မှာ ပင် လာဘ်လာဘ များစွာဝင်သဖြင့် ကောင်းမြတ်ခြင်း၊ မိဘဘို့၏ စိတ်နှစ်လုံးမှာ ရွှင်ပြုံးချမ်းသာ၍ ကောင်းမြတ်ခြင်း၊ ရုပ်ဆင်းအင်္ဂါ လွန်စွာ

တင့်တယ်သဖြင့် ကောင်းမြတ်ခြင်း၊ အဲ-သို့ကလိုဇကောင်းမျိုး စုံလင်၍ လူ့ခွင်လောက၏ အညွန့်အဖူးလေး ဖြစ်တဲ့ အတွက် အမည် သညာမင်္ဂလာပြုလုပ်တဲ့ နေ့ကျတော့ မယ်ဘဒ္ဒါရယ်လို့ ခေါ်ဝေါ်သမုတ်ကြဘယ်။(ဘဒ္ဒါ-သဒ္ဒါက။အကောင်းအမွန်ဆိုတဲ့ အနက်ကို ဟောကြားကြောင်းကိုလဲ ကောင်းစွာ သတိပြုသင့်ကြ ပေတယ်။)

ပြဆိုခဲ့ပြီးတဲ့သတို့သား သတို့သမီးနှစ်ဦးတို့ဟာ ရှေးလွန်ခဲ့တဲ့ အတိတ်သံသရာက ပါရမီရေစက် အတူဆက်ခဲ့ကြတဲ့အတိုင်း၊ ယခုအဆုံးဘဝမှာလဲ လူ့ဘုံလောကတွင် အတူတကွဖြစ်လာကြ တယ်။ အသက်အရွယ်အားဖြင့် ဆိုတော့၊ ပိပ္ပလိ သတို့သားက မယ်ဘဒ္ဒါထက် လေးနှစ်ကြီးသတဲ့။ ။သူတို့ နှစ်ယောက်ဟာ ဗြဟ္မာ့ဘုံက စုတေလာခဲ့ကြတဲ့ အတွက်၊ ကာမတဏှာဆိုတာ အငွေ့အသက်လောက်မျှ မပါလာကြဘူး၊ ဗြဟ္မာ့ဘုံက ဝါသနာ စရိုက် လူ့ဘုံသို့တိုင်အောင်လိုက်လာတာပေါ့။

ပိပ္ပလိ သတို့သားကား၊ အသက်နှစ်ဆယ်၊ မယ်ဘဒ္ဒါက ဆဲ့ခြောက်နှစ်၊ လူပျိုနဲ့အပျိုဖြစ်လာကြတဲ့အခါ၊ အခြားလူပျိုအပျို များနှင့်မတူဘဲ အမူအရာ အပုံကြီး ကွဲခြားနေကြတယ်။ ပိပ္ပလိ သတို့သားမှာလဲရုပ်ဆင်းရောင်ဝါလွန်စွာလှပတဲ့အတွက် မြင်မြင် သမျှမိန်းမတို့၏စိတ်မှာ ထိတ်ခနဲထိတ်ခနဲတုန်ခိုက်ပြီးရင်ကိုလက် နှင့်ပိုက်လျက် ချစ်ကြိုက်တဲ့ စေတနာကြောင့်၊ “ဩော်-သည်လို လှတဲ့လူပျိုကလေးများ ကမ္ဘာမြေပေါ်မှာ ရှိပါသေးကလား၊ သို့ကလောက်လှချော၍ အချစ်ဓာတ်မပြေနိုင်တဲ့လူပျိုကလေးများ ကိုရလျှင် လူ့ဘဝမှာအကျိုးနပ်သဖြင့်နတ်ပြည်ကိုတောင်မသွား ခြင်တော့ပါဘူး။”အဲ-သို့ကလိုစုတ်သတ်ခါငေးပြီး၊ အတွေးနှင့် ညည်းညူကြသတဲ့။

ပိပ္ပလိက သဘောထားပုံမှာတော့ ဗြဟ္မာ့ပြည်ကစုတေလာ တဲ့အတွက် လူ့ဘုံဘောဂ၌မြင်မြင်သမျှတွေကိုသဘောကျစရာ ကောင်းတယ်လို့ နှစ်သက်တဲ့စိတ်မျိုးဟာ၊ဘယ်တခါမှမဖြစ်ဘူး

ဘူးတဲ့။ ။မစားကောင်းတဲ့ အသီးကို မြင်လျှင် စားချင်စိတ် မပေါ်လာတာလို၊ ပိပ္ပလိဟာလဲ ဖြဟ္မာ့ဘုံက ဝါသနာကြောင့်၊ မိန်းမကိုမြင်လျှင် လိုချင်တဲ့စိတ်မျိုး ဖြစ်ဘို့ဝေးရော့ နဲနဲကလေးမှ ကြည့်လိုတဲ့ဆန္ဒမရှိဘူး။ ။မိန်းမတွေကို ဘယ်လိုထင်နေသလဲ ဆိုတော့၊ လောကမှာ ရွံစရာကောင်းတဲ့ တီကောင် မြွေကောင် ကျွတ်ကောင်, ပက်ကြိကောင်, ခူကောင်, ပိုးကောင်, လောက် ကောင်တို့နှင့်မခြား၊ တသားထဲ ထင်မှတ်နေတယ်။ အဲ-သို့က လောက် ရွံကြောက်စက်ဆုပ် နေတာကို အိမ်ထောင် ပြုဘို့ရာ ဘယ်မှာ စိတ်ပါနိုင်ပါတော့မလဲ၊ မိန်းမများက ဘမ်းခြင်ကြ သော်လဲ အခွင့်မရနိုင်ဘူးပေါ့။

မယ်ဘဒ္ဒါကလဲ ထိုနည်းတူစွာ ဖြဟ္မာတို့ဘုံက စုတေလာတဲ့ အတွက် ကာမဂုဏ်ဘက်မှာ အငွေ့အသက် ကလေး လောက်မှ စိတ်မပါတော့ဘူး။ ။သူ့လှပုံကလဲ ယောကျ်ားတို့စိတ်ရမက်ကို နှိပ်စက်ညှဉ်းဆဲသလို လွန်လွန်ကဲကဲ အလှကြူးပြီး အထူး ယဉ်ကျေးတဲ့အတွက် မယ်ဘဒ္ဒါကို မြင်ကြရတဲ့ ယောကျ်ား မှန်သမျှ အချစ်သွေးရမက်ဟုံနှင့် တုန်တုန်ခိုက်ခိုက် ရူးလုဘနန်း ဖြစ်နေကြသတဲ့။ မယ်ဘဒ္ဒါရဲ့စိတ်ထဲမှာ ယောကျ်ားများကို မြင် လျှင် ခင်မင်ဘို့နေနေသာသာ လွန်စွာစက်ဆုပ်ဘွယ်ကောင်းတဲ့ သတ္တဝါကောင်ကြီးတွေ၊ လွန်စွာကြောက်လန့်ဘွယ် ကောင်း အောင် ရိုင်းစိုင်းတဲ့ သတ္တဝါကောင်ကြီးတွေရယ်လို့ ထင်မှတ် နေတော့တာဘဲတဲ့။ ယောကျ်ားတွေကို မြင်တိုင်း မြင်တိုင်း ခွါနှင့်ဦးချိုပေါက်နေတဲ့ နွားကြီးတွေ ကျွဲကြီးတွေလို၊ လက် သည်းထက်ထက် အစွယ်ပေါက်နေတဲ့ ကျားကြီးတွေ, ခြင်္သေ့ကြီး တွေလို၊ အစွယ်ကြီး, နှာမောင်းကြီးပေါက်နေတဲ့ ဆင်ကြီးတွေ လို ထင်မှတ်နေတယ်။ ။အဲသည့်လို ထင်မှတ်နေတာကို အိမ်ထောင်ပြုဘို့ရာ ဘယ်မှာစိတ်ရှိနိုင်ပါတော့မလဲ၊ ယောကျ်ား တွေကဘမ်းခြင်ကြပေမယ်လို့ အခွင့်မရနိုင်တော့ဘူးပေါ့။

## ပိပ္ပလိကိုနားချခန်း

ပိပ္ပလိသတို့သားဟာ အသက်နှစ်ဆယ်ရွယ်သို့ ရောက်လာတော့ မိဘဖြစ်တဲ့ သူဌေးကြီးများက နေရာချဘို့ရာ ကြံစည်ကြတယ်။ ။ငါတို့သားဟာ အချိန်အရွယ်သို့ရောက်လာပြီ ထိမ်းမြားမင်္ဂလာမပြုလုပ်ဘဲ သူ့သဘောအတိုင်း လွှတ်ထားခဲ့ပါလျှင် အလကားအချိးနှိုး၊ သား-သွီးအညွန့်ထုံးကုန်ကောဲမှာဘဲ။ ငါတို့မှာလဲ ပစ္စည်းဥစ္စာတွေ လွန်စွာများပြားတယ်။ အမွေခံမရှိဘဲ အဆက်ပြတ်သွားခဲ့ပါလျှင် မင်းဘဏ္ဍာ ဖြစ်ကုန်တော့မှာဘဲ။ သဘောကျအောင် အမြန် နားချမှတော်မယ်၊ ။ဆဲသည့်လို ကြံစည်ပြီး၊မိဘများက ပိပ္ပလိသတို့သားကို၊ အိမ်ထောင်ပြုဘို့ နားချကြပါရော။

သည့်စကားကိုကြားတော့၊ပိပ္ပလိသတို့သားက၊နားနှစ်ဘက်ကို လက်နှင့်ပိတ်ပြီး၊ ''ကျွန်တော့်ကိုချစ်ခင်လျှင်၊ မိခင်,ဘခင် ကျေးဇူးရှင်တို့က သားမယားနှင့်စပ်တဲ့ စကားကို၊ နဲနဲကလေးမှ ပြောကြားတော်မမူကြပါနှင့်။ကျွန်တော့်နှလုံးမှာ မီးဟုန်းဟုန်း ထမလောက် လန့်ကြောက် စက်ဆုပ်ခြင်းဖြစ်လှပါတယ်။ ၊မိဘနှစ်ပါးတို့ အသက်ရှင်စဉ်အခါ၊ယခုလို လုပ်ကျွေးစစ်စစ်နှင့် နေထိုင်ပြီး၊ကျေးဇူးရှင်နှစ်ပါးကို၊ရိုရိုသေသေ လုပ်ကျွေးပမယ်၊မိဘများ ရတောတဲ့အခါကျတော့ စိတ်သာချပါတော့၊ မိဗ္ဗ တောထွက်မှာ အမှန်ဘဲ။''ဆဲသည့်လို ပြောဆိုကာ ညင်းဆန်တော့ ကြံရာမရဖြစ်ပြီး၊ စိတ်ညစ်ကုန်ကြတာပေါ့၊ သို့သော်လဲ၊ မိဘများက အားမလျှော့ကြဘူး။ အကြိမ်ကြိမ် အခါခါ မကြာမကြာ နားချကြပြန်တယ်။ဘယ်လိုပင် နားချသော်လဲ၊သားကဖြင့်၊ မလိုက်နာနိုင်ဘူးပေါ့။ ။မိခင်ဖြစ်တဲ့ သူဌေးကတော်ကြီးက၊သူ့အနားသို့ သား က လေး ကို ခေါ် ပြီး၊ နှုတ် ရေ က ထယ် က လယ် နှင့်၊ ''မောင်ရယ် အမေ့ကို သနားပါ။မောင်သိတဲ့အတိုင်း၊ အမေတို့မှာ ပစ္စည်းဥစ္စာ ကုဋေရှစ်ဆယ် ကြွယ်ဝပါတယ်။ သားမြေး အညွန့်ဘုံးလျှင်၊ အမျိုး ပြုန်းရုံမက၊ ပစ္စည်း ဥစ္စာတွေဟာလဲ၊

မင်းဘဏ္ဍာဖြစ်ကုန်ပါလိမ့်မယ် မောင်ရယ်၊ မောင်သဘောမပေါသေးဘူးလဲ၊ အမေ့ကို ညှာထားပါ။ အိမ်ထောင်ပြုခြင်းဆိုတာလဲ၊ မောင်ထင်နေသလောက်၊ လန့်ကြောက် စက်ဆုပ်ဘွယ် ရာကောင်းတာ မဟုတ်ပါဘူး''။အဲသည်လို တောင်းတောင်းပန်ပန်နှင့် ချသတဲ့။

ဘယ်လိုပင်ပြောပြော၊ သားချောကဖြင့် သဘောမကျနိုင်ဘူးပေါ့။ထို့နောက် မကြာမကြာ အနားသို့လာပြီး၊ ပူဆာလွန်းမက ပူဆာတဲ့အတွက်၊''ဟယ်-မတတ်နိုင်တော့ပါဘူး၊ မိခင်လဲစိတ်ချမ်းသာအောင်၊ငါ့အသိဆာန္ဒလဲ ပြည့်ဝအောင်၊ ပရိယာယ်ဉာဏ်ဖြင့်ကြံဆောင်ရတော့မှာဘဲ။'' အဲ-သို့ကလို ဉာဏ်ထုတ်ပြီး ရွှေရုပ်ကြီးတခု ပြုလုပ်သတဲ့။

အလွန်စင်ကြယ် ကောင်းမွန်တဲ့ ရွှေချိန်ပိဿာ တထောင်ကို၊ လူ့ဘောင်တွင် ရှာသို့မရ နတ်သွီးလို လှပတဲ့ ကညာမိန်းမရုပ်တခုကိုပြုလုပ်တယ်။စိန်,ကျောက် မြသား၊ ပဒ္မမြား,ဇူန္နီလာ,မှ စ၍။နဝရတ် ကိုးပါးကိုလဲ သွီးကညာအရုပ်မှာ ချယ်စီတယ်၊ ရတ္တနာရောင်, ရွှေရောင်တို့ဖြင့် ပြောင်ပြောင် တောက်နေတာပေါ့၊အွှစင်ဖြင့် သွန်းလုပ်တဲ့ သွီးကညာအရုပ် ပြီးစီးတဲ့အခါ၊ အချိုးကျကျနှင့်အလွန်တရာလှပနေတဲ့အတွက်၊''သည့်ရွှေရုပ်လိုလှတဲ့ သွီးကညာဟာ၊ ကမ္ဘာပေါ်မှာ ဧကန္တမရှိနိုင်ပါဘူး''လို့ ပိပ္ပလိရဲ့စိတ်ထဲမှာ အသင်ရောက်သွားသတဲ့။ မဒ္ဒရာဇ်တိုင်းမှာ၊ သူဖူးစာရှင်ဖြစ်တဲ့၊မယ်ဘဒ္ဒါကလေးတယောက် ရှိမှန်း မသိဘဲကိုး။ သည်လို အထင်ရောက်ပေမှာပေါ့။ သူစိတ်ထဲမှာတော့၊ ''နေရာကျလှပြီ၊ သည့်ရွှေရုပ်လို လှတဲ့မိန်းမလဲ၊ ကမ္ဘာပေါ်မှာရှိမှာမဟုတ်ဘူး။မရှိသျှင်လဲ ငါ့ဆန္ဒအတိုင်း အိမ်ထောင်ပြုရတော့မှာမဟုတ်ဘူး။''အဲသည်လိုထင်မြင်ပြီး၊ ရွှင်ရွှင်လန်းလန်းနဲ့ ရွှေရုပ်ကြီးကိုကြည့်နေသတဲ့။

ထို့နောက်၊ မိခင်ဖြစ်တဲ့ သူဌေးကတော်ကြီးကို ခေါ်ပြီး ပြုံးပြုံး ရယ်ရယ်နှင့်၊ 'မေမေရယ်-ကျွန်တော်မိန်းမ- မယူချင်ဘူး

ပြောတာ မယုံပါနှင့်၊တကယ်ဆိုတော့ ဘယ်မှာ မလိုချင်ဘဲရှိပါမလဲ။ ကျွန်တော်က အသုံးကိုမှ ကြိုက်တယ်။ ။ဟော-မေမေ-ကြည့်စမ်း၊သည်ရွှေရုပ်လိုလှတဲ့ မိန်းမဆိုလျှင်၊ မလိုချင်ဘဲနေပမလား။မေမေက ရအောင်ရှာပေးနော်၊ ကျွန်တော်ဖြင့် ခပ်မြန်မြန် လိုချင်တာဘဲ၊ သည်ရွှေရုပ်လိုလှတဲ့ မိန်းမကိုရလျှင်ဖြင့်၊လောကထဲမှာ ပျော်ပျော်ရွှင်ရွှင်နေမယ် မေမေရဲ့၊မရဘူးဆိုလျှင်၊ သည်လောကထဲမှာ မနေချင်တော့ဘူး။ မိန်းမ-မရတဲ့အတွက် စိတ်ပျက်ပြီး တောထွက်မှာ အမှန်ဘဲမေမေရဲ့။'' ဆဲ-သို့ကလို ပြောဆိုကာ ရွှေရုပ်ကြီးကိုပြပါရော။

မိခင်က၊ရွှေရုပ်ကိုကြည့်ကာ ငေးမိုက်ပြီး ''ဩော်-လှလိုက်ထာ လွန်ပါရော၊သို့ကလောက် လှတဲ့သို့းကညာဟာ ကမ္ဘာပေါ်တွင် ရှိမယ်လို့ မထင်ပါဘူး။ ။သို့ရာတွင်၊ ငါ့သားကြီးဟာလဲ ဘုန်းရှင်-ကံရှင်-သမ္ဘာရှင် ဖြစ်ပေတယ်။ ဘုန်းရှိတဲ့သူများဆိုတာ၊ လိုရာဆန္ဒကို ပြည့်ဝအောင် စွမ်းနိုင်ကြတယ်။ သည်ရွှေရုပ်လိုလှတဲ့သို့းကညာကို မရဘူးလဲမဆိုစကောင်းဘူး'' ဆဲသည့်လိုတွေးတောပြီး ပြုံးရွှင်သော မျက်နှာနှင့် မစိုးရိမ်ပါနဲ့သားကြီးရယ်၊လွယ်လွယ်ကလေးနှင့်ရနိုင်ပါတယ်။ သည်ရွှေရုပ်လိုလှတဲ့သို့းကညာဟာ ကမ္ဘာပေါ်မှာမရှားလှပါဘူး။ချစ်ဘို့သာပြင်ပေတော့ မကြာခင် ရပါလိမ့်မယ်။'' ဆဲသည့်လိုဝန်ခံကာ ပြောဆိုတယ်။

ထိုနောက်၊ မိခင်သူဌေးကတော်ကြီးသည်၊ ဗေဒပိဋကနှင့် ရူပလက္ခဏာ လွန်စွာကျွမ်းကျင်တဲ့ ပုဏ္ဏားရှစ်ယောက်ကို ခေါ်ပြီး၊ ''သည်ရွှေရုပ်ကြီးကို ယူဆောင်၍ ဇမ္ဗူဒိပ်ကျွန်းတခွင်ကို အစဉ်အတိုင်းလှည့်လည်ကာ၊သည်ရွှေရုပ်နှင့်တူတဲ့သို့းကညာကို ရှာကြပါ၊အမျိုးတူ၊ အနွယ်တူ၊ အရွယ်တူဖြစ်၍၊ သည်ရွှေရုပ်နှင့် တူတဲ့သို့းကညာတွေ့ခဲ့ပါလျှင်၊ သည်ရွှေရုပ်ကြီးကို အပ်နှင်းပြီး ကြောင်းလှမ်းစကား အမျိုးပုံကို အကုန်ဖွင့်၍ ပြောခဲ့ကြ ပေ

တော့။''အဲ-သို့ကလိမ္မာထားပြီး၊ပုဏ္ဏားရှစ်ယောက်ကိုရွှေရုပ်နှင့် တကွ စေလွှတ်လိုက်တယ်၊ ထိုပုဏ္ဏားတို့အားလဲ ပစ္စည်းဘဏ္ဍာ ပေါင်းများစွာကို ပေးလိုက်သတဲ့။

(မှာထားချက်။ ။ရွှေရုပ်နှင့် သွီးကညာရှာခန်းကို အချုပ် အားဖြင့်ပြဆိုပါမည်။)

ရွှေရုပ်နှင့်တကွ ထွက်သွားကြတဲ့ ပုဏ္ဏားရှစ်ယောက်ဟာ မဒ္ဒရာဇ်တိုင်း သာဂလပြည်သို့ရောက်တော့ရွှေရုပ်မျှမကအောင် လှပချောမွန်၍ အလွန်ကြက်သရေရှိတဲ့ သွီးကညာ မယ်ဘဒ္ဒါ အကြောင်းကိုကြားကြပါရော၊အသက်ဆဲ့ခြောက်နှစ်ရွယ်မျှရှိတဲ့ သွီးကညာ မယ်ဘဒ္ဒါမှာ အသွင်သဏ္ဌာန် လှပရုံမျှသာ မကဘူး၊ ကိုယ်ရောင်ကိုယ်ဝါများသဲ ဆဲ့ခြောက်တောင်တိုက်ခန်းအတွင်း မှာ မီးမထွန်းဘဲနဲ့လင်းသတဲ့။ ညမှောင်မိုက်တဲ့အခါ၊ မယ်ဘဒ္ဒါ သွားလိုက်ပါလျှင် မီးအိမ်ကို ဆောင်ယူသွားသလို မှောင်တွေ ဟာ အလိုလိုဘဲ ရှဲကုန်ကြတယ်၊

ပုဏ္ဏား ရှစ်ယောက်တို့က၊ သည်သတင်းကို ကြားတော့ ရွှေရုပ်နှင့်တကွ မယ်ဘဒ္ဒါအိမ်သို့ သွားရောက်ကြဘယ်။ ။ ထိုအခါ မယ်ဘဒ္ဒါရဲ့ မိဘဖြစ်တဲ့သူဌေးကြီး၊ သူဌေးကတော်ကြီး တို့က လောကဝတ်ပြုဌါနဲ့ ကောင်းစွာဧည့်ခံပြီ၊ အကြောင်း အရာ အမျိုးမျိုးကို မေးမြန်းကြတယ်။ ။ဧည့်သည် ပုဏ္ဏားတို့ကသဲ မဂဓတိုင်းအဝင်အပါ မဟာတိတ္ထရွာ၌ ဥစ္စာကုဋေ ရှစ်ဆယ် ကြွယ်ဝတဲ့ကပိလသူဌေးကြီးက သွီးကညာရှာဘွေခန် ရွှေရုပ်နှင့် တကွ စေလွှတ်၍ ရောက်လာရကြောင်း၊ ကပိလသူဌေးကြီးရဲ့ သား ပိပ္ပလိဆိုဘဲ့ လုလင်ပျိုကလေးဟာ ယဉ်ကျေး လိမ်မာ၍ လွန်စွာ လှချောကြောင်းမှစ၍ အစုံအလင် ပြောကြားကြတယ်။

သည်လိုကြောင်းလမ်းတဲ့စကားကိုကြားတော့၊ မယ်ဘဒ္ဒါရဲ့ မိဘများက အမျိုးချင်းလဲတူ၊ ဥစ္စာစည်းစိမ် ဂုဏ်သိမ် ကြက် သရေချင်းလဲဘူ၊အဲ-သို့ကသိုညင်းပယ်စရာမရှိအောင်၊ အနူရာ

တူမျှနေတဲ့အတွက်၊ ယခုလိုကြောင်းသမ်း ဆက်သွယ်လာသည့်များကို သဘောကျပါတယ်၊ညင်းပယ်ဘို့မရှိပါဘူး''သွီးကညာအချိန်မသင့်သာ'' ဆိုဝ် အတိုင်း၊ ကွန့်ပံတို့သွီးမှာလဲ အချိန်အရွယ်သို့ ရောက်လာပါပြီ၊ နေ့ကောင်းရက်သာ အခါရွေးပြီး ထိမ်းမြားဘို့အရေးကိုသာစီ်ကြတာပေါ့၊'' ဆဲ—သို့ကလိုချိုချိုသာသာ လက်ခံပြောဆို၍ ပုဏ္ဏားချားကို ပြန်လွှတ်လိုက်တယ်၊

စေလွှတ်လိုက်တဲ့ ပုဏ္ဏားများလဲ၊ ဇွဲချပ်ကို လက်ဆောင်ပေးထားခဲ့၍ပြန်လာကြပြီး၊အကြောင်းဥသုံ အာ ဟုံးစုံကိုပြောပြကြတဲ့အခါ၊ ပ်ပ္ပလိ သတို့သားရဲ့ မိဘများမှာ အားရ ဝမ်းသာနှင့် နှစ်သိမ့်လို့မဆုံးနိုင်အောင် ရှိနေကြတယ်၊ ၊ပိပ္ပလိရဲ့ မိခင်က သူ့သားအထံသို့သွားပြီး အားကြီးဝမ်းမြောက်တဲ့ အမူအရာနှင့် ''ကဲ·ကဲ-ချစ်ဘို့သာပြင်ပေတော့၊ မောင့်ရွှေစင်ရုပ်လောက်မက ထူးတူးချွန်ချွန် လှန်လွှန်ကဲကဲ လှပတဲ့ သွီးကညာကိုဖြင့် တွေ့ခဲ့ပေါ့၊ ဆဲ့နှစ်တောင်တိုက်ခန်းမှာ ကိုယ်ရောင် ကိုယ်ဝါ ထိန်လင်း၍ တဝင်းဝင်းတောက်ပနေသတဲ့ သားရဲ့၊မောင့်ဘုန်း မောင့်ကံကြောင့် အရံသင့်တွေ့တဲ့ သွီးကညာကလေးကို၊ ချွေးမ တော်ရအုံးတော့မှာဘဲ''ဆဲသည့်လို ပြောဆိုသတဲ့၊

သည်စကားကိုကြားတော့ ပိပ္ပလိရဲ့ စိတ်ထဲမှာ၊ ထိတ်ခနဲတုန်သွားပြီး''ဩြော်-ဖြစ်မှဖြစ်ရပလေတယ်၊ငါပြုလုပ်တဲ့ ဇွဲချပ်လို လှတဲ့မိန်းမဟာ၊သည်ကမ္ဘာပေါ်မှာဖြင့် မရှိဘူးထင်နေတာ၊ ပေါက်ပေါက် ရှားရှား သည်သတ္တဝါမနှယ် ဘာဖြစ်လို့ သို့ကလောက် လှနေရတာလဲ၊ ဒီသတ္တဝါမအတွက်၊ ငါ့ အကြံ ဖြင့် ပျက်တော့မှာဘဲ''ဆဲသည့်လို ကြံတွေးပြီး၊ ငေးတေးတေးကြီးနှင့် ခေါင်းငိုက်ဆိုက် ကျသွားသတဲ့၊ တထိန်ထိန် သာနေတဲ့ လမင်းကို ရာဟု ဘမ်းတဲ့အခါ နက်ပြာ မဲမှောင်၍သွားသလို၊ ပိပ္ပလိရဲ့စိတ်များဟာ၊ ဟိုယခင်က ကြည်ကြည်လင်လင်ရှိနေပါသော်လဲ၊မိန်းမချော သတင်းကို ကြားတော့ ဘွားကနဲ နောက်ကြီလို့ သွားတယ်၊ ၊အင်း- တယ်ထူးဆန်းပါပေရဲ့၊ ယခုခေတ်

ကာလယောကျ်ားများနှင့်တော့ ကွာခြားခြင်းသလောက် ကွာခြားနေတာဘဲ။

သို့ကလို စိတ်ညစ်ညူးခြင်း ဖြစ်သော်လဲ၊ မိခင်မသိအောင် ဟန်ဆောင်ကာ အသာပြုံးပြီး''မေမေရယ်၊ရွှေရုပ်ထက်ချောတဲ့ မိန်းမ ရမယ်လို့ဆိုလျှင်၊ လိုချင်တဲ့ဟိုဘက်ကိုလွှန်ပြီး၊ အချစ် သွေးမွှန်နေတာပေါ့၊နေ့ကောင်းရက်သာ အခါရွေးပြီး၊ မနှေးရ အောင် ခပ်မြန်မြန်ကလေး စီရင်ပါတော့ မေမေ''ဆဲသည့်လို ပြောပြီး သူ့အနားကမိခင် ထသွားအောင် ချော့လွှတ်လိုက် တယ်။ မိခင်သူဌေးကတော်ကြီးကလဲ၊ ဝမ်းသာအားရ နှင့် မင်္ဂလာဆောင်ဖို့ကိစ္စတွေကို လုံးပမ်းနေတော့တာပေါ့။

ထိုနောက် ပိဋ္ဋကသိသတို့သားသည်၊ မိဘများ မသိအောင် မင်္ဂလာ မဆောင်ခြင်တဲ့အတွက်၊ မိမိအခန်းတံခါးကို လုံချိစွာ ပိတ်ပြီး၊မယ်ဘဒ္ဒါထံသို့ပေးရန် တိတ်တိတ်ကလေး စာတစောင် ရေးသတဲ့။ ။သူ့ခံမြာမှာ ကြီးစားလိုက်ရတာ၊မိန်းမ မယူတို့ အတွက် အပုံကြီးခက်နေရှာတာပေါ့။ ယခုလောက်ဖြစ်ပုံများနှင့် စဉ်းစားဆိုသာ ကြည့်ကြပေတော့၊ ။မယ်ဘဒ္ဒါထံသို့ပေးတဲ့ စာအဓိပ္ပါယ်ကတော့ သည်လိုတဲ့။

## မယ်ဘဒ္ဒါထံသို့ ပေးရန်စာ။

နှမသက်လျှာ၊ မယ်ဘဒ္ဒါ၊ ။မယ်ဘဒ္ဒါရဲ့ အရောင် အဆင်း ပြောင်ပြောင်ဝင်းအောင် လှနေပုံများကို ကြားရတဲ့အတွက် နှစ်သက်ဝမ်းသာတဲ့၊ မုဒိတာတရား ဖြင့်၊ သာရခေါ်လိုက်ပါပေ ရဲ့။ နှမဟာ ဈေးအခါက လှုန်ဋ္ဌာ ကုသိုလ်ထူးပါပေတာယ်၊ ကုဋေရှစ်ဆယ်ကြွယ်ဝတဲ့ သူဌေးသို့းမို့၊ မျက်နှာလဲ အပုံကြီးပေ လိမ့်မယ်။ ။ပစ္စည်းတွေကလဲ အနန္တ၊ အချော အလှမှာလဲ အဘက်မရှိ၊အဓိပတိ အညွန့်အဖူး ဖြစ်နေတဲ့သူမို့၊ သည့်ဇမ္ဗူမှာ ဖြင့်လိုချင်တဲ့လူတွေ ကုဋေကုဋာ ပေါ်များပေလိမ့်မယ်၊ ။ မယ်ဘဒ္ဒါရယ်၊ အားလဲနာပါရဲ့၊ မှန်တဲ့အတိုင်း အကြောင်းတခု

ဖွင့်ပြောစမ်းပါရစေ၊ ကျုပ်တို့လို ပစ္စည်းပေါ၍၊ ကျုပ်တို့လောက် ချောတဲ့ လူမျိုးတွေဟာလဲ သည်လောကလူ့ဘုံမှာ၊ အပုံကြီး ပေါများပါလိမ့်မယ်၊ ၊သည်သို လူမျိုးတွေထဲက၊ နှစ်သက်လောက်တဲ့ လူတယောက်ကို၊ ဦးခေါင်းနာနာ ခေါက်ပြီး ရွေးကောက်လို့ ယူစေချင်ပါတယ်၊ ၊သည့်က မောင်ပဲ့ထိကိုတော့ စိတ်ရှိတော်မမူပါနှင့်၊ ၊အကြောင်းတခု ပြောစမ်းပရစေဦး၊ ကျုပ်စိတ်ထဲမှာလေ မိန်းမတွေကို မြင်ပြီဆိုမှဖြင့်၊ ဖျို့ချင်,အန်ချင်တဲ့စိတ်နှင့် ရင်ဘတ်နှိပ်နှိပ်ထားရပါတယ်၊ ၊ တိုဘိုပြောရမှာဖြင့်၊တောထွက်ချင်နေတယ် မယ်ဘဒ္ဒါနဲ့၊ ပါရမီကို ကူညီလှုံဖြည့်တော်မူပါ၊ ၊ယခု ပေးလိုက်တဲ့စာကိုလဲ လူတကာမသိအောင် အဂ္ဂိရှာပနဖြင့် ပြာကျအောင် သင်္ဂြိုဟ်လိုက်ပါ၊

"ပိပ္ပလိ"

မဟာတိတ္ထရွာ-မဂဓတိုင်း၊

ဆဲသည့် အမိပျ်ပါယ်မျိုးပါတဲ့၊ သဝဏ်လွှာကို ရေးသားပြီး၊ အတွင်းလူယုံတယောက်ကိုခေါ်ကာ သည်စာကို ပေးအပ်တယ်၊ ပေးပြီးတော့"ငါ-ကိစ္စကိုထမြောက်အောင် လုံခြုံစွာရွက်ဆောင်ရမယ်၊ မဒ္ဒတိုင်း သူဌေးအိုး မယ်ဘဒ္ဒါထံသို့ ရောက်အောင် သွားပြီး၊ အခြားလူများမသိရအောင် သည်စာကို ပေးရမယ်" ဆဲသည့်လိုပြောဆို သင်ကြားပြီး၊လူယုံတယောက်ကို မဒ္ဒတိုင်းသို့ စေလွှတ်လိုက်တယ်၊ လူယုံအတွင်းသားကလဲ၊ အရှင်သခင်၏ စကားကို နာယူပြီး မဒ္ဒတိုင်းသို့ထွက်သွားပါရော၊

## မယ်ဘဒ္ဒါ၏ ဖြစ်နေပုံ

အလှည့်ဖူး၊ ကညာထူးဖြစ်တဲ့ မယ်ဘဒ္ဒါမှာလဲ သူ့အိမ်ပေါ်သို့ ရှရပ်ကြီးရောက်တဲ့နေ့ကစပြီး၊ သူ့ရင်တွင်းမှာ မီးအိုးခင်းကြီး တည်ထားသလို ပူပင်သောကနှင့် မျောရတော့ မလောက်၊အကြောက်ကြီး ကြောက်နေရှာတယ်၊ ၊ကြောံ-ဖြစ်မ

ဖြစ်ရပလေ့။သည့်ရွှေရုပ်ကြီးဟာ ပေါက်ပေါက်ရှာရှာ အလကား
အိမ်ပေါ်သို့ တက်လာတယ်။ မင်္ဂလာရှိတယ်လို့ မထင်ပါဘူး။
သည့်ရွှေရုပ်ကြီးကို မြင်ရတိုင်း၊ မြင်း စိုင်း သလို နှလုံးထုန်ပြီး
အပုံကြီး စိတ်မချမ်းမသာဖြစ်ရတယ်။ ငါ့နှယ်နော် အကျိုးပေး
မကောင်းလေခြင်း။ ။ဟို-မဂဓတိုင်းက၊ ဦးပိပ္ပလိဆိုတဲ့ လူကြီး
ကလဲ မတွေ့တွေ့အောင်၊ကြံဆောင်ဥာဏ်ထုတ်၍ သူ့ရွှေရုပ်ကြီး
နှင့်လယ်ပြီး အောင်သွယ်လုပ်မှ လုပ်နိုင်ပလေထယ်။ ။သည့်
ကမ္ဘာလောကမှာ အချောအလှ သို့က လောက် ရှားသလား၊
ဦးပိပ္ပလိသို သူဋ္ဌေးသား လှချောဘဲ့ ယောက်ျားများဟာ ကညာ
တို့၏ ထိပ်ဒေါ်မှာ ဆယ်ခေါက်,ကိုးခေါက်,ဘိနပ်နှင့်ရှောက်ပြီး
လိုသလောက်ရွေးချယ်လို့ ယူနိုင်ပါတယ်။ ။သည့်ဘ-မိဘဒ္ဒါ
ကိုမှ ဘာကြောင့်သူစုံမက်ရတာလဲ။ ထခါမှလဲမမြင်ဘူးပါဘူး။
သ တင်း ကြား နှင့် စိတ် ရှိ ပြီး၊ ပိပ္ပလိကိုယ်တော် မြတ်ကြီးဟာ
ပေါက်ပေါက်ရှာရှာ ရွှေရုပ်နှင့် စေလွှတ်ထာဘဲ ထင်ပါရဲ့။ ။
တွေ့လိုက် စမ်းခြင်းလှနော် တွေ့ များ တွေ့ ရ လျှင် ဆယ်ကြိမ်
လောက်ဦးချပြီး၊ "ကန်တော့ပါသေးရဲ့-ကိုယ်တော်ဘုရား"
ရယ်လို့ မျက်နှာထားနှင့်ပြောလိုက်ခြင်စမ်းလှတယ်။ ။သည့်က
မိဘများကသဲ ပစ္စည်းဥစ္စာတွေအပေါ်သားနဲ့၊သည့်ရွှေရုပ်ကြီးကို
မြင်တော့ လို ခြင် ကြ တဲ့ ဖြစ် ပုံ များ ကို အံ့ဩမိပါရဲ့၊ ရွှေရုပ်ကို
လိုချင်တဲ့ လောဘဇောနှင့် သ္မီးချောကလေးကို၊ အပျိုရေ ပျက်
အောင် ဖျက်ဆီးကြတော့မယ်။ ။ မိ ဘ တို့ လက် အောက် က
ထွက်ပေါက်မရဘဲ၊ နေရတဲ့ အပျိုကလေး များ ဟာ လွန်စွာ
ကြပ်တဲပါကလား။ ။အဲ-သို့ က လို စဉ်း စား ပြီး သနားစရာ
မယ်ဘဒ္ဒါကလေးမှာ တလန့်လန့် တထိတ်ထိတ်နှင့် အိပ်မပျော်,
စား:မဝင် ဖြစ်နေရှာသတဲ့။

မယ်ဘဒ္ဒါရဲ့ မိဘများကလဲ သ္မီးရတနာအတွက် ဖူးစာဘက်
ဖြစ်၍၊ အမျိုးတူ, ဂုဏ်တူ, စည်းစိမ်တူ, ဖြစ်ကဲ့ သူဌေးသား
ပိပ္ပလိနှင့် ထိမ်းမြားလက်ထပ်ဘို့ရန် အလွန်သဘောတူနေကြ

တယ်။ မိဘဆိုတာ ချစ်ခင်တဲ့ ရင်သွေး သမီးကလေးကို နေရာ တကျ ထင့်တင့်တယ်တယ် မြင်ချင်ကြစမြဲပေပေါ့။ ။မိဘနှစ်ပါး တို့က မယ်ဘဒ္ဒါကိုခေါ်ပြီး အမျိုးမျိုး ဖြားယောင်း ပြောဆိုကြ တယ်။ပိပ္ပလိသတို့သား၏ ဂုဏ်ကျေးဇူးကို ချီးမွမ်းကာနှစ်သက် စိတ် ပါလာအောင် ချော့မော့ပြောဆိုကြတယ်။

မယ်ဘဒ္ဒါကလဲ လိမ္မာယဉ်ကျေးတဲ့ သမီး က ညာ က လေး မို့၊ မိဘတို့ရှေ့မှာ ဘာစကားမျှ မပြောဘဲ၊ တု ဏှိ ဘော လုပ် ပြီး ငုတ်တုတ်ကြီး လုပ်နေသတဲ့။ သို့ရာတွင် သူစိတ်ထဲမှာတော့ ကာမဂုဏ်စရိုက် စိတ်မခိုက်သောကြောင့် မကြိုက်နိုင်ဘူးပေါ့။ ထို့နောက် များမကြာခင် မယ်ဘဒ္ဒါရဲ့စိတ်ထဲမှာ ဘယ်လိုအကြံ ပေါက်သလဲဆိုတော့။ "ပိပ္ပလိထံသို့ တမန်စေလွှတ်၍ စာပေး ရလျှင် ကောင်းထိမ့်မယ်လို့ထင်တယ်၊ သူဟာလဲ ယဉ်ကျေးတဲ့ အမျိုးသားမို့ ရိုင်းစိုင်းမဲ့ လက္ခဏာမရှိပါဘူး၊လက်မထပ်လိုတဲ့ အကြောင်းခံနှင့် တောင်းပန်ရလျှင်လဲ လက် လျှော့ပြီး အခွင့်ပေး ကောင်းပါရဲ့။" ဆဲ-သည့်လိုတွေးတောပြီး လူဆိတ်တဲ့ အချိန်မှာ ဆိတ်ညိမ်တဲ့အခန်းထဲဝင်ခါ သဝန်လွှာတစောင်ကိုရေးပါရော။

## ပိပ္ပလိထံသို့ ပေးရန်

မယ်ဘဒ္ဒါ-ရေးသောစာ။

မောင်တော်ဘုန်းရှိ၊ပိပ္ပလိရှင့်၊ ။ကျွန်မ၏ဆံပင်ကို၊ တမြက် စည်းအသွင် ပမာထား၍၊ ရှင့် ခြေ ဘ ဝါး တ လင်း အံ ပြင် ကို၊ စင်ကြယ်အောင်လှဲခတ်၍၊ လေးမြတ်စွာ ရှိခိုးအစီရင်ခံပါသည်။ မဟာသေဋ္ဌိ ကျေးဇူးရှင် ပိပ္ပလိကြီးရှင့်၊ ။ရွှေရုပ်ကြီးနှင့်လာ ပြီး၊ မင်္ဂလာဆောင်လိုတဲ့အကြောင်းနှင့်၊ ခွင့်တောင်း ပန်ကြား သည့်အချက်ကို၊ကျွန်မသိရပါပြီ၊ ။ဖူးစာရေစက်၊ ဂဟေဆက် မယ်ဆိုတဲ့ စကားကိုတော့၊ကညာများ နှစ်သက်စမြဲပါဘဲ၊ ။ သို့ရာတွင်၊ ကျွန်မ စိတ်နေ စိတ်ထားမှာတော့ အခြားကညာ

များနှင့် မတူဘူး ဦးပိပ္ပလိကြီးရဲ့။ ။မှန်တဲ့အတိုင်း ဖွင့်ပြောပရစေတော့၊ ယောကျ်ားဆိုတဲ့ အသံကို၊ တခါတရံထောက်ကြားမှဖြင့်၊ဖျားမလောက် လန့်ထိတ်၍ ရင်ဝကို လက်နှင့်နှိပ်ပြီး သိပ်ဆင်းရဲနေရိုး အမှန်ပါ။ ။သို့ကလောက် ယောကျ်ားကို မုန်း၍၊ အသုံးမကျတဲ့ မိဘဒွါကိုမှ ဘာကြောင့် ချစ်ခင်တော်မူရပါသလဲ။ ။ဇမ္ဗူဒိပါ၊ မြသွာရစ်ခွေ၊ ကျွန်းသပြေမှာ၊ ကညာအချောတွေ၊ ပေါချင်တိုင်း ပေါနေပါတယ်။ ။ရာဇကညာ, ဗြဟ္မဏကညာ,သေဋ္ဌိကညာ,မှစ၍၊ ဥစ္စာဂုဏ်သိမ်၊ စည်းစိမ်ကြွက်သရေ၊ဟာဝေဝေနှင့်၊ ရုပ်ရေကြန်ဆင်၊ အပြစ်မျိုးကင်းစင်တဲ့၊ အချစ်ပင်ကညာ့နွဲ့တို့ကို၊ လာခဲ့ပဟဲ့သို့ ဟိန်းဟောက်လျှင်၊ နွားထောက်ခါ ပြေးလွှားရ၍၊ ထံပါးသို့ရောက် ရှိအောင် ဦးပိပ္ပလိသို့ကလောက် အစွမ်းရှိကြောင်းကိုလဲ ကျွန်မသိပါတယ်။ ။အဲ-သို့အတွက်ကြောင့်၊ကျွန်မကို ချမ်းသာပေးပြီး၊ အေးအေးနေဘို့ အခွင့်ပြုတော်မူပါ။ သည်ဇမ္ဗူဒိပါတွင်၊ မျိုးနွယ်ဂုဏ်သိမ်၊ စည်းစိမ် ကြွက်သရေတူမျှ၍၊ ရူပလက္ခဏာ၊ ရုပ်ဝါပွင့်လင်း၊ အပြစ်ကင်းတဲ့ ကညာကိုသာ၊ ရွေးချယ်သိမ်းပိုက်၍၊ စိတ်ကြိုက်အတိုင်း၊ ထိမ်း မြား ပါတော့။ ။ကျွန်မရဲ့ စိတ်ဆန္ဒမှာတော့၊ လူ့ဘောင်ကို မနှစ်သက်သဖြင့်၊ တောထွက်ပြီး ရသေ့မ ပြုလုပ်ရန်၊အမြဲပင် ကြံစည်နေကြောင်းကို၊ ကောင်းမွန်သော စေတနာနှင့်၊ရိုသေစွာ အသနားခံလိုက်ပါသည် ဦးပိပ္ပလိရှင့်။

‘‘မယ်ဘဒ္ဒါ’’ မဒ္ဒတိုင်း။

အဲသည်စာကိုရေးပြီး၊အလွန်ယုံကြည်ရတဲ့ လူတယောက်သို့ အပ်၍၊ဦးပိပ္ပလိထံသို့ပေးရန်၊ မိဘမသိအောင်၊ မဂဓတိုင်းသို့ စေလွှတ်လိုက်တယ်။ ။ရေးဖူးစာကံ၊ စိမ့်ညီမျှ၍၊ ဘဝအဆက်ဆက်က၊မေတ္တာဘက်ဖြစ်သာကြတဲ့ သူနှစ်ယောက်ရို့၊ စိတ်နေသဘောထားနှင့် ပြုလုပ် ကြံစည်ပုံများကိုလဲ၊ နေရာတိုင်းမှာ ညီမျှသို့ နေကြသယ်။ ။ဗြဟ္မဏဘုံက ဆင်းသက်လာကြတဲ့၊

ပုဂ္ဂိုလ်ထူးများဖြစ်နေလို့ ရှေးဘဝက ဝါသနာအဘိုင်း၊ ကာမဂုဏ်ဆိုဘဲ့ အသံကိုကြားမှဖြင့်၊ လာလားမှ မနှစ်သက်နိုင်ကြဘူးပေါ့။

## စာနှစ်ခုဆုံမိခြင်း။

စာပေးစာယူပြုလုပ်ကြတဲ့၊ စေတမန်နှစ်ယောက်ဟာ၊ ညောင်ညိုပင်စခန်း၊ တောလမ်းတခုမှာ ဆုံမိကြတယ်။ ။ ဆဲသည့်အခါ၊ အပမ်းဖြေနားနေရင်း၊ အချင်းချင်း အလ္လာပ, သလ္လာပ ပြောဆိုကြရာ အကြောင်းအရာအလုံးစုံကို အကုန်သိကြလေရော။ ။သည်ဟော့-အတွင်းစာရေးပုံများကို သိရအောင် စေတမန်နှစ်ယောက် တိုင်ပင်ပြီး၊ စာနှစ်စောင်ကို ဖေါက်ကြည့်ကြတယ်။

စာရေးသားပုံ အဓိပ္ပါယ်များကို တွေ့ကြတော့၊ စေတမန်နှစ်ယောက်က ပြုံးရယ်ပြီး''တယ်-ထူးဆန်းပါကလား၊သည့်လိုအချိန်အရွယ်မှာ၊ ပစ္စည်းဥစ္စာ များစွာကြွယ်ဝသော,သားနှင့်၊ အိမ်ထောင်မပြုချင်ဘူးဆိုတာ၊ အံ့သြစရာ အလွန်ကောင်းတာဘဲ။ ။ဟဲ-ဟဲ-သူတို့ရေးတဲ့ စာအတိုင်းဖြင့်၊ လောကီစရိုက်နှင့်အင်းကိုက်တော့မှာ မဟုတ်ဘူး။ ။ကျုပ်တို့ နှစ်ယောက်ကအောင်သွယ် လုပ်ကြစို့ရဲ့၊ ဖူးစာနတ် စာရေးသလို သူတို့နှစ်ယောက် ကို ဆုံ မိ အောင်၊ ဥာဏ် တ မျိုး နှင့် ကြံ ဆောင် ပြီး၊ ဝှဲနှောင်စပ်ဘက်၍၊ ဂ ဟော ဆက် တဲ့ စာ ကို ရေး ကြ စို့ ရဲ့'' ဆဲ-သို့ကလို အကြံထုတ်ပြီး အသီးသီး ဥာဏ်ဆင်၍၊ စာပြင်ဆရာကြီးတွေလုပ်ခါ အောက်၌ပါတဲ့ အဓိပ္ပါယ်မျိုးအတိုင်း စာကိုပြင်လို့ရေးကြပါရော။

## ပိပ္ပလိထံမှ-မယ်ဘဒ္ဒါသို့ ပေးရန်စာ

ချစ်ဦးသက်လျှာ မယ်ဘဒ္ဒါ။ ။ရွှေရုပ်လောက်မကာ၊ လှပတဲ့သတင်းဂုဏ်ကိုကြားရလို့၊ မစားနိုင်,မသောက်နိုင်၊ တမှိုင်မှိုင်

တတွေတွေ၊ မောဟိုက်လို့သာ နေရပါတော့တယ်။ ။သည့်လိုသာ ဆင်းရဲလျှင် သေပွဲဝင်ရမှာအမှန်ဘဲ၊ခပ်မြန်မြန်နိုးရအောင်၊ ကျေးဇူးရှင်မကြီးက ဆုတောင်းပါတော့၊ အကြောင်းမျိုးစုံကို၊ တွေ့ဆုံထဲ့အခါကျမှ၊ ဝဝကြီးပြောပြပမယ်။

"ဗိပ္ပလီ" မဟာတိဏ္ဍရွာ-မဂဓတိုင်း။

## မယ်ဘဒ္ဒါထံမှ-ဗိပ္ပလိသို့ ပေးရန်စာ။

မောင်တော်ဘုန်းရှိ၊ ပိပ္ပလိရှင်။ ။ရွှေရုပ်ကို လက်ဆောင်ပေးပြီး အချစ်ရေးဆက်သွယ်တဲ့နေ့ကစ၍၊ ကျွန်မ၏ အချစ်စိတ်သည်၊ဖိနှိပ်၍ မရအောင်၊ တလွန့်လွန့်နှင့်၊ အညွန့်ထွက်ထွက်ပြီး၊ ရှင့်ဘက်ကိုသာ ပြေးနေပါတယ်။ ။သည့်လို ဖွင့်ပြောတဲ့အတွက်၊ ကိုယ်စောင့်နတ်မင်းကိုလဲ ရှက်ပါရဲ့၊ ဘယ်အတွက်ကြောင့် သို့ကလောက် ချစ်တယ်လို့ မပြောတတ်တော့ဘူး။ ။တိုတိုနှင့် အကျဉ်းရုံးပြီး၊နိဂုံးချုပ်ဘလေးလောက် အစီရင်ခံပရစေ။ ။မကြာမနှေး အခါရွေးပြီး၊ မယ်ဘဒ္ဒါကလေးကို၊ ကယ်ဆယ်ရန်၊ မြန်နိုင်သမျှ မြန်တော်မူလိုက်ပါ။ ။ဗေဒင်ဆရာတွေဆိုတာ လွန်စွာ ကိန်းခန်း ချဲ့တတ်ပါတယ်။ အခါမကောင်းသေးဘူးလို့ ဟောပြောသော်လဲ။ ရှင့်သဘောထဲမှာ ယုံမနေပါနှင့်၊ ဘယ်နေ့မှာမဆို မင်္ဂလာ ဆောင်ခဲ့ပါလျှင်၊ အခါကောင်းအစစ် ကေန္နဲ့ဖြစ်နိုင်ပါတယ်။ ရှင်နှင့် ကျွန်မဟာ၊ သည့်ကမ္ဘာပေါ်မှာ လွန်စွာ ကောင်းမြတ်တဲ့ ဇာတ်နက္ခတ်ကြီးဖြစ်ပုံကို ယုံကြည်တော်မူစေလိုပါသည့်ရှင့်။

"မယ်ဘဒ္ဒါ"-မဒ္ဒတိုင်း။

ဆဲ-ယခု ပြခဲ့ပြီးတဲ့အတိုင်း၊ ဖူးစာရေးနတ် လုပ်ကြတဲ့ စေတမန်နှစ်ယောက်က၊ အကောက်ဉာဏ်နှင့်၊ စာကိုပြင်ဆင်ကာ ရေးသားပြီးလျှင်၊အသီးအသီးသွားရောက်၍ ပေးကြတယ်၊ လိမ်လည်ရေးသားဘဲ့ စာများကို ရရှိတဲ့အခါ၊ ဘတ်လို့ကြည့်လိုက်ပါတော့၊ မယ်ဘဒ္ဒါနှင့် ပိပ္ပလိတို့မှာ နောက်ကျိတဲ့ စိတ်နှ

လုံးနှင့် မပြိုးနိုင်ဘဲ မှိုင်သွားကြပါရော။ ။သူခမျာများမှာ၊ စာမှားကြောင်းများကိုလဲမသိ၊ ထိမ်လည်ကြပုံများကိုလဲ မရိပ်မိ တော့၊အတိဒုက္ခရောက်ကုန်ကြတာပေါ့။

ကဲ-တိုတိုချုံး၍-အကျဉ်းရုံးလိုက်ကြစို့။စေတမန်နှစ်ယောက် က၊ ဉာဏ်လိမ်, ဉာဏ်ကောက်နှင့် စာရေးကြတဲ့အတွက်၊ ဖျက်လို့မရနိုင်ဘဲ၊ဖူးစာခိုင်မြဲပြီး လက်ထပ်ပွဲကြီး ပြုလုပ်ကျင်းပ တဲ့ နေ့သို့တိုင် ရောက်ပါရော၊

စေ ဘမန် နှစ်ယောက်က၊ ဉာဏ်လိမ်, ဉာဏ်ကောက်၊ မနှောက်သော်လဲ၊ ပိပ္ပလိနှင့် မယ်ဘဒ္ဒါတို့မှာ၊ ဖူးစာမဏ္ဍိုင်၊ ဇာနိုင်ကြီးခိုင်လာကြတဲ့အတွက်၊ ဖျက်နိုင်တဲ့အကြောင်း မရှိပေ ဘူး။သိကြားမင်းကြီးကိုယ်တိုင်ပင် ဖျက်သော်လဲ၊ဖူးစာရေစက် ဆိုတာ၊ ဖျက်နိုင်တာမျိုး မဟုတ်ဘူးပေါ့၊ ဘယ်နည်းနဲ့မဆို၊ တနည်းနည်းနှင့်တော့ ပေါင်းသင်းရမှာဘဲ။

## လက်ထပ်သောညအချိန်။

လက်ထပ်တဲ့နေ့မှာ ညစာထမင်း စားပြီးတဲ့အခါ၊ မယ်ဘဒ္ဒါ စိတ်ကလဲ တထိတ်ထိတ်၊ ပိပ္ပလိရဲ့စိတ်ထဲကလဲ၊ တထိတ်ထိတ် နှင့် သိပ်ကြောက်လန့်နေရှာသတဲ့။ ။နေဝင်လို့ မှောင်ရိလာ လေလေ၊ ရင်ဘတ်ကိုနှိပ်ပြီး၊ တထိတ်ထိတ်နှင့် တုန်လေလေ ပေါ့။ ။မယ်ဘဒ္ဒါစိတ်ထဲမှာ၊ဘယ်လို အတွေးရောက်နေသလဲ လို့ဆိုတော့၊ ''ဩ-ယနေ့ညဖြင့် ခက်ရတော့မယ်၊ ကိုယ် လက် သရမ်းတဲ့၊ ဘီလူးကြမ်း လက်ထဲသို့ ရောက်ရတော့မှာ ဘဲ၊မုန်ကျနေတဲ့ ဆင်ကြီးတကောင်၊ ငှက်ပျောတုံးကလေးတခု တွေ့တော့၊ဓွဓွ ရမ်းသလို အပင်ပန်းကြီး ပင်ပန်းရတော့ မလားမဆိုနိုင်တော့ဘူး။ယနေ့ညဖြင့်လှလှကြီးဒုက္ခရောက်တော့ မှာဘဲထင်ပါရဲ့။သူစာရေးပုံကို ထောက်လိုက်ဘော့၊နောက်တီး နောက်တောက်နှင့် ကြောက်စရာ လူယုတ်မာကြီးဖြစ်မှာထင်

တယ်''။ ဆဲ-သည့်လို အရမ်းတွေးပြီး၊ နှလုံးသွေး ဆူလိုက်၊ သက်သက်မဲ့ အပူတိုက်၍အရှုအရှိုက်နှင့်ပင်ပန်းနေရှာသတဲ့။

ဝိပ္ပလိရဲ့စိတ်ထဲမှာလဲ၊ '' ဩြော်-သည့်ယနေ့ညဖြင့် ငရဲအိုးထဲသို့ ကျ တော့ မ လား မ ဆို နိုင် ဘူး။ သတ္တဝါ, မိဘဒွါမှာလဲ ယုတ်မာတဲ့စိတ်တွေ အများကြီးရှိဟန့်လက္ခဏာဘဲ၊ ။သူရေးလိုက်တဲ့စာကိုကြည့်တုန်းက သူ့သဘောကိုရိပ်မိပါရဲ့၊ကာမဂုဏ်ကြော၊ ခပ်သန်သန်နှင့် မြန် ခြင် လိုက် ထာ က လဲ လွန် ရော။ သော့လိုက်တဲ့ အသော့ ရှော့မဲ့လက္ခဏာမရှိဘူး။ အစွယ်ထောင်ထောင်၊ မျက် လုံး ကြီး ပြူး ကြောင် ကြောင် နှင့် သေလှအောင်ဘမ်းစားတတ်တဲ့ ဘီလူးမကြီး လက်သို့ဖြင့် ငါရောက်ရတော့မယ်။ ။ပရိတ်မေတ္တာနှင့် ဘာဝနာကို ရွတ်သော်လဲ၊ လွတ်မဲ့အကောင်မကြီး ဟုတ်ဘူးထင်တယ်၊သူရဲဘမ်းသလို အကြမ်းရက်စက်မှုဖြင့် သက်သက် ဒုက္ခကြီး တွေ့ရတော့မှာဘဲ၊ ။ ကဲလေ ဘာဘဲဖြစ်ဖြစ် စစ်မရောက်ခင်က မြှားကုန်၍၊ တုန်တုန်ခိုက်ခိုက်နှင့် လန့်နေသော်လဲ၊ အကျိုးမရှိပါဘူး၊ မယ်ဘဒ္ဒါနှင့် ဝိပ္ပလိလူစွမ်းကို သိကြရတော့မယ်''။ဆဲသည့်လိုအရမ်းတွေးပြီး ရဲသွေးပေါက်အောင် ကြိုးစားနေသတဲ့။

## အိပ်ရာဝင်ပုံ

မိဘတို့ကလဲ ဝတ္တရားရှိကြတဲ့အတိုင်း၊မင်္ဂလာဆောင်ပြီးတဲ့အခါ၊ အိပ်ရာ အိပ်ခန်းအစ်တန်သျှည်းဖြင့် မယ်ဘဒ္ဒါကို ရှေးဦးစွာစက်ရာ ခန်းဆောင်ထွင်းသို့ သွင်းသွားကြဘယ်၊စက်ရာခန်းဆောင် ထဲ သို့ ရောက် တော့၊ မယ်ဘဒ္ဒါက မင်္ဂလာဆောင်ရာမှ ရခဲ့တဲ့ ပန်းကုံးကြီးကကုံးကို နှစ်ယောက် အိပ်စက်တဲ့ အိပ်ရာ အလယ်ခေါင်တဲ့တဲ့မှာ အ လျား လိုက် ချ ထား သ တဲ့၊ အစိမ်းသူရဲများ မဝင်နိုင်အောင် စည်းတားတဲ့နည်းပေါ့လေ။

လိုနောက်များမကြာမီ ဝိပ္ပလိသတို့သားက မျက်နှာခပ်ထားထားနှင့်ဝင်လာပြီး ' ငါ့ထိသျှင်မခံဘူး'' ဆိုတဲ့ သဘောမျိုးနှင့်

ဘာ စ ကား ကို မှ မ ပြော ဘဲ။ အိပ်ရာပေါ်သို့ အ သာ တက် ၍ ညာဘက်သို့စောင်းကာ၊ ခွေတေတေကလေးအိပ်နေလိုက်သတဲ့။ ထို့နောက် မယ်ဘဒ္ဒါကလဲ "အထိမခံကြွေပုဂံ"ဆိုတဲ့ သဘောမျိုးနှင့် အိပ်ရာပေါ်တက်ပြီး၊ ဘယ်ဘက်သို့စောင်းကာ၊ ခွေတေတေကလေး အိပ် နေ လိုက် ပြန် ပါ ရော တဲ့။ သူတို့နှစ်ယောက်ဖြစ်ပုံဟာ၊ မျက်နှာချင်းမဆိုင်ဘဲ ကျော ချင်း ဆိုင် နေ ကြ တယ် မဟုတ်လား။

တ ယောက် နှင့် တ ယောက်၊ လူ ယုတ် မာ ကြီး ထင် ပြီး ကြောက်လန့်တဲ့စိတ်၊ တထိတ်ထိတ်နှင့် စကားမပြော၊ မရောနှောဘဲ၊ ငြိမ်၍နေကြရာ အ တန် ကြီး ကြာ တော့၊ မယ်ဘဒ္ဒါက စတင်ကာသည်လိုပြောလိုက်သတဲ့။ ။ဦးဦပ္ပလိ ပန်းကုံးကိုများ မထိနှင့် ရှင့်ဘက်ကပန်းညှိုးလျှင် လူဆိုးကြီးရယ်လို့ ကျွန်မစွပ်စွဲရလိမ့်မယ်။ ။အဲ-သည်လို မယ်ဘဒ္ဒါပြောတဲ့စကားကို ပိပ္ပလိလုလင်ကကြားတော့ ဘွားကနဲဝမ်းမြောက်ပြီး၊ "အလဲ-ငါထင်ချက်နှင့်ဖြင့် လွဲနေ ပါ ပေါ့ လား။ မယ်ဘဒ္ဒါ ဆိုတဲ့ သတ္တဝါမကလေးဟာ၊ တော်တော်အလာသားပါကလား။ ငါစိတ်ထားပုံကဲ့သို့ လူအများနှစ်သက်တဲ့ ကာမဂုဏ်ကို၊ စုံစုံမက်မက်ရှိဟန်မတူဘူး။ ။သို့ရာတွင် မိန်းမဆိုတာ အမူ အ ရာ ပ ရိ ယာယ်နှင့် မာယာသယ်များဖြစ်ကြတဲ့အတိုင်း၊ပရိယာယ်နှင့်ဟန်ဆောင်ပြီး သိပ်ချစ်အောင် လုပ်မလား မဆိုနိုင်တော့ဘူး။ ။တကယ်တန်းလားလို့ သူ့အလိုကို စမ်းရအောင် အစွမ်းရှိသမျှ အကဲခပ်ရအုံးမှာဘဲ"၊ အဲ-သည်သို တွေးတောပြီး၊ စကားတလုံးမှပြန်မပြောဘဲ၊ညာဘက်သို့စောင်းကာ အသာကလေးအိပ်နေတယ်။

မယ်ဘဒ္ဒါကလဲ စိတ် မ ရဲ တဲ့ အ တွက် "ဒီသတ္တဝါကြီးဟာ ယခုလို အမူအရာဖြင့် အလွန်ငြိမ်ဆိမ်တာဘဲ။ သို့ရာတွင် စိတ်မချရသေးဘူး။ သူ့အကဲကို ခပ်ရအောင် သတိကြပ်ကြပ် ထားရမှာဘဲ။"

ဆဲသည့်လိုကြီးတွေးပြီး၊ အသာကလေးဘယ်ဘက်သို့စောင်းကာ အိပ်နေရှာတယ်။

အလယ်ကပန်းကုံးကြီးကိုထားပြီး၊ စည်းသားသလိုပိုင်းခြားထားတဲ့အတွက်၊ မယ်ဘဒ္ဒါကလဲ ပန်းကုံးကို မထိပ့်ရှာဘူး။ ထိုနည်းတူစွာ ပိပ္ပလိကလဲ ပန်းကုံးကြီးကို မထိပ့်ရှာဘူး။ ။ ဆဲသည့်ည တညလုံး သူတို့နှစ်ယောက်မှာ ကာယသမ္ဖဿဆိုတဲ့ အထိအတွေ့ကို ကြောက်ကြလွန်းလို့ မိုးလင်းသည့် တိုင်အောင် အိပ်မပျော်ရှာကြဘူးတဲ့၊ တညလုံး ဆင်းရဲနေရှာကြတာပေါ့ ထေ။ ။ဆဲ-ယခုပြဆိုခဲ့တာက မင်္ဂလာဆောင်တဲ့ညမှာ မယ်ဘဒ္ဒါနှင့်ပိပ္ပလိအတွေ့အထိကိုကြောက်လွန်းလို့ ဒုက္ခရောက်ပုံ အချက်ကြီးပေပေါ့။ တယ်ကြည့်ညိုစရာ ကောင်းသကိုးနော်။ ။ကဲ-စဉ်းစားကြစမ်းပါ။ သူများတကာနဲ့မတူဘူးလားလို့၊ သူများတကာမှာတော့ မင်္ဂလာဆောင်တဲ့ညမှာ ပျော်စရာကြီး ဖြစ်နေကြတယ်၊ သူတို့ နှစ်ယောက်မှာတော့ ဒုက္ခကြီး ရောက်နေကြသတဲ့၊ သူလို့နှစ်ယောက်က စိတ်ဖေါက်ပြန်ကြ လေသလား၊ စဉ်းစားလို့သာ ကြည့်ကြပေတော့။

ကဲ-သည့်နေရာမှာ ပိပ္ပလိနှင့်မယ်ဘဒ္ဒါတို့ မင်္ဂလာဆောင်တဲ့ ညအခါ ဖြစ်ပျက်ပုံအကြောင်းအရာကို ကောင်းစွာ သိကြရလေအောင်၊ အဋ္ဌကထာဆရာကြီး ရေးထားတဲ့ ပါဠိတော်ကို ထုတ်ဆောင်ကာ ပြလိုက်ရအုံးမှာပေါ့။

ဘုတ္တသာယမာသာ ဥဘောပိ ဒုဿယန္တိ အဘိရူဟိသာမာတိ သမာဂတ္တွာ မာဏဝေါ ဒက္ခိဏပဿေန သယနံ အာရုဟိ၊ ဘဒ္ဒါဝါမပဿေန အဘိရူဟိတွာ အာဟ၊ ယဿ ပဿ ပုပ္ဖါနိ မိလာယန္တိ၊ တဿရာဂစိတ္တံ ဥပ္ပန္နန္တိ ဇာနိဿာမာတိ ဍုဒ်ပုပ္ဖဒါမံ နအလ္လိယိတဗ္ဗန္တိ၊ ဘေပနအညမညံ သရီရ သမ္ဖဿ ဘယေန တိယာမရတ္တိံ နိဒ္ဒံ အနောက္ကမန္တာဝ ဝိတိနာမေန္တိ ဒိဝါပန ဟာသမတ္တမ္ပိ နာဟောသိ၊

အဋ္ဌကထာပါဌ်။

ဘုတ္တသာယမာသာ၊ ညစာထမင်း စားကြပြီးသည် ရှိသော်၊ ဥဘောပိ၊ ဘဒ္ဒါနှင့် ပိပ္ပလိဇနီးမောင်နှံ နှစ်ယောက်တို့သည် လည်း၊ သယနံ၊ အိပ်ရာထက်သို့၊ အဘိရုဟိဿာမာတိ၊ တက်ကြကုန်အံ့ဟူ၍၊ သမာဂန္တွာ၊ ပေါင်းဆုံကြကုန်လျက်၊ ပထမံ၊ ရှေးဦးစွာ၊ မာဏဝေါ၊ ပိပ္ပလိလုလင်သည်၊ ဒက္ခိဏပဿေန၊ လကျာနံပါးဖြင့်၊ သယနံ၊ အိပ်ရာထက်သို့၊ အဘိရုဟိ၊ တက်လေ၏၊ ဘဒ္ဒါ၊ သူဌေးသမီးမယ်ဘဒ္ဒါသည်၊ ဝါမပဿေန၊ လက်ဝဲနံပါးဖြင့်၊ သယနံ၊ အိပ်ရာထက်သို့၊ အဘိရုဟိတွာ၊ တက်လေပြီးသော်၊ အာဟ၊ ဤစကားကို မြွက်ဆိုလေ၏၊ "ယဿ၊ အကြင်သူ၏၊ ပဿေ၊ နံပါး၌၊ ပုပ္ဖါနိ၊ ပန်းတို့သည်၊ မိလာယန္တိ၊ ညှိုးနွမ်းကုန်၏၊ တဿ၊ ထိုသူအား၊ ရာဂစိတ္တံ၊ သာယာသော ရာဂစိတ်သည်၊ ဥပ္ပန္နန္တိ၊ ဖြစ်ပေါ်ပြီးဟူ၍၊ ဇာနိဿာမ၊ သိရကုန်အံ့၊ ဣတိ၊ တသ္မာ၊ ထို့ကြောင့်၊ ဣဒံ ပုပ္ဖဒါမံ၊ ဤပန်းကုံးကို၊ နအာလ္လိယိတဗ္ဗံ၊ မထိနှင့်၊ ဣတိ၊ ဤသို့၊ အာဟ၊ ဆိုလေ၏၊ ။ တေပန၊ ထိုဇနီးမောင်နှံ နှစ် ယောက် တို့ သည် ကား၊ သရီရသမ္ဖဿဘယေန၊ ကိုယ်ချင်းချင်း တွေ့ထိမည့်ဘေးကို ကြောက်သောကြောင့်၊ တိယာမရတ္တိံ၊ ညဥ့်သုံးယံပတ်လုံး၊ နိဒ္ဒံ၊ အိပ်ပျော်ခြင်းသို့၊ အနောက္ကမန္တာဝ၊ မရောက်ကြကုန်ဘဲသာလျှင်၊ ဝါ၊ အိပ်မပျော်နိုင်ကြကုန်ဘဲ၊ ဝီတိနာမေန္တိ၊ အချိန်ကို လွန်ကြလေကုန်သတည်း၊ ဒိဝါပန၊ နေ့အခါ၌ကား၊ ဟာသမတ္တံပိ၊ ရယ်ချင်းချင်း ပြုံးရုံမျှသည်လည်း၊ နာဟောသိ၊ မဖြစ်စဘူးချေ၊

အဲ-ယခုပြဆိုခဲ့ပြီးတဲ့ အတိုင်း၊ ဘဒ္ဒါနှင့်ပိပ္ပလိ ဇနီးမောင်နှံ နှစ်ယောက်တို့ဟာ၊ မင်္ဂလာဆောင်တဲ့အခါကစပြီး၊ တယောက်နှင့်တယောက် ဘယ်တော့မှ မတို့မထိကြဘူး ဘူးတဲ့၊ ထို့ပြင်လဲ တယောက် မျက်နှာကို တယောက် ကြည့်ပြီး ပြုံးစိစိ အမူအရာကိုလဲ ဘယ်အခါမှ မပြုဘူးကြဘူးတဲ့။

သူတို့နှစ်ယောက်ဟာ၊ မိဘနှစ်ပါးရှိစဉ်အခါ၊ ပစ္စည်းဥစ္စာရှာဘွေမှုကိစ္စ၊ အိမ်ထောင်ပစ္စည်း ထိန်းသိမ်းခြင်း ကိစ္စများကို

ဘယ်အခါမှ၊ မပြုလုပ်ကြရဘဲ၊ ချမ်းချမ်းသာသာ နေထိုင်ကြတယ်။ ။အဲ-သို့ကလို နေထိုင်ကာ၊ ကာလ အတော်ကြာလာတော့၊ မိဘနှစ်ပါး သေဆုံး စုတေလို့ သွားကြပါရော။ ။သည်အခါကျတော့၊ ရှိရှိသမျှ ပစ္စည်းဥစ္စာတွေဟာ၊ ပိပ္ပလိနှင့် မယ်ဘဒ္ဒါတို့လက်ထဲ ရောက်ကုန်တာပေါ့။

## မယ်ဘဒ္ဒါနှင့် ပိပ္ပလိတို့၏ ပစ္စည်းဥစ္စာ အခြေအနေ

ပိပ္ပလိ၏မိဘများ ချန်ထားခဲ့တဲ့ ပစ္စည်းတွေမှာ၊ ဘုရင့်ငွေပေါင်း ရှစ်ဆယ့်- ခုနစ်ကုဋေ ရှိတယ်။ ထိမ်းမြားလက်ထပ်တဲ့အခါ၊ မယ်ဘဒ္ဒါမိဘများက၊ ပေးလိုက်တဲ့ ပစ္စည်းစာရင်းမှာ၊ ရွှေငွေ ဘဏ္ဍာပေါင်း လှည့်အစည်းပေါင်း တသောင်း ငါးထောင် တိုက်ရသတဲ့။ ။အဲသည့်ပစ္စည်းတွေကို ပိပ္ပလိနှင့် မယ်ဘဒ္ဒါတို့ ပိုင်ဆိုင်လာကြတဲ့အတွက်၊ သူတို့နှစ်ယောက်မှာ၊ အလွန်တရာ ကိစ္စများကုန်တာပေါ့။ သူဌေးကြီး, သူဌေးကတော်ကြီးတို့ဆိုတာ၊ ပစ္စည်း ဥစ္စာရေးကြောင့်၊ အေးအေးမြမြ နေခွင့်ကို မရကြဘူး။

ဘဒ္ဒါနှင့်ပိပ္ပလိတို့ပိုင်ဆိုင်တဲ့ လယ်တွေဟာ၊ ဘယ့်ကလောက်များသလဲဆိုတော့၊ စတုရန်းပတ်လယ်၊ အကျယ်မြေတစပ်ထဲ၊ တဆဲ့ရှစ်ယူဇနာတိုင်တိုင် ရှိသတဲ့။ ။ထိုလယ်ကွင်းကြီးထဲမှာ ရေ လိုတိုင်းရအောင်၊ စက်ကြီးတွေနှင့်တကွ၊ ဆင် ထား တဲ့ တဘက်ဆည့် ကန်ကြီးပေါင်း ခြောက်ဆယ်ရှိတယ်။ ။ထိုလယ်ကွင်းကြီးထဲမှာ၊လယ်လုပ်သမား ကျေးကျွန်ပေါင်းများစွာတို့ နေထိုင်ကြတဲ့ ရွာကြီး တဆဲ့လေးရွာလဲ ရှိဘယ်။ ။ထို့ပြင် သူပိုင်တဲ့ လယ်မြေအတွင်းမှာ၊ ဘုရင်မင်းသဘွယ်၊ ဆင်တပ် ဆဲ့လေးတပ်၊မြင်းဘပ် ဆဲ့လေးဘပ်။ ရထားတပ် ဆဲ့လေးတပ်။ သည့်တပ်များကိုလဲ ဖွဲ့စီးထားတာယ်။ အလွန်ကြီးကျယ်တဲ့ မြေပိုင်သူဌေးကြီးပေပေါ့။

ထို့ပြင် ကျေးကျွန်တို့၏စားရင်းမှာ လွန်စွာ များပြားသဖြင့်၊ စာရင်းမပြနိုင်တော့ဘူး။ မယ်ဘဒ္ဒါ၏အထံ၊ အခြွေအရံ အစေခံဖြစ်တဲ့ မိန်းမတွေဟာလဲ၊ အလွန်တရာ များပြားတယ်။ တနေ့တနေ့မှာ၊မယ်ဘဒ္ဒါ၏ ကိုယ်၌ လိမ်းကျံဖို့၊ နံ့ရနံ့ရှိသွေးသားအစစ်ကို၊ကျောက်ပေါ်မှာတင်ပြီး သွေးလိုက်ကြရတာ၊ စလယ်ပေါင်း ၁၂ စလယ်၊ ပြည့်ဖေါင်းသုံးပြည့်သားရှိသတဲ့။ တနေ့ တနေ့အတွက်မှာ၊ရွှေမှုံ့ သုံးပြည့်သားကို နံ့သာရေ ကြဲကြဲနှင့်ဖျော်ပြီး၊ မယ်ဘဒ္ဒါလိမ်းကျံတယ်၊

မယ်ဘဒ္ဒါသွားရာ တိုက်ခန်း၊ ရေချိုးရာတိုက်ခန်း၊ အိပ်ရာ တိုက်ခန်းတို့မှာ သူ့ကိုယ်မှ ကြွေကျတဲ့ ရွှေမှုံ့တွေဟာ၊ ရွှေသလဲတွေကို ဖြန့်ခင်းထားသလိုဘဲတဲ့။ ။အဲသည် ရွှေမှုံ့တွေကို၊ ကျေးကျွန်မိန်းမအပေါင်းတို့က ကောင်းစွာယူသိမ်းပြီး၊ခြေချင်း လက်ကောက် ပုတီးမှစ၍၊ အဆင်တန်ဆာ အမျိုးမျိုးကို ပြုလုပ်၍ ဆင်ယင်ကြတယ်။ ဘယ်လောက် ကြီးကျယ်တယ် ဆိုတာများကို၊စဉ်းစားလို့ကြည့်ကြပေတော့၊

အဲ-သို့ကလို ကြီးကျယ်များပြားတဲ့၊ စည်းစိမ် ချမ်းသာတွေကို ခံစားလို့နေရသော်လဲ၊ပိပ္ပလိနှင့် မယ်ဘဒ္ဒါတို့မှာ၊ဘယ်အခါမှ သာယာတဲ့ တဏှာစိတ် မဖြစ်ပေါ်ကြဘူးတဲ့။ မောင်ရင်းနှမရင်းကဲ့သို့၊မြင့်မြတ်တဲ့ မေတ္တာနှင့် ကောင်းမွန်စွာ ချစ်ခင်ပြီး၊ စင်စင် ကြယ်ကြယ်နေထိုင်ကြတယ်။ ။တယောက်နှင့်တယောက် သာယာတဲ့စိတ်နှလုံးနှင့် ပြုံးလေ့မရှိကြဘူး။ မင်္ဂလာဆောင်တဲ့ နေ့ကစပြီး၊ဘယ်အခါမှာမှ၊ကာယသံသဂ္ဂဆိုတဲ့ တို့ထိခြင်းများကိုလဲ၊မပြုစဘူးကြဘူး။ ။ကာမဂုဏ်စိတ်ဆိုတာ တခါမှ မဖြစ်ဘူးကြတဲ့အတွက်၊ မိဘနှစ်ပါးတို့က ထိမ်းမြားလို့၊ အကြင်လင်မယားအဖြစ်ဖြင့်၊ အတူတကွ ပေါင်းသင်းကာ နေထိုင်ကြပါသော်လဲ၊ လင်ချစ်, မယားချစ်ဆိုဘာကို ဘာမှန်းတောင်မှ မသိရှာကြဘူးတဲ့၊ အဲ- သို့ကလောက် စင်ကြယ်သော်မူကြပါပေထယ်။

အဲ-သို့ကာလို၊ကာမဂုဏ်ဖြင့် မခင်တွယ်ဘဲ၊ စင်စင်ကြယ်ကြယ်ကြီး နေ ထိုင် ခဲ့ ကြ တဲ့ အ တွက် ကြောင့်၊ သားဖွန့် မြေးတက်၊ အမွေခံအဆက်ဆိုတာလဲ ဘယ်မှာရှိနိုင်ပါတော့မလဲ။ ။ဖြဟ္မာပြည်က ဝါသနာဟာ လူ့ရွာသို့ တိုင် လိုက်လာတော့၊ လွန်စွာချီးမွမ်းဘွယ်ကောင်းတဲ့ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်တွေ ဖြစ်နေကြတာပေါ့။ ။ကာမဒေသျော်စွာ ကာမဘုံမှာ ဖြစ်နေကြသော်လဲ၊ စင်စစ်မှာတော့ သူတို့နှစ်ယောက် နေထိုင်ပုံဟာ ဗြဟ္မာတို့နှင့် မခြား မနား ဘူးပေါ့။

## ပိပ္ပလိသတို့သား-သံဝေဂဥာဏ်ပေါ်ပေါက်စဏ်း။

တနေ့သောအခါ ပိပ္ပလိသတို့သားသည် နောက်ပါ ခြွေရံများနှင့်တကွ မြင်းစီးပြီး လယ်တောကြီးကို ကြည့်ရှုရန် ထွက်သွားတယ်။မိုးဦးကျအခါ လယ်ထွန်မင်္ဂလာပြုလုပ်တဲ့ နေ့ဖြစ်သို့ ကျေးကျွန်အမှုလုပ်များကလဲ နွားကိုယ်စီ, ထွန်ကိုယ်စီနှင့် ဝမ်းမြောက် ဝမ်းသာ ထွန်နေကြတယ်။ ။လယ်ထွန်တဲ့အခါ၊ မြေကြီးထဲမှာ နေတဲ့ ပိုးမွှားတိရစ္ဆာန်လေးတွေ မနေနိုင်ဘဲ ထွက်လာကြတော့ ကျီးငှက်တို့က ပိုင်းအုံလို့ စားသောက်ကြဘယ်။

အဲသည့်လို ဖြစ်ပုံကို၊ ပိပ္ပလိသတို့သား မြင်တော့ "သည့်ကျီးငှက်တွေဟာ ဘာကိုစားသို့ တရုန်းရုန်း နေကြသလဲ" လို့ မေးတယ်။ ။ထိုအခါ ကျေးကျွန်များက "သည့်ကျီးငှက်တွေဟာ မြေကြီးထဲမှထွက်လာကြတဲ့ ပိုးမွှားတိရစ္ဆာန်ကလေးတွေကို စားကြသို့ တရုန်းရုန်း ဖြစ်နေပါတယ် သခင်"လို့ ပြောကြားကြဘယ်။ ။သည့်စကားကို ကြားတော့၊ ပိပ္ပလိ သတို့သားက၊ "သည့်ပိုးကောင်ကလေးတွေ သေရာကြတာ အပြစ်မကင်းဘူး၊ ပါဏာတိပါတကံထိုက်လိမ့်မယ်၊ဘယ်သူ့၏တာဝန်လဲ"လို့ မေး ပြန် တယ်။ ။သည့် တော့ ကျေး ကျွန် များ က၊ "ကျွန်တော်တို့မှာ အရှင် သခင် စေခိုင်းတဲ့ အတွက် ကြောင့်၊ လယ်ကိုထွန်ရပါတယ်၊ ယခုလယ်ထွန်ခြင်းကိစ္စမှာ အရှင်သခင်

၏ ပယောဂ မကောင်းပါ။ ။ထွန် ယက် ကြ တဲ့ အ ခါ ပိုး မွှား တိရစ္ဆာန်ကလေးတွေဟာ မြေကြီးထဲမှ ထွက်ရှာကြပါတယ်၊ သည့်အရေးမှာလဲ အရှင်သခင်၏ ပယောဂ မကောင်းပါ။ ။ ပိုးကောင်ကလေးတွေ မြေကြီးထဲမှထွက်တော့ ကျီးငှက်တွေ စားသောက်ကြပါတယ်။ သည့်အရေးမှာလဲ အရှင်သခင်၏ ပယောဂမကောင်းပါ။ ။အတိုချုပ်ပြောရမှာဖြင့်၊ သည့်ပိုးမွှား တိရစ္ဆာန်ကလေးတွေ သေကြေပျက်စီးခြင်းဟာ အရှင်သခင် ၏ တာဝန်ဖြစ်နေတော့၊ ပါဏာတိပါတ ကံကြီးကို အရှင်သခင် က လွတ်ကင်းအောင် ဘယ်မှာ ရှောင်နိုင်ပါတော့မလဲ။'' ဆဲ- သို့ကလိုပြောကြားကြတယ်၊

၅ ကျေးကျွန်များကလဲ အားမနာကြတော့ဘူး၊ ပိပ္ပလိ၏ ခေါင်းပေါ်တွင် ပါဏာတိပါတ ဝန်ထုပ်ကြီးကို တင်လိုက် ကြတယ်၊ သခင့်မျက်နှာရယ်လို့ မထောက်ထားဘဲ ရဲရဲတင်း တင်းနှင့် အတော်သတ္တိရှိကဲ့ ကျေးကျွန်တွေပေါ့၊

သည့်စကားကိုကြားတော့၊ ဘွားကနဲထိတ်လန့်ပြီး ပိပ္ပလိရဲ့ စိတ်ထဲမှာ ဖြုံးကနဲ သံဝေဂဉာဏ်တွေ ပေါ်ပေါက်လာတယ်၊ ဘယ်လိုတွေးမိသလဲ လို့ ဆိုတော့၊ ''ကြောင်-တယ်ကြောက်စရာ ကောင်းတဲ့လောကကြီးပါကလား၊ ပစ္စည်းဥစ္စာထိန်းသိမ်းရတဲ့ အလုပ်ဆိုတာ ဒုစရိုက်မကင်းဘဲ အလွန်တရာ လူးလဲ ညစ်ပတ် ပါလား၊ ပစ္စည်းဥစ္စာတွေကို မစွန့်နိုင်သ၍ ဒုစရိုက်မှုကလွတ်နိုင် မှာမဟုတ်ဘူး၊ မိခင် ဘခင်များ ထားခဲ့တဲ့ ပစ္စည်း ဘဏ္ဍာတွေ ခုနစ်ကုဋေကို ထိန်းသိမ်းနေရတဲ့ တာဝန်ကြီးဟာ အလွန်တရာ လေးလန်လှပါကလား၊ အသက်ရှည်သမျှ ငါဦးခေါင်း ပေါ်က ကျတော့မှာမဟုတ်ဘူး၊ ။လူနှင့် ပစ္စည်း ဆိုတာလဲ တနေ့နေ့ ကျတော့ တဦးဦးက စွန့်ရမှာ အမှန်ဘဲ၊ ။ကဲ-ကဲ-ဆိုကြရော့ မယ်၊ ပစ္စည်းကမစွန့်ခင် အရင်ဦးအောင် ငါက စွန့်လိုက်မှ တော်မယ်၊ ။ရှိသမျှပစ္စည်းတွေကို မယ်ဘဒ္ဒါလက်သို့ အကုန် ပေးပြီး မကြာမနေ့ အေးအေးသာသာ တောထွက်ဘို့နေတော့

မယ်၊ ''အဲသည့်လိုကြီးပြီး၊ ညှိုးငယ်သောမျက်နှာနှင့် လယ်တော မှာ ကြာကြာမနေဘဲ ခပ်မြန်မြန်အိမ်သို့ပြန်လာပါရော၊

## မယ်ဘဒ္ဒါ၏သံဝေဂ

ထိုနေ့မှာပင် ပါရမီဆုံခဲ့ကြတဲ့အတိုင်း၊မယ်ဘဒ္ဒါ၏စိတ်ထဲမှာ သံဝေဂဉာဏ် ထင်မြင်လာပုံက သည့်လိုတဲ့၊ ။အရှင်သခင် ဖြစ်တဲ့ပိပ္ပလိသတို့သားလယ်တောသို့သွားနေတုန်း မယ်ဘဒ္ဒါက ကျွန်မများခေါ်ပြီး၊ တလင်းထဲမှာ နှမ်းတွေကို အလှမ်းခိုင်း တယ်၊သည့်အခါ ကျီးငှက်တွေလာပြီး၊နှမ်းထဲမှာရှိတဲ့ပိုးကောင် တွေကိုစားကြရော၊ ။ပိပ္ပလိ၏သံဝေဂခဏ်းမှာ ဆိုခဲ့ပြီးသော အတိုင်း၊ ကျီးငှက်တွေ တရုန်းရုန်း နေတာ၊ မယ်ဘဒ္ဒါမြင်လို့ မေးတော့၊ ကျွန်မများက''သခင်မမှာ ပါဏာတိပါတာကံမလွတ် ကင်းနိုင်ဘူး''လို့ ပြောကြားကြပြန်တယ်၊

သည့်စကားကိုကြားတော့ မယ်ဘဒ္ဒါ၏စိတ်ထဲမှာ ထိတ်ကနဲ ဖြစ်ပြီး၊ ''အလို-တယ်ကြောက်စရာကောင်းပါလား၊ အိမ်ရှင်မ သူဌေးကတော်ကြီး လုပ်နေရတာ ဒုစရိုက်မှုတွေ တယ်များတာ ကိုး။ ။သည့်ပစ္စည်းတွေကို ထိန်းသိမ်းနေရတာ၊ ဘာအကျိုး ရှိသလဲ၊ ။တဲ-တဲ-တန်ပြီ-တန်ပြီ၊ သည့်ပစ္စည်းတွေကို၊ သူဌေးကြီး ဦးပိပ္ပလိသက်သို့ အလုံးစုံအပ်နှင်းပြီး၊ မကြာ ချက် ခြင်း၊ သည့်ပစ္စည်းတွေမှ လွတ်ကင်းအောင် ရှင်းရှင်းလင်းလင်း ကြီး ထောထွက်မှတော်မယ်၊''အဲ-သည့်လို ကြံစည်ပြီး ကျွန်မ များနှင့် စကားမပြောဘဲ၊ လယ်တောသို့သွားတဲ့ ပိပ္ပလိလုလင် ကိုသာမျှော်လို့နေသတဲ့၊

## နှစ်ဦး-တွေ့ဆုံခဏ်း

ပိပ္ပလိသတို့သား၊လယ်တောကပြန်လာပြီးတဲ့နောက်၊အသင့် ပြင်ဆင်ထားတဲ့ ထမင်းပွဲမှာ မယ်ဘဒ္ဒါနှင့် အတူတကွစား သောက်ကြတယ်၊ ။ချက်နှာချင်းဆိုင်ခါ ထမင်းစားတုန်းမှာ

တောထွက်ချင်တဲ့အကြောင်းများကို အသီးသီးပြောကြားချင်ကြသော်လဲ တယောက်နှင့်တယောက်၊ ညှာထောက်အားနာနေတဲ့အတွက် ပြောခွင့်မရကြဘူး။

ထမင်းစားပြီးတဲ့နောက်၊ ခစားနေတဲ့ကျေးကျွန်များ အနားက ခွါသွား၍ ဆိတ်ငြိမ်ခွင့်ကိုရသည့်အခါ ဗိပ္ပလိသတို့သားက၊ စကားစတင်ပြီး သို့ကလိုမေးမြန်းသတဲ့။

## အချင်းချင်း-မေးမြန်းပြောဆိုကြပုံ

(ဗိပ္ပလိ) အို-နှမမယ်ဘဒ္ဒါ၊နှမနှင့်မောင်ထိမ်းမြားစဉ်အခါက မင်္ဂလာပစ္စည်းအဖြစ်ဖြင့် သင့်မိဘများပေးကမ်းလိုက်တဲ့ ပစ္စည်းဘဏ္ဍာဘယ်မျှပါလာသလဲ၊

( မယ်ဘဒ္ဒါ ) မင်္ဂလာ ပစ္စည်းပေါင်း၊ လှည်း-ငါးသောင်းငါးထောင် တိုက်လောက်ပါလာပါတယ်အရှင်၊

(ဗိပ္ပလိ) အဲ-နှမထံက ပါလာတဲ့၊ ပစ္စည်း ဘဏ္ဍာပေါင်းက လှည်း-ငါးသောင်း ငါးထောင်တိုက်၊ မောင့်ထံမှာရှိတဲ့ပစ္စည်းဘဏ္ဍာ ရတနာပေါင်းကတော့၊ ရှစ်ဆဲ့ခုနစ်ကုဋေ၊ ကျေးကျွန်သင်းပင်တွေမှာတော့၊မရေမတွက်နိုင်အောင်ပေါများ၊လောကီစည်းစိမ်ချမ်းသာတွေဟာ အလွန်တရာပေါများကြတယ်နော်၊

(မယ်ဘဒ္ဒါ) မောင့်ဘက်ကလဲ-သူဌေးကြီး၊ နှမဘက်ကလဲ သူဌေးကြီးဆိုတော့၊ ပစ္စည်းဘဏ္ဍာ ရတနာတွေဟာ များချင်တိုင်းများနေကြတာပေါ့၊

(ဗိပ္ပလိ) အဲ-သို့ကလောက် များပြားတဲ့ ပစ္စည်းဘဏ္ဍာတွေကို မယ်ဘဒ္ဒါလက်သို့ အကုန်ပုံပြီး အပ်နှင်းချင်တယ်၊လက်ခံမယ်မဟုတ်လား၊

(မယ်ဘဒ္ဒါ) အို-ဘယ်လိုမိန့်တော်မူရတာလဲ၊ သည်ပစ္စည်းအလုံးစုံကို အကုန်အပ်နှင်းပြီး၊ မောင်ကတော့ ဘယ်လို အဖြစ်မျိုးနဲ့နေထိုင်တော်မူမှာလဲ၊

(ပိပ္ပလိ) ဖွင့်လို့ပြောရတော့မှာဘဲ၊အားလဲနာပါရဲ့၊ မောင့်စိတ်ထဲမှာ အမြဲတောထွက်ဘို့ ကြံနေပါတယ်။ နှမလက်သို့ သည်ပစ္စည်း အားလုံးကို အကုန် လွှဲပြီးတဲ့နောက် တောထွက်ပါတော့မယ်။

(မယ်ဘဒ္ဒါကပြုံးပြီး) အို-အကြံချင်းတူလိုက်လေဘယ်မောင်ရယ်။ နှမလဲ မောင့်လက်သို့ ပစ္စည်း ဘဏ္ဍာတွေကို အကုန်အပ်ပြီး တောထွက်ဘို့ကြံနေတာပါဘဲ။ မောင့်စကားက အရင်ဦးသွားပေါ့၊လယ်တောက ပြန်လာတဲ့အခါ၊ ရှေးဦးစွာပြောမယ်လို့ ကြံနေရင်းရှိနေပါတယ်။အားနာတဲ့အတွက်၊ မပြောရက်လို့၊ နှမစကားက နောက်ကျသွားပါတယ်။ သည်ပစ္စည်းတွေကို မောင်လက်ခံမယ် မဟုတ်လား၊နှမယနေ့တောထွက်မယ်၊

(ပိပ္ပလိ) ကဲလေ-တာဖြင့်၊အကြံတူနေကြတာပေါ့၊ ယနေ့ တောထွက်ဖြစ်အောင် ထွက်ကြဘို့၊ ကျေးကျွန်များ မသိစေနှင့်၊ ဖုံးဘိလို့ထား၊ သူတို့သိသွားလျှင် တားဆီး နှောင့်ရှက်ကြလိမ့်မယ်။

(မယ်ဘဒ္ဒါ) အဲ-နှမလဲ သဘောတူပါတယ်။ သို့ရာတွင် သည်ပစ္စည်း ဥစ္စာတွေကို ဘယ်လိုစီမံတော်မူမလဲ။

(ပိပ္ပလိ) အို-တောထွက်ခါနီးမှာ၊ ပစ္စည်းအတွက် စိုးရိမ်မနေပါနဲ့နှမရယ်၊ပစ္စည်းဘဏ္ဍာတွေဆိုတာ ဖြစ်ခြင်းရာ ဖြစ်လိမ့်မပေါ့။

အဲ-သို့ကလို တိုင်ပင်ပြီး၊ကျေးကျွန်များ မသိအောင်၊သပိတ်သင်္ကန်းများကို ဈေးမှ ဝယ်ယူကြဘယ်။ ။ထို့နောက် အချင်းချင်း ဆံပင်များကို ရိတ်ပယ်ပြီး၊ ရသေ့ ရဟန်း အဝတ်ကို ဝတ်ဆင်ကြတယ်၊ရသေ့ရဟန်းအသွင် ဝတ်ဆင်ပြီးတဲ့နောက်၊ သူတို့ မောင်နှမနှစ်ယောက်ဟာ၊စံရာဘုံနန်းပြာသာဒ်မှဆင်းပြီး ထွက်သွားကြပါရော။ ။ထိုသို့ ထွက်သွားကြရာ အိမ်မှာခစားနေတဲ့ ကျေးကျွန်များဟာ၊တစုံတယောက်မှ မသိကြဘူးတဲ့။ ။

ဘယ်သိနိုင်ပါ့မလဲ၊ အသွင်ပြောင်းပြီး သူတော်ကောင်းအဂတ်နှင့် ထွက်သွားကြတာကို။

မဟာတိတ္ထ အမည်ရှိတဲ့ ပုဏ္ဏားရွာကြီးက ထွက်သွားပြီးတဲ့နောက်၊ ကျေးကျွန်များ နေကြတဲ့ ရွာအနီးသို့ ရောက်သွားတော့၊ ကျေးကျွန်တယောက်နှင့် ပက်ပင်းပါတွေ့ကြတယ်။ ။သည်အခါ ထိုကျေးကျွန်က၊ အသွင်အပြင်ကို သေချာစွာ မြင်တော့၊ "ဪ-ငါတို့ သခင်များပါကလား။ ဘယ်လိုကြံပြီး သည်လို အဝတ်မျိုးနဲ့ ထွက်လာကြပါလိမ့်မလဲ။" ဆဲသည်လို စဉ်းစားပြီး၊ ပိပ္ပလိ ကိုယ်တော်ကြီးရဲ့ခြေတော်ကို အတင်းဖက်ပြီး ငိုပါရော။ ကျေးကျွန်များကို ပစ် ထား တော် မူ ခဲ့ ကြ တော့ မ လား ဘုရား။ ဘယ်လိုအကြံနှင့် သင်္ကန်းကို ဝတ်ဆင်ကာ၊ လူ့ဘောင်မှ ခွါရှောင်ပြီး၊ တောတောင်သို့ ထွက် တော် မူ ပါ သ လဲ ဘု ရား။ ကျေးကျွန်များကို သနားတော်မူပါ။ အားကိုးရာမဲ့ ဖြစ်ကုန်ပါလိမ့်မယ်ဘုရား။ ။ဆဲသည်လို ပြောဆို၍ ငိုကြွေးကြသတဲ့။

သည်လိုငိုသံကိုကြားရတော့၊ ကျေးတော်, ကျွန်တော်များ ဝိုင်းပြီး လာလိုက်ကြတာ၊ ပိပ္ပလိနှင့်- မယ်ဘဒ္ဒါတို့ အနားမှာ၊ ပျားတွေ အုံနေသလိုဘဲတဲ့။ ။သာလာသမျှ ကျေးကျွန်တွေက ငိုလိုက်ကြတာ ဆူညံသွားပါရော။

သည်အခါ၊ ပိပ္ပလိကိုယ်တော်ကြီး မိန့်တော်မူပုံက သည်လိုတဲ့။ ။ကျေးကျွန်များက မတားမြစ်ကြနဲ့၊ သင်တို့တတွေနှင့် ရွှေငွေပစ္စည်းများကို အုပ်ချုပ်ပြီး၊ သူဌေးကြီးလုပ်နေရတာ၊ လွန်စွာ အကုသိုလ် ပွါးများတယ်။ ရတနာ ရွှေငွေ၊ ခြွေရွေ ကျေးကျွန်တို့ အတွက်၊ အလွန်တရာ နှောက်ရှက်လို့၊ သံသရာကြီးထဲက မထွက်နိုင်ဘဲ ငါတို့ မောင်နှမနှစ်ယောက် ဆင်းရဲနေကြရတယ်။ ။ကဲ-ဘာစကားကိုမှ မပြောကြားကြနဲ့၊ သင်တို့တတွေ ကျွန်အဖြစ်က လွတ်ခြင်ကြလို့ရှိရင်၊ သင်တို့ဦးခေါင်းကို သင်တို့ဆေးပြီ၊ အေးအေးသာသာ လွတ်ရာ ကျွတ်ရာသို့သာ သွားကြပေတော့။ ကဲ-ရှောင်ကြ၊ ငါ တို့ အ လို ရှိ တဲ့ လမ်း ကို

တမ်းတမ်း မတ်မတ် သွားမယ်။ ။ဆဲသည့်လို မိန့်တော်မူပြီး၊ ကျောကျွန်တို့ ပိုရှိနေတုံးမှာပင် လွတ်အောင်ရုံးပြီး၊ ထွက်သွား ဟော်မူကြလေသတည်း။

ဆဲ·ယခု ပြဆိုခဲ့ပြီးတဲ့အတိုင်း၊ မိပ္ပလိနှင့်- မယ်ဘဒ္ဒါဘဝ၌၊ ဖြစ်ကြုံအကြောင်းများကို၊ ထေရီအပဒါန်ပါဠိတော်မှာ ဘဒ္ဒါ ထေရီကိုယ်တော်တိုင် ဟောခဲ့တဲ့ ဂါထာများကို ထုတ်ဆောင် လို့ ပြရအုံမှာပေါ့။

(ယ) အတံ မဒ္ဒေ ဇနပဒေ၊ သာကလာယ ပုရုတ္တမေ။
ကပိလဿ ဒိဇဿာသိံ၊ ဓိတာမာတာ သုစိမတိ။

(ယ) အဟံ၊ အကျွန်ုပ်၊ မယ်ဘဒ္ဒါသည်၊ ပုရေ၊ ရှေးအခါ၌၊ ဇနပဒေ၊ လူပေါင်းများစွာတို့၏ ပျော်နေရာဖြစ်သော၊ မဒ္ဒေ၊ မဒ္ဒတိုင်းကြီး၌၊ သာကလာယ၊ သာကလ အမည်ရှိသော၊ ပုရုတ္တမေ၊ နေပြည်တော်မြတ်ကြီး၌၊ ကပိလဿ၊ကပိလအမည် ရှိသော၊ ဒိဇဿ၊ပုဏ္ဏားသူဌေးကြီး၏၊ ဓိတာ၊ရင်သွေးရတနာ၊ ရုပ်ဝါထိန်းညီး ချစ်ဘွယ်သည့်၊ အာသိံ၊ဖြစ်ခဲ့ပါသတည်း။ တဒါ၊ ထိုအခါ၌၊ မေ၊ အကျွန်ုပ်၏၊ မာတာ၊ မိခင်သည်၊ သုစိမတိ၊ စင်ကြယ်သော ဉာဏ်အမြင်ရှိသောကြောင့်၊ သုစိမတိ၊ မည်ပါ သတည်း။

(ရ) ဆနကဥ္စန ဗိမ္ဗေန၊ နိဗ္ဗိနိတ္တွာန မံ ပိတာ၊
အဒါ ကဿပဓီရဿ၊ ကာမေဟိ ဝဇ္ဇိတဿ မံ။

(ရ) တဒါ၊ ထိုရောအခါ၌၊ ဆနကဥ္စနဗိမ္ဗေန၊ တခဲနက် ရွှေအတိ ပြီးသောရုပ်ပုံဖြင့်၊ နိဗ္ဗိနိတ္တွာန၊ ဘန်ဆင်း၍၊ မံ၊ အကျွန်ုပ် ကို၊ ပိတာ၊ ဘခင်သူဌေးကြီးသည်၊ ကာမေဟိ၊ ငါးဖြာအာရုံ၊ ကာမဂုဏ်တို့မှ၊ ဝဇ္ဇိတဿ၊ ရှောင်ကြဉ် ရှုမုန်း၍နေ သော၊ ကဿပ ဓီရဿ၊ ကဿပ နွယ်ဘွား၊ ပိပ္ပလိ သတို့သားအား၊ အဒါ၊ ထိမ်းမြားသဘင်၊ ဆင်ယင်ပေးအပ်သေသတည်း။

(လ) ကဒါစိ သော ကာရုဏိကော၊ ဂန္တွာ ကမ္မန္တပေက္ခကော။
ကာကာဒိကေဟိ ခဇ္ဇန္တေ၊ ပါဏေဒိသွာန သံဝိဂ္ဂ။

(လ) ကဒါစိ၊ တရံရောအခါ၌၊ ကာရုဏိကော၊ သတ္တဝါအများ၌၊ သနားကြင်နာလေ့ ရှိပေသော၊ သော၊ ထိုပိပ္ပလိသတို့သားသည်။ ကမ္မန္တပေက္ခကော၊ လယ်ယာလုပ်ငန်းကို ကြည့်ရှုလိုသောကြောင့်၊ ဂန္တွာ၊ လယ်တောသို့ ထွက်သွားလေသည်ရှိသော်၊ ကာကာဒိကေဟိ၊ ကျီး, လင်းတစသောငှက်ဆိုးတို့သည်၊ ခဇ္ဇန္တေ၊ ထိုးဖေါက်ဆိတ်ဆွကာ၊စားအပ်ကုန်သော၊ ပါဏေ၊ ပိုးမွှားတိရစ္ဆာန် ကလေးတို့ကို၊ ဒိသွာန၊ ကိုယ်တိုင် မိမိ တွေ့မြင်ရသည်ရှိသော်၊ သံဝိဂ္ဂ၊ တောထွက်ရန် နိမိတ်ဖြင့် ထိတ်လန့်တုန်လှုပ်လေသတည်း။

(ဝ) ဃရေဝါဟံ တိလေဇာတေ ဒိသွာနာထ ပတာပနေ၊
ကိမီကာကေဟိ ခဇ္ဇန္တေ၊ သံဝေဂ မလဘိံ တဒါ။

(ဝ) အထ၊ ထိုရောအခါ၌၊ အဟံ၊ အကျွန်ုပ်သည်၊ ဃရေ၊ နေအိမ်၌၊ တိလေဇာတေ၊ နှမ်းအမျိုးမျိုးတို့ကို၊ ပတာပနေ၊ သွေ့အောင်လှမ်းသည်ရှိသော်၊ ကာကေဟိ၊ ကျီးအပေါင်းတို့သည်၊ ခဇ္ဇန္တေ၊ ထိုး ဖေါက် ဆိတ် ဆွ ကာ စားအပ်ကုန်သော၊ ကိမိ၊ပိုးကောင်ကလေးတို့ကို၊ ဒိသွာန၊ ကိုယ်တိုင်မိမိ တွေ့မြင်ရသည်ရှိသော်၊ တဒါ၊ထိုအခါ၌၊ သံဝေဂံ၊ တောထွက်ရန်နိမိတ်၊ ကြောက်လန့်သော သဝေဂစိတ်ကို၊ အလဘိံ၊ ရခဲ့ပါသတည်း၊

(သ) တဒ္ဒါသော ပဗ္ဗဇိ ဓီရော၊ အဟံတာမနု ပဗ္ဗဇိံ၊

(သ) တဒါ၊ ထိုသို့ သံဝေဂစိတ်ဖြစ်သောအခါ၌၊ ဓီရော၊ သမာဓိမကျွိုင်၊ခံ့ခိုင်တုံဘိ၊ ပညာထူးရှိတော်မူပေသော၊သော၊ ထိုကဿပနွယ်ဘွား၊ ပိပ္ပလိ သတို့သားသည်၊ ပဗ္ဗဇိ၊ ဖန်ရည်ဆိုးစွမ်း၊ဝတ်သင်္ကန်းဖြင့် ရဟန်းပြုတော်မူလေသတည်း၊အဟံ၊ အကျွန်ုပ်သည်လည်း၊ တံ၊ ထိုပိပ္ပလိသတို့သားကို၊ အနုပဗ္ဗဇိံ၊ အတုလိုက်ကာ၊ ရဟန်းပြုခဲ့ပါသတည်း၊

ပိပ္ပလိကိုယ်တော်မြတ်နှင့် မယ်ဘဒ္ဒါအရှင်မတို့သည်၊ ပြဆို ခဲ့ပြီးတဲ့အတိုင်း၊ ဖန်ရည်ဆိုးတဲ့ အဝတ်သင်္ကန်းကို ဆင်မြန်း တော်မူကြပြီးလျှင် အတူတကွ၊ အိမ်ရာထောင်တဲ့ လူ့ဘောင်မှ၊ ခွါရှောင်ထွက်သွားကြ၍၊ ခရီးစခန်း ဒေတော် ခပ်လှမ်းလှမ်းသို့ ရောက်တော့ လမ်းဆုံတခုကိုတွေ့တော်မူကြပါရော။

သည့်အခါ၊ ပိပ္ပလိကိုယ်တော်မြတ်က နောက်က ပါလာတဲ့ မယ်ဘဒ္ဒါကို၊ စောင်းလှဲ့ကာကြည့်တော်မူပြီးသို့ကလို ကြံစည် တော်မူသတဲ့။ ။ဩော်-မယ်ဘဒ္ဒါဟာ၊ ရူပလက္ခဏာ လွန်စွာ ထူးမြတ်လှသဖြင့်၊ မိန်းမ ရ တ နာ အစစ်ကယ်လို့ ဆိုထိုက် ပါပေတယ်၊ ဇမ္ဗူဒိပ်ါတကျွန်းလုံး ထိုက်တန်တဲ့ မိန်းမ မြတ် အစစ်ပေပေါ့။ ငါ၏သဘောကိုသဲ၊ လိုက်ရောညီစွာ ကျင့်ဝတ် ရှာပေတယ်။ယခုတောထွက်တဲ့အခါ၊ ငါ့နောက်က အတူလိုက် ပါတယ်၊သနားစရာလဲ ကောင်းပါပေရဲ့။ ။သို့ရာတွင် လူအများ မြင်လို့တော့ မဘော်တယ်ဘူး။ စိတ်ထား မတတ်တဲ့လူများ၊ တကယ်လို့ မြင်သွားပါလျှင်၊ ယင်ယောင်ထင်မှားနှင့် သည်လို ကဲ့ရဲ့ကြ ပေ လိမ့် မယ်။ ။ပိပ္ပလိ ဆို တဲ့ သူ မွေး သား ဟာ၊ တောထွက်လို့ သွားတောင်မှ သူ့မယားကို မစွန့်နိုင်ရှာဘူး။ တောထဲသို့ အတူပါအောင် သွေးဆောင်လို့ သွားသေးတယ်၊ မယားကိုချစ်တဲ့ ဥပါဒါန်၊ အလွန်ကာရှာ ထက်သန်တာဘဲ။ ။ ဤသည်သို့ ကဲ့ရဲ့ကြလိမ့်မယ်။ ။ထင်ယောင် ထင်မှားနဲ့ ကဲ့ရဲ့ စကား ပြောတဲ့သူတွေမှာဘဲ အပြစ်မကင်းကြပေဘူး သူတော် ကောင်းကိုပြစ်မှားလို့၊အပါယ်လားတဲ့ဘေးကြီးကို တွေ့ရှာကြ လိမ့်မယ်။ဤ-သို့ကြောင့်၊မယ်ဘဒ္ဒါကိုသနားတော်မူသော်လဲခွဲခွါ ဘို့စကားတော့ဖြင့်၊ပြောကြားရတော့မှာဘဲ၊ဤသည့်လိုကြံစည် တော်မူပြီး၊ မယ်ဘဒ္ဒါ၏ မျက်နှာကို၊ မိန်းစိန်း ကြည့်ရှုတော် မူသတဲ့။

မယ်ဘဒ္ဒါကလဲ၊ မကြည့်စဘူး၊အကြည့်ထူးတာကို မြင်တော့၊ မြေမှာဝပ်တွားပြီး ခစားရှိခိုးလို့ နေရှာတယ်။ သည့်အခါ ပိပ္ပလိ

ကိုယ်တော်မြတ်က၊သနားကြင်နာတဲ့ အသံတော်ဖြင့်၊ ''အို-နှမ မယ်ဘဒ္ဒါ၊ဟောသည်မှာ လက်ဝဲ, လက်ျာဖြစ်တဲ့ လမ်းနှစ်ခုကို တွေ့နေပြီ၊ သည့်စခမ်းက လမ်းခွဲကြရို၊ ရဟန်းပြုပြီးတဲ့အခါ၊ မိန်းမဆိုတာ ရဟန်းတော်များနှင့် မအပ်စပ်ဘူး။ သူ့ဘပါးမြင် လျှင်လဲ အထင်လွဲပြီး၊ ငရဲကြီးရှာကြလိမ့်မယ်။'' အဲ-သို့က လို မိန့်တော်မူတယ်။

သည့်အမိန့်သံကို ကြားတော့၊မယ်ဘဒ္ဒါမှာ ခွဲခွါရမဲ့အတွက်၊ ဝမ်းနဲပက်လက် ဖြစ်ရှာတာပေါ့။ ။သို့ရာတွင် အရှင်သခင်၏ စကားကို ပယ်ရှားလေ့မရှိတဲ့သူဖြစ်သောကြောင့်၊ အရှင်သခင် ထံမှာ ညင်းဆန်တဲ့စကားလုံးကို၊ အသုံးမပြုရှာဘဲ၊ ဝမ်းနဲ့တဲ့ အသံနှင့်၊သို့ကလို လျှောက်တင်ရှာသတဲ့။

အို-အရှင်မြတ်၊ မိန့်တော်မူတဲ့စကားဟာ၊ လွန်စွာ မှန်လှပါ တယ်။မိန်းမဆိုတဲ့ လူမျိုးဟာလဲ၊ ရဟန်းတို့၏ အညစ်အကြေး မှန်ပါပေတယ်၊ အထင်လွဲတဲ့သူများမှာလဲ ငရဲမလားရအောင်၊ အမိန့်တော်အတိုင်း၊သည့်နေရာကပင် ခွဲကြပါစို့ရဲ့။ အရှင်မြတ်က လက်ျာလမ်းသို့ လိုက်တော်မူပါ။ ဘုရားနှမတော်မှာ၊ လက်ဝဲ လမ်းသို့ လိုက်သွားရပါတော့မယ်။ဩော်- ကမ္ဘာတသိန်းတိုင် တိုင် ဘဝတိုင်းဘဝတိုင်းဘယ်တော့မှမခွဲမခွါရဘူးဘဲ နှင့် ယနေ့ ဖြင့် ခွဲကြရတော့မယ် ကိုယ်တော်၊ယနေ့ဟာ အလွန် ချစ်ခင်တဲ့၊ အကြင်လင်မယား ခွဲခွါ၍သွားရက် နေ့ရယ်လို့ ဘုရားနှမတော် မှာဖြင့် အမြဲမှတ်ထားရတော့မှာဘဲ။

အဲသည့်သို လျှောက်တင်ပြီး၊မယ်ဘဒ္ဒါက၊ ပိပ္ပလိ အရှင်မြတ် ကို လက်ျာရစ် သုံးပတ် လှည့်ရှာတယ်။ ။ထိုနောက် အရှေ့ အနောက်,တောင်,မြောက်,အားဖြင့်၊ လေးပါးသော အရပ်၌ဒူန က ဝပ်တွားပြီး၊ ပိပ္ပလိကိုယ်တော်မြတ်ကို ရှိသေလေးမြတ်စွာ၊ ဦးသုံးကြိမ်ချရှာတယ်။အရပ်လေးမျက်နှာက၊ သုံးကြိမ်စီ ဦးချ တယ်ဆိုတော့၊ ဦးချတဲ့ အကြိမ်ပေါင်းဟာ၊ တဆဲ့ နှစ်ကြိမ် တိုင်တိုင် ရှိသွားတာပေါ့၊

အဲ-သို့ကလို အဆုံးစွန်သော ရှိသေးခြင်း၊ အဆုံးစွန်သော ရှိခိုးခြင်းဖြင့်၊ ရှိခိုးဝပ်တွားပြီးတဲ့အခါ၊ ပိပ္ပလိ အရှင်မြတ်ကလဲ လက်ျာလမ်းသို့ တန်းတန်း မတ်မတ် ကြွသွားတော်မူပါရော။ မယ် ဘဒ္ဒါလဲ လက်ဝဲလမ်းသို့ လိုက်သွားတော်မူရှာလေ သတည်း။

သည့်အကြောင်းအရာများကို၊ ထင်ရှားစွာ သိလေအောင် အဋ္ဌကထာပါဠိကို၊ထုတ်ဆောင်ပြရအုံးမှာပေါ့။

အာမအယျ။ ပဗ္ဗဇိတာနံ။ မာတုဂါမောနာမ မလံ။ ။တုမှေ ဧကံမဂ္ဂံဂဏှထ၊ အဟံဧကံ ဂဏှိတွာ၊ ဝိနာ ဘဝိဿာမာတိ တိက္ခတ္တုံပဒက္ခိဏံကတွာ၊စတူသုဌာနေသု ပဉ္စပတိဋ္ဌိတေနဝန္ဒိတွာ ဒသနခသမောဓာနသမုဇ္ဇလံ၊အဉ္ဇလိံ ပဂ္ဂယှ သတသဟဿကပ္ပပမာဏော အဒ္ဒါနေ ကတော မိတ္တသန္ထဝေါ အဇ္ဇတိဋ္ဌ တိတိ ဝတွာ တုမှေဒက္ခိဏဇာတိကာနာမ၊ တုမှာကံဒက္ခိဏာ မဂ္ဂေါ ဝဋ္ဋတိ၊မယံမာတုဂါမာ နာမဝါမဇာတိကာ၊အမှာကံဝါမမဂ္ဂေါ ဝဋ္ဋတီတိ ဝန္ဒိတွာမဂ္ဂံပဋိပန္နာ။

အယျ၊အရှင်၊အာမ၊အမိန့်တော်အတိုင်း၊ပဗ္ဗဇိတာနံ၊ ရဟန်းတို့အား၊ မာတုဂါမော၊ မိန်းမသည်၊ မလံ၊ အညစ်အကြေးမှန်လှပါသည်ဘုရား။ ။တုမှေ၊ အရှင်ဘုရား တို့သည်၊ ဧကံမဂ္ဂံ၊လမ်းတခုကို၊ဂဏှထ၊ယူ၍သွားတော်မူပါကုန်၊အဟံ၊ ဘုရားနှမတော်သည်၊ ဧကံမဂ္ဂံ၊ လမ်းတခုကို၊ ဂဏှိတွာ၊ ယူ၍၊ ဝိနာ၊ အရှင်ဘုရားနှင့် ခွဲခွါရသည်၊ ဘဝိဿာမ၊ ဖြစ်ရပါကုန် တော့အံ့၊ဣတိ၊ဤသို့လျှောက်ထားပြီးသော်၊ တိက္ခတ္တုံ၊သုံးကြိမ် တိုင်တိုင်၊ ပဒက္ခိဏံကတွာ၊ လက်ျာရစ် လှည့်သည်ကို ပြု၍၊ စတူသုဌာနေသု၊အရပ်လေးချက်နှာတို့၌၊ ပဉ္စပတိဋ္ဌိတေန၊ငါးပါး သောရှိခိုးခြင်းဖြင့်၊ဝန္ဒိတွာ၊ရှိခိုး၍၊ဒသနခသမောဓာနသမုဇ္ဇလံ၊ လက်သဲဆယ်ပွင့် အစုံတို့ဖြင့်၊ ပြောင်ပြောင် တောက်သော၊ အဉ္ဇလိ၊လက်အုပ်ကို၊ပဂ္ဂယှ၊ချီးမြှောက်၍၊သတသဟဿ ကပ္ပပမာဏော၊ ကမ္ဘာတသိန်း အတိုင်းအရှည် ရှိသော၊ အဒ္ဒါနေ၊

အခွန့်ကာလ အတွင်း၌၊ ကတော၊ ဆက်ဆံ ပြုလုပ်ခဲ့သော၊ မိတ္တသန္ထဝေါ၊ မိတ်ဖွဲ့ခြင်းသည်၊ အဋ္ဌ၊ ယာနေ့၊ ဘိန္နတံ၊ ပျက်စီးရပါတော့မည့်တရား၊ ဣတိဝတ္တ၊ ဤသို့ဖျောက်ထားပြီးသော်၊ တမေ့၊ အရှင်တရားတို့သည်၊ ဒက္ခိဏာဓာတိ...။ လက်ျာဓာတ်မျိုး မည်ပေကုန်၏၊ တမှာကာံ၊ အရှင် ဘုရား တို့ အား၊ ဒက္ခိဏာမဂ္ဂေါ၊ လက်ျာလမ်းသည်၊ ဝဋ္ဋတိ၊ သင့်လျော်ပါ၏၊ ။ မယံမာတုဂါနာမ၊ တပည့်တော်မတို့ မိန်းမ မည်သည့်ကား၊ ဝါမဓာတိကာ၊ လက်ဝဲဓာတ်မျိုးတို့ပါတရား၊ အမှာကာံ၊ အကျွန်ုပ်တို့အား၊ ဝါမမဂ္ဂေါ၊ လက်ဝဲလမ်းခရီးသည်၊ ဝဋ္ဋတိ၊ သင့်လျော်ပါသည့်တရား၊ ဣတိ၊ ဤသို့ဖျောက်ထား၍၊ ငန္တွာ၊ ရိုသေစွာ ရှိခိုးပြီးသော်၊ မဂ္ဂံ၊ လက်ဝဲလမ်းသို့၊ ပဋိပန္နာ၊ လိုက်သွားရှာလေသတည်း။

ကုသိုလ်စီးပွါးဘက်၊ ပါရမီစီးပွါးဘက်၊ မေတ္တာစီးပွါးဘက်ဖြစ်ပြီး၊ ရှည်မြင့်လှစွာ ကမ္ဘာတသိန်းထက် ကစ၍ အဘာကကဆက်ဆံပေါင်းသင်းလာကြတဲ့ ပါရမီရှင် မဟာမိတ်ကြီး နှစ်ဦးဟာ၊ ယခုတခါအဆုံးစွန်သောခွဲခွာခြင်းဖြင့် ခွဲခွါသွားရှာကြရပေါ့နော်၊

ဆဲသည့်လို ခွဲခွါရတာကို ဝမ်းနည်းတဲ့ နိမိတ်လက္ခဏာဖြင့် မဟာပထဝီမြေကြီးက မူလသဘောအတိုင်း တည်ငြိမ် မနေနိုင်ဘဲ၊ ထိမ့်ထိမ့်တုန်ပြီး တောင်လျောင် မြည်ဟီးလျက် အတုန်လှုပ်ကြီး တုန်လှုပ် သွားပါရော၊ အလှုန် ... ကြွ ဘွယ် ကောင်း တဲ့ မြေလှုပ်ခြင်းကြီး ပေပေါ့၊ အခြားပုဂ္ဂိုလ်များ သည့်လို ခွဲခွါ၍ထွေးထွက်ကြတဲ့အခါ မြေလျောင် တုန်လှုပ်ဘယ်... ကျမ်းဂန်များမှာတောင်မှ မတွေ့ရဘူးပါဘူး၊ အလှုန်ထူးတဲ့ပုဂ္ဂိုလ်မြတ်ကြီးများဖြစ်ကြောင်းကို ကောင်းကောင်းကြီး သက်သေခံလိုတဲ့အတွက် သွက်သွက်ခါအောင် မြေသျှောင်ကြီး တုန်ယှပ်ဘာပေါ့၊

(မှတ်ချက်။ ။ဤ သေ ရီ ဘာ သာ ပြန် ၌၊ ဘဒ္ဒါ ထေရီ၏ အကြောင်းသက်သက်ကိုသာ ရေးသားဘော်ပြသင့်သော်လည်း

မကဲ့မကွာ ပါရမီအတု ဖြည့်ဘော် ဖြည့်ဘက် ဖြစ်ကြသော အတိုင်း၊ ပိပ္ပလိအကြောင်းကိုလည်း ထည့်သွင်းရေးသားဘော်ပြခဲ့ပါသည်။ ။ဤမှနောက်၌ ကျက်တန်းဝင်၍ ရဟန္တာထေရီမ, ဖြစ်သည်တိုင်အောင် မယ်ဘဒ္ဒါ၏ အကြောင်း သက်သက်ကိုသာ ရေးသားဘော်ပြပါတော့မည်။)

အဲ-ပြဆိုခဲ့ပြီးတဲ့အတိုင်း၊ သူတော်ကောင်းအသွင်ဖြင့် ပြုပြင်ပြောင်းလဲခါ ကရေးရှာနေသော မယ်ဘဒ္ဒါသည်၊ ပိပ္ပလိအရှင်မြတ်နှင့် ခွဲခွါပြီးတဲ့နောက် လက်ဝဲလမ်းကို လိုက်သွား လေရာ၊ မျာမကြာမှီအတွင်း ပရိဗိုဇ်မများနေထိုင်တဲ့ ကျောင်းအရံတခုသို့ ရောက်သွားရှာတယ်။ အဲသည်လို ပရိဗိုဇ်မတွေဟာ ဗုဒ္ဓသာသနာတော်၏ကျင့်နည်း ကျင့်လမ်းအတိုင်း လိုက်နာကျင့်ကြံနေကြပဲ့ မရဗိုဇ်မတွေမဟုတ်ဘူး။ ။တိတ္ထိ ဆရာကြီး တို့၏ သင်ပြတဲ့နည်းအတိုင်း ကျင့်ကြံနေကြတဲ့ တိတ္ထိပရိဗိုဇ်မတွေ ဖြစ်ကြဘယ်။ ။သည်အခါတုံးက ရှင်တော်ဘုရားကလဲ မိန်းမတို့ကိုသာသနာဘောင်အတွင်းမှာ ရဟန်းပြုစေဆိုတဲ့ ဘိက္ခုနီမ သာသနာခွင့်ပြုတော်မူတဲ့ အခါမဟုတ်သေးလို့၊ ကမ္ဘာလောကမှာ ဘိက္ခုနီမဆိုတာ တပါးမှ မရှိ သေး ဘူး ပေါ့။ ။အဲ-သို့ အတွက်ကြောင့် ပါရမီ ပြည့်စုံပြီးဖြစ်တော်မူတဲ့ မယ်ဘဒ္ဒါမှာ ခိုကိုးရာမဲ့ဖြစ်ပြီး၊ တိတ္ထိပရိဗိုဇ်မတို့ ကျောင်းသို့ ရောက်သွားရှာတာပေါ့၊ မယ်ဘဒ္ဒါသည် ထိုတိတ္ထိပရိဗိုဇ်မတို့၏၊ ကျောင်းမှာ ပင် ငါးနှစ်တိုင်တိုင် ခိုလှုံ ဆည်းကပ်၍၊ သူတို့၏နည်းနာနိသျှ မျှးကို၊ လိုက်စားကျင့်ကြံကာ နေ ရ ရှာ တယ်။ ။သို့ရာတွင် မယ်ဘဒ္ဒါမှာ ပါရမီဉာဏ် ရင့်သန်ခဲ့ပြီးတဲ့အတိုင်း၊ လမ်းမှန်ကို စုံစမ်းဆင်ခြင်တတ်သူဖြစ်သောကြောင့်၊ မလွဲသာလို့ သူတို့ထံမှာ နေရသော်လဲ၊ သူတို့အကျင့်များကိုတော့ နှဲ နှဲ မှ သ ဘော မ ကျ ဘူး။

ဪ....အနမတဂ္ဂသံသရာမှာ၊ ဆ ရာ အ မျိုး မျိုး၊ ဘုရား အမျိုးမျိုးတို့နှင့် တွေ့ကြုံရခြင်းဆိုတဲ့နာနာသတ္တာရ ဥလ္လောကန

ဘေးကြီးဆိုတာ၊ လွန် စွာ ကြောက် ဘို ကောင်း ပါ တ ကား။ အဆုံးစွန်သော ဘဝသို့ရောက်နေဘဲ့ ပ ရ မိ ရှင် မယ် ဘဒ္ဒါ တို့ တောင်မှ တိတ္ထိဆရာတို့ထံမှောက်သို့ ရောက် သွား ရ ရှာ သေး တယ်။ သာမညာ လူများကိုတော့ မဆိုထားပါ။နှင့်တော့။ ။ သို့ရာတွင် မယ်ဘဒ္ဒါမှာ အဆုံးမွန် ကျွတ်တန်းဝင်ရမဲ့ဘဝရှင်မို့၊ တိတ္ထိပရမိုဇ်မကျောင်းတွင်၊ မခွါနိုင်ဘဲ စွဲ စွဲ မြဲ မြဲ နေ ထိုင် မှာ မဟုတ်ပါဘူး။ ကံအားလျော်စွာ ဆ ခွင့် သာ တဲ့ ကံ၊န်း ကြီး နှင့် ကြုံပါလိမ့်မယ်။

## မယ်ဘဒ္ဒါဘိက္ခုနီမ, ဖြစ်ခြင်း

တိတ္ထိပရမိုဇ်မကျောင်းမှာ နေထိုင်၍ ငါး နှစ် ကြာ သွား တဲ့ နောက်၊ဘုန်းတော်ခြောက်စုံ၊ဂုဏ်တော်အနန္တနှင့် ပြည့်စုံတော် မူသောမြတ်စွာဘုရားသည် မိထွေးတော်ဂေါတမီ၏၊တောင်းပန် လျှောက်ထားချက်ကိုအကြောင်းပြု၍ အမျိုးသွီးတို့အား သာသနာ တော်၌ ရ ဟန်း ပြု ကြ စေ ရန် ဘိက္ခုနီမသာသနာကို ဘွင့်လှစ် တော်မူတယ်။

အဲ-သည်လို ဘိက္ခုနီမသာသနာကြီး ပွင့် လင်း လာ ပြီ လို့ ကြားတော့ မယ်ဘဒ္ဒါ၏စိတ်ထဲမှာ''အဲ-အခါဖြင့် နေရာကျပေါ့၊ တရားကောင်း လမ်းမှန်ဖြင့် နို့ဗ္ဗာန်သို့ ဆိုက်ရောက်တော့ယေ'' အဲသည်လို ဝမ်းမြောက်ဝမ်းသာနှင့် အကြံဖြစ်ပြီး၊တိတ္ထိပရမိုဇ်မ ကျောင်း က ထွက်ခွါ၍ဂေါတမီထေရီမထံသို့ အမြန်လာခဲ့တယ်၊

ဂေါတမီထေရီမကြီးထံသို့ ရောက်ပော့၊ မြတ်စွာဘုရား၏ သာသနာတော်မှာ ရ ဟန်း ပြု လို ပါ ကြောင်း နှင့် ရို သေ စွာ လျှောက်ထားရာ၊ မိထွေးတော် ဂေါတမီကလဲ၊ ကြည်ကြည် သာသာ၊ အခွင့်ပေးတော်မူတဲ့ အတွက် မကြာမှီအတွင်းမှာပင် ဘိက္ခုနီမအဖြစ်သို့ ရောက်သွားပါရော၊

မယ်ဘဒ္ဒါသည် ဘဒ္ဒါထေရီဟူသောအမည်ဖြင့်၊ ဘိက္ခုနီမ, ဖြစ် သွား တဲ့ အ ခါ၊ သိက္ခာသုံလများကို ရို သေ စွာ စောင့် သုံး

ထိန်းသိမ်းပြီးလျှင် ဝိပဿနာတရားကို ကြိုးစားအားထုတ်လေရာ၊ ပါရမီညွန့်ဖူး၊ ပုဂ္ဂိုလ်ထူးဖြစ်လေသောကြောင့်၊ မဆင်းရဲမငြိုငြင်ဘဲ လျှင်လျှင်မြန်မြန် ကိလေသာ အာသဝေါကုန်ခန်း၍ ရဟန္တာမအဖြစ်သို့ ရောက်လေသတည်း။ ပြဆိုခဲ့ပြီးတဲ့အတိုင်း၊ မယ်ဘဒ္ဒါ၏ ကျွတ်တန်းဝင်ပုံများကို ထေရီအပဒါန်ပါဠိတော်မှာ သို့ကလို ဟောကြားတော်မူခဲ့လေသတည်း။

(ဟ) ယဒါ ပဗ္ဗဇိတာ အာသိ၊ ဂေါတမိ ဇိနပေါသိတာ။
တဒါပဟံ ကမုပဂတ္ဂွာ၊ ဗုဒ္ဓေန အနုသာသိတာ၊

(ငှ) နစိရေနေဝ ကာလေန၊ အရဟတ္တ မပါပုဏိံ။
အဟော ကလျာဏမိတ္တတ္တံ၊ကဿပဿ သိရိမတော။

(ဟ) ယဒါ။အကြင်အခါ၌။ဇိနပေါသိဘာ။ ငယ်စဉ်တောင်ကျေးအကလေးက။ ရှင်တော်ဘုရားကို၊ ကျွေးမွေးပြုစုခဲ့ပေသော၊ ဂေါတမီ။မိထွေးတော်ဂေါတမီသည်၊သာသနေ။သာသနာတော်မြတ်အတွင်း၌၊ပဗ္ဗဇိတာ ရဟန်းပြု၍လာသည်၊ အာသိ။ ဖြစ်၏၊ တဒါ။ ထိုအခါ၌။ အဟံ။ အကျွန်ုပ်မယ်ဘဒ္ဒါသည်၊ တံ။ ထိုမိထွေးတော် ဂေါတမီအထံသို့၊ဥပဂန္တွာ၊ခိုင်ဆည်းကပ်၍၊ ပဗ္ဗဇိံ၊ ရဟန်းပြုခဲ့သတည်း၊ တတော။ ထိုရဟန်းပြုပြီးသောနောက်၌၊ ဗုဒ္ဓေန။ ရှင်တော်မြတ်ဘုရားသည်၊ အနုသာသိတာ။ နည်းလမ်းပေး၍၊ ယဉ်ကျေးအောင် ဆုံးမတော်မူအပ်ပေသည့်ဖြစ်၍၊

(ငှ) အဟံ။အကျွန်ုပ်မယ်ဘဒ္ဒါသည်။နစိရေနေဝကာလေန။ မကြာမြင့်မှီ ကာလအတွင်းမှာပင်။ အရဟတ္တံ၊ ကိလေသာကုန်ခန်းသော ရဟန္တာမ,အဖြစ်သို့၊ အပါပုဏိံ။ မငြိုမညင်ဆိုက်ရောက်ခဲ့ပါသတည်း၊ သိရိမတော။ ဘုန်းကြက်သရေဂုဏ်နှင့် ပြည့်စုံတော်မူပါပေသော၊ ကဿပဿ။ ကဿပ အမည်

ရှိသော၊ ကိုယ်တော်မြတ်ကြီးနှင့်၊ ကဿပ ကာမိဋ္ဌတွဲ၊ မိတ်ကောင်း ဆွေကောင်းကြီး၊ ဖြစ်ခဲ့ရခြင်းသည်၊ အံ့ဖွယ်၊ ထြော်-လွန်စွာထူးမြတ်၍၊ အကျိုးနပ်ပေစွတကား၊

(မှတ်ချက်။ ။ဖော်ပြခဲ့ပြီးသော၊ ကေ-ခ- စသည်တို့ဖြင့် မှတ်သားအပ်သော ဂါထာတို့ကို ထေရီအပဒါန် ပါဠိတော်မှ လာသော ဂါထာတို့ဟူ၍ မှတ်တော်မူကြပါကုန်၊)

ဘဒ္ဒါထေရီသည်၊ ကိလေသာကုန်ခန်း၍ ရဟန္တာမ, ဖြစ်ပြီးတဲ့အခါ၊ ဈာန်အဘိညာဉ် အရာမှာလဲ လွန်စွာ နိုင်နင်းတော်မူတယ်၊ ။ရှေးရှေးဘဝက အဖြစ်အပျက်အလုံးစုံကို အကုန်သိမြင်တဲ့ ပုဗ္ဗေနိဝါသာနုဿတိ မည်တဲ့ အဘိညာဉ်အရာမှာတော့ တဘက်ကမ်းခပ်အောင် ကျွမ်းကျင်တော်မူတယ်၊

ဘဒ္ဒါ ထေရီသည်၊ ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ်ဖြင့် လွန်ခဲ့သောကမ္ဘာတသိန်းထက်အခါကစပြီး၊ အဆုံးဘဝသို့တိုင်အောင် ရှည်လျားတဲ့ သံသရာမှာ၊ မဟာကဿပ ကိုယ်တော် အရှင်မြတ်ကြီးနှင့် အတူတကွ ကျင်လည်ခဲ့ရပုံတွေ များကို မပြတ်မပြတ် ဆင်ခြင် ရှုစားတော် မူလေ့ရှိတယ်၊ ။သည်လို ဆင်ခြင်လိုက်တဲ့အခါ၊ ရှင်မဟာကဿပကိုယ်တော်ကြီးအပေါ်မှာ လွန်စွာကျေးဇူးတင်သတဲ့၊ ။ထြော်-ရှည်လျားတဲ့ သံသရာမှာ၊ သည်လို သူတော်ကောင်းကြီးနှင့် ပေါင်းခဲ့ရပေလို့ ဘဝတိုတိုနှင့် ကျွတ်ခွင့်, လွတ်ခွင့်ကို ရခဲ့ပေတယ်၊ သံသရာ တခွင်မှာလဲ ခံစားခဲ့ရပေတယ်၊ သည်လို သူတော်ကောင်း ပုဂ္ဂိုလ်မြတ်ကြီးနှင့်သာ မပေါင်းသင်းခဲ့ရဘူးလို့ ဆိုပါလျှင် သံသရာ ရေကြောမှာ မြောခြင်တိုင်း မြောနေရမှာအမှန်ဘဲ၊ ။ထြော်-ကျေးဇူးတော်ကြီးပေစွ, ကျေးဇူးတော်ကြီးပေစွ၊ ။ဟုသည်လို ဆင်ခြင်ပြီး အလွန်တရာ ကျေးဇူးတင်တော်မူတယ်၊

ထို့ပြင်လဲ ကဿပ ကိုယ်တော် မြတ်ကြီးရဲ့ သီလဂုဏ်, သမာဓိဂုဏ်, ပညာဂုဏ်တွေကို အာရုံပြုပြီး ကျေးဇူးတင်ကာ ထင်ကာနှင့် လွန်စွာကြည်ညိုတဲ့ စေတနာဓာတ်ထွေဟာလဲ

မပြတ်မပြတ် ဖြစ်ပွါးလေ့ ရှိတယ်၊ ။ဆဲသည့်လို ကြည်ညို လေးမြတ်တဲ့ သောမနဿစောတွေ ဖြစ်ပွါးလာတဲ့အခါ၊ ဘဒ္ဒါ ထေရီက ဥဒါန်းဂါထာလေးပုဒ်ကို ရွတ်ဆိုလေ့ရှိတော်မူတယ်၊

ဘဒ္ဒါထေရီမြတ် မပြတ်မပြတ် ရွတ်ဆိုတဲ့ ဥဒါန်းဂါထာ လေးပုဒ်က သည့်လိုတဲ့၊

(၁) ပုတ္တောဗုဒ္ဓဿဒါယာဒေါ၊ကဿပေါ သုသမာဟိတော ပုဗ္ဗေနိဝါသံ ယော ဝေဒိ၊သဂ္ဂပါယဉ္စ ပဿတိ၊ ။

(၁) ဗုဒ္ဓဿ၊ရှင်တော်မြတ်ဘုရား၏၊ ပုတ္တော၊သားတော်ကြီး တဆူ ဖြစ်တော်မူပေသော၊ ကဿပေါ၊ ကျွန်ုပ်၏သခင်၊ အရှင် ကဿပကိုယ်တော်မြတ်ကြီးသည်၊ ဒါယာဒေါ၊ ရှင်တော်မြတ် ဘုရား၏၊ တရားအမွေခံ ပုဂ္ဂိုလ်ကြီးလည်း ဖြစ်တော်မူပေ၏၊ သုသမာဟိတော၊ မယိမ်းမယိုင်၊ သမာဓိ မတ္တိုင်ဖြင့်၊ ခန့်ခိုင် တည်တံ့တော်မူပေ၏၊ယော၊အကြင်ကဿပ၊ ကိုယ်တော်အရှင် မြတ်ကြီးသည်၊ ပုဗ္ဗေနိဝါသံ၊ ရှေးရှေးနှဖြစ်ခဲ့သမျှသော၊ ဘဝ ခန္ဓာအစဉ်ကိုလည်း၊ဝေဒိ၊မကြွင်းမကျန်၊အမှန်သိမြင်တော်မူပါ ပေ၏၊ သဂ္ဂပါယဉ္စ၊ နတ်ပြည့်,ငရဲပြည်များကိုလည်း၊ ပဿတိ၊ အထင်အရှား၊ အမြင်အားဖြင့်၊ ပိုင်းပိုင်းခြားခြား၊ သိမြင်တော် မူပါပေသတည်း၊

## အထက်ပါဂါထာ၏ ဆိုလိုရင်းအဓိပ္ပါယ်

ရှင်တော်ဘုရား၏၊ သားတော် အစစ်ကြီး ဖြစ်တော်မူဘဲ့ ရှင်မဟာကဿပ ကိုယ်တော်မြတ်ကြီးဟာ၊သာသနာ့အမွေခံလဲ မှန်ပါပေတယ်၊ မလှုပ်မရှားဘဲ ခိုင်မြဲတည်တံ့တဲ့ အရာမှာလဲ၊ ထူးကဲလွန်မြတ်ပါတယ်၊ဖြစ်ဖြစ်သမျှ ဘဝခန္ဓာအစဉ်တွေကိုလဲ၊ အကုန် သိမြင်တော်မူနိုင်ပါပေတယ်၊ ငရဲပြည့်, နတ်ပြည်များ ကိုလဲ ဇီးဖြူ-ရှစ်ရှား၊ပုံဆလားသို့ ထင်ရှားစွာ မြင်တော်မူနိုင်ပါ ပေတယ်၊

(၂) အထောဇာတိက္ခယံပတ္တော၊ အဘိညာဝေါသိတောမုနိ၊
ဧတောယိ တိဿော ဝိဇ္ဇာယိ၊ တေဝိဇ္ဇောဟောတိဗြာဟ္မဏော။

(၂) အထော၊ ထို့ပြင်တပါး၊ ဗြာဟ္မဏော၊ ကိလေသာကုန်ခန်း၍၊ ရဟန္တာအစစ်ကြီး ဖြစ်တော်မူပေသော၊ မုနိ၊ ဆိတ်ဆိတ်နေသောဂုဏ်နှင့်၊ ပြည့်စုံတော်မူပေသော၊ ကဿပေါ၊ကျွန်ုပ်၏ထိပ်တင်၊အရှင်ကဿပ ကိုယ်တော်မြတ်ကြီးသည်၊ ဇာတိက္ခယံ၊ပဋိသန္ဓေနေခြင်း၏၊ ကုန်ရာဖြစ်သော နိဗ္ဗာန်သို့၊ ပတ္တော၊ ဆိုက်ရောက်တော်မူပေ၏၊ အဘိညာဝေါသိတော၊ အဘိညာဥ်လမ်းနှင့်၊ဆုံးခန်းတိုင်ပေါက်၊ တဘက်ကမ်းသို့လည်း ရောက်တော်မူပေ၏၊ဧတောယိ တိဿော ဝိဇ္ဇာယိ၊၅ ဝိဇ္ဇာဥာဏ် သုံးပါးတို့နှင့်၊သမ္ဗန္ဓော၊ ပြည့်စုံတော်မူသည့်ဖြစ်၍၊ တေဝိဇ္ဇော၊ တေဝိဇ္ဇရဟန္တာအစစ်ကြီးလည်း ဖြစ်တော်မူပါပေသတည်း။

## အထက်ပါဂါထာ၏ ဆိုလိုရင်းအဓိပ္ပါယ်

ကျွန်ုပ်၏သခင်၊ အရှင်မဟာကဿပ၊ရဟန္တာကိုယ်တော်မြတ်ကြီးသည်၊ပဋိသန္ဓေကုန်ဆုံးရာ နိဗ္ဗာန်သို့လဲ၊ အမှန်ဆိုက်ရောက်တော်မူပါပေတယ်၊အဘိညာဥ်လမ်းမှာလဲ၊ ဆုံးခန်းတိုင်ပေါက်၊ တဘက်ကမ်း ရောက် တော် မူ ပါ ပေ တယ်၊ ဝိဇ္ဇာသုံးပါးနှင့် ပြည့်စုံ၍၊တေဝိဇ္ဇရဟန္တာကြီးလဲ ဖြစ်တော်မူပါပေတယ်။

(၃) တထေဝ ဘဒ္ဒါကာပိလာနီ၊တေဝိဇ္ဇာ မစ္စုဟာယိနီ၊
ဓာရေတိ အန္တိမံဒေဟံ၊ဇေတွာမာရံ သဝါဟနံ။

(၃) တထေဝ၊ထိုကဿပအရှင်ကိုယ်တော်မြတ်ကြီးကဲ့သို့ပင်လျှင်၊ဘဒ္ဒါကာပိလာနီ ဘဒ္ဒါကာပိလာနီ အမည်ရှိသော၊ အဟံ၊ အကျွန်ုပ်သည်လည်း၊ တေဝိဇ္ဇာ၊ ဝိဇ္ဇာသုံးပါးဂုဏ်နှင့်လည်း၊ ပြည့်စုံပါ၍၊ မစ္စုဟာယိနီ၊ အသေသတ်ခွင်း၊ ရှင်သေမင်းကိုလည်း၊ နိုင်နင်းအောင် မြင်ပါ၍၊ သဝါဟနံ၊ ဆဲဝတ်ဗိုလ်ပါနှင့်

တကွ ဖြစ်သော၊ မာန်၊ မာရ်နတ်သားကို၊ ဇေတွာ၊ အောင်မြင်နိုင်နင်းသည်ဖြစ်၍၊ အန္တိမံဒေဟံ၊ အဆုံးစွန်သော ကိုယ်အဖြစ်ကို၊ ဓာရေတိ-ဓာရေမိ၊ ဆောင်ရွက်ရပါသတည်း၊

အဘက်ပါဂါထာ၏ ဆိုလိုရင်းအဓိပ္ပါယ်

ရှင်ကဿပကိုယ်တော်မြတ်ကြီးကဲ့သို့ပင်၊ ကျွန်ုပ် ဘဒ္ဒါထေရီလဲ၊ ဝိဇ္ဇာသုံးပါးဂုဏ်နှင့်လဲ ပြည့်စုံပါတယ်၊ ရဲမက်ဗိုလ်ပါနှင့်ထကွသော၊ မာရ်နတ်သားကို အောင်မြင်၍၊ အဆုံးစွန်ဘဝသို့လဲ ရောက်ပါပြီ၊

(မှတ်ချက်။ ။ဤဂါထာမှာ၊ ရှင်မဟာကဿပ ကိုယ်တော်ကြီး၏ ဂုဏ်နှင့် နှိုင်းယှဉ်၍၊ မိမိကိုယ်ကို မိမိ ချီးမွမ်းသော ဂါထာဖြစ်၏။)

(၄) ဒိသွာ အာဒီနဝံ လောကေ၊ ဥဘော ပဗ္ဗဇိတာမယံ၊
တျာမှာ ခီဏာသဝါ ဒန္တာ၊ သီတိဘူတမှ နိဗ္ဗုတာ၊

(၄) လောကေ၊ လောက သုံးလွင်၊ ဘုံအပြင်၌၊ အာဒီနဝံ၊ တစုံတရာမျှ နှစ်သက်ဘွယ်မရှိ၊ ဘေးရန်အတိဖြစ်၍နေသော၊ အပြစ်ဒေါသများကို၊ ဒိသွာ၊ မြင်ကြကုန်သည်ဖြစ်၍၊ ဥဘော၊ ငိပ္ပလိနှင့် မယ်ဘဒ္ဒါ၊ နှစ်ဖြာအစုံ ဖြစ်ကြကုန်သော၊ မယံ၊ အကျွန်ုပ်သည်၊ ပဗ္ဗဇိတာ၊ လူ့ဘောင်မှ၊ ခွါရှောင်ကာ ရဟန်းပြုခဲ့ကြပါကုန်သတည်း၊ တေ ယံ၊ ထိုအကျွန်ုပ်တို့သည်၊ ခီဏာသဝါ၊ လေးဖြာအာသဝေါ၊ ကျယ်သော ကုန်ခန်းကြသည် ဖြစ်၍၊ ဒန္တာ၊ သာသနာတော်အရေး၌၊ အယဉ်ကျေးကြီး ယဉ်ကျေးကြကုန်သည်၊ အမှာ၊ ဖြစ်ကြပါကုန်ပြီ၊ နိဗ္ဗုတာ၊ ကိလေသာမီး၊ ငြိမ်းကြပြီးဖြစ်သောကြောင့်၊ သီတိဘူတာ၊ အမြိုက်ဆေးဖြင့် အအေးကြီး အေးကြကုန်သည်၊ အမှာ၊ ဖြစ်ကြပါကုန်သတည်း၊

## အထက်ပါဂါထာ၏ဆိုလိုရင်းအဓိပ္ပါယ်

လောကသုံးခွင်၌၊အပြစ်မြင်ကြကုန်သောကြောင့်၊ ဝိပ္ပလိနှင့်, မယ်ဘဒ္ဒါ ဖြစ်ကြတဲ့ ကျွန်ုပ်တို့သည် လူ့ဘောင်မှ ခွါရှောင်၍ ရဟန်းပြုခဲ့ကြပါတယ်၊ ယခု အခါ အာသဝေါကင်း ဝေး၍ အယဉ်ကျေးကြီး ယဉ်ကျေးကြပါကုန်ပြီ၊ အငြိမ်းဆေးဖြင့် အအေးကြီးအေးကြပါကုန်ပြီ။

(မှတ်ချက်။ ။၁၊၂-၃ ၄ နံပါတ်ကို ဖြင့် မှတ်အပ်သော ဂါထာတို့ကို ထေရီဂါထာ ပါဠိတော်မှ လာသော ဂါထာတို့ ဟူ၍ မှတ်တော်မူကြပါကုန်။)

(မှတ်ချက်။ ။ဤဂါထာသည်ကား၊ ပိပ္ပလိနှင့်, မယ်ဘဒ္ဒါ နှစ်ပါးစုံကို ဘွဲ့ဆိုသောဂါထာဖြစ်ပေသည်။)

ဘဒ္ဒါထေရီ ဘိက္ခုနီမသည်၊ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ် အရာတွင် လွန်စွာထက်မြက်လှသောကြောင့် တနေ့သောအခါ၊ ရှင်တော်မြတ်ဘုရားသည်၊ ချီးမြှောက် ထိုက် သော သူတို့အား၊ ချီးမြှောက်တော် မူလေ့ရှိတဲ့အတိုင်း၊ ဘဒ္ဒါထေရီ ဘိက္ခုနီမကို ခေါ်တော်မူပြီး၊ ဧတဒဂ်ရာထူးဖြင့် ချီးကျူးတော်မူကာ သို့ကလို မြှောက်စားတော်မူလေသတည်း။

ဧတဒဂ္ဂံဘိက္ခဝေ၊ မမသာဝိကာနံ၊ ဘိက္ခုနီနံ ပုဗ္ဗေနိဝါသံ၊ အနုဿရန္တီနံ ယဒိဒံဘဒ္ဒါကာပိလာနီ။

ဘိက္ခဝေ ချစ်သားရဟန်းတို့၊ မမ၊ငါဘုရား၏၊ သာဝိကာနံ၊ တပည့်မ သွီးတော်တွေ ဖြစ်ကြကုန်သော၊ ပုဗ္ဗေနိဝါသံ၊ ရှေးနေ ဖြစ်ဘူး, နေဘူးသော၊ ဘဝဇာတ်အမျိုးမျိုးကို၊ အနုဿရန္တီနံ၊ ဆင်ခြင်အောက်မေ့နိုင်သော အစွမ်းရှိကြကုန်သော၊ ဘိက္ခုနီနံ၊ ရဟန်းမိန်းမအပေါင်းတို့တွင်၊ကာပိလာနီ၊ကပိလပုဏ္ဏားကြီး၏ သွီးဖြစ်သော၊ယဒိဒံ-ယာအယံဘဒ္ဒါ၊အကြင် ဘဒ္ဒါထေရီသည် အတ္ထိ ရှိ၏၊ သာ၊ ထိုဘဒ္ဒါထေရီဘိက္ခုနီမသည်၊ အဂ္ဂံ-အဂ္ဂါ၊ အံမြတ်ဆုံး, အထွဋ်ဆုံးပေတည်း။

အဲ-သို့ကထို ဘွဲ့ထူးဖြင့် ချီးကျူးခြင်းခံရတဲ့ အတွက်၊ ဘဒ္ဒါထေရီ ဘိက္ခုနီမသည်၊ သာသနာတော်ဘောင်မှာ နေရောင်, လရောင်ကဲ့သို့ ထွန်းပြောင်ကျော်ကြားခြင်းဖြစ်တော်မူတယ်၊

အံ့ဖွယ် သခင်ဖြစ်တဲ့ မဟာကဿပ ကိုယ်တော်မြတ်ကြီးဟာလဲ၊ ဓုတင်ဆောင် ဂုဏ်ဖြင့်၊ တက် ထက် မြက် မြက် ထင်ရှားကျော်စောတော်မူပေတယ်၊

ယခုမြတ်စွာဘုရား သာသနာတော်မှာ အံ့ဖွယ်မဟာကဿပကိုယ်တော်မြတ်ကြီးနှင့် ဘဒ္ဒါထေရီတို့သည် ရှေးကံပါရမီစုံညီတော်မူခဲ့ကြတဲ့အတိုင်း၊ အ ထူး ထင် ရှား တဲ့ ပုဂ္ဂိုလ်မြတ်ကြီးနှစ်ပါးပေပေါ့၊ ။အနမတဂ္ဂသံသရာတွင် ကျင်လည်ခဲ့တဲ့အခါမှာလဲ၊ အကျော်အမော်၊ ။အဆုံးဘဝ နိဗ္ဗာန်ရတဲ့အဖြစ်မှာလဲ၊ အကျော်အမော်၊ ။အဲ-သည့်လိုစုံညီတဲ့ ကုသိုလ်မျိုးဟာ လွန်စွာရှားပေတယ်၊

ဘဒ္ဒါထေရီ ဘိက္ခုနီမသည် ကိလေသာကုန်ခန်း၍ ရဟန်းကိစ္စ ပြီး စီး တဲ့ နောက် တ စုံ တ ရာ ပြုဘွယ်ကိစ္စ မရှိတော့ဘဲ၊ အသက်တမ်း ကုန်ဆုံးသည့်တိုင်အောင်၊ အဘိညာဉ်ချမ်းသာ, ဖိုလ်ချမ်းသာတို့ကို ခံစားကာ၊ ဘဝတင်းသုံးနေထိုင်တော် မူပြီးတဲ့နောက်၊အဆုံးစွန်သောတနေ့၌၊ အနုပါဒိသေသ၊နိဗ္ဗာန်ဓာတ်ဖြင့် ချုပ်ငြိမ်းတော် မူလေသတည်း၊

ဘဒ္ဒါထေရီဝတ္ထုပြီး။

ဤဘဒ္ဒါထေရီ ဘိက္ခုနီမဝတ္ထု၌၊ အတုခိုးဘွယ် အချက်တွေဟာ၊ များစွာပင်ရှိပါပေတယ်၊ ။မယ်ဘဒ္ဒါနှင့် ပိပ္ပလိတို့ဟာ၊ ရှည်လျားသော သံသရာမှာ၊ မကွဲ မကွာ စည်းစိမ်ချမ်းသာနှင့် ပြည့် စုံ စွာ ပေါင်းသင်းကြရတာမျိုးကို အတုခိုးလိုကြပါလျှင် အကြင်လင်မယားဖြစ်တဲ့ သူတို့ဟာ၊ကုသိုလ်ကောင်းမှုအရာမှာ စေတနာအတူတူ၊ စိတ်သဒ္ဓါ အတူတူ၊ ဆန္ဒအတူတူ ထားကြ

မယ်၊ ကုသိုလ်ရာမှာ၊ စေတနာသဒ္ဓါတွဲမှဖြင့် တွဲပြီးသားလို မှတ်လိုက်ကြပေတော့။

ထို့ပြင်တချက်မှာ၊ အမျိုးသမီး မယ်ဘဒ္ဒါသည်၊ ဖြစ်လေရာရာ ဘဝတိုင်းမှာ မိမိ အရှင်သခင်ဖြစ်တဲ့ လင်ယောကျ်ားအား၊ မယားတို့ဝတ္တရားနှင့်အညီ ရှိသေခန့်ညား, ခစားလုပ်ကျွေးခြင်း ကို ပြုသလို၊ ယခုအခါ ဗုဒ္ဓဘာသာဖြစ်ကြတဲ့ အမျိုးသမီးတွေဟာ လဲ မယ်ဘဒ္ဒါရဲ့ နည်းမျိုးကို အတုခိုးပြီး၊ မိမိတို့၏ အရှင်သခင် လင်ယောကျ်ားတို့အပေါ်မှာ၊ ရိုသေစွာ ခစား လုပ်ကျွေးကြရ မယ်။

မယ်ဘဒ္ဒါသည် ဘဝတခုမှာ၊ အရှင်ပစ္စေကဗုဒ္ဓါအား၊ မခန့်မညား ပြစ်မှားခဲ့ဘူးတဲ့အတွက်၊ အလွန်ဆိုးဝါးတဲ့ အကျိုးယုတ်ကြီးများဖြစ်ရပုံကိုထောက်ထားပြီး၊ ယခုခေတ်အခါ ဗုဒ္ဓဘာသာ အမျိုးသား, အမျိုးသမီးတို့လဲ မထိပါးကောင်းတဲ့ ရတနာသုံးပါး တို့အား၊ ကာယကံ, ဝစီကံ, မနောကံ,တို့ဖြင့်၊ ထိထိပါးပါး၊ ပြစ်မှားကြူးလွန်ခြင်းအမှုကို၊ မပြုကြလေနှင့်။

ဤသည်ကား၊ ပြဆိုခဲ့ပြီးသော ဘဒ္ဒါထေရီဝတ္ထု၌၊ နည်းယူ ဘွယ် အချက်များ ဖြစ်ပေသတည်း။

စတုတ္ထနိပါတ် ထေရီဘာသာပြန် ပြီး၏။

တဘ်ယတွဲကို ဆက်လက်၍ ဘတ်ရှုတော်မူကြပါ။

ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်
စာကြည့်တိုက်
ကမ္ဘာအေး